www.burmeseclassic.com

# မေတ္တာ ရှာပုံတော်

HAROLD ROBBINS

WHERE LOVE HAS GONE

( ဒုတိယအကြိမ် )



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ★ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

တင်မောင်မြင့်

# မေတ္တာရှာပုံတော်

**Where Love Has Gone**

HAROLD ROBBINS

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၀၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၅၉၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၀၂၀၃၀၈

❒

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - ဩဂုတ်လ၊ ၂၀၀၈ ခုနှစ်။
အုပ်ရေ - ၅၀၀

❒

**မျက်နှာဖုံးပုံနှိပ်ခြင်း**
ဇမ္ဗူမေဒ်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

**အတွင်းပုံနှိပ်ခြင်း**
စွယ်တော်ပုံနှိပ်တိုက်၊
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❒

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❒

**မျက်နှာဖုံးဒီဇိုင်း**
ဝင်းမြင့်ဦး

❒

**တန်ဖိုး**
၃၂၀၀ ကျပ်


# မေတ္တာရှာပုံတော်နှင့် ပတ်သက်၍

(ပထမအကြိမ် ပုံနှိပ်ခြင်းမှ)

(၁)

ဟာရိုးရော်ဘင်သည် အမေရိကန်၌ ရောင်းအားအကောင်းဆုံး စာရေးဆရာများတွင် တစ်ဦး အပါအဝင် ဖြစ်ပါသည်။ သူ့ဝတ္ထုအားလုံးနီးပါးကို မြန်မာစာရေးဆရာ ကြီး ငယ်တို့ ဘာသာပြန်ပြီး ဖြစ်ပါသည်။ 'Where love has gone' ကိုလည်း ဆရာနွယ်ထူး ပြန်ဖူးသည်ဟု သိရပါသည်။

သည်ဝတ္ထုမှာ ဟာရိုးရော်ဘင်၏ ဝတ္ထုများထဲမှ အသန့်ရှင်းဆုံး မေတ္တာဘွဲ့ဝတ္ထု တစ်ပုဒ် ဖြစ်ပါသည်။ သူငယ်ချင်းတစ်ယောက်က သူ့ဇနီးနှင့် သမီးလုပ်သူအား ဖတ်စေချင်၍ ဆရာနွယ်ထူး ပြန်ဆိုသည့် ချစ်ခြင်းမေတ္တာဝက်ပါကို ရှာဖွေရာ တစ်မြို့လုံးရှိ အငှားဆိုင်များတွင် ဘယ်မှာမှ ရှာမရတော့ကြောင်း၊ ထို့ကြောင့် ထပ်မံ ပြန်ဆိုသင့်ကြောင်း ကျွန်တော့်အား တိုက်တွန်းပါသည်။

ဤသို့ဖြင့် စာအုပ်စင်တွင် ဖုန်ထု တက်နေသည့် (Where love has gone) ကို ကျွန်တော် ပြန်ဖတ်ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော်က ဖတ်ရစဉ်လိုပင် ရင်မှာငြိဆဲ၊ မှုံမက်စရာကောင်းနေဆဲ။ သို့သော် အခြား အခြားသော နိုင်ငံခြားဝတ္ထုများအတိုင်းပင် မြန်မာမှုနှင့် ဖီလာဆန့်ကျင်နေသည့် အခန်းအနည်းငယ်ကား ပါရှိပါသည်။

(၂)

ဇာတ်လမ်းမှာ အမေရိကန် လေတပ်မတော်မှ သူရဲကောင်းဘွဲ့ အကြိမ်ကြိမ်ရ ဗိုလ်မှူးကြီး လူ့ခ်ကေရီ၊ သန်းကြွယ်သူဌေးမ နိုရာဟေဒင်၊ သမီးကလေး ဒန်နီတို့၏ ကြေကွဲရင်နာဖွယ်ရာ ဇာတ်လမ်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုရာဟေဒင်သည် ပန်းပုပညာရှင်တစ်ယောက် ဖြစ်၏။ လှသည်၊ သွက်သည်၊ ထက်သည်၊ မိမိ အထွတ်အထိပ်ရောက်ဖို့ ဘယ်သူ့ကို ခုတုံးလုပ်ရလုပ်ရ ဝန်မလေးသည့် မိန်းမမျိုး၊ ဘာမဆို လုပ်ရဲသည်။ တစ်နိုင်ငံလုံး၏ လေးစားကြည်ညိုခြင်း ခံနေရသည့် စစ်ပြန်သူရဲကောင်း လုခ်ကေရီကို ရအောင်ယူပြီး သူ့တက်လမ်းကို သူ ရှာ၏။ အမေရိကန်တွင် အမြင့်ဆုံး အနုပညာဆုကို ဆွတ်ခူးနိုင်သည်အထိ နိုရာ အောင်မြင်လေသည်။

သမီးလေးတစ်ယောက် ထွန်းကားသော်လည်း သမီးနှင့် လင်ကို ရှိသည်မထင်ဘဲ ပန်းချီ ပန်းပု အသိုင်းအဝိုင်းတွင်သာ အချိန်ဖြုန်းကာ စည်းမဲ့ကမ်းမဲ့ အနုပညာရှင်တစ်ဦး၏ ပုံသဏ္ဍာန်အတိုင်း နေသည်။

မိန်းမ၏ အသိုင်းအဝိုင်းတွင် ဝိသုကာတစ်ယောက်အဖြစ် ကုမ္ပဏီထောင်ကာ အောင်မြင်နေသော လုရိုးလုဖြောင့် စစ်ပြန်ဗိုလ်မှူးကြီးဟောင်းနှင့် နိုရာတို့၏ အိမ်ထောင်ရေးသည် မည်သို့မျှ အဆင်မပြေနိုင်တော့ပေ။ မိခင်မေတ္တာ လုံးဝ မရရှာသည့် သမီးကလေးက အဖေမှ အဖေ။

အိမ်ထောင်ရေး အဆင်မပြေ ဖြစ်လာသည့်အခါ လုခ်၏ လုပ်ငန်းတွေ ပျက်စီးရာ ပျက်စီးကြောင်း နိုရာ အကောက်ကြံ၏။ စစ်သားပီပီ ပတ်ဝန်းကျင်ကို ဒူးမထောက်သည့်အခါ လုခ်ကေရီကို ဝိုင်းညစ်ကြ၏။ လုခ်ကေရီက လေ့ခွက်ချည်းကျန် အလံမလှဲ။ ဤသို့ဖြင့် ဒန်နီ လေးနှစ်သမီးအရွယ်တွင် လင်မယားကွဲခဲ့ကြသည်။

လုခ်သည် နိုရာတို့၏ အိမ်ကြီးမှ လက်ချည်း ဆင်းရတော့မည် ဖြစ်၏။ သို့သော် ကိစ္စမရှိ။ သမီးကလေး အပိုင်ရမည့်အရေးမှ လွဲပြီး လုခ် ဘာမှ စိတ်မဝင်စား။ ရဖို့လည်း သေချာနေပြီးသား။ သို့သော် တရားရုံးတွင် သမီးကလေးကို အုပ်ထိန်းခွင့် ရှုံးပြန်၏။ နိုရာ့လက်ချက်ပင်။

လေးနှစ်သမီးကလေး၏ စိတ်ဒဏ်ရာသည် ဤမှ စခဲ့၏။ နိုရာ နောက်အိမ်ထောင်ပြုသည်။ ဒန်နီက ဒုတိယအဖေကို အဖေအရင်း နေရာတွင် အစားထိုးပြီး ချစ်သည်။ ဒုတိယ အိမ်ထောင်နှင့်လည်း နိုရာ မမြဲ။ ထိုအခါ ဒန်နီအဖို့ ဒုတိယအဖေ ဆုံးရပြန်၏။ ကလေး၏ စိတ်နုနုကလေးတွင် ဆူးတွေ တစ်ချောင်းပြီး တစ်ချောင်း ပေါက်လာသည်။

နိုရာ၏ စည်းစိမ်ချမ်းသာတွေကို စီမံကိန်းချပြီး ဖြိုမည့်သူက ရစ်ကီ။ သိုက်သမား ရစ်ကီနှင့် နိုရာ တွဲနေချိန်တွင် ဒန်နီ အပျိုပေါက်ကလေး ဖြစ်လာပြီ။

ကလေး ကြီးလာပြီဖြစ်၍ အနေအထိုင် ဆင်ခြင်ဖို့ သတိပေးမိသော ဒန်နီ၏ အထိန်းတော်ကြီးကို နိုရာ အလုပ်ဖြုတ်ပစ်လိုက်သည်။ အမေ့မေတ္တာ မရသဖြင့် အထိန်းတော်ကြီးကို မိခင်ရင်းပမာ ချစ်နေခဲ့ရသည့် ဒန်နီ့နှလုံးသားတွင် ဆူးတစ်ချောင်း ထပ်ပေါက်လာပြန်၏။

နွေရာသီ ကျောင်းပိတ်ရက်တိုင်း ဖခင်နှင့် အတူ နေခွင့်ရသော်လည်း ဒန်နီ ဆယ်နှစ်သမီးလောက်ကတည်းက ဖအေနှင့် မတွေ့ရတော့။ ဖအေက သစ်စိမ်းချိုး ချိုးသွားပြန်ပြီ။ ဖအေ့ကိုပါ နာကြည်းမိပြန်သည်။ စင်စစ် နိုရာ့လက်ချက်ပင်။ နှစ်စဉ် ဖအေနှင့် သမီး တွေ့ဆုံခွင့်ကို သူကိုယ်တိုင်ပင် ပိတ်လိုက်ပြီး သားအဖေနှစ်ယောက်၏ မေတ္တာလမ်းကြောင်းကို ဖျက်ဆီးပစ်လိုက်သည်။ ငယ်သူမို့ မသိ၍ အမိစကား ယုံကာ ဖအေကို ဒန်နီ မုန်းမိခြင်း။

ဆယ့်ငါးနှစ်သမီး အရွယ် ဒန်နီကလေးတွင် မအေထက် လှလာမည့် လက္ခဏာတွေ ပေါ်လာ၏။ နိုရာ သမီးကို မနာလိုဖြစ်လာသည်။ သမီးကလည်း သူ့ချစ်သူမှန်သမျှကို အမေက မောင်းချခဲ့သည်ဟု မြင်လာသည်။



နောင်တွင် စိတ်ပညာရှင် ဆရာဝန်များ တွေ့ရှိချက်အရ အရွယ်နှင့်မမျှသည့် သောကဝေဒနာများကြောင့် ကလေး၏ စိတ်အနေ ပျက်ယွင်းခဲ့ရသည်ဟု ဆိုပါသည်။

ဤစိတ်မျိုးဖြင့် အမေ နှင့် အမေ့ ချစ်သူကြားသို့ ဒန်နီ ဝင်ခဲ့မိခြင်းဖြစ်သည်။ ဤစိတ်မျိုးဖြင့်ပင် အမေကို ဆောက်နှင့် ထိုးဖို့ ကြံစည်ခဲ့ခြင်းဖြစ်သည်။ ကြားထဲက သိုက်တူးသမား လူရှုပ်ရိကို သေသွားသည်။

တရားရုံးတွင် ဒန်နီ အပြစ်ပေးခံရသည်။ လူသတ်မှုအပြစ်နှင့် မဟုတ်။ ရက်ရှည်လများ စိတ်ကုဆရာများနှင့် စစ်ဆေးပြီး 'စိတ်ဝေဒနာ ပြန်လည်ထိန်းသိမ်းရေးကျောင်း'သို့ အပို့ခံရခြင်း ဖြစ်၏။ သမီး လွတ်မြောက်ရေးအတွက် အဖေ ကြိုးပမ်းပုံ၊ စေတနာမှန်သဖြင့် လုပ်ခ်ကေရီတစ်ယောက် အခြား ဘဝမျက်နှာစာတွင် ကိုယ် မချမ်းသာသော်လည်း စိတ်ချမ်းသာရာရပုံ၊ မေမေနိုရာ နောက်ဆုံး နောင်တရပုံ၊ သမီးနှင့် ဖအေတစ်ဦးကို တစ်ဦးနားလည်သွားပုံများဖြင့် ဇာတ်သိမ်းထားပါသည်။

ဤဇာတ်လမ်းတွင် အမေနှင့် သမီး ဆက်ဆံရေးမှာ ဆိုခဲ့သလို မြန်မာ့ဓလေ့စရိုက်နှင့် မကိုက်ညီဟု ဆိုနိုင်သော်လည်း ဘယ်လူနေမှုစနစ်အောက်မှ ဘယ်လူမျိုးတွင် ဖြစ်ဖြစ် သည်လို အမေမျိုး ရှိလာလျှင် သည်လိုပင် သားသမီးများ ပျက်စီးနိုင်ကြောင်းကိုကား အငြင်းပွားစရာ ရှိမည် မထင်ပါ။

ထို့ကြောင့် မိဘများအတွက် အကောင်းဆုံးသော သင်ခန်းစာများ ဖြစ်သလို သားသမီးများအတွက်လည်း စဉ်းစားစရာတွေ အများကြီး ရနိုင်သည့် ဇာတ်လမ်း ဖြစ်ပါသည်။ သို့သော် သူတို့ တိုင်းပြည်၊ သူတို့လူမျိုး၏ ဓလေ့စရိုက်များကိုကား အတုယူစရာ မဟုတ်ကြောင်း စာဖတ်ပရိသတ်အား အထူးပြောစရာလိုမည် မထင်ပါ။ ကျွန်တော်တို့ ပရိသတ်ကလည်း အပျော်ဖတ်ကို အပျော်ဖတ်သဘောပဲ ဖတ်ကြပြီး အရာရာ အတုမယူကြပါ။ (အရာရာ အတုယူသည် ဆိုလျှင် တစ်နိုင်ငံလုံး သိုင်းသမားတွေချည်း ဖြစ်ကုန်လောက်ပါပြီ။)

သို့သော် သည်ဝတ္ထုတွင် အတုယူစရာတွေ အများကြီး ရှိပါသည်။ ဗိုလ်မှူးကြီးလုခ်ကေရီ၏ ဇွဲသတ္တိ၊ စိတ်ထားဖြူစင်မှု၊ တိုင်းပြည်အတွက် အသက်ပေးပြီး စွန့်စားသော စိတ်ဓာတ်တို့ကို ကျွန်တော်တို့ အတုယူကြရပါမည်။

မေတ္တာသင်္ကေတအဖြစ် ပါဝင်သည့် အယ်လီဇဘက်(လုပ်ခ်၏ ဒုတိယဇနီး)၏ လင်သားအပေါ် သစ္စာကြီးမားပုံ၊ အနစ်နာခံပုံတို့ကို ကျွန်တော်တို့ လေးစားမြတ်နိုးရပါမည်။

နောက် သူတို့ဆီက တရားရေးဌာနနှင့် ရဲအဖွဲ့တို့ ပူးပေါင်းပြီး အမှု၏ ဇာစ်မြစ်ကို ရှာဖွေပုံ၊ ရဲအဖွဲ့တွင် 'Psychiatric' ဌာန ဖွဲ့ထားရှိပြီး တရားခံ၏ စိတ်ပိုင်းဆိုင်ရာကိုပါ ရှာဖွေစိစစ်ဖော်ထုတ်ပုံ စသည့် စိတ်ဝင်စားဖွယ်များကို ကျွန်တော်တို့ မှတ်သားရပါမည်။

ဟာရိုးရော့ဘင်၏ ဝတ္ထုများသည် ဂန္ထဝင်ဖြစ်လာမည့် ဝတ္ထုများ မဟုတ်ပါ။ သို့သော် မေတ္တာရှာပုံတော်သည် အထက်ပါ အဆင့်မြင့်ရသများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဝတ္ထု၊ ပျော်ဖြေရေးနှင့် ပညာရေး စရနယ်ထားသည့် ဝတ္ထုဖြစ်၍ ကျွန်တော် ဆီးရိမ်ခဲ့သည့် မြန်မာ့ ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာ အခန်းအနည်းငယ်သည် မှေးမှိန်ပျောက်ကွယ်နေလိမ့်မည်ဟု ရိုးသားစွာ ယုံကြည်ပါသည်။ စာဖတ်သူများနှင့် ကျွန်တော် အမြင်ချင်း တူလိမ့်မည်ဟု မျှော်လင့်လျက်. . .။

လေးစားစွာဖြင့်. . .

တင်မောင်မြင့်

www.burmeseclassic.com

# အပိုင်း - ၁ -

## လုဒ်ကေရီ

သောကြာနေ့ ည

BURMESE CLASSIC

## အခန်း ( ၁ )

ဘာရှုံးသမားတို့၏ နေ့ပါတကား။

မနက်ပိုင်းတွင် ကျွန်တော် အလုပ်ပြုတ်ခဲ့သည်။ နေ့လယ်ပိုင်းတွင် စင်စင်နာတီ အနီအသင်း ရှုံးသည့်သတင်းကို ရုပ်မြင်သံကြားတွင် ကြည့်လိုက်ရသည်။ ဘောလုံးသမားတို့၏ မျက်နှာ အမူအရာကို ကြည့်ပြီး ကျွန်လေးပွဲ ဆက်ကစားသည့်တိုင် သူတို့အတွက် မျှော်လင့်ချက် မရှိတော့ကြောင်း သိသာနေပြီ။

ညပိုင်းတွင် တယ်လီဖုန်းလာသည်။ အိပ်မပျော်နိုင်ဘဲ မီးခိုးရင့်ရောင် မျက်နှာကြက်ကို အကြောင်းသား မော့ကြည့်နေခိုက် ဖြစ်၏။ နံဘေး အိပ်ရာတွင် အိပ်ပျော်ဟန်ဆောင်နေသည့် အယ်လီဇဘက်ဆီသို့ နားစွင့်လိုက်သည်။ အတတ်နိုင်ဆုံး ညင်သာစွာဖြင့် တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်၏။

'မစ္စတာလုဒ်ကေရီပါလား၊ အဝေးပြောတယ်လီဖုန်း လာနေပါတယ်'

အော်ပရေတာ၏ ဝတ်ကျေတမ်းကျေ ခေါ်သံ။ ကျွန်တော် ပြန်ထူးလိုက်သည်။

'ပြောနေပါတယ်'

သည်တော့မှ အယ်လီဇဘက် သူ့ဘက်က မီးကို ဖွင့်သည်။ ပြီးတော့ အိပ်ရာပေါ်တွင် ထယိုင်သည်။ ရွှေရောင်ဆံပင်တွေက ပခုံးသားဖွေးဖွေးပေါ်တွင် အခွေလိုက် အခွေလိုက် ဝဲကျ လျက်။

'ဘယ်သူလဲဟင် အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



သူက အသံခပ်အုပ်အုပ်ဖြင့် မေးသည်။

'အဝေးပြောဖုန်းတဲ့၊ ဘယ်သူလဲ မသိဘူး'

ကျွန်တော်က ဖုန်းခွက်ကို လက်တစ်ဖက်ဖြင့် ပိတ်ပြီး သွက်သွက် ပြန်ဖြေလိုက်သည်။

'ဒေတိုနာက လာတာများလား၊ အစ်ကို ပြောထားတဲ့ အလုပ်ကိစ္စလေ'

အယ်လီဇဘက် မျှော်လင့်တကြီး ပြောသည်။

'မစ္စတာ ကေရီပါလား'

လူတစ်ယောက်၏အသံ တိုးတိုးကို ကြားရ၏။ အနောက်ပိုင်းလေသံ ခပ်ဝဲဝဲ။

'ဟုတ်ပါတယ်'

'မစ္စတာ လုခ်ကေရီပါနော်'

'ဟုတ်တယ်'

စိတ်အနှောင့်အယှက် ဖြစ်စပြုလာ၍ တိုတိုတုတ်တုတ် ပြန်ပြောလိုက်သည်။ ဘယ်သူတောင်းစားများ လာနောက်နေပါလိမ့်။

'ကျွန်တော် ဆန်ဖရန်စစ္စကို ရဲအဖွဲ့က ဆာဂျင် ဂျိုးဖလင်းပါ၊ ဒန်နီယဲလ်ဆိုတဲ့ သမီးတစ်ယောက် မစ္စတာကေရီမှာ ရှိပါသလား'

သူ့အသံက သိသိသာသာ ပိုဝဲလာသည်။ ရုတ်ခြည်း ကျွန်တော့်ကျောထဲ စိမ့်သွားသည်။ ခပ်လောလော ပြန်ဖြေလိုက်၏။

'ဟုတ်ကဲ့ ရှိပါတယ်၊ တစ်ခုခု ဖြစ်လို့လား'

'အင်း. . . ဆိုပါတော့၊ လူကြီးမင်းသမီး လူသတ်မှုဖြစ်နေပါတယ်'

သေတော့မှာပဲ၊ ရုတ်တရက် ကျွန်တော် ရယ်မိမလို ဖြစ်သွားသည်။ အဓိပ္ပာယ်မရှိ။ ဒါပဲလား'ဟု ပြောမည်ပြုပြီးမှ သွေးသံရဲရဲနှင့် သမီးကလေး၏ ရုပ်ပုံကို မြင်ယောင်လာပြီး ခထိတ်တလန့် အော်မေးလိုက်သည်။

'ကလေး ဘယ်လိုဖြစ်နေလဲ'

'အခြေအနေ ကောင်းပါတယ်'

'ကျွန်တော် သူနဲ့ စကားပြောလို့ ရမလား'

'မနက်ဖြန်မှ ပြောလို့ရပါလိမ့်မယ်၊ ခုတော့ ကလေးထောင်ကို ပို့လိုက်ပါပြီ'

'သူ့အမေကော ရှိလား၊ သူနဲ့ကော ပြောလို့ရမလား'

'ရမှာမဟုတ်ဘူး မစ္စတာကေရီ၊ အမျိုးသမီး စိတ်ကယောက်ကယက် ဖြစ်နေတယ်ဗျ၊ ဆရာဝန်က အိပ်ဆေးပေးထားတယ် ထင်တယ်'

'တခြား ဘယ်သူမှ မရှိဘူးလား'

'မစ္စတာဂေါ်ဒွန်လည်း တလေးမလေးကို လိုက်ပို့တဲ့အထဲ ပါသွားတယ်ခင်ဗျ'

'ဟဲရစ်ဂေါ်ဒွန်လား'

'ဟုတ်ပါတယ်၊ ရှေ့နေကြီး မစ္စတာဂေါ်ဒွန်ပါ။ သူ ဆက်ခိုင်းလို့ ကျွန်တော် မစ္စတာကေရီဆီ ဆက်တာပါ'

အင်း. . . ဟဲရစ်ဂေါ်ဒွန်၊ ရှေ့နေကြီး ဟဲရစ်ဂေါ်ဒွန်တဲ့။ အတော်ဆုံးနှင့် ဈေးအကြီးဆုံး နေကြီး၊ သိပ်သိတာပေါ့။ ကျွန်တော်နှင့် နီရာ ကွာရှင်းပြတ်စဲပွဲ တရားခွင်မှာ ကျွန်တော့်ရှေ့နေ



ကို ...ရှုးလုပ်ခဲ့တဲ့ ဟဲရစ်ဂေါ်ဒွန်လေ။ စိတ်ထဲ ပေါ့သလိုလို ဖြစ်နေသည်။ သူ့ကို ခေါ်ဖို့ ...ရသေးတယ်ဆိုရင် နီရာတစ်ယောက် သည်မျှ ကယောက်ကယက် ဖြစ်ဟန်မရှိပါ။

ရဲကြပ်ကြီးက လေသံတစ်မျိုး ပြောင်းပြီး. . .

'မစ္စတာကေရီရဲ့သမီး သတ်လိုက်တာ ဘယ်သူဘယ်ဝါဆိုတာ မသိချင်ဘူးလား'

'ကျုပ် လုံးဝ မယုံဘူး၊ ကျုပ်သမီးကလေးဟာ ၁၅ နှစ်တောင် မပြည့်သေးဘူးဗျ၊ ဘယ်သူ့ကိုမှ ထိခိုက်နာကျင်အောင် လုပ်မှာမဟုတ်ဘူး'

ရဲကြပ်ကြီးက တုံးတိတိ လေသံဖြင့်-

'ဟိုလူ့ကို သူ သတ်တာ သေချာပါတယ်'

'ဘယ်သူလဲ'

'တိုနီရီကိုတဲ့'

သူက မလိုတမာ လေသံဖြင့် ဆက်ပြောသည်။

'လူကြီးမင်း မိန်းမရဲ့ အဆက်လေ'

'ဘယ်က ကျုပ်မိန်းမရမှာလဲ၊ ကျုပ်တို့ ကွဲခဲ့တာ ၁၁ နှစ်တောင် ရှိပြီ'

'လူကြီးမင်း မိန်းမရဲ့ ပန်းပုခန်းထဲက ဆောက်နဲ့ ဟိုလူ့ဗိုက်တည့်တည့်ကို ထိုးလိုက်တာလေ၊ ဆောက်က မြည့်နေအောင် ထက်တဲ့ ဆောက်မျိုး၊ တစ်ခါတည်း လုံ့စွပ်နဲ့ ထိုးခွဲလိုက်သလို ဖြစ်သွားတယ်၊ တစ်ခန်းလုံး သွေးတွေ အိုင်ထွန်းသွားတာပဲ'

သူက ကျွန်တော် ပြောသည်ကို မကြားသလို ဆက်ပြောနေခြင်း ဖြစ်၏။

'ကြည့်ရတာတော့ သုံးပွင့်ဆိုင် ဇာတ်လမ်းနဲ့တူပါတယ်၊ ဟိုကောင်က နှစ်ယောက်စလုံးကို စားနေတာ ဖြစ်မှာပေါ့၊ နောက်ဆုံး ချာတိတ်က မခံမရပ်နိုင် ဖြစ်လာပြီး. . .'

စက်ဆုပ်ရွံရှာစိတ်တွေ ကျွန်တော့်ရင်ထဲတွင် လှိုင်းထလာသည်။ အတတ်နိုင်ဆုံး မျိုသိပ်ပြီး. . .

'ဒီမယ်. . ကျုပ်သမီးအကြောင်း ကျုပ်သိတယ် ဆာဂျင်၊ ဘာကြောင့် သူ သတ်ရတယ်ဆိုတာ ကျွန်တော် နားမလည်ဘူး၊ သူသတ်တာ အမှန်ဖြစ်ရင်လည်း ခင်ဗျား ပြောတာမျိုးကြောင့် လုံးဝ မဟုတ်နိုင်ဘူး၊ ကျုပ် အသက်ကို လောင်းရဲတယ်'

သူက အလျှော့မပေးဘဲ-

'မစ္စတာကေရီ သမီးနဲ့ မတွေ့တာ ခြောက်နှစ်ရှိပြီဆို၊ ခြောက်နှစ်ဆိုတဲ့ အချိန်ဟာ ...ရွယ်တစ်ပိုင်းကနေ တစ်ပိုင်းကို ကျော်ဖြတ်နိုင်တဲ့ ကာလလေ၊ ခုခေတ် ကလေးတွေက သိပ်အကြီးမြန်တာ ခင်ဗျ'

'ဘာပဲဖြစ်ဖြစ် လူသတ်လောက်အောင်တော့ မကြီးနိုင်ဘူး၊ ကျွန်တော့်သမီး ဘယ်တော့မှ အဲဒီအလုပ်မျိုး မလုပ်ဘူး'

သူ ဘာမှ ဆက်မပြောနိုင်မီ ကျွန်တော် ဖုန်းကို ချပစ်လိုက်ပြီး အိပ်ရာဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ အယ်လီဇဘက်က မျက်လုံးပြာကြီးတွေ အပြူးသားနှင့် ကျွန်တော့်ကို မော့်ကြည့်နေသည်။

'မင်း ကြားတယ်နော်'

သူ ခေါင်းညိတ်သည်။ အိပ်ရာပေါ်မှ ခပ်သွက်သွက်ထပြီး ညဝတ်ရုံကို ကောက်လိုက်သည်။

'ကျွန်မတော့ မယုံနိုင်အောင်ဘဲ အစ်ကို'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်လည်း အတူတူပေါ့၊ ဒန်နီဟာ ကလေးပဲ ရှိသေးတာပဲ၊ ခုမှ ၁၄ နှစ် ခွဲရယ်လေ'

အယ်လီဇဘက်က ကျွန်တော့်လက်ကို လှမ်းဆွဲပြီး-

'လာ၊ မီးဖိုထဲ သွားရအောင်၊ အစ်ကို့အတွက် ကျွန်မ ကော်ဖီဖျော်ပေးမယ်'

ကျွန်တော့် ခေါင်းတွေ နောက်ကျိရီဝေနေသည်။ ကော်ဖီပန်းကန်ကို သူ ကျွန်တော့် လက်ထဲ လာမထည့်မီ အချိန်အထိ အငူသား ထိုင်နေမိ၏။ တစ်စုံတစ်ခုကို စဉ်းစားနေသည် ထင်ပြီး စင်စစ် ခေါင်းထဲတွင် ဟာလာကျင်းနေသည့် တဒင်္ဂမျိုး။ ဘာကိုမှ မည်မည်ရရ ဖမ်းဆုပ်တွေးခေါ်လို့ မရ။ အားလုံး ဟိုတစ်စ သည်တစ်စ။ တီရစ္ဆာန်ရုံထဲသို့ ပထမဆုံး သွားခဲ့စဉ်က သမီးကလေး၏ ရုပ်ပုံလွှာ၊ လာဂျိုလာ ပင်လယ်ကမ်းခြေတွင် လှိုင်းခေါင်းဖြူတွေကို ကြည့်ပြီး ရယ်သည့် ရယ်သံလွင်လွင်ကလေး။ ပြီးတော့ ကလေးသံလေးနှင့် ပြောတတ်သည့် တီတီတာတာ သူ့စကားလုံးလေးများ။

'ဖေဖေနဲ့ မော်တော်ဘုတ်ကလေးပေါ်မှာ လာနေရတာ ဒန်နီ သိပ်ပျော်တာပဲ၊ မေမေ က ဖေဖေနဲ့ ဒီမှာ ဘာလို့ လာမနေတာလဲဟင်၊ ဘာလို့ ဆန်ဖွမ်စစ္စကို အိမ်ကြီးမှာ တစ်ယောက်တည်း နေတာလဲဟင်'

ကြိတ်ပြုံးလိုက်မိ၏။ ဒန်နီက ဆန်ဖရန်စစ္စကိုကို ဆန်ဖွမ်စစ္စကိုတဲ့လေ။ နိုရာက လုံးဝ သဘောမကျ။ သူက အရာရာတွင် တိကျမှ ကြိုက်သူ မဟုတ်လား။ နိုရာသည် စည်းအပြင်က အမျိုးသမီး ဖြစ်၏။ တစ်ဘာသာ ဖြစ်၏။

နိုရာ စီစီလေယာဟောဒင်။ မျိုးဆက်သွေး စီးဆင်းလာပုံကို ကြည့်ဦး။ ကာလီဖိုးနီးယား မှ စပိန်အထက်တန်းလွှာသွေးနှင့် အလွန်နီရဲသော အိုင်ယာလန်သွေးတို့ အမေရိကန် အနောက်ပိုင်း မီးရထားလမ်း ဖောက်လုပ်ရေးတွင် ရောနှော ဖြစ်ဖျားခဲ့ပြီး နယူးအင်္ဂလန် ဘဏ်လုပ်ငန်းရှင်ကြီးများအဖြစ်သို့ ရောက်လာချိန်တွင် သူတို့ မျိုးဆက်သွေး၏ သွေးကြောထဲ၌ သွေးအစားရေခဲရေတွေက နေရာယူခဲ့ကြသည်။

မြေ ရှိသည်။ ဂုဏ်ရှိသည်။ အာဏာရှိသည်။ နိုရာသည် ထိုအနွယ်မှ တိုက်ရိုက် ဆင်းသက်လာသူ ဖြစ်၏။ သူ့တွင် သူများတကာနှင့် မတူသည့် ထူးထူးခြားခြား ပါရမီတစ်မျိုး ပါလာသည်။ နိုရာသည် အားလုံးထက် ခေါင်းတစ်လုံး ပိုမြင့်နေသည့် မိန်းကလေးမျိုး ဖြစ်၏။

ကျောက်တုံး ဖြစ်စေ၊ သစ်တုံး ဖြစ်စေ နိုရာ ကိုင်လိုက်လျှင် ပုံပေါ် လာရသည်။ အသက် ဝင်လာရသည်ချည်း ဖြစ်၏။ သူ့လက်နှင့် ထိတွေ့ဖန်ဆင်းသမျှ အရာရာတိုင်းသည်လည်း ပုံပေါ် လာရသည်။ အသက်ဝင်လှုပ်ရှားလာရသည်ချည်း ဖြစ်၏။ သည်လို အသက်ဝင်လှုပ်ရှားလာသည့် အခါကျမှ သူကိုယ်တိုင် ဖျက်ဆီးချင် ဖျက်ဆီးပစ်တတ်၏။

ဒါကို ကျွန်တော့်ထက် ဘယ်သူ ပိုသိနိုင်ပါမည်လဲ။ ကျွန်တော်ကိုယ်တိုင် သည်အတိုင်း ခံခဲ့ရသည် မဟုတ်လား။

* * *

'အစ်ကို ပူပူလေး သောက်လိုက်ဦးလေ'

ကျွန်တော် အယ်လီဇဘက်ကို မော့ကြည့်လိုက်သည်။ သူက တည်ငြိမ်သည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ကော်ဖီကို တစ်ကျိုက်ချင်း သောက်လိုက်၏။ အေးစက်နေသည့် ကျွန်တော့်ရင်ထဲတွင် နွေးသွားသည်။



'ကျေးဇူးပါပဲကွာ'

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး သူက-

'အစ်ကို ဘာတွေ စဉ်းစားနေတာလဲဟင်'

သူ့ဆီကို အာရုံပြန်ရောက်အောင် မနည်းကြိုးစားရသည်။

'အင်း. .ဟိုအကြောင်း ဒီအကြောင်းတွေပေါ့ကွာ'

'ဒန်နီအကြောင်း မဟုတ်လား'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ခေါင်းညိတ်ပြီးမှ စိတ်ထဲ မသိုးမသန့် ဖြစ်သွား၏။ ဒါကလည်း နိုရာ၏ တန်ခိုးတစ်မျိုးပင်။ သူများတကာ၏ ခေါင်းထဲတွင် ရှိနှင့်နေပြီးသည့် အတွေးစများကို အတင်းဖယ်ရှားကာ ၎င်းနေရာဝင်ယူတတ်ခြင်း ဖြစ်၏။

'အစ်ကို ဘယ်လိုစီစဉ်မလဲဟင်'

'အစ်ကို ဘာလုပ်ရမှန်းကို မသိတော့ပါဘူးကွာ'

'ဒန်နီလေး သနားပါတယ်နော်'

အယ်လီဇဘက်က ကရုဏာသံဖြင့် ပြောရှာသည်။ ကျွန်တော် ဘာမှ ပြန်မပြောတော့ သူ့ဘာသာသူ စကားဆက်သည်။

'သူ့အမေ အနားမှာရှိနေတော့ တော်သေးတာပေါ့လေ'

ကျွန်တော် ခြောက်ကပ်ကပ် ရယ်လိုက်မိသည်။ နိုရာသည် ဘယ်သူ့အနားမှာမှ ရှိတတ်သူ မဟုတ်။ သူ့အတွက်ကလွဲပြီး ဘယ်သူ့အတွက်မှ စိတ်ဝင်စားတတ်သူ မဟုတ်။

'သူ စိတ်ကယောက်ကယက် ဖြစ်နေလို့ ဆရာဝန်တွေက အိပ်ဆေးပေးထားတယ်တဲ့'

အယ်လီဇဘက် ကျွန်တော့်ကို စိုက်ကြည့်ပြီး-

'ဒါဆို ဒန်နီ့အနားမှာ ဘယ်သူမှ မရှိဘူးပေါ့၊ ဟုတ်လား အစ်ကို'

'ကလေး ထောင်ထဲကို ရှေ့နေတစ်ယောက်တော့ ပါသွားတယ်'

သူ ကျွန်တော့်ကို ခဏတွေကြည့်နေပြီး ထသွားသည်။ ကြောင်အိမ်ထဲမှ ပန်းကန် တစ်လုံး ယူပြီး လက်ဆေးကန်နံဘေးမှ ၎ွန်းတစ်ချောင်း လှမ်းယူသည်။ သူ့လက်တွေ တုန်နေသည်။ ဖယောင်းပုဆိုးအခင်းပေါ်သို့ ဇွန်းလွတ်ကျသွား၏။ ကုန်းကောက်ရင်း သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေဟန်ဖြင့်-

'ဒုက္ခပါပဲ၊ ဘယ်လိုများ ဖြစ်နေပါလိမ့်'

သူ့လက်ထဲမှ ဇွန်းကို ကျွန်တော် လှမ်းယူလိုက်၏။ သူက နောက်တစ်ချောင်း ယူပြီး သူ့အတွက် ကော်ဖီ ဖျော်သည်။ ကော်ဖီပန်းကန်ကို ကိုင်ကာ ပြန်ထိုင်ရင်း-

'ကိုယ်ဝန်ဆောင်ဘဝနဲ့ နေရတာ မကောင်းပါဘူး အစ်ကိုရယ်'

ကျွန်တော် ပြုံးလိုက်သည်။

'မင်းတစ်ယောက်တည်း အပြစ်မဟုတ်ပါဘူးကွာ၊ အစ်ကိုလည်း ပါပါတယ်'

သူက ကျွန်တော့်ကို စိမ်းစိမ်းကြည့်ပြီး-

'ကိုယ့်ကိုယ်ကိုယ် ဘာမှ အသုံးမဝင်တော့ဘူး ထင်နေတယ်၊ ကျွန်မဟာ တကယ် ဦးနှောက်မရှိတဲ့ ဟာမပဲ အစ်ကို၊ အထူးသဖြင့် ခုလိုခါမျိုးမှာပေါ့. . .'

'ဟာကွာ. . . မင်းကလည်း အဓိပ္ပာယ်မရှိ'

www.burmeseclassic.com

www.burmeseclassic.com



'အမိပွာယ်မရှိ မဟုတ်ဘူး အစ်ကို၊ အစ်ကိုက ကလေး လိုချင်တာမှ မဟုတ်ဘဲ၊ ကျွန်မက လိုချင်တာလေ'

'အဲဒါကမှ ပိုပြီး အမိပွာယ်မရှိတာ'

'အစ်ကိုက သမီးတစ်ယောက် ရှိပြီးသားဆိုတော့ အစ်ကို့အတွက် နောက်ထပ် မလိုဘူးလေ၊ ဒါပေမဲ့ ကျွန်မက အစ်ကို့ကို မွေးပေးချင်သေးတယ်။ ကျွန်မ သူ့ကို မနာလိုဖြစ်ခဲ့တယ် အစ်ကို၊ နီရာနဲ့ တစ်နေရာရာမှာ ယှဉ်နိုင်တယ်ဆိုတာ ကျွန်မ သက်သေပြချင်တယ်'

စားပွဲကို ပတ်လျှောက်သွားပြီး သူ့နံဘေးတွင် ကျွန်တော် ဝင်ထိုင်လိုက်သည်။ သူက ကျွန်တော့်ကို စိုက်ကြည့်နေဆဲ။ သူ့လက်နှစ်ဖက်စလုံးကို ကျွန်တော် ဆုပ်ယူလိုက်သည်။

'ဘာမှ သက်သေပြစရာ မလိုပါဘူးကွာ၊ အစ်ကို မင်းကို ချစ်ရင် ပြီးတာပဲ မဟုတ်လား'

ခုထိ သူ့မျက်လုံးတွေ ကျွန်တော့်ထံမှ မခွာသေး။

'ဒန်နီ့အကြောင်း ပြောနေတုန်းက အစ်ကို့ မျက်နှာကို ကျွန်မ သေသေချာချာ မြင်လိုက်တယ်၊ အစ်ကို့သမီးကို အစ်ကို သိပ်ချစ်တာပဲနော်၊ ကျွန်မ မွေးပေးမယ့် ကလေးကို အစ်ကို သူ့လောက် ချစ်နိုင်ပါ့မလားဟင်'

ချက်ချင်း သူ့မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ ကျွန်တော့် လက်နှစ်ဖက်ကို ယူပြီး သူ့ဗိုက်ပေါ် တင်ပေးသည်။ ကိုယ်ဝန်ရင့်နေပြီဖြစ်၍ ဗိုက်ကြီးမှာ တင်းမာနေသည်။

'အစ်ကို ချစ်မှာပါနော်၊ ဒန်နီ့ကို ချစ်သလောက် ချစ်မှာ မဟုတ်လားဟင်'

ပါးချင်းအပ်ပြီး ကျွန်တော် ပြန်ပြောလိုက်သည်။

'ချစ်မှာပေါ့ကွယ်၊ မမွေးခင်ကတည်းက သမီးကလေးကို အစ်ကို ချစ်နေပါပြီ'

'ယောက်ျားလေး ဖြစ်နေရင်ကော'

'ချစ်မှာပဲ၊ ကလေးကိုရော၊ ကလေးအမေကိုရော၊ အစ်ကို တစ်သက်လုံး ချစ်သွားမှာပါ အချစ်ရယ်'

သူက ကျွန်တော့်ဦးခေါင်းကို သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းတင်းဖက်ထားသည်။

'အစ်ကို သွားရမှာပေါ့ ဟုတ်လား'

ကျွန်တော် သူ့ရင်ခွင်မှ အသာထွက်လိုက်သည်။

'မဟုတ်တာကွာ၊ မင်းမွေးဖို့က နှစ်ပတ်ပဲ လိုတော့တယ်လေ'

'ကျွန်မဘာသာ ဖြစ်ပါတယ် အစ်ကို'

သူ့လေသံက တည်တည်ငြိမ်ငြိမ်။

'ငွေရေးကြေးရေးက ရှိသေးတယ်လေ၊ အစ်ကိုက ဒီမနက်မှာ အလုပ်ပြုတ်လာတဲ့ အလုပ်လက်မဲ့လေ မိန်းမရဲ့'

'ဘဏ်ထဲမှာ လေးရာလောက် ရှိသေးတာပဲ အစ်ကိုရယ်၊ ပြီးခဲ့တဲ့ အပတ်အတွက် နောက်ဆုံးရလာတဲ့ အစ်ကို့လခ အိတ်ထဲမှာ ရှိသေးတာပဲ'

'အဲဒါက ၁၆၀ တည်းရယ်လေ၊ နောက် အလုပ်တစ်ခု မရခင် စားဖို့ ထားရဦးမှာပေါ့'

'ချီကာဂိုကနေ ဆန်ဖရန်စစ္စကိုကို သွားရင် သုံးနာရီတည်း ကြာတာပါ အစ်ကိုရယ်၊ အသွား အပြန် လက်မှတ် တစ်ခါတည်းယူရင် ဒေါ်လာ ၁၅၀ တောင် မကျပါဘူး'

'မဖြစ်ပါဘူးကွာ၊ အစ်ကိုတို့ ဆေးရုံစရိတ်လည်း ကုန်ဦးမှာလေ'



'ဟင့်အင်း၊ မရဘူး၊ ကျွန်မ ဆုံးဖြတ်ပြီးပြီ၊ အစ်ကို သွားဖြစ်အောင် သွားရမယ်၊ ဒန်နီကလေးဟာ ကျွန်မနဲ့ အစ်ကိုရဲ့ ရင်သွေးပဲလို့ သဘောထားပြီး အစ်ကို သွားရမယ်'

နံရံကပ် တယ်လီဖုန်းဆီကို သူ ထသွားသည်။

'အစ်ကို အပေါ်ထပ်တက်ပြီး အဝတ်အစားတွေ ပြင်၊ ကျွန်မ လေယာဉ်ကွင်းကို ဖုန်းဆက်လိုက်မယ်၊ မီးခိုးရောင် ဖလန်နယ်ဝတ်စုံကို ဝတ်သွားနော်၊ အစ်ကို့မှာ ဒီတစ်စုံပဲ လူတော ကိုယ့်ဖို့ ရှိတာ'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

အိပ်ရာပေါ်မှ ဖွင့်ထားသည့် အဝတ်သေတ္တာကို ကျွန်တော် ငုံ့ကြည့်နေစဉ် အယ်လီဇဘက် အခန်းထဲ ဝင်လာသည်။

'နှစ်နာရီခွဲမှာ လေယာဉ်ပျံရှိတယ်၊ လမ်းမှာ တစ်ထောက်ပဲ နားမယ်တဲ့၊ ဆန်ဖရန်စစ္စကို ကို အနောက်ပိုင်းစံတော်ချိန် မနက်လေးနာရီမှာ ဆိုက်လိမ့်မယ်'

ပတ္တူ ခရီးဆောင်သေတ္တာကို ကျွန်တော် ငေးကြည့်နေဆဲ။ ကြားရသည့် သတင်းဆိုးကြောင့် ကျွန်တော့်စိတ်တွေ ဆောက်တည်ရာမရ ဖြစ်နေ၏။

'သွား အစ်ကို၊ ကျွန်မ ဆက်ပြီး အဝတ်တွေ ထည့်မယ်'

သူ့ကို ကျေးဇူးတင်စွာ ကြည့်လိုက်မိသည်။ အယ်လီဇဘက်သည် မပြောဘဲနှင့် သိသိနေတတ်သည့် မိန်းကလေးမျိုး ဖြစ်ပါ၏။ ရေချိုးခန်းထဲသို့ ကျွန်တော် ဝင်ခဲ့ရသည်။

မှန်ထဲတွင် ပေါ်လာသည့် မျက်ကွင်း ဟောက်ပက်နှင့် မျက်နှာကို ကြည့်လိုက်၏။ မုတ်ဆိတ်ရိတ်မည်လုပ်တော့ လက်တွေ တုန်နေသည်။

'သွေးတွေ အိုင်ထွန်းနေတာပဲ'

ရဲကြပ်ကြီး၏ အသံကို နားထဲတွင် ပြန်လည်ကြားယောင်လာသည်။ ဒီ ရိတ်မနေတော့ပါဘူး။ မနက်ကျမှ ရိတ်တော့မယ်ဆိုပြီး ရေချိုးကန်ထဲ ဆင်းကာ ရေပိုက်ခေါင်းကို တအားဖွင့်ချလိုက်သည်။



အိပ်ခန်းထဲ ပြန်ရောက်တော့ အဝတ်သေတ္တာ အသင့်ဖြစ်နေပြီ။ အဝတ်ဗီရိုဆီကို လျှောက်သွားတော့ သူလှမ်းပြောသည်။

'ဟို ဖလန်နယ် ဝတ်စုံကို ကျွန်မ ခေါက်ထည့်လိုက်ပြီ၊ ဟိုကျမှ ဝတ်နော်၊ လေယာဉ်ပေါ်မှာ တွန့်ကုန်မှာစိုးလို့၊ ဘောင်းဘီနဲ့ စပို့ဂျာကင်ပဲ ဝတ်သွား သိလား'

'အင်း . . အင်း'

လည်စီး စီးလို့ပြီးခါနီးတွင် တယ်လီဖုန်း မြည်လာသည်။ အယ်လီဇဘက် ကောက်ကိုင်နားထောင်သည်။ ဖုန်းခွက်ကို ကျွန်တော့်ဆီ ကမ်းပေးရင်း . .

'ရော့ . အစ်ကို့အတွက်'

'ဟယ်လို'

တစ်ဖက်က အသံရှင်ကို ကျွန်တော် ချက်ချင်း တန်းသိလိုက်သည်။ သည်အသံ ဘယ်နေရာက လာလာ၊ ဘယ်လောက်ဝေးဝေးက လာလာ၊ ကျွန်တော် မှတ်မိနေမည် ဖြစ်ပါ၏။ ကျွန်တော့် ယောက္ခမဟောင်းကြီး၏ အသံလေ။ အဘွားကြီးက သူ့ထုံးစံအတိုင်း နိဒါန်းမပျိုးဘဲ အချိန်ကုန်မခံဘဲ လိုရင်းကို တန်းပြောသည်။

'တို့ငှားထားတဲ့ ရှေ့နေကြီး မစ္စတာဂေါ်ဒွန်က မင်းလာမယ်ဆိုရင် ပိုကောင်းမယ်လို့ ထင်တယ်တဲ့'

'သမီး ဘယ်လိုနေသလဲ'

'သမီးအခြေအနေ ကောင်းပါတယ်၊ မင်းတို့ လင်မယားအတွက် 'မတ်ဟော့ပ်တင်' ဟိုတယ်မှာ တို့မှာ အခန်းကြီးငှားထားတယ်၊ မင်းလိုက်လာမယ့်အခေါက်ကို အကြောင်းကြားလိုက်ပါ၊ ကားအကြို လွှတ်ထားတယ်'

'ကိစ္စမရှိပါဘူး၊ ကျွန်တော့်အတွက် ဘာမှ ဒုက္ခမရှာပါနဲ့'

'မင်း အခြောက်တိုက် မာနကြီးနေစရာအချိန်မဟုတ်တော့ဘူး ထင်တယ်၊ မင်းရဲ့ အခြေအနေကို ငါတို့အားလုံး သိထားပြီးပြီ၊ မင်း သမီးကိစ္စကို ပေါ့ပေါ့မထင်နဲ့ သိလား'

'ဒန်နီကိစ္စမှန်သမျှ ကျွန်တော် ဘယ်တုန်းကမှ ပေါ့ပေါ့တန်တန် သဘောမထားခဲ့ဖူးဘူး'

'ဒါဖြင့် မင်းဘာလို့ မလာနိုင်ရတာလဲ'

'ကျွန်တော် မလာဘူးလို့ မပြောပါဘူး၊ ကျွန်တော့် စရိတ် ကျွန်တော် ကျခံနိုင်တယ်လို့ ပြောတာပါ'

'အင်း မင်းတစ်ယောက် အရင်အတိုင်းပါပဲလား၊ ဘယ်တော့မှ မပြောင်းလဲတော့ဘူးလား'

'ခင်ဗျားကြီးကကော ဘာများ ပြောင်းလဲလို့လဲ'

ကြက်ခေါင်းဆိတ်မခံ ကျွန်တော် ပြန်ပက်လိုက်သည်။ ခဏ ငြိမ်သွားပြီး ပို၍အေးစက်သော လေသံဖြင့်-

'မစ္စတာ ဂေါ်ဒွန် မင်းနဲ့ စကားပြောလိမ့်မယ်'

ရှေ့နေ၏ အသံကို ရင်းနှီးဖော်ရွေစွာ ကြားရ၏။ သူ့အကြောင်းကို သိမထားလျှင် ဖာရည်ဖျော်သွားနိုင်သည်။ ချိုသာ ကြည်အေးသော သူ့အသံနောက်ကွယ်တွင် အလွန်နိုင်သည့် သံမဏိထောင်ချောက်တစ်ခု အမြဲရှိနေတတ်သည်။

'မတွေ့တာ တော်တော့်ကို ကြာပြီနော်၊ နေကောင်းရဲ့လား ကာ[illegible]ကေရီ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စစ်မှုထမ်းဘဝ ဂုဏ်ပုဒ်ကို ဖော်ထုတ်ပြီး ပင့်လိုက်ခြင်း ဖြစ်၏။

'ကောင်းပါတယ်'

လွန်ခဲ့သည့် ၁၁ နှစ်က တရားရုံးထဲတွင် ပြောခဲ့သည့် လေသံအတိုင်း သံပြတ်ဖြင့် ကျွန်တော် ဖြေလိုက်သည်။ သူ သတိမထားမိဘဲ နေမည် မထင်ပါ။

'သမီးအခြေအနေ ဘယ်လိုလဲ'

'ကောင်းပါတယ် ကာနယ်ကေရီ၊ ကလေး အထိတ်တလန့်ဖြစ်နေတာကို တရားသူကြီးက နားလည်တယ်၊ ဒါနဲ့ ကျွန်တော် ယာယီနေရာပြောင်း စောင့်ရှောက်ခွင့် တောင်းလိုက်တာ ရတယ်၊ ခု အပေါ်ထပ် သူ့အဘွားအခန်းထဲမှာ အိပ်ပျော်နေတယ်၊ ဆရာဝန်က အိပ်ဆေးပေးသွားတယ် ကာနယ်'

သူ့ကို ကြိုက်သည် မကြိုက်သည်က တစ်ပိုင်း၊ သူ ကျွန်တော်တို့ဘက်တွင် ရှိနေသည့်အတွက် ကျွန်တော် ဝမ်းသာသွားသည်။

'ဒါပေမယ့် ကလေးထောင်ကို မနက်ဖြန်မနက် ၁၀ နာရီမှာ ကျွန်တော် ပြန်ပို့ရမယ်၊ ကာနယ် အချိန်မီ ရောက်လာနိုင်ရင်တော့ သိပ်ကောင်းမှာပဲ'

'ကျွန်တော် အရောက်လာခဲ့ပါမယ်'

'ကောင်းပါလေ့ဗျာ၊ ကျွန်တော်တို့ ဒီမှာ မနက်စာ ၇ နာရီမှာ စားကြတယ်၊ အမီရောက်နိုင်ရင်တော့ သိပ်ကောင်းမယ်၊ ကျွန်တော် ဖုန်းထဲမှာ မပြောချင်ဘူး၊ တိုင်ပင်စရာတွေ အများကြီးရှိတယ် ကာနယ်'

'ကောင်းပါပြီ၊ ကျွန်တော် ၇ နာရီ နံနက်စာဝိုင်း အမီ ရောက်မယ်'

စကား ခဏပြတ်သွားကြပြီးနောက် မစ္စက်ဟေဒင် အသံ ပြန်ပေါ်လာသည်။ အဘွားကြီး ကျွန်တော့်ကို ချော့နေမှန်း သိလိုက်သည်။

'တို့က မင်း မိန်းမပါ ပါလာမယ် ထင်တာကွယ့် လုဒ်'

'သူ မလိုက်ပါဘူး'

အဘွားကြီးက အံ့ဩသည့် လေသံဖြင့်

'ဟင် ဘာဖြစ်လို့လဲ ကွယ်'

'သူက ကိုယ်ဝန်ကြီးနဲ့ ခင်ဗျ၊ နေ့ မွေးမလား၊ ညမွေးမလား ဖြစ်နေတာ'

သည့်နောက် အဘွားကြီးနှင့် ကျွန်တော့်ကြားတွင် ပြောစရာ ဘာမှမရှိတော့၊ ဝတ်ကျေဝတ်ကုန် နှုတ်ဆက်ပြီး တယ်လီဖုန်း ချလိုက်သည်။ ချလိုက်ပြီးသည်နှင့် တစ်ဆက်တည်း ဖုန်းခေါ်သံ မြည်လာပြန်သည်။ ဟဲရစ်ဂေါ်ဒွန်၏ အသံ။

'ကျွန်တော် တစ်ခု ပြောစရာ ကျန်သွားတယ် ကာနယ်၊ ဘယ်သတင်းထောက်ကိုမှ ဒီအကြောင်း မပြောပါနဲ့ဦး၊ ကျွန်တော်နဲ့ တွေ့မပြီးမချင်း ဘာမှ မပြောမိဖို့ သိပ်အရေးကြီးပါတယ်'

'ကောင်းပြီး မစ္စတာ ဂေါ်ဒွန်၊ ကျွန်တော် နားလည်ပါတယ်'

ပြောပြောဆိုဆို ကျွန်တော် ဖုန်းပြန်ချလိုက်သည်။

အယ်လီဇဘက်က ရေချိုးခန်းဆီ လျှောက်သွားရင်း-

'ကျွန်မ အဝတ်လဲလိုက်ဦးမယ် အစ်ကို၊ လေယာဉ်ပျံကွင်းကို လိုက်မောင်းပို့ပေးမယ်'

ကျွန်တော် သူ့ကို တအံ့တဩ ကြည့်မိသည်။



'ဖြစ်ပါ့မလားကွာ၊ အစ်ကို ကားငှားစီးသွားလို့ ရပါတယ်'

သူက ရယ်ပြီး. . .

'ဖို့ အစ်ကိုမပွာယ်မရှိ၊ အစ်ကို အဘွားကြီးကို ပြောသလိုမှ မဟုတ်တာ၊ နှစ်ပတ်ကြီးများတောင် လိုသေးတဲ့ဟာကို'

လေယာဉ်ကွင်း အသွားတွင် ကျွန်တော် မောင်းသည်။ ညမှောင်မှောင်တွင် ကားမောင်းရခြင်းကို ကျွန်တော် သဘောကျသည်။ ကားရှေ့မီးအလင်းတန်း၏ အဆုံးတွင် ကမ္ဘာကြီး ဆုံးသွားသည့်အလား၊ ရှေ့တွင် ဘာရှိနေသည်ကို လုံးဝ မမြင်ရ။ သို့သော် ဆက်မောင်းသွားလျှင် တာမှ အန္တရာယ် မရှိ။ မီး အလင်းတန်းကလည်း ဆုံးသည် မရှိ။ တကယ့်ဘဝတွင်မူ ဤသို့ မဟုတ်။

မိုင်နှုန်းပြ ဒိုင်ခွက်ကို ကြည့်လိုက်သည်။ မြားကလေး ၅၀ တွင် ရောက်နေသဖြင့် ၄၀ သို့ လျှော့ချပစ်လိုက်သည်။ ဘာမှ အလောတကြီး လုပ်စရာ မလို၊ သန်းခေါင်ပင် မကျော်သေး၊ အိမ်တွင် ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် စောင့်မနေချင်သဖြင့် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ လေယာဉ်ကွင်းကို စောစောရောက်နေလျှင် သွားလာ လှုပ်ရှားနေကြသည့် လူတွေကို တွေ့ရမည်။ သူတို့နှင့်အတူ ကျွန်တော်တို့လည်း ရောထွေးသွားလိမ့်မည်။ ဘာမှ လုပ်စရာမရှိသည့်တိုင် အာရုံပြန့်သွားနိုင်သည်။ တစ်စုံတစ်ခုတွင် စူးစိုက်နေစရာ မလိုတော့။

အယ်လီဇဘက်၏ မျက်နှာနားတွင် အလင်းရောင် တစ်ချက်လက်သွားသည်ကို ကျွန်တော် လှစ်ခနဲ မြင်လိုက်၏။ ချက်ချင်း မီးညှိပြီးသား စီကရက်တစ်လိပ် ကျွန်တော့် နှုတ်ခမ်းကြားသို့ ရောက်လာသည်။ အားရပါးရ ရှိုက်လိုက်၏။

'အစ်ကို့စိတ်ထဲ ဘယ်လို ဖြစ်နေလဲဟင်'

'သိပ် မဆိုးပါဘူး'

'အဲဒီအကြောင်း အစ်ကို ပြောချင်ရဲ့လား'

'ဘာပြောစရာ ရှိလို့လဲ မိန်းမရယ်၊ ဒန်နီ ဒုက္ခဖြစ်နေတယ်၊ အဲဒီအတွက် အစ်ကို သွားမယ်လေ'

'အစ်ကို ပြောပုံကြည့်ရတာ ဒီလို ဖြစ်မယ်လို့ မျှော်လင့်ထားသလိုပဲ'

ကျွန်တော် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ အံ့ဩသလိုလည်း ဖြစ်သွား၏။ တစ်ခါတလေ အယ်လီဇဘက်သည် မယုံကြည်နိုင်လောက်အောင် တော်သည်။ ကျွန်တော့်ရင်ထဲတွင် ဖြစ်နေသည့် စိတ်အနေကို ကျွန်တော့်ထက်ပင် သူက ပိုသိနေတတ်၏။

'အို မဟုတ်တာကွာ၊ ဒီလိုဖြစ်မယ်လို့ မျှော်လင့်ရမယ်လို့ပဲ'

'အဲဒီလို မမျှော်လင့်ထားရင် အစ်ကို ဘယ်လို မျှော်လင့်ထားလဲ'

'အဲဒါတော့ မသိဘူး'

ကျွန်တော့်အဖြေ ရာနှုန်းပြည့် မမှန်ကြောင်း ကျွန်တော် သိလိုက်သည်။ တစ်နေ့နေ့တွင် ကျွန်တော့်ဆီ ဒန်နီ ဖုန်းဆက်လာလိမ့်မည်။ သူ့အမေနှင့် မနေချင်တော့ကြောင်း ကျွန်တော်နှင့်အတူ လာနေမည့်အကြောင်း ပြောလိမ့်မည်ဟု ကျွန်တော် ကြိတ်ပြီး မျှော်လင့်နေခဲ့မိ၏။ သို့သော် ၁၀ နှစ်မျှ ကြာမြင့်လာသည့်အခါတွင် မျှော်လင့်ချက်အိပ်မက်သည် လွင့်ပြယ်လုလု ဖြစ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ရဲဘက်က ပြောတဲ့အထဲမှာ ဖြစ်နိုင်တာတွေ ပါတယ်လို့ အစ်ကို မထင်ဘူးလားဟင်'

'မထင်ပါဘူး'

ကျွန်တော် ခဏတွေပြီး စဉ်းစားလိုက်သည်။

'လုံးဝ အဓိပ္ပာယ် မရှိဘူး၊ အဲဒီအတိုင်းမှန်ရင် ဒီကောင့်ကို နိုရာကိုယ်တိုင် သတ်မှာပေါ့၊ နိုရာဆိုတဲ့မိန်းမက ဒါမျိုးအဖြစ်ခံတဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ဘယ်တော့မှ အရှုံးခံတဲ့မိန်းမမျိုး မဟုတ်ဘူး'

အယ်လီဇဘက် ငြိမ်သွားသည်။ ကျွန်တော်လည်း ကိုယ့်အတွေးနှင့်ကိုယ် ဆက်မောင်း လာခဲ့၏။ နိုရာအတွက် အရေးကြီးဆုံးမှာ သူ လိုချင်တာကို မရရအောင်ယူဖို့ပင် ဖြစ်၏။ တရားခွင် နောက်ဆုံးနေ့ကို သွားသတိရလိုက်သည်။

* * *

အားလုံး ပြီးစီးတော့မည့်အချိန် ကွာရှင်းပြတ်စဲခွင့်လည်း ရသွားပြီ။ ခြူးတစ်ပြားမှ မရှိဘဲ အရှုံးသမားဘဝဖြင့် နိုရာ အိမ်မှ ကျွန်တော် ဆင်းရတော့သည်။ သူလိုချင်သမျှ အားလုံး ကျွန်တော် လုပ်ပေးလိုက်ရပြီ ဖြစ်ပါသည်။ ဒန်နီကလေးအတွက် အုပ်ထိန်းခွင့်ကိစ္စတစ်ခုသာ ကျန်တော့သည်။

တရားရုံး ခန်းမထဲသို့ ကျွန်တော်တို့ ဝင်သွားကြသည်။ ထုံးတမ်းစဉ်လာအရ ရုံးကိစ္စများ လုပ်ကြရန် ဖြစ်၏။ ဒန်နီကလေးကို တစ်နှစ်လျှင် စနေ၊ တနင်္ဂနွေ ဆယ့်နှစ်ကြိမ် ကျွန်တော်နှင့် အတူနေရန် သူနှင့် ကျွန်တော် သဘောတူပြီးသား။

ကျွန်တော်က တရားသူကြီးနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ ကျွန်တော့် ရှေ့နေက သဘောတူညီချက်အကြောင်း တရားသူကြီးအား ရှင်းပြသည်။ တရားသူကြီးလုပ်သူက နိုရာ့ ရှေ့နေဘက်လိုက်ပြီး 'အဲဒီအစီအစဉ် ကောင်းပါတယ်၊ မျှမျှတတ ရှိပါတယ်'ဟု ထောက်ခံ လိုက်သည်။

ထိုနေ့က ဒန်နီကလေး တရားရုံးခန်းထဲတွင် ဘောလုံးတစ်လုံးနှင့် ဆော့နေသည်ကို ကျွန်တော် ယနေ့ထိ မြင်ယောင်နေဆဲ။ သူက 'ဖေဖေ ဖမ်း'ဟု အော်ပြောပြီး ဘောလုံးကို ကျွန်တော့်ဆီသို့ လှမ်းပေးလိုက်သည်။ ကျွန်တော် ထဖြီး ဘောလုံးကလေးကို ကောက်ယူဖို့ ဒူးညွှတ်လိုက်သည်။ ဤတွင် ဟဲရစ်ဂေါ်ဒွန်၏အသံကို ရှင်းရှင်းကြီး ကြားလိုက်ရခြင်း ဖြစ်၏။

'တရားသူကြီးမင်း ခင်ဗျား၊ လုံးဝ မျှမျှတတ မရှိပါဘူး၊ သဘာဝ မကျပါဘူး'

ကျွန်တော် မယုံကြည်နိုင်စွာ ငေးကြည့်နေမိသည်။ ဘောလုံးကလေးကို လက်ထဲမှာ ကိုင်လျက်၊ သည်ကိစ္စ မနေ့ကပဲ ကျွန်တော်တို့ အကျေအလည် ဆွေးနွေးထားပြီးသား။ နားလည်မှု ရထားပြီးသား။ နိုရာကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးများက ကျွန်တော့်ကို စူးစူးရဲရဲပြန်ကြည့်လျက်။

ဒန်နီလေးဆီကို ဘောလုံး ပြန်လှိမ့်ပေးလိုက်သည်။

ဟဲရစ်ဂေါ်ဒွန် စကားဆက်သည်။

'ကျွန်တော့် အမှုသည်က ကာနယ်ကေရီဟာ ဖခင်အနေနဲ့ စောင့်ရှောက်ပိုင်ခွင့်မရှိကြောင်း ကန့်ကွက်ပါတယ်'



ကျွန်တော် ခုန်းခနဲ ထရပ်လိုက်သည်။ အော်ပြီး မေးလိုက်၏။

'ဘာ အဓိပ္ပာယ်လဲ၊ ကျုပ်က အဖေပဲ၊ ဒီကလေးက ‌လေ‌ဥ ဥပြီး မွေးလာလို့လား'

ဂေါ်ဒွန်၏ မျက်ဝန်းနက်များက အဓိပ္ပာယ် ရှာဖွေရခက်လှ၏။

'ကာနယ်ကေရီ၊ ခင်ဗျား ဂျပန်က ပြန်လာပြီး ခုနှစ်လအကြာမှာ ကလေးမွေးတယ် ဆိုတာ၊ ထူးဆန်းတယ်လို့ မထင်မိဘူးလား'

စိတ်ကို မနည်းကြီး ထိန်းထားလိုက်ရ၏။

'ဆရာဝန်ကရော ကလေးအမေကပဲ လမစေ့ခင် မွေးတယ်ဆိုတာ နားလည်ပြီးသား ပဲဗျ'

'ခင်ဗျား လူကြီးတစ်ယောက်ဖြစ်နေပြီး ဒီနေရာမှာ တုံးလှချည်လား ကာနယ်ကေရီ'

ကျွန်တော် ဘာမှ ပြန်မပြောနိုင်မီ ဂေါ်ဒွန်က တရားသူကြီးသို့ ဖျတ်ခနဲလှည့်ပြီး-

'တရားသူကြီးမင်း ခင်ဗျား၊ မစ္စက်ကေရီက ရုံးတော်ကို တင်ပြလိုပါတယ်တဲ့၊ ဒန်နီဆိုတဲ့ ကလေးဟာ ကာနယ်ကေရီ စစ်မြေပြင်က ပြန်မရောက်ခင် ခြောက်ပတ် ခုနှစ်ပတ်လောက်မှာ ရခဲ့တဲ့ ကိုယ်ဝန်ဖြစ်ပါတယ်တဲ့၊ ဒါကို ကာနယ်ကေရီကိုယ်တိုင် သိလိမ့်မယ်လို့ မစ္စက်ကေရီက ယုံကြည်ပါတယ်။ ဒါကြောင့် ကလေးအုပ်ထိန်းခွင့်ကို သူတစ်ဦးသာလျှင် ရပိုင်ခွင့်ရှိကြောင်း မစ္စက်ကေရီကိုယ်စား ရုံးတော်ကို လျှောက်တင်ထားပါတယ်'

ကျွန်တော် ရှေ့နေနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

'ခင်ဗျား သူတို့လုပ်သမျှ လက်ပိုက်ကြည့်နေမှာလား' ဟု ဒေါသတကြီး အော်မေးလိုက် သည်။

သည်တော့မှ သူက တရားသူကြီးဘက် ခါးကိုင်းပြီး-

'မစ္စတာဂေါ်ဒွန်ရဲ့ လျှောက်ထားချက်ကို ကြားရလို့ ကျွန်တော် ကြက်သေ သေသွား တာပါ၊ တရားသူကြီးမင်း ခင်ဗျား. . . ကျွန်တော်တို့ တင်ပြတဲ့ သဘောတူညီချက်ဟာ မနေ့က သူနဲ့ပါ ညှိပြီးသားဖြစ်ကြောင်း ရုံးတော်ကို သိစေအပ်ပါတယ်'

တရားသူကြီးမင်း ကိုယ်တိုင်လည်း အငိုက်မိသွားပုံရသည်။ တအံ့တသြ ဖြစ်နေပုံရ သည်။ သို့သော် ဘက်မလိုက်သည့် လေသံမျိုးဖြင့်-

'ဝမ်းနည်းပါတယ် ကာနယ်ကေရီ၊ ရုံးတော်ရဲ့ပြင်ပမှာ ရယူခဲ့တဲ့ သဘောတူညီမှုမျိုး ကို ရုံးတော်က အသိအမှတ်ပြုလို့ မရပါဘူး'

ကျွန်တော် ဆက်သည်းမခံနိုင်တော့သည့် နောက်ဆုံးတွင် ပေါက်ကွဲတော့သည်။

'အသိအမှတ်မပြုရင်လည်း ပြုတဲ့အထိ ကျုပ်တက်မယ်၊ ဘယ်အထိ တက်ရမလဲ၊ ဒီလို သောက်အဓိပ္ပာယ်မရှိ လုပ်လို့ရတမ်းလား'

ကျွန်တော့်ရှေ့နေက လက်မောင်းကို ဖမ်းဆုပ်ပြီး တရားသူကြီးကို မေတ္တာရပ်ခံသည်။

'ကျွန်တော့်အမှုသည်နဲ့ ခဏတိုင်ပင်ခွင့်ပြုပါ တရားသူကြီးမင်း ခင်ဗျား'

တရားသူကြီး ခေါင်းညိတ်သည်။ ကျွန်တော်တို့နှစ်ယောက် ပြတင်းပေါက်တစ်ခုဆီ လျှောက်လာပြီး ရုံးခန်းကို ကျောပေးရပ်လိုက်ကြသည်။ အပြင်သို့ ငေးကြည့်နေကြ၏။

'တစ်ခုစဉ်းစားနော် လူခ်၊ ဆက်လုပ်ရင် အားလုံး အရှက်ကွဲကုန်လိမ့်မယ်။ ခင်ဗျား နောက်ကွယ်မှာ ခင်ဗျားမိန်းမ ဖောက်ပြန်နေတယ်ဆိုတာ ပေါက်ကြားသွားရင်. . .'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘာဖြစ်လဲ၊ သူ သောက်ကမြင်းကြောထတာ ဆန်ဖရန်စစ္စကို တစ်မြို့လုံး တရုတ်တန်းကအစ ပရက်စီဒီယိုအထိ သိနေတာပဲ'

'ခင်ဗျားအတွက်ချည်း စဉ်းစားမနေနဲ့ လူခ်၊ ခင်ဗျားသမီးအတွက် စဉ်းစားဦး၊ ကလေးမရဲ့ အနာဂတ်အတွက် ကြည့်ဦးလေဗျာ၊ အမေရင်းက လင်ကောင်မပေါ်ဘဲ မွေးတဲ့သမီးပါလို့ တိုင်းသိပြည်သိ ကြေညာလိုက်ရင် ဘယ်သူ နာမလဲ'

ကျွန်တော် သူ့ကို စိုက်ကြည့်နေလိုက်သည်။

'သူ ဒီလို မလုပ်ရဲပါဘူး'

'လုပ်ရဲလို့ လုပ်နေပြီလေ'

ဟုတ်သည်၊ ကျွန်တော် ဘာမှ ဆက်မပြောနိုင်တော့။ ထိုစဉ်တွင် အသံသေးသေးကလေး အခန်းတစ်ဘက်ထောင့်မှ ပေါ်လာပြန်သည်၊

'ဖမ်းဦး. . မေဖေ'

ဘောလုံးကလေးကို အသာ ကန်းကောက်လိုက်သည်။ ဒန်နီ အပြေးရောက်လာပြီး ကျွန်တော့် ရင်ခွင်ထဲသို့ ခုန်ဝင်လိုက်သည်၊ ကျွန်တော်က ဆီးကြို ပွေ့ဖက်လိုက်တော့ သူ သဘောကျပြီး ရယ်သည်။ မျက်ဝန်းနက်ကလေးများ တဖျပ်ဖျပ် ကခုန်လျက်။

သမီးကို ရင်ခွင်ထဲတွင် တအားဖက်ပြီး ညှစ်လိုက်ချင်သည်။ သက်သက် ကျွန်တော့်ကို အလဲထိုးဖို့ နီရာ အကွက်ဆင်ခြင်း ဖြစ်၏။ ဒန်နီ ကျွန်တော့်သမီးမှန်း ကျွန်တော့်ရင်ထဲက သိနေသည်။

ရုံးခန်းထဲသို့ ဝေ့ကြည့်လိုက်၏။ တရားသူကြီးကို တစ်လှည့်၊ သူ့ ဘီလစ်စာရေးကြီးကို တစ်လှည့်၊ ပြီးတော့ နီရာ၊ ဟဲရစ်ဂေါ်ဒွန်။ အားလုံး ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။ နီရာ တစ်ယောက်သာ ကျွန်တော့်ခေါင်းပေါ်ကို ကျော်ပြီး တစ်နေရာကို စိုက်ကြည့်နေ၏။

ကျွန်တော့် မျက်နှာရှေ့မှ ပြုံးနေသည့် သမီးငယ်၏ မျက်နှာကလေးကို သေသေချာချာ ကြည့်နေမိ၏။ ရင်ထဲတွင် နင့်ခနဲ နာသွားသည်။ အရှုံးခံဘဝ၏ ဝေဒနာကို မြင်းထန်စွာ ခံစားလိုက်ရ၏။ ကျွန်တော့်ရှေ့နေ တွက်ပြသည်မှာ အမှန် ဖြစ်သည်၊ ကျွန်တော် ဘာမှ ဆက်လုပ်လို့ မဖြစ်ပါ။ ကျွန်တော့် သမီးငယ်ကလေး၏ ဂုဏ်သိက္ခာကို ဘယ်အကြောင်းကြောင့်မှ အထိခိုက်မခံနိုင်ပါ။

'ဒါဖြင့် ကျုပ်တို့ ဘာလုပ်မလဲ'

ကျွန်တော် ခပ်တိုးတိုး ပြန်မေးလိုက်သည်။ ရှေ့နေ၏ မျက်လုံးထဲတွင် ကျွန်တော့်ကို သနားသည့် အရိပ်အယောင် ထင်ဟပ်နေ၏။

'ကျွန်တော် တရားသူကြီးနဲ့ ဆွေးနွေးလိုက်ဦးမယ်'

ဒန်နီကို ချီပြီး ကျွန်တော် ရပ်ကျန်ရစ်သည်။ သူက တရားသူကြီး စားပွဲဆီသို့ လျှောက်သွားသည်။ တအောင့်နေတော့ သူ ပြန်လာသည်။

'တစ်နှစ်မှာ လေးခါ တွေ့ခွင့်ရလိမ့်မယ်၊ တနင်္ဂနွေနေ့ ညနေပိုင်း ၂ နာရီ အချိန်ရမယ်၊ ဆန်ဖရန်စစ္စကိုကို ခင်ဗျား လာတွေ့ရမှာ၊ အဲဒါ ခင်ဗျား သဘောတူနိုင်မလား'

'သဘောမတူလို့ တခြားနည်းလမ်းကော ရှိသေးလို့လား'

ကျွန်တော် ခါးခါးသီးသီး ပြန်မေးလိုက်သည်။ သူက ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ခေါင်းယမ်းပြသည်။



'ကောင်းပြီ၊ အဲဒီအတိုင်းပဲ လုပ်ပါ။ ဘယ်လောက်များ ကျွန်တော့်ကို အငြိုးကြီးနေလဲ မသိဘူး'

စူးရှ ထက်မြက်သည့် ကလေးတို့၏ အသိဖြင့် ကျွန်တော်တို့ ပြောနေသည့် ကိစ္စကို ဒန်နီကလေး သိပုံရသည်။ ခပ်သွက်သွက် ဝင်ပြောသည်။

'အို မဟုတ်ဘူး ဖေဖေ၊ မေမေက ဖေဖေ့ကို ချစ်ပါတယ်၊ ဖေဖေ့ကိုလည်း ချစ်တယ်၊ သမီးကိုလည်း ချစ်တယ်တဲ့၊ အဲလို ပြောတယ်လေ'

မျက်နှာ သေးသေးကလေးကို ကျွန်တော် ငုံ့ကြည့်နေမိ၏။ အားတက်သရော ပြောနေခြင်း ဖြစ်၏။ ယုံယုံကြည်ကြည် ပြောနေခြင်း ဖြစ်သည်။ ကျွန်တော် မျက်ရည်လည်ရပြီ။ မျက်ဝန်းထဲမှ စီးကျမလာအောင် မျက်တောင် တဖျပ်ဖျပ် ခတ်နေရသည်။

'ဟုတ်တယ် ဟုတ်တယ်၊ သမီးပြောတာ ဟုတ်မှာပါ'

နီရာ ကျွန်တော်တို့ဆီသို့ လျှောက်လာသည်။

'လာ သမီး၊ မေမေ့ဆီ လာ သွားကြစို့'

ဒန်နီက အဖေနှင့် အမေကို တစ်လှည့်စီ ကြည့်နေသည်။ နီရာက လက်ကမ်းပေးတော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ ယနေ့အဖို့ ပထမဆုံးအကြိမ်အဖြစ် နီရာ ကျွန်တော့်ကို ကြည့်သည်။ ဒန်နီ ဦးခေါင်းလေးပေါ်မှ ကျော်ကြည့်နေသည့် သူ့မျက်လုံးများတွင် အရောင်တစ်မျိုး လက်နေ၏။ အောင်နိုင်သူ၏ မျက်လုံးများ။ ကြိုးကြိုးစားစား ထုလုပ်ရသည့် ပန်းပုရုပ်တစ်ခု ပြီးစီးသွားလျှင် တွေ့ရတတ်သည့် မျက်လုံးမျိုး။

ရုတ်တရက် ကျွန်တော့်ခေါင်းထဲတွင် အလင်းတန်းတစ်ခု ဖြတ်ပြေးသွားသည်။ ဒန်နီဟာ သူ့အတွက် ရင်သွေး မဟုတ်ဘဲ ပန်းပုရုပ်တစ်ခုပါလား။ သူကြိုက်သလို ဖန်ဆင်းမည့် အရုပ်ကလေးတစ်ရုပ်ပါလား။

ဒန်နီကို လက်တွဲပြီး အခန်းဝဆီသို့ လျှောက်သွားသည်။ တံခါးဝအရောက်တွင် ဒန်နီက လှည့်ပြီး. . .

'ဖေဖေကော တစ်ခါတည်း အိမ်ပြန်မလိုက်သေးဘူးလားဟင်'

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။ သူတို့ သားအမိကို ကျွန်တော် မမြင်တော့။ မြင်ကွင်းတစ်ခုလုံး ဝါးသွားသည်။ သို့သော် ကြိုးစားပြီး ပြောလိုက်ရသည်။

'မလိုက်သေးဘူး သမီး၊ ဖေဖေ ဒီမှာ ကိစ္စလေးတွေ မပြတ်သေးလို့ နောက်မှတွေ့မယ်နော် သမီး'

'အိုကေ ဖေဖေ၊ တာ့တာ'

တံခါးရွက်ကြီး ပိတ်သွားပြီ။ စာရွက်စာတမ်းတွေ လက်မှတ်ထိုးပြီးပြီးချင်း လာဂွါးလာသို့ ရထားနှင့် ပြန်ခဲ့သည်။ မော်တော်ဘုတ်ပေါ် ရောက်တော့ ဆက်တိုက် အမူးသောက်ပစ်လိုက်သည်။

မော်တော် ဝှားမည့်သူ ပေါ်မလာမချင်း တစ်ပတ်လုံးလုံး ကျွန်တော် ဆက်သောက်နေမိ၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

လေယာဉ် လက်မှတ်ခပေးပြီး လက်ဆွဲသေတ္တာကို ကောင်တာတွင် အပ်ခဲ့သည်။ အရက်ခန်းဆီသို့ လျှောက်လာခဲ့ကြ၏။ အချိန်အခါ မဟုတ်ဘဲ အရက်ခန်းထဲတွင် လူစည်ကား နေသည်။ စားပွဲငယ်လေး တစ်ခုလုံးတွင် လင်မယားနှစ်ယောက် နေရာယူလိုက်ကြသည်။

အရက်စုံ နှစ်ခွက် မှာပြီး နှစ်ယောက်သား ဖြည်းဖြည်းချင်း သောက်နေလိုက်သည်။ မင်ဟာတန် အရက်နံ့မှာ အေးမြမြနှင့် မချိုလွန်းဘဲ သောက်လို့ ကောင်းလှသည်။ အယ်လီဇဘက် ကို ကျွန်တော် လှမ်းကြည့်လိုက်၏။ ပင်ပန်းနေပုံရသည်။

'နေကောင်းရဲ့လားဟင်၊ မင်းကို ကိုယ် ခေါ်လာဖို့ မကောင်းဘူး မိန်းမရယ်'

အယ်လီဇဘက် သူ့ခွက်ကို တောက်ယူပြီး မော့သည်။ မျက်နှာကလေးတွင် သွေးရောင် လွှမ်းလာ၏။

'ကောင်းပါတယ် အစ်ကိုရဲ့၊ နည်းနည်းလေး စိတ်ပူနေလို့ပါ'

'ဘာပူစရာရှိလို့လဲကွယ်'

'ခရီးစဉ်အတွက် ပူတာ မဟုတ်ပါဘူး။ အစ်ကို့အတွက် ပူတာပါ'

ကျွန်တော်က ရယ်ပြီး-

'ဘာမှ မပူပါနဲ့ကွာ၊ အားလုံး အဆင်ပြေမှာပါ'

သူက မပြုံးဘဲနှင့်-

'အစ်ကို သူနဲ့ ပြန်တွေ့ရဦးမှာပေါ့နော်'



သည်တော့မှ သူ့ဆိုလိုရင်းကို ကျွန်တော် နားလည်တော့၏။ နိုရာသည် တစ်စစီ ဖြစ်အောင် ဖျက်ဆီးပစ်ပြီး အစအနတွေကို ကောက်ယူ ဆက်စပ်ကာ ပြန်လည်ပုံသွင်းတတ်သူ လည်း ဖြစ်၏။ သည်လို လုပ်ဖို့အတွက်လည်း အချိန်များများစားစား အကုန်ခံလေ့ရှိသူ မဟုတ်။ သည်လို အခြေအနေဖြင့် လွန်ခဲ့သည့် ခြောက်နှစ်က အယ်လီဇဘက်နှင့် ကျွန်တော် ဆုံစည်းခဲ့ ခြင်း ဖြစ်သည်။ နိုရာနှင့် ကွာရှင်းပြတ်စဲပြီး ငါးနှစ်အကြာ ကာလ။

နွေနှောင်းရာသီကာလ ဖြစ်သည်။ ဒန်နီကလေး ရှစ်နှစ်သမီးအရွယ်သို့ ရောက်နေပြီ။ ထုံးစံအတိုင်း သမီးနှင့် တဒင်္ဂအတူနေပြီး သူ့အမေဆီသို့ ပြန်ပို့ရသည်။

ဒန်နီ အိမ်ကြီးထဲ ပြေးဝင်သွားသည်။ ကလေး၏ လက်ဆွဲအိတ်ကို ထွက်ယူမည့် ဘဏ္ဍာစိုးကို ကျွန်တော် ရပ်စောင့်နေသည်။ ဆင်းလာပြီးကတည်းက သည်အိမ်ကြီးထဲသို့ တစ်ခါမှ ကျွန်တော် ခြေမချတော့။

တံခါးဝတွင် ပေါ်လာသူက ဘဏ္ဍာစိုး မဟုတ်ဘဲ နိုရာ ဖြစ်နေ၏။ တဒင်္ဂမျှ တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေမိကြသည်။ အေးစက်စက် သူ့မျက်လုံးများတွင် မည်သည့် ခံစားမှုကိုမျှ ရှာမရ။ သူ စကားစသည်။

'စကား နည်းနည်း ပြောချင်တယ်'

'ဘာအကြောင်းလဲ'

နိုရာသည် သူ့အမေလိုပင် အချိန်ဖြုန်းတတ်သူ မဟုတ်။

'ဒန်နီကို နောက်ထပ် ရှင့်ဆီ ပို့မပေးတော့ဘူး၊ ကျွန်မ ဆုံးဖြတ်ပြီးပြီ'

ဒေါသတွေ ထောင်းခနဲ ထလာသည်။

'ဘာဖြစ်လို့'

'ဒန်နီဟာ ကလေး မဟုတ်တော့ဘူး၊ သိတတ် မြင်တတ်လာပြီ'

'ဘာအဓိပ္ပာယ်လဲ'

'မော်တော်ဘုတ် အစုတ်ပလုပ်ပေါ်မှာ နေတဲ့ ဘဝမျိုးနဲ့ အဲဒီပတ်ဝန်းကျင်ဟာ သမီးနဲ့ ဘာမှ မဟပ်စပ်ဘူး၊ မိန်းမရွှင်တွေ အရက်သမားတွေနဲ့ ရှုပ်ပွေနေတဲ့ ဆိပ်ကမ်းရပ်ကွက်လို နေရာကို ဒန်နီ မသွားသင့်တော့ဘူး'

'စကားကြီး စကားကျယ်တွေပါလား၊ မင်းပတ်ဝန်းကျင်ကကော ဘာများ ထူးလို့လဲ၊ ဟိပ်ရာခင်း သန့်တာ၊ မာတီနီကောင်းတာပဲ ကွာတာပဲ'

'သိဖို့ပဲ လိုတယ်၊ အဲဒါတွေကိုပဲ ရှင် ကြိုက်ခဲ့တာ မဟုတ်လား'

အိပ်ခန်းထဲတွင် သူ့ကျေးကျွန် ဖြစ်ခဲ့ရသည့် မြင်ကွင်းတွေ ပြန်မြင်လာသည်။ ကျွန်တော့် ဖတွေး ဘယ်ရောက်သွားသည်ကိုလည်း သူ သိနေပုံ၊ ခေါင်းထဲမှ အတင်းမောင်းထုတ်ပြီး-

'ကိုယ့် ရှေ့နေနဲ့ တိုင်ပင်ဦးမယ်'

'စမ်းကြည့်လေ၊ ရှင့်ကို လက်ခံစကားပြောမယ့် ရှေ့နေရှိဦးမလားလို့၊ ရှင့်လို ကုန်း ကောက်စရာ မရှိတဲ့လူက တရားရုံးတက်မယ်ဆိုရင် ဖွတ်ကျောပြာစု ဖြစ်တော့မပေါ့။ ကျွန်မရဲ့ အလွတ်စုံထောက်တွေဆီက ရှင့်အခြေအနေအားလုံး သိပြီးပြီ၊ စိတ်ချ ရှင် ဘယ်ရှေ့နေမှ မရစေရဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် မျက်နှာတည့်တည့်တွင် တံခါးရွက်ကြီး ဝုန်းခနဲ ပိတ်သွားပြီး နိုရာ ပျောက်ကွယ်သွားသည်။ ခဏတွေကြည့်နေမိ၏။ ပြီးမှ ဆင်ဝင်လေှကားထစ်များကို တစ်ထစ်ချင်းနင်းဆင်းကာ စီးတော် ကားအိုကြီးဆီသို့ လျှောက်လာခဲ့သည်။

နောက်တစ်နေ့ညအထိ ကျွန်တော် မော်တော်ဘုတ်ဆီသို့ ပြန်မရောက်တော့။ ရောက်သည့်အခါတွင် ကျွန်တော်နှင့်အတူ ဝီစကီသေတ္တာဝက် ပါလာခဲ့၏။

နောက်နှစ်ရက်အကြာတွင် ကျွန်တော့် မော်တော်ဘုတ်ပေါ်မှ အိပ်ခန်းတံခါးခေါက်သံကြားရသည်။ ကွပ်ပျစ်ပေါ်မှ ထပြီး တံခါးဆီသို့ ဒယီးဒယိုင် လျှောက်သွားသည်။ တံခါးကိုဆွဲဖွင့်လိုက်တော့ ရူးစူးရှရှ ပြင်ပအလင်းရောင်ကြောင့် မျက်စိတွေပြာပြီး မိုက်ခနဲ ဖြစ်သွားသည်။

ကောင်းကင်ပြာပြာတွင် မိုးတိမ် တစ်စွန်းတစ်စ မရှိ။ နေက ရူးစူးရှရှ ပူနေသည်။ အခန်းဝတွင် ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ မျက်တောင်ကို အကြိမ်ကြိမ်ခတ်တော့မှ သူ့ပုံရိပ် တဖြည်းဖြည်း ပြတ်လာသည်။

ထိုသူငယ်မ စကားစသည်။ အသံက အောင်မြင်သည်။ ဖော်ဖော်ရွေရွေ ရှိသည်။

'ငါးမျှားပစ္စည်းရောင်းတဲ့ဆိုင်က ညွှန်လိုက်လို့ပါ။ မော်တော်ဘုတ် အငှားလိုက်တယ်ဆို'

ကျွန်တော့် မျက်လုံးများက အလင်းရောင်နှင့် ခုထိ ရင်မဆိုင်ချင်သေး။ မျက်တောင်သာ တွင်တွင်ခတ်နေရသည်။

'ရှင်က ရေယာဉ်မှူးလားဟင်'

ခေါင်းကိုက် သက်သာစ ပြုလာသည်။ မိန်းကလေးကို တစ်ချက် စွေကြည့်လိုက်၏။ အသံသာသလို ရုပ်လည်း လှသည်။ မျက်လုံးတွေက အပြာရောင်။ ပါးစပ်ကျယ်ကျယ်နှင့်မေးရိုးအကျလှသည်။

'ကျွန်တော်ပဲ သဘောသား၊ ကျွန်တော်ပဲ ရေယာဉ်မှူးလေ၊ လာ. . ဝင်ပါဦးလား'

ကျွန်တော့်လက်ကို အားပြုပြီး သူဆင်းလာသည်။ သူ့လက်ချောင်းတွေက သန်မာပုံရ၏။ အခန်းကို တဖျံ့တညြ ကြည့်နေ၏။ ဘာမှ ကြည့်စရာ မရှိပါ။ ပုံမန်းပျက်နေသည့် အိပ်ရာနှင့် ဝီစကီ ပုလင်းခွံတွေသာ ရှိသည်။ သူ ဘာမှ မပြောသဖြင့် ကျွန်တော်က စကားစရသည်။

'ရှုပ်ပွနေတာတော့ ခွင့်လွှတ်ပါနော်၊ ကျွန်တော်က အလုပ်ချိန်မှာ မသောက်ပါဘူး၊ အားတဲ့အခါသာ သောက်တာပါ'

သူ့မျက်နှာတွင် အပြုံးတစ်ချက် လင်းလက်သွားသည်။

'ကျွန်မအဖေလည်း အဲဒီအတိုင်းပဲ'

ကျွန်တော် သူ့ကို ငေးကြည့်နေမိသည်။

'ကျွန်တော့်လို မော်တော်သမားပဲလား'

ကလေးမ ခေါင်းခါသည်။

'ဟင့်အင်း. . ဖေဖေက တွန်းသင်္ဘော ရေယာဉ်မှူးပါ။ အလုပ်အားတာနဲ့ မူးတော့တာပဲ'

'ကျွန်တော်လည်း အလုပ်ချိန်မှာ မသောက်တတ်ပါဘူး'

'ဖေဖေနဲ့ တူတာပေါ့၊ ကျွန်မအဖေက နယူးယောက်မှာ အတော်ဆုံး ရေယာဉ်မှူးလေ'



စားပွဲပေါ်မှ ပွေရှုပ်နေသည့် ပန်းကန်ခွက်ယောက်တွေကို ဖယ်လိုက်ပြီး ပန်းကန်အသစ် နှစ်လုံး တင်လိုက်သည်။ ဘာဘွန်း ဝီစကီပုလင်းတစ်လုံး ဆုတ်ယူရင်း-

'ကျွန်တော့်မှာ ရေပဲရှိတယ်၊ ရေခဲတော့ မရှိဘူးနော်'

'ရပါတယ်၊ ဝီစကီကောင်းကောင်းဆိုတာ ပျော့သွားအောင် မလုပ်ရဘူးလေ'

ကျွန်တော်က ဖန်ခွက်တစ်ဝက်နီးပါး လောင်းထည့်ပေးလိုက်သည်။ ငတိမကလေးက ရေသောက်သလို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ကျွန်တော် မျက်လုံးပြူးသွား၏။ ပို့ပြီး သဘောကျသွားသည်။ သူက ဖန်ခွက်ကို စားပွဲပေါ် ပြန်ချပြီး-

'ကဲ. . အလုပ်အကြောင်း ပြောကြရအောင်'

'တစ်နေ့ ဒေါ်လာ ၅၀၊ မနက် ၅ နာရီကနေ ညနေ ၄ နာရီအထိ သုံးနိုင်ပါတယ်၊ ခရီးသည် လေးယောက်ထက် ပိုမတင်ပါဘူး'

'တစ်ပတ်စျေးနှုန်းကော၊ ကျွန်မတို့ လော့စ်အိန်ဂျလစ်ထိ သွားမှာ၊ ဟိုမှာ တစ်ပတ်နေပြီး ပြန်လာမယ်'

'ကျွန်မတို့ဆိုတာ ဘယ်နှယောက် ပြောတာလဲ'

'နှစ်ယောက်တည်းပါ၊ ကျွန်မရယ် ကျွန်မရဲ့ အလုပ်ရှင်ရယ်ပါ'

ကျွန်တော် အမျိုးသမီးကို တစ်ချက်ကြည့်လိုက်သည်။

'ကျွန်တော့် မော်တော်ပေါ်မှာ အခန်းဆိုလို့ ဒီတစ်ခန်းပဲရှိတယ်၊ ကိစ္စမရှိဘူးလေ၊ ကျွန်တော် အပြင်ထွက်ပြီး ကုန်းပတ်ပေါ်မှာ အိပ်ရမှာပေါ့'

သူက ရယ်ပြီး-

'အပြင်ထွက်အိပ်ဖို့ မလိုပါဘူးရှင်'

'ကျွန်တော် သဘောမပေါက်ဘူး၊ အမျိုးသားက ဘာဖြစ်နေလို့လဲ'

သူ ရယ်ပြန်သည်။

'ဘာမှ မဖြစ်ပါဘူး၊ သူက အသက် ၇၁ နှစ်ရှိပြီ၊ ကျွန်မတို့ သားအဖလို နေကြတာပါ'

'ဒါဆို ဘာလို့ မော်တော်ငှားပြီး အပျော်ခရီး ထွက်ကြမှာလဲ'

'အလုပ် ကိစ္စပါ၊ ကျွန်မ အဘိုးကြီးက အဆောက်အအုံ ကန်ထရိုက်လေ၊ သူ့လုပ်ငန်းတွေ လှည့်ကြည့်ရင်း ခဏအနားယူမှာပါ၊ ပင်လယ်လေ ရှူရင်း ငါးမျှားချင် မျှားလိမ့်မယ်'

'ငါးတော့ သိပ်ရမယ် မထင်ဘူး၊ ရာသီမှ မဟုတ်တာ၊ ဒီအချိန် ငါးတွေ မက္ကဆီကိုဘက်လစ်ပြီလေ'

'သူ့အတွက် အရေးမကြီးပါဘူး၊ အပျော်သက်သက်ပါ'

'အစားအသောက်ပါ စီစဉ်ပေးရမှာလား'

ကျွန်တော်က အသေးစိတ် ထပ်မေးလိုက်သည်။

'ရုံးပိတ်ရက်တွေကလွဲရင် မော်တော်ဘုတ်မှာပဲ စားမယ်'

'ဒေါ်လာ ၅၀၀ ဆို သိပ်များမလား'

'၄၀၀ ပဲ ယူပါနော်၊ ဒါလောက်ပဲ တော်ပါတယ်'

'ကဲ. . . ထားပါ'

ကျွန်တော် မတ်တတ် ထရပ်ပြီး-

'ဘယ်တော့လောက် စသုံးမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန်မနက် ၈ နာရီမှာ အသင့်ဖြစ်ရင် တော်ပါပြီ၊ စပေါ် ယူထားလိုက်ဦးမလား'

ကျွန်တော်က ပြုံးပြီး-

'ရိုးသားတဲ့ မျက်နှာမျိုးကို ကျွန်တော် အကဲခတ်တတ်ပါတယ် မစ္စ. . . .'

'အင်ဒါဆင်ပါ၊ အယ်လီဇဘက်အင်ဒါဆင်ပါ'

ပြောပြောဆိုဆို ထရပ်သည်။ နံဘေးမှ ဖြတ်မောင်းသွားသော သင်္ဘောတစ်စင်း၏ ဂယက်ကြောင့် ကျွန်တော့် မော်တော်ဘုတ်ကလေး လူးသွားသည်။ အယ်လီဇဘက်အင်ဒါဆင်က သူ့ကိုယ်သူထိန်းရင်း လှေကားထစ်ပေါ် နင်းတက်သွားသည်။

ကျွန်တော် သူ့နောက်မှ လှမ်းခေါ်လိုက်သည်။

'ဝါထက် မစ္စအင်ဒါဆင်၊ ဒီနေ့ ဘာနေ့ပါလိမ့်'

အယ်လီဇဘက် ရယ်သည်။ ရင်းနှီးသော၊ နွေးထွေးသော ရယ်သံကို ကြားရ၏။

'ကျွန်မ အဖေအတိုင်းပဲ၊ အလုပ်ကိစ္စ လက်ခံပြီးတိုင်း ဘာနေ့လဲ မေးတာချည်းပဲ ဒီနေ့ ဗုဒ္ဓဟူးနေ့ ရှင့်'

'ဪ. . . ဟုတ်ကဲ့'

ဆိပ်ကမ်းပေါ် တက်သွားပြီး သူ့ကားဆီ လျှောက်သွားပုံကို ကျွန်တော် ငေးကြည့်နေမိသည်။ ကျွန်တော့်ဘက်ကို တစ်ချက်လှည့် လက်ပြပြီး ကားထဲဝင်ကာ မောင်းထွက်သွားသည်။

သည်တော့မှ ကျွန်တော် မော်တော်ဘုတ်ကို သန့်ရှင်းရေးလုပ်ရတော့သည်။

အယ်လီဇဘက်နှင့် ဤသို့ စတင်ဆုံစည်းခဲ့ခြင်း ဖြစ်ပါ၏။ တစ်နှစ်နီးပါးနေပြီးမှ ကျွန်တော်တို့ လက်ထပ်ခဲ့ကြ၏။

* * *

'ဘာပြုံးတာလဲ'

အယ်လီဇဘက်က ကောက်ကာငင်ကာ မေးလိုက်မှ ကျွန်တော် ဖျတ်ကနဲ သတိပြန်ဝင်လာသည်။ စားပွဲတစ်ဘက်မှ သူ့လက်ကလေးကို ကျွန်တော် လှမ်းယူ ဆုပ်ကိုင်ထားလိုက်၏။

'မင်းနဲ့ စတွေ့ပုံကလေးကို အစ်ကို ပြန်တွေးနေတာ၊ ဆင်စွယ်နဲ့ ရွှေ ရောပြီး သွန်းထုထားတဲ့ အချစ်နတ်ဘုရားမလေးအတိုင်းပဲ'

သူက အရက်တစ်ငုံ စုပ်ယူရင်း ရယ်နေသည်။

'ခုတော့ကော၊ ဘာနဲ့ တူနေလဲ'

စားပွဲထိုးကို လှမ်းခေါ်ပြီး နောက်နှစ်ခွက် ထပ်မှာလိုက်သည်။

'အစ်ကိုက ရွှေ့တ ပြေးနေတယ်နော်'

သူ ချက်ချင်း တည်သွားပြီး-

'အစ်ကို ကျွန်မကို လက်ထပ်လိုက်ရတဲ့အတွက် နောင်တတော့ ရမနေပါဘူးနော်'

ကျွန်တော်က ခေါင်းယမ်းပြီး-

'ဟာ. . မဟုတ်တာကွာ၊ ဘာလို့ နောင်တရ ရမှာလဲ'

'ခုလို ဖြစ်ရတဲ့အတွက် ကျွန်မကို အစ်ကို အပြစ်တင်နေမလားလို့၊ ဒန်နီ့ကိစ္စကို ပြောတာပါ'



'ဘာအပြစ်ဆိုစရာရှိလဲ မိန်းမရယ်၊ ဒီလို ဖြစ်မလာအောင် အစ်ကို ဘယ်လိုမှ ကာကွယ်လို့ မရပါဘူး၊ အစ်ကို နားလည်ပါပြီ'

'အစ်ကိုက တစ်ခါ တစ်ခါ တစ်မျိုး တွေးတတ်လို့ပါ'

'အစ်ကိုက ငတုံးပါကွာ၊ ဒန်နီကို တောင်ဝှေးတစ်ချောင်းလို အစ်ကို သုံးနေမိသလား မသိပါဘူး'

စားပွဲထိုး ရောက်လာပြီး ဖန်ခွက်နှစ်ခွက် ချသွားသည်။ အရာတိုင်း သွက်သွက်လက်လက် လှုပ်ရှားနေရမည့်အတွက်ကြောင့်လား မသိ၊ လေယာဉ် စောင့်ရသည့်အချိန်သည် ကုန်ခဲလှသည် ထင်ရ၏။ တစ်နာရီ မိုင် ၆၀၀ ပျံသန်းမည့် ဂျက်လေယာဉ်ကို မြေပြင်မှ မလှုပ်မယှက် စောင့်ဆိုင်းနေရသည့် အဖြစ်။ သွားလိုသည့် စိတ်ဆန္ဒက သည်းမခံနိုင်တော့ပေ။

သည်မနက် စောစောပိုင်းက ကျွန်တော် သည်လို မတွေးမိပါ။ သည်နေ့မနက် ဘယ်ဟုတ်တော့မလဲ၊ မနေ့က မနက်လို့ ပြောရတော့မှာပေါ့။ ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ပြီး ကားထဲမှ ထွက်လိုက်တော့ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေခပ်နွေးနွေးကလေးက ကျွန်တော့်ကို ကြိုဆိုနေသည်။ သည်ဝင်းထဲတွင် သည်တစ်လုံး ဆောက်ပြီးလျှင် ပြီးပြီ။ သည်နေ့ အားဖြည့် ကွန်ကရစ်တိုင်တွေ လောင်းမည်။ နောက်တစ်နေရာတွင် ကန်ထရိုက်ရဖို့လည်း သေချာသလောက် ဖြစ်နေပြီ။ ရာသီဥတု ကောင်းနေခိုက် အလုပ်တွေကို ခပ်သွက်သွက် လုပ်ရမည်။ ရာသီဥတု မဆိုးခင် ကွန်ကရိလောင်း လုပ်ငန်းတွေ အပြတ်ဖြတ်ရမည်။ သို့မှ အတွင်းပိုင်း လုပ်စရာတွေ ဆောင်းအမီ ပြီးလိမ့်မည်။

ဆောက်လုပ်ရေး ရုံးခန်းအဖြစ် အသုံးပြုထားသည့် ထရေလာကားကြီးဆီသို့ လျှောက်သွားသည်။ အလုပ်သမား ဆိုင်းတွေ ခွဲပုံကို စစ်ဆေးသည်။ အားလုံး အစီအစဉ်အတိုင်း စနစ်တကျ ဒီဇင်ဘာ တစ်လလုံး သည်ခွင်မှာပဲ အချိန်ကုန်သွားမှာ ထင်ပါရဲ့၊ ကောင်းပါတယ်၊ အဲဒီအချိန်လောက်ကျမှ တောင်ပိုင်းကို ပြောင်းရင် ကလေးလည်း လသားလောက် ဖြစ်နေပြီပေါ့။

ဒေးဗစ်က ဒွေတိုနာတွင် စီမံကိန်းရုံးခန်း ဖွင့်နေပြီ ဆိုသည်။ အကယ် စဆောက်မည့်အချိန်လောက်တွင် ကျွန်တော် အရောက်သွားရမည် ထင်၏။

ကျွန်တော်သည် ဗိသုကာပညာရှင်တစ်ယောက် မဟုတ်ပါ။ နိုရာကတော့ ကျွန်တော့်ကို လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်စေချင်သည်။ ရုံးခန်းကြီးနဲ့ လက်ထောက်တွေ၊ အတွင်းရေးမှူးတွေနဲ့၊ မီးဖိုထဲက လက်ဆေးဇလုံကို ရွှေကွပ်ရမလား၊ အိမ်သာထဲမှာ ပန်းရောင် တယ်လီဖုန်း ထားရမလားဆိုတဲ့ ကိစ္စမျိုးတွေနဲ့ ကျွန်တော့်ကို ပြဿနာလုပ်မည့် အလုပ်ရှင်တွေနဲ့ ဝိုင်းဝိုင်းလည်နေတဲ့ ဘဝမျိုးကို မြင်ချင်သည်။

သို့သော် ကျွန်တော်က အလုပ်သမားဝတ်စုံ ဝတ်ပြီး ရွှံ့ထဲ ရေထဲတွင် တစ်နေကုန် လျှောက်သွားနေတတ်သူ။ ဒေါ်လာ တစ်သောင်းတန်၊ တစ်သောင်းခွဲတန် အိမ်မျိုးတွေကို မြန်မြန်ကောင်း သတ်သာနည်းနဲ့ ဆောက်ပေးချင်သူ။ အိမ် တကယ်လိုအပ်နေသူတွေအတွက် သူ့ငွေနဲ့သူ တန်အောင် ဆောက်ပေးချင်သည်။ မိတ်ဆွေ အပေါင်းအသင်းများကို ကြွားဖို့ အလှသက်သက်ဆောက်သည့် ဆောက်ရွှမတွေအတွက် ကျွန်တော် ဘယ်တော့မှ မဆောက်။

သည်လုပ်ငန်းကို လုပ်ရင်းလုပ်ရင်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်လာသည်။ အသုံးဝင်သည်ဟု ထင်လာသည်။ ဝါသနာလည်းပါသည် မဟုတ်လား။ ဝါသနာပါလို့လည်း ဗိသုကာ

www.burmeseclassic.com



အင်ဂျင်နီယာကျောင်းကို တက်ခဲ့ခြင်း ဖြစ်ပါ၏။ သို့သော် စစ်ဖြစ်လာသဖြင့် ကျောင်းမှ စစ်တပ်သို့ တန်းပြေးခဲ့ရသည်။

လုပ်ငန်းခွင် ဆင်းမည့်ဆဲဆဲတွင် ရုံးခန်းအတွင်းသို့ ဆမ်ဘာရက်ဒ်လေ ဝင်လာသည်။ ဆမ်က ကျွန်တော့် အလုပ်ရှင်၊ ကျွန်တော့် ဆရာ။

သူ့ကို ပြုံးနှုတ်ဆက်ပြီး . . .

'နောက်ဆုံးကျန်တဲ့အပိုင်း ကွန်ကရိလောင်းတာ ကျွန်တော် ခုပဲ သွားကြည့်မလားလို့'

ဆမ်က ကျွန်တော့်ကို ပြန်ပြုံးမပြဘဲ တည်တည်ကြီး လုပ်နေသည်။ ဘာများ ဖြစ်လာပါလိမ့်။

'ဟော့လူ၊ ဘာဖြစ်လာတာလဲ၊ နောက်အလုပ်တစ်ခုအတွက် ပိုက်ဆံ မရခဲ့လို့လား'

'ပိုက်ဆံက ရပါတယ်'

'အဲဒီလို လုပ်စမ်းပါ၊ ဘာမှ မပူနဲ့၊ ကျွန်တော် ဒီမှာ နှင်းမြိုင်မြိုင်မကျခင် ပြီးမယ်၊ နောက်နှစ်တွေဆို ခင်ဗျား အိတ်ထဲမှာ ငွေစက္ကူတွေ ဖောင်းဖောင်းကားကားနဲ့ လျှောက်သွားနေနိုင်ပြီ'

'အဲဒါက ပြဿနာမဟုတ်ဘူး လုဒ်၊ အင်း. . . ကိုယ်စိတ်တော့ မကောင်းဘူး၊ ဒါပေမယ့် ပြောရတော့မှာပဲ၊ သူငယ်ချင်းကို ကိုယ် ဆက်မထားနိုင်တော့ဘူး'

ကျွန်တော် မယုံကြည်နိုင်စွာဖြင့်. . .

'ခင်ဗျား ရူးနေသလား ဆမ်၊ ကျွန်တော် မရှိဘဲ ဒါတွေ ဘယ်သူ လက်စသတ်မလဲ'

'ကုမ္ပဏီက လူတစ်ယောက် ထည့်မယ်တဲ့၊ အဲဒီလူကို မယူရင် ငွေထပ်ထုတ်မပေးတော့ဘူးတဲ့'

သူက စီးကရက် မီးညှိရင်း အလွန် အားနာနေသည့် အမူအရာဖြင့်. . .

'ကိုယ် စိတ်မကောင်းပါဘူး လုဒ်'

ကျွန်တော်လည်း စီးကရက် ထုတ်ညှိလိုက်သည်။

'စိတ်မကောင်းပါဘူး ဟုတ်လား၊ ကျွန်တော် လုံးဝမမျှော်လင့်ဘူး ဆမ်၊ ကျွန်တော် ဘယ်လိုခံစားရမလဲ ခင်ဗျား စဉ်းစားမိရဲ့လား'

'ဒေးဗစ်ဆီက ဘာကြားသေးလဲ၊ အဲဒီမှာ အဆင်ပြေမှာပါ'

ကျွန်တော် ခေါင်းယမ်းပြီး. . .

'ဘာမှ မကြားဘူး'

'ဖြစ်လာမှာပါ သူငယ်ချင်းရာ'

ကျွန်တော် စီးကရက်ကိုသာ မဲဖွာနေသည်။

'အခိုက်အတန့် အနေနဲ့ ကိုယ်လုပ်ပေးနိုင်တာ တစ်ခုရှိတယ် လုဒ်၊ အလုပ်သမားဆိုင်းထဲ ခဏ ဝင်လုပ်နေမလား'

'နေပါစေ ဆမ်၊ ဒါတော့ ကျွန်တော် မလုပ်နိုင်ဘူး၊ ဒါလောက်အထိ ဘော့ ကိုယ့်ကိုယ်ကိုယ် ဆွဲမချချင်ဘူး'

သူ ခေါင်းညိတ်သည်။ သူ နားလည်ပါသည်။ သာမန် အလုပ်သမားဘဝကို ကျွန်တော် ပြန်ဆင်းလိုက်လျှင် နောင် ဘယ်သူကမှ ကျွန်တော့်ကို ကြီးကြပ်ရေးမှူးရာထူး ပေးတော့မည် မဟုတ်။ ကျွန်တော်တို့ လောကက သတင်းအမြန့် သိပ်မြန်သည်။



ဆေးလိပ်မီးခိုးငွေ့တွေကို မှုတ်ထုတ်ရင်း စီးကရက်တိုကို ပြာခွက်ထဲ ထိုးထည့်လိုက်သည်။

'ကဲ. . ဒါဖြင့် ဒီနေ့လုပ်စရာရှိတာတွေ လက်စသတ်လိုက်မယ်'

'လူသစ်က ဒီနေ့ နေ့လယ်ပိုင်း ရောက်လာမယ် လုဒ်'

ကျွန်တော် နားလည်လိုက်ပြီ။

'ကောင်းပြီလေ၊ ဒါဆို ထမင်းစားချိန်လောက်မှာ ကျွန်တော် လဲနိုင်အောင် လုပ်ပေးမယ်'

သူ ခေါင်းညိတ်သည်၊ ပြီးတော့ လစာ စာအိတ် တမ်းပေးပြီး ထွက်သွားသည်။ သူ့နောက်ကျောကို အတန်ကြာ ကျွန်တော် ငေးကြည့်နေမိ၏။ ပြီးမှ စားပွဲဟောင်းကြီးထဲက ကျွန်တော်ပိုင်ပစ္စည်းတွေ ထုတ်ယူလိုက်သည်။

အလုပ်ခွင်မှ ထွက်လာပြီး အိမ်ကို တန်းမပြန်ဘဲ အရက်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်သည်။ ဝီစကီ မသောက်ဘဲ ဘီယာ မှာသောက်ရင်း ရုပ်မြင်သံကြားတွင် ဘောလုံးပွဲကြည့်နေလိုက်သည်။

ငါးကြိမ်မြောက် အိမ်သာဝင် အပေါ့သွားပြီး ပြန်အထိုင်တွင် စင်စင်နာတီအသင်း ခွက်ခွက်လန်အောင် ရှုံးနေသည်။

စားပွဲထိုးက စားပွဲကို လာသုတ်ပေးရင်း ကျွန်တော့်ပခုံးပေါ် ကျော်ပြီးကြည့်ကာ. . .

'သွားပြီ၊ အလကား အသင်း၊ ရှုံးလို့ အတော့မသတ်ဘူး၊ ရာသက်ပန် ထုတ်ပစ်ဖို့ကောင်းတယ်'

စားပွဲပေါ်ကို အကြွေနည်းနည်း ပစ်တင်ပြီး ကျွန်တော် ထွက်လာခဲ့သည်။ ဆက်မထိုင်ချင်တော့။ အယ်လီဇဘက်ကို အကျိုးအကြောင်း ပြောရဦးမည်။

ကျွန်တော် ထင်သလို မဟုတ်ဘဲ အမင်္ဂလာသတင်းကို အယ်လီဇဘက် တည်တည်ငြိမ်ငြိမ်ပင် ခံယူသည်။ ကျွန်တော် အိမ်ကို စောစောပြန်ကတည်းက အခြေအနေကို သူ အကဲခတ်မိပုံရသည်။ ဘာမှ ထွေထွေထူးထူး မပြောဘဲ ပြုတ်ကြော်လုပ်ရန် အသားတုံးတွေကို ဒယ်အိုးထဲ ထည့်နေသည်။

သူ ဘာများ ပြောမလဲဆိုပြီး ကျွန်တော် ရပ်စောင့်နေသေးသည်။ ဘယ်လို တုံ့ပြန်မှာပါလိမ့်။ ဒေါသူမလား၊ စိတ်ပျက်မလား၊ သို့သော် သူက ဘာမှ ဝေဖန်ချက် မပေး။

'ကဲ. . အစ်ကို ရေချိုးတော့လေ' တဲ့။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

နောက်တစ်ခွက် ထပ်မှာမည်အပြုတွင် ကျွန်တော့်ကို စိုက်ကြည့်နေသည်နှင့် ကော်ဖီပဲ မှာလိုက်တော့သည်။ ဒါကို ကြည့်ပြီး သူက ပြုံး၏။

'အဲဒီအတွက် အစ်ကို့ကို စိတ်မပူပါနဲ့ကွာ'

'အစ်ကို မူးနေရမယ့်အချိန် မဟုတ်ဘူးလေ၊ ဒန်နီ့ကို တူညီနိုင်အောင် အစ်ကို့အာရုံတွေ နိုးကြားနေရမယ်'

'ခုထိ ဘာလုပ်လို့ရမယ်ဆိုတာ အစ်ကိုတော့ မှုသိသေးဘူး'

'နည်းလမ်းတော့ ရှိမှာပေါ့ အစ်ကိုရယ်၊ ဒါကြောင့် ဂေါ်ဒွန်က အစ်ကို့ကို အရခေါ်တာ နေမှာပေါ့'

'အစ်ကိုလည်း အဲဒီလိုပဲ တွေးမိတယ်'

အင်း. . . အဖေဆိုတော့ အလှည့်ကျရင် မနဲ့ရဘူးပေါ့။ သမီးအတွက် ဘာပဲလုပ်ရ လုပ်ရ နောက်တွန့်နေလို့ မဖြစ်တော့။

ကျွန်တော် ဆောက်တည်ရာမရ ဖြစ်လာသည်။ နံရံမှ နာရီကြီး၏ လက်တံက နှစ်နာရီထိုးဖို့ ငါးမိနစ်အလိုတွင် ပြနေသည်။ ဆက်ပြီး ထိုင်မနေချင်တော့။

'အပြင်ထွက်ပြီး လေလေး ဘာလေး ရှူရအောင်နော်'

အယ်လီဇဘက်က ခေါင်းညိတ်ပြီး ထသည်။ ငွေတောင်းခံလွှာ စာရွက်ကို ကောက်ယူပြီး အပေါက်ဝတွင် ငွေရှင်းသည်။



စစ်ဆေးရေး ကောင်တာဘက်မှ အထွက်တွင် ရောမ ဂျက်လေယာဉ်ကြီး ဆိုက်ဆင်းလာသည်။ နံဘေးတွင် 'အေ'စာလုံးကြီးနှစ်လုံး အပြုံးသားနှင့်။ ခေါင်းပေါ် ဆီက အသံစက်မှ ကြေညာသံ ပေါ်လာသည်။

'နယူးယောက် ထွက်ပေါက် နံပါတ် ၄ မှ ထွက်လာတဲ့ အမေရိကန်လေကြောင်းကုမ္ပဏီပိုင် ပျံသန်းမှု အမှတ် ၄၂ လေယာဉ် ဆိုက်ရောက်လာပါပြီ'

'အဲဒါ ကိုယ် လိုက်ရမယ့် လေယာဉ်ပဲ ထင်တယ်' ဟု ကျွန်တော် ပြောလိုက်စဉ်မှာပင် လေယာဉ်တံခါး ပွင့်ကာ ခရီးသည်တွေ အလျှိုလျှို ဆင်းလာကြသည်။ အယ်လီဇဘက်က မမျှော်လင့်သည့် စကားကို ဆိုလာသည်။

'အင်း မပျင်းစဖူး ပျင်းကျန်ခဲ့တော့မယ်၊ ခုလို အထီးကျန်ဝေဒနာမျိုး တစ်ခါမှ မခံစားဖူးသေးဘူး'

ကျွန်တော်က သူ့ကို ငဲ့ကြည့်လိုက်သည်။ ကွင်းထဲက မီးချောင်းများ၏ ဖြူဖွေးဖွေး အလင်းရောင်တွင် ဖျော့နေသည့် သူ့မျက်နှာကို မြင်ရ၏။ သူ့လက်ကို ဆုပ်ယူလိုက်သည်။ ခေတ်စက်နေ၏။

'အစ်ကို မသွားလည်း ဖြစ်ပါတယ်ကွာ'

'မသွားလို့ ဘယ်ဖြစ်မလဲ၊ အစ်ကို သိသားနဲ့'

သူ့ မျက်လုံးများတွင် အားငယ်နေသည့် အရိပ်အယောင်ကို တွေ့ရ၏။

'နိုရာ့ အလိုအရ ဆိုရင်တော့ သွားဖို့မလိုဘူး၊ ကိုယ့်မှာ တာအခွင့်အရေးမှ မရှိဘူးလို့ လွှန်ခဲ့တဲ့ ဆယ့်တစ်နှစ်ကတည်းက ကြေညာပြီးသားပဲ'

'အစ်ကိုက ဒါကို ယုံနေလို့လား'

ကျွန်တော် ဘာမှ ပြန်မဖြေဘဲ စီးကရက်တစ်လိပ် ထုတ်ညှိလိုက်သည်။ သို့သော် သူက ထပ်မေးသည်။

'ကျွန်မ မေးတာ ပြောလေ အစ်ကို'

'အင်း. . . ယုံတယ်တော့ မဟုတ်ပါဘူး'

ကွင်းထဲသို့ လှမ်းကြည့်ပြီး ကျွန်တော် ပြောလိုက်သည်။ လေယာဉ်ပေါ်မှ ကုန်တွေချနေပြီ။

'ဘာကို ယုံရမယ်ဆိုတာ အစ်ကို မသိပါဘူးကွာ၊ ဒန်နီဟာ ကိုယ့်သမီးဆိုတာ စိတ်ထဲက သိနေတယ်၊ ဒါပေမယ့် တစ်ခါတလေလည်း နိုရာပြောတာ ယုံချင်တယ်၊ သူပြောတာ ယုံနိုင်ရင် အစ်ကို ဒါလောက် မခံစားရဘူးပေါ့'

အယ်လီဇဘက် တိုးတိုးလေး မေးသည်။

'ဖြစ်နိုင်ပါ့မလား အစ်ကို၊ နှစ်ပေါင်းများစွာ ဒန်နီကို သမီးအဖြစ် အရာတိုင်းထက် တစ်ကို တွယ်တာခဲ့ပြီးမှလေ. . .'

ရင်ထဲတွင် တင်းကျပ်မှုန်း သိလာပြန်သည်။

'ထားလိုက်ပါတော့ကွာ၊ သူ့အဖေရင်း ဖြစ်တယ် ထားဦး၊ သူ့အတွက် ကိုယ်လုပ်ပေးနိုင်တာ ဘာရှိလဲ၊ အထောက်အပံ့ မပေးနိုင်ဘူး၊ အကာအကွယ် မပေးနိုင်ဘူး'

'ချစ်ခြင်းမေတ္တာ ပေးနိုင်တယ်လေ၊ ခုထိ အစ်ကို ချစ်နေသားပဲ'

'အင်း ချစ်ပါတယ်၊ ချစ်တာကလွဲပြီး ဘာမှ မရှိဘူး၊ ခုထိ စုတ်ပြတ်ပွဲမှတနေတုန်း'

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းစိတ်တွ ရင်ထဲတွင် ခါးခါးသီးသီး ကြွတက်လာ၏။

'အမှန်က သမီးကို နိုရာ့လက်ထဲ မရောက်အောင် လုပ်ရမှာ'

'ဘယ်နည်းနဲ့ လုပ်လို့ရမှာလဲ အစ်ကိုရယ်'

'ခိုးပြီး ထွက်ပြေးလို့ ရသားပဲ၊ တခြားတော့ ဘာမှ မစဉ်းစားတတ်ဘူး'

'အစ်ကို တစ်ခါ ကြိုးစားသေးတယ် မဟုတ်လား'

'ဟုတ်တယ်၊ အစ်ကိုက မွဲတေနေလို့ သူရဲဘောလည်း ကြောင်တာ၊ အမှန်က ဒန်နီ အတွက် ငွေမလိုဘူး၊ အချစ်လိုတာ'

သူ့ကို တစ်ချက်ငဲ့ကြည့်ပြီး ကျွန်တော် ဆက်ပြောသည်။

'နိုရာက သမီးကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ တကယ် နှစ်နှစ်ကာကာ ချစ်တဲ့အချစ် မျိုးကို ပြောတာ၊ သူ့အလုပ်ကလွဲပြီး ဘာကိုမှ ချစ်တတ်တဲ့ မိန်းမစားမျိုး ဟုတ်ဘူး၊ ဒန်နီကိုလည်း အရုပ်ကလေးတစ်ရုပ်လိုပဲ သဘောထားတာ၊ ဒါကြောင့် အတွားအိမ်မှာ သွားနေတဲ့အချိန်ရယ် ဖအေ့ မော်တော်ဘုတ်ပေါ် လာတဲ့ အချိန်ရယ်ပဲ သူ့အတွက် ပျော်စရာရှိတယ်၊ မင်း ဇာတ်လမ်း အားလုံး မသိဘူးနော်'

အယ်လီဇဘက် ခေါင်းခါသည်။

'ဒန်နီဟာ အိမ်ပြန်ရတဲ့အခါတိုင်း သူ့အမေကို မြင်ရင် ဝမ်းသာအားရ ဖြစ်တာချည်းပဲ၊ မအေ့အလိုကျအောင်လည်း အတတ်နိုင်ဆုံး ကြိုးစားတယ်၊ ဒါပေမဲ့ နိုရာက ဒန်နီကို ကျပ်မပြည့် တဲ့ကလေးလို့ ထင်နေတယ်၊ ထင်ရာစိုင်းနေတဲ့ ကောင်မလေးလို့ပဲ ထင်နေတယ်၊ ဖအေနဲ့တွေ့ ရင် ရယ်ရယ်ပြုံးပြုံး ပျော်နေပေမယ့် ဒန်နီ့မျက်နှာဟာ အချစ်ပြည့်ပြည့်ဝဝ မရတဲ့ပုံ ပေါ်နေတယ်'

အယ်လီဇဘက်၏ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ ကျွန်တော့် အနား တိုးကပ်လာပြီး တိုးညှင်းစွာ ပြောသည်။

'အစ်ကိုက အဖေပဲ၊ အမေ့မေတ္တာမျိုးတော့ ဘယ်ပေးနိုင်မလဲ'

အသံချဲ့စက်မှ ကြေညာသံ ပေါ်လာပြန်သည်။

'အမေရိကန် လေကြောင်း ကုမ္ပဏီပိုင် ပျံသန်းမှုအမှတ် ၄၂ ဂျက်လေယာဉ် အမှတ် ၄ ဂိတ်မှာ ကုန်တင်နေပါပြီ၊ ဒင်ဗာမှတစ်ဆင့် ဆန်ဖရန်စစ္စကို ကို ပျံသန်းမှာ ဖြစ်ပါတယ်'

ဇက်ကို တစ်ချက် ပွတ်လိုက်သည်။ ချက်ချင်းကြီး တအားပင်ပန်းသွားသည်။ တစ်ဆက် တည်း ကျွန်တော် ပြောလိုက်သည်။

'အဲဒီကောင်ပဲ ထင်တယ်'

'ဟုတ်လိမ့်မယ်ထင်တယ် ဖေဖေ'

သူ့ကို ကျွန်တော် တအံ့တဩ ကြည့်လိုက်၏။ ပထမဆုံးအကြိမ်အဖြစ် သူ ကျွန်တော့် ကို ခေါ်လိုက်ခြင်း ဖြစ်သည်။ ပြီးတော့ ပြုံးပြုံးကလေး ပြောသည်။

'အကျင့်ရသွားအောင် ကျွန်မ ခုကတည်းက ခေါ်မယ်နော်'

'သဘောပါပဲဗျာ'

နှစ်ယောက်သား အထဲပြန်ဝင်ခဲ့ကြသည်။

'ဟိုရောက်ရင် အကြောင်းကြားဦးနော်'

'ဆန်ဖရန်စစ္စကိုကနေ ဖုန်းဆက်မယ်လေ၊ မင်းဘက်က ပြောစရာမရှိရင် အကြောင်း ထူးမရှိဘူးလို့ဘဲ တိုတိုပြော၊ အစ်ကိုလည်း တိုတိုပြောမယ်၊ ဖုန်းခ သက်သာအောင်လေ'



'ကျွန်မဘက်က ဘာများ ပြောစရာ ရှိမှာလဲ'

ကျွန်တော်က သူ့ဗိုက်ကို လက်နှင့် စမ်းလိုက်သည်။

သူက ရယ်ပြီး-

'မပူပါနဲ့ အစ်ကိုရယ်၊ အစ်ကို ပြန်မရောက်မချင်း မမွေးဘူး၊ စိတ်ချ'

'တကယ်နော်'

နံပါတ် ၄ ဂိတ်တွင် လူများများ မရှိ၊ လေယာဉ်ပေါ် ရောက်ကုန်ကြပြီ၊ ဇနီးသည်ကို နှုတ်ဆက်အနမ်း နမ်းပြီး အဝင်ဝတွင် လက်မှတ် ထုတ်ပေးလိုက်သည်။

လေယာဉ်ကွင်းဝန်ထမ်းက လက်မှတ်ပေါ်တွင် တံဆိပ်ဖြတ်ထုပြီး အပေါ်ပိုင်းကို ယုတ်ယူလိုက်သည်။ တစ်ပိုင်းကို ကျွန်တော့်အား ပြန်ပေးရင်း-

'တည့်တည့်လျှောက်သွားပါ မစ္စတာကေရီ'

ဒင်ဗာတွင် တစ်ထောက်နားတော့ လေယာဉ်မယ်က အောက်ဆင်းပြီး အညောင်းပြေ လမ်းလျှောက်နိုင်ကြောင်း ပြောသည်။ သို့သော် မဆင်းတော့ဘဲ လေယာဉ်ပျံထဲတွင်ပင် ကော်ဖီ သောက်နေလိုက်သည်။

ကော်ဖီခါးခါး သောက်လိုက်ရတော့ ရင်ထဲ နွေးသွားသည်။ တင်းမာနေသည့် ကြွက်သားတွေ လျှော့သွားသလို ခံစားလိုက်ရ၏။

ခြောက်နှစ်ဆိုသည့် ကာလမှာ တစ်နံတစ်လျားကြီး ဖြစ်သည်။ အမျိုးမျိုးအဖုံဖုံ ဖြစ်ပျက် ပြောင်းလဲနိုင်လောက်အောင် ရှည်လျားသည့် ကာလ၊ ကလေးတစ်ယောက် ကြီးထွား နိုင်လောက်သည့် ကာလ ဖြစ်၏။

ခုဆိုလျှင် ဒန်နီတစ်ယောက် အပျိုကြီးဖားဖား ဖြစ်နေလောက်ပြီ။ ဒေါက်မြင့်ဖိနပ်နှင့် စကပ်ဖားဖားနှင့် ဖြစ်နေရှာမည်။ အရောင်မဲ့နှုတ်ခမ်းနီနှင့် မျက်ခွက်ကို အစိမ်းရောင် သို့မဟုတ် ဟပြာရောင် ခြယ်သထားမည် ထင်သည်။ ဆံပင်ကို ထူးထူးဆန်းဆန်း ထုံးဖွဲ့ထားလေမည်လား။ ဘယ်လိုပင် အပျိုဂိုက်ဖမ်းနေစေဦး၊ မျက်နှာကလေးကမူ ပီဘိကလေးလေးအတိုင်း ရှိနေဦးမည် ထင်၏။

ခွဲခွာခဲ့သည့်ကာလမှာ ခြောက်နှစ်ကြီးများတောင် ရှိခဲ့ပြီကော။ သည်အတောအတွင်း ဒန်နီ မည်မျှ ပြောင်းလဲနေပြီလဲ။ အမျိုးမျိုး ဖြစ်လာနိုင်သည်။ မဖြစ်စေချင်သည့် ပုံစံတွေလည်း ဝင်နေနိုင်သည်။ မအေ့အတုတွေ ယူပြီးတော့လေ။

ကျွန်တော့် ရင်သွေးကလေးသည် ကွဲကွာနေသည့် ခြောက်နှစ်အတွင်း ကြီးထွားလာ မည် မုချ။ ဤသို့ ကြီးထွားလာခြင်းသည် လူသတ်ဖို့အတွက် ဖြစ်နိုင်ပါမည်လား။

အခန်းတံခါး ပိတ်သံ ကြားလိုက်ရ၏။ မီးတွေ လင်းလာသည်။ စီးကရက်ကို မြာခွက် ထဲသို့ ထိုးချေပြီး ခါးပတ်ကို ပတ်လိုက်သည်။ လေယာဉ်မယ်က ကျွန်တော့်ဆီ လျှောက်လာပြီး ကျေနပ်သွားသလို ခေါင်းညိတ်ပြသည်။ ပြီးတော့ တခြားခရီးသည်တွေကို ဆက်ပြီး စစ်ဆေး သည်။ လက်မှ နာရီကို ကြည့်လိုက်တော့ ချီကာဂိုစံတော်ချိန် လေးနာရီခွဲ။ နောက်ကို နှစ်နာရီ ပြန်ရွှေ့လိုက်၏။ ပစိဖိတ်ကမ်းခြေစံတော်ချိန် နှစ်နာရီခွဲ ဖြစ်သွားပြီ။

တစ်ယောက်တည်း ပြုံးလိုက်မိ၏။ ဘယ်လောက် လွယ်လိုက်သလဲလို့။ နာရီလက်တံ ကို နောက်ရွှေ့လိုက်ရုံကလေးဖြင့် နှစ်နာရီ ထပ်အချိန်ရသွား၏။ ဘာပြုလို့ပါလိမ့်။ ဒါလောက် လွယ်ရင် နှစ်တွေ လတွေကို နောက်ဆုတ်လို့ ရသည့်စက်တွေ ဘာကြောင့် မတီထွင်ကြပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစက်မျိုးရှိရင် ကျွန်တော် ခြောက်နှစ်လောက် နောက်ပြန်ဆုတ်လိုက်ချင်ပါသည်။ ဒါဆို ဒန်နီကလေးတစ်ယောက် ခုရောက်နေသည့်နေရာသို့ ရောက်စရာအကြောင်း မရှိပါ။

မဟုတ်သေးပါဘူး။ နောက်ဆုတ်လို့ ရမှတော့ ဘယ်ခြောက်နှစ်တင် ဆုတ်တော့မလဲ၊ ဆယ့်ငါးနှစ်လုံးလုံး ပြန်ဆုတ်ပစ်လိုက်မှာပေါ့။ သမီးကလေး မွေးသည့် အချိန်အထိလေ၊ သမီးမွေး တုန်းကလည်း ခုလို လင်းအားကြီး အချိန်ပါပဲ။

* * *

'သိပ်တော့ မကြာနဲ့နော်၊ သူ သိပ်ပင်ပန်းနေတယ်'

အခန်းထဲ ကျွန်တော် ဝင်မည်ပြုတော့ ဆရာဝန်က ဆီးပြောသည်။

'ကလေးကို ဘယ်တော့ ကြည့်လို့ရမလဲ ဆရာ'

'နောက် ဆယ်မိနစ်လောက်ဆို ကြည့်နိုင်ပါပြီ၊ ကလေးခန်းမှာ သွားကြည့်ပါ၊ ဆရာမ တွေ ပြပါလိမ့်မယ်'

တံခါးပိတ်ပြီး အခန်းထဲမှ ထွက်လာခဲ့၏။

'ကလေးကို ကျွန်တော် အရင်သွားကြည့်မယ် ဆရာ၊ ဘယ်သူနဲ့ တူတယ် ဆိုတာ တောင် မပြောနိုင်ရင် နီရာ ဒေါပွနေမယ်'

ဆရာဝန်က ကျွန်တော့်ကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ပခုံးတွန့်ပြသည်။ နောင်တွင်မှ ကျွန်တော် သိရသည်။ မွေးခန်းထဲတွင် နီရာက ကလေးကို လုံးဝတောင် မကြည့်ဘူးတဲ့လေ။ ဆရာမကလေးက ခန်းဆီးကို မ,တင်လိုက်ပြီး သမီးလေးကို မြှောက်ပြသည်။ ကျွန်တော့်ရင်တွေ တဒိုင်းဒိုင်း ခုန်သွားသည်။ မျက်နှာကလေးက နီနီရဲရဲ ဆံပင်က နက်ပြောင်နေသည်။ လက်သီး ကလေးကို ဒေါသတကြီး ဆုပ်လို့။

ဘယ်တုန်းကမှ မခံစားဖူးသည့် ပီတိသုခမျိုးသည် ကျွန်တော့်တစ်ကိုယ်လုံး ပျံ့နှံ့သွား လေသည်။ မွေးဖွားရသည့် ဝေဒနာကိုလည်း ကျွန်တော် နားလည်လိုက်သည်။ အနီးထုပ် ကလေးကို ကျွန်တော် ငုံ့ကြည့်နေဆဲ။

မျက်လုံးကလေးကို ကြည့်ချင်သည့် ဆန္ဒနှင့် တစ်ပြိုင်တည်း သမီးကလေးက မျက်စိဖွင့် ကြည့်သည်။ ပါးစပ်ကလေးကို ကြည့်ချင်ပြန်တော့လည်း ပါးစပ်ဟလာသည်။ ဟုတ်ပြီ။ ကျွန်တော်တို့ သားအဖ စည်းဝါးကိုက်နေပြီ။ သူကလေးနှင့် ကျွန်တော်သည် ဘယ်လိုမှ ခွဲလို့ရ တော့မည် မဟုတ်သည့် သွေးမျိုးဆက် ဖြစ်နေပြီ။ ကျွန်တော့်တို့ သူ ပိုင်သည်။ သူ့ကို ကျွန်တော် ပိုင်သည်။

သမီးနှင့် ကျွန်တော် ဘဝခရီးကို အတူလက်တွဲ လျှောက်လှမ်းမည်၊ တစ်ဦးဘဝကို တစ်ဦးဆီမှာ အပ်နှံထားမည်။ ကျွန်တော့် မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ သူ့အတွက် ဖြစ်ပေါ်လာသည့် မျက်ရည်များ။

ထိုစဉ်တွင် ခန်းဆီး ပြန်ကျလာသည်။ ကျွန်တော် တစ်ယောက်တည်း ရုတ်ခြည်း အထီးကျန်ဘဝကို ရောက်သွားသလို ခံစားလိုက်ရ၏။ ပင်လယ်သမုဒ္ဒရာ၏ တစ်ဖက်စွန်းတွင် တစ်ကိုယ်တည်း ရပ်နေရသူနှင့် တူ၏။ အမှောင်ထုလှိုင်းကြီးက ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းခြုံဝါးမျိုပစ်လိုက်သည်။



မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း ဆေးရုံစင်္ကြံဆီသို့ လျှောက်လာခဲ့၏။ နီရာ့ အခန်း တံခါးကို ဖွဖွကလေး ခေါက်လိုက်၏။ ဆရာမတစ်ယောက် လာဖွင့်ပေးသည်။

'ကျွန်တော် ခဏလောက် ဝင်တွေ့လို့ ရမလားဟင်၊ ကျွန်တော် သူ့အမျိုးသားပါ'

ကလေးအဖေကို အလွန်စာနာတတ်ပုံရသည့် ဆရာမ ဖြစ်ဟန်တူပါ၏။ နံဘေးသို့ ရှောင်ပေးရင်း. . .

'သိပ်မကြာပါစေနဲ့' ဟုပြောပြီး ဝင်ခွင့်ပြုသည်။

နီရာ့ အိပ်ရာဆီသို့ ကျွန်တော် လျှောက်သွားသည်။ သူ အိပ်ပျော်နေပုံရ၏။ ပိတုန်း ရောင်ဆံပင်တွေ ခေါင်းအုံးဖြူဖြူပေါ်တွင် ဝဲကျနေသည်။ သူ့ကို သည်ပုံစံမျိုးဖြင့် မြင်ရလိမ့် မည်ဟု တစ်ခါမှ မမျှော်လင့်ခဲ့ဖူးပါ။ ဖြူဖျော့တော့ အားအင်ကုန်ခန်းနေပုံရသည်။ ကျွန်တော်က ဒူးကိုင်းပြီး သူ့နဖူးပြင်ကို ဖွဖွကလေး နမ်းလိုက်သည်။

မျက်စိမဖွင့်ဘဲ သူ့နှုတ်ခမ်းတွေ လှုပ်ရှားလာသည်။

'လျှော်တက်တွေကို မြှောက်၊ လွတ်လပ်သော ပြင်သစ် ရေတပ်မတော်သည် ဘယ် သောအခါမှ အရှုံးပေးလိမ့်မည် မဟုတ်'

အိပ်ရာတစ်ဖက်မှ ဆရာမကိုကြည့်ပြီး ကျွန်တော် ပြုံးလိုက်သည်။ နီရာ့လက်ကို ကျွန်တော် ဖွဖွကလေး ဆုပ်ကိုင်ထားလိုက်၏။

'လျှော်တက်တွေကို မြှောက်၊ လွတ်လပ်သော ပြင်သစ်ရေတပ်မတော်သည် ဘယ် သောအခါမှ အရှုံးပေးလိမ့်မည် မဟုတ်'

ဆရာမက ကျွန်တော့်ကို ပြန်ပြုံးပြရင်း. . .

'မေ့ဆေး ပြယ်စပြုပါ မစ္စတာ ကေရီ၊ အဲဒီဆေးကြောင့် သူတို့ ဒီလိုပဲ ကယောင် ကတမ်းတွေ ပြောတတ်ကြတယ်'

ကျွန်တော် ခေါင်းညိတ်ပြီး နီရာ့လက်ကို နောက်တစ်ခါ ညှစ်လိုက်သည်။ သူ့မျက်နှာ ပေါ်တွင် အထိတ်တလန့် အမူအရာတွေ ပေါ်လာသည်။

'မလုပ်နဲ့ ဂျွန်ရယ်၊ နီရာ့ကို နာအောင် မလုပ်ပါနဲ့ကွယ်၊ ဂျွန် သဘောကျ နီရာ လုပ်ပေးပါ့မယ်နော်၊ နီရာ့ကို နာအောင် မလုပ်နဲ့နော်'

သူက တိုးတိုးလေး ပြောနေသည်။

'နီရာ ကိုယ်ပါ၊ လုံ့ပါ၊ အားလုံးပြီးသွားပြီ၊ ဘာမှ မပူနဲ့တော့နော်'

'တစ်ယောက်ယောက်က လက်ကို လိမ်ချိုးနေတယ်လို့ အိပ်မက်မက်နေတယ်၊ သိပ်နာ တာပဲ၊ နီရာ့ရဲ့လက်ကို ဘယ်အနာခံနိုင်မှာလဲ၊ လုံ့ သိပါတယ်၊ ဒီလက်တွေ မရှိရင် နီရာ ဘာအသုံးချတော့မလဲ'

'အိပ်မက်ပဲကွာ၊ မေ့ပစ်လိုက်တော့'

သူ့လက်နှစ်ဖက် မြှောက်ပြီး သေသေချာချာ ကြည့်သည်။ အလွန်လှသည့် ရှည်သွယ် သွယ် လက်ချောင်းများ။ ပြီးမှ ပြုံးပြီး. . .

'နီရာက ကလေးကျနေတာပဲ၊ ဟုတ်တယ်၊ နီရာ့လက်တွေ ဘာမှမဖြစ်ပါဘူးနော်'

ပြီးတော့ မျက်လွှာချပြီး ပြန်အိပ်သွားသည်။ ကျွန်တော်က တိုးတိုးလေး ခေါ်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုရာ၊ နိုရာ၊ ကလေးအကြောင်း မင်း မသိချင်ဘူးလားဟင်၊ မိန်းကလေး နိုရာ သိဝ်လှတာပဲ၊ မင်းနဲ့ သိပ်တူတယ် သိလား'

သို့သော် သူ မတုံ့ပြန်တော့၊ အိပ်ပျော်နေပြီ။

ဆရာမကို ကျွန်တော် မော့ကြည့်လိုက်သည်။ စာအုပ်တွေထဲတွင် ဖတ်ဖူးပါသည်၊ သည်လို မဟုတ်ပါ။ သည်လို မဖြစ်သင့်ပါ။

ကျွန်တော် စိတ်ရှုပ်သွားသည့်အဖြစ်ကို ဆရာမ အကဲခတ်မိပုံရသည်။ အကြင်နာပြုံး ပြုံးပြပြီး 'ဆေးကြောင့်ပါ' ဟု အားပေးရှာသည်။

'ဩော် . . ဟုတ်ကဲ့'

ကျွန်တော် အခန်းထဲမှ ထွက်လာခဲ့သည်။

* * *

လေယာဉ် မှန်ပြတင်းမှ အပြင်ကို ကြည့်လိုက်သည်။ ဟိုးအဝေးကြီးတွင် ဆန်ဖရန် စစ္စကို၏ မီးရောင်တွေကို မှုန်ရေးရေး လှမ်းမြင်နေရပြီ။ နာရီလက်တံကို ၁၅ နှစ်လောက် ရွှေ့ရုံဖြင့် ကိစ္စမပြီးသေး။ ၁၅ နှစ် နောက်ဆုတ်လျှင် နိုရာနှင့်လွတ်ဦးမည် မဟုတ်၊ အနှစ် ၂၀ ရွှေ့ရပေလိမ့်မည်။

၁၉၄၂ ခုနှစ် နွေကာလ၊ ကျွန်တော်သည် ဗီ ၃၈ လေယာဉ်အစုတ်ကြီးကို မောင်းလာ ခဲ့သည်။ မီးခိုးရင့်ရောင် ဂျပန်စစ်သင်္ဘောကြီး၏ ခေါင်းတိုင်ဆီသို့ ဗာအားထိုးဆင်းချလိုက်သည်၊ ရုတ်ခြည်း ဖြစ်ပေါ်လာသည့် ဆန္ဒကြောင့် ကျွန်တော် ဇွတ်လုပ်လိုက်ခြင်း ဖြစ်၏။

သည်လို မလုပ်မိလျှင် လေသူရဲတံဆိပ်တွေ ကျွန်တော့်ရင်ဘတ်ပေါ်သို့ တန်းစီရောက် လာမည် မဟုတ်။ အလားတူ ဇွန့်စားခန်းမျိုးအတွက် ကောလင်းကေလီ ရခဲ့သည့် သူရဲကောင်း တံဆိပ်မျိုးကိုလည်း ရခဲ့မည် မဟုတ်။ သေကောင်ပေါင်းလဲ ဒဏ်ရာများဖြင့် ဆေးရုံကိုလည်း ရောက်ရမည် မဟုတ်။ ဝေဟင် သူရဲကောင်းအဖြစ် တိုင်းသိပြည်သိ သူကောင်းပြုခြင်းလည်း ခံရမည် မဟုတ်။

သေသင့်ပါလျက် မသေခဲ့၍ နိုရာနှင့် ဆုံစည်းရခြင်း ဖြစ်ပါ၏။ ဒန်နီကို မွေးခဲ့ခြင်း ဖြစ်ပါ၏။ သည်တုန်းကတော့ အရွယ်ကလည်း ငယ်သေးသည်လေ။ အင်း . . ခုတော့ နှစ်ပေါင်း နှစ်ဆယ်နီးပါး ကြာခဲ့ပြီ။ ပင်ပန်းလာသဖြင့် မျက်စိ ခဏမှိတ်ထားလိုက်သည်။

အို . . အဘဘုရားသခင်၊ ကျွန်တော်မျိုးအား ဆုံးရှုံးခဲ့ရသည့် အချိန်တွေကို ပြန်လည် ပေးသနားတော်မူပါ။

❑ ❑ ❑

# အပိုင်း ( ၂ )

## နိုရာ

### အခန်း ( ၁ )

လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း အမှန် ဖြစ်လေသည်။ အချိန်သည် အနီး အဝေးတည်း ဟူသော ကာလကို လွှမ်းမိုးထားနိုင်၏။

ဝင်ပူးနေသည့် နတ်မိစ္ဆာတစ်ပါးပါးက သစ်ရွက်ခြောက်ကလေး တစ်ရွက်ကို မုန်တိုင်း ထဲ မောင်းထုတ်လိုက်သလို ပစ္စုပ္ပန်လှိုင်းဂယက်ကြားမှာ ပိတ်မိခံနေရချိန်တွင် အမှန်ကို မြင် အောင် မစဉ်းစားနိုင်ဘဲ တွေဝေနေတတ်သည်။

အချိန်သည် ရုံခါတွင် မရွေ့မလျား တန့်နေတတ်၏။ ရုံခါတွင် ချစ်ခြင်း မုန်းခြင်းကို စီးသည့် နတ်ဆိုးကို အသေသတ်ပစ်တတ်၏။ ထိုအခါတွင် အတိတ်သည် သတိရစရာ ရေးရေး မှုန်မှုန်ကလေးအဖြစ်သာ ထင်ကျန်ပြီး သော့ပေါက်ကျဉ်းကျဉ်းကလေးထဲမှ ချောင်းကြည့်ရသည့် နှယ် ရှိလေသည်။ သည်လို အခါမျိုးတွင် အဖြစ်ဟောင်းတို့ကို မမြင်ဖူးသေးသည့်ပုံစံဖြင့်လည်း မြင်ရတတ်၏။

မြို့ကိုပတ်ပြီး လေယာဉ်အကွေ့တွင် ပြတင်းပေါက်အပြင်သို့ လှမ်းကြည့်လိုက်သည်။ မီးရောင်တွေကို ပြိုးပြိုးပြက်ပြက် အနီးကပ် မြင်ရ၏။ တံတားကြီးပေါ်မှ မီးတန်းတွေက ပုလဲကုံး များနှင့် တူနေသည်။

ကျွန်တော့်ရင်ထဲတွင် နာကျင်မှု ဝေဒနာများ၊ ကြေကွဲစိုးရိမ်စိတ်များ မရှိတော့ ကြောင်း သိလိုက်သည်။ ယင်းဝေဒနာဟောင်းတို့သည် ကျွန်တော့်အား စီးထားသည့် နတ်မိစ္ဆာ များနှင့်အတူ အတိတ်တွင် သေကျေပျက်စီးကျန်ခဲ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်ခရီးကို လာဖြစ်အောင် အယ်လီဇဘက် ဘာကြောင့် တိုက်တွန်းသည်ကိုလည်း ယခုမှ ကျွန်တော် သဘောပေါက်တော့သည်။ သူ့ကို ကျေးဇူးတင်ပါမည်။ အယ်လီဇဘက်သည် အပမှီနေသည့် ကျွန်တော့်ခန္ဓာကိုယ်မှ မကောင်းဆိုးဝါးများကို ဖယ်ရှားကာ ကျွန်တော်အစစ် ပြန်ဖြစ်လာအောင် သည်ခရီးထွက်ဖို့ ဖွတ်လုပ်ခြင်း ဖြစ်သည်။

သတင်းထောက်တွေ ကင်မရာတဖျားဖျားဖြင့် ကျွန်တော့်ကို စောင့်ကြည့်နေကြသည်။ မနက်လင်းလုလု အချိန်ဖြစ်နေပြီမို့ သူတို့လည်း ကျွန်တော့်နည်းတူ ပင်ပန်းနေကြပြီ။ ညနေပိုင်းလောက်ကျမှ သတင်းစုံ ထုတ်ပြန်ပေးပါမည်ဟု ကတိပေးတော့ သူတို့ ကျွန်တော့်ကို သွားခွင့်ပြုကြသည်။

ဈေးအပေါဆုံး ကားတစ်စီး ငှားပြီး မြို့ထဲသို့ လာခဲ့သည်။ ဟိုတယ်အသစ်ကလေး တစ်ခုတွင် ဝင်ပြီး အခန်းငှားလိုက်၏။ အခန်းကလေးက သိပ်မကျယ်သော်လည်း နေချင့်စဖွယ်ရှိသည်။

တယ်လီဖုန်း ကောက်ကိုင်ပြီး အယ်လီဇဘက်ဆီသို့ ဆက်သည်။ တိုင်ပင်ခဲ့သည့်အတိုင်း ဖုန်းဖိုးချေတာပြီး တိုတိုပြောကြသည်။ သူ့အသံချိုချိုကလေးကို ခဏမျှသာ ကြားလိုက်ရသည်။

အလင်းရောင် ပျို့လာပြီ။ ပြတင်းပေါက်တွင် သွားရပ်ပြီး အပြင်သို့ ငေးကြည့်နေမိ၏။ အနောက်ဘက်ယွန်းယွန်းက တောင်တန်းညို့ညို့ဆီတွင် မတ်ဟော်ကင် အောက်မေ့ဖွယ် ကျောက်ရုပ်ကြီးကို လှမ်းမြင်ရ၏။ နှင်းမှုန်ထဲတွင် ကောင်းကင်သို့ ထိုးထွက်နေ၏။ ယင်း၏ ဟိုမှာဘက်သို့ မျက်စိကို အားယူ ကြည့်လိုက်သည်။

အပြာရောင် အီတလီကျောက်သားဖြင့် မိုးထားသော အိမ်ကြီးကို ရေးရေးမြင်ရသည်။ ကျွန်တော့်မျက်စိနှင့် မစိမ်းသော အိမ်ကြီး။ တစ်ခါတုန်းက ကျွန်တော် နေခဲ့သည့် အိမ်ကြီး။ ယခုတိုင် နိုရာ နေနေသော အိမ်ကြီး ဖြစ်ပါသည်။ အင်း. . . ခုချိန်ဆို သူ အိပ်ပျော်နေဦးမှာ ဖြစ်မည်။ ထူးခြားသည့် သူ့ကမ္ဘာထဲမှာ အိပ်မက်တွေ မက်လို့လေ။

* * *

လေးလံစွာ အိပ်ပျော်နေရာမှ တယ်လီဖုန်းမြည်သံကို နိုရာ ကြားနေသည်။ သို့သော် လှမ်းယူပြီး နားထောင်ချင်စိတ် မရှိပေ။ ခေါင်းအုံးထဲကို မျက်နှာနှစ်ထားလိုက်ပြီး နားနှစ်ဖက် တင်းတင်း ပိတ်လိုက်၏။ တယ်လီဖုန်းက ဆက်မြည်နေသည်။

'နားထောင်လိုက်စမ်းပါ ရစ်ကီရယ်' ဟု ပြောမည်ပြုပြီးမှ ဖျတ်ခနဲ လန့်နိုးလာသည်။ ဘုရား. . ဘုရား. . ရစ်ကီက သေပြီပဲ'

အိပ်ရာပေါ်တွင် တစ်ပတ်လှိမ့်လိုက်ပြီး တယ်လီဖုန်းကို ငေးကြည့်နေသည်။ အိပ်ရာနံဘေးက ဖုန်းခေါ်သံ ရပ်သွားပြီး အပြင်လိုင်းခွဲဖုန်းတွင် သွားမြည်နေသံ သဲ့သဲ့ ကြားနေရပြန်သည်။ သို့သော် ကောက်မကိုင်။ ကျောက်ဆစ်ရုပ်လို ငိုင်နေသည်။

ခဏကြာတော့ အပြင်ဖုန်းမြည်သံပါ ရပ်သွားသည်။ အိမ်ကြီးတစ်ခုလုံး အပ်ကျသံကိုမျှ ကြားရအောင် တိတ်သွား၏။ ထထိုင်ပြီး စီးကရက်တစ်လိပ် လှမ်းယူသည်။ ညက ဆရာဝန်ပေးခဲ့သည့် အိပ်ဆေးကြောင့် ခေါင်းတစ်ခုလုံး ကိုက်ခဲနေသည်။ စီးကရက်ညှိပြီး တအားရှိုက်လိုက်၏။



အိမ်တွင်းပြော ဖုန်းခွက်မှ ကလစ်ခနဲ မြည်သံနှင့်အတူ ဘဏ္ဍာစိုး၏အသံ ထွက်လာသည်။

'မမလေး နိုးပြီလား'

'အင်း. . နိုးပြီ'

နိုရာ မလှုပ်မယှက် ပြန်ပြောလိုက်သည်။

'မေမေကြီးဆီက ဖုန်းလာနေတယ်၊ မမလေးနဲ့ ပြောမယ်တဲ့'

'ခဏနေမှ ပြန်ဆက်မယ်လို့ ပြောလိုက် ချားလ်စ်၊ နိုရာ့အတွက် အက်စ်ပရင်ဆေးပြား နည်းနည်းနဲ့ ကော်ဖီယူလာခဲ့'

'ဟုတ်ကဲ့ မမလေး'

ကလစ်ခနဲ မြည်ပြီး အသံပျောက်သွားသည်။ မကြာခင် ချားလ်စ်၏အသံ ထပ်ပေါ်လာပြန်သည်။

'မမလေး'

'ဘာလဲ'

'မေမေကြီးက ပြောတယ်၊ အရေးကြီးတယ်၊ အခုပြောချင်တယ်တဲ့ ခင်ဗျ'

'အေး. . အေး ကောင်းပြီ'

တယ်လီဖုန်းကို လှမ်းယူရင်း-

'အက်စပရင်နဲ့ ကော်ဖီ မြန်မြန်ပို့ပေးစမ်းပါ ချားလ်စ်၊ ခေါင်းတွေ အရမ်းကိုက်နေလို့'

တစ်ဆက်တည်းတွင် အပြင်ဖုန်းကို ဆက်ပြောသည်။

'ဟုတ်ကဲ့ မေမေ'

'သမီး နိုးပြီလား'

မေမေ့အသံကို ပြတ်သားကြည်လင်စွာ ကြားရသည်။

'အင်း. . . ခုမှ နိုးတယ်'

မေမေတစ်ယောက် ဘယ်လိုများ ထိန်းထားပါလိမ့်။ ခုနှစ်ဆယ့်တစ်နှစ် ရှိနေပြီ။ သူ့အသံတွေက ကြည်လင်နုပျိုနေဆဲ။

'ခြောက်နာရီခွဲနေပြီ နိုရာ၊ ဒီကို ခုနှစ်နာရီအရောက် လာရမှာလေ၊ မစ္စတာဂေါ်ဒွန်လည်း ရောက်နေပြီ'

'လုဒ် ရောက်နေပြီလား'

'မရောက်သေးဘူး၊ ဒါပေမဲ့ သူ လာမှာပါ'

'မေမေက သေချာလှချေလား၊ သူလာမယ်လို့ ကံသေကံမ မပြောနိုင်ပါဘူး၊ ရောက်နေပြီ ကြားလို့လား'

'ကြားတော့ မကြားသေးဘူး'

'သူ လာချင်မှ လာမှာပေါ့'

'လာမှာပါ၊ သူ လာမယ်လို့ ပြောထားပြီးသားပဲ'

အဘွားကြီးက ကိန်းသေပေါက် ပြောနေသည်။

'မေမေက သူ့ဆို သမီးထက် အမြတ်နိုးပိုယုံတယ် မဟုတ်လား'

နိုရာ မကျေမချမ်း မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အကြောင်းမဟုတ်ပါဘူး၊ ညည်းက မေမေ့သမီးပဲ'

'အကြောင်းမဟုတ်ဘူး မလုပ်ပါနဲ့ မေမေ၊ သိပ်အကြောင်းဟုတ်တာပေါ့'

နီရာတ ခါးခါးသီးသီး ပြောသည်။

'အေး. . . အဲဒီအတိုင်းပဲ'

ထုံးစံအတိုင်း မေမေက အဆုံးအဖြတ်ပေးမည့် လေသံဖြင့် ခတ်ပြတ်ပြတ် ပြောသည်။

'ညည်း ခုထိ နားမလည်ရင် တစ်သက်လုံး ဘယ်တော့မှ နားလည်တော့မှာ မဟုတ်ဘူး'

မရှံ့မရဲ တံခါးခေါက်သံနှင့်အတူ ချားလ်စ် ဝင်လာသည်။ ငွေလင်ဗန်းကို လက်မှာ ပိုက်လျက်။

'မစ္စတာ ဂေါ်ဒွန်က မှာတယ်၊ နီရာ ဒီကိုလာရင် ရိုးရိုးချည်ထည်ဝတ်စုံကို ဝတ်လာတဲ့၊ လုံးဝ မိတ်ကပ်မလိမ်းပါနဲ့တဲ့၊ ပြီးတော့ နှုတ်ခမ်းနီကို အရောင်ဖျော့ဖျော့ပဲ ဆိုးတဲ့'

'အင်း. . မစ္စတာဂေါ်ဒွန်ကတော့ စေ့စပ်ပါပေတယ်'

ချားလ်စ်က အိပ်ရာနံဘေး စားပွဲတွင် ကော်ဖီဗန်းကို ချသည်။ ကော်ဖီကို ပန်းကန်ထဲ ငှဲ့ပြီး သူ့သခင်မ လက်ထဲ ထည့်ပေးရင်း အက်စ်ပရင် သုံးပြားပါသည့် ပန်းကန်ငယ်ကလေးကိုပါ ကမ်းပေးသည်။

'သူ့ကို ရတဲ့အတွက် ဘုရားမတာပဲလို့ ညည်းမှတ်ပါ'

'သိပ်ခေါင်းကိုက်နေတယ် မေမေ၊ နီရာလာဖို့ လိုလို့လား'

မေမေက အထိတ်တလန့် ဖြစ်သွားသည့်အသံဖြင့်-

'နီရာ'

'နီရာ လာတော့ ဘာထူးမှာလဲ၊ ဘာလုပ်နိုင်လို့လဲ၊ ဒီမေးခွန်းတွေကို နီရာ မကြားချင်တော့ဘူး မေမေ၊ ပြီးတော့ သတင်းထောက်ကောင်တွေလည်း ရောက်လာကြဦးမယ်'

အေးစက်မာကျောသည့် မေမေ့အသံကို ကြားရသည်။

'ကလေးထောင် ပြန်သွားရမယ်၊ အဲဒါ ညည်း လိုက်ရမယ်၊ လူစားဝင်လုပ်လို့ မရဘူး၊ သူ့အဖေလည်း လာမယ်၊ ညည်းလည်း လာရမယ်၊ ဒါပဲ'

ခေါင်းထဲတွင် မခံမရပ်နိုင်လောက်အောင် ထိုးကိုက်လာသည် ထင်ရ၏။

'ကောင်းပါပြီ မေမေ၊ လာခဲ့ပါ့မယ်'

တယ်လီဖုန်းကို ချပြီး ကော်ဖီခွက် လှမ်းယူသည်။ အက်စ်ပရင် သုံးလုံးစလုံး ကော်ဖီနှင့် မျှောချလိုက်၏။

'မစ္စဒန်နီ ဘယ်လိုနေလဲဟင် မမလေး'

ချားလ်စ်က ခပ်တိုးတိုးမေးသည်။ သူ့မျက်နှာ မည်းမည်းဝိုင်းဝိုင်းကြီးတွင် သိချင်စိတ်တွေ လွှမ်းနေသည်ကို တွေ့ရ၏။ ဘဏ္ဍာစိုးကြီးကို နီရာ တအံ့တသြ မော့ကြည့်လိုက်သည်။ ဒန်နီ့အခြေအနေကို မေးမကြည့်လိုက်မိ၊ အခြေအနေကောင်းနေလို့ မေမေ ဘာမှမပြောခြင်း ဖြစ်မည်။

'ကောင်းပါတယ်'

ချားလ်စ်က နီရာ ဆက်အပြောကို စောင့်နေသည်။

'မေမေ ပြောတယ်၊ သူ အိပ်ပျော်နေတယ်တဲ့'



လိမ်ပြောလိုက်မိပြီးမှ ကိုယ့်ကိုယ်ကိုယ် ဒေါပွသွားသည်။ အစေခံတစ်ယောက်ကို ဘာကြောင့် အဖက်လုပ်ပြီး ရှင်းပြနေမိပါလိမ့်။ သူ့အမှုထမ်းသက် ဘယ်လောက်ရှိရှိပေါ့။

'ပိုင်အိုလက်ကို ပြောလိုက်၊ နီရာ ရေချိုးမယ်လို့'

ခပ်ပြတ်ပြတ် အမိန့်ပေးလိုက်သည်။

'ဟုတ်ကဲ့ မမလေး၊ ကျွန်တော် အပေါ် လွှတ်လိုက်ပါ့မယ်'

တံခါးပိတ်ခဲ့ပြီး ချားလ်စ် အပြင်ထွက်သွားသည်။ နီရာ ကော်ဖီကို မော့ချလိုက်သည်။ အိပ်ရာပေါ်မှ ဆင်းပြီးနောက် တစ်ခွက် ထပ်ငှဲ့သည်။ တစ်ဖက်ကို လှည့်လိုက်တော့ ကိုယ်လုံးပေါ် မှန်ကြီးတွင် မိမိရုပ်သွင်ကို လှမ်းမြင်သည်။ ကော်ဖီခွက်ကို ကိုင်လျက် မှန်တင်ခုံဆီသို့ လျှောက်သွားသည်။

မှန်ထဲတွင် ပေါ်နေသည့် ပုံရိပ်ကို သေသေချာချာ ကြည့်နေမိ၏။ သုံးဆယ့်ရှစ်နှစ်အရွယ်နှင့် လုံးဝ မတူသေးပါ။ ကိုယ်နေဟန် သွယ်လျ ကျော့ရှင်းဆဲ။ တင်သားများအပေါ်တွင် အဆီဟူသရွေ့ လုံးဝမတင်သေး။ ရင်သားများက မဆူလွန်း မကြုံလွန်းဘဲ တင်းရင်းမို့မောက်ဆဲ။

မှန်ကြည့်ရင်း ကော်ဖီဆက်သောက်သည်။ ပါးလွှာလွှာ ပိုးသား ညဝတ်ရုံအောက်မှ ဆင်စွယ်ရောင်တောက်နေသည့် အသားရောင်ကိုလည်း သဘောကျသည်။ ရှေ့တိုင်းပြီး မျက်နှာကို အနီးကပ်ကြည့်ပြန်သည်။ မျက်ကွင်းကလေးများ မသိမသာ ညိုနေသည်မှအပ ကြောက်မက်ဖွယ် အဖြစ်ဆိုးကြီးနှင့် ရင်ဆိုင်ထားရသည့် မျက်နှာမျိုး မဟုတ်။ မျက်လုံးတွေက ကြည်လင်တောက်ပနေကြ၏။ မျက်သားဖြူတွင် အနီရောင် လုံးဝမသန်း။ ပါးပြင်နှစ်ဖက်က ပြည့်ဖြိုးညက်ညောနေဆဲ။

ရင်ထဲတွင် တဖြည်းဖြည်း ပေါ့ပါးလာသည်။ သည်ကိုယ်လုံး ကိုယ်ထည်မိုင်ရှင်ကို ဝန်နီ့အမေပါဟု ပြောလို့ ဘယ်သူယုံပါမည်လဲ။

ကပ်လျက် အခန်းမှ ရေချိုးကန်တွင် ရေဖြည့်နေသံကို ကြားရသည်။ ကော်ဖီဗန်းကန်ကို မော့ပြီး မှန်တင်ခုံပေါ် တင်ထားခဲ့ကာ ရေချိုးခန်းထဲ ဝင်ခဲ့သည်။

အသားမည်းမကလေးတစ်ယောက်က ကျောက်သားဖြင့်ပြီးသည့် ရေချိုးကန်ကြီးနံဘေးမှ လှမ်းနှုတ်ဆက်သည်။

'မင်္ဂလာပါ မမလေး'

နီရာက ပြုံးပြီး-

'မင်္ဂလာပါ ပိုင်အိုလက်'

'မမလေး ကောင်းကောင်း နားရရဲ့လားဟင်'

'ဒေါက်တာဘွန်နာ ပေးတဲ့ဆေးတွေ သောက်ပြီး ငါ ဘာမှ သတိမရတော့ဘူး'

'ကျွန်မတို့လည်း ကောင်းကောင်းမအိပ်ရပါဘူး မမလေးရယ်၊ ရဲတွေက တစ်ညလုံး မေးလို့ပဲ မပြီးနိုင်ကြဘူး'

နီရာက ပိုင်အိုလက်ဆိုသည့် ကောင်မလေးကို ဖျတ်ကနဲ လှမ်းကြည့်လိုက်သည်။

'နင် သူတို့ကို ဘာတွေ သွားပြောလဲ'

'ဘာပြောစရာရှိလို့လဲ မမလေး၊ မြင်တာပဲ ပြောရတာပေါ့'

ပိုင်အိုလက်က ဆပ်ပြာမှုန့်နှင့် ရေမွှေးပုလင်း ထယူပြီး ရေမြှုပ်တွေထအောင်မွှေရင်း-

www.burmeseclassic.com

www.burmeseclassic.com



'အခန်းထဲကို ကျွန်မ ဝင်သွားတော့ ကြမ်းပြင်ပေါ်မှာ လဲနေတဲ့ မစ္စတာရစ်ကီကို မမလေး ကုန်းပြီး ပွေ့ထားတယ်၊ မစ္စဒန်နီက နံရံမှာ မှီပြီး. . .'

'တော်တော့ အဲဒီအကြောင်း ငါ ဆက်မကြားချင်ဘူး'

နီရာ ပိတ်လိုက်သည်။

'ဟုတ်ကဲ့ မမလေး၊ ကျွန်မလည်း မပြောချင်ပါဘူး၊ စဉ်းတောင် မစဉ်းစားချင်ဘူး'

ပိုင်အိုလက်က ပြောပြောဆိုဆို ပုလင်းကို စင်ပေါ် ပြန်တင်သည်။ တစ်ခန်းလုံး မွှေးကြိုင်နေပြီ။ ရေနွေးစပ်ထားသည့် ရေချိုးကန်ထဲတွင် အမြှုပ်တွေ တဖြည်းဖြည်း ကြွတက်လာနေ၏။

'ခဏလေး စောင့်ပါနော် မမလေး၊ ရတော့မယ်၊ ကျွန်မ အကြောလျှော့ပေးရမလား ဟင်၊ မမလေး ပိုပြီးနေကောင်းသွားအောင်လေ'

နီရာ ခေါင်းညိတ်ပြီး ညဝတ်ရုံကို ခေါင်းပေါ်မှ ဆွဲချွတ်ပေးလိုက်သည်။ ပိုင်အိုလက်က ဝတ်ရုံကို သေသေသပ်သပ်ခေါက်ပြီး ကုလားထိုင်ပေါ်တွင် တင်ထားပေးသည်။ စားပွဲပေါ်တွင် နီရာ အားလျားမှောက်ပေးသည်။ လက်နှစ်ဖက်ယှက်ပြီး မေးတင်လျက်။

ခြေဆန့်လက်ဆန့် နေပြီး အနှိပ်ခံသည်။ ကိုယ်ထဲမှ အကြောအားလုံး ပြေလျော့သွားကြသည် ထင်၏။ သက်ပြင်းတစ်ချက်ရှိုက်ကာ မျက်လုံးကလေးမှေးစင်းပြီး ဇိမ်ယူနေလိုက်သည်။

ရေချိုးပြီးသည်နှင့် အိမ်တွင်းစကားပြောခွက် ခလုတ်ကို နှိပ်လိုက်၏။

'ချားလ်စ်'

'ဟုတ်ကဲ့ မမလေး'

'ကားထုတ်ထားပေးနော်၊ ပြီးတော့ ချားလ်စ်ပဲ နီရာကို လိုက်မောင်းပို့ပေး၊ ကော်ဒင်း တောင်း နေမကောင်းလို့ ကားမမောင်းချင်ဘူး'

'ဟုတ်ကဲ့ပါ မမလေး'

စကားပြောခွက်ခလုတ်ကို လွှတ်လိုက်ပြီး ထရပ်လိုက်သည်။ အခန်းထဲမှ မထွက်ခင် ကိုယ်လုံးပေါ် မှန်ကြီးထဲတွင် တစ်ချက် ကြည့်လိုက်သေးသည်။ ဟဲရစ်ဂေါ်ဒွန်က 'အလွန် ကွက်ကျော် မြင်တတ်သူ။ အင်းလေ၊ အခြေအနေနှင့် လိုက်လျောညီထွေ ရှိရမှာပေါ့။

အနက်ရောင် ဝတ်စုံကို ရွေးဝတ်သည်။ ကိုယ်နေဟန် ပိုပြီး ပုံပေါ်လာသည်။ ပိုပြီး နုပျိုလာသည်။ ချည်ထည် အပေါ်အင်္ကျီကို လက်မောင်းပေါ် တင်ပြီး မျက်နှာအနေအထားကို သေသေချာချာ ပြန်ကြည့်သည်။ ကြော်ငြာလောကမှ အပေါင်းအသင်းများက သူ့မျက်နှာ အနေအထားကို 'တည်ငြိမ်လေးနက်'သည်ဟု အမိပ္ပာယ်ဖွင့်ဆိုကြသည်။

နုပျိုလန်းဆန်းပြီး စွဲမက်စရာ ကောင်းချင်တိုင်း ကောင်းနေ၏။ ပြီးတော့မှ တည်ငြိမ်မှု အပြည့်၊ လက်ပွေ့အိတ်ကို ကောက်ကိုင်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

အောက်ထပ် ခန်းမသို့ ဆင်းသည့် ကျောက်သား လှေကားထစ်များပေါ်မှ နီရာ၏ ဒေါက်မြင့်ဖိနပ်သည် တိတ်ဆိတ်နေသည့် အိမ်ကြီးထဲတွင် ပဲ့တင်၍ နေလေသည်။

အိမ်ရှေ့တံခါးမကြီးမှ အပြင်သို့ ကဲကြည့်လိုက်သည်။ ချားလ်စ် ကားထုတ်လို့ မပြီး သေး။ တစ်ဘက် စကြံသို့ ချိုးကွေ့၍ ပန်းပုခန်းဆီသို့ အမှတ်မထင် လျှောက်လာခဲ့မိသည်။



အခန်းတံခါးဝ ရောက်တော့ နီရာ လန့်သွား၏။ လူငယ် ရဲသားတစ်ယောက် မတ်တတ် ထရပ် လာသည်။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည့် အမူအရာဖြင့် 'မင်္ဂလာပါခင်ဗျာ' ဟု နှုတ်ဆက်သည်။

'မင်္ဂလာပါကွယ်၊ ကိုယ်က မစ္စဟောဒင်ပါ'

'ကျွန်တော် သိပါတယ်ခင်ဗျာ၊ ကျွန်တော် မနေ့ညက ဒီမှာ ရှိပါတယ်'

နီရာက ကရုဏာသက်သွားဟန်ဖြင့် မျက်ခုံးချီပြီး-

'ဟုတ်လား၊ တစ်ညလုံး မနားရဘူးပေါ့နော်'

'ဟုတ်ကဲ့ ခင်ဗျ'

'မနက်စာ စားပြီးပြီလား၊ ဆာနေမှာပေါ့'

'ရပါတယ် ခင်ဗျ၊ သူတို့ ကျွန်တော့်ကို ကော်ဖီတွေ ဘာတွေ တိုက်ကြပါတယ်'

'အထဲဝင်လို့ ရလားဟင်'

ရဲသားချာတိတ် ဘာပြောရမှန်း မသိဘဲ အမျိုးသမီးကို ကြောင်ကြည့်နေ၏။

'ဘာမှ မဖြစ်စေရပါဘူး၊ စိတ်မပူပါနဲ့'

ချက်ချင်း လေသံက အစေခံတွေကို ပြောသည့် လေသံပေါက်သွားသည်။ သို့တိုင် ချာတိတ်က ဇဝေဇဝါဖြစ်နေသဖြင့် စိတ်မရှည်တော့ဘဲ-

'ဒါ ငါ့ပန်းပုစတူဒီယိုပါကွယ်'

'မှန်ပါတယ် ခင်ဗျာ၊ ဆရာက ဘာမှ ခြေရာလက်ရာမပျက်စေနဲ့လို့ မှာသွားလို့ပါ'

နီရာက အေးစက်စက် လေသံဖြင့်-

'ဘာမှ ပျက်စရာမလိုဘူး၊ မင်းပါ လိုက်ဝင်လေ'

ချာတိတ်က တုန့်ဆိုင်းတုန့်ဆိုင်း လုပ်နေပြီးမှ-

'ဒါဆို ဝင်ပါခင်ဗျာ၊ ဝင်ပါ'

နီရာက အခန်းဝတွင် ရပ်မြဲရပ်နေသည်။ ရဲသားလေးက ကြောင်ကြည့်နေပြီးမှ သဘောပေါက်သွားပြီး အခန်းတံခါး ဆွဲဖွင့်ပေးလိုက်၏။ သည်တော့မှ ကျေးဇူးပဲဟု ပြောကာ အခန်းထဲသို့ လှမ်းဝင်သွားသည်။

အခန်းဝတွင် ခဏရပ်ပြီး တစ်ချက်ဝှေ့ကြည့်လိုက်သည်။ ရစ်ကီ လဲကျသွားသည့် နေရာကို မြေဖြူခြစ်ထားသည်။ သွေးကွက်တွေလည်း သည်အတိုင်း ရှိနေဆဲ။ နောက်က ရဲသား ကလေး စောင့်ကြည့်နေသည်ဟု စိတ်ထဲက သိနေ၍ မြေဖြူအမှတ်အသားများကို ကွင်းရှောင်ပြီး ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ သံဂဟောဆော် စက်ကလေးမှာ ရစ်ကီ အခန်းထဲ ဝင်လာစဉ်က ထားသည့် ခုံပေါ်တွင်ပင် အနေအထားမပျက် ရှိနေဆဲ။ ပုံကြမ်းပေါ် စပြုနေသည့် အရုပ်တစ်ခု၏ နံဘေးတွင် သံမဏိချောင်းကလေးများ ထည့်ထားသည့် သေတ္တာငယ်တစ်လုံး။

အရုပ်မှာ အရိုးစုအဆင့်သာ ရှိသေး၏။ သို့သော် သံမဏိချောင်းကလေးများ၏ ဆက်စပ်ဖွဲ့စည်းမှုသည် အသက်ဝင်တော့မည့်ဆဲဆဲ ဖြစ်နေပြီ။

မျက်စိကို မှေးစင်းပြီး ကြည့်လိုက်၏။ ဖြစ်လာမည့်ပုံကို မြင်နေပြီ။ ရင်ထဲတွင် သိမ့်ခနဲ ကြည်နူးသွား၏။ ပါရမီဉာဏ်ခံဖြင့် ဖန်တီးမှုကို မနေ့ညက အဖြစ်ဆိုးများသည်ပင် အတား အဆီးတဖြစ် အရာမထင်တော့။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ထဲသို့ အားအင်တွေ ချက်ချင်းစီးဝင်လာသလို ခံစားလိုက်ရသည်။ ငါသည် ဘယ်သူနှင့်မှ မတူသည့် ငါပါတကား။ သူတကာ မမြင်နိုင်သည့် အရာကို ထိုးထွင်းမြင်နိုင်သူ ပါတကား။

မျက်စိကို ဖွင့်ပြီး ရဲသားကလေးကို လှမ်းကြည့်လိုက်သည်။ နှုတ်ခမ်းအစုံတွင် ကျေနပ်ရောင့်ရဲခြင်း ပီတိမှတွေ ဖြာဝေသည့်အပြုံးကို ဆင်မြန်းလျက်။ နှုတ်မှ စကားတစ်ခွန်း ထွက်သွားသည်။

'ကြည့်စမ်း၊ ဘယ်လောက် လှသလဲ'

ပြီးတော့ ချာခနဲလှည့်ကာ ပန်းပုခန်းထဲမှ ထွက်လာခဲ့သည်။

* * *

ဘာမှ မည်မည်ရရ မရှိသည့် အကြောင်းတွေကို ဒန်နီနှင့် ကျွန်တော် တောင်စဉ်ရေမရ လျှောက်ပြောနေကြသည်။ သားအဖနှစ်ယောက် တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြ၏။ ဒန်နီသည် ကလေးပေါက်စကလေးလို ပြန်ဖြစ်နေပြီး ပျော်နေပုံရ၏။ ထိုစဉ် တံခါးဝတွင် တစ်စုံတစ်ယောက် ရောက်လာ၍ ကျွန်တော်တို့ သားအဖနှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ နိုရာ။

ဒန်နီက ဝုန်းခနဲထပြီး နိုရာ့ဆီသို့ ပြေးသွားသည်။ ကလေးငယ်တစ်ယောက်၏ အမူအရာ လုံးဝမရှိတော့။ ပြောင်းလဲပုံက မြန်ဆန်လွန်းလှပါကလား။ အံ့ဩစရာ ကောင်းလှပါတကား။ ဒန်နီ အပျိုကြီးဖားဖား ဖြစ်နေပြီ။

တခြားလူတွေ ကျွန်တော့်လို သတိပြုမိကြရဲ့လားဟု ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ဟဲရစ်ဂေါ်ဒွန်က ခပ်ဖျော့ဖျော့ ပြုံးနေ၏။ တရားရုံးခန်းထဲမှာဆိုရင် သိပ်ကောင်းတဲ့ မြင်ကွင်းပဲဟုများ တွေးနေသလား မသိ။ ယောက္ခမဟောင်းကြီးကတော့ ကျွန်တော့်ကို ပြန်ပြီး အကဲခတ်နေသည်။ ကြည်လင်ပြာလက်နေသည့် မျက်လုံးများက တစ်စုံတစ်ရာကို အလေးအနက် တွေးနေပုံ။ အဘွားကြီးကလည်း အားလုံးကြည့်နေသည့် တံခါးဝသို့ လှမ်းကြည့်သည်။

နိုရာက ဒန်နီကို သိုင်းဖက်ပြီး ပါးထိုးပေးရင်း-

'သမီးလေး၊ ဩော်. . သမီးလေးရယ်'ဟု တိုးတိုးကလေး ညည်းတွားနေသည်။

'မေမေ နေကောင်းပါတယ်နော်'

ဒန်နီက စိုးရိမ်တကြီး မေးသည်။

'နေကောင်းပါတယ်ကွယ်၊ သမီးရောဟင်'

'သမီး နေကောင်းပါတယ် မေမေ၊ ဒါပေမဲ့ ကြောက်နေတယ်၊ မနေ့ညတုန်းက အိပ်မက်ဆိုးတွေချည်း မက်နေတယ်'

နိုရာက ဒန်နီ့ဆံပင်ကို ပွတ်သပ်ပေးရင်း-

'အို. . ဘာမှမကြောက်နဲ့နော် သမီး၊ မေမေတစ်ယောက်လုံး ရှိတယ်၊ ရက်ပိုင်းအတွင်း ကိစ္စပြီးသွားမှာပါကွယ်၊ ဘာမှမဖြစ်ခဲ့သလို သမီး အိမ်ပြန်လာရမှာပါ'

'သိပါတယ် မေမေ၊ ဘာလို့ သမီး သိနေတာလဲ သိလား'

နိုရာ ခေါင်းယမ်းသည်။

ဒန်နီက လျှောက်လာပြီး ကျွန်တော့်လက်ကို ဆွဲယူသည်။



'ဘာလို့လဲဆိုတော့ ဖေဖေ ရောက်လာလို့ပေါ့'

ဒန်နီက ဝင့်ဝင့်ကြွားကြွားပြုံးပြီး ဆက်ပြောသည်။

'ဖေဖေက ချီကာဂိုကနေ တောက်လျှောက်လာခဲ့တာတဲ့ မေမေ'

ကျွန်တော်တို့ သားအဖကို နိုရာ စိုက်ကြည့်နေသည်။ ကျွန်တော်နှင့် ဒန်နီကြားတွင် ခွဲခွာနေခဲ့ရသည့် ခြောက်နှစ်ဆိုသော ကာလသည် မရှိခဲ့သလိုပါလားဟု သူ တွေးနေမည်ထင်၏။ ကျွန်တော့်လက်ကို ယုံယုံကြည်ကြည် ကိုင်ထားသည့် သမီး လက်နွေးနွေးကလေးသည် ကျွန်တော်တို့ သားအဖနှစ်ယောက်ကြားမှ သံယောဇဉ် အတိမ်အနက်ကို ပြောပြနေဘိသို့။

နိုရာက ကျွန်တော့်ဆီ လျှောက်လာပြီး-

'လုခ် ပိန်သွားတယ်နော်၊ ခုလို လိုက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်'ဟု နှုတ်ဆက်စကားဆိုသည်။

အောင့်သက်သက်နှင့်ပြောရမှန်း ကျွန်တော်သိနေသည်။

'မလာဘဲ နေနိုင်ပါ့မလား နိုရာ'

ကျွန်တော်က ခပ်အေးအေးပြန်ပြောရင်း သူ့လက်ကို ခံစားမှုကင်းမဲ့စွာ လှမ်းဆုပ်လိုက်သည်။ သူက လက်ကိုရုပ်ပြီး နဖူးကိုဖိသည်။ ကျွန်တော် ကောင်းကောင်း မှတ်မိနေသေးသည့် အမူအရာ။ ခေါင်းကိုက်တော့မည်။ သူ့မျက်လုံးထဲတွင် ထူးဆန်းသည့် အရောင်တစ်မျိုးကို မြင်လိုက်ရ၏။

'လုခ်က အရွယ်မကျသေးဘူးနော်၊ ဒန်နီနဲ့ ယှဉ်ရပ်နေတော့ မောင်နှမကျနေတာပဲ၊ နိုရာကတော့ ခုချက်ချင်း အိုသွားသလိုပဲ'

'မင်းဟာ ဘယ်တော့မှ အိုမယ့်မိန်းကလေးမျိုး မဟုတ်ဘူး နိုရာ'

ကျွန်တော်က အလိုက်သင့် ပြန်ပြောလိုက်သည်။ သို့သော် ကျွန်တော်တို့နှစ်ယောက် တစ်ယောက်အကြောင်း တစ်ယောက် ချေးခါး အူမ မကျန် သိကြသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေမိကြသည်။

သူက မျက်ခုံးကလေးတစ်ချက် တွန့်ပြီး. . .

'မေမေ အက်စ်ပရင် ရှိလားဟင်၊ နိုရာတော့ အိပ်ဆေးနာကျနေပြီ ထင်တယ်'

အဘွားကြီးက မေးထိုးပြရင်း-

'ဟို ဆေးဗီရိုထဲမှာ ရှိတယ်လေ'

နံရံတစ်ဘက်သို့ သူ လျှောက်သွားသည်ကို ကျွန်တော် ငေးကြည့်နေသည်။ ဆေးပုလင်းကလေး ယူကာ အက်စ်ပရင်သုံးပြား ထုတ်ယူပြီးမှ တစ်ပြား ပြန်ထည့်လိုက်သည်။ မလာခင် သုံးပြားသောက်ခဲ့ပြီဟု ကျွန်တော် တန်းသိလိုက်၏။

ဆေးပြားကလေးများ မမျိုမီ ကျွန်တော့်ကို တစ်ချက်ငေ့ကြည့်သည်။ နှစ်ယောက်ကြားတွင် ထူးဆန်းသော အတိတ်၏ ရောင်ပြန်ဟပ်မှုတစ်မျိုး ယှက်သန်းသွား၏။

သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ ဘာမှုစရာရှိလို့လဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိ၏။ အဖြေ ရေရေရာရာ မရှိ။ သို့သော် စိတ်မကောင်းဖြစ်မိသည်ကတော့ အမှန်။ လူတစ်ခါတစ်ရံ တစ်ယောက်အကြောင်းကို တစ်ယောက်က သိလွန်းခြင်းကြောင့် ပြဿနာ ဖြစ်ကတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရွတ္တကို ကျွန်တော် အတိုင်းသား မြင်နေသည်။ ဟန်ကိုယ့်ဖို့ လုပ်နေရပြီး အတွင်းစိတ်က ကြောက်ရွံ့အားငယ်နေသည်။ အထီးကျန်ဝေဒနာကို အပြင်းအထန် ခံစားနေရသည်။ သူ့အတွက် မနက်ဖြန်သည် ဘာမှမရှိသည့် သုည မနက်ဖြန် ဖြစ်နေပြီ မဟုတ်လား။ ခြောက်အိပ်မက်များမှ လွဲ၍ ဘာမှမကျန်တော့သည့် မနက်ဖြန်။ သူ ရောက်မလာစေချင်သည့် မနက်ဖြန်။

ထို မနက်ဖြန်သည် ကျွန်တော်နှင့် ဆက်နွယ်နေသည့် မနက်ဖြန် ဖြစ်နေပြန်၏။

❑ ❑ ❑

# အခန်း ( ၂ )

၁၉၄၂ ခုနှစ် ဇက်တင်ဘာလ။

အီတလီစစ်မျက်နှာတွင် စစ်ရှိန် လျော့ကျသွားသည်။ မက်အာသာသည် ဖိလစ်ပိုင်သို့ ခရီးရှည်ချီတော့မည်။ ကျွန်တော်က ဆန်ဖရန်စစ္စကိုတွင် ကာကွယ်ရေး စက်ပစ္စည်း စက်ရုံများ လှည့်လည်စစ်ဆေးမှုခရီး အဆုံးသတ်နေချိန် ဖြစ်၏။ အထက်လူကြီးများက ကျွန်တော့်ကို စစ်မြေပြင် ပြန်မလွှတ်မီ အားမွေးဖို့ သက်သက်ဖန်ပေးထားခြင်း ဖြစ်၏။

နိုရာက စစ်ဖြစ်ပြီး ၂၁ လအတွင်း သူ ထုလုပ် ဖန်ဆင်းခဲ့သမျှ အရုပ်များကို ပြပွဲတင်နေချိန်လည်း ဖြစ်၏။ သူ့အမေ အိမ်နောက်ပိုင်းမှ ပျိုးပင်တွေ ထားသည့် မှန်အဆောက်အအုံကလေးကို စတူဒီယိုအဖြစ် အသုံးပြုပြီး ဖန်ဆင်းမှုပြပွဲ ကျင်းပခြင်း ဖြစ်သည်။

လာရောက်ကြည့်ရှုသူတွေ ကြိတ်ကြိတ်တိုးနေသည်။ ချီးကျူးထောမနာပြုသူတွေကြားတွင် နိုရာ ကြည်နူးစွာ နစ်မျောနေသည်။ ပထမဆုံး အောင်မြင်မှု မဟုတ်လား။

သတင်းစာတိုက်ကြီးများကပင် ပန်းချီပန်းပု ဝေဖန်ရေးဆရာများကို စေလွှတ်ပေးသည်။ နိုရာ့ လက်ရာတွေကို သူတို့အားလုံး အလေးအနက်ထားပြီး ချီးကျူးကြသည်။

နိုရာတစ်ယောက် ရင်တွေခုန်ကာ ပျော်မဆုံးနိုင်အောင် ဖြစ်နေ၏။ အတ္တအမောက်ကလေး ထောင်စပြုလာသည်။ သည်အောင်မြင်မှု အသီးအပွင့်တို့ကို လွယ်လွယ်ရခဲ့သည်မှ မဟုတ်ဘဲ။ လေယာဉ်စက်ရုံကြီးတစ်ခုတွင် တစ်နေ့ကုန် လုပ်အားပေးပြီးမှ ညပိုင်းများတွင် မအိပ်မနေ စတူဒီယိုထဲသို့ ဝင်ရခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အင်း. . . စစ်. . စစ်၊ နိုရာအတွက် အမှားမှား အယွင်းယွင်းတွေ ဖြစ်ခဲ့ရသည်။ အများနည်းတူ မျိုးချစ်ရူး ရူးကာ တက်ကြွမိခဲ့ခြင်း ဖြစ်၏။ ရောမ စကားလုံးကြီးများနှင့် သတင်းစာတွေက လှုံ့ဆော်သည်ကိုလည်း အဟုတ်ကြီး ထင်ခဲ့မိသည်လေ။ အနုပညာကမ္ဘာတွင် လျှမ်းလျှမ်းတောက် ကျော်ကြားတော့မည့် ဆန်ဖရန်စစ္စကို အထက်တန်းလွှာသမီးပျို နိုရာဟော်ဒင်သည် ဝါသနာကို အသာထားပြီး စက်ရုံ အလုပ်သမကလေးဘဝသို့ ရောက်ခဲ့ရသည်။ ကြွေးကြော်သံတွေကို ဖတ်ရစဉ်က နိုရာတစ်ယောက် ဘာကိုမှ မစဉ်းစားနိုင်လောက်အောင် သွေးတွေ ဆူကြွနေခဲ့သည်။ ၁၉၄၂ ခုနှစ် နှစ်ဦးပိုင်းလောက်က သည်စစ်ကာလကြီးသည် တစ်နံတစ်လျားရှည်မျောလိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့။

ခုတော့ နိုရာ စိတ်ကုန်စ ပြုလာပြီ။ မနက် ခြောက်နာရီတွင် ထပြီး ၁၅ မိုင် ဝေးသည့် စက်ရုံသို့ ကားစီးသွားရသည်။ တစ်ပတ်ကို ၆ ရက်တိတိ အလုပ်လုပ်ရသည်။ ပြီးတော့ လုပ်ရသည့်အလုပ်က နေ့စဉ် တစ်မျိုးတည်း။ ဘာမှ စိတ်ဝင်စားဖို့ မရှိ။

ရှေ့တွင် ပုံမှန်လည်ပတ်နေသည့် သားရေပြားကြီးကို ခလုတ်နှိပ်ရပ်လိုက်၊ ဝိုင်ယာကြိုး နံပါတ်တစ်နှင့် နံပါတ်နှစ်ကို ဂဟေတို့ပေးလိုက်၊ နံဘေးခုံမှ ကောင်မလေးက နံပါတ်သုံးနှင့် လေးကြိုးကို ဆက်နိုင်အောင် သားရေပြားကို ရှေ့ဆက်သွားဖို့ ခလုတ်ဖွင့်ပေးလိုက်နှင့် တစ်နေကုန်ရသည်။ ကြာတော့ စိတ်ပျက်ငြီးငွေ့လာ၏။

အားလုံး လူသား၏ အတွေးအခေါ် အကြံဉာဏ် ဘာမှ မပါ။ ကြာတော့ လူတွေက စက်ရုပ်တွေလို ဖြစ်လာ၏။ နေ့လယ်စာ စားချိန်များတွင် အနားနေရမလား အောက်မေ့သည်။ စည်းရုံးလှုံ့ဆော်ရေးတွေကြောင့် စိတ်ညစ်ရပြန်သည်။

အလွန်အောက်တန်းကျသည့် သားညှပ်မုန့်ကို ကြိတ်မှိတ်မျိုရသည်။ စံချိန်မြှင့်နိုင်အောင် ထုတ်လုပ်နိုင်ဖို့အတွက် သကြားမဲ့ ရွံ့နှစ်ရောင် ကော်ဖီကို မုန့်နှင့် မျှောချရသည်။

သည်နေ့ သူရဲကောင်းမှတ်တမ်းဝင် ဗိုလ်မှူးကြီးတစ်ယောက် စက်ရုံသို့ လာမည်ဆို၍ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ သူများနည်းတူ အပြင်ထွက်ချင်စိတ် မရှိ၍ အပေါ်ထပ်သို့ တက်ခဲ့ပြီး ပြတင်းပေါက်နားမှ ခုံတန်းလျားတစ်ခုတွင် ဝင်ထိုင်နေလိုက်၏။

စီးကရက်တစ်လိပ် ထုတ်ပြီး ခုံပေါ်တွင် လှဲချလိုက်သည်။ မျက်စိကို အသာမှေးထားလိုက်၏။ စက်ရုံကြီးတစ်ခုလုံး ခဏငြိမ်သက်နေ၏။ ဒါကပင် စိတ်ချမ်းသာစရာကောင်းလှသည်။ ဒီလိုအချိန်ကလေးမှာပဲ စိတ်အနားရသည် မဟုတ်လား။ ညက စတူဒီယိုအခန်းထဲတွင် အချိန်ကုန်သွားသည်။ မိုးလင်းခါနီးမှ အိပ်ရ၏။ ညနေပိုင်းတွင် ဖွင့်မည့် ပြပွဲခန်းကို အသေးစိတ် ပြင်ဆင်မွမ်းမံနေရခြင်းကြောင့် ဖြစ်သည်။

အပြင်ဘက်တွင် လူအုပ်ကြီး ဝေါခနဲ ဆူသံ ကြားလိုက်ရ၏။ ထထိုင်ပြီး ပြတင်းပေါက် အပြင်ဘက်သို့ ကြည့်လိုက်သည်။ စစ်ရောင်ချက်ပလက်ကားကြီး စက်ရုံဘေးသို့ ထိုးဆိုက်လာ၏။

လူအုပ်ကြီးက ကားထဲမှ ထွက်လာသည့် လူတစ်ယောက်ကို အော်ဟစ်နှုတ်ဆက်နေသည်။ ထိုလူက ကားနောက်ခန်းမှ ထွက်လာပြီး ပလက်ဖောင်းပေါ်သို့ တက်လိုက်သည်။ အကြင်လူမှာ တခြားလူ မဟုတ်ပါ။ ကျွန်တော် ဖြစ်ပါ၏။



ကျွန်တော်က ဘာလုပ်ရမှန်းမသိဘဲ လက်နှစ်ဖက်ကို မြှောက်ပြီး လက်ခုပ်တီးကာ ပြန်နှုတ်ဆက်လိုက်၏။ ပြီးတော့ ခပ်ကြောင်ကြောင်ဖြစ်နေပြီး တစ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ပြီး အပေါ်သို့ မော့ကြည့်လိုက်သည်။

စက်ရုံဝင်ပေါက်တည့်တည့် အပေါ်ထပ်တွင် မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ ပထမတစ်ကြိမ် ကျွန်တော် သူ့ကို ငေးကြည့်လိုက်သည်။ ထို့နောက် ဆဌမအာရုံခေါ်မည်လား၊ ကြိုတင်သိမြင်စိတ် ခေါ်မည်လား၊ ဒါမှမဟုတ် ကံကြမ္မာလား မသိပါ။ တစ်ခုခုကြောင့် ကျွန်တော် သူ့ကို တစ်ချက်ပြန်ကြည့်လိုက်မိသည်။ မျက်လုံးချင်း ခဏဆုံမိကြ၏။

နိုရာက စိတ်တိုမာန်တိုဖြင့် ပြတင်းပေါက်မှ ချာခနဲ လှည့်ထွက်သွားသည်။ သည်နေရာက သူ ရောက်နေရမည့်နေရာ မဟုတ်ဘူးလေ။ သည်စက်ရုံကို ရောက်ခြင်းကိုက မှားယွင်းစွာ ရောက်လာခဲ့ခြင်း မဟုတ်လား။ ဘာဆက်လုပ်ရမှန်းမသိဘဲ ခပ်တွေတွေဖြစ်နေပြီးမှ အောက်ထပ် အုပ်ချုပ်ရေးရုံးခန်းသို့ ဆင်းခဲ့သည်။ ဆက်လုပ်ချင်စိတ် မရှိတော့။ အလုပ်ထွက်ဖို့ စိတ်ကူးလိုက်သည်။ အို. . ထွက်မယ့်ထွက် ဒီနေ့ပဲထွက်လိုက်တာ ကောင်းပါတယ်။ ကိုယ့်လက်ရာတွေကို ပထမဆုံး ပြရမည့် ပြပွဲနေ့ မဟုတ်လား။

အလုပ်ရုံကို ကျောခိုင်းလိုက်ပြီ ဆိုသည်နှင့် ဘဝသည် ချက်ချင်း ပြောင်းလဲသွားတော့၏။ စတူဒီယိုထဲတွင် လူတွေနှင့်အတူ နိုရာ ပျော်နေ၏။ အက်ဇင်မိုင်နာ သတင်းစာမှ ဝေဖန်ရေးဆရာ ဆမ်ဂေါ်ဒွန် လူတစ်ယောက်နှင့် စကားပြောနေသည်ကို နိုရာ နားစွင့်နေလိုက်သည်။

'အဆန်းဘာလေ့ချ် * ဟာ အနုပညာလောကရဲ့ အနာဂတ်ဗျ။ ကျွန်တော်တို့တစ်တွေ နေ့စဉ်နဲ့အမျှ စောင့်ကြည့်နေကြတယ်၊ ဒီစစ်ကြီးအတွင်းမှာ အနုပညာ ပုံစံသစ်တစ်ရပ် မတော်တဆများ ပေါ်လာမလားလို့လေ၊ စစ်က လူသားအားလုံးရဲ့ ဆန္ဒတွေ၊ ဦးတည်ချက်တွေကို ဖျက်ဆီးပစ်လိုက်တာပဲ၊ ဒါကြောင့် စစ်ကြီး ပြီးသွားလို့ တင်ကျန်မယ့် အနုပညာတီထွင်မှုဟာလည်း ကံကောင်းထောက်မလို့ မတော်တဆရတဲ့ ရလဒ်ပဲလို့ ကျွန်တော် ထင်တယ်၊ ဒါကြောင့်မို့ အဆန်းဘာလေ့ချ်ဟာ သဘာဝက တောင်းဆိုလာတဲ့ အနုပညာပုံသဏ္ဌာန်တစ်ရပ် ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်'

စကားဝိုင်းထဲသို့ နိုရာ ဝှတ်ဝင်ဆွေးနွေးသည်။ တတ်နိုင်သမျှ ဆမ်နှင့် ဆန့်ကျင်ဘက် ရှုထောင့်မှ နိုရာ ငြင်းသည်။ အလွန်လေးနက်သည့် သူ့ဝေဖန်ရေးဆောင်းပါးတွေကို နိုရာ တောက်လျှောက် ဖတ်ခဲ့သည်။ စိတ်ထဲတွင် ကြိတ်ပြီး လေးစားကြည်ညိုနေခဲ့၏။

ဆမ်၏တိုက်ခန်းသို့ ဩဂါဒထူးများ ခံယူရန် နိုရာ ရောက်သွားသည့်ညက ၁၇ နှစ်ပင် မပြည့်သေး။ နှစ်ယောက်သား အနုပညာအကြောင်း ဆွေးနွေးလိုက်ကြသည်မှာ အိပ်ရာပေါ် ရောက်မှပင် အဆုံးသတ်တော့သည်။ ပြီးမှ မိမိ အသက်မပြည့်သေးကြောင်း ဖွင့်ပြောတော့ ဝေဖန်ရေးဆရာ အထိတ်တလန့် ဖြစ်နေပုံကို နိုရာ မှတ်မိနေသေး၏။

သည်ညတော့ ဆမ့်မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောလိုက်သည်။

'အဲဒါတော့ နိုရာ သဘောမတူဘူး ဆမ်၊ ဦးတည်ချက် မရှိရင် ဘာအနုပညာမှ ဖြစ်မလာနိုင်ဘူး၊ အနုပညာရှင်ရဲ့ ရင်ထဲမှာ ဘာမှ မရှိတဲ့ သရုပ်ကို ထုတ်ပြရုံပဲရှိမယ်၊ အထူးသဖြင့် ပန်းပုပညာမှာပေါ့၊ ရုပ်တုတစ်ခုဟာ တစ်စုံတစ်ရာကို ပြောပြနေရမယ်၊ အနည်းဆုံး သူ့ရဲ့

* အဆန်းဘာလေ့ချ် - ရှာပစ္စည်းဖြင့် စုပေါင်းဆက်စပ်ပြီး ရုပ်လုံးဖော်သည့် ပန်းပုပညာ။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းရှင် ပန်းပုဆရာတစ်ယောက်တည်း ဖြစ်ဖြစ် ကြားလောက်အောင်တော့ သူပြောနိုင်ရမယ်'

နိုရာက သူ မသိသေးသည့် အခြားတစ်ယောက်ကို တောင်းပန်ပြီး လက်ကမ်းပေးလိုက်သည်။

'ကျွန်မ နိုရာဟောဒင်ပါ၊ ဆမ်က တစ်ခါတလေ ကျွန်မနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတတ်တယ်'

ခပ်သေးသေးသွယ်သွယ် ထိုလူက ချစ်စဖွယ်ပြုံးပြီး နိုရာ့လက်ကို လှမ်းဆွဲရင်း-

'အဲဒီ တစ်ခါတလေဟာ လူတွေရဲ့ မြုပ်နေတဲ့ အရည်အချင်းတွေကို ဆမ် တူးဖော်ပေးတဲ့အခါမျိုးလို့ ထင်တယ် မစ္စဟောဒင်၊ ကိုယ်က ဝါရန်ဘဲလ်ပါ'

နိုရာ မျက်ခုံးတွေ မြင့်တက်သွားသည်။ ဝါရန်ဘဲလ်သည် အမေရိကန်တွင် အကျော်ကြားဆုံး ပန်းချီပါမောက္ခတစ်ဦး ဖြစ်၏။

'ခုလို သိရတာ ဂုဏ်ယူပါတယ် ဆရာ၊ ဆမ်ကလည်း ဒေါက်တာဘဲလ် လာမယ်ဆိုကြိုပြောထားရောပေါ့'

'သူ့ကို မဆူပါနဲ့ကွယ်၊ ကိုယ်က မထင်ဘဲ ရောက်လာတာပါ။ နေ့လယ်စာ အတူဆုံစားကြရင်း စကားစပ်မိတာနဲ့ ထလိုက်လာတာ၊ ဆရာကလဲ မင်းအကြောင်းတွေတော့ ကြားထားတော့ သိပ်လာချင်နေတာလေ'

'ဆရာဘဲလ်က အမေရိကန် ပန်းပုဆရာတွေ စုစည်းပြီး ခေတ်ပေါ် ပန်းပုပြပွဲတစ်ခု ကိုလံဘီယာမှာ လုပ်မလို့တဲ့ နိုရာ၊ အဲဒါ ကိုယ်ပြောနေတာ၊ မင်းလက်ရာ မပါရင်တော့ အဲဒီပြပွဲဟာ ပြည့်စုံမှာ မဟုတ်ဘူးလို့ ကဲ. . ဒါဆို ကိုယ်က မင်းနဲ့ ဆန့်ကျင်ဘက် မဟုတ်ဘူးဆိုတာ ရှင်းပါပြီနော်'

နိုရာက ခပ်နောက်နောက်ဟန်ဖြင့် လက်မြှောက်အရှုံးပေးသည့် အမူအရာလုပ်ပြပြီး-

'ထားပါတော့၊ ထားပါတော့၊ အဲဆန်းဘလေ့ချ်ဟာ အလားအလာရှိတဲ့ အနုပညာပုံစံပါတဲ့ ရှင်'

သုံးယောက်သား ရယ်ကြသည်။

'အော်လင်းဂိတ်လေကို ကျွန်မ ခေါ်လိုက်ပါမယ် ဒေါက်တာ ဘဲလ်'

ပန်းပုဆိုင်ပိုင်ရှင် အာလင်းဂိတ်လေကို နိုရာက ကိုယ်စားလှယ်အဖြစ် တာဝန်ပေးသည်။

'ကိစ္စမရှိပါဘူး၊ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် လျှောက်ကြည့်ရတာ ပိုကောင်းတယ်'

'ဟုတ်ကဲ့ ဆရာ၊ ဆရာ သိချင်တာရှိလည်း မေးပါနော်'

နိုရာက ပြုံးပြုံးကလေး ပြောလိုက်သည်။

ပါမောက္ခ ဦးခေါင်းကလေး မသိမသာ ညွှတ်ပြပြီး ထွက်သွားသည်။ နိုရာက ဆမ်ဘက်လှည့်ပြီး တိုးတိုးကပ်ပြောသည်။

'သိပ်ဆိုးတာပဲ၊ ခုမှပဲ ပေါ်တော်မူလာတယ်၊ လူတို ဖတ်ဖတ်မောနေပြီ'

'မင်းနား လာချင်တာပေါ့ကွာ၊ လှမ်းကြည့်လိုက်တိုင်း လူတွေ ဝိုင်းဝိုင်းလည်နေလို့ပါ'

ဂျာကင်အကျီအိတ်ထဲမှ ဆေးတံကိုဆွဲထုတ်ပြီး ပါးစပ်ထဲ ဆည့်လိုက်ရင်း-



'ဒါထက် မင်း နောက်လထဲ နယူးယောက်သွားပြီး ပြပွဲတစ်ခုလုပ်ဖို့ စီစဉ်နေတယ်ဆိုတာ ဟုတ်လား နိုရာ'

နိုရာက အထိတ်တလန့် လှမ်းကြည့်ပြီး-

'ဘယ်သူပြောတာလဲ'

'အာလင်းကလွဲပြီး ဘယ်သူရှိဦးမှာလဲ'

'အာလင်းက တစ်ခါတစ်ခါ သိပ်အာချောင်တာပဲ၊ မသေချာသေးပါဘူး ဆမ်ရယ်'

ပါမောက္ခ ဘဲလ်ကို နောက်မှလှမ်းကြည့်ပြီး နိုရာက-

'သူ မျက်စိကျစရာ တစ်ခုလောက် ပါနိုင်ပါ့မလား ဟင် ဆမ်'

'ဘယ်ပြောနိုင်ဦးမလဲ၊ ဘုရား တ,နေရမှာပဲ၊ ဆန်ဖရန်စစ္စကိုမှာ ပန်းပုဆရာတစ်ယောက် ထူးထူးချွန်ချွန် ပေါ်သင့်နေပြီ'

'နိုရာ ဖြစ်နိုင်ပါ့မလားဟင်. . . ဆမ်'

နိုရာက အလေးအနက်လေသံဖြင့် မေးလိုက်သည်။

'မင်းဟာ အဖြစ်နိုင်ဆုံးပေါ့ နိုရာ၊ ဆရာဘဲလ်လဲ ကိုယ့်လိုပဲ မြင်လိမ့်မယ်လို့ထင်တယ်လေ'

ဆမ်ကလည်း အလေးအနက် ပြန်ပြောသည်။

နိုရာ သက်ပြင်းချ၏။

'ဒါဆို နိုရာ တစ်ချိန်လုံး ဘုရား တ,နေမယ်နော်'

ဆမ်က နိုရာ့ကို လှည့်ကြည့်ပြီး ပြုံးသည်။

'အဲဒီအတိုင်း ဖြစ်လာရင်တော့ ကိုယ် နားညည်းသက်သာမှာပေါ့၊ အနုပညာဆိုတာ မက်စ်ဝါဒက စီးဆင်းလာတာလို့ ပြောမယ့်ဘက်က အနုပညာရှင်တစ်ယောက် လျော့သွားလို့လေ'

နိုရာ ရယ်သည်။

'အင်း. . ဆမ့်မှာလဲ ပြဿနာတွေ ပေါင်းစုံနဲ့ပဲနော်'

'မင်း ဘယ်လိုလုပ် သိလဲ၊ တို့ မတွေ့တာ ကြာပြီပဲ'

နိုရာက ဝေဖန်ရေးဆရာ၏ လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။

'ဒါပေမဲ့ နိုရာက ဆမ့်ကို ချစ်နေတာပဲ မဟုတ်လား၊ ဒီမယ် ဆမ်၊ နိုရာလေ လုပ်သင့်တာတွေ ဘာမှမလုပ်ရသေးဘူး သိလား၊ စက်ရုံကို ပြေးလိုက်၊ ပန်းပုခန်းထဲ ဝင်လိုက်နဲ့ တာမှ ခရီးမရောက်ဘူး'

'မင်း သိပ်ပင်ပန်းနေပြီ နိုရာ၊ မင်းအတွက် အလိုအပ်ဆုံးက ကောင်းကောင်းနားလိုက်ဖို့ပဲ၊ တင်းမာမှုတွေ၊ ဆန္ဒပြင်းပြမှု ဝေဒနာတွေ လျော့ပြေသွားအောင် စိတ်လွတ်လက်လွတ်နေပြီး အကြောအခြင်တွေ လျှော့ချလိုက်ဖို့ပဲ'

ဝေဖန်ရေးဆရာ၏ မျက်နှာကို မော့ကြည့်သည်။ သူတို့ နှစ်ယောက်စလုံး ချက်ကိုနားခွက်က မီးတောက်ကြသူများ ဖြစ်ကြ၏။ တစ်ဦးနှင့်တစ်ဦး အကျိုးအမြတ်အတွက် ဆက်ဆံနေကြရခြင်း ဖြစ်၏။ သည်လို ဆက်ဆံရေးမျိုးသည် လုံးဝ အဓိပ္ပာယ်မရှိသည့် အောက်တန်းကျကျ ဆက်ဆံရေးမျိုး ဖြစ်သော်လည်း အဓိပ္ပာယ်တွေ အများကြီးရှိကာ နှစ်ဦးစလုံးအတွက် ရလဒ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ ဖွက်လာသည့်အခါမျိုးလည်း ရှိလေသည်။ သည်လို ကမ္ဘာလေးမျိုးထဲတွင် သူတို့နှစ်ယောက်နေနေကြခြင်း ဖြစ်၏။

'အင်း . . မတွေ့ရတာ သိပ်ကြာနေပြီနော် ဆမ်'

'အရမ်းကြာနေပြီပေါ့ နီရာ'

'ဒီည ဆရာဝင်နဲ့ပါ တွေ့ချိန်ရပါ့မလား မသိဘူး'

'ရကောင်းပါတယ်၊ ကိုယ့်အခန်းကို ည ရှစ်နာရီ လာခဲ့လေ'

'အင်း . . အင်း လာခဲ့မယ်'

ပါမောက္ခ ဘဲလ်ဆီသို့ ထွက်သွားသည့် ဆမ်ကို နီရာ ငေးကြည့်နေသည်။ သူတို့ဘာတွေများ ပြောနေကြပါလိမ့်ဟု နားစွင့်နေစဉ် လက်မောင်းကို တစ်စုံတစ်ယောက် လာ၍သဖြင့် တစ်ဘက်သို့ လှည့်လိုက်ရသည်။

'အခြေအနေ ဘယ်လိုလဲ နီရာ'

နီရာ့အမေ စီစီလီယာဟေဒင် အနားရောက်လာခြင်း ဖြစ်၏။

'ကောင်းပါတယ် မေမေ'

အမျိုးသမီးကြီး၏ အလွန်ပြုံးခဲသည့် နှုတ်ခမ်းအစုံတွင် ပြုံးရိပ်ထင်လာသည်။

'အင်း . . ဝမ်းသာစရာပဲ'

သေသေသပ်သပ် ပြုပြင်ထားသည့် ဆံပင်ဖြူဖြူတွေအောက်တွင် မျက်လုံးပြာအစုံကအရောင်တဖျပ်ဖျပ်။

'သမီးကို မေမေ အကူအညီတစ်ခု တောင်းချင်လို့'

'ဘာများလဲ မေမေ'

'သူငယ်တစ်ယောက် ရောက်နေတယ်'

'သမီး ဖေဖေ့ မိတ်ဆွေရဲ့ သားလေ၊ သူ့ကို ဖိတ်လိုက်တုန်းက သမီးကို ပြပွဲလုပ်မယ့်နေ့ဆိုတာ မေ့နေတယ်၊ အရက်စုံသောက်ဖို့ ဖိတ်ထားတာလေ၊ အိမ်မှာ ညစာ စားချင်စားလိမ့်မယ်'

'ဟာ . . မေမေကလဲ၊ အချိန်မရှိရတဲ့အထဲမှာ၊ လုပ်စရာတွေက အများကြီး ကျန်သေးတဲ့ဟာကို'

နီရာ စိတ်ပျက်လက်ပျက် ညည်းတွားသည်။

'လုပ်ပါ သမီးရယ်၊ မေမေ ဖိတ်ထားမိရက်သား ဖြစ်နေလို့ပါ'

မအေလုပ်သူကို နီရာ လှမ်းကြည့်သည်။ ဘယ်လိုမှ ငြင်းလို့ရမည် မဟုတ်မှန်း နီရာ သိလိုက်၏။ နူးညံ့ပျော့ပျောင်းလှသည့် စီစီလီယာဟေဒင်၏ ပြင်ပသဏ္ဌာန်အောက်တွင် ကျောက်ဆောင်ကျောက်ခဲလို မာကျောလှသည့် အတွင်းသဘော ရှိသည်။

'လူတော်ကလေးပါ သမီးရဲ့၊ သူရဲ့ကောင်းမှတ်တမ်းဝင် စစ်ဗိုလ်တစ်ယောက်လေ၊ ရှေ့တန်းကို ပြန်ထွက်ဖို့ သုံးရက်ပဲ လိုတော့တယ်၊ ရောက်ရင် ခေါ်လာခဲ့ဖို့ ချားလ်စ်ကို မှာထားခဲ့တယ်'

နီရာ ခေါင်းညိတ်လိုက်ရသည်။ ဆမ်က သူ့ဆီ လျှောက်လာနေသည်။ သူ့မျက်နှာတွင် စိတ်လှုပ်ရှားနေမှုကို တွေ့ရ၏။

'သေလူဆိုတဲ့ အရုပ်ကို သူ လိုချင်တယ်တဲ့ နီရာ'



နီရာ စိတ်ပျက်သွားသည်။

'ဟာ . . အဲဒါကြီးက မနိုင်ပါဘူး'

'ဒါပေမဲ့ သူ သဘောကျနေတယ်လေ'

နီရာ တောင်းတောင်းပန်ပန် ပြောသည်။

'ပြောပါဦးဆမ်ရယ်၊ အဲဒီအရုပ်ကို မတင်ဘူးလို့တောင် နီရာ စိတ်ကူးခဲ့သေးတာ၊ အဲဒီထောင့်မှာ ဖြည့်ဖို့ ဘာမှမရှိလို့ အဲဒါကြီး တင်ထားတာ၊ ဒုက္ခပါပဲ၊ နောက်ပိုင်း နီရာ အဲဒီပုံမျိုးတွေ လုံးလုံး စိတ်မကူးတော့ဘူး ဆမ်'

'ကိစ္စမရှိပါဘူး နီရာရယ်၊ သူက ဒါကိုမှ ကြိုက်နေရင်လည်း ပြီးတာပဲပေါ့'

ပရိသတ်ကို ကျော်ပြီး ရုပ်တုကို လှမ်းကြည့်လိုက်သည်။ မြေကြီးထဲသို့ ကိုယ်တစ်ပိုင်းမြုပ်နေသည့် ယောက်ျားတစ်ယောက်၏ ပုံ၊ တံတောင်တစ်ဖက် အသည်းပေါ် တင်ပြီး မြေပြင်မှ ထောက်ကာ ဝေဒနာခံစားနေရပုံကို ဖော်ကျူးထားသည်။

ထုလုပ် သွန်းလောင်းစဉ်က ဘယ်လောက် စိတ်ပါလက်ပါ လုံးပန်းခဲ့သည်ကို သွားသတိရသည်။ သို့သော် ယနေ့တော့ သည်ရုပ်တုကို အကျည်းတန်သည် ထင်နေပြီ။

'သွားပြောပေးပါဦး ဆမ်ရယ်၊ ဒါကြီးတော့ မယူပါနဲ့လို့'

'မရတော့ဘူး နီရာ၊ ဆရာဘဲလ်က ပြောတယ်၊ လူသားရဲ့ သေအံ့မူးမူး တဒင်္ဂကို အနုပညာနဲ့ ဖော်ကျူးနိုင်တာကို သူ ပထမဆုံးအကြိမ် မြင်ဖူးတာတဲ့ဗျ'

ဆမ်ကို နီရာ စိုက်ကြည့်နေသည်။

'သူ တကယ် အဲလို ပြောတယ်လား'

ဆမ် ခေါင်းညိတ်သည်။ အရှုပ်ဆီသို့ နီရာ တစ်ချက် လှမ်းကြည့်လိုက်ပြန်သည်။ ဆရာဘဲလ်၏ အမြင်နှင့်ယှဉ်ကြည့်ရင်း သဘောတူလိုက်သည်။

'ဒါဖြင့်လည်း ကောင်းပြီလေ ဆမ်'

'ဒါဆို အိုကေလို့ ကျွန်တော် သွားပြောလိုက်တော့မယ်'

အင်း . . ဘာပဲဖြစ်ဖြစ် ပင်ပန်းရကျိုးနပ်ပါတယ်ဟု နီရာ တွေးနေ၏။ နီရာ အတွေးနက်ကာ တွေပြီး ရပ်နေစဉ် အဘွားကြီးနှင့် ကျွန်တော် သူ့အနား ရောက်သွားသည်။

အမေကြီးက သမီးလုပ်သူ၏ လက်မောင်းကို သွားပုတ်သည်။ နီရာက လှမ်းကြည့်လာသည်။ မေ့အကြည့်တွင် သူ့မျက်နှာကလေးကို ချက်ချင်း မှတ်မိလိုက်သည်။ စက်ရုံပြတင်းပေါက်တွင် ရုတ်ခြည်း မြင်လိုက်သည့် ပြစ်မျိုးမဲ့ မထင် မျက်နှာကလေး။

တုံ့ဩခြင်း၊ နားမလည်ခြင်းများကို သူ့မျက်လုံးထဲတွင် ရုတ်ခြည်း မြင်လိုက်ရ၏။ မျက်နှာကလေးလည်း ကျွန်တော့်ကို မှတ်မိနေပါကလား။

'နီရာ၊ ဒါ မေမေ ပြောတဲ့ ဗိုလ်မှူးကေရီ၊ ဒါ သမီးနီရာလေ'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

လူသားတို့သည် သူတို့၏ အရည်အသွေးကို ချွန်မြထက်မြက်စေရန် စစ်ကာလများကို ဓားသွေးကျောက်များသဖွယ် အသုံးပြုခဲ့ကြလေသည်။

သူ့ကို စိုက်ကြည့်နေရင်း ကိုယ့်ကိုယ်ကိုယ် သွားပြီဟု သိလိုက်၏။

မိန်းကလေးတချို့က ဘာမှ သုံးမရအောင် ပျက်တက်တက် ဖြစ်နေကြ၏။ တချို့ကျပြန်တော့ ပိုင်းတောင်းကျောက်ဖိနိုင်လွန်း၏။ သည်နှစ်မျိုးစလုံး ပေါင်းစပ်ထားသည့် မိန်းကလေးမျိုးနှင့်လည်း ကြုံရတတ်၏။ သူ့လက်ကို ဆုပ်ကိုင်လိုက်ကတည်းက ကျွန်တော် သည်အတိုင်းကြုံရပြီဟု သိလိုက်၏။

ရှည်လျားလွန်းသော မျက်တောင်တော့ကြီးများ အောက်မှ မျက်လုံးများက အပြာရိုရောင်။ ခရမ်းရောင် ပြေးလုမတတ်ပင်။ နက်မှောင်သန်စွမ်းသည့် ဆံပင်တွေကို နဖူးပေါ် ဝဲကျမနေအောင် သိမ်းပြီး ထုံးဖွဲ့ထားသည်။ ကျက်သရေ ရှိလှသည်။ ကြည်လင်နေသည့် ဆင်စွယ်ရောင်အသားနှင့် လိုက်ဖက်လှ၏။ မြင်သူ ဗျာမွေ့ရလောက်သည့် အလှမျိုး။ မျက်နှာအကျရှင်းသန့်ပြတ်သားပြီး ကိုယ်နေဟန် ကျော့ရှင်း၏။ တခြားမိန်းကလေးများလို အဆူလွန်း အဖြူလွန်းကြီးမဟုတ်။ ကျစ်ကျစ်လျစ်လျစ်။ အလွန်ပြင်းထန်သည့် လှိုင်းဂယက်တို့ဖြင့် ကျွန်တော့်ရင်ထဲတွင် လှုပ်ခါနေသည်။ မအေကြီးက မသိမသာနှင့် ရွှေပွဲလာ ပရိဘောဂထဲ ဝင်သွားသည်။ ကျွန်တော်က နီရာလက်ကို ကိုင်ထားဆဲ။



အရှေ့တိုင်းပြည်များမှ ကျောင်းသူကလေးများ၏ သိမ်မွေ့ခြင်းမျိုးဖြင့် ခပ်တိုးတိုး ပြောသည်။

'ကျွန်မကို နောက်ယောင်ခံ လိုက်နေတာလား ဗိုလ်မှူးကေရီ'

သူ့လက်ကို လွှတ်ပေးလိုက်သည်။ မီးလျှံ အနီးမှ ပိုးဖလံလို ဖြစ်နေပြီဟု ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။

'စိုက်ကြည့်နေမိတဲ့အတွက် ရိုင်းတယ် မထင်ပါနဲ့နော်၊ ကိုယ် တောင်းပန်ပါတယ်'

'ကျွန်မကို ဘယ်လိုလုပ်ပြီး ရှာလာတာလဲဟင်'

'အဲဒီလို မဟုတ်ပါဘူး၊ မတော်တဆ တိုက်ဆိုင်မှုပါ။ ကိုယ့်အတွက် ကံကောင်းတဲ့ တိုက်ဆိုင်မှုပေါ့'

'အဲလိုပဲ အမြဲ ကံကောင်းနေလားဟင်'

ကျွန်တော်က ခေါင်းယမ်းပြီး-

'အမြဲတမ်းတော့ ဘယ်ကောင်းနိုင်ပါ့မလဲ'

ကျွန်တော့် ရင်ဘတ်ပေါ်မှ တံဆိပ်တွေကို သူလှမ်းကြည့်သည်။ ဖဲကြိုးတွေ ရောင်စုံနှင့်၊ ခရစ္စမတ်သစ်ပင် အငယ်စားကလေးတစ်ခုကိုပင် အလှဆင်နိုင်လိမ့်မည် ထင်၏။

'ဒါပေမယ့် အသက်နဲ့ကိုယ်တော့ အိုးစားမကွဲသေးဘူးနော်'

ကျွန်တော်က ခေါင်းညိတ်ပြီး-

'သိပ်ကြီးကျယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူးလေ'

'ဒီလိုချည်း အမြဲတမ်း လုပ်လို့ရမယ်လို့တော့ ဗိုလ်မှူး မထင်ပါဘူးနော်'

ပြောပုံက မေးခွန်းမဆန်ဘဲ သူ့အမြင်ကို သူပြောနေသည်နှင့် တူ၏။ ကျွန်တော် ရယ်လိုက်မိသည်။ လုံးဝ အချိန်ဖြုန်းလေ့မရှိတဲ့ ဒိုးဒိုးဒေါက်ဒေါက် မိန်းကလေးပါလား။

'နှစ်ခါ ကံကောင်းဖူးတယ်၊ တတိယအကြိမ်တော့ ဆက်ကံမကောင်းနိုင်ဘူး ထင်တာပဲ'

'သေရမှာ ကြောက်လားဟင်'

'ဟာ. . သိပ်ကြောက်တာပေါ့'

ရင်ဘတ်ပေါ်က တံဆိပ်တွေကို သူငေးကြည့်ပြန်သည်။

'ဗိုလ်မှူးက တောင်းဆိုရင် စစ်မြေပြင်ကို သူတို့ ပြန်မလွှတ်ဘူးထင်တယ်'

'ဒါပေါ့၊ ဒါပေမဲ့ ကျွန်တော် မတောင်းပါဘူး'

'ဘာဖြစ်လို့'

'သေရမှာထက် သေခြင်းတရားကို ကြောက်နေရမှာကို ပိုကြောက်လို့ပေါ့'

'ဒီတစ်ခုတည်းအတွက်တော့ မဟုတ်ဘူး ထင်ပါတယ်လေ'

သူ့ရှေ့တွင် ကျွန်တော် အနေရ ကျပ်လာသည်။ သူက ထိုးစစ်၊ ကျွန်တော်က ခံစစ် ဖြစ်နေ၏။

'အင်း. . ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ သေခြင်းတရားဟာ အချိန်အကြာကြီး စောင့်ပြီး လိုက်နေတဲ့ မိန်းမနဲ့ တူသလိုပဲ'

'သေခြင်းတရားနဲ့ ပတ်သက်လို့ ဗိုလ်မှူး ဒီလိုပဲ တွေးတယ်ပေါ့ ဟုတ်လား'

'နှစ်နှစ်နီးပါး ဒီအကြောင်းကလွဲပြီး ကျွန်တော် ဘာမှ တွေးစရာ မရှိခဲ့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝင်လာကတည်းက သတိထားခဲ့မိသည့် ရုပ်တုဆီသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ 'သေလူ' ဆီသို့ ကျွန်တော်နှင့်အတူ သူပါ လိုက်ကြည့်၏။

'ကျွန်တော့် ဘဝဟာ အဲဒီလူလိုပါပဲ၊ နာရီတိုင်း စက္ကန့်တိုင်း အဲဒီအတိုင်းပဲ'

သူ့ပန်းပုရုပ်ကို သူ စိုက်ကြည့်နေသည်။ ပြီးမှ ကျွန်တော့်လက်ကို လှမ်းကိုင်သည်။ ကျွန်တော့်ရင်ထဲ နွေးခနဲ ဖြစ်သွားသည်။

'ကျွန်တော် ဒါလောက် ခါးသီးတဲ့အကြောင်းတွေ ပြောဖို့ မရည်ရွယ်ပါဘူး'

'တောင်းပန်ဖို့ မလိုပါဘူးရှင်၊ ဗိုလ်မှူး ဆိုလိုတာ ကျွန်မ နားလည်ပါတယ်'

စပျစ်သီးလို နေသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို မော့ကြည့်ပြီး ပြောသည်။

'နားလည်မယ်လို့ ယုံတယ်လေ'

ကျွန်တော်ပြုံးပြီး မျက်နှာလွှဲလိုက်ရသည်။ သူ့အကြည့်ဒဏ်ကို မခံနိုင်တော့။

'ကျွန်တော် ဒီပြပွဲအကြောင်း ကြားစက ပျင်းစရာကြီးဖြစ်နေမှာပဲလို့ ထင်ခဲ့တယ်၊ အထက်တန်းလွှာက အမျိုးသမီးလေးတစ်ယောက် အနုပညာနဲ့ ကစားပြန်ပြီ ဆိုပြီးတော့လေ

အင်း. . . ခုလောက်ဆိုရင်တော့ ခံနိုင်ရည်ရှိဖို့သင့်ပြီ ဆိုပြီး သူ့ကို ပြန်ကြည့်လိုက်၏။

'ဒါပေမဲ့ ပြခန်းထဲရောက်မှ မင်းလက်ရာတွေ ပျင်းစရာမကောင်းဘူးဆိုတာ သိရတော့တယ်'

'ပျင်းစရာ မကောင်းရုံ မဟုတ်ပါဘူး လုခ်၊ သိပ်စိတ်ဝင်စားစရာ ကောင်းတာ'

နောက်ဘက်မှ ကြားဖူးသလိုလိုရှိသည့် အသံတစ်သံ ထွက်လာသည်။ ကျွန်တော် ချာခနဲ လှည့်ကြည့်လိုက်၏။ သည်အသံရှင်နှင့် ကွဲသွားသည်မှာ သုံးနှစ် ကျော်ခဲ့ပြီ။

'ဟာ. . ဆရာ'

ပါမောက္ခ ဆရာဘဲလ်ကို ကျွန်တော် တအံ့တသြ နှုတ်ဆက်လိုက်သည်။ ဆရာက ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်ရင်း ဝမ်းသာသည့် အမူအရာဖြင့် နီရာ့ကို လှမ်းပြောသည်။

'လုခ်က ဆရာ့တပည့်ဟောင်းလေ၊ ဗိသုကာ အတန်းက'

'ကျွန်တော်က လူတွေနေဖို့ အိမ်တွေ ဆောက်ချင်တာပါ ဆရာ၊ ဗိသုကာ ငှက်ကလေးတွေအတွက် ခိုအိမ်ဆောက်ရုံလောက်ပဲ ဖြစ်နေတယ်'

ကျွန်တော်က အဆောက်အအုံ အင်ဂျင်နီယာများ လောကတွင် ရှေးနှစ်ပေါင်း အသင်္ချေကတည်းက ရှိခဲ့သည့် ပဋိပက္ခကိုဖော်ပြီး အရွှန်းဖောက်လိုက်သည်။

'အင်း. . မင်းကတော့ အရင်အတိုင်းပဲနော် လုခ်'

ဆရာ့မျက်စိထဲတွင် အထိတ်တလန့် ဖြစ်သွားသည့် အမူအရာမျိုးကို ကျွန်တော် လှစ်ခနဲ မြင်လိုက်သည်။ ကျွန်တော်နှင့် စကားပြောဖြစ်ကြသည့် ပေါင်းဟောင်းသင်းဟောင်းများတွင်လည်း သည်အမူအရာမျိုးကို ကျွန်တော် မြင်ဖူး၏။ ကြေးညိုရောင် ကျွန်တော့်ပါးတွင် ကတ်ကြေးပုံစံ အမာရွတ်ကလေး ရှိနေပြီ။ စစ်ထဲ လိုက်သွားစကလို ပန်းနုရောင် ပါးစုံကလေးနှင့် ချာတိတ်ကလေး မဟုတ်တော့။

'အရင်အတိုင်းတော့ မဟုတ်တော့ဘူး ဆရာ၊ ရေရှည်စစ်ပွဲကြီးကို ကျွန်တော် ဖြတ်သန်းခဲ့ပြီလေ'

ကျွန်တော် ခပ်ထိန်းထိန်း ပြန်ပြောလိုက်သည်။ ကျွန်တော်တို့ ရပ်စကားပြောနေစဉ် ကျွန်တော့် လက်ထဲမှ နီရာ့လက်ဖဝါးကလေး နွေးသည်ထက် နွေးလာသည်။



ညစာ တည်ခင်း ကျွေးမွေးသည့် ထမင်းစားခန်းကြီးမှာ ရောမ အခန်းကြီး၊ တောင်ပေါ်[illegible]ကြီး ဖြစ်သဖြင့် ပင်လယ်ကွေ့ကို စီးမြင်နေရသည်။ စားသောက်ပြီးတော့ ဧည့်သည်တွေ [illegible]ယွားကြပြီ။ ကျွန်တော်တို့ သုံးယောက်ပဲ ကျန်ခဲ့သည်။ ကျွန်တော်၊ နီရာနှင့် သူ့အမေ။

စားပွဲထိပ်မှ အမျိုးသမီးကြီးကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူ့ကိုယ်ပိုင်နေရာ[illegible] တခန့်သား ထိုင်နေခြင်း ဖြစ်၏။ လွှမ်းမိုးပိုင်ဆိုင်မှု၏ ပြယုဂ်တစ်ခုနှင့် တူနေသည်။ အဖိုးတန်[illegible]က်သစ်ချသားဖြင့် ပြုလုပ်ထားသည့် ပရိဘောဂများ၊ ရောမ စားပွဲဝိုင်းကြီး၊ မီးပဒေသာ ငွေခွက်[illegible]ကြီးများတွင် ဖယောင်းတိုင် မီးလျှံများက တလက်လက်၊ ကိုယ်ကို မတ်မတ်ထားပြီး ထိုင်နေသည့် စီစီလီယာဟောင်ကို ကြည့်ရင်း ဖိတ်ဖိတ်တောက်နေသည့် သံမဏိဓားသွားနှင့် ကျွန်တော့်စိတ်ထဲက နှိုင်းယှဉ်ကြည့်နေမိ၏။

တည်ငြိမ်မှု၏အောက်တွင် အလွန်ပြင်းထန်သည့် အင်အားတစ်မျိုး ရှိနေကြောင်း သူ့ကိုယ်သူ စိတ်ချယုံကြည်နေပုံ၊ ပညာဉာဏ်ကြီးကာ ထက်မြက်မည့်ပုံကိုလည်း အတိုင်းသား တွေ့နေရ၏။ သူ့အတွက် ဘာမှ ထပ်ဖြည့်စရာ မလိုတော့အောင် အဘက်ဘက်မှ ပြည့်စုံနေပုံလည်း ရ၏။

အဖေ ပြောဖူးသည့် စကားတစ်ခွန်းကို သွားသတိရသည်။

'လုပ်ငန်းကြီးနှစ်ခုကို စီစီလီယာ ရလိုက်တာ၊ သူ့လို အရွယ်ရှိသေးတဲ့ မုဆိုးမနဲ့ ဆက်ဆံရတဲ့လူတိုင်း အံ့သြစရာတစ်ခုခု တွေ့ရတာချည်းပဲ'တဲ့။

'သွားလေသူ ကိုယ့်အမျိုးသားက မင်းအဖေအကြောင်း အမြဲပြောတယ်'

စားပွဲထိပ်မှနေ၍ ကျွန်တော့်ကို ပြုံးကြည့်ရင်း ပြောသည်။

'သူတို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေလေ၊ တို့တစ်ခါမှ မဆုံဖြစ်ကြတာဟာ အံ့သြစရာပဲနော်'

ဘာမှ မပြောဘဲ ခေါင်းညိတ်လိုက်သည်။ ကျွန်တော့်အတွက်တော့ ဘာမှ အံ့သြစရာ မရှိပါ။ ကျွန်တော့်အဖေက ကျွန်တော့်ကို မွေးသည့် ကာလီဖိုးနီးယားတောင်ပိုင်းမှ ရွာကလေးတစ်ရွာတွင် စာတိုက်ပိုလ်ဘဝဖြင့် မနှစ်က သက်ပြည့်ပင်စင် ယူလိုက်ရသူ ဖြစ်ပါသည်။ ဂျယ်ရယ်ဟောင်နှင့် ကျွန်တော့်အဖေသည် ကမ္ဘာတစ်ခုဆီမှ လူသားများ ဖြစ်ကြပါသည်။ သူတို့နှစ်ယောက်ကြားတွင် ပြောစရာဆိုလို့ ပထမကမ္ဘာစစ်တုန်းက တပ်စိတ်တစ်စိတ်တည်း တာဝန်ကျခဲ့ဖူးသည့် အဖြစ်တစ်ခုသာ ရှိပါသည်။

'မင်းအဖေက တို့များရဲ့ခင်ပွန်း ဂျယ်ရယ်ဟောင့်အသက်ကို ကယ်ခဲ့တာလေ၊ သိမှာပေါ့'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ်၊ ဒါပေမယ့် ကျွန်တော့် အဖေပြောတော့ သိပ်ထူးထူးဆန်းဆန်း ဇာတ်လမ်းမျိုး မဟုတ်ပါဘူး'

စီစီလီယာဟောင်က သူ့ရှေ့မှ ငွေခေါင်းလောင်းသေးသေးကလေးကို ကောက်ယူလိုက်သည်။ ခေါင်းလောင်းသံ တိုးတိုးကလေး မြည်သွားသည်။

'လေသာဆောင်မှာ ကော်ဖီသောက်ကြရအောင်လား'

နီရာ့ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူက လက်ပတ်နာရီကို ငုံ့ကြည့်ပြီး. .

'မေမေနဲ့ ဗိုလ်မှူးကေရီ အေးအေးဆေးဆေး စကားပြောကြလေ၊ နီရာ ချစ်နာရီမြို့ထဲ သွားစရာကိစ္စတစ်ခု ရှိလို့'

www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဟေဒင်၏ မျက်နှာပေါ်တွင် မကျေနပ်သည့် အရိပ်အယောင်တွေ လွှမ်းသွား၏။

'မသွားလို့ မဖြစ်ဘူးလား နီရာ'

နီရာက အမေကို ပြန်မကြည့်ဘဲ. . .

'ဆမ်ကောဝင်းကို လာမယ်လို့ ကတိပေးပြီးသား ဖြစ်နေလို့ပါ။ ခေတ်သစ်ပန်းပုလက်ရာ ပြပွဲတစ်ခုအတွက် သူနဲ့ တိုင်ပင်စရာတွေ အများကြီးရယ် မေမေ'

မစ္စက်ဟေဒင်ကို တစ်လှည့် နီရာ့ကိုတစ်လှည့် ကြည့်သည်။ သမီးကို ကန့်ကွက်ဖို့ အချိုသာဆုံး စကားလုံးများကိုသာ ရွေးနေသည်လားဟု ကျွန်တော် အကဲခတ်လိုက်သည်။ ကျွန်တော် ရှိနေလို့များလား မသိ။

'မေမေက သမီး အဲဒီအဆင့်ကို ဖြတ်ကျော်ခဲ့ပြီးပြီလို့ ထင်နေတာ၊ ဆမ်ကောဝင်းနဲ့ မတွေ့တာလည်း ကြာပြီ မဟုတ်လား'

'မသွားလို့ မဖြစ်ဘူး မေမေ၊ ပါမောက္ခ ဆရာဘဲလ်ကို ခေါ်လာတာ ဆမ်ဘဲလေ'

ကျွန်တော် အဘွားကြီးဘက် လှည့်ပြီး. . .

'ကျွန်တော့်အတွက် ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်လည်း ပရက်ဆီဒီယိုကို ရှစ်နာရီခွဲ အရောက် ပြန်ရမှာပါ။ ကျွန်တော့်ကားနဲ့ လိုက်ခဲ့လေ'

နီရာက ပျာပျာသလဲ ငြင်းသည်။

'ဟင့်အင်း. . နေပါစေ၊ ဒုက္ခမရှာပါနဲ့ရှင်'

'ဘာမှ ဒုက္ခမရှိပါဘူး၊ ကျွန်တော် စစ်ကားကို သုံးနေတာပါ။ ဓာတ်ဆီရာရှင်ကိစ္စလည်း မပူရပါဘူး'

'ကောင်းပါပြီလေ. . . ဒါဖြင့် ခဏလေးစောင့်နော် ဗိုလ်မှူး၊ နီရာ အဝတ်လဲလိုက်ပါရစေဦး'

အခန်းထဲမှ ထွက်သွားသည့် နီရာ့နောက်ကျောကို ကျွန်တော်တို့ နှစ်ယောက် ငေးကြည့် ကျန်ရစ်သည်။ ကျွန်တော်က စကားစပြီး-

'အင်မတန် ဂုဏ်ယူဖို့ကောင်းတဲ့ သမီးတစ်ယောက် မစ္စက်ဟေဒင် ရထားတာပဲနော်၊ တကယ့်ပါရမီရှင်ကလေးပါပဲ'

'ဟုတ်တယ်ကွယ့်'

အမိုးသမီး၏ မျက်လုံးပြာများတွင် ထူးဆန်းသည့် အရိပ်အယောင်တစ်မျိုး ကျွန်တော် တွေ့လိုက်ရ၏။

'ဒါပေမယ့် အမှန်ကို ဝန်ခံရရင် နီရာကို အခါခပ်သိမ်း တို့များ နားမလည်ဘူး ဗိုလ်မှူးကေရီ၊ တစ်ခါတစ်ခါ ဘယ်လို အကဲခတ်ရမှန်းကို မသိဘူး၊ တို့များခေတ်က မိန်းကလေးတွေနဲ့ လုံးဝ ခြားနားသွားပြီ၊ နောက်တစ်ခုက နီရာဟာ တစ်ဦးတည်းသော သမီးလေ'

'စစ်ကြောင့် ဖြစ်ပါလိမ့်မယ် ခင်ဗျာ၊ ကျွန်တော်တို့အားလုံး ပြောင်းလဲတုန်ကြပါပြီ'

'အမိပ္ပာယ်မရှိပါဘူး၊ အဲဒီ အကြောင်းပြချက်က သိပ်ခေတ်စားနေတယ်'

အဘွားကြီးက ခပ်ပြတ်ပြတ်ပြောသည်။

'အဲဒီအမြင်ကို တို့တော့ မထောက်ခံနိုင်ဘူး ဗိုလ်မှူးကေရီ၊ ဗိုလ်မှူးတို့ခေတ်ကျမှ စစ်တိုက်ကြတာမှ မဟုတ်ဘဲ၊ တို့ခေတ်တုန်းကလည်း တိုက်ခဲ့ကြရတာပဲ၊ တို့မိဘတွေခေတ်မှာလည်း စစ်ရှိခဲ့တာပဲ'



ဆန့်ကျင်ဘက် ပြောစရာတွေ ရှိသော်လည်း ကျွန်တော်က မငြင်းတော့ဘဲ-

'နီရာဟာ ပါရမီခံရှိတာတော့ သေချာတယ် ခင်ဗျ၊ ပါမောက္ခ ဆရာလဲလ် ခဏခဏ ပြောဖူးတာ ရှိတယ်၊ ပါရမီဆိုတာ နားလည်ဖို့ သိပ်ခက်သလို ရဖို့လည်း သိပ်ခက်တယ်တဲ့'

မစ္စက်ဟေဒင်၏ မျက်လုံးတွေ ကြည်လင်တောက်ပလာကြသည်။

'မင်းဟာ လူတော်ကလေးပဲ ဗိုလ်မှူးကေရီ၊ နောက်လည်း လာလည်နော်၊ တို့များ ဟိုထဲက သိနေတယ်။ မင်းလည်း တို့ကို ခင်နေပြီလို့လေ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် ကြိုးစားပါမယ်၊ ဒါပေမဲ့ ကျွန်တော်က နိုင်ငံခြား ပြန်သွားရမှာမို့ စစ်ကြီး ပြီးမှပဲ ပြန်တွေ့ကြဖို့ များပါတယ်'

နီရာ့အမေက ကျွန်တော့်မျက်လုံးထဲကို ထိုးဖောက်မတတ် စိုက်ကြည့်ပြီး-

'ဒါဆိုရင်တော့ သိပ်နောက်ကျသွားလိမ့်မယ်'

ကျွန်တော့်မျက်နှာပေါ်တွင် အံ့ဩခြင်း အမူအရာတွေ လွှမ်းသွားသည် ထင်လိုက်၏။ မစ္စက်ဟေဒင်၏ အမူအရာ ပိုပြီး ရွှင်ပျလာသည်။ ကျွန်တော် စီးကရက်တစ်လိပ် မီးညှိလိုက်၏။

'မင်းဟာ စစ်ထဲမဝင်က သိပ်အလားအလာရှိတဲ့ အင်ဂျင်နီယာလောင်းတစ်ယောက်လို့ တို့ ကြားတယ် ဗိုလ်မှူးကေရီ'

'မစ္စက်ဟေဒင်က အမေရိကန်မှာ အပ်ကျတာက အစ သိနေပုံပဲ'

'ဟုတ်တယ် ဗိုလ်မှူးကေရီ၊ သိအောင် ကြိုးစားရတယ်လေ၊ ခိုကိုးရာမဲ့ မုဆိုးမဘဝဆိုတော့ မျက်စိကိုဖွင့် နားကိုစွင့်ထားရတယ်'

ခိုကိုးရာမဲ့တဲ့။ ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည့် အပြုံးကို မြင်ရ၏။ ကျွန်တော် သိလိုက်ပြီ။ ကျွန်တော့်ကို အပိုင်စည်းရုံးနေပြီ ဟူ၍။

'နောက်ထပ် ကျွန်တော့်အကြောင်း ဘာတွေများ သိထားပါသေးလဲ မစ္စက်ဟေဒင်'

'စစ်မဖြစ်ခင်က ဟေဒင်နဲ့ ကာရှူသာကုမ္ပဏီမှာ အလုပ်လျှောက်ခဲ့သေးတယ်ဆို၊ သူတို့အားလုံး ဗိုလ်မှူးကို သဘောကျကြပါတယ်'

'စစ်တပ်က ကျွန်တော့်ကို ပိုပြီး သဘောကျပါတယ်'

'သိပါတယ်၊ သိပါတယ်၊ ဗိုလ်မှူးရဲ့ စစ်ဘက်ဆိုင်ရာ မှတ်တမ်းတွေလဲ တို့ဖတ်ပြီး. . .'

ကျွန်တော်က လက်တစ်ဖက် မြှောက်လိုက်ပြီး-

'အဲဒါတော့ သည်းခံပါခင်ဗျာ၊ ဒါထက် မစ္စက်ဟေဒင် ဘာကို ဦးတည်နေပါလိမ့်'

ကျွန်တော့်ကို စိန်းစိန်းကြည့်သည်။

'မင်းကို သဘောကျနေလို့ပေါ့ ဗိုလ်မှူးကေရီ၊ အခါအခွင့်သင့်မယ်ဆိုရင် ဟေဒင်နဲ့ ကာရှူသာကုမ္ပဏီရဲ့ ဒုဥက္ကဋ္ဌရာထူးဟာ မင်းအတွက် ဖြစ်နိုင်တယ်'

ကျွန်တော် အဘွားကြီးကို ပြန်ကြည့်လိုက်သည်။

ဒါဆိုရင်တော့ ထိပ်ဆုံးက စရမယ့် အဖြစ်ပါလား။ ကျောင်းထွက်ပြီးကတည်းက စစ်မှုမှ အလုပ်အကိုင် မရခဲ့ဖူးတဲ့ ကျွန်တော့်အဖို့ ဆီနဲ့ဝင်းဝင်း အခွင့်အရေးကြီး တစ်ခုပေပဲ။ ဟေဒင်နှင့် ကာရှူသာမှာ အနောက်ကမ်းခြေတွင် ထိပ်တန်း ဗိသုကာကုမ္ပဏီကြီး ဖြစ်သည်။

'ဒါ ဘယ်လိုလုပ်ပြီး သိတာပါလဲ မစ္စက်ဟေဒင်'

'သိတာပေါ့ကွယ်၊ တို့များက ကုမ္ပဏီထဲမှာ ရှယ်ယာအများဆုံး ထည့်ထားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျွန်တော်တစ်ခု မေးပါရစေ၊ အခါအခွင့်သင့်ရင် ဆိုတာကို မစွက်ဟောင် ဘယ်လို သဘောထားပါသလဲ'

တည်ငြိမ်သော၊ တောက်ပသော မျက်လုံးများဖြင့် တံခါးဝကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်ပြီး-

'အဲဒီအဖြေကို ဗိုလ်မှူး သိပြီးလောက်ပြီ ထင်ပါတယ်လေ'

ထိုစဉ်တွင် နီရာ အခန်းထဲ ပြန်ဝင်လာသည်။

'နီရာ သိပ်မကြာပါဘူးနော် ဗိုလ်မှူး'

'မကြာပါဘူးဗျာ၊ မကြာပါဘူး'

'မမေနဲ့ ဟောဒီက ဗိုလ်မှူးကေရီနဲ့ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စလေးတွေကို ဆွေးနွေးနေကြတာ နီရာ'

နီရာက သူ့အမေကို စူးစမ်းသည့် မျက်လုံးများဖြင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်ကို ကျွန်တော် မြင်လိုက်၏။ အဘွားကြီးကို ငုံ့ကြည့်ပြီး လောကဝတ်စကား ကျွန်တော် ပြောလိုက်သည်။

'ညစာဝိုင်းအတွက် ကျေးဇူးတင်ပါတယ် မစွက်ဟောင်'

'နောင်လည်း လာပါ ဗိုလ်မှူး၊ တို့များပြောတဲ့ ကိစ္စလည်း ခေါင်းထဲ ထည့်ထားလေ'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျေးဇူးပါပဲ'

'ဝွတ်ဘိုင် ဗိုလ်မှူးကေရီ'

ကျွန်တော်နှင့် နီရာ အဘွားကြီးကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။ တံခါးဝရောက်မှ နောက်မှ လှမ်းပြောသံ ကြားရ၏။

'သမီး၊ သိပ်မကြာစေနဲ့နော်'

နံဘေးတွင် ယှဉ်ထိုင်နေသည့် သူ့ဆီမှ ရေမွှေးနံ့က သင်းကြိုင်နေ၏။ စိတ်ထဲ တစ်မျိုး ဖြစ်သွားသည်။ အလုပ်ကိစ္စအတွက် သွားရသည့် ရေမွှေးနံ့မျိုး မဟုတ်။

'ဘယ်ကို မောင်းရမလဲ ဟင်'

'လမ်းဘတ်လမ်း အောက်ပိုင်းကို သွားမှာပါ။ ဗိုလ်မှူးကေရီ လမ်းကြုံပါတယ်နော်'

'ကြုံပါတယ်'

သူက ကျွန်တော့်ဘက် တိုးကာ လက်မောင်းကို ကိုင်ပြီး-

'မေမေက နီရာ့အကြောင်းတွေ ပြောနေလားဟင် ဗိုလ်မှူး'

'ဟင့်အင်း မပြောပါဘူး၊ ဘာပြုလို့လဲ ဟင်'

ကျွန်တော်က အမှန်အတိုင်း ပြောလိုက်၏။

'ဘာမှ မပြုပါဘူး'

စကား ဆက်မပြောဖြစ်တော့ဘဲ နှစ်ယောက်သား ငြိမ်လိုက်လာခဲ့ကြသည်။

'ဗိုလ်မှူးပရက်စီဒီယိုကို ရှစ်နာရီခွဲအရောက် ပြန်ရမယ်ဆိုတာ မဟုတ်ဘူးမို့လား ဟင်'

'ဟုတ်တယ်၊ နီရာကော ချိန်းထားတဲ့ကိစ္စ ဖျက်လို့ မရဘူးလားဟင်'

သူ ခေါင်းယမ်းသည်။

'မရတော့ဘူး ဗိုလ်မှူး၊ သိပ်နောက်ကျသွားပြီ'

သူ တစ်ချက်တွေ စဉ်းစားနေသည်။ ပြီးမှ-



'မကောင်းဘူးလေ၊ ဗိုလ်မှူး နားလည်ပါတယ်နော်'

'အင်း . . စစ်စကားနဲ့ပြောရရင် အကျယ်ကြီး ကြားတယ်၊ ဖြတ်ဖြတ်သားသား ကြားတယ်ပေါ့'

သူက ကျွန်တော့်ကို ငဲ့ကြည့်ပြီး ပျာပျာသလဲ ပြောသည်။

'အဲဒီလို မဟုတ်ပါဘူး'

လမ်းထောင့်တစ်ခုတွင် မီးနီသဖြင့် ကျွန်တော် ရပ်လိုက်ရသည်။ သူ့ကို တစ်ချက် ငဲ့ကြည့်လိုက်၏။ မီးပွိုင့်အနီရောင်ကြောင့် နီရာ့တစ်ကိုယ်လုံး နီရဲကာ မီးလျှံမကလေး ဖြစ်နေ၏။

သူက လှမ်းမေးသည်။

'ဒါဖြင့် ခု ဘာဆက်လုပ်မလဲ'

'ဘာလုပ်ဖြစ်မယ် မသေချာပါဘူး၊ တရုတ်တန်းဘက်သွား အတွဲတစ်ယောက် ရှာဖြစ်မလားပဲ'

'အဲဒီနည်းနဲ့ ဖြေရှင်းမယ်ပေါ့'

မီးစိမ်းသွားသဖြင့် ကျွန်တော် ဆက်မောင်းသည်။

'ဒါပေါ့၊ ခုချိန်ထိတော့ ဒီနည်းပဲ အကောင်းရှိတာကိုး'

သူက ကျွန်တော့်လက်မောင်းကို တင်းတင်းဆုပ်လိုက်ပြီး-

'အဲဒီလိုပဲလား ဟင်'

'အမြဲတမ်းတော့ မဟုတ်ပါဘူး'

သူက ပို၍ တင်းတင်းဆုပ်လိုက်သည်။ ကျွန်တော့်လက်မောင်းတွင် လက်သည်းရာ ဝေ့ပါ ထင်ကုန်ပြီ ထင်၏။

'နီရာ ယောကျ်ားလေး ဖြစ်ချင်လိုက်တာ'

'ကိုယ်တော့ ဒီအတိုင်းပဲ သဘောကျတယ်'

'နောက်တွေ့ဦးမယ် မဟုတ်လားဟင်'

ကျွန်တော့် လက်မောင်းကို တိုးပြီး ဖိလာတော့ သူ့ရင်သားတင်းတင်းနှင့် ထိတွေ့ရသည်။ ကျွန်တော့်အထင် မှန်ပြီဟု သိလိုက်၏။ အလုပ်ကိစ္စအတွက် သက်သက် မဖြစ်နိုင်။

'တွေ့ဖြစ်မယ် မထင်တော့ပါဘူး'

'ဘာပြုလို့'

'ဘာကြောင့်ရယ်လို့ မဟုတ်ပါဘူး၊ တွေ့လည်း ဘာအကြောင်းထူးမှာ မှတ်လို့'

'နီရာ့အတွက် ထူးတယ်လေ၊ ကဲ . . ဘာပြောမလဲ'

ရင်ထဲမှာ ဒေါသမုန်တိုင်းငယ်လေးတစ်ခု ဖြစ်ပေါ်လာကြောင်း ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။ ထို့ကြောင့် ကျွန်တော့်အသံတွင် မိုးသက်လေပြင်းသံ စွက်သွား၏။

'ဒီကိစ္စကို ဒါလောက် စိတ်ဖင်စားရင် ဖြေပြေရာနေရာတွေ ဒီမြို့မှာ တစ်ဒါဇင်လောက် ရှိတယ်ဆိုတာ ကိုယ်သိတယ် နီရာ'

သူ့လက်ကို ရုတ်လိုက်သည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဝဲလာသည်ကို မြင်ရ၏။

'ကိုယ်တောင်းပန်ပါတယ် နီရာ၊ လူယဉ်ကျေးမှုနဲ့ ဝေးနေတော့ ယဉ်ယဉ်ကျေးကျေး မပြောဖို့ မေ့တွေတော့ ဖြစ်ကုန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'မတောင်းပန်ပါနဲ့၊ နီရာ အဲဒီလို ပြောခံသင့်ပါတယ်၊ အဲဒီလမ်းကို ချီးပေးနော်၊ ရှေ့နားမှာတင်ပဲ'

ကားကို ကျွန်တော် ချိုးကွေ့ပေးလိုက်သည်။

'တပ်ကို မပြန်ရသေးပါဘူးနော်၊ သုံးရက် ကျန်သေးတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'လာခဲ့ဦးမယ် မဟုတ်လားဟင်'

'မလာတော့ဘူး နီရာ၊ လာဂျီလာကို သွားပြီး ငါးမျှားမလို့'

'နီရာ လိုက်ခဲ့မယ်လေ'

'မကောင်းပါဘူး နီရာ'

'ဘာလဲ ချိန်းထားပြီးသား ရှိနေလို့လား'

ကျွန်တော်က ရယ်ပြီး-

'မရှိပါဘူး'

'ဒါဖြင့် ဘာပြုလို့'

'ဘာပြုလို့ ဆိုတော့ ကိုယ်က စစ်မြေပြင်ကို ပြန်သွားရဦးမှာမို့ပေါ့'

ကျွန်တော်က ခါးခါးသီးသီးလေသံဖြင့် ဆက်ပြောသည်။

'ဘာပြုလို့လဲဆိုတော့ ဘာအနှောင်အဖွဲ့မှ မထားချင်လို့ပေါ့၊ မနက်ဖြန်အတွက် ဘာမှ မစဉ်းစားချင်လို့ပေါ့၊ မနက်ဖြန်တွေ ဆုံးရှုံးသွားတဲ့ ရဲဘော်ရဲဘက်တွေ အများကြီးလေ'

'ဒါဖြင့် ကြောက်နေတဲ့ သဘောပေါ့'

'သောက်ရမ်း မှန်တာပေါ့၊ ကြောက်ပါတယ်လို့ ပြောပြီးသားလေ'

မျက်ရည်ဥတွေ သူ့ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြသည်။ သူ့ပခုံးပေါ်ကို လက်တစ်ဖက် လှမ်းတင်လိုက်ပြီး ညင်ညင်သာသာ ပြောလိုက်သည်။

'ဒီမယ် နီရာ၊ စစ်ကြီးအတွင်းမှာ အားလုံး နေမြင်ညပျောက်တွေချည်းပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်. . အဲ. . စစ်ကြီးပြီးသွားလို့ မသေရင်ပေါ့လေ'

သူက ကြားဖြတ်ပြီး. . .

'ဒါနဲ့ စောစောက ပြောတော့ သုံးကြိမ်ဆက် ကံကောင်းတဲ့လူ မရှိဘူးဆို'

'ဒါက စကားအဖြစ် ပြောတာပါကွာ'

ကျွန်တော် ဝန်ခံလိုက်ရသည်။

'ဒါဆို နောက်ဘယ်တော့မှ မတွေ့ဘူးလို့ ယုံကြည်နေတဲ့ သဘောလား'

သူ့အသံတွင် ကြေကွဲသံ ပါနေသည်။

'အင်း မင်းတို့ ကိုယ်တချည်း တောင်းပန်နေရတာပါလား၊ ကိုယ် စိတ်မကောင်းပါဘူး နီရာ'

ကားပေါ်မှ ဆင်းပြီး သူ ကျွန်တော့်ကို စိုက်ကြည့်နေသည်။

'နှုတ်ဆက်တာ နီရာ ဝါသနာမပါဘူး'

ကျွန်တော် ဘာမှ ပြန်မပြောနိုင်မီ သူ ပြေးထွက်သွားသည်။ နောက်ကို တစ်ချက်မှ လှည့်မကြည့်တော့။ စီးတရက်တစ်လိပ် ထုတ်ညှိပြီး အသာစောင့်ကြည့်နေလိုက်သည်။ အခန်းတံခါးကို လူတစ်ယောက် ထွက်ဖွင့်ပေးပြီး သူ့ကို အထဲသွင်းလိုက်သည်။



ဟိုတယ် ပြန်ရောက်တော့ မနက် သုံးနာရီ ထိုးနေပြီ။ တံခါးအောက်တွင် စာရွက်ခေါက်ကလေးတစ်ခု ရောက်နေ၏။

**မနက်ဖြန် မနက် လာခဲ့ပါ။ ဆက်ဆွေးနွေးစရာတွေ ရှိသည်။**

**စီစီလီယာဟောဒင်**

ဟု လက်မှတ်ထိုးထား၏။ စိတ်တိုတိုနှင့် စက္ကူစကလေးကို လုံးထွေး ပြီး အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်သည်။ နောက်တစ်နေ့တွင် လာဂျီလာကမ်းခြေသို့ ကျွန်တော် ထွက်ခဲ့၏။

နောက်တစ်ပတ်အတွင်း ဩစတြေးလျ စစ်မြေပြင်သို့ ထွက်ခဲ့ရသည်။ ထိုနေ့က ဗာဘွားကြီး ကျွန်တော့်ကို တစောင့်စောင့် ဖြစ်နေမှာပဲဟု တွေးမိတိုင်း ကျွန်တော် ကြိတ်ပျော်နေမိ၏။

စီစီလီယာ ဟောဒင် မစောင့်နိုင်သည့် ကိစ္စရပ်များ ရှိလေသည်။ နောက်တစ်နေ့တွင် ဆမ်ကောဝင်းကို ခေါ်တွေ့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

'ကျွန်တော် သိပ်နောက်မကျပါဘူးနော် မစ္စက်ဟေဒင်'

ဆမ်ကောဝင်းက အခန်းထဲကို ဝင်လာရင်း ပြောလိုက်သည်။

'မကျပါဘူး မစ္စတာကောဝင်း၊ ထိုင်ပါ'

စီစီလီယာဟေဒင်က သံပြတ်နှင့် ပြောသည်။ ဆမ်က ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ပြီး အမျိုးသမီးကြီးကို အကဲခတ်နေသည်။ သူ့ကို တွေ့ချင်သည်ဆိုသည့် သတင်းရချိန်မှစပြီး ဘာကိစ္စများပါလိမ့်ဟု ဆမ်း စဉ်းစားမရ ဖြစ်နေ၏။

အဘွားကြီးက နိဒါန်းမပျိုးဘဲ. . .

'အီလီယိုဖီယံ ဆုပေးပွဲမှာ နီရာ့ အခြေအနေ ကောင်းနေတယ်၊ ပဏ္ဍာမရွေးတဲ့အထဲမှာ ပါတယ် မစ္စတာကောဝင်း'

- အဘွားကြီးကို ဆမ်ကောဝင်း ပိုလေးစားသွားသည်။ အမေရိကန်တွင် အဆင့်မြင့်ဆုံး ရွေးစင်ရုပ်တု ဖြစ်၍ ကောလာဟလတွေ အမြဲထွက်နေတတ်သည်။ အလွန်လျှို့ဝှက်စွာ ရွေးချယ်သည့်ဆု ဖြစ်၏။ လုံးဝပေါက်ကြားလေ့ မရှိ။ သူကိုယ်တိုင် မသိသေးပါလျက် သည်အဘွားကြီး ဘယ်လိုလုပ် သိပါလိမ့်။

'ဘယ်လို သတင်းရတာပါလဲ မစ္စက်ဟေဒင်'

'ဘယ်လို ရတယ်ဆိုတာ အကြောင်း မဟုတ်ပါဘူးလေ၊ အရေးကြီးတာက တို့သိနေပြီဆိုတဲ့ အချက်ပဲ မဟုတ်လား'



'ကောင်းပါတယ် ခင်ဗျာ၊ နီရာ့အတွက် ကျွန်တော် သိပ်ဝမ်းသာပါတယ်၊ သူ ရမှာပါ။ မျှော်လင့်၊ ရသင့်ပါတယ်။'

'ဒါကြောင့် မစ္စတာကောဝင်းကို တို့ တွေ့ချင်တာပေါ့၊ နီရာ ကိန်းသေရမယ်ဆိုတာမျိုး တို့ လိုချင်တယ်'

ဆမ် ဘာမှ ဝင်မပြောဘဲ အဘွားကြီးကို စိုက်ကြည့်နေသည်။

မစ္စက်ဟေဒင် စကားဆက်သည်။

'ငွေရှိတာဟာ တစ်ခါတစ်ခါ ကြောက်စရာကောင်းလောက်အောင် သာရည်ရှိတယ်၊ အထူးသဖြင့် အနုပညာလောကမှာပေါ့၊ နီရာ့မှာ ငွေအတွေ အများကြီးရှိတယ် မစ္စတာကောဝင်း၊ ဆုကို ရအောင် လုပ်ပေးချင်တယ်'

'ဒါတော့ မဖြစ်နိုင်ပါဘူး မစ္စက်ဟေဒင်။ အကဲဖြတ်လူကြီးအားလုံးဟာ တကယ့်ပညာရှင်ကြီးတွေချည်းပဲ၊ ပညာရပ်ပိုင်းဆိုင်ရာကို သူတို့ လုံးဝ အထိပါးမခံကြဘူး'

'လောကမှာ တစ်စုံတစ်ရာအတွက်တော့ ဘက်လိုက်ကြတာချည်းပဲ၊ ဘက်မလိုက်တဲ့ လူဆိုတာ မရှိနိုင်ပါဘူး'

အဘွားကြီးက သေချာပေါက်လေသံဖြင့် ဆက်ပြောသည်။

'ဒီနေ့ ပန်းချီ ပန်းပုလောကကို တို့ မြင်သလောက်တော့ ကွန်မြူနစ် အတွေးအခေါ်တွေ ဝင်နေတယ်၊ အနီရောင်တွေ လွှမ်းနေတယ်၊ သူတို့ အုပ်စုထဲက မဟုတ်ရင် ဘူဇွာလောက အမြင်ဆိုတဲ့ ဆိုင်းဘုတ်တပ်ပြီး ပယ်ချနေကြတယ်'

'မစ္စက်ဟေဒင် သိပ်တစ်ဖက်စွန်း ရောက်သွားသလားလို့'

အမျိုးသမီးကြီးက ဆမ်ကောဝင်းကို တည့်တည့်ကြည့်ပြီး. . .

'ဟုတ်လား၊ ကဲ ဒါဖြင့် ဆုကြီးတွေမှန်သမျှ အဲဒီအုပ်စုကချည်း ယူနေတာ ဘယ်နှနှစ်ရှိပြီလဲ၊ သူတို့အသိုင်းအဝိုင်းထဲက မဟုတ်တဲ့ ပညာရှင်တွေ မရတာ ဘယ်လောက်ကြာပြီလဲ၊ ပြောစမ်းပါဦး'

ဆမ် ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်နေသည်။ မှန်သင့်သလောက် မှန်နေသည်ကိုး။

'ဟုတ်ကဲ့၊ အဲဒါကို မစ္စက်ဟေဒင်နဲ့ ကျွန်တော် သဘောတူနိုင်တယ်ထား၊ 'အီလီယိုဖီယံ' ကိုတော့ ငွေနဲ့ဝယ်လို့ မရနိုင်ဘူးခင်ဗျ၊ ကျွန်တော်တော့ ဘာမှ လုပ်လို့ရမယ် မထင်ဘူး'

'အဲဒါ သိပါတယ်လေ၊ ဒါပေမဲ့ ဘယ်သူဖြစ်ဖြစ် ဩဇာအာဏာလွှမ်းမိုးမှုအောက်က လွတ်မထွက်နိုင်ကြပါဘူး၊ ဒါက တို့နှစ်ယောက်လုံး သိပြီးသားပဲ၊ အကဲဖြတ်လူကြီးတွေလည်း မျှော်လင့်၊ လူသားတွေပါပဲ မစ္စတာကောဝင်း'

'ဒါဆို ကျွန်တော်တို့ ဘယ်က စမလဲ'

'အဲဒီ လူကြီးတွေကို ပြောရေးဆိုခွင့်ရှိဖို့ဆိုတာ တော်တော်ဩဇာရှိဖို့ လိုလိမ့်မယ် မစ္စတာကောဝင်း'

'တစ်နေ့က ဘီလ်ဟားရက်စ်နဲ့တော့ ဆွေးနွေးပြီးပြီ၊ သူကတော့ ဒီဆုဟာ နီရာနဲ့ အတိုက်တန်ဆုံးလို့ ထင်နေတယ်၊ နီရာ ရမယ်ဆိုရင် အမေရိကန်တစ်မျိုးသားလုံး ဂုဏ်ယူစရာ ဖြစ်လာလိမ့်မယ်တဲ့'

ဆမ် သေသေချာချာ စဉ်းစားရတော့မည်။ ဒီသတင်း ဘယ်က ထွက်လာသည်ကို အစောကြီး သိဖို့ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟားရက်စ်ကို ကျွန်တော်တို့ ရပြီထားပါတော့၊ နောက် ဘယ်သူတွေ ရနိုင်ဦးမလဲ'

'မစ္စတာကောဝင်းရဲ့ မိတ်ဆွေ ပါမောက္ခဆရာဘဲလ်ပါ ရမှာပေါ့၊ ဟားရက်စ် တာတီမက်ကောမစ်ကို ချီကာဂိုမှာ ဆွေးနွေးပြီးပြီ၊ သူလည်း တော်တော်စိတ်ဝင်စားနေတယ် တခြား လူတွေလည်း ရှိဦးမှာပါ။

'အဲဒီကိစ္စ မစ္စတာကောဝင်း ခေါင်းထဲ ထည့်ထားလိမ့်မယ်လို့ တို့ ယုံကြည်တယ်လေ'

'ဟုတ်ကဲ့၊ လုပ်စရာတွေက တော်တော်များများ ရှိလိမ့်မယ်၊ ခု ဖေဖော်ဝါရီ ဆိုတော့ သုံးလပဲ ကျန်တော့တယ်၊ ဆိုက မေမှာ ကြေညာမှာလေ၊ အင်း. . အချိန်မှ ရပါတော့မလား မသိဘူး'

အဘွားကြီးက စာရွက်တစ်ရွက်ကို လှမ်းယူပြီး ငုံ့ကြည့်သည်။

'မစ္စတာကောဝင်းရဲ့ သတင်းစာတိုက်ကရတဲ့ လခက လေးထောင့်ငါးရာ၊ မဂ္ဂဇင်းတွေမှာ ဝေဖန်ရေးဆောင်းပါးတွေက ပျမ်းမျှ ဒေါ်လာ နှစ်ထောင်လောက်ဆိုတော့. . .'

ခဏရပ်ထားပြီး ဆမ်ကောဝင်းကို လှမ်းကြည့်သည်။

'ဘာမှလည်း သိပ်မရဘူးနော်၊ ဟုတ်လား မစ္စတာကောဝင်း'

'ဟုတ်ကဲ့၊ သိပ်မရပါဘူး'

'ဒါပေမဲ့ အဆင့်အတန်းမြင့်မြင့်တော့ နေတတ်တယ်နော်၊ အင်း. . ကောင်းကောင်းနေ၊ ကောင်းကောင်းစားချင်တော့လည်း ဘယ်လောက်ပဲ့မလဲ၊ နောက်ပိုင်းမှာ တစ်နှစ်ကို ဒေါ်လာ သုံးထောင်လောက်တောင် ကြွေးတင်နေသေးတယ် ဟုတ်စ'

ဆမ် ပြုံးသည်။

'ကြွေးကိစ္စတော့ ကျွန်တော် သိပ်မပူပါဘူး'

'သိတယ်လေ၊ တို့ သဘောပေါက်သလောက်တော့ ငွေ သိပ်များလာရင် ဘယ်တော့မှ ငွေနဲ့ မချေရဘူး၊ တုံ့ပြန်မှုတစ်ခုခုနဲ့ ပေးချေရတယ်၊ မစ္စတာကောဝင်းရဲ့ တစ်နှစ်ဝင်ငွေက ဒေါ်လာတစ်သောင်းလောက် မှန်းရင် သိပ်ကွာမယ် မထင်ဘူး'

ဆမ် ခေါင်းညိတ်သည်။

'ဟုတ်ကဲ့ သိပ်မကွာပါဘူး'

စာရွက်ကို အံဆွဲထဲ ပြန်ထည့်ပြီး. . .

'နိုရာ ရရှိရေးမှာ မစ္စတာကောဝင်း အကူအညီပေးရတဲ့အတွက် ဒေါ်လာတစ်သောင်း ပေးဖို့ တို့များ လျာထားတယ်ကွယ်၊ တကယ်လို့ အီလီယိုဗီယံဆုကို သမီးရသွားပြီဆိုရင် မင်းနဲ့ တို့နဲ့ ဆယ်နှစ်စာချုပ် ချုပ်မယ်၊ တစ်နှစ်ကို ဒေါ်လာ နှစ်သောင်း ပေးမယ်၊ နောက်ထပ် နိုရာ ဝင်ငွေလည်း ရဦးမယ်၊ အသားတင် ဝင်ငွေထဲက မဟုတ်ဘူးနော်၊ အကြမ်းငွေတွေထဲက ပေးမှာ'

ဆမ် အပြေးအလွှား စိတ်တွက် တွက်နေသည်။ လက်ရှိ ထုတ်လုပ်မှုနှုန်းအတိုင်းဆိုလျှင် နိုရာ အကြမ်းဝင်ငွေမှာ ဒေါ်လာ ငါးသောင်းမှ တစ်သိန်းအထိ သေချာသည်။

'ငါးဆယ်ရာခိုင်နှုန်း လုပ်ပါ မစ္စက်ဟောဒင်'

အဘွားကြီးက ခပ်သွက်သွက် တုံ့ပြန်သည်။

'နှစ်ဆယ့်ငါးထား၊ သမီးက ပြခန်းစရိတ်တွေဘာတွေ ကုန်ဦးမှာလေ'



'ခဏလေးနော် မစ္စက်ဟောဒင်၊ သိပ်မြန်လွန်းနေတော့ ကျွန်တော် မတွက်တတ်အောင် ဖြစ်နေတယ်၊ ကျွန်တော် သဘောပေါက်သလို ပြန်ပြောပါရစေနော်၊ နိုရာ ဆုရရှိရေးအတွက် မစ္စက်ဟောဒင်က ကျွန်တော့်ကို သတင်းစာသမားတစ်ယောက်အနေနဲ့ ငှားတယ်'

'မှန်တယ် မစ္စတာကောဝင်း'

'နိုရာ ဆုရသွားရင် ကျွန်တော့်ကို ၁၀ နှစ်အတွက် ကိုယ်စားလှယ် ဒါမှမဟုတ် မန်နေဂျာ ခန့်ဖို့ စာချုပ် ချုပ်မယ်၊ အဲဒီအတွက် ကျွန်တော် တစ်နှစ်ကို ဒေါ်လာ နှစ်သောင်းနဲ့ ဝင်ငွေပေါ်မှာ ၂၅ ရာခိုင်နှုန်းရမယ်'

မစ္စက်ဟောဒင် ခေါင်းညိတ်သည်။

'သူ ဆုမရဘူးဆိုရင်ကော'

'စာချုပ် ချုပ်ဖို့ မလိုတော့ဘူးပေါ့ မစ္စတာကောဝင်း'

'ဒါပေါ့၊ ဒါပေါ့'

ဆမ်က အမျိုးသမီးကြီးကို လေးနက်သည့်အကြည့်မျိုးဖြင့် ကြည့်ပြီး. .

'ကျွန်တော်တို့ စာချုပ် ချုပ်ကြမယ်ဆိုရင် အာမခံချက်ကို ဘယ်သူက ပေးမှာလဲ မစ္စက်ဟောဒင်'

'နိုရာပေါ့'

'တကယ်လို့ ထင်ထားသလောက် သူ့ဝင်ငွေ မရဘူးဆိုရင်ကော ခင်ဗျာ'

အဘွားကြီးက ပြုံးပြီး. . .

'ဒါကိုတော့ သမီးအနေနဲ့ စိတ်ပူမယ် မဟုတ်ဘူး၊ နိုရာဟာ သုံးမကုန်၊ ဖြုန်းမကုန်အောင် ချမ်းသာတဲ့ မိန်းကလေးပဲ၊ တစ်နှစ် တစ်နှစ် သူ ရတဲ့ မိသားစုထောက်ပံ့ငွေက တစ်သိန်းကျော်တယ်'

မစ္စက်ဟောဒင်ကို ဆမ် စိုက်ကြည့်သည်။ နိုရာ ချမ်းသာမှန်း ဆမ် သိသော်လည်း သည်မျှ ချမ်းသာလိမ့်မည်ဟုတော့ မထင်ခဲ့။

'တစ်ခု သိချင်ပါသေးတယ် မစ္စက်ဟောဒင်၊ ဒီအကြောင်းတွေ နိုရာနဲ့ တိုင်ပင်ပြီးသားလား'

အဘွားကြီးက ခေါင်းညိတ်ပြီး-

'ဒါပေါ့၊ သူ သဘောမတူဘဲ ဆွေးနွေးလို့ ဘယ်ဖြစ်မလဲ'

ဆမ် သက်ပြင်းချသည်။ သည်ကိစ္စ ကြိုသိနေသင့်သည်ပေါ့။ မမေးဘဲ မနေနိုင်သဖြင့်

'ဒါဆို သူကိုယ်တိုင် ကျွန်တော့်ကို ဘာဖြစ်လို့ မပြောတာပါလိမ့်'

'နိုရာ တွက်တာက ဒီလိုလေ၊ ဒီဆွေးနွေးပွဲ မအောင်မြင်ရင် မစ္စတာကောဝင်းနဲ့ သူ့ကြားက ရှိလက်စ ဆက်ဆံရေး ပျက်မသွားစေချင်ဘူးတဲ့'

'ဩော်'

ဆမ်က ခေါင်းညိတ်ပြီး အိတ်ထဲမှ ဆေးတံကို ထုတ်ကာ ပါးစပ်တွင်တပ်ရင်း အတွေးနက်နေသည်။

'ကျွန်တော်က လက်ခံရင် ကိစ္စအားလုံး ပြီးမယ်လို့ သားအမိနှစ်ယောက်စလုံး ထင်နေကြသလား၊ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နီရာက မစ္စတာကောဝင်းရဲ့ အရည်အချင်းကိုရော ထက်မြက်မှုကိုပါ ယုံကြည်တယ်လေ'

'ကောင်းပါပြီ၊ ကျွန်တော် လက်ခံပါတယ် မစ္စက်ဟောဒင်'

'နီရာတော့ ဝမ်းသာမှာပဲ'

'သူ ဘယ်မှာပါလိမ့်၊ လုပ်စရာတွေ အများကြီး ရှိလိမ့်မယ် မစ္စက်ဟောဒင်'

'သူ့ပန်းပုခန်းထဲမှာ ရှိပါလိမ့်မယ်၊ ချားလ်စ်ကို ခေါ်ခိုင်းလိုက်ပါ့မယ်'

ခလုတ်နှိပ်လိုက်သည်နှင့် ဘဏ္ဍာစိုးကြီး အခန်းဝရောက်လာသည်။ နီရာကို အခေါ်ခိုင်းလိုက်ရင်း အလွန်နူးညံ့ပျော့ပျောင်းပြီး တွေးတွေးဆဆ ပြောသည့်လေသံဖြင့်-

'တို့များလည်း ဝမ်းသာနေတယ် မစ္စတာကောဝင်း၊ မိခင်တစ်ယောက်အပြင် အခြားတစ်ယောက်ကပါ နီရာ့အနားမှာ ရှိပြီး စောင့်ရှောက်ဖော်ရတဲ့အတွက်လေ'

'ကျွန်တော် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပါ့မယ် မစ္စက်ဟောဒင်'

'ယုံပါတယ် မစ္စတာကောဝင်း၊ သမီးလုပ်သူကို အရာခပ်သိမ်း နားလည်တဲ့ အမေမို့လို့ ဟန်မဆောင်ပါဘူး၊ သူက ဘာမဆို ဆန္ဒပြင်းအားကြီးတယ်၊ သူ လုပ်သမျှတွေအားလုံး တို့များ မထောက်ခံပါဘူး မစ္စတာကောဝင်း'

ဆမ်က ဘာမှ မပြောဘဲ အဘွားကြီးကိုငေးကြည့်ကာ ဆေးတံကိုသာ ဖိဖွာနေသည်။ နီရာ့အကြောင်းကို မအေကြီးက ဘယ်အတိုင်းအတာထိများ သိထားပါလိမ့်။ နောက်ဆုံးစကားအရ ဆိုရင်တော့ တော်တော်များများ သိထားပုံပဲ။ အဘွားကြီးက တောင်းပန်သလို လေသံဖြင့် စကားဆက်သည်။

'အမေတစ်ယောက်အနေနဲ့ တို့များက သိပ်ရှေးဆန်နေလို့လားတော့ မသိဘူး၊ နီရာဟာ တစ်ခါတလေ ဘယ်လိုပြောရမလဲ၊ လောကနီတိကို လုံးဝထည့်မစဉ်းစားဘူးလို့ ထင်တယ်'

ဆမ်က အဘွားကြီးကို သေသေချာချာကြည့်ရင်း-

'ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ မစ္စက်ဟောဒင်'

အဘွားကြီး ခေါင်းညိတ်သည်။

'ကျွန်တော့်အနေနဲ့ နီရာ့ကို ကာကွယ်နေတာလည်း မဟုတ်ဘူး၊ ရှုတ်ချနေတာလဲ မဟုတ်ဘူး ဆိုတာ သဘောပေါက်စေချင်ပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်စလုံး ခုပြောနေတဲ့ ကိစ္စကို ကျေကျေညက်ညက် နားလည်ကြဖို့ လိုလိမ့်မယ် ထင်ပါတယ်'

သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး အကဲခတ်နေကြသည်။

'ဆက်ပြောပါ မစ္စတာကောဝင်း'

'နီရာဟာ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူး မစ္စက်ဟောဒင်၊ သိပ်အသိဉာဏ် ထက်မြက်တယ်၊ ပါရမီရှင်လို့တောင် ကျွန်တော် ပြောချင်တယ်၊ တစ်ပြိုင်တည်းမှာ သိပ်စိတ်လှုပ်ရှားလွယ်တယ်၊ ခံစားမှု သိပ်ပြင်းထန်တယ်၊ ပြီးတော့ လူတွေအတွက် အရက် အမြဲလိုသလို သူ့အတွက် အချစ် အမြဲလိုနေတယ်'

'နီရာဟာ ကာမသောင်းကျန်းတဲ့ မိန်းကလေးလို့ ယဉ်ယဉ်ကျေးကျေး ပြောနေတာလား မစ္စတာကောဝင်း'

'မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်တော် အဲဒါကို ဆိုလိုတာ မဟုတ်ဘူး မစ္စက်ဟောဒင်'

ဆမ် စကားလုံးရွေးနေသည်။ သေသေချာချာ ရွေးရသည်။



'နီရာဟာ ပန်းပုပညာရှင်တစ်ယောက်နော်၊ ရမ္မက်ကဏ္ဍဟာ သူ့အတွက် အနုပညာ ဓာတ်အားတွေ ရနိုင်တဲ့ နေရာလို့ သူ ယုံနေတယ်၊ ကျွန်တော့်ကို တစ်ခါပြောဖူးတယ်၊ ဒါမှ လူတွေအကြောင်း ပိုပြီး နားလည်သထက် နားလည်လာမှာပေါ့တဲ့'

အဘွားကြီးက သူ့ကို စောင့်ကြည့်နေဆဲ။

'နီရာနဲ့ မစ္စတာကောဝင်း. .'

မေးခွန်းကို အဆုံးမသတ်ဘဲ မေးသည်။ ဆမ်က အဘွားကြီးကို ပြန်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

မစ္စက်ဟောဒင် သက်ပြင်းချသည်။ မျက်လွှာချပြီး-

'ခုလို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာကောဝင်း၊ မင်းတို့ချင်း ပုဂ္ဂိုလ်ရေးကိစ္စကို ဝင်မစွက်ပါဘူး'

'နောက်ဆုံး သူ ကျွန်တော့်အခန်းကို ရောက်လာတဲ့အခေါက်ကမှ သူ့အကြောင်း ကျွန်တော် ပိုနားလည်သွားတာ ကြာတော့ ကြာပါပြီ'

'လွန်ခဲ့တဲ့ ခြောက်လလောက်က မဟုတ်လား၊ သူ ပထမဆုံး ပြပွဲလုပ်တုန်းကလေ'

ဆမ် ခေါင်းညိတ်ပြန်သည်။

'စိတ်ဓာတ်အကျကြီးကျပြီး ကျွန်တော့်ဆီ ရောက်လာတယ်၊ ငိုလို့ချည်း နေတယ်၊ သူ့ကို လိုက်ပို့တဲ့ ဗိုလ်မှူးကလေးက သူ့ကို ထိခိုက်အောင် လုပ်လိုက်တယ်ဆိုပဲ'

'ဗိုလ်မှူးကေရီလေ၊ သူက လူတော်ကလေးပါ'

'ဘာကြောင့်လဲတော့ မသိဘူး၊ တစ်နည်းနည်းနဲ့ နီရာ စိတ်ထိခိုက်အောင်လုပ်လိုက်ကာတော့ အမှန်ပဲ မစ္စက်ဟောဒင်၊ ခဏပဲ နေပြီး သူ့ကို ကျွန်တော် တက္ကစီတစ်စီးနဲ့ ပြန်ပို့လိုက်ရတယ်'

'အင်း. . မှတ်မိတယ်၊ ဘာလို့ အစောကြီး ပြန်လာပါလိမ့်ဆိုပြီးတော့တောင် တို့များ အံ့ဩနေမိသေးတယ်၊ တစ်ခု မေတ္တာရပ်ခံချင်တယ် မစ္စတာ ကောဝင်း'

'အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော် တတ်နိုင်သမျှ ဆောင်ရွက်ပါ့မယ်'

'မစ္စတာကောဝင်းကို နီရာ သိပ်လေးစားပါတယ်၊ သမီးလေး ဒုက္ခမရောက်အောင်တော့ စောင့်ရှောက်ပါ'

'ကျွန်တော်တို့အားလုံးအတွက် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်ခင်ဗျာ'

'ကျေးဇူးပါပဲ မစ္စတာကောဝင်း' ဟုပြောပြီး ပင်ပန်းသွားသည့် အမူအရာဖြင့် ကုလားထိုင်နောက်တွင် မှီကာ မျက်တောင်ကို မှေးစင်းလိုက်သည်။

'တစ်ခါတစ်ခါ စဉ်းစားမိတယ်၊ သူ့ကို လက်ထပ်ပေးလိုက်ရင် ကောင်းမလားလို့၊ သူ ပြောင်းလဲသွားမယ် ထင်တယ်'

'ဟုတ်ကဲ့၊ ဖြစ်နိုင်ပါတယ်'

သို့သော် ဆမ် စိတ်ထဲက သိနေ၏။ နီရာလို မိန်းကလေးမျိုးက ယောကျ်ား ပေးစားသည်၊ အကြောင်းထူးမည် မဟုတ်။ နီရာ ရောက်လာသည်အထိ ငြိမ်နေကြသည်။

'မစ္စတာကောဝင်းက မေမေတို့ ကမ်းလှမ်းချက်ကို လက်ခံတယ် နီရာ'

မအေကြီးလုပ်သူက သမီးလုပ်သူကို ဆီးပြောသည်။ နီရာက လက်တမ်းပေးရင်း-

'ကျေးဇူးတင်ပါတယ် ဆမ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးလူမတင်နဲ့ဦး အမိ ပြီးမှ နောင်တရနေဦးမယ်'

'မပူပါနဲ့ နီရာလည်း ကြိုးစားမှာပေါ့'

'ကောင်းပြီလေ'

ဆမ်ကောဝင်း၏ အသံ ချက်ချင်းပြောင်းသွားသည်။ သံပြတ်နှင့် အလုပ်သဘောဆန် လာသည်။

'ခု ဘာကိုင်နေသလဲ'

'အာလင်းရဲ့ပြခန်းမှာတင်ဖို့ လုပ်နေတာ ပြီးတော့မယ်၊ ဧပြီလထဲမှာ ပြဖို့လေ'

'အဲဒါ ဖျက်လိုက်ပါ'

'အလို . . ဘာဖြစ်လို့လဲ ဆမ်'

'အချိန်မရတော့ဘူး'

'ဒါပေမဲ့ နီရာ ကတိပေးထားပြီးပြီ'

'အဲဒီကတိကို ဖျက်လိုက်ပေါ့'

ဆမ်က ခပ်တင်းတင်း ပြောပြီး အဘွားကြီးကို လှမ်းကြည့်လိုက်သည်။

'နီရာနဲ့ ကျွန်တော် နယူးယောက်ကို သွားရလိမ့်မယ်၊ ဒေါ်လာတစ်သောင်းတန် ချက်တစ်စောင် ထုတ်ပေးပါ မစ္စက်ဟေဒင်'

'နယူးယောက်ကို ဟုတ်လား ၊ ဘာအတွက်လဲ ဆမ်'

အဘွားကြီးကပါ ဆမ်ကောဝင်းကို နားမလည်သလို ကြည့်နေသည်။

'အာရွန်စကာစီနဲ့ သွားတွေ့ပြီး ဟိုမှာ ပြပွဲလုပ်ဖို့ စီစဉ်မယ်'

'ဟာ. . ဒါတော့ မဖြစ်နိုင်ဘူး ဆမ်'

နီရာ ပျာပျာသလဲ ငြင်းသည်။

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ နီရာ'

'အာလင်းနဲ့ နီရာ တွဲလုပ်လာတာ ကြာပြီလေ၊ ချက်ချင်း ခွဲသွားလို့ ဘယ်ကောင်းမလဲ၊ နီရာ့အပေါ်မှာ သူ့ကျေးဇူးတွေ ရှိတယ်'

'မတတ်နိုင်ဘူး ထားခဲ့ရမှာပဲ၊ အာလင်းက မင်းအပေါ်မှာ ကောင်းခဲ့တယ် ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ မြို့ငယ်လေးက ဆိုင်ငယ်ကလေးရဲ့ ပန်းပုဆိုင်ပိုင်ရှင်ပါ၊ မင်းကြောင့် သူ့ဆိုင် ပိုရောင်းကောင်းလာတာ နီရာ၊ အာရွန်စကာစီက တစ်ကမ္ဘာလုံး အသိအမှတ်ပြုထားတဲ့ ပန်းပုကုန်သည်ကြီး၊ ပန်းချီကားပွဲစားကြီး၊ မင်း လိုချင်နေတဲ့ ဆုရဖို့အတွက် သူ့ပြတိုက်မှာ ပြပွဲ တစ်ခါလောက် လုပ်ဖို့လောက် ဘာမှ အရေးမကြီးဘူး'

'သူ့ပြတိုက်မှာ လုပ်ခွင့်ရပါ့မယ်လို့ ဘယ်သူ ပြောနိုင်မလဲ'

ဆမ်က ခပ်အေးအေး ပြန်ပြောသည်။

'ပြောနိုင်တာပေါ့၊ မင်းရဲ့ ဒေါ်လာတစ်သောင်းတန် ချက်က ပြောလိမ့်မယ်လေ'

* * *

သည်ကဏ္ဍက ကျွန်တော် ပစီဖိတ်ဒေသသို့ ရောက်နေစဉ် ကာလ။

ကျွန်တော်သည် ဆမ်းမားဆက်မောင်၏ ဇာတ်လိုက်တစ်ယောက် ဖြစ်သင့်သူ ဖြစ်ပါ၏။ အပူပိုင်းဝုံမှ မုတ်သုံသစ်တောထဲသို့ ခွေးတစ်လုံးလုံးနှင့် ရောက်နေသည့် လူဖြူတစ်ယောက်။



မိုးမနသည့် အချိန်တွေကို အသားညိုမကလေးများကြားတွင်ကုန်လွန်စေရင်း ဆွေမျိုးမေ့နေသည့် လူဖြူတစ်ယောက်။

ကျွန်တော့်ဘဝက ဤသို့ မဟုတ်ပါချေ။ သစ်တော မှားပြီးများ ရောက်နေသလား မသိ။ ဆမ်းမားဆက်မောင်၏ ဇာတ်လိုက်နှင့် တခြားစီ။ မောရက်စ်ဘီဆိပ်ကမ်း၏ မြောက်ဖူးစူ၊ သစ်တောထဲမှ လေယာဉ်ကွင်းထဲတွင် နေရသည်။ ချမ်းလိုက်သည်မှာ အရိုးခိုက်နေ၏။ ဖမန္တထည် ဘယ်လောက်ထပ်ထပ် အကြောင်းမထူး။ သွားချင်းရိုက်နေကြရသည်။ နှာရည် တရွှဲရွှဲ မျက်ရည် တရွှဲရွှဲနှင့် ဂုက်ဖျားထက် တုပ်ကွေးမိသူတွေ ပိုများသည်။

ကျွန်တော်တို့ လေသူရဲတစ်သိုက် ရောမ မီးဖိုကြီးနားက မဆွာဘဲ စစ်အကြောင်းတွေ၊ ဗိုက်ပွဲ၊ သေနင်္ဂဗျူဟာအကြောင်းတွေကို ပြောရင်း အချိန်ကုန်ကြသည်။

ဤသို့ ကြီးကြီးကျယ်ကျယ် ပြောဆိုဆွေးနွေးရင်း ဥဩသံမြည်လာလျှင် ကိုယ့်လေယာဉ်ဆီသို့ ကိုယ် ပြေးကြရ၏။ ကောင်းကင်သို့ ပျံတက်ကြရ၏။ ပြန်ဆင်းကြရ၏။ အတွင်းခံဘောင်းဘီတွေကို နောက်တစ်ခါ ပျံသန်းဖို့ အချိန်မီအောင် ဒိုဘီပေးကြရ၏။ အတွင်းခံဘောင်းဘီ ညစ်ညစ်ပေပေနှင့် သေရလျှင် အလောင်းမလှမှာစိုး၍ ဖြစ်ပါသည်။ အမေရိကန် မဆန်မှာ စိုး၍ဟုလည်း ပြောနိုင်ပါသည်။

ဤသို့ဖြင့် ကျွန်တော် ဒုဗိုလ်မှူးကြီး တက်ဖြစ်သွားသည်။ ကျွန်တော့် မျက်စိရှေ့တွင် ပင် ကျွန်တော်တို့ လေယာဉ်စုမှူး ဒုဗိုလ်မှူးကြီးတစ်ယောက် ပစ်ချခံလိုက်ရ၍ သူ့နေရာကို ကျွန်တော် တက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော့် ပခုံးပေးတွင် ငွေရောင် ဝက်သစ်ချ သစ်ရွက်ကလေးနှင့် ရွှေရောင်ဝက်သစ်ချ သစ်ရွက်ကလေးများသည် အပြောင်းအလဲ ဖြစ်နေခိုက် ကျွန်တော် တစ်ခု သွားစဉ်းစားမိသည်။ ဒီတစ်ခါ မင်းအလှည့်လို့ ပြောနေသလိုပါပဲလားဟူ၍။ သို့သော် ကျွန်တော် တစ်ယောက် သေကံမရောက် သက်မပျောက်ခဲ့ပါ။ ယနေ့တိုင် ကျွန်တော် မှတ်မိနေသေးသည်။ နောက်ကျောကို အပ်နှင့် စိုက်လိုက်သလို စူးခနဲ နာကျင်သွားသည်။ စက္ကန့်ပိုင်းအတွင်း မျက်စိရှေ့မှ မြောက်မြားစွာသော ဒိုင်ခွက်တွေနှင့် ပစ္စည်းကိရိယာတွေ တစ်စစီ ဖြစ်သွား၏။

ဂျပန် လေယာဉ်တစ်စင်း မင်လယ်ထဲ ထိုးကျသွားသည်ကို လှမ်းမြင်လိုက်ရ၏။ ဟိုက် . . ကျွန်တော့်အောက်မှာ တစ်စင်းပါလား။ သည်တစ်စင်း ရန်ကို ဘယ်နည်းဘယ်ပုံ ရှောင်ခဲ့သည်ကို လုံးဝ မမှတ်မိတော့။ လူတစ်ကိုယ်လုံး လေထဲတွင် လွင့်နေသလို စိတ်ထဲ ခံစားနေရ၏။ လေယာဉ်နှင့် မြေပြင်ထိသည်။ ကျွမ်းပြန်ထွက်သွားသည်။

အော်ဟစ် ပြေးလွှားလာကြသည့် လူသံတွေကို ကြားရသည်။ လက်ပေါင်းများစွာ ကျွန်တော့်ကို ဆွဲထုတ်နေကြ၏။ ကြင်နာသော လက်များ၊ နွေးထွေးသော လက်များ။ သူတို့ဟစ်တွေ အပူလုံးကြီးထဲမှ ကျွန်တော့်ကို ဆွဲထုတ်နေကြခြင်း ဖြစ်သည်။

မျက်စိကို အသာမှိတ်ပြီး သူတို့ ပြုသမျှ နုနေလိုက်သည်။ သည်တော့မှ ဆမ်းမားဆက်မောင် ဇာတ်လိုက်ဘဝကို စတင်ရောက်ရှိခြင်း၊ သူ့ဝတ္ထုများတွင် ကျွန်တော် အကြိမ်ကြိမ် ဖတ်ဖူးသည့် မြင်ကွင်းများ၊ ပြုံးနေလိုက်မိ၏။

ဘာလီကမ်းခြေတွင် ကျွန်တော် လဲလျောင်းနေသည်။ လှပသော ဘာလီ၊ လှပသော ဘာလီ၏ သမီးပျိုများ၊ အပေါ်ပိုင်း ဗလာကျင်းထားသည့် ထောင်ပေါင်းများစွာသော ဘာလီပျို

www.burmeseclassic.com



အားလုံး ဒေါ်ရှိသီလားမားနှင့် တူနေကြ၏။ ပြဿနာဟူ၍ တစ်ခုပဲ ရှိသည်။ ဘယ်တစ်ယောက်ကို ကျွန်တော် ရွေးရမှန်းမသိဘဲ ဖြစ်နေ၏။

ဒုဗိုလ်မှူးကြီး လုပ်ကေရီ မပါလည်း သည်စစ်ပွဲကြီးကို နိုင်အောင် တိုက်နိုင်ပါတယ်လို့ မက်အာသာ သဘောပေါက်ပါစေဟု ကျွန်တော် ဆုတောင်းနေမိ၏။ သို့သော် ခရီးသွားလို့ လောက်အောင် နေကောင်းလာသည်နှင့် ကျွန်တော့်ကို ပြန်ပို့ကြသည်။

□ □ □

# အခန်း ( ၅ )

4

ဇူလိုင်လ ဒုတိယအပတ်ထဲ ရောက်မှ နိုရာအီလီယိုဖိယံ ရွှေစင်ရုပ်တု ရကြောင်း ကျွန်တော် သိရသည်။ လိုက်ဖ်မဂ္ဂဇင်း မျက်နှာဖုံးတွင် သူ့ပုံကို အမှတ်မထင် တွေ့လိုက်ရခြင်းကြောင့် ဖြစ်၏။

ဖေဖော်ဝါရီလထဲတွင် ငပုတွေ၏ စက်သေနတ်ဒဏ်ကို ကျွန်တော့်လေယာဉ် ခံရပြီး နယူးဂီနီဆေးရုံမှာ ငါးပတ် ကြာခဲ့သည်။ စင်ဒီယေးဂိုးတွင် နောက်ထပ် ခုနစ်ပတ်။

ထို့နောက် လူကောင်း ပကတိဘာဝဖြင့် ဆေးရုံမှ ဆင်းလာခဲ့သည်။ ခွင့်တစ်လ ရသည်နှင့် လာဂျိုလာသို့ ထွက်လာခဲ့ပြီး မော်တော်ဘုတ်ကလေးတစ်စင်း ငှားကာ အိပ်လိုက်၊ နေစာလှုံလိုက် လုပ်နေသည်။

တစ်နေ့ ကုန်းပတ်ပေါ်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် မှိန်းနေစဉ် နံဘေးသို့ အထုပ်တစ်ထုပ် ကျလာသံ ကြားရသဖြင့် လန့်နိုးလာသည်။ မျက်စိ ဖွင့်ကြည့်လိုက်တော့ ဆိပ်ခံပေါ်တွင် ရပ်ပြီး ကျွန်တော့်ကို ပြုံးကြည့်နေသည့် ချာတိတ်တစ်ယောက်ကို တွေ့ရ၏။ နားနေစဉ် တစ်မိုနိလုံး သတင်းစာ လုံးဝမဖတ်ဘဲ နေသည်။ စစ်သတင်းတွေကို စိတ်ကုန်နေပြီ။ သို့သော် အပတ်စဉ်ထုတ် မဂ္ဂဇင်းတွေ မှာထား၏။

ဘိတ်ထဲ နှိုက်ပြီး ငါးမူးစေ့တစ်စေ့ ပစ်ပေးလိုက်သည်။ ချာတိတ်က ဟန်ပါပါ ဖမ်းယူလိုက်သည်။ မဂ္ဂဇင်းထုပ်ကို လှမ်းယူပြီး စည်းထားသည့် ကြိုးကို ဖြေတော့ စာအုပ်တွေ လျှောခနဲ ကုန်းပတ်ပေါ် ကျသွားသည်။ မီရာ တစ်အုပ်ကို လှမ်းဆွဲယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးပေါ်က ဆံပင်နက်နက်နှင့် ကောင်မလေးကို မြင်ဖူးပါတယ်ဟု အောက်မေ့လိုက်သည်။ ပြီးမှ အောက်က စာတန်းကို သွားတွေ့သည်။

'အီလီယိုဗီယံ ရွှေစင်ရုပ်တုပိုင်ရှင် ပန်းပုဆရာမကလေး နီရာဟောဒင်'

မျက်နှာဖုံးကို သေသေချာချာ တစ်ခါ ပြန်ကြည့်သည်။ ဝေဒနာဟောင်းသည် ပုံစံသစ်တစ်မျိုးဖြင့် ပြန်ပေါ်လာ၏။ တဖျပ်ဖျပ် တောက်နေသည့် မျက်ဝန်းနက်များ၊ ရမ္မက်ရှိန်ကြွနေသည့် နှုတ်ခမ်းဖူးဖူးကလေး၊ တစ်နှစ်နီးပါး ကြာပြီဖြစ်သော်လည်း မနေ့က အဖြစ်လို စိတ်ထဲတွင် ပြက်ပြက်ထင်ထင် မြင်နေ၏။

မဂ္ဂဇင်းတစ်အုပ်ကို ဖွင့်လိုက်သည်။ နီရာပုံတွေ အများကြီးပါကလား၊ ပန်းပုခန်းထဲတွင် အလုပ်လုပ်နေပုံ၊ စီးကရက်သောက်ရင်း စိတ်ကူးကို ပုံကြမ်းဆွဲကာ အမိဖမ်းနေပုံ၊ နောက်ပိုင်းမှ လာနေသည့် အလင်းရောင်က သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံထားသည်၊ နောက်တစ်ပုံက ကြမ်းပြင်ပေါ်တွင် ပက်လက်လှန်ကာ တိတ်ရီကော်ဒါဖွင့်ပြီး သီချင်းနားထောင်နေပုံ။

ခါတ်ပုံ ဆောင်းပါးကို ကျွန်တော် စဖတ်သည်။

'မစ္စဟောဒင်မှာ ကိုယ်နေဟန် သွယ်လျလျဖြင့် ပန်းပုဆရာမနှင့် မတူဘဲ စံပြမယ်တစ်ယောက်နှင့် ပိုတူနေသည်။ နီရာဟောဒင်က ပန်းပုပညာနှင့်ပတ်သက်ပြီး သူ့အမြင်ကို ဤသို့ ထုတ်ဖော်လေသည်။

'အနုပညာ ပုံသဏ္ဌာန်ထဲမှာ ပန်းပုပညာဟာ သရုပ်အမှန်ဆုံးပညာရပ် ဖြစ်ပါတယ်။ ပန်းပုဟာ သုံးဘက်မြင်ပါ၊ ပန်းပုရုပ်တုတစ်ခုကို ပတ်ပတ်လည်လျှောက်သွားပြီး ကြည့်နိုင်ပါတယ်၊ ကြိုက်တဲ့ရှုထောင့်က ကြည့်နိုင်ပါတယ်၊ သက်ရှိပစ္စည်းတစ်ခုလို ထိတွေ့လို့ ရနိုင်ပါတယ်။

သူ့မှာ ထုတည်ရှိတယ်၊ ပုံသဏ္ဌာန်ရှိတယ်၊ ပြီးတော့ ဘဝရဲ့ သရုပ်မှန်မှု ရှိတယ်၊ သစ်တုံးထဲမှာလည်း သူရှိတယ်၊ ကျောက်တုံးထဲမှာရော၊ သတ္တုပစ္စည်းထဲမှာရော သူရှိတယ်။

ရုပ်တုသမားရဲ့ တာဝန်က အဲဒီမြုပ်နေတဲ့ အလှကို ဖော်ထုတ်ပေးဖို့ပဲ၊ ကုန်ကြမ်းက နေ့ပုံကြမ်းဘဝရောက်အောင် ပုံကြမ်းမှတစ်ဆင့် တဖြည်းဖြည်း အသက်ဝင် လှုပ်ရှားလာအောင် . . . .

သူ့ အသံကလေးကို ကျွန်တော့်နားထဲတွင် ကြားယောင်လာသည်။ အဖုံး ပြန်ပိတ်ပြီး သူ့ရုပ်သွင်ကို ကြည့်နေမိပြန်၏။ စာအုပ်ကို ပစ်ချပြီး ထရပ်လိုက်သည်။ ဤသို့ဖြင့် ကျွန်တော် ဆုံးဖြတ်ချက်တွေ တစ်မျိုးတစ်မည် ဖြစ်ကုန်တော့၏။ တစ်နှစ်ကြာသွားတော့ကော ဘာအကြောင်းလဲ။

ဆိုက်ကမ်းပေါ်က အများသုံး တယ်လီဖုန်း မြည်နေသံကို နားထောင်နေသည်။ ဆန်ဖရန်စစ္စကိုအိမ်ကြီးမှ အဘွားကြီးထူးသံကို ကြားရ၏။

'ကျွန်တော် လုခ်ကေရီပါ၊ ကျွန်တော့်ကို မှတ်မိကောင်းပါတယ်နော်'

အဘွားကြီး၏အသံက ပီသကြည်မြဆဲ။

'အို သိပ်မှတ်မိတာပေါ့ကွယ်၊ ကာနယ် နေကောင်းတယ်နော်'

'နေကောင်းပါတယ်ခင်ဗျာ၊ မစ္စက်ဟောဒင်ကော'

'တို့များတစ်သက်တာမှာ တစ်ခါမှ မဖျားဖူးပါဘူးကွယ်၊ မင်းအကြောင်းတွေ သတင်းစာထဲမှာ ဖတ်ရပါတယ်၊ အင်း . . သူ့ရဲကောင်း ပီသပါပေတယ်ကွယ်'



'သတင်းစာတွေက ပုံကြီးချဲ့တာတွေလည်း ပါပါတယ်၊ ကျွန်တော်က ဒီနည်းပဲ လုပ်စရာ ရှိလို့ အဲဒီအတိုင်း လုပ်ခဲ့ရတာပါ'

'ထားပါတော့လေ၊ အဲဒီအကြောင်း နောက်မှ ပြောကြတာပေါ့နော်'

သူ့လေသံ ချက်ချင်း ပျော့ပျောင်းသွားသည်ကို သတိထားလိုက်မိ၏။

'နီရာ အိမ်မှာ မရှိဘူး လုခ်၊ သူ တွေ့ချင်မှာပဲ'

'ကျွန်တော်ကလည်း ရွှေစင်ရုပ်ဆုရှင်ကို ဂုဏ်ပြုချင်နေတာပါ'

'အဲဒီ ရွှေစင်ရုပ်ဆုကြောင့်ပဲ သူ ထွက်သွားရတာလေ၊ နီရာကလေး သနားပါတယ်ကွယ်၊ ဆုကြေညာပြီးတဲ့နောက်ပိုင်း တစ်ချက်ကလေးမှ အနားမနေရတော့ဘူး၊ ဒါကြောင့်မို့ လာဂျိုလာမှာ သွားအနားယူရင်း ရှောင်နေဖို့ စီစဉ်ပေးလိုက်ရတာ'

'ခင်ဗျာ၊ လာဂျိုလာ ဟုတ်လား'

'ဟုတ်တယ်လေ'

အဘွားကြီးက တစ်စုံတစ်ခုကို ရိပ်မိသွားဟန်ဖြင့်-

'မင်းအခု ဘယ်က ပြောနေတာလဲ လုခ်'

'ကျွန်တော် လာဂျိုလာမှာ ခွင့်နားနေတာလေ'

'သိပ်ကံကောင်းတဲ့ တိုက်ဆိုင်မှုမျိုးပဲနော်၊ အင်း ခုမှ သတိရတယ်၊ ကာနယ်ကေရီ အဲဒီမှာ အနားယူနေတယ် ဆိုတာလည်း သတင်းစာထဲမှာ ဖတ်လိုက်ရသားပဲ၊ နီရာ 'သဲငွေသောင်' ကလပ်မှာကွယ့်'

'ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ်'

'သူနဲ့ မတွေ့ရင် ဆမ်ကောဝင်းကိုရှာပြီး ဆက်သွယ် သိလား၊ နီရာ ဘယ်မှာရှိနေမယ်ဆိုတာ သူ သိမယ်'

'ဆမ်ကောဝင်း . . .'

'ဟုတ်တယ်၊ သတင်းစာသမားလေ၊ မင်း မမှတ်မိဘူးလား၊ ပါမောက္ခ ဆရာဘဲလ်ရဲ့ မိတ်ဆွေလေကွယ်၊ နီရာကိစ္စတွေအတွက် သူ့ကို မန်နေဂျာခန့်ထားတယ်၊ သမီးက စီးပွားရေးပိုင်း ကျတော့ ဘာမှ နားမလည်ဘူးကွယ့်'

အဘွားကြီး၏လေသံ တစ်မျိုး ပြောင်းသွားပြန်သည်။

'မင်းကို တွေ့ဖို့ နောက်တစ်နှစ် ထပ်မစောင့်ရဘူးလို့တော့ တို့များ မျှော်လင့်ပါတယ်ကွယ်၊ တို့ဘက်က မင်းနဲ့ ဆွေးနွေးစရာတွေ ရှိနေသေးတယ်လို့ပဲ ထင်နေတုန်းလေ၊ ဟောဒင်နဲ့ ကာရူသာဟာ မင်း အနာဂတ်အတွက် အသင့်တော်ဆုံးပဲ ထင်တယ် လုခ်'

'ကျွန်တော့်ကို ခုလို အခွင့်အရေးမျိုး ဆက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စက်ဟောဒင်၊ မကြာခင် ဆွေးနွေးဖြစ်လိမ့်မယ် ထင်ပါတယ်'

'မင်းအတွက် တို့ အမြဲတမ်း တံခါးဖွင့်ထားပါတယ်ကွယ်၊ ဂွတ်ဘိုင် လုခ်'

တစ်ဘက်မှ ဖုန်းချသွားသည်။ ကျွန်တော် ခဏတွေစဉ်းစားနေပြီးမှ အကြွေတစ်စေ့ ထပ်ထည့်လိုက်သည်။ သည်တစ်ခါ ဖုန်းကိုင်သူက ဆမ်ကောဝင်း။

'နီရာ ဟောဒင်နဲ့ ပြောချင်လို့ပါ'

'ဘယ်သူလဲ'

'လုခ် ကေရီပါ'

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း သူ့လေသံ ပျော့သွားသည်။ တရင်းတနှီးဖြင့်-

'ဪ. . ကာနယ်ဂေရီလား'

'ဟုတ်ပါတယ်'

'ခဏလေးနော်၊ ကျွန်တော် လိုက်ရှာလိုက်ဦးမယ်'

ခဏလေးပဲ စောင့်လိုက်ရသည်။ သူ့အသံ ဖုန်းခွက်ထဲတွင် ပေါ်လာသည်။

'ကာနယ်ဂေရီပါနော်၊ အံ့ဩစရာ အတိပါလား။ နိုရာ ဒီရောက်နေမှန်း ဘယ်လိုလုပ် သိလဲဟင်'

ကျွန်တော်က ရယ်ပြီး-

'နိုရာ့အမေ ပြောလို့ပေါ့၊ ကိုယ်တို့ဆုံပြီး ယမကာလေး ဘာလေး သောက်ကြရအောင် လား'

'ဟင်. . . လာဂိုးလာ ရောက်နေတယ် ဟုတ်လား'

'မင်းတို့နဲ့ သုံးမိုင်လောက်ပဲ ဝေးပါတယ်'

'အင်း. . ကောင်းသားပဲ၊ ဒါပေမဲ့ နယူးယောက်က ရောက်လာမယ့် နိုရာ့ ကိုယ်စားလှယ် အာရှန်စကာစီနဲ့တွေ့ဖို့ ချိန်းထားပြီးသား ဖြစ်နေတယ်၊ ဖြီးတော့ ညနေပိုင်း ငါးနာရီမှာလည်း သတင်းစာတိုက်က လူတွေနဲ့ တွေ့ရဦးမယ်'

အားမည့်ရက်ကို ချိန်းမလားဟု ကျွန်တော် စောင့်နေသည်။ သို့သော် နိုရာ ဘာမှ ဆက်မပြော။ သည်လိုပဲ ဖြစ်ရမည်လေ။ နောက်ဆုံး တွေ့ကြစဉ်က ကျွန်တော် သူ့ကို ကြောထား ခဲ့သည် မဟုတ်လား။

'ဒါဆို နောက်မှ ကိုယ် ထပ်ဆက်မယ်နော်'

'အင်း. . ဆက်ဦးနော်'

သူက ယဉ်ယဉ်ကျေးကျေးပြောပြီး ဖုန်းချလိုက်သည်။

ကျွန်တော့် စီးတော်ရေယာဉ်ကလေးဆီသို့ ဆင်းလာရင်း ကောင်းကင်ကို မော့ကြည့် လိုက်၏။ ပို့စကတ်ကလေးများထဲမှာလို ကောင်းကင်တစ်ခွင်လုံး ပြာလဲ့ကြည်လင်နေ၏။ တရွေ့ ရွေ့ လွင့်မျောနေသည့် တိမ်စိုင်ကလေး အနည်းငယ်သာ ရှိသည်။ နေရောင်ခြည်က ချစ်စရာ ကောင်းလှသည်။ နွေးနွေးထွေးထွေးရှိလှသည်။ နောက်ပိုင်းဆိုလျှင်တော့ စူးစူးဝါးဝါး ပူပြင်းလာ တော့မည်။ ပူချင်သလောက် ပူပေစေတော့၊ ကျွန်တော် ဒီမှာ မရှိတော့ဘူးလေ။

သူနဲ့ ကျွန်တော် ဇာတ်လမ်းက ဤတွင် ဆုံးပြီဟု သိလိုက်၏။ သို့သော် ဖုန်းချပြီး နောက်ပိုင်းတွင် ဆမ်ကောဝင်း သူ့ကို ဘာတွေများ ပြောဦးမှာလဲ။

နိုရာ ဖုန်းခွက်ကို ချလိုက်သည်နှင့် ဆမ်က. . .

'မင်း ကြည့်ရတာ သူ့ကို သိပ်ဖော်ဖော်ရွေရွေ မရှိသလိုပဲ'

'တစ်နှစ်ကြီးများ ကြာမှ၊ အမယ်လေး သူ့ကိုယ်သူ ဘာကောင်များ အောက်မေ့နေလဲ မသိဘူး'

သူဆွဲနေသည့် ပုံကြမ်းစာရွက်ဆီကို ဆမ် လျှောက်သွားကြည့်သည်။ ရေထဲသို့ ဗိုင်ဗင် ထိုး ဆင်းတော့မည့်ဆဲဆဲ လူငယ်တစ်ယောက်၏ပုံ၊ ကောင်လေးဟာ ကိုယ်တုံးလုံး၊ သည်မျက်နှာ ကို ဆမ် ချက်ချင်း သိလိုက်ပြီ၊ တမ်းစောင့် အသက်တွယ်တစ်ဖွဲ့ဝင်အဖြစ် ကလပ်တွင် အချိန်ပိုင်း ဝင်လုပ်နေသည့် အထက်တန်း ကျောင်းသားကလေး။



'ဒါက တစ်ယောက်ပါလား၊ ဟိုအုပ်စု မဟုတ်ပြန်ဘူး'

'ဘာလဲ၊ ဆမ်က ကန့်ကွက်ချင်လို့လား'

'ပုဂ္ဂိုလ်ရေးအရ ဘာမှ မပြောလိုပါဘူး။ မင်းဟာမင်း ဘယ်သူနဲ့အတူအိပ်အိပ် ကိုယ် ...ကောက်ဂရုမစိုက်ဘူး။ ဒါပေမဲ့ ပြည်သူတွေ လက်ခံလာပြီဆိုရင် အဲဒီ အနုပညာရှင်ဟာ ပြည်သူ့ကို ...ရမယ်၊ အပုပ်နံ့ထွက်လာရင် အလုပ်ကို ထိခိုက်နိုင်တယ်'

နိုရာက အေးစက်စက် လေသံဖြင့်. . .

'ဘာသတင်းတွေ ဘယ်က ကြားလို့လဲ'

'ကမ်းခြေတစ်ခုလုံး မကြားချင် အဆုံးပါပျာ၊ ကောင်လေးကို မင်း ရူးအောင် လုပ်နေ ...တဲ့၊ ကောင်လေးက သူ့ကိုယ်ထဲကို ဘာမှ မကျန်တော့အောင် မင်းလုပ်ပစ်လိုက်ပြီတဲ့'

နိုရာက စိတ်ဆိုးမာန်ဆိုးဖြင့် ပုံကြမ်းစာရွက်ကို ဆွဲဆုတ်ပြီး လုံးခြေပစ်လိုက်သည်။

'ခွေးသားလေး'

'မင်းကို ကိုယ် ပြောသားပဲ ဆင်ဆင်ခြင်ခြင် နေပါလို့'

ဆမ်၏အသံက အေးချမ်းတည်ငြိမ်လျက်။ နိုရာက စက္ကူစုတ် အလုံးကို ကြမ်းပြင် ...ပေါ်သို့ ပစ်ပေါက်ပြီး. . .

'ဒါဆို ဘာလုပ်ရမှာတုံး၊ နိုရာ သီလရှင် ဝတ်ရမှာလား'

ဆမ်က စက္ကူစုတ်ကို ကောက်ယူပြီး အမှိုက်ခြင်းထဲ သွားထည့်သည်။ အကျႌအိတ်ထဲမှ ...တံကို ထုတ်သည်။

'အဲဒီ သောက်ဆေးတံကြီးကို လွှင့်ပစ်လိုက်စမ်းပါ၊ အနံ့မခံနိုင်ဘူး'

ဆမ် ဘာမှ ပြန်မပြော။ ဆေးတံကို အသားအိတ်ထဲ ပြန်ထည့်ပြီး တံခါးပေါက်ဆီသို့ ...လျှောက်သွားသည်။

'ဆမ်'

နိုရာ လှမ်းခေါ်သည်။ သူ့ဒေါသတွေ ပြေလျော့သွားပြီ။ ချက်ချင်း အကာအကွယ်မဲ့ ...လေးမကလေးတစ်ယောက် ပြန်ဖြစ်သွားသည်။

'နိုရာ ဘာလုပ်ရမလဲဟင် ဆမ်'

ဆမ်က တွေးတွေးဆဆ ပြန်ပြောသည်။

'ကိုယ်လည်း သေသေချာချာ မပြောတတ်ဘူး၊ ဒါပေမဲ့ ကိုယ်သာ မင်းနေရာမှာဆိုရင် ...လို ဗျာတိတ်ကလေးတွေနဲ့ အဆက်ဖြတ်ပစ်လိုက်မယ်'

'ကောင်းပါပြီ ဆမ်ရယ်၊ ကောင်းပါပြီ'

သူ ချက်ချင်း ကတိပေးသည်။ ဆမ် ဆက်ပြောသည်။

'နောက်တစ်ခုက ခုတင်က မင်းဆီ ဖုန်းဆက်တဲ့ စစ်ဗိုလ်လေးမျိုးနဲ့ တွဲနေရင် မင်း ...ွက် ဘာမှ အကျိုးမယုတ်နိုင်ဘူး၊ အတင်းအဖျင်းတွေလည်း ငြိမ်သွားမယ်'

* * *

...တော်ရေယာဉ်ဆီကို ဆင်းအလာတွင် ဆိပ်ကမ်းရုံးရှေ့မှ အစောင့်အဘိုးအိုက သူ့လက်ကို ...လဲမြှောက်ပြီး ကျွန်တော့်ကို နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်လို ကာနယ်'

'ဟယ်လို'

'ကော်ရှိနာဒိုဘက်မှာ ငါးကြင်းကြီးတွေ သိပ်ပေါနေတယ်တဲ့ ကာနယ်၊ သွားမျှား ပါလား'

'ဟုတ်လား၊ ဒါဆို ညနေ သွားတာပေါ့'

အဘိုးအိုကို ကျွန်တော် ထမင်းဖိုး ထုတ်ပေးလိုက်သည်။ သူက အိတ်ထဲထည့်ပြီး မျက်ရည် တွေ ရွှဲနေသည့် မျက်လုံးကြီးဖြင့် ကျွန်တော့်ကို စွေကြည့်ပြီး. . . .

'ကျေးဇူးပါပဲ ကာနယ်၊ ဩော် ဒါထက် ကောင်မလေးတစ်ယောက် ကာနယ်ရဲ့ မော်တော်ပေါ်မှာ စောင့်နေတယ်၊ ပြန်လာခါနီးပြီလို့ ကျုပ် ပြောထားတယ်'

ကျွန်တော့်ခြေသံ ကြားတော့ မော်တော်ဦးပိုင်းတွင် ရပ်နေရာမှ နိုရာ လှည့်ကြည့် သည်။ ဘောင်းဘီတိုကလေးနှင့် ပီဘိ ဆယ်ကျော်သက်ကလေးမတစ်ယောက်နှင့် တူနေ၏။ မြင်းမြီးပုံ ဆံပင်နက်နက်ကို ကုတ်ပေါ်တွင် စည်းနှောင်ထားသည်။

'ဟယ်လို'

သူ စနှုတ်ဆက်သည်။

'ဟယ်လို'

နေရောင်ထိုးသဖြင့် မျက်လုံးကလေး တွန့်ထားသည်။

'ဒီတစ်ခါ တောင်းပန်ရမယ့်သူက နိုရာပါ ကာနယ်'

ဆိပ်ခံပေါ်မှ သူ့နံဘေးသို့ ကျွန်တော် ခုန်ဆင်းလိုက်သည်။

'အဲဒီအတွက် တတူးတက လာခဲ့ဖို့ မလိုပါဘူး နိုရာ'

ကျွန်တော့် လက်မောင်းသားပေါ်သို့ သူ့လက်ဖဝါးနွေးနွေးကလေး ရောက်လာသည်။

'ဒါပေမဲ့ လာချင်တယ်လေ၊ တကယ် စိတ်မကောင်းဖြစ်နေတယ်ဆိုတာလည်း လူကို သိစေချင်တယ်'

လူချင်း သိပ်ပူးကပ်နေသဖြင့် သူ့ဆံပင်နံ့ သင်းသင်းကိုပင် ကျွန်တော် ရနေ၏။ လန်းဆန်း မွှေးပျံ့နေသည့် ရနံ့မျိုး၊ တောင်ပေါ်ဒေသတွင် ထင်းရှူးပင်များမှ ပျံ့လွင့်နေသည့် အနံ့လို လတ်ဆတ်နေသည်။ မျက်နှာကို ဘာမိတ်ကပ်နှင့်မျှ ခြယ်သမထား။ နှုတ်ခမ်းနီကိုမှ ဖျော့ဖျော့ ကလေး ဆိုးလာသည်။ သူ့မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်သည်။ အကြာကြီး ကြည့်နေမိ၏။ ပြီးမှ ကျွန်တော် နမ်းသည်။

နှုတ်ခမ်းအစုံက ထင်ထားသည့်ထက် ပိုပြီး နူးညံ့နေ၏၊ ပူနွေးနေ၏။ လည်ပင်းကို သိုင်းဖက်ပြီး ကျွန်တော့်ရင်ခွင်ထဲသို့ နစ်ဝင်သွားမတတ် သူ တိုးဝင်သည်။ ကျွန်တော့် လက်နှစ်ဖက် စလုံး သူ့ခါးကျင်ကျင်လေးဆီသို့ လျှောကျသွား၏။

တစ်နေ့တွင် သည်လို ဖြစ်လာလိမ့်မည်ဟု ကျွန်တော် သိနေခဲ့သည်။ ရုတ်တရက် သူ့ကိုကျွန်တော် ခွာလိုက်သည်။ ပြီးတော့ ချက်ချင်း ပြန်နမ်းမိပြန်သည်။ စိတ်ကို ထိန်းပြီး စီးကရက် ထုတ်ညှိတော့ ကျွန်တော့် ဖင်ပိုမီးခြစ် ရုတ်တရက် မတောက်ဘဲ ဖြစ်နေ၏။

'ကြည့် ဒီမှာ ကိုယ့်လက်တွေ တုန်နေတယ်'

'တူတူပဲပေါ့၊ ဒီမှာလည်း ကြည့်လေ'



သူ့လက်တွေလည်း တုန်နေသည်၊ တော်တော်နေမှ မီးခြစ် ခြစ်လို့ရသည်။ သူ့ကို စီးကရက်လိပ် ညှိပေးလိုက်၏။ သူက တစ်အား ဖွာလိုက်ပြီး. . . .

'စတွေ့ကတည်းက သူများက နမ်းစေချင်တာ'

'နမ်းချင်တာပေါ့'

'ဒါဖြင့် ဘာလို့ မနမ်းလဲ'

သူ့မျက်လုံး အရောင်က ဆိပ်ခံနှင့် မော်တော်ဘုတ်ကလေးကြားတွင် အရိပ်ထိုးနေ သည့် ရေအရောင်။

'ဟိုတစ်ခေါက်တွေ့တုန်းက သူ သိမယ် ထင်နေတာ'

ကျွန်တော်က မျက်နှာတစ်ဖက်သို့ လွှဲပြီး. . . .

'ကိုယ်ထင်တာက မင်း တစ်ယောက်ယောက်နဲ့. . .'

'အဲဒါ အရေးကြီးလို့လားဟင်'

'ကိုယ့်အတွက် အရေးကြီးတယ်၊ တို့နှစ်ယောက်ကြားမှာ ရှင်းသန့်တဲ့ ဆက်ဆံရေးမျိုး ဖြစ်ချင်တယ်'

'သူကရော လူပျိုစစ်စစ်ကလေးမို့လား'

'ဒီလိုလည်း မဟုတ်ပါဘူး'

'ဒါဖြင့် ခုကော ဒါတွေ အရေးကြီးဦးမှာလား'

သူ့ကိုယ်လေးကို ကျွန်တော့်ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

'ခုတော့ အကြောင်းမဟုတ်တော့ဘူးပေါ့ နိုရာ'

'ဩော်. . လုဒ်ရယ်'

သူ့မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။ မိန်းမတို့ရဲ့ မျက်ရည်ဟာ ဓားဖြစ်တယ်၊ ညာဖြစ်တယ်။ ပြောသံဆိုသံများ ကြားဖူးပါသည်။ ဒါတွေကို ကျွန်တော် လုံးဝ မယုံကြည်ပါ။ မိန်းမသားတို့၏ မျက်ရည်သည် ယောကျ်ားတို့၏ မာန်မာနတရားတို့ကို ပြေငြိမ်းစေ သည်ဟုပင် ကျွန်တော် ထင်ပါသည်။ မျက်ရည်စတွေကို နမ်းပြီး ပါးပြင်ညက်ညက်ကလေး ပျောက်သွေ့အောင် လုပ်ပေးလိုက်ရသည့်အတွက် ကျွန်တော့်ကိုယ် ကျွန်တော် ဂါဇ္ဇဟုပင် အထင်ရောက်လျက် ရှိပါသည်။

ငါးကြင်းတွေ ငါးတန်တွေ မည်မျှပေါနေပါစေတော့ ကော်ရှိနာဒိုဆီသို့ ဒီညနေ ကျွန်တော် မသွားလိုတော့ပြီ။

သည်ရောက်ကတည်းက တစ်ခါမှ မဝတ်ဖူးသည့် ယူနီဖောင်းကို အကျအနဝတ်ပြီး နိုရာ နံဘေးမှ ကိုယ်ရံတော်တပ်မှူးကြီး ဘဝဖြင့် လိုက်ပါသွားသည်။ သတင်းစာကွန်ဖရင့်ပြီးတော့ မှ ကျွန်တော် ပျော်သွားသည်။ သတင်းထောက်ဆိုသည့် သတ္တဝါများကား အလွန်ဆိုးသွမ်းကြပါ ကလား။ ကျွန်တော်တို့ နှစ်ယောက်ကို မြင်လိုက်သည်နှင့် ပက်ကျိကပ်သလို ကပ်နေကြ၏။

ရိုက်လိုက်သည့် ဓာတ်ပုံတွေ၊ မေးလိုက်သည့် မေးခွန်းတွေမှာ မရေတွက်နိုင်တော့။ ဘယ်တော့ လက်ထပ်ကြမှာလဲ၊ ဘယ်တုန်းက တွေ့တာလဲ၊ သူက ဝါရှင်တန်ကို ကျွန်တော်နဲ့ လိုက်ပြီး စစ်အခမ်းအနားနဲ့ မင်္ဂလာဆောင်မှာလား။ ကျွန်တော် ဒီကို ရောက်နေတာလား နိုရာ မှန်းသိလို့ လိုက်လာတာလား၊ လမ်းကြုံလို့လား စသည်. . စသည်. . .။

www.burmeseclassic.com

www.burmeseclassic.com



မေးလို့ မောတော့ သူတို့ ငြိမ်သွားကြသည်။ သူတို့အမေးတွေကို ကျွန်တော်တို့ တစ်ခုမှ မဖြေနိုင်လို့ မဖြေဘဲ နေလိုက်ကြသည်လေ။ တော်တော်ကြီးကြာမှ လုပ်ငန်းပိုင်းကို စနိုင်သည်။

အစီအစဉ်ကို ဆမ်က စနစ်တကျ ဆွဲထားသည်။ အာရှန်စကာစီ၏ မိန့်ခွန်းကို နားထောင်ကြရ၏။ သူက ဘာကြောင့် အမေရိကန် ပန်းပုလောကကို နီရာ မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း ရှင်းပြသည်။

စကာစီက ထိပ်ပြောင်ပြောင်၊ ဝတုတ်တုတ်၊ ပုတိုတို၊ နိုင်ငံကျော် ပန်းပုကုန်သည်ကြီး နှင့်မတူဘဲ အလှမွေး ခွေးကြီးတစ်ကောင်နှင့် ပိုတူနေသည်။ စကားပြောရင်း ထိပ်ပြောင်ကြီးကို လက်ကိုင်ပဝါဖြင့် ခဏခဏ သုတ်သည်။ နီရာသည် သူ့နံဘေးတွင် တလေးယေကလေးနှင့် ပိုတူနေ၏။

ဆမ်က ဟိုနားမတ်တတ် ဒီနားမတ်တတ် လုပ်ပြနေပြီးမှ ကျွန်တော့်နံဘေး လာထိုင်သည်။ စကာစီကို မေးထိုးပြပြီး-

'ဒီလူက သူ့ဘာသာရပ် သူတကယ်ပိုင်တာ၊ နီရာကလည်း တော်ကိုတော်ပါတယ်လေ'

ဆမ်ကောဝင်းကို ကျွန်တော် ငဲ့ကြည့်သည်။ ပိန်ပိန်ပါးပါးနှင့် ခင်မင်ချင်စရာကောင်းသူ ဖြစ်သည်။ လူပုံက နွဲ့နွဲ့နှောင်းနှောင်းနှင့်မို့ စိတ်ဓာတ်ပျော့ပျောင်းလိမ့်မည်ဟုတော့ မထင်နှင့်။ သူ့စိတ်ဓာတ်က သံမဏိချောင်းလို မာသည်။

'ကျွန်တော် သူ့ကို ယုံပါတယ်'ဟု ပြောလိုက်ပြီးမှ နီရာ့အပေါ် ဆမ်၏ စိတ်ဝင်စားမှု ဘယ်အတိုင်းအတာထိ ရှိပါလိမ့်ဟု တွေးနေသည်။

သူက ကျွန်တော့်ကိုယ်ထဲ အစင်းသိနေသည့်အလား။

'နီရာ့ကို ကျုပ်က ကျောင်းသူဘဝကတည်းက သိလာတာဗျ၊ သူ့ကို ကျွန်တော် ယုံ တယ်၊ သူတို့သားအမိက ကျုပ်ကို မန်နေဂျာခန့်တော့ ကျုပ် သိပ်ပျော်သွားတာ'

သူက ကျွန်တော့်ကို အကဲခတ်ပြီး ဆက်ပြောသည်။

'ကာနယ့်ကို ကျုပ်အနေနဲ့ ကျေးဇူးတင်ရမယ်'

'ဗျာ'

သူက ခေါင်းညိတ်ပြီး-

'ဒီကို လိုက်လာတဲ့အတွက် ပြောတာပါ၊ ကိုရင်နဲ့ ဖုန်းလည်း ပြောပြီးရော နီရာ အကြီး အကျယ် စိတ်ဓာတ်ကျသွားတယ်၊ မတွေ့တွေ့အောင် ရှာပြီး တောင်းပန်မယ်၊ ဒီညနေ အစီအစဉ် တွေ ဖျက်ချင်ဖျက်ရပါစေဆိုပြီး ထွက်သွားတာ၊ သူက သိပ်စိတ်လှုပ်ရှားလွယ်တယ်၊ ဒီလိုကိစ္စ မျိုးမှာ နီရာဟာ ကလေးသတ်သက်ပဲဗျ'

အခမ်းအနား ပြီးသွားသည်။ ဆမ် ထသွားပြီး သတင်းထောက်များနှင့် နီဂိုးချုပ်စကား ပြောသည်။ ဘာဘွန်းဗီစကီကြောင့်လား မသိ။ ရီတီတီ ဖြစ်နေသည်။ ဆမ် ကျွန်တော့်ကို သည့်ထက် ပြောစရာ ရှိနေသည်ဟု စိတ်ထဲက သိနေ၏။

စကာစီနှင့် နီရာ ကျွန်တော့်ဆီသို့ လျှောက်လာကြသည်။ စကာစီက နီရာ့ပခုံးပေါ် လက်တင်လျက်။

'ကျုပ်တို့နဲ့အတူ ညစာစားမယ် မဟုတ်လား ကာနယ်'

ကျွန်တော် ခဏတွေစဉ်းစားလိုက်၏။ နီရာ့ကို တစ်ချက် လှမ်းကြည့်လိုက်သည်။



'နေပါစေ၊ ခင်ဗျားတို့ အလုပ်အကြောင်းတွေ ပြောစရာရှိနေမှာ၊ ကျွန်တော့်ကြောင့် အနှောင့်အယှက် ဖြစ်နေပါ့မယ်'

နီရာက စိတ်မကောင်းသွားသည့် အမူအရာဖြင့်-

'အို . . မဟုတ်တာ၊ ဘာလို့ အနှောင့်အယှက်ဖြစ်ရမှာလဲ'

ကျွန်တော် ပြင်ပြောမည်ပြုပြီးမှ အပြုံးဖြင့် တောင်းပန်လိုက်သည်။

'ငါးကြင်း သွားမျှားမယ် ဆိုပြီး ဆုံးဖြတ်ထားလို့ပါ၊ ဒီည ကော်ရှိနာဒိုကမ်းခြေမှာ ကျွန်တော် သွားအိပ်မယ်၊ ဒါမှ မနက် နေထွက်ချိန်မှာ အဆင်သင့် ဖြစ်နေမှာလေ'

'ဒါဆို မနက်ဖြန် ဘယ်အချိန် ပြန်ရောက်မှာလဲ'

နီရာက မကျေနပ်သံဖြင့် မေးသည်။

'နောက်ကျလိမ့်မယ် နီရာ'

'ဟင် . . ဒါဆို မတွေ့ရတော့ဘူးပေါ့၊ မနက်ဖြန် နီရာက ဆန်ဖရန်စစ္စကိုကို ပြန်ရမှာ'

'ဟုတ်လား၊ စိတ်မကောင်းပါဘူး နီရာ'

ဆမ်က စကာစီကို လှမ်းခေါ်သဖြင့် ကျွန်တော်တို့နှစ်ယောက်တည်း ကျန်ခဲ့သည်။

'အိမ်ကို လာမယ် မဟုတ်လားဟင်'

'လာမှာပေါ့'

သူက ခဏစဉ်းစားပြီး-

'လာမှာ မဟုတ်ပါဘူး၊ မနှစ်ကလည်း ဒီအတိုင်းပဲ၊ ပြန်သွားရော၊ သူများက တမျှော်မျှော် သတင်းစာထဲ ပါလာတော့မှ သူ့အကြောင်း သိရတယ်'

'နီရာကလည်းကွာ တလေးလုပ်မနေစမ်းပါနဲ့၊ လာခဲ့ပါ့မယ်ဆို'

'ဒါဖြင့် ဘယ်တော့လဲ'

'ဆန်ဖရန်စစ္စကို ရောက်ရောက်ချင်းပေါ့'

'အဲဒါဆို ဘယ်တော့မှ ရောက်တော့မှာ မဟုတ်ဘူး'

သူက မျက်နှာကလေး ပုပ်ပြီး ပြောသည်။ သူ့လက်ကို ဆွဲယူလိုက်သည်။ နူးညံ့လှ သည့် လက်ဖဝါးလေးများက ပူနွေးနေ၏။ အားငယ်နေပုံ ရသည်။

'ကိုယ် ကတိပေးပါတယ် နီရာ၊ လာဖြစ်အောင် လာခဲ့ပါ့မယ်'

သူက ထူးဆန်းသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်ပြီး-

'တကယ်လို့ တစ်ခုခုဖြစ်ရင် နီရာ ဘယ်လိုလုပ် သိရမလဲ'

'ဘာမှ မဖြစ်စေရပါဘူးကွာ'

သတင်းထောက်တွေ ပြန်သွားကြပြီ။ ကျွန်တော်လည်း ပြန်ချိန်တန်ပြီဖြစ်၍ အားလုံး ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

'လာ . . နီရာ အပေါက်ဝထိ လိုက်ပို့မယ်'

နီရာက ဆင်ဝင်အောက်အထိ ကျွန်တော်နှင့် လိုက်လာသည်။ အပြင်တွင် မှောင်နေ ပြီ။ မီးရောင် ကြယ်ရောင်ဖြင့် ပျပျလင်းနေ၏။

'မင်းက နှုတ်ဆက်တာ မကြိုက်ဘူးနော်'

ကျွန်တော်သည် အနမ်းဖြင့် နှုတ်ဆက်မည် စိတ်ကူးပြီးမှ ထိန်းထားလိုက်သည်။ နောက်တစ်ကြိမ် ကျွန်တော် ပြန်တွေ့မည် မဟုတ်၊ ဒါကို သူလည်း သိနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အပြီးအပိုင် နှုတ်ဆက်တာမှ မဟုတ်ဘဲ'

ကျွန်တော့်လက်ကို ကိုင်ပြီး သူ တိုးတိုးလေး ပြောသည်။

တက္ကစီတားဆီသို့ ကျွန်တော် လျှောက်လာခဲ့၏။

*　*　*

စကာစီက ရေမိုးချိုးဖို့ သူ့အခန်းထဲ ဝင်သွားသည်။ ဆမ်နှင့် နိုရာ နှစ်ယောက်တည်း ကျန်ခဲ့၏။ ဆမ်က အကဲခတ်သည့် မျက်လုံးများဖြင့် ကြည့်နေ၏။

'အရက်နည်းနည်း စပ်ပေးပါ ဆမ်'

ဆမ်က ကုလားထိုင်မှ အသာထသွားပြီး ဝီစကီနှင့်ဆိုဒါ ရောပေးသည်။ နိုရာက ပေးလာသည့် ဖန်ခွက်ကို လှမ်းယူသည်။ မသောက်သေးဘဲ ချထားပြီး-

'သူ့ကို နိုရာ လက်ထပ်မယ် ဆမ်'

နိုရာ ဂျစ်ကန်ကန် အမူအရာဖြင့် ပြောသည်။ ဆမ်ဘာမှ ပြန်မပြောသေး။

'ဘာငြိမ်နေတာလဲ ဆမ်၊ ဆမ်နဲ့ မေမေ ဒီအတိုင်း ဖြစ်စေချင်နေတာ မဟုတ်လား'

ဆမ် အံ့ဩသွားသည်။

'မင်း ဘယ်လိုလုပ် သိလဲ နိုရာ'

'နိုရာ ဒါလောက် မအပါဘူးဆမ်'

အရက်ခွက်ကို ကောက်ကိုင်သည်။

'ဆမ် သူ့ဆီ ဖုန်းပြန်ဆက်ဖို့ ပြောကတည်းက ရိပ်မိတယ်။ နိုရာ ရှိတဲ့နေရာကို မေမေ ညွှန်လိုက်လို့ သူ ရောက်လာတယ်၊ ရှင်းနေတာပဲ'

နိုရာ သည်လိုပြောလာတော့ ဆမ် ကိုယ့်ကိုယ်ကိုယ် မသေမချာ ဖြစ်သွားသည်။ သည်ကိစ္စ မိမိစိတ်ထဲကပါလို့ တိုက်တွန်းမိခြင်းလား။

'လက်ထပ်တယ်ဆိုတာ သိပ်လေးနက်တဲ့ကိစ္စ နိုရာ'

'သိသားပဲ'

'သူကတော့ လူတော်တစ်ယောက်ပါ'

'ဘာဆိုလိုတာလဲ ဆမ်၊ နိုရာက အသုံးမကျလို့လား'

'အဲဒီလို မပြောပါဘူး'

'မပြောပေမယ့် အဲဒီလိုထင်နေတယ် မဟုတ်လား၊ နိုရာက ကိုယ့်မူနဲ့ကိုယ် နေမှာဆိုတော့ ဇနီးကောင်းတစ်ယောက် မဖြစ်နိုင်ဘူးပေါ့ ဟုတ်လား'

ဆမ် ငြိမ်နေသည်။ နိုရာက သူ့ဘာသာသူ ဖြေသည်။

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ နိုရာ အရွယ်ရောက်နေပြီပဲ၊ ပြီးတော့ နိုရာက အပေါင်းရအသင်းရခက်တဲ့ မိန်းမစားမှ မဟုတ်ဘဲ၊ နိုရာ့မှာ ငွေတွေလည်း အများကြီးရှိတယ်၊ စစ်ပြီးတော့ သူ လုပ်ချင်တာလုပ်ဖို့ နိုရာ စီစဉ်ပေးနိုင်တယ်၊ အဲဒါ ဘာမဖြစ်နိုင်စရာ ရှိလဲ'

'မင်း ကိုယ့်ကို မေးနေတာလား၊ ပြောနေတာလား'

နိုရာက စိတ်တိုသည့်လေသံဖြင့်-

'ပြောနေတာ ပြောနေတာ'



ဆမ်က လက်စွဲတော်ဆေးတံကို ဆွဲထုတ်ပြီး-

'ဒါဆိုရင်တော့ ကိုယ်တစ်ခုပဲ မေးချင်ပါတယ်၊ မင်း သူ့ကိုချစ်လို့လား နိုရာ'

နိုရာက သူ့ကို စိုက်ကြည့်သည်။ မမျှော်လင့်ဆုံးစကားကို သူ ကြားလိုက်ရ၏။

'ချစ်တာပေါ့'

ဆမ်က ပြုံးပြီး-

'ဒါဆို ကောင်းပါလေ့ဗျာ၊ ဘယ်တော့ လက်ထပ်ကြမှာလဲ'

ဆမ် ပြုံးတော့ နိုရာ့ဒေါသတွေ လွင့်ပြယ်သွားလေသည်။ ပြန်ပြုံးပြပြီး ပြောလိုက်

'ရေလာမြောင်းပေး လုပ်လို့ သူ စပြောလာလာချင်း လက်ထပ်မယ်လေ'

❑　❑　❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

မော်တော်ဘုတ်ပေါ် ပြန်ရောက်တော့ ယူနီဖောင်း ချွတ်ပြီး ဂျင်းဘောင်းဘီကို လဲဝတ်သည်။ ဆီတိုင်ကီတွင် ဆီအပြည့် ရှိနေ၏။ မနက်ကတည်းက ငါးမျှားထွက်ဖို့ ရည်ရွယ်ချက်ဖြင့် ဖြည့်ထားခြင်း ဖြစ်သည်။

စက်သံကို မကြိုက်သဖြင့် ပလပ်တွေ ဖြုတ်ဆေးသည်။ လက်စနှင့် ဘားတွေကိုပါ ဆေးကြောနေသဖြင့် မထင်ဘဲ ၁၁ နာရီ ထိုးသွားသည်။ သည်တော့မှ ဗိုက်ဆာနေသည်ကို သတိရသည် စတိုခန်းကို ဖွင့်ကြည့်တော့ စားချင်စရာ တစ်ခုမျှ မတွေ့။ မနက်ဖြန် တစ်နေကုန် အပြင်ထွက်မည်ဆိုလျှင် ဖြည့်တင်းရေး မလုပ်ဘဲ မဖြစ်။

ကမ်းပေါ် တက်ပြီး မပိတ်သေးသည့် ကုန်စုံဆိုင်လေးတစ်ဆိုင်တွင် လိုသမျှ ဝယ်သည်။ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ပြီး အသားပြုတ်ကြော် မှာစားသည်။ ချာတူးလန်လိုက်သည့် ဖြစ်ခြင်း။ ငရုတ်ဆီနိုင်နိုင် လောင်းသည့်တိုင် အညီနံ့က မပျောက်။

အစား ပန်းကန်ကို စိတ်ပျက်လက်ပျက် ကြည့်နေမိ၏။ ဘာပြုလို့ စားကောင်းသောက်ဖွယ်ရတဲ့ ဆိုင်ကြီးတွေကို မဝင်မိပါလိမ့်။ တော်တော်တုံးတဲ့ ငါပဲ။

ဒုတိယအသံက ပြန်ပြောနေသလို ကျွန်တော့်နားထဲ ကြားလိုက်ရ၏။

'လုခ်ကေရီ ဘဝကို ခဏမေ့ထားပြီး လွတ်လွတ်လပ်လပ် နေချင်တယ်ကွ'

အသားတုံးကို ဖွဲ့ပြီး ကိုက်ရင်း အတွေးနက်နေမိ၏။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လုပ်ကြည့်နေမိ၏။



ကျွန်တော်ဘဝကို ဦးတည်နေခြင်းလဲ။ သူ့ငွေတွေကိုလား။ အဘွားကြီးက ကျွန်တော့်ကို လမ်းခင်းပေးနေလို့လား။ ကျောင်းတုန်းက သူငယ်ချင်းတွေ ပြောသံ ကြားဖူးသည်။ ချမ်းသာတဲ့ ကောင်မလေးကို ရဖို့နဲ့ ဆင်းရဲတဲ့ ကောင်မလေးကို ရဖို့ အတူတူပါပဲတဲ့။ လွယ်ပါတယ်တဲ့။ ဂါပေမဲ့ ချမ်းသာတာလေး ရတော့ ပိုကောင်းတာပေါ့တဲ့။

သို့နှင့် သူနှင့် ငြိတွယ်ရမည်ကို ကျွန်တော် ကြောက်နေမိ၏။ ထို့ကြောင့် ခပ်ရှောင်ရှောင် နေခဲ့ခြင်း ဖြစ်၏။ သည်အသိုင်းအဝိုင်းထဲ ဝင်မိပြီဆိုကတည်းက ခံရဖို့ ရာနှုန်းပြည့် သေချာနေပြီ။ ကျွန်တော် လိုချင်သမျှ အရာအားလုံး သူ့မှာရှိသည်။ ရုပ်ဆင်းရူပကာ၊ အဆင့်အတန်း အားလုံး ဖိတ်ဖိတ်တောက်။ ပြီးတော့ အလွန်ထက်မြက်သည့် အနုပညာဗီဇ။ ထိုဗီဇနှင့်တစ်ဆက်တည်း အလွန်သောင်းကျန်းသည့် ညာခို့ကလေး သူ့တွင် အနက်အရှိုင်း အမြစ်တွယ်နေသည်ကိုလည်း ကျွန်တော် သိနေ၏။

သည်လို မိန်းကလေးမျိုးနှင့် ဘဝတွင် လက်တွဲဖို့ ဆိုသည်မှာ အလွန်စဉ်းစားစရာကောင်းသည့် ကိစ္စ ဖြစ်သည်။ သူကလည်း ကျွန်တော့်ကို အလားတူ ထင်ချင်ထင်နေမည်လား။ ကျွန်တော့်တွင် သူ့ကို ပေးစရာဟူ၍ ဘာမျှ မရှိ။

အသားတစ်ဖဲ့ယူပြီး ကိုက်ကြည့်သည်။ အေးစက်နေပြီ။ လုံးဝ စားချင်စိတ် မရှိတော့။ ပန်းကန်ကို တွန်းပစ်လိုက်၏။ ကောင်တာဆီသို့ ထလာခဲ့သည်။ ပိုက်ဆံရှင်းပြီး အထုပ်နှစ်ထုပ် ဆွဲထွက်လာခဲ့၏။

မော်တော်ပေါ်တွင် ရေခဲသေတ္တာ မရှိသဖြင့် ဝယ်လာသည့် ပစ္စည်းတွေကို သည်အတိုင်း ဦးခန်းထဲ ထည့်ထားလိုက်၏။ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ လသည် ညကို နေ့နှင့် မှားရလောက်အောင် ထိန်ထိန်သာနေ၏။

ပင်လယ်ကို ငေးကြည့်နေမိ၏။ ရေပြင်သည် ချစ်စဖွယ် ကြည်လင် ငြိမ်သက်နေ၏။ နာရီကို ငုံ့ကြည့်သည်။ ဆယ့်တစ်နာရီ ခွဲပြီ။ ခုနေထွက်လျှင် ကော်ရိုနာဒိုကို တစ်နာရီကျော်ကျော်လောက် ရောက်မည်။ ဟိုကျမှ ကျောက်ချပြီး အိပ်မည်။ ဝူးခနဲ စက်နှိုးပြီး မောင်းထွက်လာ၏။

ကျွန်တော် ထင်သလောက်ပင် မမောင်းရ။ အစောကြီး ရောက်သွားသည်။ စက်သတ်ပြီး ကျောက်ဆူးကို ရေထဲပစ်ချလိုက်သည်။ ရေတွေ မျက်နှာလာစင်တော့ စိတ်ထဲပျော်သွားသည်။

သို့နှင့် အဝတ်တွေ ချွတ်ချပြီး ရေထဲ ဒိုင်ဗင်ထိုးဆင်းလိုက်၏။ ရေနက်ထဲတွင် ကူးရသည်မှာ အရသာရှိလှသည်။ ပုခက်စီးရသကဲ့သို့ ငြိမ့်ညောင်းလှ၏။ ရေမျက်နှာပြင် အတက် အကျအတိုင်း လွင့်မျောလိုက်ပါရင်း အကြောအခြင်တွေ လျော့ပြေသွားသလို ခံစားလိုက်ရ၏။

အားရမှ မော်တော်ပေါ် ပြန်တက်သည်။ ရေစက်လက်နှင့် အခန်းတံခါးကို တွန်းဝင်ပြီး မျက်နှာသုတ်ပဝါ လှမ်းယူလိုက်၏။ စင်ပေါ်တွင် လက်က ဘာမှ မစမ်းမိ။ မီးဖွင့်ဖို့ ခလုတ်ရှိရာသို့ အလှည့်လိုက်တွင် အမှောင်ထဲမှ အသံတစ်သံ ကြားလိုက်ရသည်။

'မျက်နှာသုတ်ပဝါ ရှာနေတာလား လုခ်'

အမှောင်ထဲတွင် မျက်နှာသုတ်ပဝါတစ်ထည် ကျွန်တော့်ဆီ လွင့်လာသည်။ လှန့်ထိပြီး ဖောက်ကျသွားသည်။ ကုန်းကောက်ယူလိုက်သည်။ သူက အမှောင်ထဲတွင် ရောက်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မမြင်ရ။ အမှောင်ရိပ်ကျသည့် နံရံကပ် ခုတင်ပေါ်တွင် သူ ရောက်နေသည်။ ရယ်သံနှင့် တစ်ဆက်တည်း သူပြောသည်။

'လုခ် သိပ်ပိန်သွားတာပဲနော်၊ ဟောဟို လေဝင်ပေါက်ကနေ ချောင်းကြည့်နေတာ အားလုံး မြင်ရတယ် သိလား'

မျက်နှာသုတ်ပဝါဖြင့် ကိုယ်ကို ကပျာကယာ ပတ်လိုက်သည်။ သူ ထလာသံ ကြားရ၏။ လေဝင်ပေါက်မှ ထိုးဆင်းနေသည့် လရောင်ကို သူ့ကိုယ်နှင့် ကွယ်ထားသည်။

ကျွန်တော့် လည်ပင်းပေါ်သို့ သူလက်တွေ ရောက်လာ၏၊ သူ ရွှေ့တိုးလာတော့ လရောင်အလင်းတန်းက သူ့မျက်နှာကို မီးမောင်းထိုးပြနေဘိသို့။

ကျွန်တော် သူ့ကို ဆွဲဖက်လိုက်သည်။ သူလည်း ရေထဲမှ တက်လာသည့် ကျွန်တော့် အတိုင်းပါပဲလား။ ပူနွေးညှို့သက်သည့် အတွေ့ကို ခံစားရ၏။ မည်မျှကြာအောင် မတ်တတ်ရပ် လျက်သား အနမ်းသံသရာတွင် လည်နေမိကြသည် မသိတော့။

'သိပ်ချစ်တယ် နီရာ'

ကျွန်တော်က လှိုက်လှိုက်မောမော ပြောလိုက်သည်။

'နီရာလည်း အတူတူပါပဲ လုခ်ရယ်'

ကျွန်တော့်ရင်ခွင်ထဲတွင် လူးလွန့်ရင်း သူ ပြန်ပြောသည်။ ကျွန်တော့် ရင်ဘတ်တွင် ပါးအပ်လျက်။

'နီရာ ပြောသားပဲ၊ အပြီးတိုင် နှုတ်ဆက်တာ မဟုတ်ပါဘူးလို့'

သူ့ကိုယ်လေးကို ခွေ့ခနဲ ကောက်ပွေ့ပြီး အိပ်ရာပေါ် တင်လိုက်သည်။

'တို့နှစ်ယောက် ဘယ်တော့မှ နှုတ်ဆက်စကား မဆိုတမ်းနော်'

ကျွန်တော် တိုးတိုးကလေး ပြောလိုက်သည်။ ရသမြောက် အချစ်ည တစ်ည ဖန်ဆင်း ဖြစ်ကြ၏။

ကျွန်တော် တစ်ရေးနိုးတော့ သူက မော်တော်နံရံကို ကျောပေးပြီး ကွေးကွေးကလေး အိပ်ပျော်နေသည်။ လရောင်တွင်ပင် ရှည်လျားသည့် မျက်တောင်ကော့ကြီးတွေကို အတိုင်းသား မြင်ရ၏။ အိပ်ပျော်နေပုံမှာ တကယ့်ကလေးငယ်တစ်ယောက်အတိုင်းပင်။ မျက်လုံးအစုံ ဖြည်းဖြည်းကလေး ပွင့်လာသည်။ အသာ ပြန်မှေးပြီးမှ ပြန်ဖွင့်ကြည့်သည်။ လျှို့ဝှက်သည့်အပြုံးတစ်မျိုး သူ့မျက်နှာတွင် ပေါ်လာသည်။ ကျွန်တော့်မျက်နှာကို သူ့ရင်ခွင်ထဲသို့ ဆွဲယူလိုက်သည်။ သူက ကျေနပ်ကြည်နူးစွာ ညည်းတွားရင်း-

'ဩော်. . လုခ်ရယ်၊ နီရာလေ ဒီလို တစ်ခါမှ မပျော်ဖူးပါဘူးကွယ်'

သူ့ဆံပင်တွေကို ပွတ်ပေးနေမိ၏။ ဘာမှတော့ ပြန်မပြောဖြစ်။

သူက ခေါင်းထောင်ပြီး ကျွန်တော့်မျက်လုံးတွေကို သေသေချာချာကြည့်သည်။

'နီရာ ပြောတာ ယုံတယ် မဟုတ်လားဟင် လုခ်'

ခေါင်းညိတ်ပြလိုက်သည်။-

'ယုံပါကွယ်၊ လုခ် ယုံရမယ်၊ သူများတွေ ဘာပြောပြော'

သူက ဇွတ်ပြောနေသည်။

'ယုံပါတယ် နီရာရယ်'



သူ တုန်တုန်ယင်ယင် ဖြစ်လာသဖြင့် ကျွန်တော် အံ့ဩသွားသည်။ မျက်ရည်တွေ လည်လာပြီး. . .

'လူတွေက နီရာ့ကို မုန်းကြတယ်၊ နီရာ ချမ်းသာတာ၊ နီရာ အောင်မြင်တာကို မနာလို ဖြစ်ပြီး မဟုတ်မဟပ် လုပ်ဇာတ်တွေနဲ့ နာမည်ပျက်အောင် လုပ်ကြတယ်'

ပထမဆုံးအကြိမ်အဖြစ် နီရာ၏ ရင့်ကျက်ခြင်းကို ကျွန်တော် တွေ့ရသည်။

'ဒါတွေ မေ့လိုက်ပါကွာ၊ ဒီလို လူမျိုးတွေက အမြဲတမ်း ရှိနေမှာပဲ၊ ကိုယ် နားလည်နေ ရင် ပြီးတာပဲ မဟုတ်လား၊ ဒါပေမဲ့ မင်းကို ကောင်းကောင်းနားလည်ထားတဲ့ လူတွေကိုတော့ အလေးအနက် ထားရမယ်ပေါ့'

သူ့ခေါင်းကို ကျွန်တော့်ပခုံးပေါ်တွင် မှေးတင်ပြီး တင်းတင်းဖက်ထားလိုက်၏။ တဆတ်ဆတ် တုန်နေသည့် သူ့ကိုယ်ကလေး ငြိမ်သွားသည်။ သူက ကျွန်တော့်မျက်နှာကို မော့ကြည့်ပြီး. . . .

'လုခ် ဘာတွေ စဉ်းစားနေတာလဲဟင်၊ နီရာ့မှာ ဝန်ခံစရာတစ်ခု ရှိတယ်၊ သိပ်အရေး ကြီးတယ်'

ကျွန်တော် လန့်သွားသည်။ စောစောက ပြောခဲ့သမျှ မုသားတွေပါဟု ပြန်ပြင်မည် ဆိုလျှင်တော့ ကျွန်တော် နားမထောင်လိုပါ။ သူနှင့် ကျွန်တော့်ကြားမှ လက်ရှိအနေအထား ကို ကျွန်တော် မပြောင်းချင်တော့ပါ။ ဘာမှ မပြောဘဲ ရင်တထိတ်ထိတ်နှင့် နားထောင်နေလိုက် ၏။

သူက ကျွန်တော့်ရင်ထဲတွင် ဗလောင်ဆူနေသည်ကို သိပုံရ၏။ နောက်တောက်တောက် အမူအရာဖြင့် ပြုံးပြီး. . . .

'နီရာ ထမင်း ဟင်း မချက်တတ်ဘူး လုခ်'

ကျွန်တော့် ရင်ထဲမှ အလုံးကြီး ကျသွားသည်။ ခုမှ အားရပါးရ ရယ်နိုင်တော့၏။ အိပ်ရာပေါ်မှ ဆင်းပြီး ကော်ဖီဖျော်သည်။ ကော်ဖီယူပြီး ပြန်လာတော့ သူက အိပ်ရာပေါ်တွင် ပိုင်ယာကြိုးအပြတ်တစ်ချောင်းနှင့် ဆော့နေ၏။ ကော်ဖီ သောက်ရင်း သူ့ကို ထိုင်ကြည့်နေ၏။ သူ့လက်မှ သွပ်နန်းကြိုးကလေး အသက်ဝင်လာပြီး လူပုံ ဖြစ်လာ၏။ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်း တော့မည့် လူတစ်ယောက်ပုံ။

ကျွန်တော် ကြည့်နေမှန်း သိတော့ အရုပ်ကလေးကို နံဘေးသို့ ချလိုက်သည်။ ကျွန်တော် က အားမလို အားမရဖြစ်ပြီး. . . .

'လုပ်လေ၊ ဆက်လုပ်ပါ၊ ကိုယ် အဲဒါမျိုး လုပ်တတ်ချင်လိုက်တာ'

နီရာ ပြုံးသည်။

'နီရာကတော့ အဲဒီလို လုပ်တတ်တာ မှားလေခြင်းလို့ တစ်ခါတစ်ခါ အောက်မေ့မိ တယ်၊ ဆက်မလုပ်ချင်တော့ဘူး၊ ဒါပေမဲ့ မလုပ်ဘဲနေလို့လည်း မရတော့ဘူး၊ မြင်မြင်သမျှ အရာတွေဟာ အနုပညာပစ္စည်း ဖြစ်လာရမယ်လို့ စိတ်ထဲ ထင်နေတယ်၊ လုခ် နားလည်နိုင်ပါ့ မလား၊ မသိဘူး'

'အင်း နားလည်သလိုလိုပဲ၊ မင်းဟာ သိပ် ကံထူးတာပဲနော် နီရာ၊ လူတိုင်း လူတိုင်း အရာဝတ္ထုတွေကို မြင်နေကြတာပဲ၊ ဒါပေမဲ့ ဘယ်သူမှ မင်းလို မလုပ်တတ်ကြဘူး'

သူက နန်းကြိုးရုပ်ကလေးကို ကြည့်ပြီး အမှတ်မထင် နံဘေးသို့ ပစ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကံထူးတယ်၊ သိပ်ထူးတယ်'

သူ့လေသံက ချက်ချင်း တူးတူးခါးခါး ဖြစ်သွားသည်။

'ဒါဖြင့် လုခ်ကျတော့ကော၊ လုခ်က ဘာလဲ'

ကျွန်တော်က ပခုံးတွန့်ပြီး

'မသိဘူးလေ၊ တစ်ခါမှ လေးလေးနက်နက် မစဉ်းစားမိဘူး၊ ကိုယ်က သာမန်စစ်သား တစ်ယောက်ပဲလေ၊ စစ်ကြီး ပြီးဖို့ မျှော်လင့်နေတဲ့ လူသားတစ်ယောက်ပဲ'

'စစ်ပြီးတော့ ဘာလုပ်မှာလဲ'

'အလုပ်တစ်ခုခု ရှာရမှာပေါ့၊ ကံကောင်းရင်လည်း သိပ်အသက်မကြီးခင် လုပ်ချင်တာ လေးတွေ လုပ်ဖြစ်ရမှာပေါ့၊ ကိုယ်က အဆောက်အအုံတွေ ဆောက်ချင်တာလေ၊ ဖြစ်မှ ဖြစ်ပါ့ မလား မသိဘူး၊ ကိုယ့်ဟာကိုယ် ဖြစ် မဖြစ် စမ်းသပ်ခွင့် မရလိုက်ဘူး၊ ကျောင်းကနေ လေတပ် ထဲ တန်းဝင်လိုက်ရတာ မဟုတ်လား'

'ဆရာဘဲလ်က ပြောတော့ လုခ် သိပ်တော်တယ်ဆို'

'သူက ဘက်လိုက်ပြောတာပါ၊ ကျောင်းမှာ ကိုယ်က သူ့အချစ်ဆုံးတပည့်ကိုး'

'နိုရာ ကူညီချင် ကူညီနိုင်မှာပေါ့၊ အစ်ကို ဝမ်းကွဲတစ်ယောက် ရှိတယ်လေ၊ သူ့မှာ နာမည်ကျော် ဗိသုကာလုပ်ငန်းကြီးတစ်ခု ရှိတယ်'

'သိပါတယ်၊ ဂျော့ဟောဒင် မဟုတ်လား၊ ဟောဒင်နှင့် ကာရွသာ ကုမ္ပဏီကလေ'

'ဘယ်လိုလုပ်သိတာလဲ'

'အမိရဲ့ မယ်တော်ကြီး ပြောလို့ပေါ့'

သူက ကျွန်တော့်ကို မျက်မှောင်ကလေးကျုတ်ပြီး စိုက်ကြည့်နေသည်။ စီးကရက် တစ်လိပ် လှမ်းယူသည်။ ကျွန်တော် မီးခြစ် ခြစ်ပေးလိုက်၏။ စီးကရက်ကို တအားဖွာလိုက်ပြီး

'အင်း. . မေမေကတော့ ဘယ်တော့မှ အချိန်မဖြုန်းဘူး'

ကျွန်တော်က ပြောစရာမရှိသဖြင့် ဘာမှ မပြောဘဲ နေလိုက်သည်။ သူက မော်တော် ဝင်းနံရံကို မှီရင်း-

'သိပ်ငြိမ်းချမ်းတာပဲနော်၊ အားလုံးနဲ့ အဝေးကြီးကို ရောက်နေရတာ သိပ်လွတ်လပ် တာပဲ၊ နားပူမယ့်လူလည်း မရှိဘူး၊ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မယ့်သူလည်း မရှိဘူး ကမ္ဘာကြီးထဲမှာ တစ်ယောက်တည်း ရှိနေသလိုပဲ၊ တိတ်ဆိတ်ပုံကလည်း နက်ရှိုင်းလိုက်တာနော်'

ကျွန်တော် ဘာမှမပြောဘဲ နားထောင်နေသည်။

သူက ကျွန်တော့်ကို မကြည့်ဘဲ

'လုခ် နိုရာ့ကို လက်ထပ်ချင်လားဟင်'

'အင်း'

ခုမှ မျက်လွှာကို ဝင့်ကြည့်သည်။ မျက်ဝန်း နက်နက်ကလေး တဖျပ်ဖျပ် ကခုန်လျက်။

'ဒါနဲ့များ ဘာလို့ ဖွင့်မပြောဘဲ နေလဲ'

'မင်းလို မိန်းကလေးတစ်ယောက်ကို ကိုယ်က ဘာများပေးစရာရှိလို့လဲ၊ ကိုယ့်မှာ ဘာမှ မရှိဘူး။ တပ်ကထွက်ရင် အလုပ်လည်း မသေချာဘူး၊ မိန်းကလေးတစ်ယောက်ကို လုပ် ကျွေးနိုင်ပါ့မလား ဆိုတာတောင် မသေချာဘူး'

'အဲဒါ ပြဿနာလား၊ နိုရာ့မှာ အလုံအလောက်. . . .'



'ကိုယ့်အတွက် အရေးကြီးတဲ့ ပြဿနာပေါ့၊ ကိုယ်က ဒီနေရာမျိုးမှာတော့ ရှေးဆန် [illegible]လေ'

ကျွန်တော်က သူ့စကားကို ဖြတ်ပြောလိုက်သည်။

သူ ကျွန်တော့်နံဘေးတွင် ဒူးထောက် ထိုင်ချသည်။ ကျွန်တော့်လက်ကို ဆွဲယူသည်။

'အဲဒါ အကြောင်းမဟုတ်ပါဘူး လုခ်ရယ်၊ နိုရာ့ကို ယုံတယ် မဟုတ်လားဟင်၊ နိုရာ့ကို [illegible]က်ထပ်ခွင့် တောင်းပါနော်'

ကျွန်တော် သူ့ကို အကဲခတ် ကြည့်နေလိုက်သည်။ သူက မျက်နှာလွှဲလိုက်ပြီး-

'တကယ့်ကို ရင်ထဲကပါမှ ပြောနော်၊ ဖြစ်ပြီးခဲ့တာလေးတွေကြောင့် ပြောရတာမျိုး [illegible] မဖြစ်စေချင်ဘူး၊ အဲဒါတော့ လုခ် သိထားစေချင်တယ်'

သူ့မျက်နှာကလေးကို ကျွန်တော့်ဘက် ဆွဲလှည့်လိုက်သည်။

'မင်းကို ကိုယ်ချစ်ပါတယ် နိုရာရယ်'

သူက ဘာမှမပြောဘဲ ကျွန်တော့်ကို ကြည့်ပြီး ခေါင်းညိတ်သည်။ သူ့မျက်ဝန်းထဲတွင် [illegible]ရည်တွေ ချက်ချင်းဝေ့လာ၏။ သူ့နှုတ်ခမ်းအစုံကို ခပ်ရွရွကလေး နမ်းလိုက်၏။

'ဆမ့်ကို အကျိုးအကြောင်း ပြောပြရဦးမယ်'

'ဘာပြုလို့'

'ဒါ သူနဲ့ဆိုင်တယ်လေ၊ သူ့အလုပ်တွေ အများကြီးရှိလာမှာ၊ သတင်းစာတိုက်တွေ [illegible] သတင်းပေးတာတို့ ဘာတို့ပေါ့၊ ဒါမှ အတင်းအဖျင်း အညီအဟောက် ရေးချင်တဲ့ သတင်း [illegible]ယောက်တွေ ငြိမ်သွားမှာ'

ကျွန်တော် ဘာမှ ထင်မြင်ချက်မပေးဘဲ နေလိုက်သည်။

သူက ကျွန်တော့်လက်မောင်းကို ကိုင်ပြီး. .

'ဆမ်ဟာ နိုရာ့မိတ်ဆွေကောင်းတစ်ယောက်ပါ'

'ဟိုညက ဆမ့်ဆီကို သွားတာ မဟုတ်လား'

'ဪ. . ဒီလိုကိုး၊ လုခ်က သူ့ကို မနာလို ဖြစ်နေသလား'

ကျွန်တော် ဘာမှ မဖြေ။

'မနာလို ဖြစ်စရာမလိုပါဘူး လုခ်ရယ်၊ ဆမ်က တစ်လျှောက်လုံး နိုရာ့အပေါ် ကောင်း [illegible] မိတ်ဆွေတစ်ယောက်ပါ၊ ကျောင်းသူဘဝတုန်းက သူနဲ့ခင်ခဲ့တာပဲ'

'သိပါတယ်၊ သူလည်း ကိုယ့်ကို ပြောစရာတွေ အများကြီးရှိနေပုံပဲ'

နိုရာ ကျွန်တော့်ကို ခဏစိုက်ကြည့်နေသည်။

'နိုရာနဲ့ သူ့ကြားမှာ မရှိပါဘူး လုခ်၊ မိတ်ကောင်းဆွေကောင်းတစ်ယောက်အနေနဲ့ [illegible]ကို ဟစစအရာရာ စောင့်ရှောက်ခဲ့တာပါ၊ ဒါကိုလည်း လူတွေက ကြံဖန်ပြီး အတင်းတုတ် [illegible]တယ်လေ'

'မင်းက ကိုယ့်ကို ကြိုတင်သတိပေးချင်တဲ့အထဲမှာ ဒါလည်း အပါအဝင်ပေါ့ ဟုတ် [illegible]'

'ဟုတ်တယ် လုခ်၊ ဒီကိစ္စသက်သက် သွားပုပ်လေလွင့်ပြောကြတာပါ၊ မှသား သက် [illegible]ပါ'

www.burmeseclassic.com

www.burmeseclassic.com



သည်မှာကတည်းက ကျွန်တော်တို့၏ အိမ်ထောင်ရေး စမှားခဲ့ခြင်း ဖြစ်၏။ မှသား ဆိုသည်ကတော့ ဟုတ်ပါသည်။ သို့သော် လူတွေ၏ မုသား မဟုတ်ပါ။ နီရာ၏ မုသား ဖြစ်ပါ၏။ ကျွန်တော့် စိတ်ထဲက သိနေသည်။ ဘာကြောင့် သိနေမှန်းတော့ မသိ။ အတွင်းစိတ် နှင့် မတူသည့် ရိုးသားသော သူ့မျက်လုံးများကြောင့် သို့မဟုတ် သူ့အသံကြောင့် ဖြစ်နိုင်ပါသည်။ သည်နှစ်ခုက သူပြောနေသည့် ဆန့်အကြောင်းကို မထောက်ခံကြပါ။

မည်သို့ဖြစ်စေ အမှားကို ကျူးလွန်မိသူက ကျွန်တော်။ ဘယ်လိုမှ ပြင်၍ မရတော့ သည့် အမှားမျိုး။ မုသားတွေက တစ်ခုမှ တစ်ခုသို့ တူးစက်လာသည်။ လိမ်သူ့အတွက်ရော အလိမ်ခံရပြီး မသိချင်ယောင်ဆောင်နေသူအတွက်ပါ အကျပ်တွေ့လာသည်။ နောက်ဆုံးတွင် အမှန်တရားသည် ကြောက်မက်ဖွယ်ရာ ဘွားခနဲ ပေါ်လာတော့၏။ သို့သော် ထိုစဉ်က ကျွန်တော် ဝေ့း လုံးလုံး မသိခဲ့။

ငါနဲ့ မတွေ့ခင် ဖြစ်ခဲ့တာတွေ ရှိသည်ထားဦး၊ ငါနဲ့ မဆိုင်ဟု သဘောထားခဲ့၏။

သူက ကျွန်တော့်ကို ချစ်သည်။ သူ့ကို ကျွန်တော်က ချစ်သည်။ ကျန်တာတွေသည် မနေ့က ဇာတ်စွမ်းသာ ဖြစ်ပါ၏။ ကျွန်တော်က သူ့ဘက်ယိမ်းပြီး ပါးပြင်ကလေးကို မွှေးမွှေးပေး ရင်း ပြောလိုက်၏။

'ကိုယ် မင်းကို ယုံပါတယ် နီရာရယ်'

❑ ❑ ❑

# အခန်း ( ၇ )

ကျွန်တော့် နံဘေးတွင် ထိုင်နေသည့် ဒန်နီကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။ ပြီးတော့ အဘွား ကြီးနှင့် ရှေ့နေဂေါ်ဒွန်၏ အကြားမှ နီရာ့ကိုတစ်လှည့် ဝတ်ကျောတန်းတွေ နှုတ်ဆက်ကြပြီး နောက် နီရာ ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်ဘဲ နေသည်။

အတိတ်ကာလကို ပိုင်စိုးသည့် နတ်ဆိုးမိစ္ဆာတို့ ကျွန်တော့်အာရုံကို လွှမ်းမိုးနေသလို မှုကိုလည်း ဖမ်းစားနေပြီ ထင်၏။

ဟဲရစ်ဂေါ်ဒွန်က နာရီကို ငုံ့ကြည့်ပြီး. . .

'အသင့်ဖြစ်ဖို့ ကောင်းပြီ ထင်တယ်'

သူက ပြောပြောဆိုဆို ဒန်နီကို ကြည့်ပြီးပြုံးရင်း. . .

'သမီး အပေါ်ကိုတက်ပြီး အနွေးထည်ယူတော့လေ'

ဒန်နီက ရှေ့နေကြီးကို ခဏ ငေးကြည့်နေသည်။ ပြီးမှ အခန်းထဲက တိတ်တိတ်ကလေး ထွက်သွားသည်။ ကျွန်တော်တို့အားလုံး မကြည်မလင်နှင့် ကျန်ခဲ့ကြ၏။ အခန်းထဲတွင် ရုတ်ခြည်း တိတ်ဆိတ်သွားသည်။ ဒန်နီကလေးကြောင့် ကျွန်တော်တို့ အချင်းချင်း ဆွဲ့အကျန်ခဲ့သည် ဖြစ်လာ။

ခဏတန်ကြာမှ ဂေါ်ဒွန်က လည်ချောင်းရှင်းပြီး ပြောသည်။

'ဒန်နီကို သူ့အဘွားနဲ့ သူ့အမေ ခေါ်သွားလိမ့်မယ်'

တစ်ဆက်တည်း ကျွန်တော့်ဘက် လှည့်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com

'ကာနယ်နဲ့ ကျွန်တော် အတူတူ သွားကြတာပေါ့၊ ဒါမှ စကားပြောချိန်ရမှာ'

ကျွန်တော် ခေါင်းညိတ်လိုက်၏။ ကျွန်တော်လည်း သူနှင့် စကားပြောချင်နေသည် ညကထက် ပိုပြီး မသိရသေး။ နံနက်စာဝိုင်းတွင်လည်း သည်ကိစ္စ ရှောင်ကွင်းပြောနေကြသည်

'နီရာ့ကားနဲ့ သွားကြတာပေါ့ မေမေ၊ ချားလ်စ် မောင်းလိမ့်မယ်'

နီရာ ပြောတော့ မစ္စက်ဟေဒင် သက်ပြင်းငယ်တစ်ချချပြီး မတ်တတ်ထရပ်သည် ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ခပ်ယဲ့ယဲ့ ပြုံး၏။

'အသက်ကြီးလာတော့ အထိုင်အထ မကောင်းချင်တော့ဘူးကွယ်၊ အင်းလေ ငယ်ငယ်ကလိုတော့ ဘယ်သွက်တော့မလဲ'

ကျွန်တော်က ပြန်ပြုံးပြပြီး ခေါင်းညိတ်လိုက်သည်။

အဘွားကြီးကို ဂေါ်ဒွန်က ဦးဆောင် ခေါ်ထုတ်သွားတော့ အခန်းထဲတွင် ကျွန်တော်နှင့် နီရာ နှစ်ယောက်တည်း ကျန်ခဲ့သည်။ သူက ကော်ဖီအိုးကို လှမ်းယူပြီး. . . .

'ကော်ဖီ ထပ်ယူဦးမလားဟင်'

ကျွန်တော် ခေါင်းညိတ်လိုက်၏။

'နို့နဲ့ သကြား ထည့်မယ်နော်'

ကျွန်တော် သူ့ကို ငေးကြည့်နေလိုက်၏။ ရှက်သွေးဖြာ မျက်နှာလေးဖြင့် နီရာ ပြောသည်။

'ဩော် မေ့သွားတယ်၊ ကော်ဖီကြမ်း ပြင်းပြင်း၊ နို့လုံးဝ မထည့်ဘူး၊ သကြားတစ်ဇွန်း'

နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။ ခဏနေမှ သူ စမေးသည်။

'ဒန်နီ လှမလာဘူးလားဟင်'

ကျွန်တော် ကော်ဖီသောက်ရင်း. . .

'အင်း. . သိပ်လှလာတယ်'

'သူ့ကို ဘယ်လို ထင်လဲဟင်'

'ဘယ်လိုထင်ရမှန်း ဘယ်သိဦးမလဲ၊ မတွေ့ရတာ ကြာပြီပဲ၊ ခုပြန်တွေ့တာလည်း ခဏလေး ရှိသေးတယ်လေ'

သူက သဲရော်သံစွက်ပြီး. . .

'ရှင်တို့နှစ်ယောက်က စည်းကိုက်ဝါးကိုက်ဆို၊ ဟိုတုန်းက ခဏခဏ ပြောတာ မှတ်မိနေပါတယ်၊ အဲဒီတော့ မတွေ့တာ ကြာတဲ့အချိန်ဟာ အကြောင်း ဟုတ်မယ် မထင်ပါဘူး'

'ဟိုတုန်းကတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ အချိန်တွေအများကြီး ကြာခဲ့ပြီပဲ၊ ခုတော့ သူလည်း အရွယ်ရောက်လာပြီ၊ ပြီးတော့ သူ့ရော ကိုယ့်ရော အများကြီး ပြောင်းလဲခဲ့ကြပြီပဲ အရင်အတိုင်း ပြန်ဖြစ်ပါ့မလားတောင် မသိဘူး'

'ရှင်က ရှင့်သမီးကို တစ်ချိန်လုံး ယုံခဲ့တာပဲ မဟုတ်လား'

ကျွန်တော် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။

'ယုံတာက ယုံတာပဲလေ၊ သမီးကို ယုံသလို တခြား ကိုယ်ယုံနေတာတွေ ရှိသေးတယ်၊ ဥပမာ ခုကိစ္စ သမီးဆိုတဲ့ စကားလုံးကို သဲသဲမဲမဲ အသုံးချပြီး မင်း အမှတ်ယူနေတယ်ဆိုတာမျိုးပေါ့၊ မင်း ကိုယ့်ကို ပြောစရာရှိလို့ ပြောချင်ရင် ခုပြော'

သူ့မျက်နှာ မှိုင်းခနဲ ဖြစ်သွားသည်။



'ရှင်ဟာ ကျွန်မနဲ့ တွေ့စကအတိုင်းပဲ၊ သိပ်ရိုင်းတယ်'

'လိမ်ညာ ယဉ်ကျေးနေတဲ့အချိန် မဟုတ်တော့ဘူး နီရာ၊ သိပ်နောက်ကျသွားပြီ၊ တို့နှစ်ယောက် အဲဒီခရီးမျိုး သွားခဲ့ဖူးပြီလေ၊ အလုပ်မှ မဖြစ်ဘဲ၊ အမှန်တရားဟာ ရင့်သီးပေမယ့် [illegible]တယ်၊ ဘယ်သူမှ အမှန်တရားကို ကျော်လွှားသွားလို့ မရဘူး'

သူက စားပွဲခင်းကို ငုံ့ကြည့်နေရင်း ခါးခါးသီးသီး လေသံဖြင့်. . .

'ရှင် ဘာလို့ လာတာလဲ လုခ်၊ ဂေါ်ဒွန်ကို ကျွန်မပြောသားပဲ မလိုပါဘူးလို့၊ အားလုံး [illegible]ဆင်ပြေသားပဲ'

ကျွန်တော် ထရပ်လိုက်သည်။

'ကိုယ်လည်း မလာချင်ပါဘူး၊ မင်းမှာ ဒီလောက် အဆက်အသွယ်ကောင်းကောင်းတွေ ရှိနေတာပဲ၊ ဘာ ကိုယ်လာစရာ အကြောင်းရှိလို့လဲ'

ခန်းမဆောင်ထဲသို့ ကျွန်တော် ထွက်လာခဲ့သည်။ ရင်ထဲမှ အမုန်းခွန်အားတွေ မွန်တိုင်း[illegible]လာသည်။ နီရာသည် ဘယ်တော့မှ ပြောင်းလဲမည် မဟုတ်သည့် မိန်းမမျိုးပါလား။

ဒန်နီ အပေါ်ထပ်မှ ဆင်းလာသည်။ ကျွန်တော် မော့ကြည့်လိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး သွေးလေ လည်ပတ်မှုတွေ ရပ်ဆိုင်းသွားသည် ထင်လိုက်၏။ အရွယ်ရောက်နေသည့် မိန်းမပျိုတစ်ယောက် ဆင်းလာနေ၏။ ကောင်းကောင်းမြင်ဖူးသည့် ရုပ်သွင်မျိုး။ ဘုရား ဘုရား သူ့အမေနှင့် ပိုတူလာပါကလား။

ဝတ်စုံကို လှလှပပ ဝတ်ဆင်လာပြီး အနွေးထည်ကို ပခုံးပေါ်တွင် ကပိုကရို တင်လျက်။ ဆံပင်ကို ခပ်ဖွာဖွာ ဖြင့်လာသည်။ နှုတ်ခမ်းအစုံပေါ်မှ နှုတ်ခမ်းနီက လတ်လတ်ဆတ်ဆတ်။ မနက်စာဝိုင်းက ကျွန်တော်နှင့် အတူယှဉ်ထိုင်ပြီး နံနက်စာ စားသွားသည့် ကောင်မလေး မဟုတ်တော့ပါ။

'ဖေဖေ'

သည်တော့မှ ကိုယ့်ကိုယ်ကိုယ် ကြက်သေ သေပြီး ကြောင်ကြည့်နေမှန်း သတိရသည်။ ခေါ်လိုက်သည့် အသံကလေးမှ ပီဘိ ကလေးသံကလေး။

'သမီး'

ကျွန်တော့်ဆီ လျှောက်လာပြီး တစ်ပတ်လှည့်ပြရင်း-

'လှလားဟင် ဖေဖေ'

ကျွန်တော်က လက်ကမ်းပြီး ပွေ့ချီမည်ပြုသည်။

'ယမင်းရုပ်ကလေးအတိုင်းပါပဲဗျာ'

'မလုပ်နဲ့ ဖေဖေ၊ မလုပ်နဲ့ ဆံပင်တွေ ပျက်ကုန်မယ်'

ကျွန်တော့်မျက်နှာပေါ်မှ အပြုံး ချက်ချင်း ပျောက်ကွယ်သွားသည်။ နီရာ ပုံသွင်းထားသည့်အတိုင်း ဖြစ်နေပြီပဲ။ သူ့အမူအကျင့်တွေကိုပါ သမီးကလေးကို ရိုက်သွင်းနေပြီလား။

ကျွန်တော် အနေခက်သွားသည်ကို ဒန်နီ သိဟန်တူ၏။

'ဖေဖေ ဘာမှ မစိုးရိမ်နဲ့နော် အားလုံးပြီးသွားမှာပါ'

သူ့ကို ငုံ့ကြည့်ပြီး ကျွန်တော် အားပေးလိုက်သည်။

'ဒါပေါ့ သမီးရယ်၊ အားလုံး ပြီးရမှာပေါ့'

'ဟုတ်တယ်၊ သမီးလည်း အဲဒီအတိုင်း ယုံတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီက အလေးအနက် စဉ်းစားပြီး ပြောသည့် လေသံဖြင့်-

'တချို့ကိစ္စတွေမှာ လူကြီးတွေ မလာသေးခင် ဖြစ်တတ်တယ်နော်'

ကျွန်တော် သူ့ကို စိုက်ကြည့်နေမိ၏။

အဘွားကြီးနှင့် ဂေါ်ဒွန်လည်း ခန်းမထဲ ရောက်လာကြသည်။ နီရာလည်း ထလာ၏။ ဂေါ်ဒွန်က တံခါးမကြီးကို ဆွဲဖွင့်ပေးရင်း-

'ချားလ်စ်ကို ပြော၊ ကိုယ့်ကားနောက်က ကပ်မောင်းလိုက်ခဲ့လို့'

နီရာက အပြင်လှမ်းထွက်ရင်း ဂေါ်ဒွန်ကို မေးသည်။

'တရားရုံးကို ဘယ်အချိန်ရောက်ရမှာလဲ'

ရွှေနေက နီရာကို နားမလည်သလို ကြည့်ပြီး-

'တရားရုံးအဆင့် မရောက်သေးဘူးလေ၊ ကလေးကို လူငယ်ဂေဟာ အာဏာပိုင်တွေဆီ ပြန်အပ်ရမှာ'

'ကောင်းတယ်၊ ကောင်းတယ်၊ နီရာလဲ ရုံးတွေ ဘာတွေ မသွားချင်ဘူး'

ဂေါ်ဒွန်က ဘာမှပြန်မပြောဘဲ နေသည်။ နီရာက ကားဆီသို့ လျှောက်သွားသည်။

'ထွက်ပါ ကာနယ်၊ ကျွန်တော် နောက်က လိုက်ပါ့မယ်'

ကျွန်တော့်အတွက်ပါ တံခါးဖွင့်ထားပေးရင်း ဂေါ်ဒွန် ပြောသည်။

ချားလ်စ်က နီရာ၏ 'ကျားသစ်'တံဆိပ်ကားကြီး၏ တံခါးကို ဆွဲဖွင့်ထားရင်း ကျွန်တော့်ကို ပြုံးပြုံးကြီး နှုတ်ဆက်သည်။

'ဟယ်လို . . ကာနယ်'

ကျွန်တော်က လက်ကမ်းပေးပြီး-

'နေကောင်းတယ်နော်'

'ကောင်းပါတယ် ကာနယ်၊ ဒီလိုအချိန်မှာ ကာနယ်ရောက်လာတာ သိပ်အားရှိတာပါ ခင်ဗျာ'

နီရာက ကားထဲရောက်ရောက်ချင်း အမိန့်ပေးသည်။

'တံခါးပိတ်လိုက် ချားလ်စ်'

ချားလ်စ်က ခေါင်းညိတ်ပြီး တံခါးပိတ်လိုက်သည်။ တစ်ဘက်ကို ပတ်သွားပြီး ဝင်ထိုင်ကာ ခွေကိုင်ရင်း ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သွားသည်။

ဂေါ်ဒွန်က ကျွန်တော့်ကို မေးသည်။

'ကာနယ် မောင်းမလား'

ကျွန်တော်က ငှားစီးလာသည့် ကားပေါက်စကလေးကို လက်ညှိုးထိုးပြလိုက်သည်။ နီရာ၏ 'ကျားသစ်'ကြီးနှင့် ဂေါ်ဒွန်၏ ကယ်ဒီလက်ကားကြီးနှစ်စီးကြားတွင် ကျွန်တော့်ကားကလေးမှာ ဘီလူးနှစ်ကောင်ကြားမှ လူပုကလေးနှင့် တူနေ၏။

'ကျွန်တော်တို့ နှစ်ယောက် ကျွန်တော့်ကားနဲ့ သွားကြတာပေါ့၊ ကာနယ့်ကားကို ကျွန်တော့်ဒရိုင်ဘာ မောင်းယူလာခိုင်းလိုက်မယ်'

ကျွန်တော်တို့ ကားသုံးစီး တန်းစီ မောင်းထွက်လာခဲ့၏။ ဥယျာဉ်မှူးကြီးက ဝင်းတံခါးမကြီးကို ဖွင့်ပေးသည်။ ခြံဝင်းအပြင်ဘက်တွင် သတင်းထောက်တွေ စုပြုံစောင့်နေကြ၏။ ကျွန်တော်တို့ ရပ်မပေးမှန်း သိတော့ သူတို့ ကားများ ရှိရာသို့ ဖရိုဖရဲ ပြေးသွားကြသည်။ ဂေါ်ဒွန်က



နောက်ဘက်သို့ ချိုးကွေ့ရန် နောက်ကားနှစ်စီးကို လက်ပြလိုက်သည်။ ဂရေ့စ်ဘုရင်ကျောင်းတော်ရှေ့မှ ဖြတ်ပြီး ကာလီဖိုးနီးယားလမ်းအတိုင်း မောင်းလာခဲ့ကြ၏။ ရှေ့ဒက်ရှ်ဘုတ်မှ မီးကျိုင်တွင် ဆေးလိပ်မီးညှိဖို့ သူနှင့်ကျွန်တော် လက်ချင်း သွားဆုံနေသဖြင့် သူက ရယ်ပြီး ကျွန်တော့်ကို အရင်ညှိပါဟု အမူအရာဖြင့် ပြသည်။ ကျွန်တော်က စီးကရက်ကိုညှိပြီး နေသည့် မီးကျိုင်ကလေးကို သူ့ရှေ့သို့ ထိုးပေးလိုက်သည်။

သူက ကျွန်တော့်ကို မကြည့်ဘဲ-

'ကျေးဇူးပါပဲဗျာ၊ ဟိုတုန်းက ဖြစ်ခဲ့တဲ့ ကိစ္စတွေကြောင့် ကာနယ် ကျွန်တော့်ကို ယာတ ရှိမနေပါဘူးနော်'

ကျွန်တော် သူ့ကို ငဲ့ကြည့်လိုက်သည်။ ကြည့်ဖူးသည့် ရုပ်ရှင်ကားတစ်ကားကို သွားတိရသည်။ အလဲထိုးခံရသည့် လက်ဝှေ့သမားကို အနိုင်ရသည့် လက်ဝှေ့သမားက ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်နေသည့် မြင်ကွင်း။

နှစ်တွေ ဘယ်လိုပြောင်းပြောင်း ခံခဲ့ရသည့် အကြောင်းကိုတော့ ဘယ်သူမှ ပြန်မတွေးချင်ပါ။ သို့သော် ကြာတော့ အရှုံးသမားဘဝကို အသားကျစ ပြုလာသည်။

'ခင်ဗျား ကျွန်တော့်သမီးကို ဒါလောက် အကူအညီပေးနေမှတော့ ကျွန်တော့်ဘက်က ဘာပြောစရာရှိတော့မှာလဲဗျာ'

ကျွန်တော် ဘာပြောချင်သည်ကို သိလျက်နှင့် သူက ကျွန်တော့်အဆိုကို တစ်ပိုင်းသာ ယူပြီး . . .

'ကောင်းပါလေ့ဗျာ၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားမှာပါ'

ဂိုးလမ်းထဲသို့ ချိုးကွေ့ပြီးနောက် ကျွန်တော် စမေးသည်။

'တယ်လီဖုန်းထဲမှာ ခင်ဗျားပြောတာထက် ဘာမှ ပိုမသိရသေးဘူး ဂေါ်ဒွန်၊ သတင်းစာထဲမှာလည်း ဘာမှ ပြည့်ပြည့်စုံစုံ မပါဘူး၊ ကျွန်တော် ဒါထက် ပိုသိချင်သေးတယ်'

သူ ကျွန်တော့်ကို တစ်ချက် ငဲ့ကြည့်သည်။ စူးစမ်းအကဲခတ်သည့် အကြည့်။

'ရစ်ကီနဲ့ နီရာတို့ ဆက်ဆံရေးကိုတော့ ကျွန်တော် သိပ်ရှင်းပြဖို့လိုမယ် မထင်ဘူး'

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။ နီရာ့အကြောင်းကို ကျွန်တော် အသိဆုံး မဟုတ်လား။

'အဲဒီနေ့က သူတို့နှစ်ယောက် တစ်နေ့လုံး စကားများကြတယ်တဲ့၊ ကျွန်တော် သိရသလောက် နီရာက ဇာတ်လမ်းကို ရပ်မစ်ချင်တယ်၊ အလုပ်ကိစ္စကြောင့်လည်း ပါတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စလည်း ပါမှာပေါ့လေ၊ ဟိုကောင်က လွယ်လွယ်နဲ့ ဘယ်ဆင်းမလဲ၊ ဒီရှင့်အရေးမျိုး ဆိုတာ ရခဲတယ် မဟုတ်လား'

'နီရာက နောက်တစ်ယောက် တွေ့နေပြီပေါ့'

ကျွန်တော်က ဖြတ်မေးတော့ သူ ကျွန်တော့်ကို ငဲ့ကြည့်ပြန်သည်။ သူက ပခုံးတွန့်ပြီး-

'အဲဒါတော့ ကျွန်တော် မသိဘူး၊ မေးလည်း မကြည့်ဘူး၊ ကျွန်တော် ရောက်တော့ တွေနဲ့ ရှုပ်ပွေနေပြီလေ၊ မေးလည်း မသေးသင့်ဘူး မဟုတ်လား'

'ဝါပေါ့လေ'

ကျွန်တော် အလိုက်အထိုက် ပြန်ပြောလိုက်၏။ အနောက်ဘက်ကို ထပ်ချိုးတော့ လျှူလမ်းကို ရောက်လာသည်။

www.burmeseclassic.com



'ကျွန်တော့် သိရသလောက် ရစ်ကီက နိုရာ့အခန်းထဲက ထွက်လိုက်လာတာ၊ စတူဒီယို ထဲအထိ စကားများသွားကြတယ်၊ ဒန်နီက အခန်းထဲမှာ စာကျက်နေရာက အမေ့အော်သံ ကြားတော့ ပြေးဆင်းသွားတယ်၊ သူ့အမေကို ရစ်ကီ ရိုက်မောင်းပုတ်မောင်း လုပ်ဖို့ဆဲဆဲမှာ ဒန်နီ စတူဒီယိုခန်းထဲ ရောက်လာတယ်။ ဆောက်တစ်ချောင်း လှမ်းဆွဲယူတယ်၊ နှစ်ယောက်ကြားမှာ ဝင်ရပ်ပြီး ရစ်ကို ဗိုက်တည့်တည့်ကို ထိုးထည့်လိုက်တယ်။ သွေးတွေ ပန်းထွက်လာပြီး လဲကျသွား တော့မှ ဒန်နီ အလန့်တကြား အော်တယ်၊ ကလေး အော်သံကြားမှ ချားလ်စ်က သူ့အခန်းထဲက ပြေးထွက်လာတာ၊ သူ့နောက်က အိမ်ဖော်မလေး ပြေးလိုက်လာတယ်။ အဲဒီမှာ နိုရာက ချားလ်စ် ကို ဆရာဝန်ဆီ ဖုန်းဆက်ခိုင်းတယ်၊ သူကိုယ်တိုင် စတူဒီယိုဖုန်းကနေ ကျွန်တော့်ကို အကြောင်း ကြားတယ်။ ကျွန်တော်က ရဲတွေ ရောက်လာရင် လိုသမျှ အကူအညီပေးဖို့၊ ဒါပေမဲ့ ကျွန်တော် မရောက်ခင် ဘာတစ်ခွန်းမှ မဟာဖို့ ပြောပြီး မိနစ် ၂၀ အတွင်း ကျွန်တော် အရောက်သွားတယ်၊ ရဲက ကျွန်တော့်ထက် ၁၀ မိနစ် စောရောက်တယ်'

ကျွန်တော်က စီးကရက်ကို ပြာခွက်ထဲ ထိုးချေရင်း-

'ကဲ. . ကျွန်တော် အရေးကြီးတာ မေးပါရစေ'

'နိုရာ သတ်တာလား ဆိုပြီး ကာနယ်စိတ်ထဲက ထင်နေတယ် မဟုတ်လား'

ကျွန်တော် ခေါင်းညိတ်လိုက်၏။

သူ ခပ်ဖြည်းဖြည်း ပြန်ဖြေသည်။

'ကျွန်တော်တော့ မထင်ဘူး၊ ရဲကို ဖြောင့်ချက်မပေးခင် သူတို့နှစ်ယောက်လုံးနဲ့ ကျွန်တော် စကားပြောရတာပဲ၊ သူတို့ တစ်ဦးချင်းရဲ့ ထွက်ချက်တွေမှာ ဘာမှ အမြီးအမောက်မတည့်တာ မတွေ့ရဘူး'

'ဇာတ်တိုက်ချိန် ကောင်းကောင်း ရသွားတာကိုးဗျ'

ရှေ့နေက ခေါင်းယမ်းပြီး-

'ဒီလိုကိစ္စမျိုးတွေမှာ ကျွန်တော် အတွေ့အကြုံအများကြီး ရှိပါတယ် ကာနယ်၊ သူတို့ နှစ်ယောက်စလုံး လန့်ကြဲ့တ်ဇာတ်လမ်း ဖန်တီးနိုင်ဖို့ အခြေအနေ လုံးဝမရှိဘူး၊ သားအမိ နှစ်ယောက် သွေးရူးသွေးတန်း ဖြစ်နေကြတာ'

'တခြား မျက်မြင်သက်သေ မရှိဘူးပေါ့'

'မရှိဘူး'

'ကဲ. . ဆက်ပြောပါဦး၊ နောက်ပိုင်း ဘာဆက်လုပ်ကြသလဲ'

'ဒေါက်တာဘိုနာက ကျွန်တော့်အရင် စောရောက်တယ်၊ နိုရာ့ကို အပေါ်ထပ် ခေါ် သွားပြီး ဆေးထိုးပေးတယ်၊ ပြီး ရဲက ဆာဂျင်ဖလင်းတိုခေါ်ပြီး ခင်ဗျားဆီ ဖုန်းဆက်ဖို့ ကျွန်တော် ပြောတယ်၊ ခင်ဗျားဆီ သူ ဆက်နေတဲ့အချိန်မှာ ကျွန်တော်က ဒန်နီနဲ့ ဂတ်တဲကို လိုက်သွားပြီး ဖြောင့်ချက်ပေးရတယ်'

'ရဲဆီမှာ ပေးတဲ့ ဖြောင့်ချက်ကို ကျွန်တော် ဖတ်ပြပြီးပြီးချင်း ကျွန်တော့်အပြောကောင် မစောင့်ဘဲ ခင်ဗျားသမီးက လက်မှတ် ကောက်ထိုးချလိုက်တယ်ဗျား၊ ဂတ်ထဲကနေ ကလေး ထောင်၊ အဲ. . လူငယ်ဂေဟာကို ကျွန်တော်ပါ လိုက်သွားပြီး ဒန်နီကို အိမ်မှာ တစ်ညအိပ်ခွင့် ရအောင် ထောင်အာဏာပိုင်တွေကို ကျွန်တော် စည်းရုံးရတာပေါ့၊ တာဝန်ခံတွေက တရားသူကြီး ဆီကို အကျိုးအကြောင်း ပြောပြီး ဒေါက်တာ ဘိုနာရဲ့ ဆေးစာ ဖတ်ပြတော့ ရှောရှောရှူရှူ



ခွင့်ပြုချက်ရတယ်ဆိုပါတော့၊ ဒါနဲ့ ကျွန်တော် ကလေးကို သူ့ဘွားအေအိမ် ခေါ်သွားတယ်၊ အဲဒီကနေ ခင်ဗျားဆီ ဆက်တာလေ'

ကျွန်တော်တို့ကား တောင်ပေါ်လမ်းတွင် ပြေးတက်နေပြီ၊ နောက်သို့ တစ်ချက်လှည့် ကြည့်လိုက်၏။ နိုရာ့ 'ကျားသစ်'က ကျွန်တော်တို့နောက်တွင် ကပ်လိုက်လာသည်ကို တွေ့ရ၏။ တစ်ဘက်တွင် မြို့ကြီးကို တပြန့်တပြောကြီး စီးမြင်ရသည်။ အမြင်မစိမ်းလှသော ဆောက်လုပ် ရေး စခန်းများကို သတိထားမိလိုက်သည်။

'စိန်တောင်ကုန်း'ဟု ရေးထားသည့် ဆိုင်းဘုတ်ကြီးသို့ ကျွန်တော်တို့ ရောက်လာကြ သည်။

ကျွန်တော်နှင့် နိုရာ လက်ထပ်တုန်းက ခရစ္စမတ်သစ်ပင် လာဝယ်သည့် နေရာ၊ သည်နေရာတွင် ပထမဆုံး အဆောက်အအုံကို စဆောက်မည်ဟု ကျွန်တော် စိတ်ကူးယဉ်ခဲ့ဖူး သည်ကို သွားသတိရမိ၏။ သို့သော် နေရာမှာ တောင်ကုန်း ထူထပ်၍ မြေညှိရမည့် စရိတ်ကြီး သည်။ ပြီးတော့ မြို့တော် အာဏာပိုင်များထံမှလည်း အကူအညီ မရ၊ ခုတော့ ကွက်လပ်ပင် သိပ်မကျန်တော့။ ထိုအာဏာပိုင်များပင် အကောင်းဆုံးတောင်ထိပ်များတွင် နေရာယူထားကြပြီ။

အိမ်ကြီးတွေကို ဗိသုကာမျက်စိဖြင့် ကျွန်တော် ကြည့်သွားသည်။ တော်ရှာကြပါပေ သည်။ အပြစ်ဆိုရာ မရှိအောင် ကောင်းကြပါ၏။ ဂေါ်ဒွန်ဘက် လှည့်ပြီး-

'ဒါထက် ခင်ဗျား ကျွန်တော့်ကို ဘာအတွက် ခေါ်တာလဲဗျ'

သူက ပခုံးတွန့်သည်။

'ဘာ့ရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ သိနေတယ်၊ ခင်ဗျား ဟာ လူတော်လူကောင်းတစ်ယောက် ဆိုတာလေ၊ ဒီလိုအချိန်မှာ ခင်ဗျား ရှိနေရင် ပိုကောင်းမယ် လို့ ထင်နေတယ်'

'ကျွန်တော်တို့ နောက်ဆုံး တရားရုံးမှာ တွေ့ကြတုန်းက နိုရာ ကျွန်တော့်ကို ပြောတာ မှတ်မိတယ်နော်၊ ဒါတောင် ခင်ဗျား ကျွန်တော့်ကို လူကောင်းလို့ ထင်နေသေးလား'

သူ ဘာမှ မဖြေတော့။

တောင်ထိပ်ရောက်တော့ ညာဘက်ကို ချိုးကွေ့လိုက်သည်။ လမ်း၏ တစ်ဘက်တွင် စိမ်း ဖျော့ဖျော့အဆောက်အအုံတွေ ဘွားခနဲ ပေါ်လာသည်။ လမ်းတစ်လမ်းထဲသို့ ထပ်ချိုးဝင်ခဲ့ သည်။ 'ကလေးသူငယ်များ ထိန်းသိမ်းရေးစခန်း'ဟူသည့် ဆိုင်းဘုတ်ကလေးကို ကျွန်တော် သတိပြုလိုက်မိသည်။

ဂေါ်ဒွန်က ကားရပ်ပြီး ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ အနိမ့်အမြင့် မရှိသည့် လေသံဖြင့်-

'ကျွန်တော် ခင်ဗျားကို ဘယ်လိုသဘောထားတယ် ဆိုတာ အကြောင်းမဟုတ်ပါဘူး၊ ကာနယ်ကေရီ၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုမြင်တယ် ဆိုတာတ အဓိကပါ၊ ခုကိစ္စမှာ ခင်ဗျား က တာဝန်ရှိသူ၊ ခင်ဗျား ကလေးအဖေ ဟုတ်ဟုတ်၊ မဟုတ်ဟုတ်'

သူ တံခါးဖွင့်ပြီး ထွက်သွားသည်။ ကျွန်တော်တို့ ကားနောက်တွင် ကားတစ်စီး ထိုးရပ်လိုက်သည်။ နောက်ကြည့်မှန်ထဲကို လှမ်းကြည့်လိုက်သည်။ နိုရာ၏ 'ကျားသစ်' တံခါး လက်ကိုင်ကို ကျွန်တော် ခပ်ဖြည်းဖြည်း ဆွဲဖွင့်လိုက်သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

နိုရာ့ကား မရပ်ခင်ပင် သတင်းထောက်တွေ အုံခဲနေပြီ။ ဂေါ်ဒွန်က နောက်ကားကို မေးငေ့ပြီး

'ခင်ဗျား ကလေးကို အမြန်ဆုံး အထဲရောက်အောင် ခေါ်သွားတော့'

ကျွန်တော် ခေါင်းညိတ်ပြီး လူအုပ်ကြားထဲ တိုးသွားသည်။ နိုရာ ကားထဲမှ အရင်ဆင်းသည်။ ကျွန်တော်က လက်ကမ်းပေးပြီး သူ့ကို ထိန်းပေးလိုက်၏။ ကင်မရာ မီးလုံးတွေ တလက်လက်လင်းသွား၏။ ကျွန်တော်တို့နှစ်ယောက် ဒန်နီ့ကို ကားထဲမှ တွဲယူလိုက်သည်။ ဟင်. . . သမီးလက်တွေ အေးစက်နေပါကလား။ ကျွန်တော့်လက်ဖဝါးထဲတွင် သူ့လက်ကလေး တဆတ်ဆတ် တုန်နေသည်။

'သူတို့ကို လုံးဝမကြည့်နဲ့သမီး၊ ဖေဖေ့အနားတိုးပြီး လိုက်ခဲ့'

ဒန်နီခေါင်းညိတ်သည်။ သတင်းထောက်တွေက ကျွန်တော်တို့ကို စိတ်ထားသည်။ သူတို့ အထဲက တစ်ယောက်က

'တဆိတ်ခင်ဗျာ၊ တစ်ပုံလောက် ရိုက်ပရစေ'

ဒန်နီ ခြေလှမ်းတုံ့သွားမည် ပြုသည်။ ကျွန်တော်က အတင်းဆွဲပြီး. . .

'ဆက်လျှောက် သမီး၊ ဆက်သာလျှောက်'

ဂေါ်ဒွန် ကျွန်တော့်အနား တိုးဝှေ့ရောက်လာသည်။ တံခါးပေါက်ဆီသို့ ကျွန်တော်တို့အားလုံး အကြိတ်အနယ် တိုးသွားနေရ၏။



ဂေါ်ဒွန်က တောင်းပန်သည်။

'ကဲဗျာ. . ကလေးပင်ပန်းလာလို့ပါ၊ တော်ကြပါတော့'

'ဗျို့ ကိုရှေ့နေ၊ ဒါ ကျွန်တော်တို့ အလုပ်ပဲလေဗျာ'

သတင်းထောက်အုပ်ထဲတွင် နောက်ပိုင်းမှ ပေါ်လာသည့် ခပ်ရိုင်းရိုင်းအသံ၊ ထိုအသံကို ထပ်ကြားရသည်။

'မျက်နှာဖုံး သတင်းဗျ၊ အလွတ်မခံနိုင်ဘူး၊ ခင်ဗျား လိုက်ဖူးတဲ့ အမှုထဲမှာ ဒါဟာ အငယ်ဆုံးလူသတ်မလေးရဲ့အမှု မဟုတ်လား'

ဒန်နီမျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ဒူးခွေကျသွား၏။ ကျွန်တော်က ခါးကို ဖက်ပြီး ထိန်းလိုက်ရ၏။ ဒေါင်းခနဲ ဒေါသထွက်သွားသည်။ တအား ကုန်းအော်လိုက်၏။

'ဟေ့. . ဖယ်ကြစမ်း၊ ခွေးသားတွေ အားလုံး ကုပ်ချိုးသတ်ပစ်မယ်'

ကျွန်တော့်ဒေါသကို ကြောက်၍လား၊ သူတို့ထဲမှတစ်ယောက်၏ ရိုင်းပျမှုကြောင့်လားမသိ။ သူတို့ ရှဲသွားကြသည်။ ဒန်နီကို ကျွန်တော် တရွတ်တိုက်ဆွဲပြီး တံခါးဝအရောက် သုတ်ခြေတင်သည်။ ဝင်းအတွင်း ရောက်သည်နှင့် ဂေါ်ဒွန်က တံခါးပိတ်လိုက်သည်။

ကျွန်တော့်ရင်ခွင်ထဲတွင် ဒန်နီ တဆတ်ဆတ် တုန်နေ၏။ မျက်စိမှာ တစ်ဝက်သာ ပွင့်နေ၏။

'သမီး. . ဒန်နီ၊ သမီးလေး ဘာမှ မကြောက်နဲ့နော်'

တစ်ခုခု ပြောဖို့ သူ ကြိုးစားသည်။ သို့သော် ဘာသံမှ ထွက်မလာ။ အဖျားတက်သလို တုန်နေဆဲ။

'ဟိုဘက်မှာ ခုံတန်းရှည် ရှိပါတယ် မစ္စတာကေရီ'

အဖြူရောင်ဝတ်စုံနှင့် ဆရာမတစ်ယောက်က ကျွန်တော့်ကို ကပ်ပြောသည်။ သူ ဘယ်အချိန်က ကျွန်တော့်အနား ရောက်နေသည်ကိုပင် ကျွန်တော် သတိမထားမိ။

ခုံတန်းလျားဆီသို့ ဒန်နီကို ကျွန်တော် တွဲခေါ်သွားသည်။ ထိုင်လိုက်ကြ၏။ သူ့ဦးခေါင်းကို ကျွန်တော့်ရင်ခွင်ထဲတွင် မြှုပ်ထားဆဲ။ ဆရာမက ရှူဘူးတစ်ခု ထုတ်ပေးသည်။ ကြင်နာသံဖြင့်. . .

'ဒါလေး ရှူခိုင်းလိုက်ပါ မစ္စတာကေရီ'

ရှူဘူးကို လှမ်းယူပြီးဒန်နီ့နှာခေါင်းဝတွင် တေ့ပေးလိုက်သည်။ ဒန်နီ ရှူသည်။ ပြီးတော့ တဟွတ်ဟွတ် ချောင်းဆိုးသည်။

ဆရာမက ရှူဘူးကို ပြန်ယူပြီး ရေတစ်ခွက် ပေးသည်။ ဒန်နီ့ပါးစပ်သို့ ဖန်ခွက်တေ့ပေးလိုက်၏။ သူ တဖြည်းဖြည်းချင်း သောက်သည်။ ကျွန်တော့်ကို မော့ကြည့်တော့ သူ့မျက်နှာတွင် သွေးရောင်ကလေး ပြန်ထင်လာသည်ကို တွေ့ရ၏။ ပြီးတော့ တိုးတိုးကလေး ပြောသည်။

'သမီး. . သမီး ရပါပြီ ဖေဖေ'

'တကယ်လား သမီး'

သူ ခေါင်းညိတ်သည်။ မျက်လုံးတွေက ကတ္တီပါသွေးရောင် တောက်နေသည်။ မအေ့မျက်လုံးတွေနှင့် တစ်ပုံတည်း။ ဒန်နီ့ မျက်လုံးရောင်က ပိုပြီး နူးညံ့သည်။ ပိုပြီး သိမ်မွေ့သည်။ သို့သော် ထိုမျက်လုံးရောင်များသည် ရုတ်ခြည်း ညိုးလျှော့ဖျော့တော့ကာ ဝေဒနာရိပ်များ ယှက်သန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ဖေဖေ၊ မကြာခင် သမီး နေသားကျသွားမှာပါ'

ကျွန်တော့်စိတ်ထဲ နင့်ခနဲ ဖြစ်သွား၏။

'သမီး ဘာမှ နေသားကျစရာ မလိုဘူး'

သူ ပြုံးသည်။

'မပူပါနဲ့ ဖေဖေရာ၊ သမီး ဘာမှ မဖြစ်ပါဘူး'

နီရာနှင့် ကျွန်တော် အကြည့်ချင်းဆုံသည်။ သူ့မျက်လုံးများ၏ အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပြီးသား။ ကျွန်တော်တို့ သားအဖ နှစ်ယောက်ကို သူကြည့်နေကျ မျက်လုံးများ။ သူနှင့် ဘာမှမပတ်သက်သည့် ဂြိုဟ်တစ်ခုမှ လူသားများလို ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေသည်။ စက်ဆုပ်ရွံရှာသည့် အကြည့်မျိုး။

ဆရာမက ဒန်နီ့ကို မေးသည်။

'သမီး ဟိုစားပွဲကို လျှောက်သွားလို့ ရပြီလားဟင်'

ဒန်နီ ခေါင်းညိတ်သည်။ မတ်တတ်ထရပ်သည်။ ကျွန်တော်က သူ့လက်မောင်းကို ကိုင်ထားပေးလိုက်၏။ ကျွန်တော့်လက်ကို ဒန်နီ ဖယ်ပစ်လိုက်သည်။ သူ့အမေနှင့် အကြည့်ချင်းဆုံသွားပြီဟု ကျွန်တော် သိလိုက်၏။

'ရပါတယ် ဖေဖေ'

စားပွဲတစ်လုံးဆီသို့ သူနှင့်အတူ ကျွန်တော် လိုက်သွားသည်။ စားပွဲနောက်တွင် 'မိန်းကလေးဆောင်'ဟု ရေးထားသည်။ အပေါ်စား ဟိုတယ်ကလေးတစ်ခုနှင့် တူနေ၏။

ဆိုင်းဘုတ်အောက်တွင် စာလုံးသေးသေးဖြင့် ရေးထားသေးသည်။

'မိန်းကလေးများကို နှုတ်ခမ်းနီအရောင်ဖျော့ဖျော့ကိုသာ ဆိုးခွင့်ပြုသည်။ အဆောင်သို့ မဝင်မီ အခြားပစ္စည်းများကို ဤစားပွဲတွင် စစ်ဆေးခံရမည်'

ဆံပင်တွေ ဖြူနေပြီး စကားနည်းပုံရသည့် အမျိုးသမီးကြီးတစ်ဦး စားပွဲတွင် ထိုင်နေသည်။

'ကလေးအနေနဲ့ နောက်ထပ် လက်မှတ်ထိုးစရာ မလိုတော့ပါဘူး မစ္စတာကေဇို မနေ့ ညက ထိုးထားပြီးပါပြီ၊ ဒီနေ့ လုပ်စရာရှိတာက သူ့မှာ ပါလာတဲ့ အဖိုးတန်ပစ္စည်းတွေ ပြန်ယူသွားဖို့ပါပဲ'

ဒန်နီက သူ့လက်ပွေ့အိတ်ကလေးကို စားပွဲပေါ်တင်ပြီး မေးသည်။

'ဘီးတစ်ချောင်းနဲ့ နှုတ်ခမ်းနီတော့ ယူထားလို့ ရပါတယ်နော်'

အမျိုးသမီးကြီးက ခေါင်းညိတ်၏။

ဒန်နီက လက်ပွေ့အိတ်ကို ဖွင့်ပြီး ဘီးတစ်ချောင်းနှင့် နှုတ်ခမ်းနီဘူး ထုတ်ယူသည်။ လက်ပတ်နာရီ ချွတ်ပြီး လက်ပွေ့အိတ်ထဲ ထည့်သည်။ ပုလဲပုတီးကလေးကိုပါ လည်ပင်းမှ ဖြုတ်ပြီး ထည့်သည်။ ပြီးတော့မှ လက်စွပ်ကို ချွတ်သည်။ ရုတ်တရက် ချွတ်မရဘဲ ဖြစ်နေ၏။

အမျိုးသမီးကြီးကို ဒန်နီ အမေးမျက်လုံးများဖြင့် ကြည့်သည်။

'စိတ်မကောင်းပါဘူး သမီးရယ်၊ ရအောင် ချွတ်နော်'

အမျိုးသမီးကြီးက အညင်အသာ ဆိုသည်။ ဒန်နီက သူ့လက်ချောင်းကလေးကို ပါးစပ်ဖြင့် ခဏစုပ်သည်။ နောက်ဆုံး ချွတ်လို့ ရသွား၏။ လက်တွင် အဖြူရစ်ကလေး ကျန်ခဲ့သည်။



..တွင် ပွင့်နေသည့် လက်ပွေ့အိတ်ထဲ မထည့်သေးဘဲ သူ ခဏတွေနေသည်။ ပြီးမှ ကျွန်တော့် ..က်လှည့်ပြီး ကမ်းပေးသည်။

'ဖေဖေ သိမ်းထားပေးနော်'

သူ့အသံကလေး တစ်မျိုး လှုပ်ရှားနေသည် ထင်လိုက်သဖြင့် လက်စွပ်ကလေးကို ကျွန်တော် ငုံ့ကြည့်မိသည်။ ရင်ထဲတွင် နင့်ခနဲ နာသွား၏။ ခြောက်နှစ်သမီးအရွယ်က လာဂျိုလာ ..ွစ် ကျွန်တော် ဝယ်ပေးခဲ့သည့် မွေးနေ့လက်ဆောင် လက်စွပ်ကလေး။ အိတ်ထဲမှ နောက်ဆုံး ..က်ကျန် ၁၅ ဒေါ်လာဖြင့် ဝယ်ပေးခဲ့ခြင်း ဖြစ်ပါ၏။ သူ့နာမည် အတိုကောက်စာလုံးကလေး ..င်ထင်ရှားရှား ရှိနေဆဲ။ ဒီ၊ အင်၊ စီ၊ ဒန်နီယဲလ် နီရာကေဇို။ တစ်နေရာတွင် ရွှေသားထိုးဆက် ..သည်ကို သတိထားမိသည်။

ရုတ်တရက် ဘာမှ မပြောနိုင်ဘဲ ခေါင်းညိတ်ပြလိုက်ပြီး လက်စွပ်ကလေးကို ဂရု ..စိုက် အိတ်ထဲ ထည့်လိုက်သည်။

အခန်းထဲသို့ အဘွားကြီး ဝင်လာသည်။

'သတင်းထောက်စုတ်တွေ၊ စိတ်ပေါက်ပေါက်နဲ့ တွယ်ပစ်ခဲ့တယ်' ဟု မကျေမချမ်း ပြော၏။ ကျွန်တော်တို့အနား လျှောက်လာပြီး . .

'သမီး နေကောင်းပါတယ်နော်'

'ကောင်းပါတယ် အဘွား'

'သွားဖို့ အချိန်တန်ပြီ ဒန်နီ၊ မစ္စဂျာရတီ သမီးကို အဆောင် လိုက်ပို့ပေးလိမ့်မယ်နော်'

စားပွဲမှ အမျိုးသမီးကြီးက ပြောလိုက်တော့ ဒန်နီ မျက်နှာပျက်သွားသည်။ ဘယ်ကို ..ွားရမှန်းကို ခုမှ နားလည်သွားသည့်အလား။ အထိတ်တလန့် ဖြစ်နေသည့် မျက်လုံးများဖြင့် အမျိုးသမီးကြီးကို ပြန်ကြည့်သည်။

ဆရာမ မစ္စဂျာရတီက အားပေးစကား ဆို၏။

'ဘာမှ မကြောက်နဲ့နော် ကလေး၊ ဆရာမတို့ ရှိပါတယ်ကွယ်၊ မင်းကို စောင့်ရှောက် မှာပါ'

ဒန်နီ သက်ပြင်းချသည်။ မအေ့ဆီ လျှောက်သွားပြီး ပါးနမ်း နှုတ်ဆက်ဖို့ နှုတ်ခမ်းကို ..လိုက်၏။

ထိုတဒင်္ဂကို နီရာ ရှပ်ရှင်ဆန်ဆန် အသုံးချလေတော့၏။ မျက်ရည်တွေ ကျပြီး . .

'သမီး၊ သမီးလေး၊ မသွားရဘူး၊ သမီးလေးကို သူတို့ ခေါ်မသွားစေရဘူး'

ဒန်နီ ရင်ထဲ ခိုက်သွားပုံရ၏။ မအေ့ရင်ခွင်ထဲ တိုးဝင်ပြီး ဆောက်တည်ရာမရ ငိုကြွေး ..သည်။ အခန်းထဲရှိ လူအားလုံး စုတ်တသတ်သတ် ဖြစ်နေကြ၏။ နီရာ၏ အတတ်ပညာ ..စ်မျိုးလေ။ သည်မြင်ကွင်းမျိုး ရိုးနေသည့် ဆရာမပင်လျှင် မျက်ရည်တွေ လည်နေသည်။

ဆရာမက ကျွမ်းကျင်စွာ သားအမိနှစ်ယောက်ကို ခွဲလိုက်၏။ ဒန်နီကို အသာတွဲခေါ် ..သည်။ အတွင်းဘက် တံခါးမကြီးတစ်ချပ် ပွင့်သွား၏။ ဒန်နီ ငိုလျက်သား ပါသွား၏။ ..ပေါ်တွင် 'မိန်းကလေးဆောင်သို့' ဟူသည့် ဆိုင်းဘုတ် ရေးထားသည်။

နီရာက ဂေါ်ဒွန်ကို လှမ်းကြည့်သည်။ တရှုပ်ရှုပ် ငိုနေဆဲ၊ ရှေ့နေက လက်ကိုင်ပဝါ ..ပေးသည်။ လက်ကိုင်ပဝါဖြင့် နီရာက မျက်လုံးအစုံကို ခပ်သွက်သွက် အုပ်လိုက်၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သူမျက်ခုံးများထဲမှ အလောတကြီး လက်နေသည်ကို ကျွန်တော် မြင်လိုက်၏။ အောင်မြင်မှု ရလိုက်၍ ကျေနပ်လား။

ကျွန်တော်တို့အားလုံး အပြင်ထွက်လာခဲ့ကြသည်။ အဘွားကြီးက ကျွန်တော့်ကို ကြေကွဲစွာ ကြည့်ပြီး. . .

'မင်း အိမ်မှာ နေ့လယ်စာ လိုက်စားနော် လူ၆၊ ပြောစရာတွေ အများကြီးပဲ'

'မလိုက်တော့ပါဘူး၊ ကျွန်တော် ဟိုတယ်ကိုပဲ ပြန်နားလိုက်ဦးမယ်၊ လုံးလုံး မတိုင် သေးဘူး'

'ဒါဆို မနက်ဖြန် ညနေ လာစားကွယ်၊ ဘယ်သူမှ မရှိပါဘူး၊ မင်းနဲ့ ငါနဲ့ နှစ်ယောက် တည်းပါ'

သည်အဘွားကြီး အာစိတ်ကူးနေပြန်ပါလိမ့်၊ ဘယ်တော့မှ အကြောင်းမဲ့လုပ်တတ်သည့် အဘွားကြီး မဟုတ်။

'ကြည့်သေးတာပေါ့လေ၊ ကျွန်တော် အကြောင်းပြန်ပါ့မယ်'

ကျွန်တော့်ကို စိုက်ကြည့်ပြီး သက်ပြင်းချရင်း-

'မင်း သိပ်စိတ်ပူမနေပါနဲ့ လူ၆၊ တို့လည်း ဒန်နီကို ချစ်ကြတာပါပဲ၊ တကယ် ပြောတာပါ'

တောင်းတောင်းပန်ပန် ပြောသည့် ပုံစံမျိုး၊ ဒါကတော့ အမှန်အတိုင်း ပြောခြင်းပေ ကျွန်တော် ယုံလိုက်၏။ သည်လေသံမျိုး မစ္စက်ပေါ့ခင်ထံမှ ပထမဆုံး ကြားဖူးခြင်း။

ခပ်တိုးတိုး ပြန်ပြောလိုက်၏။

'ကျွန်တော် ယုံပါတယ် မေ့မေပေါ့ခင်'

ကျွန်တော့်ကို ကျေးဇူးတင်စွာဖြင့်ကြည့်ပြီး-

'လာဖြစ်အောင် လာခဲ့ကွယ် နော်'

'ဟုတ်ကဲ့'

အဘွားကြီး ထွက်သွားမှ ဆံပင်ဖြူဖြူနှင့် အဘွားကြီးဘက် လှည့်ပြီး မေးလိုက်သည်။

'သမီးနဲ့ ကျွန်တော် ဘယ်အချိန်တွေမှာ တွေ့နိုင်ပါသလဲ'

အမျိုးသမီးကြီးက လက်နှိပ်စက်ရိုက်နေရာမှ-

'ညှိသည် တွေ့ချိန်ကတော့ တနင်္ဂနွေနေ့တိုင်း ညနေ နှစ်နာရီခွဲကနေ သုံးနာရီခွဲအထိ ပါ၊ ဒါပေမဲ့ ရောက်စ သူသစ်တလေးတွေအတွက် လျှော့လျှော့ပေါ့ပေါ့ စဉ်းစားပါတယ်'

'ဒါဆို ကျွန်တော် နှစ်နာရီခွဲ လာခဲ့ပါ့မယ်'

'ဒီစားပွဲမှာ မစ္စတာတေနီအတွက် ဝင်ခွင့်လက်မှတ် ကျွန်မ အဆင့်သင့်လုပ်ထား ပါမယ်'

'ကျေးဇူးပါပဲ ခင်ဗျာ'

ကျွန်တော် အပြင်ရောက်တော့ နိုရာတား ထွက်သွားပြီ။ သတင်းထောက်တွေလည်း ကွဲသွားပြီ၊ ဂေါ်ဒွန်က သူကယ်ဒီလက် တားနက်ကြီးနံဘေးတွင် ကျွန်တော့်ကို ရပ်စောင့်နေ သည်။ သူ့အနားတွင် သတင်းထောက်နှစ်ယောက်ပါ ရှိနေသည်။ သူက မျက်ရိပ်မျက်ခြည်ပြပြီး ခေါ်သဖြင့် ကျွန်တော် လျှောက်သွားသည်။



နှစ်ယောက်စလုံးနှင့် ဂေါ်ဒွန် မိတ်ဆက်ပေး၏။

'သူက ခရိုနီကယ်က ဂျွန်မော်ဂင်၊ သူက အေပီက ဒန်ပရင်းတစ်'

'ကျွန်တော်တို့ထဲက ရှိုင်းပျမိတဲ့အတွက် တောင်းပန်ပါတယ် မစ္စတာတေနီ၊ ကျွန်တော် တို့အားလုံး ဒီလိုမဟုတ်ကြဘူးဆိုတာ လက်ခံစေချင်ပါတယ်'

မော်ဂင်က တောင်းပန်ရင်း ရှင်းပြသည်။ အေပီ သတင်းထောက်ကလည်း-

'ကျွန်တော်လည်း တောင်းပန်ပါတယ် ကာနယ်၊ ကျွန်တော်တို့ အိပ်ကိုယ်ချင်းစာတတ် ပါတယ်၊ လိုတဲ့ အကူအညီပေးပါရစေ ကာနယ်၊ ခိုင်းစရာရှိရင်လည်း အားမနာပါနဲ့၊ ခိုင်းသာ ခိုင်းပါ'

'ကျေးဇူးတင်ပါတယ်ဗျာ'

နှစ်ယောက်စလုံးနှင့် ကျွန်တော် လက်ဆွဲနှုတ်ဆက်လိုက်၏။ သူတို့နှစ်ယောက် ထွက် သွားတော့မှ ဂေါ်ဒွန်ကို ကျွန်တော် မေးသည်။

'ခု ဘာဆက်လုပ်ကြမလဲ'

သူက လက်မှနာရီကို ငုံ့ကြည့်ပြီး-

'ကျွန်တော် ရုံးကို ပြေးရဦးမယ်။ အလုပ်တွေ ပုံနေတယ်၊ ညနေ ခြောက်နာရီလောက် ခင်ဗျားကို ကျွန်တော် ဘယ်မှာ တွေ့ရမလဲ'

'ဟိုတယ်မှာပဲ ရှိမယ်လေ'

'ကောင်းပြီ၊ ကျွန်တော် လာခဲ့ပါ့မယ်၊ အဲဒီတော့မှ ဆက်ဆွေးနွေးကြတာပေါ့'

သူက ရှတ်တရက် ပြုံးလိုက်ပြီး-

'ကျွန်တော် မှန်ပါတယ် ကာနယ်၊ ခင်ဗျား အချိန်မီရောက်လာတာ သိပ်ကောင်းသွား တယ်၊ အားလုံး အဆင်ပြေသွားတာပေါ့'

'ကျွန်တော် ဘာမှ မလုပ်ရသေးပါလား'

'စောစောက ကျွန်တော်တို့ အောင်မြင်မှု ရလိုက်တယ်လေ၊ သတင်းထောက်အစစ် တွေ ကျွန်တော်တို့ဘက် အားလုံးပါလာပြီ'

သူပြောတာ နားမလည်သဖြင့်-

'သတင်းထောက်အစစ်တွေ ဟုတ်လား၊ ဟိုစော်ကားမော်ကား ပြောတဲ့ သူတောင်းစား က ဘယ်လိုသတင်းထောက်မျိုးလဲဗျ'

သူက ရယ်ပြီး-

'အဲဒါ သတင်းထောက် အတုလေ၊ ကျွန်တော့် ဒရိုင်ဘာကို သင်လွှတ်လိုက်တာ၊ ထင်တဲ့အတိုင်း ဖြစ်ပါ့မလားလို့ ကျွန်တော့်မှာ ပူလိုက်ရတာဗျာ'

ကျွန်တော် သူ့ကို ပါးစပ်အဟောင်းသား ငေးကြည့်နေမိသည်။ အင်း. . . ဒါကြောင့် နာမည်ကြီးနေပေတာကိုး။

သူက ကားတံခါးဖွင့်ရင်း-

'ဩော်. . ဒီမှာ ကားသော့၊ ခင်ဗျားကား လမ်းအောက်ပိုင်း တစ်နေရာမှာ ရပ်ထား ပါမယ်၊ ကျွန်တော့်ကောင်က ဟိုဘက်လမ်းမှာ စောင့်နေတယ်၊ ကျွန်တော် ပတ်ခေါ်သွားမယ်၊ ဟိုကောင်တွေ ရိပ်မိသွားလို့ မဖြစ်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



ကားသော့ လှမ်းယူပြီး ထွက်သွားသော သူ့ကားကြီးကို ငေးကြည့်နေမိ၏။ လမ်းချိုး တစ်ခုတွင် ပျောက်ကွယ်သွားသည်အထိ ကျွန်တော် ငေးကြည့်နေဆဲ။ ပြီးမှ လမ်းအောက်ဘက် ကို ကျွန်တော် လျှောက်သွားသည်။

သံဆန်ခါ ဝန်းခြံ နံဘေးမှ ကပ်ပြီး လျှောက်လာခဲ့၏။ အတွင်းဘက်မှ အစိမ်းရောင် သုတ်ထားသည့် အဆောင်များကို မြင်ရသည်။ ခဏရပ်ပြီး သံဆန်ခါကို လက်နှင့် ထိကြည့်လိုက် ၏။ သည်အကျဉ်းထောင်ထဲတွင် ကျွန်တော့်သမီးကလေးကို ထားခဲ့ရခြင်းပါကလား။ ကျွန်တော် ရင်ထဲတွင် မာသည်ထက် မာသွားသည်။ သမီးကလေး ဘယ်လောက် အထီးကျန်ဖြစ်နေရှာ မည်လဲ။ ဒန်နီနှင့် ပတ်သက်၍ ကျွန်တော် ခံစားရသလို နိုရာ ခံစားရပါမည်လားဟု တွေးကြည့် နေမိသည်။ နိုရာ့တွင် အင်အားတစ်မျိုး ရှိသည်။ ကျွန်တော့် အတွေးကမ္ဘာထဲသို့ တိုက်တန်း ရောက်လာပြီး စိုးမိုးတတ်ခြင်း ဖြစ်၏။

❑ ❑ ❑

# အခန်း ( ၉ )

ကျွန်တော် ခွင့်မစေ့မီ သုံးပတ်အလိုတွင် မင်္ဂလာခရီးထွက် ဖြစ်သည်။ ထိုမင်္ဂလာခရီးကာလသည် ကျွန်တော်တို့ အိမ်ထောင်ရေးတွင် မမေ့နိုင်တဲ့ ကာလတိုကလေး ဖြစ်သည်။ ထို့နောက် နှစ်နှစ် နီးပါး အိမ်ပြန်မရောက်တော့ဘဲ အရှေ့ပိုင်းစစ်မြေပြင်သို့ ထွက်ခဲ့ရသောကြောင့် ဖြစ်ပါ၏။

စစ်ကြီးပြီးလို့ တစ်နှစ်ကြာသည့်တိုင် ကျွန်တော်တို့တစ်တွေ အိမ်မပြန်ကြရသေး။ ရောက်သည့်နေရာတွင် ပြန်အခေါ် စောင့်နေကြရသည်။ ထွက်လာတုန်းက လေယာဉ်ကွင်းသို့ လိုက်ပို့သည့်အထဲတွင် နိုရာ မပါခဲ့ပေ။ သူက နှုတ်ဆက်စကား မဆိုချင်ဘူးတဲ့လေ။

သို့သော် ကျွန်တော် ပြန်ရောက်လာတော့လည်း သူ လာမကြိုခဲ့ပါ။ အဘွားကြီး တစ်ယောက်သာ လာကြိုသည်။

အဘွားကြီးက ကျွန်တော့်ကို ကွင်းထဲအထိ လာကြိုသည်။ ဧည့်ခန်းထဲတွင် ထိုင်စောင့် နေသည့် အလုပ်မျိုးကို မစွက်ဖော်ဒင် ဘယ်တော့မှ မလုပ်။ လက်ကို ဆန့်ပေးပြီး-

'လုခ်၊ အိမ်က မင်းကို ကြိုဆိုပါတယ်ကွယ်၊ မင်း ရောက်လာတာ မေမေဖော်ဒင် ဝမ်းသာတာပဲ'

ကျွန်တော်က ယောက္ခမကြီး၏ ပါးကို နမ်းပြီး နှုတ်ဆက်ရင်း. . .

'ကျွန်တော်လည်း ပြန်လာရတာ သိပ်ပျော်ပါတယ်၊ မေမေဖော်ဒင် နိုရာကော ဗျ'

'စိတ်မကောင်းစရာပဲကွယ်၊ မင်းသံကြိုးစာ မနေ့က ရတယ်လေ၊ သူ နယူးယောက်မှာ ရောက်နေတယ်ကွယ့်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ နယူးယောက်မှာ'

'ဒီည စစ်ပြီးခေတ် အထူးပြပွဲဖွင့်မှာတဲ့လေ၊ မင်း ဒါလောက် မြန်မြန်ပြန်လာမယ်လို့ ဘယ်သူမှ မမျှော်လင့်ကြဘူး လုဒ်'

စိတ်ပျက်သွားသည့် ကျွန်တော့်မျက်နှာကို ကြည့်ပြီး-

'မင်းဆီက ပြန်လာမယ့် သံကြိုးဝင်လာတဲ့အကြောင်း လှမ်းပြောတော့ သူ သိပ် စိတ်မကောင်း ဖြစ်သွားတယ်၊ အိမ်ရောက်ရောက်ချင်း ဖုန်းဆက်ပါတဲ့၊ အထပ်ထပ် မှာတယ်'

ခပ်မဲ့မဲ့ ပြုံးလိုက်မိသည် ထင်၏။ သည်လိုပဲ ဖြစ်ရမည်လေ။ ဘာတစ်ခုမှ အဆင်ပြေသည် မရှိ၊ မနှစ်ကတည်းက အပေါက်အလမ်း မတည့်ခဲ့ခြင်း ဖြစ်၏။ အိမ်ပြန်ရောက်မည် လုပ်တိုင်း တစ်စုံတစ်ခုကြောင့် ပျက်ရသည်ချည်း။ ဗိုလ်မှူးကြီးရာထူးနှင့် အုပ်ချုပ်ရေးသာ ကျွ မတိုင်ရလျှင် သူများနည်းတူ အစောကြီး ပြန်ရမည် ဖြစ်၏။ ခုတော့ ကျွန်တော့်မှာ နောက်ဆုံး ပတ်စာခွာ ဖျာသိမ်းအထိ အောက်ခြေသိမ်း လုပ်ပြီးမှ ပြန်ရသည်။ လုပ်ဖော်တိုင်ဖက်တွေ ကျွန်တော့် ထက် ခြောက်လ စောပြီး ပြန်သွားကြပြီ ဖြစ်၏။

'သူ နေတော့ ကောင်းရဲ့ မဟုတ်လား'ဟု ကျွန်တော် မေးလိုက်သည်။ စာရေးသည့် နေရာတွင်တော့ နီရာက သစ္စာကြီးသည်၊ တစ်လကို တစ်စောင်ထက် ဘယ်တော့မှ ဝိုမရေး၊ အဘွားကြီးကြောင့်သာ ကျွန်တော် အိမ်နှင့်ပတ်သက်သည့် သတင်းတွေ စုံစုံလင်လင် ရနေခြင်း ဖြစ်၏။ မေမေဟောဒင်က အပတ်စဉ် စာရေးဖော်ရသည်လေ။

'နေကောင်းပါတယ်၊ ဒါပေမယ့် ဒီပြပွဲအတွက် အချိန်မီအောင် သူတော်တော် လုံးပန်း ရတယ်၊ နီရာ့အကြောင်း မင်းသိပါတယ်လေ'

အဘွားကြီးက ကျွန်တော့်ကို ပဟေဠိဆန်ဆန်ကြည့်ပြီး-

'သူ့မှာ တခြား ဘာမှမရှိဘူးလေ၊ ဒီအလုပ်နဲ့ပဲ ပိနေတာ'

'ဟုတ်ပါတယ်'

မေမေဟောဒင်က ကျွန်တော့်လက်မောင်းကို ဆွဲပြီး-

'လာ. . ကားဆီသွားရအောင်၊ မင်းပစ္စည်းတွေ ချားလ်စ် သယ်လာလိမ့်မယ်'

အိမ်အပြန် ကားပေါ်တွင် ကျွန်တော်တို့ ထွေရာလေးပါး ပြောလာကြသည်။ စကား တွေ ဖောင်ဖွဲ့ပြောလာပေမယ့် အဘွားကြီး၏ ရင်ထဲတွင် တစ်စုံတစ်ခုကြောင့် စိတ်လှုပ်ရှားနေ သည်ဟု ကျွန်တော် အကဲခတ်မိသည်။ သမက်နှင့် ယောက္ခမရဲ့ ဆက်ဆံရေးကာလ ပထမ ပိုင်းကြောင့် ဖြစ်မည်ဟု ထင်လိုက်၏။ ကျွန်တော်ကိုယ်တိုင်လည်း အနေရကျပ်နေသည် မဟုတ် လား။

'စကာ့စီပြတိုက် ဖုန်းနံပါတ် စာကြည့်ခန်း ဖုန်းနားမှာ အသင့်ပဲ လုဒ်'

အိမ်ထဲ ဝင်ဝင်ချင်းပြောပြီး မေမေဟောဒင်က ဘဏ္ဍာစိုး ချားလ်စ်နှင့်အတူ အပေါ်ထပ် တက်သွားသည်။ စာကြည့်ခန်းထဲသို့ ကျွန်တော် လှမ်းဝင်သွားသည်။ ဖုန်းနံပါတ် ရေးသည့် စာရွက်ကလေးကို အဘွားကြီး ပြောသည့်အတိုင်း တွေ့၏။ စာရွက်ကလေး ကောက်ယူပြီး အော်ပရေတာကို ဖုန်းနံပါတ်ပေးလိုက်သည်။ ခဏအတွင်း အော်ပရေတာကို ရသည်။

'စကွာစီ-ပြတိုက်ကပါ'

လူသံသူသံ ဆူဆူညံညံကြားထဲမှ ထူးသံကြားရ၏။

'မစ္စနီရာ ဟောဒင်၊ ကျေးဇူးပြုပါ'



'ဘယ်သူက တွေ့ချင်တယ်လို့ ပြောရမလဲ ခင်ဗျာ'

'သူ့ယောက်ျားပါလို့၊ ဆန်ဖရန်စစ္စကိုက ခေါ်နေတာလို့ ပြောပါ'

'ခဏလေးခင်ဗျာ၊ ကျွန်တော် လိုက်ရှာလိုက်ပါဦးမယ်'

ကျွန်တော် တယ်လီဖုန်းကိုကိုင်ပြီး စောင့်နေသည်။ တစ်ကမ္ဘာလောက် ကြာသည် ထင်ရ၏။ အတန်ကြီးကြာမှ အသံပြန်ပေါ်လာသည်။

'ကျွန်တော် ဝမ်းနည်းပါတယ် မစ္စတာဟောဒင်၊ ဘယ်မှာမှ ရှာမတွေ့ပါဘူး'

အလို မစ္စတာဟောဒင် ဆိုပါလား။ ပထမဆုံးအကြိမ် ကျွန်တော် အခေါ်ခံရခြင်း။ လောလောဆယ် ရယ်ချင်ပက်ကျိ ဖြစ်သွားသော်လည်း စေ့စေ့တွေးမှ ရင်ထဲ အောင့်သွားသည်။

'ကျုပ်နာမည် ဇောရီ၊ ဆမ်ကောဝင်းကော အနားမှာ မရှိဘူးလား'

'ခဏ ကိုင်ထားပါ ခင်ဗျာ၊ ကျွန်တော် ရှာလိုက်ပါဦးမယ်'

မကြာခင် ဆမ့်အသံ ကြားရသည်။

'ဟေး. . . လုဒ်၊ ကြိုဆိုပါတယ်ဗျာ'

'ကျေးဇူးပဲ ဆမ်၊ နီရာ ဘယ်ရောက်နေလဲဗျ'

'ဘယ်ပျောက်သွားလဲ မသိဘူး လုဒ်၊ ခုတင်ကပဲ တွေ့သေးတယ်၊ ကိုရင့်ဖုန်း သူစောင့် နေတာ၊ သိတဲ့အတိုင်းပဲလေ၊ ဖွင့်ပွဲနေ့ဆိုတော့ ချာလပတ်လည်နေကြတယ်၊ တစ်ခုခုများ ထွက် စားသလား မသိဘူး၊ တစ်နေ့လုံး သူ ဘာမှ မစားရသေးဘူး'

'အင်း. . ကျွန်တော် နားလည်ပါတယ် ဆမ်၊ အခြေအနေ ဘယ်လိုလဲ'

'အရမ်း အောင်မြင်တယ်၊ ပြပွဲ မစခင် တော်တော်ရောင်းပြီးနေပြီ၊ နီရာ့အတွက် သိပ် အရေးကြီးတဲ့အလုပ်တစ်ခုရဖို့ စကာစီ ကြိုးစားနေတယ်'

ကျွန်တော့်ဘက်က ပြောစရာ များများစားစား မရှိတော့သည်နှင့်. . .

'အေးဗျာ တွေ့ရင် ပြန်ဆက်ပါလို့ ပြောပေးပါ၊ ကျွန်တော် အိမ်မှာပဲ ရှိနေမယ်၊ ဘယ်မှ မသွားဘူး' ဟု စကားဖြတ်လိုက်သည်။

နာရီကို ငုံ့ကြည့်လိုက်၏။ ၆ နာရီ ထိုးပြီ။ နယူးယောက်တွင် ကိုးနာရီ။

'စိတ်ချ လုဒ်၊ ကိုယ် ပြောလိုက်မယ်၊ ကိုရင် အခု အဘွားကြီး အိမ်မှာပဲလား'

'ဟုတ်တယ်'

'ကောင်းပြီ လုဒ်၊ ရှာတွေ့တွေ့ချင်း ပြန်ဆက်ခိုင်းလိုက်မယ်'

နှုတ်ဆက်ပြီး ဖုန်းချလိုက်သည်။ စာကြည့်ခန်းထဲမှ ထွက်လာခဲ့၏။ အဘွားကြီးက ခန်းမဆောင်ထဲတွင် ကျွန်တော့်ကို စောင့်နေသည်။

'နီရာနဲ့ တွေ့ရဲ့လား လုဒ်'

'အပြင်ထွက်ပြီး ညစာ စားနေတယ်တဲ့'

အဘွားကြီး အံ့ဩဟန်မပြဘဲ ပြစ်တင်စကား ဆိုသည်။

'ခြောက်နာရီလောက် မင်းဆက်လိမ့်မယ် ပြောထားရဲ့သားနဲ့'

'ဆမ် ပြောတော့ တစ်နေ့လုံး သူ သိပ်ပင်ပန်းနေတယ်တဲ့၊ နယူးယောက်ပြပွဲတွေက သိတဲ့အတိုင်းပဲလေ'

နီရာ့ဘက်က ကျွန်တော် ကာကွယ်နေမိ၏။

အဘွားကြီးက တစ်စုံတစ်ခု ပြောမည်ပြုပြီးမှ စိတ်ပြောင်းသွားဟန်ပြပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



'ကဲ . . . မင်း ပင်ပန်းလာမှာပေါ့၊ အပေါ်ထပ် တက်ပြီး နားလိုက်ဦးလေ၊ နားပြီးမှ ညစာ စားကြတာပေါ့'

အဘွားကြီး စာကြည့်ခန်းထဲဝင်သွားပြီး တံခါးပိတ်လိုက်သည်။ ကျွန်တော်လည်း အပေါ်ထပ် တက်ခဲ့၏။ စာကြည့်ခန်း ဖုန်းမှနေ၍ ဆမ်တောဝင်းအား အဘွားကြီး ချက်ချင်း ပြန်ဆက်သည်ကို ကျွန်တော် မသိခဲ့ပေ။

ဆမ်က တယ်လီဖုန်းကို စိတ်ပျက်ပျက်နဲ့ ကောက်ကိုင်လိုက်သည်။ ဘယ်သူဆိုတာ စိတ်ထဲက သိနေပြီ။

'ဟုတ်ကဲ့ မစ္စက်ဟောဒင်'

အဘွားကြီး၏ အသံမှာ ဒေါသကြောင့် စူးထွက်လာသည်။

'နိုရာ ဘယ်မှာလဲ'

'ကျွန်တော် မသိပါဘူး မစ္စက်ဟောဒင်'

'မင်းတို့ကို ပြောထားသားပဲ မစ္စတာကောဝင်း၊ သူ ဖုန်းဆက်မယ် စောင့်နေပါလို့'

'ကျွန်တော် နိုရာ့ကို အဲဒီအတိုင်း ပြောပါတယ်ခင်ဗျ။ စောင့်မယ် ပြောပြီးမှ ထွက်သွားတာ'

'ဘယ်သွားလဲ'

'အဲဒါ ကျွန်တော် မသိပါဘူး မစ္စက်ဟောဒင်၊ ကျွန်တော့်ကို ဘာမှ ပြောမသွားပါဘူး'

'တွေ့အောင်ရှာပါ၊ ချက်ချင်းရှာပါ၊ အိမ်ကို အမြန်ဆုံး ပြန်ဆက်ပါလို့ ပြောပါ'

'ဟုတ်ကဲ့ ခင်ဗျ'

'ပြီးတော့ အစောဆုံးထွက်တဲ့ လေယာဉ်နဲ့ အိမ်ပြန်လာရမယ်၊ သေချာအောင် လုပ်ပါ နားလည်တယ်နော် မစ္စတာကောဝင်း'

အဘွားကြီး၏ အသံမှာ အေးစက်မာတျောပြီး သတ္တုသံ ပေါက်နေသည်။

'ဟုတ်ကဲ့ပါ မစ္စက်ဟောဒင်'

ဖုန်းခွက်ထဲတွင် ကလစ်ခနဲမြည်ပြီး တစ်ဘက်မှ အသံတိတ်သွားသည်။ ဆမ်က လက်ထဲမှ ဖုန်းကို အသာပြန်ချထားလိုက်၏။ စိတ်ပျက်ပျက်နှင့် နားထင်ကို လက်နှင့် ဖိထားလိုက်သည်။ ဦးနှောက်ခြောက်စရာ တောင်းလှပါကလား။ နိုရာ ရောက်နေနိုင်သည့် နေရာတွေ ရာနှင့်ချီ ရှိသည်။

လူအုပ်ထဲမှ ထွက်ပြီး ညအမှောင်အတွင်းသို့ ဝင်ခဲ့၏။ ၅၇ လမ်းမှာ လူသူကင်းမဲ့စွာ တိတ်ဆိတ်နေသည်။ လမ်း၏ ဟိုဘက် သည်ဘက်ကို အကြိမ်ကြိမ် ကြည့်လိုက်သည်။ စိတ်ထဲ ခေါင်းပန်းလှန်ကြည့်သည်။ ဘယ်ဘက်သွားရမှန်း မသိ။

နောက်မှ ဆုံးဖြတ်ချက်ချပြီး လမ်းကိုဖြတ်ကူးကာ 'ပတ်ခ်ရိုဝ်သာ'လမ်းဆီသို့ ထွက်သည်။ ရှာပုံတော်ဖွင့်မည် ဆိုလျှင် 'အယ်လ်မေယဲရိုကို'က စမည် ထင်သည်။ ၅၄ လမ်း စားသောက်ဆိုင်မှ ရောင်စုံမီးများကလည်း သူ့ကို လက်ယပ်ခေါ်နေ၏။ ရုတ်ခြည်း စိတ်ကူးတစ်ခုပေါ်လာပြီး ဆိုင်ထဲသို့ ဝင်လိုက်၏။ အသိ အလွှတ်စုံထောက် တစ်ယောက်ကို ရှာသည်။ အဆင်သင့် တွေ့သည်။

နိုရာ့ကို ခြေရာခံမိတော့ မနက် နှစ်နာရီ ထိုးနေပြီ။ မြို့စွန်မြို့ဖျားက သုံးထပ်တိုက် တစ်လုံးတွင် ဖြစ်၏။



'ဒီအခန်းပဲ ဖြစ်ရမယ်၊ လေကို ရှူကြည့် ဒီအနားမှာ ကြာကြာရပ်နေရင်တောင် မူးလာတယ်'

ဆမ်က တံခါး ခေါက်လိုက်သည်။ စုံထောက်ငနဲ ခန့်မှန်းချက် မှန်နိုင်သည်။ ရှပ်ရှင်လာကထဲမှ အလုပ်လက်မဲ့တွေ စုဝေးရာ ၈ လမ်း အရက်ခန်းတစ်ခုတွင် ကောင်လေး တစ်ယောက်နှင့် တွေ့ပြီး တတွဲတွဲလုပ်နေသည်။

အခန်းထဲမှ ပြန်ထူးသည်။

'ဟေ့ သွားစမ်း မအားဘူး၊ အလုပ်များနေတယ်'

ဆမ် ထပ်ခေါက်သည်။

အတွင်းမှအသံက ပို၍ မာကျောလာသည်။

'ဟေ့ ပြောတာ မကြားဘူးလား၊ သောက်လုပ်များနေပါတယ်ဆို'

စုံထောက်က တံခါးသော့ပေါက်ကို အနီးကပ်ကြည့်ပြီး လှေ့လာသည်။ သော့ပေါက်တည့်တည့်ကို ခြေထောက်နှင့်ကပ်ပြီး အသာဆောင့်တွန်းလိုက်၏။ သိပ်အားစိုက်ရပုံ မပေါ်ဘဲ တံခါး ပွင့်ထွက်သွားသည်။

အမှောင်ထဲမှ လူငယ်တစ်ယောက် ပြေးထွက်လာပြီး သူတို့နှစ်ယောက်ကို တိုက်မိုက်သည်။ လူငယ်နှင့် ဆမ် ကြားသို့ စုံထောက်လုပ်သူ ချက်ချင်းရောက်သွားသည်။ လက်သီးတစ်ချက်တည်းနှင့် လူငယ် ကားခနဲ ကျသွား၏။ မေးစေ့ကို လက်ဖြင့် ပွတ်ရင်း သူတို့ကို မော့ကြည့်သည်။

'နိုရာဟောဒင် ဒီမှာရှိတယ် မဟုတ်လား'

ဆမ်က ဝင်မေးသည်။

'အဲဒီနာမည် ကြားတောင် မကြားဖူးဘူး'

လူငယ်က ခပ်သွက်သွက် ပြန်ဖြေသည်။ ဆမ် ခဏတွေနေပြီးမှ လူရွယ်၏ ကိုယ်ပေါ် ဖြတ်ကျော်ဝင်သွားသည်။ အခန်းတစ်ခန်းကို တွန်းဖွင့်ဝင်မည်အပြုတွင် အခန်းတံခါး ပွင့်သွားသည်။

နိုရာ့ကို အခန်းဝတွင် ရပ်လျက်သား တွေ့ရ၏။ မိမွေးတိုင်း ဖမွေးတိုင်းပုံစံဖြင့်၊ စီးကရက်ကို နှုတ်ခမ်းတွင်ခဲလျက်။ ဆမ်တို့ မြင်တော့ ရယ်ပြီး-

'ဟယ်လို ဆမ်ကလေးပါလား၊ လာလေ နိုရာတို့နဲ့ ဝိုင်းလေ၊ ဟိုမှာ ပျင်းစရာကြီး၊ ဒီမှာ ဘယ်လောက်ပျော်ဖို့ကောင်းလဲ'

နိုရာက အခန်းထဲ ပြန်လှည့်ဝင်သွားပြီး သမင်လည်ပြန် ကြည့်ကာ-

'လာပါဆို၊ အများကြီးရှိတယ်၊ မက်ဆီကို စစ်တပ်တစ်တပ်လုံး သောက်တောင် မကုန်ဘူး'

ဆမ်က သူ့အနား တိုးသွားလိုက်ပြီး ဆွဲလှည့်လိုက်သည်။ နှုတ်ခမ်းမှ စီးကရက်ကို ဆတ်ခနဲ ဆွဲယူ လွှင့်ပစ်လိုက်၏။ တစ်ခန်းလုံး ဆေးခြောက်နံ့က စူးစူးဝါးဝါး လွှမ်းခြုံထား၏။

'ကဲ . . အဝတ် ဝတ်စမ်း'

'ဘာလုပ်မလို့လဲ'

နိုရာ ဒေါသတကြီး ပြန်မေးသည်။

'မင်း အိမ်ပြန်ရမယ် နိုရာ'

www.burmeseclassic.com

www.burmeseclassic.com



နီရာ အော်ရယ်သည်။ သီချင်း အော်ဆိုသည်။

'အိမ်၊ ဟုတ်လား၊ ပျော်စရာကောင်းတဲ့ အိမ်၊ အမေ့အိမ်'

ဆမ်က ပါးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။ နီရာ တစ်ဘက်သို့ ယိုင်ထွက်သွား၏။

'သွား အဝတ်ဝတ်လို့ ပြောနေတယ်'

'နေပါဦး၊ နေပါဦး၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ခင်ဗျားက သူ့ ယောကျ်ားလား'

လူရွယ်က ကုန်းထလာပြီး မေးသည်။ နီရာ အော်ရယ်ပြန်၏။

'ကောင်းလိုက်တဲ့ မေးခွန်း၊ ငါ့ ယောကျ်ားလား ဟုတ်လား၊ ငါ့ယောကျ်ား မဟုတ်ဘူး။ ငါ့အမေ ငှားပေးထားတဲ့ ငါ့ရဲ့ အစောင့်ခွေး၊ ငါ့ယောကျ်ားက မိုင်ငါးထောင်အဝေးမှာ ရောက်နေတာ'

'မင်း ယောကျ်ား ပြန်ရောက်နေပြီနီရာ၊ မင်းကို သူ ဖုန်းခေါ်နေတယ် နားလည်လား'

'အို. . နှစ်နှစ်လုံးလုံး သွားနေပြီးမှ တစ်ရက် နှစ်ရက်အကြောင်း မထူးပါဘူး'

ဆမ်က စိတ်ရှည်ရှည်ထားပြီး ခပ်တိုးတိုး ပြန်ပြောသည်။

'မင်း ကိုယ်ပြောတာ ကြားရဲ့လား နီရာ၊ လုခ် အိမ်ပြန်ရောက်နေပြီ'

နီရာ သူ့ကို စိုက်ကြည့်သည်။

'ဟုတ်လား၊ ဘယ်တော့ အခမ်းအနား စမလဲ'

တွေ့ကရာ စွတ်ပြောနေရင်း ချက်ချင်း သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ရေချိုးခန်းထဲ ပြေးဝင်သွားသည်။ တဝေါ့ဝေါ့နှင့် အန်နေသံကြားရပြီး ရေဖွင့်ချသံ ကြားရသည်။

ခဏနေမှ ထွက်လာသည်။ မျက်နှာသုတ်ပဝါ အစိုကို နဖူးတွင် ကပ်လျက်။

'နီရာ အရမ်းမူးနေတယ် ဆမ်၊ နေလည်း မကောင်းဘူး'

'ကိုယ် သိပါတယ်'

'မသိပါဘူး၊ ဘယ်သူမှ မသိဘူး၊ တစ်ယောက်တည်း အိပ်ရာထဲမှာ တမ်းတမ်းတတနဲ့ လပေါင်းများစွာ နေရတဲ့ ဒုက္ခကို ဆမ် ဘယ်လိုလုပ် သိမလဲ'

'ဒီကိစ္စ ဒီလောက် အရေးကြီးသလား နီရာ'

'ရှင့်အတွက်တော့ ဘယ်အရေးကြီးမလဲ'

နီရာ ဒေါသတကြီး ပြောသည်။

'အလုပ်ကိစ္စတွေ ဖိလုပ်ပြီး အိပ်မပျော်တဲ့ ညတွေကို ဘယ်လိုတုန်လွှန်ရမလဲ၊ မြေမြေရာ တစ်ခုခုတော့ ရှိရမှာပေါ့'

'ရေအေးအေး ချိုးပစ်လိုက်ပေါ့'

'သွားစမ်းပါ၊ အရာတိုင်းဟာ ဒီက လာတယ်လို့ ထင်သလား'

နီရာက နဖူးကို လက်ညှိုးနှင့်ထောက်ပြပြီး မေးသည်။

'ဒီက လာတာရှင့်၊ ဒီက လာတာ'

ကြေမွတွန့်လိမ်နေသည့် အိပ်ရာပေါ်မှ သူ့အဝတ်တွေကို မေးထိုးပြီး. . .

'ကဲ အဝတ် ဝတ်တော့၊ မင်းအမေက လုခ်ကို ချက်ချင်း ဖုန်းပြန်ဆက်ရမယ်တဲ့'

နီရာ ခုမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'မေမေ သိလားဟင်'



ဆမ်က တည်ငြိမ်သည့် မျက်လုံးများဖြင့် သူ့ကို ကြည့်ပြီး။

'မင်းအမေ မသိတာ ဘာများရှိလဲ နီရာ၊ ကိုယ်နဲ့ အလုပ်ကိစ္စ စပြောတဲ့နေ့မှာ မင်းအကြောင်းတွေ သူ အကုန်သိတယ်ဆိုတာ ကိုယ် သိရတယ်လေ'

နီရာ အိပ်ရာပေါ် ထိုင်ချလိုက်သည်။

'နီရာ့ကို သူ ဘာမှ မပြောဘူး'

'ပြောတော့ကော ဘာအကြောင်းထူးမှာလဲ'

နီရာ မျက်ဝန်းထဲတွင် မျက်ရည်ဥတွေ ခိုတွဲလာသည်။

'ဟင့်အင်း. . . ပြန်လိုက်လို့ မဖြစ်ပါဘူး'

'ဖြစ်ရမယ်၊ လုခ်နဲ့ ဖုန်းပြောပြီးပြီးချင်း မီရာ လေယာဉ်နဲ့ လိုက်ခဲ့ရမယ်တဲ့၊ အဲဒါ အဘွားကြီး ရဲ့ အမိန့်ပဲ'

သူ မော့ကြည့်သည်။

'မေမေ အဲဒီအတိုင်း ပြောလား'

'ဟုတ်တယ်'

'လုခ်ရော သိလားဟင်'

'ကိုယ် သိသလောက်တော့ သူ မသိဘူး၊ အဘွားကြီးက ဒီအတိုင်းပဲ ရှိနေစေချင်တဲ့ပုံပဲ'

နီရာ သက်ပြင်းချသည်။

'လုခ် ပြန်ရောက်လာပြီဆိုတော့ နီရာတစ်ယောက်တည်း မအိပ်ရတော့ဘူးပေါ့နော်၊ ဖြစ်ပါ့မလား ဆမ်ရယ်'

အဝတ်တွေ ဆွဲယူပြီး စဝတ်သည်။

'ဒီည လေယာဉ်ပျံ ရှိပါဦးမလား ဟင်'

ခုတော့လည်း ပီဘိ ကလေးငယ်တစ်ယောက်၏ အမူအရာ။

'အစောဆုံးထွက်တဲ့ လေယာဉ်ကို ရအောင် တင်ပေးမယ်'

ခုမှ သူ ပြုံးလာ၏။

'သူ့အတွက် ဇနီးကောင်းတစ်ယောက်ဖြစ်အောင် နီရာ ကြိုးစားမယ်၊ ဆမ် မယုံရင် စောင့်ကြည့်'

ဘရာစီယာကို စွပ်ပြီး ဆမ့်ဘက်သို့ နောက်ကျောလှည့်ပေးရင်း. . . .

'ချိတ်ပေးပါဦး'

ဆမ်က ချိတ်ပေးလိုက်သည်။ အားလုံး ဝတ်ပြီးတော့ ရေချိုးခန်းထဲ ပြန်ဝင်သွားသည်။ ပြန်ထွက်လာတော့ လန်းလန်းဆန်းဆန်း။ မနက်စောစော ရေချိုးခန်းထဲမှ ထွက်လာသည်နှင့် မခြား။

ဆမ့်ဆီ လျှောက်သွားပြီး ခြေဖျားထောက်ကာ ပါးကို နမ်းလိုက်သည်။

'ခုလို လိုက်ရှာပေးတာ ကျေးဇူးပဲ ဆမ်၊ အိမ်ပြန်ရမှာ ကြောက်နေတာ၊ သူနဲ့ ရင်ဆိုင်ရမှာကို တွေးပြီး လန့်နေတာလေ၊ ဒါပေမဲ့ ခု မကြောက်တော့ပါဘူး၊ အားလုံး အိုကေသွားမှာပါ၊ ဆမ် လိုက်ရှာပါစေ၊ လိုက်ရှာရင် နီရာ့ကို တွေ့ပါစေလို့ ဆုတောင်းနေတာ'

'ဒါဆို အစက ဘာလို့ ပြောမသွားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'နီရာက နီရာလေ၊ ဒီလိုပဲ လုပ်ရမှာပေါ့၊ ဒီလိုမလုပ်ရင် ဘယ်မှာ ရင်ခုန်ရပါတော့မလဲ'

ဆမ်က တံခါးဖွင့်ပေးပြီး . . .

'ကဲ သွားစို့'

နီရာ အခန်းထဲမှ ထွက်သွားသည်။ ကုလားထိုင်တွင် ထိုင်နေသည့် လူရွယ်ကို တစ်ချက်မှ လှည့်မကြည့်တော့။

❑ ❑ ❑

# အခန်း ( ၁၀ )

ချားလ်စ်က လိမ္မော်ရည်ခွက်ကို ကျွန်တော့်ရှေ့သို့ လာချသည်။ ကျွန်တော် အိမ်ပြန်ရောက်ပြီး နှစ်လအကြာ။ လိမ္မော်ရည်ဖန်ခွက်ကို မော့သောက်နေတုန်း ယောက္ခမကြီး ရောက်လာသည်။

ကျွန်တော့်ကို ပြုံးပြီး နှုတ်ဆက်သည်။

စားပွဲတွင် ဝင်ထိုင်ကာ လက်သုပ်ပဝါကို ဖြန့်ရင်း . . .

'နီရာ ဒီမနက် ဘယ်လိုနေလဲ လုခ်'

'နေကောင်းပါတယ် မေမေဟေဒင်၊ မနက်ပိုင်း ဖျားချင်သလိုလို ဖြစ်တာလည်း ပျောက်လုပါပြီ'

အဘွားကြီး ခေါင်းညိတ်ပြီး . . .

'နီရာဟာ ကျန်းမာရေးကောင်းတဲ့ မိန်းကလေးပဲ၊ ကြံ့ခိုင်မှုလည်း ရှိပြီးသားလေ၊ ဆာမှ စိုးရိမ်စရာ မရှိပါဘူး'

ခေါင်းညိတ်ပြီး သဘောတူလိုက်သည်။ ကျွန်တော် အိမ်ပြန်ရောက်ပြီး ခြောက်ပတ် မတိုင်မီ နီရာ ကိုယ်ဝန်ရှိလာသည်။ ရုံးမှ ပြန်လာပြီး တစ်ညနေတွင် ခေါသူ့ပုန်ထနေသည်ကို ဓတွေ့ရ၏။ ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လှဲကာ ဆောက်တည်ရာမရ ငိုနေသည်။

'ဘာဖြစ်လို့လဲ ဟင်'

သူ ဒီလို စိတ်လိုက်မာန်ပါ ပေါက်ကွဲတတ်ကြောင်း သိနေသဖြင့် ကျွန်တော့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အထူးအဆန်း မဟုတ်တော့။ သူ ဖန်ဆင်းနေသည့် အရုပ်တစ်ခု အသက်ဝင်မလာလျှင်လည်း [illegible]ဘတ်ကြမ်းတိုက်တတ်သည်။

'မဟုတ်နိုင်ဘူး၊ မလိုချင်ဘူး'

ကျွန်တော့်ကို မြင်တော့ ခုတင်ပေါ် ထထိုင်ပြီး အော်သည်။ ကျွန်တော်က သူ[illegible] စိုက်ကြည့်ပြီး. . .

'စိတ် အေးအေးထားစမ်းပါ နီရာရယ်၊ ဘာ မဟုတ်နိုင်တာလဲ၊ ဘာကို မလိုချင်တာ[illegible]'

'သောက်သုံးမကျတဲ့ ဆရာဝန်၊ နီရာ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့'

ကျွန်တော်က အမှတ်မထင် ရယ်ပြီး ပြောလိုက်သည်။

'ဩော် နီရာရယ်၊ ဒါက ရှောင်လွှဲလို့ရတဲ့ ကိစ္စမှ မဟုတ်တာဘဲကွာ'

'ရှင်ကတော့ ရယ်နိုင် ပြုံးနိုင်မှာပေါ့လေ၊ ယောက်ျားတွေဟာ ဒီလိုချည်းပဲ၊ ဒါမျိုး[illegible] သိပ်ဂုဏ်ယူချင်ကြတယ်၊ သူတို့ကိုယ်သူတို့ သိပ်ယောက်ျားပီသသွားပြီလို့ ထင်ကြတယ်၊ မှ[illegible] တယ် မဟုတ်လား'

'မင်း ပြောသလောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဟုတ်သင့်သလောက်တော့ မှ[illegible] တယ်'

မျက်လုံးထဲတွင် မျက်ရည်တွေ မရှိတော့ဘဲ သူ့ဒေါသတွေ ကျွန်တော့်ဆီ စူး[illegible] လာသည်။

'ရှင်တို့က ဗိုက်နဲ့ လွယ်မွေးရတာမဟုတ်တော့ အလုပ်ကိုင်လည်း မထိခိုက်ဘူး[illegible] ပုံပျက်ပန်းပျက် ဖြစ်တော့လဲ ရှင်တို့ ဖြစ်ကြတာမှ မဟုတ်ဘဲ၊ ဘယ်သူမှ မကြည့်ချင်[illegible] ဗိုက်ကြီး တမြမြနဲ့ လပေါင်းများစွာ နေရတာက မိန်းမတွေရှင့်'

သူက ကျွန်တော့်ကို စူးစူးရဲရဲ ပြန်ကြည့်သည်။ ပြီးတော့ ကုန်းအော်ပြန်သည်၊

'မလိုချင်ဘူး၊ မယူချင်ဘူး၊ ဖျက်ချပစ်မယ်။ အဲဒါမျိုး လုပ်တဲ့ ဆရာဝန်တစ်ယော[illegible]'

ကျွန်တော် သူ့အနား လျှောက်သွားသည်။

'မင်း အဲဒါမျိုး ဘယ်တော့မှ မလုပ်ရဘူး'

ခုတင်ပေါ်မှ ဆင်းပြီး တံခါးဝဆီသို့ လျှောက်သွားရင်း အော်ပြန်သည်။

'ရှင် ဘယ်တော့မှ ကျွန်မကို တားလို့မရဘူး မှတ်ပါ'

သူ့ ပခုံးကို ဖမ်းဆုပ်ပြီး ဆွဲလှန်ပစ်လိုက်သည်။ ပြီးတော့ ခပ်တိုးတိုး ပြောလိုက်သ[illegible]

'တားလို့ရတယ် နီရာ၊ ရအောင်လည်း တားမယ်'

ဒေါသကြောင့် သူ့မျက်လုံးတွေ မုန်တိုင်းတိုက်တော့မည့်နှယ်။

'ရှင် ကျွန်မကို ဘာမှ ဂရုမစိုက်ဘူး၊ ကိုယ်ဝန်ဆောင်ရလို့ သေသွားလည်း [illegible] အကြောင်း မဟုတ်ဘူး၊ ရှင့်အတွက် အဓိကက ကလေးပဲ'

'အဲဒါ မမှန်ပါဘူး နီရာ၊ ဘာလို့ မင်းကို ကိုယ် ဂရုမစိုက်ရမှာလဲ၊ ဂရုစိုက်လို့ [illegible] မလုပ်ဖို့ တားရတာပေါ့၊ ကလေးဖျက်ချတယ် ဆိုတာ ဘယ်ဘက်ကမှ မကောင်းဘူး၊ သိပ်အန္တရာယ်[illegible] ကြီးတယ် နီရာ'

တဖြည်းဖြည်း သူ့ဒေါသရိပ်တွေ ပြေသွားသည်။

'နီရာ့ကို မောင် ချစ်တယ်နော်'

'မင်း သိပါတယ် နီရာ'



'ကလေး မွေးပြီးတော့လည်း အဲဒီ. . . အဲဒီ ကလေးထက်ပိုပြီး ချစ်မှာလားဟင်'

'ဩော် နီရာရယ်၊ မင်းက အဓိက၊ ကလေးက မင်းရဲ့ ကိုယ်ပွားပဲဟာ'

သူ့ ခဏ ငြိမ်သွားသည်။

'ဒါဆို သားလေး မွေးမယ်'

'မင်း ဘယ်လိုလုပ် ပြောနိုင်မလဲ နီရာ၊ ကလေးဆိုတာ ပန်းပုခန်းထဲမှာ စိတ်ကြိုက် [illegible]ချင်သလို ထုလို့ ရတာမှ မဟုတ်ဘဲ'

သူ ကျွန်တော့်ကို မော့ကြည့်သည်။

'နီရာ သိပါတယ်၊ ယောက်ျားတိုင်း သားလိုချင်ကြတာချည်းပဲ၊ မောင့်အတွက် နီရာ [illegible]ယောက်ျားလေး မွေးပေးမယ်နော်'

'အဲဒီအတွက် ခေါင်းထဲ မထားပါနဲ့ နီရာ၊ မိန်းကလေး မွေးလည်း ကိုယ့်အတွက် [illegible]တူတူပါပဲ နီရာ'

ကျွန်တော့် လက်မောင်းကို အသာဖယ်ပြီး မှန်တင်ခုံဆီသို့ လျှောက်သွားသည်။ [illegible]ဝတ်အကျီ ကြမ်းပြင်ပေါ် ပုံကျလာသည်။ တစောင်းအနေအထား လှည့်ပြီး မှန်ကြည့်သည်။

'နီရာ ခါးကလေး ထုတ်လာပြီ ထင်တယ်နော်'

ကျွန်တော် ရယ်လိုက်သည်။ သူ့ခါးမှာ လုံးဝမပြောင်းလဲသေးဘဲ ထွာဆိုင်သာသာ [illegible]ကလေး ဖြစ်၏။

'မဟုတ်သေးပါဘူး နီရာရယ်၊ စောပါသေးတယ်'

'ဘယ်ကလာ၊ ဆရာဝန်က ပြောတယ်၊ တချို့ မိန်းမတွေက ကိုယ်ဝန်အထွားနှုန်း [illegible]မြန်တယ်တဲ့၊ ပြီးတော့ နီရာ လေးလာသလိုပဲ'

'ဒါပေမဲ့ မသိသာသေးပါဘူး နီရာရဲ့'

'တကယ်'

သူ လှည့်ကြည့်သည်။ ကျွန်တော့်အပြုံးကို မြင်တော့. . .

'လာ . . မောင့်ကို နီရာ ပြမယ်' ဟုပြောပြောဆိုဆို ကျွန်တော့်ကို အိပ်ရာပေါ် [illegible]လှဲချသည်။ သို့သော် နောက်တစ်နေ့မနက်မှ စပြီး စိတ်ပျက်စရာ ကြုံရတော့၏။ နေ့တိုင်း [illegible]လို နီရာ ဖျားသည်။

တစ်နေ့ ရုံးမှအပြန်တွင် ယောက္ခမကြီးက ဆီးမေးသည်။

'ရုံးမှာ အခြေအနေ ကောင်းရဲ့လား လုဒ်'

'ဟုတ်ကဲ့၊ ကောင်းပါတယ်၊ သူတို့နဲ့ ကျွန်တော် အသားကျစပြုပါပြီ၊ ကျွန်တော်က [illegible]လာဆဲ ရှိပါသေးတယ်၊ လုပ်စရာ သိပ်များများစားစား မရှိသေးပါဘူး'

'ဒါပေါ့လေ၊ ဒါမျိုးဆိုတာ အချိန်ယူရတာဝဲ'

ကျွန်တော်က အဘွားကြီးကို ကြည့်ပြီး. . .

'ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျောင်းကို ပြန်သွားပြီး စာသင်ခန်းထဲ [illegible]ရမလားလို့တောင် အောက်မေ့တယ်၊ ကျွန်တော် ကျောင်းက ထွက်လာပြီးတဲ့ နောက်ပိုင်းမှာ [illegible]ကာနဲ့ အင်ဂျင်နီယာ အတတ်ပညာဟာ အများကြီး တိုးတက်ပြောင်းလဲသွားပြီ၊ သတ္တုပစ္စည်း[illegible]ကို အဆောက်အအုံတွေမှာ ထည့်သုံးတာ ကျွန်တော် တို့ခေတ်မှာ မသင်ခဲ့ရဘူး [illegible] [illegible]၊ ကျွန်တော် ဘာမှ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဖြည်းဖြည်းပေါ့ကွယ်၊ ဘာမှ အလောတကြီး လုပ်စရာ အကြောင်းမရှိပါဘူး'

မေမေဟောဒင် သည်လေသံထွက်လျှင် ဘာဆိုလိုသည်ကို ကျွန်တော် သိသည်။ ကျွန်တော် မသိသည့် အကြောင်းတွေ သူ သိထားသည်။ သွားမေးလျှင် လေကုန်ရုံရှိမည်။ အချိန်တန်မှ ပြောချင်ပြောမည်။ မပြောဘဲ နေချင်လည်း နေမည်။ သည်တော့ ဥစ္စာရင်လို ဥစ္စာရင်ခဲရမည်မဟုတ်။

ကျွန်တော့် ယောက္ခမကြီးသည် အလွန်ထက်သည့် အမျိုးသမီးကြီး ဖြစ်သည်။ အမြဲတမ်း သူ့ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မူဖြင့် နေတတ်သူ ဖြစ်၏။ ကျွန်တော် ပထမဆုံး အလုပ်ဝင်ရမည့်နေ့ကို သွားသတိရသည်။

ကျွန်တော့်ကို စာကြည့်ခန်းထဲ လာဖို့ ခေါ်သည်။ အံဆွဲထဲမှ စာအိတ်တစ်လုံး နှိုက်ယူပြီး ဘာမှမပြောဘဲ ကမ်းပေးသည်။

စာအိတ်ကို ကျွန်တော် ဖွင့်ကြည့်လိုက်၏။ စာလုံးတွေ၊ ကိန်း ဂဏန်းတွေ မှနေအောင် ပုံနှိပ်ထားသော စတော့လက်မှတ်တွေ ထွက်ကျလာ၏။ ကြမ်းပြင်ပေါ်မှ ကောက်ယူပြီး ကျွန်တော် ဖတ်ကြည့်သည်။ စုစုပေါင်း ဟောဒင်နှင့် ကာရွှသာကုမ္ပဏီစတော့၏ နှစ်ဆယ်ရာခိုင်နှုန်း ရှိသည်။ စတော့လက်မှတ်များ၏ နောက်ကျောတွင် ကျွန်တော့်နာမည်နှင့် လွှဲပေးထားကြောင်း တွေ့ရသည်။ ကျွန်တော်က စားပွဲပေါ် ပြန်တင်ပေးလိုက်ပြီး. . .

'ကျွန်တော် လုပ်အားခ တစ်ပြားမှ မရသေးတဲ့အတွက် ကျွန်တော် လက်မခံပါရစေနဲ့ မေမေဟောဒင်'

အဘွားကြီး ပြုံးသည်။

'မကြာခင် မင်း ရလာတော့မှာပဲ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ခု ကျွန်တော် မရသေးဘူးလေ၊ ဒါကြောင့် ကျွန်တော် မယူတာပါ မေမေဟောဒင်၊ ယူရင် ကျွန်တော် ငတုံး ဖြစ်သွားမှာပေါ့၊ ပြီးတော့ အလုပ်ထဲမှာ ကျွန်တော့်ထက် ပိုပြီး လုပ်သက်ရင့်တဲ့ ရာထူးကြီးတဲ့လူတွေရဲ့ အငြိုးအငြင်ကို ကျွန်တော် မခံပါရစေနဲ့'

'မင်း ဒီနေ့ သတင်းစာ မဖတ်ရသေးဘူးထင်တယ်လုခ်'

'ဟုတ်ကဲ့၊ မဖတ်ရသေးပါဘူး'

'ဒါဆို ရော့၊ ဖတ်ကြည့်ပါဦး'

ခရော်နီကယ် သတင်းစာကို ကျွန်တော့်ရှေ့ တိုးပေးသည်။ စီးပွားရေးသတင်းစာမျက်နှာ ဖွင့်လျက်သား။ စာလုံးသေးသေးဖြင့် ရေးထားသည့် သတင်းခေါင်းစဉ်ကို ကျွန်တော် မြင်လိုက်၏။

'ဟောဒင်နှင့် ကာရွှသာ ကုမ္ပဏီတွင် ဒုတိယ ဥက္ကဋ္ဌတစ်ဦး ခန့်လိုက်ခြင်း'

သတင်းဆောင်းပါး၏ထိပ်တွင် ကျွန်တော့်ဓာတ်ပုံနှင့်။ ကျွန်တော် ခပ်လောလော ဖတ် လိုက်သည်။

သတင်းစာကို ပြန်ပေးရင်း. . .

'ကျွန်တော် စ ပုံက မမြင့်လွန်းဘူးလား မေမေဟောဒင်'

'ဟောဒင်မျိုးမှာ ဒါထက်နိမ့်တာ မရှိဘူး လုခ်'

ကျွန်တော် 'ဟောဒင်မျိုး မဟုတ်ပါဘူး' ဟု ပြောလျှင်လည်း အရာထင်မည် မဟုတ်တော့ပေ။ အားလုံး ပြီးနေပြီ။



အဘွားကြီး၏ အမူအရာက သမီးတစ်ယောက် မဆုံးရှုံးဘဲ သားတစ်ယောက် အမြတ်ယူက်လာသည့်အလား။

'အတက်မြန်ရင် အကျမြန်လိမ့်မယ် ထင်တယ် မေမေဟောဒင်'

'မင်းဟာ တော်တော် ကတ်သီးကတ်သတ် တွေးတတ်ပါလား လုခ်'

'လွယ်လွယ်ရရင် လွယ်လွယ် ဆုံးတတ်လို့ပါ ခင်ဗျာ'

မေမေဟောဒင် ပြုံးသည်။

'ဒီလို မတွေးပါနဲ့ကွယ်၊ မင်း အားလုံး အဆင်ပြေမှာပါ၊ မေမေဟောဒင် သိနေတယ်လေ'

'ကျွန်တော်လည်း အဲဒီအတိုင်း ဖြစ်ပါစေလို့ မျှော်လင့်ပါတယ် ခင်ဗျာ'

ပြောပြောဆိုဆို အခန်းထဲမှ ကျွန်တော် လှည့်ထွက်ခဲ့သည်။ နောက်ဘက်မှ လှမ်းခေါ်မြန်၍ ခြေလှမ်းတုံ့သွားသည်။

'မင်းစာအိတ်ကြီး မေ့ထားခဲ့ပြီ၊ ယူသွားလေ လုခ်'

'မေမေဟောဒင်ပဲ ယူထားပါဦး၊ ကျွန်တော့်လုပ်အားခ အဲဒီလောက် ကာမိတဲ့အချိန်ကျမှ ကျွန်တော် ယူပါရစေ'

စိတ်မကောင်းဖြစ်သွားသည့် အမူအရာဖြင့် မျက်နှာညှိုးကျသွားသည်။ မေမေဟောဒင့် စေတနာကို စော်ကားလိုစိတ် ကျွန်တော့်တွင် မရှိပါ။ စားပွဲဆီသို့ လှည့်လာပြီး. . .

'ကျွန်တော့်ကို တစ်ဆိတ် နားလည်ပါမေမေဟောဒင်၊ စေတနာကို တန်ဖိုးမထားတဲ့ သဘော မဟုတ်ပါဘူး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်တဲ့ဆန္ဒက ကျွန်တော့်မှာ သိပ်ပြင်းနေလို့ပါ'

'မေမေဟောဒင် နားလည်ပါတယ်ကွယ်၊ မင်းကို ပိုပြီးတောင် သဘောကျသွားသေးတယ်၊ ဟောဒင်မိသားစုဝင်ဆိုတာ ဒီသတ္တိမျိုး ရှိရမယ်လေ'

ဘာမှ ပြန်ပြောစရာမရှိသဖြင့် ကျွန်တော် ငြိမ်နေလိုက်သည်။

'မင်း ကံကောင်းပါစေ လုခ်'

ပြန်ပြုံးပြပြီး

'ကျေးဇူးတင်ပါတယ် မေမေဟောဒင်'

သည်ကတည်းက ကျွန်တော့်ရင်ထဲတွင် မရှင်းမလင်းဖြစ်ခဲ့ရလေသည်။

* * *

နိုရာဆင်းလာတော့ ကျွန်တော်တို့ကော်ဖီသောက်ပြီးခါစ ရှိသေးသည်။ သူက အပြင်ထွက်ဖို့ ဟဝတ်အစားလဲပြီးသား။ ကျွန်တော့်မျက်ခုံးတွေ ပင့်တက်သွားသည်။ မွန်းမလွဲမီ နိုရာ အောက်ထပ် ဆင်းလာလေ့မရှိ။

သူ စိတ်လှုပ်ရှားနေသည့် အမူအရာဖြင့် မေးသည်။

'မောင် ဒီနေ့ရုံးကို အစောကြီးသွားဖို့ လိုလားဟင်'

'မလိုပါဘူး'

တစ်နှစ်လုံး ကျွန်တော် မသွားလည်း ဘယ်သူမှ သတိထားမိမည် မဟုတ်ပါ။

'ဟုတ်လား၊ ဟန်ကျလိုက်တာ၊ မောင့်ကို နိုရာ ပြစရာရှိလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာများလဲဗျာ'

'မောင့်ကို အံ့ဩစရာကလေးတစ်ခု ပြစရာရှိလို့လေ'

'ဒါဖြင့်လည်း ပြောလေ၊ ခုတလော အံ့ဩသစရာတွေချည်း ဆက်တိုက်ရနေတော့ ထားစရာ နေရာ ရှိပါတော့မလား မသိဘူး'

နီရာ ရယ်သည်။

'ဒီတစ်ခုကိုတော့ မောင် သဘောကျမှာပါ'

မအေကြီးကို နီရာ လှမ်းကြည့်သည်။ သားအမိနှစ်ယောက် မြိုင်တူ ပြုံးကြသည်။

'သူငယ်ချင်းတစ်ယောက်က သူ့အိမ်ကို အပ်ချင်လို့တဲ့၊ မောင့်ကိုပဲ အပ်ချင်တယ်တဲ့လေ'

အင်း. . . နောက်ဆုံးတော့ လုပ်စရာ ပေါ်လာသားပဲ။

'ဟုတ်လား၊ ဘယ်မှာလဲဟင်'

'သိပ်မဝေးပါဘူး၊ မောင်နဲ့ နီရာ သွားကြည့်မယ်လေ၊ ပြီးမှ နီရာ့သူငယ်ချင်း အမျိုးသမီး လုပ်ချင်တာတွေ ပြောပြမယ်'

'သိပ်ကောင်းတာပေါ့၊ မောင်က အသင့်ပဲလေ၊ မမလေးခေါ်ရာ လိုက်ဖို့ပဲ'

'နီရာလည်း အသင့်ပဲ၊ အပေါ်ထပ်မှာ နံနက်စာ စားခဲ့ပြီ'

အိမ်ကြီးမှာ အဆောင်ဆောင် အခန်းခန်းနှင့် အိပ်မက်ထဲတွင် တွေ့ရတတ်သည့် အိမ်ကြီးမျိုး ဖြစ်၏။ အခန်း ၁၇ ခန်း ပါသည်။ တောင်ကုန်းထိပ်မှ ပင်လယ်ကွေ့မြင်ကွင်းကို စိုးမိုးငုံ့ကြည့်နေသည့် အိမ်ကြီး။

ရှေးဟောင်း ကျောက်ဖြူသားဖြင့် ပြီးသည့် ဆင်ဝင်လှေကားထစ်များမှာ ကျက်သရေ ရှိလှသည်။ အခန်းကြီးတွေက အကျယ်ကြီးတွေ၊ ယခုခေတ် အခန်းတွေနှင့် ဘာမှ မဆိုင်၊ အိမ်နောက်ဘက်တွင် ကားသုံးစီး ထားနိုင်သည့် မော်တော်ကားဂိုဒေါင်နှင့် ဂိုဒေါင်အပေါ်ထပ်က အစေခံတန်းလျား။

အညိုရောင်ကျောက်တုံးများဖြင့် ဆောက်ထားသည့် အိမ်ကြီးမှာ ဆေးရောင်မှိုင်းနေပြီ ဖြစ်သော်လည်း ခမ်းနားထည်ဝါလှသည့် အပြာရောင်အမိုးမှာ မိုးကောင်းကင်မှ အရောင်တွေကို စုပ်ယူထားသည့်နှယ်။

'သိပ်လှတာပဲ၊ ဘာမှ ပြန်လုပ်ဖို့ မလိုဘူး နီရာ၊ မင်းသူငယ်ချင်းကို ပြောပြပါ၊ ဘာမှ ထပ်မပြင်ပါနဲ့လို့၊ သူ့နဂိုအလှ ပျက်သွားလိမ့်မယ်'

'ဒါပေမယ့် ရေချိုးခန်းနဲ့ အနွေးဓာတ်ပေးဖို့ အခန်းတွေတော့ ခေတ်မီအောင် လုပ်ဖို့လို မှာပေါ့'

ကျွန်တော်က အိမ်ထဲ လျှောက်ကြည့်ရင်း သူနှင့် သဘောတူလိုက်သည်။

'အင်း. . . ဒါတော့ ဟုတ်တယ်'

'ကလေးခန်း တစ်ခန်းလည်း လိုမယ်၊ ပြီးတော့ မြောက်ဘက်ဆောင်မှာ အမျိုးသမီးအတွက် စတူဒီယိုကြီးကြီးတစ်ခန်း လုပ်ပေးရလိမ့်မယ် မောင်၊ အဲဒီအဆောင်က အလင်းရောင် အကောင်းဆုံးလေ၊ သူ့အမျိုးသားအတွက် သီးသန့်ဧည့်ခန်းနဲ့ ရုံးခန်းတစ်ခန်းလည်း လိုမယ် မောင်ရဲ့၊ သူ့အလုပ်တွေ အိမ်မှာ ယူလုပ်ချင်တဲ့အခါ လုပ်နိုင်တာပေါ့'



ကျွန်တော် စိုးတိုးဝါးတား ဖြစ်လာသည်။

'နေပါဦး နီရာ၊ ဘယ်သူ့အိမ်လဲ ပြောပါဦး'

'မောင် မှန်းကြည့်လေ'

'မမှန်းတတ်ပါဘူး'

'မောင်နဲ့ နီရာအတွက် မေမေ စပ်ပေးတာလေ'

ကျွန်တော် လန့်သွားသည်။

'ဘုရား ဘုရား ဒီအိမ်ကြီးရဲ့ ပြုပြင်ထိန်းသိမ်းစရိတ် ဘယ်လောက်ရှိတယ် ဆိုတာ မင်း သိရဲ့လား နီရာ၊ ကိုယ် တစ်နှစ်လုံးလုပ်စာ စုထားတာတောင် တစ်လစာ ရှိမှာမဟုတ်ဘူး'

'အို. . . မောင်ကလည်း ဘာဆိုင်လဲ၊ ဘာလို့ ငွေရေးကြေးရေး ထည့်တွက်နေတာလဲ၊ နီရာ နှစ်စဉ် မိသားစုဝင်ငွေတွေ အများကြီး ရှိတာပဲဟာ၊ ကြိုက်သလို သုံး၊ ပိုသေးတယ်'

'အဲဒါ မောင် သိပါတယ်၊ ကိုယ့်မိန်းမတို ကိုယ်ပဲ ရှာကျွေးချင်တယ်လေ၊ အဲဒါလည်း တစ်ခါတလေ ထည့်စဉ်းစားဦးမှပေါ့ မိန်းမရဲ့၊ အဘွားကြီးက အရာရာ ငွေနဲ့ချည်း တိုင်းပြီး လုပ်နေတာကိုး၊ တဖြည်းဖြည်းနဲ့ ကြေးစားယောက်ျားဘဝ ရောက်မှန်းမသိ ရောက်နေပြီ'

'မောင်က ဘာကြောင်တာလဲ၊ လူနဲ့သူနဲ့ တူအောင်နေဖို့၊ အဆင့်အတန်းမြင့်မြင့် နေရာ လိုတယ်လေ၊ ကလေးကို အဲဒီလိုနေရာမျိုးမှာ ကြီးပြင်းစေချင်တယ်လေ'

'ကလေးကို ကြီးပြင်းဖို့ တောင်ကုန်းပေါ်က ၁၇ ခန်းပါတဲ့ အိမ်ကြီးရှိမှတဲ့လား နီရာ၊ ကိုယ့်ဟာကိုယ် ခွဲနေချင်တယ်ဆိုရင်လည်း အိုးနဲ့ဆန် တန်ရုံဝယ်နေလို့ ရတာပဲကွာ၊ တို့နဲ့တန်တဲ့ အိမ်တွေ ပြည့်လို့'

နီရာ့အသံတွင် သရော်သံ ပါလာသည်။

'ထားပါတော့၊ ဒါပေမယ့် နီရာက အဲဒီလိုအိမ်မျိုးမှာ နေပြီး မသေနိုင်ဘူး၊ မိရိုးဖလာ အဆင့်အတန်းကို ထည့်တွက်ရသေးတယ်'

'မင်းက မင့်အဆင့်တွက်တာ ဟုတ်ပါပြီ၊ ကိုယ်ကလည်း ကိုယ့်အဆင့်အတန်းနဲ့ ကိုယ်ပဲ တန်ရာတန်ရာ နေချင်တယ်'

နီရာ့အသံ အေးစက်လာသည်။

'နီရာနဲ့ လက်ထပ်လိုက်ကတည်းက မောင့်အဆင့်အတန်း မြင့်သွားပြီလေ၊ ဟောင်နဲ့ ကာရှသာမှာ မောင် အလုပ်လုပ်ကတည်းက မောင့်အဆင့်အတန်း မြင့်သွားပြီလေ၊ ဆန်ဖရန်စစ္စကို အသိုင်းအဝိုင်းမှာတော့ မောင့်ကို ဟောင်မိသားစု ပိုင်တယ်၊ မောင် ကြိုက်ကြိုက် မကြိုက်ကြိုက် မောင်ဟာ နီရာတို့နဲ့ အတူတူ ဖြစ်သွားပြီ'

ကျွန်တော် သူ့ကို စိုက်ကြည့်နေလိုက်သည်။ ရေခဲရည်နှင့် အပက်ခံလိုက်ရသလို အမှန်ကို ရုတ်ခြည်း နားလည်လိုက်ပြီ၊ တစ်ကိုယ်လုံး နာကျင်သွား၏။ နီရာ ပြောသည်မှာ အမှန် ဖြစ်လေသည်။ စစ်ကြီး ပြီးသွားပြီလေ။ လေသူရဲကောင်းဗိုလ်မှူးကြီးတေရီ၏ ဘဝသည် တစ်ခန်း ရပ်ခဲ့ပြီ။ ကျွန်တော့်လက်ရှိ ဘဝတန်ဖိုးသည် သူတို့လက်ထဲတွင် ရောက်နေချေပြီ တကား။

"နီရာ ဒီအိမ်ကို သဘောကျတယ်၊ မောင် မလုပ်နိုင်ရင် တခြားဗိသုကာတစ်ယောက်ကို ရှာမယ်၊'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လှည့်မကြည့်ဘဲနှင့် သိလိုက်၏။ နီရာသည် ပြောသည့်အတိုင်း လုပ်တော့မည်ဟူ၍။ သည်ကိစ္စ ကျွန်တော့်အတွက် ဘယ်လောက် အရေးကြီးသည့်ကိုလည်း ကိုယ့်ကိုယ်ကိုယ် သဘောပေါက်လိုက်၏။ ကျွန်တော့်ဘဝ လမ်းဆုံး ရောက်သွားနိုင်သည့် အဖြစ်။

'ကောင်းပြီလေ၊ လုပ်တာပေါ့'

သူက ကျွန်တော့်လည်ပင်းကို သိုင်းဖက်လာပြီး

'လုပ်ပါ မောင်ရယ်၊ မောင်ဘယ်တော့မှ နောင်တမရစေရပါဘူး၊ ကိုယ်နေတဲ့အိမ်ကို ကိုယ်တိုင်စိတ်ကြိုက် မောင်လက်စွမ်းပြလိုက်စမ်းပါ၊ ဆန်ဖရန်စစ္စကိုမှာ အကျော်ကြားဆုံး ဗိသုကာ ဖြစ်ရပါစေ့မယ်'

ကျွန်တော့်ကို သည်လို အားပေးစကားပြောနေသော်လည်း အနိုင်ရမှုကြောင့် သူ့မျက်လုံးများတွင် အရောင်တလက်လက် တောက်နေ၏။

ကျွန်တော် အလုပ်မှ အပြန်တွင် အမြဲပွေ့ဖက်ကြိုဆိုနေကျ နီရာ့အကျင့်သည် မှတ်မှတ် ရရ ထိုနေ့မှစ၍ ပျောက်ကွယ်သွားလေတော့သည်။

* * *

အိမ်ကြီးကို ပြင်ဆင်မွမ်းမံပြီးသွားလေပြီ။ ကျွန်တော် အမှတ်တွေအများကြီး ရလိုက်ပါ၏။ သို့သော် တကယ်လုပ်သူက ကျွန်တော် မဟုတ်။ ဆောက်လုပ်ရေးပိုင်းလောက်သာ ကျွန်တော် ပါရပြီး အားလုံး နီရာ့ အစီအမံတွေချည်း ဖြစ်၏။ သူ့အနုပညာအတွေးအခေါ်တွေကို ကျွန်တော်က ဆောက်လုပ်လို့ရအောင် ဘာသာပြန်ပေးရခြင်းမျှသာ ဖြစ်၏။ ကျွန်တော့်ဦးနှောက် ဘာမှ မပါပေ။

သူ့ဟာနှင့်သူတော့ တွက်ကိန်းကိုက်နေသည်။ အိမ်ကြီးမှာ အလှပြဖို့သက်သက် ဆောက်ထားသည့်အိမ်ကြီးနှင့် တူနေသည်။ 'အလှဂေဟာ' မဂ္ဂဇင်းမှ ပုဂ္ဂိုလ်တွေ ရောက်လာကြပြီး ဓာတ်ပုံများစွာ ရိုက်ကာ သတင်းယူပြီးမှ ကျွန်တော်တို့ လုံးလုံးလျားလျား ပြောင်းဖြစ်ကြသည်။ မဂ္ဂဇင်းထွက်လာပြီး တစ်လအတွင်း ကျွန်တော်သည် နေ့ချင်းညချင်း ထိပ်သီးစာရင်းဝင် ဗိသုကာ ဖြစ်သွားလေသည်။

အိမ်တိုင်း၊ အိမ်တိုင်းမှ အိမ်ရှင်မတွေ အလှခြယ်မှုန်းဖို့ ကျွန်တော့်ဆီ စုပြုံလာကြသည်။ အလုပ်တွေ လှိမ့်ရလာ၏။ ငွေတွေ လှိမ့်ဝင်လာ၏။

ဟုန်းခနဲ တက်လာသည့် အောင်မြင်မှုမျိုး ဖြစ်၏။ ကျေနပ်နှစ်သိမ့်ရမည့်အစား ကျွန်တော် စိတ်ပျက်လာသည်။

အိမ်ရှင်တစ်ဦးကို ကျွန်တော် ငြင်းလိုက်ရာမှ ပြဿနာစပေါ်တော့၏။ ကျွန်တော့် ရုံးခန်းထဲသို့ ဂျော့ဟောဒင် ဝင်လာသည်။

တဖျံ့တဩ မော့ကြည့်လိုက်၏။ ဂျော့မှာ အလွန်ကြီးခိုင်သည့် လူထွားကြီး ဖြစ်သည်။ သူ့မျက်နှာမှာ နှင်းဆီပန်းရောင်ပေါက်နေ၏။ အလုပ်လုပ်ရာတွင် အလွန်ပြတ်သားပြီး အားကိုးရသူလည်း ဖြစ်၏။

'အခြေအနေ ဘယ်လိုလဲ လုခ်'

'ကောင်းပါတယ် ဂျော့'



ကျွန်တော်က ပုံဆွဲ စားပွဲပေါ်မှ မီးလုံးကို လှမ်းပိတ်ရင်း ပြောလိုက်၏။

'ကျွန်တော် ဘာလုပ်ပေးရမလဲ ဂျော့'

'တို့ စကား ခဏပြောရအောင် လုခ်'

'ကောင်းသားပဲ'

ကျွန်တော် ကုလားထိုင်တစ်လုံးကို လက်ညှိုးပြလိုက်သည်။

'ခုပဲ လစဉ်ပြန်တမ်းနဲ့ အစီရင်ခံစာတွေကို ကိုယ်ဖတ်လာတယ်၊ ကိုရင် မချောင်ပါလား၊ သိပ်ပိနေပြီ ထင်တယ်'

'ကိစ္စမရှိပါဘူး ဂျော့၊ ဘာမှ အလုပ်မရှိဘဲ နေလာတဲ့ကောင် ဆိုတော့ ကျွန်တော့်အတွက် အပြောင်းအလဲပေါ့'

ကျွန်တော်က ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်သည်။

သူက ခေါင်းညိတ်ပြီး. . .

'ကိုယ် စဉ်းစားနေတယ်၊ မောင်ရင့်ကို သီးခြားဌာနတစ်ခု ခွဲပေးဖို့ အချိန်တန်ပြီလို့၊ တော်ရုံအလုပ်တွေကို ချာတိတ်တွေနဲ့ လွှဲထားလိုက်ရင် အလုပ်ကြီးအကိုင်ကြီးတွေကို ပိုပြီး အာရုံစိုက်နိုင်တာပေါ့'

စစ်တပ်မှာတုန်းကတည်းက ဒီလိုစကားမျိုးကို ကျွန်တော် ကြားနေကျ။ ကျွန်တော် အလေးမထားသည့် ကိစ္စ။

'ဘာအလုပ်ကြီးအကိုင်ကြီးတွေလဲ ဂျော့၊ ကျွန်တော်က အသေးအဖွဲလေးတွေ လုပ်နေကျပဲ'

'မောင်ရင့် အလုပ်ခွင်မှာ ကဏ္ဍခွဲလို့ အများကြီးရတယ် လုခ်၊ အလုပ်များနေတာနဲ့ အခွင့်ကောင်းတွေ လက်လွတ်တာမျိုး မဖြစ်စေချင်ဘူး။ ဒါပေမဲ့ အလုပ်အကိုင် အပ်ဖို့လာတဲ့ အိမ်ရှင်တစ်ယောက်အနေနဲ့ ဗိသုကာတစ်ယောက်က လက်မခံနိုင်ရင် အခြားဗိသုကာတစ်ယောက်ဆီ သွားလိုက်ရုံပေါ့'

'ခုနက ထွက်သွားတဲ့ မစ္စတာရော်ဘင်ဆင်လို ဆိုပါတော့ဗျာ'

'မစ္စတာရော်ဘင်ဆင် တစ်ယောက်တည်းကို ဆိုလိုတာ မဟုတ်ဘူး။ နောင်လည်း အများကြီး ရှိဦးမယ်။ သူတို့တွေက မောင်ရင့်ဆီကို ပုံလိုချင်လို့ လာတာ မဟုတ်ဘူး၊ အကြံဉာဏ် လိုချင်လို့ လာတာ၊ အတွေးအခေါ် လိုချင်လို့ လာတာ'

'ရှင်းရှင်းပြောပါ ဂျော့ရာ၊ သူတို့ ကျွန်တော့်ဆီကို အကြံဉာဏ် လိုချင်လို့လာတာ မဟုတ်ပါဘူး။ ကျွန်တော့်ဆီကိုလာတဲ့ တော်းတွေ တော်းမတွေဟာ ဗိသုကာအတွေးအခေါ် ဆိုတာနဲ့ မျက်နှာကို လာမှန်ရင်တောင် ဘာမှန်းသိမှာ မဟုတ်ဘူး၊ သူတို့ ကျွန်တော့်ဆီ လာတာက ဝုန်းခနဲ နာမည်တက်နေလို့ ဖက်ရှင်တစ်ရပ်အနေနဲ့ လာတာပါ'

သူက ကျွန်တော့်ကို မကျေမနပ် ကြည့်ပြီး. . .

'အဲဒါ ဘာဖြစ်လဲလုခ်၊ လာပစေပေါ့၊ သူတို့လာနေဖို့ပဲ အရေးကြီးတယ်မဟုတ်လား'

'အဲဒါ ဘယ်လောက်ကြာကြာ ခံမယ်လို့ ခင်ဗျား ထင်သလဲ ဂျော့၊ ကျွန်တော့်အိမ်လို သူတို့အိမ်တွေ မဂ္ဂဇင်းထဲ မပါရင် သူတို့ အလာရပ်သွားမှာပေါ့'

'ဒီလို မဖြစ်စေရဘူးလေ၊ ရတဲ့အခွင့်အရေးကို ထိန်းထားရမှာပေါ့၊ ဒါကြောင့် တို့ ဆက်သွယ်ရေးအရာရှိတစ်ယောက် ခန့်ထားတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

'တော်ပါ ကျော့ရယ်၊ ကျွန်တော့် အိမ်က လက်ရာတွေ နိုးရာ့စိတ်ကူးမှန်း ခင်ဗျားရော ကျွန်တော်ရော သိပါတယ်'

သူက အာမှမပြောဘဲ သူ့လက်တွေကို ငုံကြည့်နေ၏။ ကျော့၏ လက်ချောင်းများမှာ နူးညံ့ဖြူဖွေးပြီး ဂရုတစိုက် ထိန်းသိမ်းထားမှန်း သိသာလှသည်။ အတန်ကြာမှ ကျွန်တော့်ကို မော့ကြည့်သည်။

'ကိုယ်ဟာ ဗိသုကာပညာကို မောင်ရင့်တစ်ဝက်တောင် မတတ်ဘူး၊ ဖရန့်ကာရှူသာက ဗိသုတာ အစစ်၊ ဒါပေမဲ့ တို့လုပ်ငန်းကြီး တိုးတက်အောင် သူလုပ်နိုင်ခဲ့တာပဲ'

'ဒါပေမဲ့ ရော်ဘင်ဆင် အိမ်ကြီးကိုတော့ ကျွန်တော် လုံးဝ စိတ်မဝင်စားဘူး၊ မြေအနေအထားရော၊ အိမ်ပုံစံကိုရော ကျွန်တော် လေ့လာပြီးပြီ၊ ဘာမှ ထူးထူးခြားခြား ထွက်လာမှာ မဟုတ်ဘူး။ သူ့ပုံစံအရဆိုရင် ဘယ်လိုဆောက်ဆောက် တောအိမ်ပုံစံကြီးပဲ ထွက်လာမှာ'

'ဟာ. . မဟုတ်သေးပါဘူး၊ ဒေါ်လာ နှစ်သိန်းတောင် အကုန်ခံမှာတဲ့၊ တို့အတွက် ဒေါ်လာ တစ်သောင်း ကော်မရှင်ရမယ်၊ အလုပ်က တစ်ပတ်စာလောက်ပဲ ရှိတယ်'

'ကျွန်တော် ဆောက်ချင်တဲ့အိမ်ထဲမှာ အဲဒီလိုအိမ်မျိုး မပါဘူးကျော့'

ကျွန်တော် ခေါင်းမော့စွာ ပယ်ချလိုက်သည်။

'အဲဒါကြောင့် မောင်ရင့်ကို ဌာနခွဲပေးချင်တယ် ပြောတာပေါ့၊ အဲဒါမှ မောင်ရင် လုပ်ချင်တဲ့ အလုပ်အပေါ်မှာ အာရုံစိုက်နိုင်မှာ၊ အလုပ်ရှင်တွေလည်း ကျေနပ်ကြမယ်၊ ကိုယ်တိုင်ကြီးကြပ်မှု ပိုပေးနိုင်မှာမို့'

စီးကရက်တစ်လိပ် ကျွန်တော် လှမ်းဆွဲယူလိုက်သည်။ ဒီလိုဆိုတော့ သူပြောပုံက သဘာဝကျနေသည်။ အလုပ်တွင်ကောင်း တွင်နိုင်ပါလိမ့်မည်။

'အဲဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ'

'ပထမဆုံး မစ္စတာရော်ဘင်ဆင်နဲ့ တွေ့လိုက်ပါ၊ အလုပ်တွေများတဲ့အထဲက ကြိုးစားပြီး ဆောက်လုပ်ပေးတယ်ဆိုတဲ့ အကြောင်းပြောလိုက်ပါ'

သူ မတ်တတ် ထရပ်သည်။ သူလာသည့်ကိစ္စ အောင်မြင်သွားပြီကိုး။

'ပြီးတော့ ကိုယ့်အတွင်းရေးမှူးနဲ့ ညှိလိုက်ပါ၊ မောင်ရင့်ဌာနခွဲအတွက် အသေးစိတ် တိုင်ပင်ဖို့ တစ်ရက် နေ့လယ်စာဆုံစားကြတာပေါ့'

ဝိတ်သွားသည့် အခန်းတံခါးရွက်ကို ငေးကြည့်နေမိသည်။ သူနှင့်အတူ နေ့လယ်စာ စားဖြစ်လျှင် ကျွန်တော့်ဘဝ ပိုနေမြဲ ကျားနေမြဲ ရှိမည်၊ မစားဖြစ်လျှင် ကျွန်တော် ခံရမည်ကို သိလိုက်၏။

ပုံဆွဲစားပွဲ ရှိရာသို့ လျှောက်သွားသည်။ ပင်မ အိမ်ခန်းကြီးတစ်ခုကို တွဲလျက် ဧရာမ ရေချိုးခန်းကြီးနှင့် အလှပြင်ခန်းတစ်ခန်းအတွက် ကျွန်တော် ပုံထုတ်နေခြင်း ဖြစ်၏။ ဆန်ဖရန် စစ္စကို ဘဏ်ဥက္ကဋ္ဌ၏အိမ် ဖြစ်သည်။ ရေချိုးကန်မှာ ၆ပေ၊ ၈ ပေရှိ၏။ တစ်အိမ်သားလုံး စုပြီး ရေချိုးနိုင်သည့် ရေချိုးကန်မျိုး။ အိမ်ရှင်မ သဘောကျ လုပ်ခိုင်းသည့် ရေချိုးခန်း ဟုတ်နိုင်ပါ့ မလားဟု ကျွန်တော် သံသယဖြစ်နေ၏။

ရေပန်းပွားနှင့် ချိုးရမည့်နေရာက သပ်သပ်။ အိမ်သာနှင့် လက်ဆေးကန်များတွင် တပ်ဆင်မည့် ပစ္စည်းတွေက အားလုံး ရွှေသားအတိ။



ချက်ချင်းဘဝကို အလျှားလိုက် မြင်လာသည်။ နှစ်ပေါင်းများစွာ အိမ်သာတွေ၊ အလှပြင်ခန်းတွေ ဆောက်ပြီး နာမည်ကြီးနေမည့် ဗိသုကာ လုခ်ကေရီ၊ လုခ်ကေရီရဲ့ အိမ်သာ ဗိနိုင်းတွေ သိပ်ကောင်းတာပဲဟော့ဟု ချီးကျူးထောမနာပြုကြမည်။

ဆွဲလက်စပုံကို စားပွဲပေါ်မှ လုံးထွေးဆွဲယူပြီး ကျော့ရုံးခန်းဆီသို့ ထွက်လာခဲ့၏။ နေ့လယ်စာ စားဖို့ ချိန်းစရာ မလိုတော့ပါ။ ချိန်းလျှင်လည်း ဘာမှ အလုပ်ဖြစ်တော့မည် မဟုတ်တော့။

'မစ္စတာဟေဒင် တယ်လီဖုန်း ပြောနေပါတယ်ရှင်' ဟု အတွင်းရေးမှူး တားသည့်ကြားမှ-

'ကိစ္စမရှိဘူး'ဟုပြောပြီး အတွင်းခန်းသို့ တန်းဝင်သွားသည်။

ကျွန်တော်ရောက်တော့ သူ ဖုန်းချကာစ ရှိသေးသည်။ သူက တအံ့တသြ မော့ကြည့်ပြီး-

'ဘာများလဲ လုခ်'

သူက ကြိုတင် အကြောင်းမကြားဘဲ သူ့အခန်းကို အဝင်ခံလေ့ရှိသူ မဟုတ်။

'ခင်ဗျားပြောတာ တကယ်ပဲလား ကျော့'

'ဒါ တကယ်ပါ လုခ်'

'ဒါဆို ခုပဲ ကျွန်တော်တို့ ဆွေးနွေးကြရအောင်လား'

သူ ပြုံးသည်။

'အချိန်မကျသေးပါဘူးကွာ'

'အချိန်ကျတယ် မကျဘူး ခင်ဗျား ဘယ်လိုလုပ် သိလဲ၊ ကျွန်တော့်ခေါင်းထဲမှာ ဘာရှိတယ်ဆိုတာ ခင်ဗျားမှ မသိတာ'

သူ ကျွန်တော့်ကိုကြည့်ပြီး ကြောင်သွားသည်။ ခဏနေမှ ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီး-

'ဆိုစမ်းပါဦး၊ မောင်ရင့်ခေါင်းထဲမှာ ဘာတွေ ရှိနေလို့လဲ'

မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ကျွန်တော် ဝင်ထိုင်သည်။ အိတ်ထဲမှ စီးကရက် တစ်လိပ် ဆွဲထုတ်ပြီး-

'တန်ဖိုးနည်းနည်းနဲ့ လူအများစု ဝယ်နိုင်တဲ့ အိမ်မျိုးတွေကို များများဆောက်မယ်၊ အခြေခံအားဖြင့် ပုံစံတစ်မျိုးပဲထုတ်ပြီး သုံးမျိုး ဆောက်နိုင်အောင် လုပ်မယ်၊ ဒေါ်လာတစ်သောင်း၊ သောင်းတစ်ထောင်လောက်နဲ့ ရောင်းနိုင်ရမယ်'

သူ ခေါင်းညိတ်သည်။

'မြေတွေ အများကြီး လိုမှာပေါ့'

'အဲဒါ ကျွန်တော် စဉ်းစားပြီးပါပြီ၊ ဒါလီမြို့ဘက်မှာ ဧက ရှစ်ဆယ်လောက် ရှိတယ်၊ တိုက်ဆောက်ဖို့ အကောင်းဆုံး နေရာပဲ'

'မဆိုးပါဘူး၊ ဒါပေမဲ့ ဆောက်မယ့် ကန်ထရိုက် ရှိလို့လား'

ကျွန်တော် ဖျတ်ခနဲ ကြည့်လိုက်သည်။

'ကျွန်တော်တို့ကိုယ်တိုင် မလုပ်နိုင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် ဘာမှမပြောဘဲ စားပွဲပေါ်မှ ခဲတံကလေးကို လက်နှင့်ဆော့ကစားနေသည်။

'မောင်ရင် အရေးကြီးတဲ့ အချက်တစ်ချက်ကို မေ့နေတယ်'

'ဘာလဲ ဂျော့'

'တို့က ဗိသုကာအဖွဲ့လေး၊ ငွေစိုက်ပြီး အိမ်ဆောက်တဲ့ ကန်ထရိုက်တွေ မဟုတ်ဘူး'

'ဘာဖြစ်လဲ၊ တွဲလုပ်တာပေါ့၊ သူများတွေလည်း တွဲလုပ်ကြတာပဲ'

'သူများတွေ ဘာပဲလုပ်လုပ် တို့နဲ့ မဆိုင်ဘူးလေ၊ တို့ လုပ်လို့မကိုက်ပါဘူး၊ တို့အလုပ်က ဘာမှ မစိုက်ရဘူး၊ ငွေတွေမြှုပ်ထားပြီး ရင်တမမလည်း ဖြစ်မနေရဘူး၊ တို့က ပုံထုတ်ပေး တွက်ပေးပြီး ငွေတောင်းရုံပဲ၊ ကန်ထရိုက်တာတွေလို ဘာမှ ဦးနှောက်မခြောက်ရဘူး'

'ကန်ထရိုက်တွေက ငွေတွေ ကျွန်တော်တို့ထက် အများကြီး ပိုရတာကိုး'

'သူဟာသူ ရပလေ့စေ၊ တို့က လောဘကြီးဖို့မှ မလိုတာ'

'ဒါဆို ခင်ဗျား စိတ်မဝင်စားဘူးလို့ ကျွန်တော် ယူဆရမှာလား ဂျော့'

'ကိုယ် စိတ်မဝင်စားဘူးလို့ မပြောပါဘူး၊ ခုလောလောဆယ် အခြေအနေအရ မလုပ်သင့်တော့ဘူးလို့ ပြောတာပါ၊ ဒီလို စီမံကိန်းမျိုးကို အကောင်အထည်ဖော်ပေးမယ့် ကန်ထရိုက်တာတွေ့ရင်တော့ ပြောလေ'

ကျွန်တော် မတ်တတ်ထရပ်လိုက်သည်။ ကျွန်တော် မြင်သလို သူလည်း မြင်သွားပြီဖြစ်၏။ ဆောက်ပေးမည့် ကန်ထရိုက် တွေ့လျှင် ဗိသုကာတွေအတွက် ငွေမိုင်းတစ်ခု တွေ့ပြီပင်။ ပုံထုတ်ခတစ်ခုတည်း ဒေါ်လာတစ်သိန်းခွဲ ရမည် ဖြစ်သည်။

'ကျေးဇူးပဲ ဂျော့၊ ခင်ဗျား အဖြေ အဲဒီလို ပေးလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပြီးသားပါ။

သူ ကျွန်တော့်ကို မော့ကြည့်သည်။ အလေးအနက် လေသံဖြင့်. . .

'ကိုယ် တစ်ခု စဉ်းစားနေတယ် လုခ်၊ မောင်ရင် တစ်ခုခု ဆုံးဖြတ်ဖို့ ကောင်းပြီထင်တယ်၊ မောင်ရင် ဗိသုကာ လုပ်မှာလား၊ ကန်ထရိုက် လုပ်မှာလား'

ကျွန်တော့်ဘဝ၏ အမှောင်ခြမ်းတစ်ကဏ္ဍကို ဂျော့က မီးမောင်းထိုးပြလိုက်ခြင်းပင်၊ ဗိသုကာပညာကို ကျွန်တော် သင်ယူရခြင်း၏ မူလရည်ရွယ်ချက်ကို ပြန်သိရသည်။ အဆောက်အအုံတွေ ဆောက်ချင်၍ ဖြစ်သည်။ ဒါကို ကျွန်တော် စိုးတဝါး မြင်နေခြင်းပါလား။

ဟုတ်သည်။ လူနေ အဆောက်အအုံတွေဆောက်ဖို့ ဖြစ်သည်။ ခိုအိမ်ကလေးတွေ လုပ်ဖို့မဟုတ်။ သာမန်လူတွေ နေနိုင်အောင် အများစုအတွက် ရည်စူးပြီး ဆောက်ဖို့ဖြစ်၏။

ကျွန်တော့် ရုတ်တရက်အပြုံးကို ဂျော့ နားလည်ဟန် မတူ။ သရော်ပြုံး ပြုံးသည်ထင်လျှင် သူ မှားမည် ဖြစ်၏။ ကျွန်တော့်ဘဝတွင် သည်မျှ သစ္စာတရားနှင့် ယှဉ်သည့်ဆုံးဖြတ်ချက်မျိုး မချခဲ့ဖူးပေ။ ကျွန်တော် သူ့ကို လှိုက်လှိုက်လှဲလှဲပြောလိုက်သည်။

'ကျေးဇူးပဲ ဂျော့၊ ကျွန်တော့်ကိုယ် ကျွန်တော် နားလည်အောင် ထောက်ပြတဲ့အတွက် တကယ် ကျေးဇူးတင်ပါတယ်ဗျာ'

ကျွန်တော် အိမ်ပြန်မရောက်မီ သတင်းက ရောက်နှင့်နေပြီ၊ နိုရာနှင့် မေမေဟောဒင် ကျွန်တော့်ကို စောင့်နေကြသည်။

'သိပြီးရောပေါ့၊ ဂျော့က အချိန်မဖြုန်းတတ်ဘူး မဟုတ်လား'



နိုရာ့မျက်နှာ သုန်မှုန်နေသည်။

'မောင်က စိတ်လိုက်မာန်ပါ မဆုံးဖြတ်ခင် အနည်းဆုံး နိုရာနဲ့ တိုင်ပင်သင့်တာပေါ့'

ကျွန်တော်က အရက်ဗီရိုဆီ လျှောက်သွားပြီး ဘာဘွန်းဝီစကီတစ်ခွက် ငှဲ့လိုက်သည်။

'ဘာ တိုင်ပင်ချိန်မှ မရလိုက်ဘူး နိုရာ၊ ချက်ချင်း ကိစ္စ ပြီးသွားတာပဲ'

'လူတွေက ဘယ်လို ထင်ကြမလဲ သိလား'

ကျွန်တော် ပခုံးတွန့်ပြီး ဝီစကီတစ်ကြိုက်သောက်ရင်း

'မသိဘူးလေ၊ ဆိုပါဦး ဘယ်လိုထင်ကြမှာလဲ'

နိုရာ ဒေါသသံစွက်ပြီး. . .

'နိုရာနဲ့ မေမေ့ကို ဖြောင်စော်ကားတယ် ထင်ကြမှာပေါ့၊ မောင့်ကို နိုရာ ဘယ်လောက် ...ပေးခဲ့တယ်ဆိုတာ အားလုံး သိနေတာပဲ'

'ဒီလိုဖြစ်ကုန်တာ အဲဒါကြောင့်လည်း ပါမယ်ထင်တယ်'

အဘွားကြီးကို ကျွန်တော် တစ်ချက် လှမ်းကြည့်လိုက်သည်။

'ကျွန်တော့် စိတ်ထဲမှာ စော်ကားမော်ကားလုပ်ဖို့ လုံးဝ မရည်ရွယ်ပါဘူး၊ ကျွန်တော် ...က ထွက်လာလာချင်း ပတ်ဝန်းကျင်ကို လေ့လာချိန်မရလိုက်ဘူး၊ ငါ ဘာလုပ်ချင်တယ် ...တာလည်း ကိုယ့်ကိုယ်ကိုယ် မေးချိန် မရလိုက်ဘူး၊ ဒီလောကထဲကို အလောတကြီး ရောက် ...ခဲ့တယ်။ အားလုံး ကျွန်တော့်အပြစ်ပါ မေမေဟောဒင်'

အဘွားကြီး ကျွန်တော့်ကို စိန်းစိန်းကြည့်သည်။ ပြီးတော့ တည်ငြိမ်သည့် လေသံဖြင့် ...ပြောသည်။

'ဒါကြောင့် မင်းနာမည်နဲ့လုပ်ပေးတဲ့ စတော့ရှယ်ယာတွေကို မင်း ငြင်းတာပေါ့ ...ဟုတ်လား'

'ဟုတ်လိမ့်မယ် ထင်တယ်၊ အဲဒီတုန်းက ဘာကြောင့်ရယ်လို့တော့ ရေရေရာရာ ...သိခဲ့ပါဘူး'

'ဒါဖြင့် ခု မောင်ဘာလုပ်မလဲ'

နိုရာ ဝင်မေးသည်။

'လေ့လာရဦးမှာပေါ့၊ အဆောက်အအုံ ကန်ထရိုက်လုပ်ငန်း ကုမ္ပဏီတစ်ခုမှာ အလုပ် ...လုပ်ပြီး အတွေ့အကြုံယူရမှာပေါ့'

နိုရာက သရော်တော်တော် လေသံဖြင့်. . .

'မောင်က ဘယ်လိုအလုပ်မျိုး ဝင်လုပ်မှာလဲ၊ တစ်ပတ် ဒေါ်လာ ၇၀ နဲ့ မြေထိုးစက် ...မောင်းတဲ့ အလုပ်မျိုးလား'

'တစ်နေရာရာကတော့ စရမှာပေါ့လေ'

ကျွန်တော် သူ့ကို ပြုံးကြည့်ပြီး စကား ဆက်လိုက်သည်။

'မြေထိုးစက် ဝင်မောင်းလည်း ဘာဖြစ်လဲ၊ မောင်တို့မှာ ငွေမှ မလိုတာ'

'ဩော်. . မောင်က အောက်တန်းစား အလုပ်သမားဘဝကို ခုံမင်တယ်ပေါ့၊ နိုရာက ...ကြီးအတွက် လုံးပန်းလိုက်ရတာ၊ မောင့်နာမည် ထွက်ပါစေဆိုပြီး ကြိုးစားခဲ့ရတာတွေ ...ရေသွန် ဖြစ်ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'တို့ ရှင်းရှင်းပြောကြရအောင်ပါ နီရာရယ်၊ ဒီအိမ်ကြီး မွမ်းမံမှုတွေက မောင်နဲ့ မဆိုင်ပါဘူး။ မင်း ကိုယ်ပိုင် အယူအဆတွေ၊ အရည်အချင်းတွေပါ'

သူ ကျွန်တော့်ကို ခဏ စိုက်ကြည့်နေသည်။ ပြီးမှ လက်နှစ်ဖက်ကို စိတ်ပျက်လက်ပျက် အမူအရာဖြင့် မြှောက်ပြပြီး. . .

'လက်မြှောက်ပါပြီတဲ့ရှင်၊ လက်မြှောက်ပါပြီတဲ့' ဟုဆိုပြီး ကျွန်တော့်အခန်းထဲမှ ထွက်သွားသည်။

ကျွန်တော် သူ့ကို နောက်မှ ငေးကြည့်နေမိ၏။ ကိုယ်ဝန်ရှိနေမှန်း သိပ်မသိသာသေး။ နီရာက အစားအသောက်ကို ဂရုစိုက်သည်။ ဗိုက်ဆို ထသွားပြီး အရက်တစ်ခွက် ထပ်ထည့်သည်။ ကျွန်တော် ပြန်အလှည့်တွင် မတ်တတ်ရပ်နေသော ယောက္ခမကြီးနှင့် မျက်နှာချင်းဆိုင်ရသည်။

'နီရာ ပြောတာတွေ ခေါင်းထဲ မထည့်နဲ့ လုခ်၊ ကိုယ်ဝန်ရှိစ မိန်းကလေးတိုင်း စိတ်လှုပ်ရှားလွယ်တတ်တယ်'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ မပြင်းသာသော်လည်း နှချိန်တွင် ကျွန်တော့် မိန်းမအကြောင်း ကျွန်တော် သိနေပါပြီ။ ကိုယ်ဝန်ရှိရှိ မရှိရှိ နီရာသည် နီရာပဲ ဖြစ်နေပါမည်။

အဘွားကြီးက လေပြေထိုးသည့် လေသံဖြင့်. . .

'ဂျော့ ပြောတယ်၊ မင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဖို့ စိတ်ကူးရှိတယ်ဆို၊ အဲဒါ မေမေဟောဒင့်ကို ပြောပြပါလား'

ကုလားထိုင်တစ်လုံးတွင် ကျွန်တော် ဝင်ထိုင်သည်။

'ပြောလည်း ဘာထူးတော့မှာလဲ၊ သူတို့ ပေါ်လစီနဲ့ မကိုက်ပါဘူးဆိုပြီး ဂျော့က လက်မခံတာဘဲ'

အဘွားကြီးက ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး. . .

'သူ လက်မခံတာနဲ့ မင်းက မလုပ်နိုင်တော့ဘူးတဲ့လား'

'ကျွန်တော့်မှာ ငွေ သိပ်များများ မရှိတော့. . . .'

'မင်းမှာ ဘယ်လောက်ရှိလဲ'

ဒါကိုတော့ စိတ်တွက်နှင့် ကျွန်တော် လွယ်လွယ်ကလေး ဖြေနိုင်ပါသည်။ လာဂျီလာတွင် မော်တော်ဘုတ်ကလေးတစ်စီးကို ဒေါ်လာ ခုနှစ်ထောင်နှင့် ဝယ်ပြီး ကျွန်တော့်ထွန်သောင်းကိုးထောင်ပဲ ကျန်တော့သည်။ အဖေ့ အသက်အာမခံ ရထားသည့် ငွေက သောင်းငါးထောင်။ ပြီးတော့ ပင်စင်ရသမျှထဲမှ ဖဲ့စုထားသည့် ငွေကလေးတချို့။

ကျွန်တော် ဒိုးဒိုးဒေါက်ဒေါက် ဖြေလိုက်၏။

'အဲဒီငွေအားလုံး မင်းက လုပ်ငန်းစီမံကိန်းထဲ ထည့်မယ်ပေါ့'

'အဲဒါ အားလုံးထည့်တောင် စည်ပိုင်းထဲကို ရေတစ်စက် ထည့်သလောက်ပဲ ရှိမယ်။ မြေဝယ်ဖို့ကချည်း မနည်းဘူး ရှင်းရမှာ၊ တစ်ဧကကို ဒေါ်လာ နှစ်သောင်းဈေးလောက် ဆိုတယ်။ အဲဒီမှာပင် ဒေါ်လာတစ်သိန်းခြောက်သောင်း လိုနေပြီ'

'ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူး၊ မေမေဟောဒင် မင်းကို ဖန်တီးပေးနိုင်ပါတယ်'

ကျွန်တော်က လက်ကာပြပြီး. . .

'ကျွန်တော် လက်မခံပါရစေနဲ့ ခင်ဗျာ၊ ဒီလိုပဲ ထပ်တလဲလဲ ဖြစ်နေဦးမှာပါပဲ'



'ဒါဆိုရင်တော့ မင်းကို လူမိုက်လို့ ပြောရတော့မှာပဲ လုခ်၊ သူစိမ်းတစ်ယောက်ဆီက အကူအညီရရင်တော့ ယူမယ်ပေါ့ ဟုတ်လား'

'အဲဒါက တစ်မျိုးပါ မေမေဟောဒင်၊ အလုပ်သဘော သန့်သန့် ဖြစ်သွားပြီလေ၊ ဘယ်တော့မှ ပုဂ္ဂိုလ်ရေး မပါနိုင်ဘူး'

'တို့နဲ့ဆိုင်တဲ့ ပုဂ္ဂိုလ်ရေးကလည်း အလုပ်နဲ့မပတ်သက်ဘဲ ရပါတယ် လုခ်၊ မင်း လုပ်ချင်တဲ့ အလုပ်ပေါ်မှာ မင်း ယုံကြည်နေတယ် မဟုတ်လား၊ အမြတ်တွေ အများကြီးရမယ်လို့ မင်း တွက်ထားတယ် မဟုတ်လား'

အဘွားကြီးက ခပ်သွက်သွက် မေးသည်။

ကျွန်တော် ခေါင်းညိတ်လိုက်၏။

'ကျွန်တော် တွက်ထားတဲ့ အတိုင်းဆိုရင် ဒေါ်လာ သန်းဝက်လောက် ကျန်တယ်'

အဘွားကြီးက ပြုံးလိုက်ပြီး-

'ငွေရအောင်လုပ်တာကို မေမေဟောဒင် မကန့်ကွက်ဘူး မင်းက ဘာလို့ နောက်တွန့်နေရတာလဲ'

အဘွားကြီး၏ ကမ်းလှမ်းချက်က ရေပက်မဝင်အောင် ဖြစ်နေသည့်အပြင် ကျွန်တော့်ဆန္ဒကလည်း ပြင်းထန်လွန်းသဖြင့် ခေါင်းညိတ်လိုက်မိသည်။

နောက်တစ်နေ့တွင် ကျွန်တော် မြေတွေ ဝယ်လိုက်သည်။ နောက်နှစ်ရက်အကြာတွင် ဝန်နီကလေး မွေးသည်။

မွေးမည့်ရက်ထက် ၂ လနီးပါး စောမွေးတော့ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားသေးသည်။ သို့သော် ဆရာဝန်က ကျွန်တော့်ကို ဖျောင်းဖျသည်။ ဘာမှ စိုးရိမ်စရာ မရှိကြောင်း၊ ကလေးမှာ ပကတိ ကျန်းမာကြောင်း ပြောပြသည်။

ကလေးအကြောင်း ဘာမှမသိသည့် ကျွန်တော်သည် အားတက်ခဲ့လေသည်။ သမီးကလေး ဒန်နီကို ကမ္ဘာပေါ်မှာ အလှဆုံးကလေးဟု ထင်ခဲ့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၂ )

ည၏ အသံတို့သည် အရင်ကနှင့် မတူပေ။ ကျွန်တော်တို့ အခန်းနံဘေးရှိ ကလေးခန်းဆီမှ တီးတိုးစကားသံကလေးများ အမြဲ ကြားနေရတတ်၏။ ရံခါတွင် သမီးကလေး အစောကြီး နိုးလာတတ်သည်။ ငိုသံနှင့်အတူ ဆရာမ ချော့သံ၊ နို့တိုက်သံတို့ကိုလည်း ကြားရတတ်သည်။ နို့ကို အားရပါးရ တပြွတ်ပြွတ် စို့နေသံကိုပင် ကြားရတတ်၏။

ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ သမီး နိုးချိန်တွင် ကျွန်တော် နိုးနေတတ်သည်။ အနည်းဆုံး မနိုးတစ်ဝက် နိုးတစ်ဝက်ဖြင့် ကလေးခန်းမှ ချစ်စရာ လှုပ်ရှားသံကလေးများကို နားစွင့်နေတတ်သည်။ အားလုံး ပုံမှန် လည်ပတ်နေလေပြီ။ ထူးခြားရှုနသည်က နိုရာ။

ဒန်နီကို မွေးပြီး ဆေးရုံက ဆင်းလာကတည်းက တင်းတင်းမာမာနှင့် လှုပ်လှုပ်ရှားရှား ဖြစ်လွယ်၏။ ညညများတွင် ချွတ်ခနဲဆိုလျှင် လန့်နိုးတတ်၏။ တစ်ခုခု ဖြစ်တော့မည်ဟု ကျွန်တော် ကြိုသိနေသည်။ သို့သော် ဘာဖြစ်မည်ကိုမူ ခွဲခွဲခြားခြား မတွေးတတ်။

သူ့ကို ကျွန်တော် အကဲခတ်နေသည်။ တစ်စုံတစ်ခုကို မကျေမနပ် ဖြစ်နေပုံရ၏။ ထိုတဒင်္ဂ ရေမျက်နှာပြင်အောက်တွင် ပေါက်ကွဲတော့မည့် အရာတစ်ခု ငုပ်လျှိုးနေဘိသို့ ရှိ၏။ ကျွန်တော်က သတိကြီးစွာထားပြီး အခြေအနေကို ထိန်းဖို့ ဆုံးဖြတ်ထားသည်။

ခုရက်ပိုင်းတွင် ပိုပြီး သတိထားနေလိုက်သည်။ မကြာခင် သူ ပုံမှန် ပြန်ရောက်လာမည် ဟုလည်း မျှော်လင့်ထား၏။ သို့သော် ကျွန်တော် သက်သက် အကောင်းမြင်ဝါဒဖြစ်လို့ရာ ဆွဲတွေးနေခဲ့ကြောင်း တစ်ညတွင် သိရတော့၏။



မနက် ဖုန်စ်ရဲ့မိုးလောက်တွင် အိပ်ရာနံဘေး စားပွဲတင် မီးအိမ်မှ အလင်းရောင်သည် မှုန်ဖြည်း ဖွေးခနဲ လင်းလာသည်။ တစ်နေကုန် မြေတိုင်းသမားတွေနဲ့ ကွင်းထဲတွင် တပင်တပန်း လှုပ်လှုပ်ခဲ့ရသဖြင့် ကျွန်တော် အိပ်မောကျနေသည်။ ဖျတ်ခနဲ နိုးလာသော်လည်း ရုတ်တရက် မျက်စိမဖွင့်သေးဘဲ မေးလိုက်သည်။

'ဘာဖြစ်လို့လဲ နိုရာ'

သူက အိပ်ရာပေါ်မှာထိုင်လျက် ကျွန်တော့်ကို စိုက်ကြည့်ပြီး-

'ကလေး ငိုနေတယ်'

ကျွန်တော် သူ့ကို ခဏငေးကြည့်နေမိသည်။ ပြီးမှ အိပ်ချင်မူးတူးဖြင့် 'မောင် သွားကြည့်လိုက်မယ်လေ' ဟုပြောပြီး ခြေညှပ်ဖိနပ်ကို စွပ်၊ ညဝတ်အင်္ကျီကို လျှို၍ ကလေးခန်းဆီသို့ ထွက်ခဲ့သည်။ ကျွန်တော် ရောက်သွားတော့ ဆရာမက ဒန်နီကို ပွေ့ပြီး နို့တိုက်နေပြီ။ အလင်းရောင် ရေးရေးတွင် ဒန်နီမျက်လုံးဖွင့်ပြီး ကျွန်တော့်ကို ကြည့်နေ၏။

'ဟုတ်ကဲ့ မစ္စတာကေရီ'

'ဘာမှ မဖြစ်ပါဘူးနော် ဆရာမ'

'ဘာမှ မဖြစ်ပါဘူးရှင်၊ သမီးကလေး နို့ဆာလွန်းလို့ ခါတိုင်းလိုပဲ ငိုတာပါ'

ကျွန်တော် အနားကပ်ပြီး ဒန်နီ့ကို ငုံ့ကြည့်သည်။ မျက်လုံးမှိတ်ပြီး နို့ဘူးကို စိတ်ကျေနပ်စွာ စို့နေ၏။

'နိုရာက ကလေး ငိုသံကြားလို့တဲ့ ဆရာမ'

'မမလေးကို ပြောပါ မစ္စတာကေရီ၊ ဘာမှ မပူပါနဲ့လို့၊ ဒန်နီကလေး နေကောင်းပါတယ်လို့'

ကျွန်တော် ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

အိပ်ရာပေါ် ပြန်တက်ကာ မီးမှိတ်ပြီး-

'ဘာမှ မဖြစ်ပါဘူး၊ နို့ဆာလို့ ငိုတာပါ'

သူဘာများ ပြောမလဲဟု ကျွန်တော် နားစွင့်နေသည်။ သို့သော် ဘာမှ မပြော။ မျက်ခွံတွေ လေးလာပြီး ကျွန်တော် ချက်ချင်း ပြန်အိပ်ပျော်သွားသည်။ ထောက်ခနဲ မီးလင်းလာပြန်သည်။ နိုးလာရပြန်၏။

'ဘာဖြစ်ပြန်ပြီလဲနိုရာ'

ဟင်. . သူက အိပ်ရာပေါ်မှ ဆင်းပြီး အခန်းထောင့်တွင် ရပ်လို့ပါလား။ လက်ထဲတွင် ... နှင့် ခေါင်းအုံးတစ်လုံးကို ပိုက်လျက်။

'မောင်က သိပ်ဟောက်တာပဲ'

ကျွန်တော် ဘာမှ မပြောဘဲ သူ့ကို ငေးကြည့်နေလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ...ကောင်းတတိမ်း တောင်းလှပြီဆိုပြီး ဂုဏ်ယူနေသည့် လက်ဝှေ့ကျော်တစ်ယောက် မေးရိုးကို ...ထိုးခံလိုက်ရသည့်အဖြစ်နှင့် တူလှ၏။ လက်ဝှေ့ကျော် ဆက်မထိုး၍ မရတော့ပေ။

ကျွန်တော် ရုတ်တရက် ဒေါမွသွား၏။

'ကောင်းပြီ နိုရာ၊ ဒါဖြင့် ဘာလုပ်ပေးရမလဲ၊ မအိပ်ဘဲနေရုံ ရှိတာပေါ့'

'အမိပွာယ်မရှိ မပြောပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပာယ်မရှိ ပြောတာ မဟုတ်ဘူး၊ မင်းက ပြဿနာ ရှာနေတာ၊ ကဲ . . ကိုယ် ဘာလုပ်ပေးရမလဲ ပြောလေ'

သူ့အသံ ပိုကျယ်လာသည်။

'နီရာက ပြဿနာရှာနေတယ် ဟုတ်လား'

ကလေးခန်းဆီကို တစ်ချက် ငဲ့ကြည့်ပြီး-

'တိုးတိုး ပြောပါ၊ ကလေး နိုးသွားလိမ့်မယ်'

'သိတယ်၊ ဒီက သိပ်သိတယ်'

သူက အောင်မြင်သည့် လေသံဖြင့်-

'ရှင်က ကျွန်မကိုတော့ ပစ်ထားပြီး ကလေးပဲ ဂရုစိုက်တယ်၊ ကလေး ငိုတိုင်း စိတ်ပူလိုက်ရတာ၊ ကျွန်မအတွက်တော့ ဘာမှ ပူရမှန်း မသိဘူး၊ ဒါပေါ့လေ ကလေးအမေ ဖြစ်သွားပြီကိုး ကျွန်မအလုပ်က ပြီးသွားပြီကိုး'

သည်မျှ အဓိပ္ပာယ်မဲ့သည့် စွပ်စွဲမှုမျိုးကို ဖြေရှင်းမနေချင်တော့သည်နှင့်-

'သွားစမ်းပါ နီရာရယ်၊ ပေါက်ကရတွေ၊ လာ . . မီးပိတ်ပြီး အိပ်တော့'

သို့သော် ကျွန်တော့် ဆန္ဒအတိုင်း စကားမနည်း ရန်မစဲခဲ့ပါချေ။

'ရှင် ကလေးတစ်ယောက်နဲ့ စကားပြောတာ မဟုတ်ဘူး လုံ'

တံတောင်ဆစ်ကို အားပြုပြီး ကိုယ်တစ်ပိုင်း ကြွလိုက်သည်။

'မင်း . . ကလေးလို လုပ်နေတာကိုး'

'ဩ . . ရှင်က ဒီလို ထင်တယ်ပေါ့၊ ကျွန်မကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး အိမ်ရှင်မဘဝနဲ့ မျှော်ပေါ့ လေးနာရီ လုပ်စေချင်တယ်ပေါ့'

ကျွန်တော် ရယ်ချလိုက်သည်။ သူပြောပုံမှာ ရယ်စရာကောင်းလွန်း၍ ရယ်လိုက်ခြင်း ဖြစ်၏။

'မင်း ထမင်းမချက်တတ်တာ ကိုယ် သိသားပဲ၊ ဒါပေမဲ့ ကလေးကို ကိုယ်တိုင် တစ်ခါမှ နို့ဘူး မတိုက်တာကတော့'

'ရှင်က ကျွန်မကို မနာလို ဖြစ်နေတာပဲ'

'အလိုဗျာ၊ ဘာကို ကျုပ်က မနာလိုဖြစ်ရမှာလဲ'

'ကျွန်မက ကိုယ်ပိုင်အတွေးအခေါ်နဲ့ နေတဲ့ အနုပညာရှင်တစ်ယောက် ဖြစ်နေလို့လေ ဒါကြောင့် ရှင်က ကျွန်မကို ပိုပြီး သာမန်အိမ်ရှင်မတစ်ယောက် ဖြစ်စေချင်တာ မဟုတ်လား'

ကျွန်တော် စိတ်ပျက်လက်ပျက် ပြန်လှဲချလိုက်သည်။

'အင်း . . တစ်ခါ တစ်ခါတော့ မင်းပြောသလို ကိုယ် တောင့်တမိတယ် နီရာ'

သူက သချ်ာတွက်ရင်း အဖြေရသွားသည့် ကလေးငယ်တစ်ယောက်ပမာ ဝမ်းသာအားရ ပြောသည်။

'အင်း . . ပေါ်ပြီ၊ နီရာ ထင်တာ ဘယ်တော့မှ မမှားဘူး'

ပင်ပန်းလှပြီ။

'တော်ပါတော့ နီရာရယ်၊ အိပ်ပါတော့ မနက်အစောကြီး ထပြီး ကိုယ်အလုပ်သွားရဦးမှာ'

'အိပ်မှာပါ၊ ဒါပေမဲ့ ဒီမှာတော့ မအိပ်နိုင်ဘူး၊ သမီးက ငိုု၊ အဖေက ဟောက်နဲ့'



စောင်နှင့် ခေါင်းအုံးကို ပိုက်လျက်ပင် ရေချိုးခန်းထဲ ဝင်သွားသည်။ ကျွန်တော် အိပ်ရာပေါ်က ဆင်းချိန် မရလိုက်ခင်မှာပင် ရေချိုးခန်း၏ တစ်ဖက်တံခါးကိုဖွင့်ပြီး ဧည့်ခန်းထဲသို့ ဝင်သွားသံ ကြားရသည်။ ကျွန်တော် အခန်းတံခါးဝသို့ ရောက်သွားချိန်တွင် အတွင်းဘက်မှ မျက်ချထားပြီးနေပြီ။

အိပ်ရာဆီသို့ လေးလံစွာ ပြန်လျှောက်လာခဲ့၏။ လောလောဆယ် စိတ်ထဲ ပေါ့ပါးသွားသည်။ သူ ထင်ရာလုပ်လိုက်ရလျှင် ကျေနပ်သွားမည်။ မနက်ဖြန် နဂိုအတိုင်း ပြန်ဖြစ်လာမည်ဟု ကျွန်တော် မျှော်လင့်ထားလိုက်သည်။

သို့သော် ကျွန်တော် မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာပြန်ပါ။

နောက်တစ်နေ့ ကျွန်တော် အလုပ်မှ ပြန်လာတော့ အလုပ်သမားတစ်သိုက် အခန်းတစ်ခန်း ပြင်ဆင်နေကြသည်ကို တွေ့ရ၏။ နီရာ့အတွက် အိပ်ခန်းတဲ့လေ။ သူ့ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ အားလုံး ပြောင်းရွှေ့ပြီးပြီ။ ကျွန်တော်တို့ အိပ်ခန်းထဲတွင် ဘာမှ မကျန်တော့။

အောက်ထပ် ဆင်းလာခဲ့သည်။ နီရာ ညစာစားပွဲသို့ မစ္စတာကောဝင်းနှင့် လိုက်သွားကြောင်း ချားလ်စ်က သတင်းဆီးပေးသည်။ အရှေ့တိုင်း ရောက်နေသည့် ဝေဖန်ရေးဆရာများနှင့် တွေ့ဆုံပွဲတဲ့။

ကျွန်တော် တစ်ယောက်တည်း ညစာ စားလိုက်သည်။ ကျွန်တော့် ကိုယ်ပိုင်ရုံးခန်းထဲတွင် ညဆယ့်တစ်နာရီခွဲအထိ ထိုင်အလုပ်လုပ်သည်။ ကျွန်တော့် အိမ်ရာစီမံကိန်းအတွက် ချဉ်းကပ်လမ်းကို အသေးစိတ် ပုံထုတ်နေခြင်း ဖြစ်၏။

အလုပ်ပြီးမှ အပေါ်ထပ် တက်ခဲ့သည်။ ထုံးစံအတိုင်း သမီးကလေးကို ဝင်ကြည့်သည်။ ဒန်နီက တစောင်းကလေး အိပ်ပျော်နေသည်။ မျက်လုံး သေးသေးကလေးကို အားရပါးရ မှိတ်လျက်။ လက်မလေးကို ပါးစပ်နှင့် ဖိလျက်။ အသံကြားလို့ နောက်လှည့်ကြည့်လိုက်၏။ ဆရာမက နို့ဘူးကိုင်ပြီး ဝင်လာသည်။

ကျွန်တော် ဘေးဖယ်ပေးလိုက်သည်။ ဒန်နီကို ကောက်ပွေ့ပြီး ဆရာမ နို့တိုက်သည်။ မျက်စိမပွင့်ဘဲ နို့သီးခေါင်းကို တအားစုပ်သည်။

'ပေး ပေး၊ ကျွန်တော် တိုက်မယ် ဆရာမ'

ဆရာမက ပြုံးပြီး ကလေးပွေ့ပုံ၊ နို့ဘူးတိုက်ပုံကို ပြပေးသည်။ ဒန်နီ မျက်လုံးဖွင့်ကြည့်သည်။ ပြီးမှ ကျွန်တော့်ကို ယုံကြည်စိတ်ချသွားသည့်အလား မျက်လုံးကို ပြန်မှိတ်ပြီး နို့ ဆက်စို့သည်။

ကျွန်တော် အိပ်ရာဝင်တော့ ဆယ့်နှစ်နာရီ ထိုးနေပြီ။ နီရာ ပြန်မရောက်သေး။ ကျွန်တော် ကုလားသေ ကုလားမော အိပ်ပစ်လိုက်၏။ ဘယ်အချိန် ပြန်ရောက်မှန်း ကျွန်တော် ပင် မသိတော့။ နောက်တစ်နေ့ အလုပ်ချိန်ကုန်လို့ အိမ်ပြန်ရောက်မှ ပြန်တွေ့ရသည်။

ခုတော့လည်း သူစိမ်းတွေလို မဟုတ်ပြန်။ ပြုံးပြုံးရွှင်ရွှင် တံခါးဝမှာ လာကြိုသည်။

'စာကြည့်ခန်းထဲမှာ မောင့်ဖို့ အရက်စုံ စပ်ထားပေးတယ်'

ပါးကို နမ်းပြီး ကျွန်တော် နှုတ်ဆက်လိုက်သည်။ အနက်ရောင် အကျီနှင့်ဘောင်းဘီ တစ်ဆက်တည်း ဝတ်စုံကို ဝတ်ထား၏။ ကျွန်တော်က စာကြည့်ခန်းဆီသို့ သူ့နောက်မှ လိုက်သွားရင်း . . .

www.burmeseclassic.com

www.burmeseclassic.com

'လှလို့ပါလား၊ ဘယ်သူများ ညစာစားဖို့ ရှိလို့လဲ'

'ဘယ်ကလာ စိတ်ကူးပေါက်လို့ ဆံပင်ပြင်ထားတာ'

ဆံပင် ပြင်ထားသည်ကို ကျွန်တော် သတိမထားမိပါ။ သူ့လက်ထဲမှ ဖန်ခွက်ကို လှမ်းယူရင်း မေးလိုက်သည်။

'မနေ့က ပျော်ခဲ့ရဲ့လား'

အရက်စုံ ဖန်ခွက်ကို တစ်ကျိုက်မော့ရင်း မျက်လုံးတွေ တဖျပ်ဖျပ်တောက်ကာ-

'ပျော်တာပေါ့၊ နီရာ လိုချင်တာ ဒါပဲ၊ အပြင်ထွက်ပြီး လှုပ်ရှားမှုတွေ ပြန်စချင်လေ'

ကျွန်တော် ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ ဘာပဲပြောပြော မုန်တိုင်းစဲသွားသဖြင့် ရင်ထဲ ပေါ့သွား၏။

'ဆမ်နဲ့အတူ ဟန်လည်း ညစာဝိုင်းမှာ ပါတယ်၊ ဟန်ကလည်း ဝေဖန်ရေးဆရာပဲလေ သူတို့က နီရာ့ကို အမြန်ဆုံး အလုပ်ပြန်စစေချင်ကြတယ်၊ ဆောင်းမကုန်မီ နောက်ပြပွဲတစ်ပွဲရအောင် လုပ်ထားဖို့ စကာစီက ဆမ့်ကို လှမ်းပြောတယ်တဲ့'

'အချိန် မီပါ့မလား'

'မီပါတယ်၊ နီရာ့ခေါင်းထဲမှာ ပုံလောင်းပြီးသား စိတ်ကူးတွေ ထောင်နဲ့ချီရှိတယ်၊ တစ်နေကုန် ပုံကြမ်းဆွဲနေတာပဲဟာ'

ကျွန်တော် ဖန်ခွက်ကို မြှောက်ပြီး-

'မင်းရဲ့ စိတ်ကူးတွေ အောင်မြင်ပါစေ နီရာ'

သူက ပြုံးပြုံးကလေးနှင့် ကျွန်တော့်ပါးကို နမ်းပြီး-

'ကျေးဇူးတင်ပါတယ် မောင်ရယ်၊ ညကဖြစ်တဲ့ ကိစ္စအတွက် မောင် စိတ်မဆိုးပါဘူးနော်'

'ဘာဆိုးစရာရှိလဲ၊ တို့နှစ်ယောက်စလုံး စိတ်အခန့်မသင့်တိုင်း ဖြစ်ကြတာပဲ'

သူက အနမ်းမိုးတွေ ရွာချပြန်သည်။

'နီရာ အခန်းပြောင်းသွားလို့ မောင် ကျွဲမြီးတိုနေပြီလားလို့၊ ဘာလို့ အဲဒီလို တွေးတွေးက မစဉ်းစားမိပါလိမ့်၊ ဖေဖေနဲ့ မေမေ တစ်ခန်းစီ အိပ်ကြတာပဲ၊ ပိုပြီး အဆင့်အတန်း မြင့်တာပေါ့'

'ဟုတ်လား'

'ဒါပေါ့ မောင်ရဲ့၊ လက်ထပ်ကြတယ်ဆိုပေမယ့် လွတ်လွတ်လပ်လပ် နေခွင့်ရှိတာပေါ့ ပြီးတော့ အိမ်ထောင်ရေးမှာ ဒါမှ စိတ်ဝင်စားစရာကလေးတွေ ပိုများလာမယ်လေ၊ မငြီးငွေ့လွယ်ဖို့ သိပ်အရေးကြီးတယ် မောင်ရဲ့'

ကျွန်တော့်အတွက် အလွန်စိမ်းသော အတွေးအခေါ် ဖြစ်ပါ၏။ ကျွန်တော့်အဖေ အမေ တစ်ခန်းတည်း အိပ်ကြပါသည်။ လွတ်လွတ်လပ်လပ် နေခွင့်အကြောင်း ပြောသံဆိုသံ မကြားရပါ။ ငြီးငွေ့သည်ဟုလည်း မကြားဖူးပါ။

'ဒါဖြင့် အတူတူအိပ်ချင်တဲ့အခါ ကိုယ်က ဘာလုပ်ရမှာတုံး'

'မောင်ကလေ ပြောလိုက်ရင် အတုံးလိုက်၊ အတစ်လိုက်ချည်းပဲ'

သူက ရယ်ကျဲကျဲအမူအရာဖြင့် ဆက်ပြောသည်။

'လှေချွန်လိုက်ပေါ့ မောင်ရဲ့'

ကျွန်တော်က လက်ချောင်းတွေကို ပါးစပ်ထဲထည့်မည်ပြုပြီး မေးလိုက်သည်။



'ဒီလိုလား'

'သွား. . ချားလစ်က မောင့်ကို ရှူးသွားပြီထင်မှာပေါ့'

ကျွန်တော်က ဖန်ခွက်ကို မော့လိုက်ပြီး-

'အပေါ်ထပ် ပြေးတက်သွားလိုက်ဦးမယ်၊ ခြေ လက် မျက်နှာ ဆေးပြီး ဒန်နီ့ကို ကြည့်ရဦးမယ်လေ'

'အောက်ထပ်မှာပဲ ဆေးပါရှင်ရယ်၊ သမီးကို ဆရာမ အောက်ထပ် ခေါ်ထားတယ်'

'ဟုတ်လား၊ ဒီနေ့ သမီးနေကောင်းရဲ့လား'

'ကောင်းပါတယ် မောင်ရဲ့၊ ဆရာမက ပြောတယ်၊ ဒန်နီဟာ တကယ့် ပုံပြင်ထဲက နက်သမီးကလေးပဲတဲ့၊ ကဲ မြန်မြန်လုပ်ပါ၊ မောင့်အတွက် အသားညှပ်မုန့်ရယ်၊ မောင် ကြိုက်တတ်တဲ့ အမဲသားပေါင်းရယ် လုပ်ထားတယ်၊ မနည်းကြိုးစားပြီး လုပ်ထားရတာနော်၊ စားသောက်ပြီးရင် နီရာ အခန်းပြင်ထားတာ မောင် လိုက်ကြည့်ရမယ်၊ အခန်းထဲကို ရေခဲစိမ် ရှမ်ပိန် တစ်ပုလင်း ချားလစ် ပို့ထားလိမ့်မယ်'

လက်စသတ်တော့ သည်လိုတိုး။ ငါမိန်းမ ထင်သလောက် မဆိုးပါလားဟု တွေးပြီး ကျွန်တော် ရယ်နေမိသည်။

ပို၍ ရင်ခုန်ရသည့် လှပသော ည။ ပို၍ နွေးထွေးသည့် အချစ်ညကို နီရာ ဖန်ဆင်းထားပါကလားဟု ကျွန်တော် ဝန်ခံရလေသည်။

ညသန်းခေါင်လောက်တွင် သူ့ကို ကျွန်တော် မေးမိ၏။

'အိပ်ခန်းတစ်ခုက နှစ်ခုဖြစ်သွားတာကို အစေခံတွေက ဘာပြောမလဲ မသိဘူးနော်'

'မောင်ကလည်း တစ်ခါတစ်ခါ သိပ်တုံးတာပဲ၊ အစေခံတွေ ဘာထင်ထင် ဂရုစိုက်လို့'

'အေး. . . ဟုတ်ပါတယ်နော်'

ကျွန်တော်က အချစ်သည်းနေသည့် သူ့ခန္ဓာကိုယ်ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းရင်း-

'ဒါဆို မနက်ဖြန် အချစ်က တစ်လှည့် မောင့်ညေ့သည်လုပ်ပေါ့နော်'

သို့သော် ဆောင်တော်ကူးရသူက ကျွန်တော်ချည်း။ ရွှေမင်းသမီးက ဘယ်တော့မှ ကြွချီတော်မူမလာ။ ကြာတော့ အိပ်ခန်းနှစ်ခန်းကြားမှ အေးစက်စက်ရေချိုးခန်းကိုဖြတ်ရသည့်အတွက် စိတ်ပျက်လာသည်။ သူ့အခန်းတံခါးမှ လက်ကိုင်ဘုကို အသံမမြည်အောင် ဖြည်းဖြည်းကလေး ကျွန်တော် လှည့်တတ်နေပြီ။ ရံခါတွင် သော့ခတ်ထားတတ်သည်။ သည်လိုညမျိုးနှင့်ကြုံလျှင် တိတ်တိတ်ကလေး လှည့်ကြည့်ပြီး တပ်ခေါက်ပြန်ရသည်၊ ကြားသွားလျှင် သိက္ခာကျဦးမည် မဟုတ်လား။

အလုပ်မှ ခြေကုန်လက်ပန်းကျပြီး ပြန်လာရသည့် ရက်တွေ များလာသည်။ သူ့အခန်း တံခါးဖွင့်ထားသည်၊ ပိတ်ထားသည်ကို သတိမပြုမိတော့၊ ကိုယ့်အခန်း တန်းဝင်ပြီး ခြေပစ်လက်ပစ် အိပ်လိုက်သည်ချည်း။

ပြန်လမ်းမရှိသည့် ခရီးကို လျှောက်နေသည့် လူတစ်ယောက်နှင့် တူမှန်းမသိ တူလာ၏။ သွားပြီးတော့မှ သော့ခတ်ထားသည့်အဖြစ်နှင့် ကြုံရမှာကို ကျွန်တော် ကြောက်လာ၏။ အိပ်ပြန်ရောက်ရောက်ချင်း အဝတ်မလဲခင် ဘာဘွန်းဝီစကီလေး တစ်ခွက်လောက် ချလိုက်လျှင် နသာထိုင်သာ ရှိသွားသည်။ နီရာ့အခန်းတံခါး ဖွင့်သည်၊ ပိတ်သည်ကို သွားကြည့်လိုစိတ် မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီကလေးကို ညစဉ် ကျွန်တော် နို့ထတိုက်သည်။ ကြာတော့ အလေ့အကျင့် ဖြစ်သွားရ၏။ ဒါကလည်း နိုရာ့အခန်းဆီ အာရုံမရောက်အောင် လမ်းလွှဲခြင်း တစ်မျိုးပင်။

နုထွေးမွှေးပျံ့နေသည့် သမီးကလေးကို ရင်မှာ ထွေးထားရသည့်အခါတွင် ကျွန်တော် ဘယ်တုန်းကမှ မသိသည့် ပီတိသုခမျိုးဖြင့် ရင်သိမ့်သိမ့်ကြည်နူးရပါ၏။

ဂွမ်းဆိုင်လို နူးညံ့သည့် ပါးကလေးကို ရွှရွှညင်ညင်နမ်းပြီး ပုခက်ထဲ ပြန်ထည့်ကာ ကျွန်တော် အိပ်ရာဝင်လေ့ရှိသည်။

အများ၏အမြင်တွင် ကျွန်တော်နှင့်နိုရာသည် ရှေ့သွားနောက်လိုက်ညီသည့် လင်မယား။ ဘာမှ ပြဿနာမရှိသည့် ဇနီးမောင်နှံ။ ညှော်ခံပွဲများကို အတူတူတက်ကြသည်။ မိတ်ဆွေတွေကို အိမ်မှာ ဖိတ်ပြီး ညှော်ခံပွဲတွေ လုပ်သည်။ နိုရာသည် နုငယ်မြူးကြွနေဆဲ၊ စွဲမက်စရာ ကောင်းနေမြဲ။

သို့သော် အိပ်ရာဝင်ချိန်တန်လျှင် အလုပ်ကလေးတွေ မပြတ်သေးလို့ဟု အကြောင်းပြပြီး ရုံးခန်းထဲဝင်ကာ တစ်ခွက် နှစ်ခွက်ချရင်း သူ အိပ်ရာဝင်သည်အထိ ကျွန်တော် စောင့်သည်။ သူ အိပ်ပျော်ချိန်လောက်မှ ကျွန်တော် အပေါ်ထပ်တက်လိုက်သည်။ သည်တော့ သူ့တံခါးကို လာဖွင့် မဖွင့် သူ မသိတော့။ သည်ခိုးလိုးခုလု ကိစ္စလေးတွေကို နိုရာ တစ်ခွန်းတစ်ပါဒမှ မဟ။ မသိကျိုးကျွံပြုနေသည်။ ထိုသို့ဖြင့် အချိန်တို့သည် ကုန်မှန်းမသိ ကုန်ခဲ့လေသည်။ သည်လို နေရသည်ကိုပင် ပို၍ကျေနပ်ဟန်မျိုးဖြင့် နိုရာ လှုပ်ရှားလျက်ရှိ၏။

ကျွန်တော့်နည်းတူ သူကလည်း သူ့ကိုယ်သူ အလုပ်ထဲတွင် မြှုပ်နှံထားသည်။ ပန်းချီ ပန်းပု နှီးနှောဖလှယ်ပွဲတွေ၊ ညစာစားပွဲတွေနှင့် သူ့မှာ အားရသည်မရှိ။ အပြင်မထွက်ရသည့် ရက်များမှာလည်း ပန်းပုခန်းတွင် အချိန်ကုန်သည်။ ညဉ့်နက်သန်းခေါင်အထိ အလုပ်လုပ်ရသည်။ သည်တော့ သူ အပေါ်တက်အိပ်သည် မအိပ်သည်ကိုလည်း ကျွန်တော် မသိတော့။ ပန်းပုခန်းထဲတွင်လည်း အိပ်ခန်းငယ်လေးတစ်ခု လုပ်ထားသေးသည်လေ။

အပြောင်းအလဲ အနိမ့်အမြင့် မရှိ ပုံမှန် လည်ပတ်နေရတာလောက် စိတ်ပျက်စရာ ကောင်းသည့်ကိစ္စမှာ လောကတွင် ရှိမည်မထင်။ သည်အတိုင်းပဲ ဆက်သွားတော့မည်ဟု မကြာခင် ကျွန်တော် သိလာ၏။

အိပ်မက်ဆန်းများ ဝန်းရံနေသည့်ကမ္ဘာမှ နိုရာသည် ကျွန်တော်က သူ့ကို ကြောက်သလို ကျွန်တော့်ကို သူကြောက်နေလေသည်။ ဒါကို ကျွန်တော် လုံးဝ မသိခဲ့ပါချေ။

နာကျင်မှု ဝေဒနာကို နိုရာ သတိရနေ၏။ ဝမ်းဗိုက်ထဲမှ သားသန္ဓေသည် သူ့ လမ်းကြောင်းတစ်လျှောက်တွင် အရာရာအားလုံးကို ဖျက်ဆီး၍ ထိုးထွက်နေသည့်အလား၊ ဘယ်တုန်းကမှ ပြင်းပြင်းထန်ထန် နာကျင်မှုကို မခံစားခဲ့ဖူးပါ။ ယခုမူ သူ သည်းမခံနိုင်လောက်အောင် ခံစားနေရပြီ။

ဖြူဖွေးစူးရှသည့် အလင်းရောင်၊ သေမလောက် နာကျင်သည့် ဝေဒနာ၊ မွေးခန်းပေါ်မှ စိမ်းလဲ့လဲ့ မျက်နှာကြက်၊ အရောင်အားလုံး တောက်တောက်ပြောင်ပြောင်၊ ပြတ်ပြတ်သားသား ဆရာဝန်၏ အဖြူရောင် ရော်ဘာလက်အိတ်ပေါ်တွင် နီစွေးစွေး သွေးတွေ၊ နိုရာ့ အိပ်မက် ကမ္ဘာတွင် အစဉ်ကြီးစိုးနေသည့် အရောင်များသာ ဖြစ်ပါ၏။ နိုရာသည် အခြားသူတွေလို မဟုတ်။ အိပ်မက် မက်ရာတွင် ရောင်စုံ မက်တတ်သူ ဖြစ်သည်။

နားနားကပ်ပြီး ဆရာဝန် အားပေးသံ ကြားရသည်။



'ကြိတ်ခံလိုက်ပါ မစ္စက်ကေရီ၊ ခဏလေးပါနော်၊ ချက်ချင်း ပြီးသွားမှာပါ'

'မခံနိုင်ဘူး၊ မခံနိုင်တော့ဘူး'ဟု တအား အော်ပြောလိုက်ချင်သည်။ သို့သော် နှုတ်မှ ဘာသံမှ ထွက်မလာ။ မတတ်နိုင်တော့ပါ။ ဘယ်လိုမှ ဆက်မခံနိုင်တော့ပါ။ မျက်ဝန်းထောင့်မှ မျက်ရည်တွေ စီးကျနေသည်ကို သတိထားလိုက်မိ၏။ မျက်ရည်ဥတွေ ပါးပြင်ပေါ်တွင် လိမ့်ဆင်းသွားပုံကို မြင်ယောင်ကြည့်မိ၏။ စိန်တုံးကလေးများနှင့် တူနေမည် ထင်သည်။

'တင်းခံပါ မစ္စက်ကေရီ၊ တင်းခံပါ'

မျက်နှာနားကို ကပ်ပြောနေခြင်း ဖြစ်၏။ သူ့ နှာတံနံဘေးမှ ခရမ်းရောင်သွေးကြော ကလေးများကိုပင် နိုရာ မြင်နေရသည်။

ဒီတစ်ခါတော့ အသံထွက်ပြီး အော်လိုက်မိသည်။

'မတင်းနိုင်တော့ဘူး၊ ကျွန်မ မခံနိုင်တော့ဘူး၊ တစ်ခုခု လုပ်ပေးကြပါ၊ အလားလား၊ ကျွန်မ ရူးသွားလိမ့်မယ်၊ အဲဒီ ဗိုက်ထဲကဟာကို တစစီဖြုတ်ပြီး ဆွဲထုတ်ပေးကြပါ၊ မဟုတ်ရင် ကျွန်မ သေလိမ့်မယ်'

လက်မောင်းတွင် စူးခနဲ အပ်စိုက်ခံလိုက်ရသည်ကို သိလိုက်၏။ ဆရာဝန့်မျက်နှာကို အထိတ်တလန့် မော့ကြည့်လိုက်သည်။ ဘုရား၊ ဘုရား၊ သူက ဘရင်ဂျီဘာသာဝင် ဆရာဝန်ပါကလား၊ ဘရင်ဂျီဂိုဏ်းဝင်များသည် မအေထက် သန္ဓေသား၏ အသက်ကို ယုံကြည်ကြသူများ ဖြစ်၏။

တအား အော်ထည့်လိုက်သည်။

'အဲဒါ ဘာလုပ်တာလဲ၊ ကျွန်မကို မသတ်ပါနဲ့၊ ကလေးကို သတ်ပါ၊ ကျွန်မ မသေပါရစေနဲ့'

ဆရာဝန်က ခပ်အေးအေး ပြောသည်။

'စိတ်မပူပါနဲ့ မစ္စက်ကေရီ၊ ဘယ်သူမှ မသေစေရပါဘူး'

'မယုံဘူး၊ ရှင့်ကို ကျွန်မ မယုံဘူး'

ထထိုင်ဖို့ ကြိုးစားသည်။ သို့သော် လက်ပေါင်းများစွာက ပခုံးကို ဝိုင်းဖိထားကြ၏။

'သိတယ်၊ ကျွန်မသေမှာ၊ ကျွန်မ သေတော့မယ်'

'တစ်ဆယ်ကနေ တစ်အထိ ရေပါ မစ္စက်ကေရီ'

ဆရာဝန်က တည်တည်ငြိမ်ငြိမ်ပင် ပြောသည်။

'တစ်ဆယ်၊ ကိုး၊ ရှစ်၊ . .'

'ခုနှစ်၊ ခြောက် . . ငါး'

ဆရာဝန်၏ မျက်နှာသည် ကြည့်ရင်းကြည့်ရင်း ဝါးစပြုလာသည်။

'လေး . . သုံး . . နှစ် . .'

အမှောင်ထုသည် အရာအားလုံးကို တဖြည်းဖြည်းချင်း ဝါးမျိုလိုက်လေပြီ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

စတူဒီယို အိပ်ခန်းကလေးထဲတွင် အိပ်နေရာမှ ခြေသံကြားသဖြင့် လန့်နိုးလာသည်။ အိပ်ရာပေါ်တွင် ထထိုင်ပြီး-

'ချားလ်စ်လား၊ ဘယ်သူလဲ'

ခြေသံက အိပ်ခန်းဝထိ ရောက်လာသည်။ အခန်းတံခါးကို ဖွင့်ပြီး ဆမ် ဝင်လာသည်။ ဆမ်က အံ့ဩသည့် လေသံဖြင့်-

'မင်း ဒီမှာ ဘာလုပ်နေတာလဲ နိုရာ'

'ညက အလုပ်လုပ်တာ ညဉ့်နက်သွားလို့လေ'

နိုရာ လက်မှ နာရီကို ငုံ့ကြည့်သည်။ ဆယ်နာရီ ထိုးခါနီးနေပြီ။ မနက်ငါးနာရီမှ အိပ်ရာဝင်ခဲ့ခြင်း ဖြစ်၏။

'ဘာကိစ္စ အစောကြီးပေါက်ချလာတာလဲ ဆမ်'

ဆမ်က စီးကရက် ထုတ်ညှိရင်း-

'မင်းအတွက် သတင်းထူး ပါလာတယ် နိုရာ၊ ရောမ သတင်းကြီးဗျ'

နိုရာ လေးကန်စွာ ထရပ်သည်။ ဆံပင်တွေကို လက်နှင့်ထိုးဖွလိုက်၏။ စေးထန်း ညစ်ပတ်နေပြီ။

'ဘာသတင်းများလဲ'



'ကုလသမဂ္ဂမှာ ထုတ်မယ့် မင်းရဲ့ပုံကြမ်းကို အတည်ပြုလိုက်ပြီတဲ့၊ ကုလသမဂ္ဂ ရုပ်လုံးတွေကို ဖန်တီးတဲ့အထဲမှာ မင်းဟာ တစ်ဦးတည်းသော အမျိုးသမီးဖြစ်တော့မယ် နိုရာ'

ရုတ်ခြည်း နိုရာ သွက်သွက်လက်လက် ဖြစ်လာသည်။

'ဘယ်တုန်းက သိတာလဲ'

'လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ၊ နယူးယောက်က စကာစီ လှမ်းအကြောင်းကြားတာ၊ မျက်ချင်းတန်းပြီး ကိုယ်လာခဲ့တာလေ'

အောင်မြင်ခြင်းအတွက် ရင်ထဲတွင် သိမ့်ခနဲ ကြည်နူးသွားသည်။ တွေ့ကြပြီ မဟုတ်လား၊ လင်တော်မောင် လုခ် မလေးမစားလုပ်၍ ရပါတော့မည်လား၊ ဆမ့်ကို တစ်ချက် လှမ်းကြည့်သည်။

'ဘယ်သူတွေကို ပြောပြီးပြီလဲ ဆမ်'

ဆမ် ခေါင်းခါသည်။

'ဒါပေမဲ့ တို့ ဒီမနက်ပဲ သတင်းထုတ်ပြန်ရလိမ့်မယ်'

နိုရာက စတူဒီယို အခန်းထဲ လျှောက်သွားရင်း-

'နေဦး ဆမ်၊ ဘယ်သူမှ မပေါက်ကြားခင် လုခ်ကို အရင်ပြောချင်တယ်'

'လုပ်လေ၊ နေ့လယ်ပိုင်းဆို နယူးယောက်က ကြေးနန်းသတင်းတွေ ဝင်လာတော့မှာ'

'ဒါဆို ခု သွားပြောကြရအောင်'

ဆမ်နောက်က လိုက်သွားသည်။ ခန်းမဆောင်ထဲ အရောက်တွင် အပေါ်ထပ်မှ ဆင်းလာသည့် ချားလ်စ်ကို မြင်သဖြင့် နိုရာလှမ်းမေးသည်။

'မစ္စတာကေရီ ရှိသေးလား ချားလ်စ်'

'ရှစ်နာရီကျော်ကျော်လောက်က ထွက်သွားတယ်ခင်ဗျ၊ ဆရာမနဲ့ကလေးပါ ခေါ်သွားတယ်'

နိုရာက တအံ့တဩ လေသံဖြင့်-

'ခေါ်သွားတယ်၊ ဘာလို့ ခေါ်သွားရတာလဲ'

'ဒီနေ့ ကာနယ်ကေရီ ပထမအသုတ် အိမ်ရာစီမံကိန်း ပြီးစီးတဲ့အနေနဲ့ အောင်ပွဲခံမလို့တဲ့ မမလေး၊ မမလေးကိုလည်း မှာသွားတယ်၊ အချိန်ရရင် လိုက်ခဲ့ပါတဲ့'

'တျေးဇူးပဲ ချားလ်စ်၊ ဟုတ်တယ် သူပြောထားသားပဲ၊ နိုရာ မေ့နေတာ'

ဘဏ္ဍာစိုးကြီးက လမ်းဖယ်ပေးသည်။ နိုရာနှင့် ဆမ် အပေါ်ထပ်သို့ တက်သွားကြ၏။ နိုရာ့အခန်းထဲ ရောက်တော့ ဆမ်က တံခါးပိတ်လိုက်သည်။

'မင်းကို သူ ပြောမထားဘူး မဟုတ်လား နိုရာ'

နိုရာ ဘာမှ ပြန်မဖြေ။

အခန်းအခြေအနေကို ဆမ် ဝေ့ကြည့်သည်။ သူတို့၏ မူလအိပ်ခန်း မဟုတ်မှန်း သိလိုက်၏။ ဘာကိစ္စ တစ်ခန်းစီ ဖြစ်သွားကြတာပါလိမ့်။

'မင်းနဲ့ လုခ်ကြားမှာ ဘာပြဿနာဖြစ်နေကြလဲ နိုရာ'

'ဘာမှ မဖြစ်ပါဘူး'

ဆမ်က ညင်သာစွာဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ သစ္စာအရှိဆုံးသူငယ်ချင်းပါ နီရာ၊ မင်း ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောလို့ကောင်းပါတယ် နီရာ'

ဆမ့်ရင်ခွင်တွင် မျက်နှာအပ်ပြီး နီရာ ငိုချလိုက်သည်။

'ဩော်. . ဆမ်ရယ်၊ ဆမ် မသိပါဘူး၊ နီရာ့အဖြစ် ဘယ်လောက်ဆိုးလဲဆိုတာ ဆမ် နားမလည်နိုင်ပါဘူး၊ သူ. . သူ အရင်ကလို မဟုတ်တော့ဘူး၊ သူ့ ကျန်းမာရေးက စစ်ဖက်ကြောင့်လား မသိဘူး၊ သူ လူစဉ်မမီတော့ဘူး ဆမ်'

'ဟာ. . မဟုတ်တာဘဲ နီရာရယ်'

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာပြီး ဆက်လက်မျိုသိပ်ထားနိုင်စွမ်း မရှိတော့ပြန်ဖြင့်-

'သူ ဒဏ်ရာ အကြီးအကျယ်ရခဲ့ဖူးတယ်ဆိုတာ ဆမ် သိတယ်နော်၊ အဲဒါကြောင့်လား မသိဘူး၊ သူ. . သူ'

'မင်းက ဆရာဝန်နဲ့ ပြဖို့ မပြောဘူးလား'

'ပြောတယ် ဆမ်၊ ဒါပေမဲ့ သူ နားမထောင်ဘူး၊ သူ လိုချင်တာက နီရာ ကလေးတွေ မွေးပေးဖို့ပဲ၊ ဒါမှ သူ ယောက်ျားပီသတဲ့အကြောင်း သက်သေပြနိုင်မှာကိုး'

နီရာက ဆမ့် ရင်ခွင်ထဲမှထွက်ပြီး စားပွဲပေါ်ရှိ ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူသည်။ ဆမ်က မီးခြစ် ခြစ်ပေးလိုက်၏။

'ပြီးတော့ သူလေ၊ နီရာ စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးလုပ်တယ်၊ ဆရာဝန်က ကလေးအအေးမိနေလို့ အပြင်ခေါ်မထွက်ဖို့ ပြောထားရဲ့သားနဲ့ ခု ဖုန်တောထဲ ခေါ်သွားတယ်၊ သက်သက် နီရာ့ကို အရွဲ့တိုက်တာ'

'ဒါဖြင့် မင်း ဘယ်လိုလုပ်မလဲ'

နီရာက ဆမ့်ကို စိုက်ကြည့်နေသည်။

'လိုက်သွားပြီး ကလေး ပြန်ခေါ်လာမယ်၊ ဘာပဲပြောပြော ဒန်နီဟာ နီရာ့သမီးပဲ ဘယ်သူ့ကြောင့်မှ နီရာ့ကလေးလေး မခံစေရဘူး၊ သူနဲ့ ရင်ဆိုင် တွေ့ချင်တွေ့ရပစေ'

သူ ပြောသမျှ ဆမ် မယုံမှန်း နီရာ သိနေ၏။

'ဘာလဲ. . ဆမ်က မယုံလို့လား'

'ယုံပါတယ်'

'ယုံအောင် ပြလိုက်ရင် ဆမ်ယုံမှာပါ'

နီရာက ဆမ့်ကို ဦးဆောင်ပြီး ရေချိုးခန်းကို ဖြတ်၍ လုခ်၏ အခန်းဆီသို့ ခေါ်သွား၏။ အိပ်ရာ နံဘေးမှ စားပွဲကလေး၏ တံခါးကို ဟန်ပါပါ ဆွဲဖွင့်ပြလိုက်သည်။

'ကဲ. . ကြည့်'

ဆမ်က နီရာ ညွှန်ပြရာသို့ ငုံ့ကြည့်လိုက်သည်။ ဘာဘွန်း ဝီစကီအပြည့်နှင့်လုံး၊ တစ်ဝက်ကျိုးနေသည့် ပုလင်းတစ်လုံး၊ နီရာ့ကို အံ့ဩသည့် မျက်လုံးများဖြင့် ဆမ် ငေးနေသည်။

'အဲဒါ ညတိုင်းပဲ၊ နီရာ့ဆီလာရင် အလွန်အကျွံ မူးပြီးမှ လာတယ်၊ သူ့အခန်း သူ ပြန်ရောက်ရင် ထပ်သောက်တယ်၊ လူမှန်း သူမှန်း မသိအောင် သောက်တယ်'



ပြောပြောဆိုဆို စားပွဲတံခါးကို ခြေထောက်နှင့်ကန်ပြီး ပိတ်လိုက်သည်။ ဆမ့်ကို ဧည့်ခန်း ပြန်ခေါ်သွားသည်။ ဆမ်က အတန်ကြာ လေ့လာသည့် မျက်လုံးများဖြင့် နီရာ့ကို ကြည့်နေပြီးမှ-

'ဒီအတိုင်း မင်း ဆက်နေသွားလို့တော့ ဘယ်ဖြစ်မလဲ'

'ဒီအတိုင်း မနေလို့ နီရာက ဘာလုပ်ရမှာလဲ'

'မင်း သူ့ကို ကွာလိုက်လို့ ရတာပဲ'

'မဖြစ်ဘူး ဆမ်'

ဆမ် အလေးအနက် စဉ်းစားဟန်ပြုသည်။ သူ့ဇာတ်လမ်းက ရေပက်မဝင်အောင် ထောင့်စေ့နေသော်လည်း ယုံရခက်ခက် ဖြစ်နေသည်။

'ဘာဖြုလို့'

'ဆမ်ကလည်း သိသားနဲ့၊ မေမေက ဘယ်လက်ခံမလဲ၊ မိသားစုနာမည် အထိခံလို့ မဖြစ်ဘူးလေ၊ ပြီးတော့ ရုံးရောက်၊ ဂတ်ရောက်နဲ့ သံသရာက ရှည်ဦးမယ်'

နှစ်ယောက်သား မျက်လုံးချင်း ဆုံမိကြသည်။

'သမီးလေးအတွက်လည်း စဉ်းစားရသေးတယ်။ ပျက်စီးသွားတဲ့ အိမ်တွေက ကလေးတွေကို နီရာ သတိထားကြည့်တယ်၊ အဲဒီဘဝမျိုး ဒန်နီကို အရောက်မခံနိုင်ဘူး'

ဆမ် အူကြောင်ကြောင် ဖြစ်သွားသည်။ နီရာ့ထံမှ ဒီလိုစကားမျိုး ကြားရသောကြောင့် ဖြစ်သည်။

'မင်း လုခ်ဆီသွားရင် ကိုယ်ပါ လိုက်ခဲ့မယ်လေ'

ရုတ်ခြည်း စိတ်ကူးပေါက်လာသဖြင့် ဆမ်က ပြောလိုက်သည်။ နီရာက မျက်လုံးအပြူးသားဖြင့် ပြန်ကြည့်သည်။ မဟာဇာတ်လမ်းတစ်ပုဒ်ကို စိတ်ပါလက်ပါဖြင့် ဖန်တီးနေရင်း ကိုယ်တိုင် တကယ်မှတ်ကာ မျောနေသဖြင့် ဒန်နီဆီသွားဖို့ ကိစ္စ နီရာ မေ့နေသည်။

'မင်းတို့ သားအမိကို ကိုယ် ပြန်လာပို့ပေးမယ်လေ'

သည်တော့မှ နီရာ ပြုံးသည်။ မိမိ ဇာတ်လမ်းကို ဆမ် ယုံကြည်သွားပြီ။ ဆမ့်ကို ကိုယ့်လူအဖြစ် နီရာ ယုံကြည်ပြီးသား။ ဘာမယုံကြည်စရာ ရှိလို့လဲ။ အားလုံး ရှင်းနေတာပဲဟာ။

လက်မောင်းချင်း ချိတ်လိုက်ပြီး-

'ကျေးဇူးပဲ ဆမ်၊ အောက်ထပ်ဆင်းပြီး ကော်ဖီသောက်နှင့်နော်၊ နီရာ အဝတ်လဲလိုက်ဦးမယ်၊ ပြီးပြီးချင်း ဆင်းလာခဲ့မယ်နော်'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၄ )

ဒန်နီကလေး အပျော်ကြီးပျော်နေသည်။ သူ့မျက်ဝန်းနက်နက်ကလေးတွေ တဖျပ်ဖျပ် တောက်ပနေကြ၏။ ကျွန်တော်က လျှောပေါ်တွင် တင်လွှတ်ပေးလိုက်တော့ ဝမ်းသာအားရ အော်ပြီး လျှောဆင်းသွားသည်။ ဆရာမက အောက်မှ ဆီးဖမ်းသည်။ ဆရာမ လက်ထဲ ကျွန်တော် ပြန်ယူတော့ ဆက်စီးချင်သေးဟန်ဖြင့် အတင်းလူးလွန့်ကာ ပူဆာပြန်သည်။ ကျွန်တော်သည် ထပ်ပြီး တင်ပေးရပြန်၏။

'ကာနယ်. . ခဏလေးနော်၊ ကလေးကို ချီထားပေးပါ'

ဓာတ်ပုံဆရာတစ်ယောက်က ကျွန်တော့်ကို ပြောရင်း ကင်မရာကို မြှောက်လိုက်သည်။

'ကျေးဇူးပဲ ကာနယ်၊ သိပ်ကောင်းတဲ့ပုံတစ်ပုံရမှာ သေချာနေပြီ ခင်ဗျ'

ဒန်နီက ခဏကြောင်သွားသည်။ ရှစ်လလုံးလုံး အိမ်ကြီးထဲတွင် အောင်းနေခဲ့ရပြီးမှ လောကကြီးကို မြင်ဖူးသည့်အလား။ ဆရာမက ဂုဏ်ယူသည့်အပြုံးကို ပြုံးလျက်။

ကင်မရာ ခလုတ်နှိပ်သံကြားမှ ဒန်နီကို အောက်ချပေးပြီး ဒန်းဆီသို့ ခေါ်ဆောင်သွားသည်။ ထိုင်ခုံကျဉ်းကျဉ်းကလေးထဲတွင် ခါးပတ်ပတ်ပေးပြီး တွန်းပေးလိုက်၏။ သူသဘောကျပြီး တခစ်ခစ် ရယ်နေသည်။

နေရောင်တွင် သူ့ပါးကလေး ရဲတွတ်နေ၏။ အပြာရောင်နှင်းကာအင်္ကျီကလေးထဲတွင် ပီဘီ ယမင်းရုပ်ကလေးနှင့် တူနေသည်။



ပုံစံပြဖို့ နမူနာဆောက်ထားသည့် တိုက်၏ နောက်တွင် မိသားစု ကစားကွင်းတစ်ခု ကျွန်တော် လုပ်ထားပေးသည်။ ကစားကွင်းထဲတွင် ကျွန်တော်တို့ ဆော့နေကြခြင်းဖြစ်၏။ ဘယ်လောက်ကျယ်ကျယ်ဝန်းဝန်း နေနိုင်သည်ကိုပြရန် ကျွန်တော် စိတ်ကူးရနေခြင်းဖြစ်၏။

လမ်းဘက်ကို ကျေနပ်နှစ်သိမ့်စွာ လှမ်းကြည့်လိုက်သည်။ ကားတွေ အများကြီး ရောက်နေပြီ။ အရောင်းဌာနမှ လူတွေက တိုက်တွေကို လိုက်ပြနေကြသည်။

ပုံစံအားဖြင့် တစ်တိုက်နှင့်တစ်တိုက် သိပ်မခြားနားလှပါ။ သို့သော် အမြင်အားဖြင့် တစ်မျိုးစီဖြစ်နေကြရမည်။ အားလုံး တီပုံစံတိုက်တွေချည်း ဖြစ်၏။ အိမ်ဝယ်သူတို့ တတ်နိုင်လို့ ကိုချဲ့လိုလျှင် ထပ်မြှင့်လိုလျှင် အလွယ်တကူ ဆက်လုပ်နိုင်အောင် ကျွန်တော်စိတ်ကူးပြီး ပုံထုတ်ထားသည်။

တစ်ဧကတွင် တိုက်လေးလုံး၊ တစ်ကွက်လျှင် ရှစ်လုံး ဆောက်ထားသည်။ ထို့ကြောင့် လမ်းအနေအထား၊ မျက်နှာစာ အနေအထားအလိုက် တစ်အိမ်နှင့် တစ်အိမ် အမြင်အားဖြင့် ကွဲပြားခြားနားနေ၍ ကျွန်တော်တို့ ဖန်တီးနိုင်ခဲ့ကြခြင်း ဖြစ်သည်။ အဆောက်အအုံ ကန်ထရိုက်တာတို့၏ စကားဖြင့် ပြောရလျှင် ဝယ်သူကို အမြင်လှည့်စားခြင်း ဖြစ်၏။

ဈေးနှုန်း သတ်မှတ်ရာတွင်လည်း ကြည့်ဦး။ တိုက်တစ်လုံးလျှင် ဒေါ်လာ ၁၃၉၉၀ နှင့် ရောင်းသည်။ ဘာကြောင့် သောင်းလေးထောင်ဟူ၍ လွယ်လွယ် မသတ်မှတ်ခြင်းလဲ၊ ဆယ်ဒေါ်လာတောင် ပိုရမည်မဟုတ်လား။ ဒါလည်း ဈေးနှုန်းကို အမြင်လှည့်စားခြင်း တစ်မျိုးပဲလေ။

အိမ်ထဲတွင် အနွေးဓာတ်ပေးကိရိယာ ပါသည်။ ကားဂိုဒေါင် ပါသည်။ မြို့ထဲတွင် ဆိုလျှင် ဒေါ်လာငါးထောင်ထက် မနည်းပေးမှ ကျွန်တော်တို့ တိုက်မျိုးကို ဝယ်နိုင်မည် ဖြစ်၏။ ကျွန်တော်တို့ ဝယ်ထားသည့် မြေထဲမှ မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ တောင်းဆိုချက်အရ ကိုမ်ဝင်လမ်းနှင့် ချဉ်းကပ်လမ်းများအတွက် မြေတွေ ၂၅ ဧက ပါသွားသည့်တိုင်အောင် အိမ်တစ်လုံးတွင် ကျွန်တော်တို့ ဒေါ်လာ သောင်းငါးထောင် အသားတင် မြတ်နေသေးသည်။

ဒန်းကို မြင့်မြင့်လွှဲလေ ဒန်နီလေး အော်ရယ်လေ။ သူ ဘယ်လောက်ပျော်နေသည်ကို ကျွန်တော် သိပါသည်။ သူ့ကမ္ဘာထဲကို သူ ရောက်လာရခြင်း မဟုတ်ပါလား။

ဒန်း၏ နောက်ဘက်ကို ကျော်ပြီး ကြည့်လိုက်သည်။ နောက်တစ်ကွက်အတွက် မြေထိုးစက်ကြီးတွေ တဝေါဝေါနှင့် မြေညှိနေကြပြီ။ မနက်ဖြန်ဆိုလျှင် မြေတူးစက်တွေ ရောက်လာပြီး ဒုတ်မြစ်ချဖို့အတွက် မြေတူးတော့မည်။ ဘိလပ်မြေဖျော်စက်တွေပါ တစ်ပြိုင်တည်း ရောက်လာကြမည် ဖြစ်၏။ နောက်တစ်ရက် နှစ်ရက်အတွင်း ဘာမှမရှိသည့် မြေပေါ်တွင် ခေါင်တွေ ထိုးထိုးထောင်ထောင်နှင့် တက်လာတော့မည်။ ဒါက ကျွန်တော့်ကမ္ဘာ။

လက်မောင်းကို နောက်မှ တစ်စုံတစ်ယောက် လာကိုင်သည်။ တစ်ပြိုင်တည်း နီရာ အသံ ပေါ်လာ၏။

'ကိုယ့်မိန်းမ မမြင်နိုင်လောက်အောင် ပျော်နေတယ်ပေါ့၊ ဟုတ်လား'

ကျွန်တော် အံ့သြသွားသည်။ ချားလိစ်ကို မှာခဲ့သော်လည်း သည်လိုနေရာမျိုးကို နီရာ လိုက်လာလိမ့်မည် မထင်။ ကျွန်တော့်အလုပ်ကို သူ လုံးဝ စိတ်မဝင်စားပါ။

'ဝမ်းသာလိုက်တာ နီရာရယ်၊ မောင် တကယ် အံ့သြသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ရုံးအဖြစ် ဖွင့်ထားသည့် ထရေလာ ကားကြီးထဲတွင် ကျွန်တော် အရက်ကောင်တာ ဖွင့်ထားပေးသည်။ အရက်ကောင်တာတစ်ဝိုက်မှ သတင်းထောက်တွေ ကျွန်တော်တို့ ရှိရာသို့ ချက်ချင်း စုပြုံရောက်လာကြသည်။

ကျွန်တော် ငြင်း၍မရတော့။ နီရာသည် အားလုံး၏ အာရုံစူးစိုက်ရာ ဖြစ်နေပြီ။ အထူးသဖြင့် သူ့မြို့တွင် နီရာပေါ်ဒင်သည် သတင်း ဖြစ်နေပြီ။

'ဘာ စိတ်ကူးပေါက်ပြီး လိုက်လာတာလဲ'

ကျွန်တော်က စတင်မေးလိုက်သည်။ ကျွန်တော်တို့နှစ်ယောက် မျက်လုံးချင်း ဆုံကြ၏။

'ဆမ်က မောင်းပို့ပေးဖော်ရတယ်၊ သမီးကို ခေါ်ဖို့ လိုက်လာတာ'

'သမီးကို ခေါ်ဖို့ ဟုတ်လား၊ ဘာအတွက်လဲ နီရာ၊ သူ ဒီမှာ ဘယ်လောက် ပျော်နေသလဲ မင်း သိသလား'

'ကလေး အအေးမိနေတယ် ဆိုတာကော ရှင် သိလား'

ဒန်းကို ရပ်ပြီး ခါးပတ်ကို နီရာ ဖြေသည်။ မအေ့လက်ထဲသို့ အကြောက်အကန် ငြင်းဆန်ရင်း ဒန်နီ ပါသွားသည်။

ထိုစဉ် ဆမ် ကျွန်တော်တို့ဆီ လျှောက်လာ၏။ စူးစမ်းသည့် မျက်လုံးများဖြင့်-

'ဘာ အအေးမိတယ် ဟုတ်လား'

ဆရာမဘက် လှည့်ပြီး-

'ဆရာမ ဘာလို့ ကျွန်တော့်ကို မပြောလဲ'

ဆရာမက ကျွန်တော့်ကို တစ်လှည့် နီရာ့ကို တစ်လှည့် ကြည့်ပြီး မှတ်လွှာချသွားသည်။ ပြီးတော့ တစ်စုံတစ်ခု ပြော၏။ ကျွန်တော် သဲသဲကွဲကွဲ မကြားလိုက်။

'ကလေးတွေဟာ သူတို့လုပ်ချင်တာ မလုပ်ရရင် ဒီလိုပဲခင်ဗျ'

နီရာ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ သူ့ရင်ခွင်ထဲတွင် ဒန်နီ တအား ရုန်းကန်ငိုယိုနေခြင်းကို သူ လုံးဝ သဘောမကျ။ သူ လိုချင်သည့် မြင်တွင်းက သည်လိုမျိုး မဟုတ်။ ရယ်မောရွှင်ပြုံးနေသည့် သမီးလေးကိုချီပြီး ဓာတ်ပုံရိုက်ခံဖို့ ဖြစ်၏။ မှန်းချက်နှင့်နှမ်းထွက် မကိုက်သဖြင့် ဒေါပွလာပြီး ဒန်နီကို တအားညှစ်ကာ ဒန်းနားမှ ထွက်သွားသည်။ ဒန်နီက ဒေါသတကြီး အော်ငိုလိုက်ပါသွားသည်။

ကလေးကို ဆရာမလက်ထဲ ထိုးပေးလိုက်၏။

'မစ္စတာ ကောဝင်း၊ ကားထဲ ခေါ်သွား' ဟု အမိန့်ပေးလိုက်သည်။

ကျွန်တော့်ဘက် လှည့်ပြီး ကက်ကက်လန် ရန်တွေ့ပြန်၏။

'ရှင် ဘာလုပ်လိုက်တယ် ဆိုတာ ရှင့်ကိုယ်ရှင် သိရဲ့လား၊ ကျွန်မကို သိက္ခာကျအောင် မလုပ်ရရင် ရှင် စိတ်ဆင်းရဲရတယ် ထင်တယ် ဟုတ်လား'

သတင်းထောက်တွေ ကျွန်တော်တို့ဆီသို့ လိုက်လာနေသည်ကို မျက်ဝန်းထောင့်မှ ရိပ်ခနဲ မြင်လိုက်၏။ နီရာ ပြောသည်ကို သူတို့ ကြား မကြား ကျွန်တော် မခန့်မှန်းနိုင်ပါ။ သို့သော် ကျွန်တော်ကမူ သူတို့မကြားအောင် အသံကိုအုပ်ပြီး ပြန်ပြောသည်။

'ကိုယ် တောင်းပန်ပါတယ် နီရာ၊ သမီး အအေးမိတယ်ဆိုတာ ကိုယ် လုံးလုံး မသိလို့ပါ'

'ရှင် ကလေးကို ဒီလို ဖုန်တောထဲမှာ တစားနိုင်းတာ နီရာ မကြိုက်ဘူး၊ ခုချက်ချင်း ဆရာဝန်ဆီ ခေါ်သွားမယ်'



ထောင်းခနဲ ဖြစ်သွားသော်လည်း အသံကို ထိန်းထားလိုက်နိုင်၏။ ခပ်တိုးတိုး ကပ်ပြောလိုက်သည်။

'မူရာမာယာတွေ သိပ်ပိုမ်နေနဲ့ နီရာ အပိုပဲ၊ မင်းကို ဘယ်သူမှ မယုံဘူး'

သည်လိုမျက်လုံးမျိုး သည်လိုအကြည့်မျိုးကို ကျွန်တော် ဘယ်တုန်းကမှ မမြင်ခဲ့ဖူးပါ။ မမျှော်လင့်ခဲ့ဖူးပါ။ အမုန်းခွန်အားအပြည့်ဖြင့် စက်ဆုပ်ရွံရှာစွာ ကျွန်တော့်ကို ကြည့်နေခြင်း ဖြစ်ပါ၏။ ဘာမှတော့ ပြန်မပြော။ သို့သော် ပြန်ပြင်၍ မရနိုင်တော့သည့် အမှားတွေ ကျွန်တော်တို့ နှစ်ဦးကြားတွင် များလာပြီဟု ကျွန်တော် နားလည်လိုက်သည်။

ကျွန်တော်တို့နှစ်ယောက် ရပ်နေသည့် နေရာမှာ အများ မြင်နိုင်သည့်နေရာ ဖြစ်၏။ မလှမ်းလှမ်းတွင်လည်း သတင်းထောက်တစ်အုပ် ရှိနေသည်။ သူ့အတွက်ကော ကျွန်တော့်အတွက်ပါ အမြင်ကောင်းအောင် ကျွန်တော် ပြုံးလိုက်ရ၏။ အားလုံး ကြားလောက်အောင် အသံမြှင့်ပြီး ပြောလိုက်သည်။

'ရောက်တုန်း ဆိုက်ထဲလျှောက်ကြည့်သွားဦးလေ'

သူက ရန်လိုနေသည့် လေသံဖြင့်-

'အချိန်မရပါဘူး၊ ကလေးလည်း အိမ်ပြန်ပို့ရဦးမယ်၊ နယူးယောက်ကိုလည်း သွားရဦးမယ်'

သည်တစ်ခါ အငိုက်ခံလိုက်ရသူက ကျွန်တော်။

'ဘာ နယူးယောက်ကို ဟုတ်လား'

'ဟုတ်ကဲ့ရှင့်၊ နီရာ့ပုံကြမ်းကို ကုလသမဂ္ဂက အတည်ပြုလိုက်ပြီတဲ့။ အဲဒီကိစ္စ ဆွေးနွေးဖို့ သွားရမယ်'

ဒါဆိုရင်တော့ တကယ့်သတင်းတစ်ပုဒ်ပဲပေါ့။ အိမ်မြေ တိုက်တာ ရောင်းဝယ်ရေး ကလာကမှ သတင်းထောက်များကပင် သည်အကြောင်းကို သိကြသည်။ အတင်း စုပြုံတိုးလာပြီး မေးခွန်းများတွေ ဝိုင်းပစ်ကြသည်။ မိနစ်ပိုင်းအတွင်း နီရာ၏ သတင်းစာရှင်းလင်းပွဲပုံသဏ္ဍာန်သို့ ရောက်သွားလေတော့သည်။

မြေညှိနေသည့် နေရာသို့ သွားကြည့်ဖို့ ကျွန်တော် ထွက်လာချိန်တွင် နီရာသည် အရှင်ဆုံး ပြုံးကာ အကျေနပ်ကြီး ကျေနပ်နေလေပြီ၊ အားလုံး၏ စိတ်ဝင်စားမှုကို တစ်ဦးတည်း ချုပ်ကိုင်ထားလိုက်နိုင်ပြီ မဟုတ်လား။

ကျွန်တော်လည်း အကျဉ်းအကျပ်ထဲမှ လွတ်မြောက်သွားသလို ခံစားလိုက်ရ၏။ နှစ်ယောက်စလုံး ပေါက်ကွဲတော့မည့်ဆဲဆဲ အခြေအနေမှ ရှောင်လွှဲနိုင်ခဲ့ကြသည် မဟုတ်လား။ သို့သော် သည်မျှနှင့် မအေးသေးကြောင်း နောက်တစ်နေ့မနက် သတင်းစာဖတ်တော့မှ သိတော့၏။

တယ်လီဖုန်းလာတော့ ကျွန်တော် ကွင်းထဲ ရောက်နေသည်။ အလုပ်သမား တစ်ယောက် လိုက်ခေါ်သည်။

အရောင်းမန်နေဂျာ စတင်ဘာရို ဆက်ခြင်း ဖြစ်သည်။ တစ်စုံတစ်ယောက် ကြားသွားမည်ကို စိုးရိမ်နေသလို တယ်လီဖုန်းကို ခပ်အုပ်အုပ်လေသံဖြင့် ပြောသည်။

'အမျိုးသားဘက်ကို ချက်ချင်း ပြေးပေတော့ လူခ်၊ ဒုက္ခဖြစ်ကုန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ ဇုက္ခလဲဗျ စတင်၊ ဘာပြဿနာ ပေါ်စရာရှိလဲ၊ ကျွန်တော်တို့ ဘတ်ဂျက်ကွဲမှ မကွဲတာဘဲ'

အမျိုးသားဘဏ်မှာ ကျွန်တော်တို့ကို ငွေထုတ်ပေးသည့်ဘဏ် ဖြစ်သည်။

'တယ်လီဖုန်းထဲက မပြောချင်ဘူး၊ အမြန်ဆုံးသွားပါ လုဒ်'

ကျွန်တော့်လက်ထဲက တယ်လီဖုန်းသံ ပျောက်သွားသည်။ ကျွန်တော် သူ့ကို ပြန်မေးသေးသည်။ နောက်မှ ဖုန်းချလိုက်ပြီး ကားဆီသို့ ထွက်ခဲ့သည်။ သူ ပြောနိုင်လျှင် တစ်ဆက်တည်း ပြောမည် မဟုတ်လား။

ဘဏ်ဥက္ကဋ္ဌရုံးခန်းထဲ ဝင်သွားတော့ သူတို့အားလုံး ရောက်နှင့်နေကြပြီ။ ကျွန်တော်က အံ့ဩသွားသော်လည်း သူတို့က အံ့ဩပုံ မရကြ။ အခန်းထဲကို ကျွန်တော် ဝေ့ကြည့်လိုက်၏။ မေမေယောဒင်၊ ဂျော့ဟောဒင်၊ စတင်၊ ဘဏ်ဥက္ကဋ္ဌနှင့် ဘဏ်ငွေချေးဌာနမှ ဥက္ကဋ္ဌတို့ ကျွန်တော်တို့ကို စောင့်နေကြ၏။

'အစည်းအဝေးရှိမှန်း ကျွန်တော် မသိဘူး၊ ကျွန်တော့်ကို ဘယ်သူမှလည်း မပြောပါလား'

ကျွန်တော်က သူတို့ကိုကြည့်ပြီး ပြောလိုက်သည်။ သူတို့အားလုံး မျက်နှာသေခက်နေပုံရ၏။ သို့သော် ဘယ်သူမှ စကား မစကြ။ နောက်ဆုံးမှ ဘဏ်ဥက္ကဋ္ဌက မေးသည်။

'ဒီနေ့ သတင်းစာ ဖတ်ပြီးပြီလား လုဒ်'

'ဟင့်အင်း၊ မဖတ်ရသေးဘူး၊ မနက် မိုးမလင်းခင် ကျွန်တော် အိမ်က ထွက်လာတာ'

'ဒါဖြင့် ခုဖတ်ကြည့်လိုက်ပါ'

သူက ခရိုနီကယ်သတင်းစာကို ခေါက်ပြီးသား လှမ်းပေးသည်။ နီရာ့ဓာတ်ပုံနှင့် ဘေးမှာ မင်နီတားထားသည့် စာတန်းကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။

'ကုလသမဂ္ဂအတွက် ရုပ်တုတစ်ခု နီရာဟောဒင် ထုလုပ်မည်'

ကျွန်တော်က ခေါင်းမော့ပြီး-

'ဟာ. . ကောင်းတာပေါ့၊ နေပါဦး အဲဒါ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ'

'ဆက်ဖတ်ပါဦးလေ'

ကျွန်တော် ဆက်ဖတ်သည်။ ပထမ စာနှစ်ပိုဒ်က ဘာမှ ထူးထူးခြားခြား မဟုတ်။ နောက်ဆုံးပိုဒ်ကျမှ ကျော့ကို နားနှင့်ထိုးမှန်း သိရတော့သည်။

'နီရာဟောဒင်နှင့် တွေ့ဆုံဆွေးနွေးသည့်နေရာမှာ. . . 'တေရီဆောက်လုပ်ရေး လုပ်ငန်းစီမံကိန်း' နေရာတွင် ဖြစ်သည်။ အဆိုပါ စီမံကိန်းမှာ နီရာ၏ခင်ပွန်း နာမည်ကျော် လေ သူရဲကောင်း တာနယ်လုဒ်ကေရီ၏ စီမံကိန်း ဖြစ်သည်။ နီရာဟောဒင်က သူ၏ ဝင်ကိုယ်ရိုက် အတိုင်း အမေရိကန်အိမ်ရာ ဆောက်လုပ်ရေး စီမံကိန်းများအကြောင်းနှင့် အိမ်ဝယ်သူ၏ အကြောင်းကို ပွင့်ပွင့်လင်းလင်း ဝေဖန်သွားသည်။

'ဒီနေ့ ဆောက်နေတဲ့ အမေရိကန်ဆောက်လုပ်ရေးသမားတွေ၊ ဗိသုကာတွေကို အိမ်ဝယ်သူတွေနဲ့ အိမ်ရှင်မတွေ သိပ်စိတ်ပျက်နေကြပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ဗိသုကာအမြင်တာ ခေတ်နောက်ကို အများကြီး ကျန်နေခဲ့လို့ပါပဲ။ လုံးဝအနုပညာမဆန်တဲ့ ပုံတွေချည်း တွေ့နေရပါတယ်။ ငွေကြေးအကုန်အကျ သက်သာအောင်ဆိုတဲ့ အကြောင်းပြချက်နဲ့ သူ၏ တစ်တွေဟာ အိမ်ရဲ့အလှကို ဖျက်ဆီးပစ်ပြီး အမြတ်တွေ မတရားယူနေပါတယ်၊ တစ်အိမ်နဲ့



တစ်အိမ်လည်း ဘာမှမထူးဘူး၊ ကိုယ်ပိုင်ဆန်းသစ်တီထွင်မှု ဘာမှ မပါဘူး၊ ဒီလို အိမ်မျိုးမှာ မနေပဲတဲ့ အိမ်ရှင်မတိုင်း နောင်တရကြမှာပဲ။

ကေရီ့ ဆောက်လုပ်ရေးစီမံကိန်းနဲ့ ပတ်သက်ပြီး ဘယ်လို မြင်ပါသလဲ မေးတော့ နိုင်ငံကျော် ပန်းပုဆရာမက ဖြေသည်။

'ကြိုက်သလို ယူနိုင်ပါတယ်၊ ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင် ပုံမကျပန်းမကျ ဒီလို အိမ်မျိုးကို နေဖို့မပြောနဲ့ သေဖို့တောင် စိတ်ကူးထဲ မထည့်ဘူး'

မစ္စနီရာဟောဒင်သည် မိမိ တင်ပြထားသည့် ပန်းပုရုပ်တစ်ခုအတွက် ကုလသမဂ္ဂ ပန်းချီပန်းပုကော်မတီနှင့် ဆွေးနွေးရန် ယနေ့ ညနေပိုင်းတွင် နယူးယောက်သို့ ထွက်ခွာသွားမည် ဟု သိရသည်။

သတင်းဆောင်းပါး ဖတ်ပြီးတော့ ကျွန်တော့် ရင်ထဲတွင် ဗလောင်ဆူသွားသည်။

သတင်းစာကို စားပွဲပေါ်တွင် ပစ်ပေါက်လိုက်သည်။

'မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး၊ နီရာ့ကို ကျွန်တော် ဖြေရှင်းချက် ပြန်ထည့်ပေးမယ်'

'ဘာမှမထူးတော့ဘူး၊ အားလုံး ပျက်စီးကုန်ပြီ'

ဂျော့ဟောဒင်က ဝင်ပြောသည်။

'ဘာတွေ ပျက်စီးကုန်တာလဲ၊ အိမ်ဝယ်မယ့်လူတိုင်းက ဒါလောက် အဓိပ္ပာယ်မရှိတဲ့ ဆောင်းပါးကို ဖတ်မှာမို့လား'

ကျွန်တော် ဒေါသတကြီး အော်မေးလိုက်သည်။

'မောင်ရင် မှားနေပြီ လုဒ်'

စတင်ဘာရိုက လေအေးကလေးဖြင့် ဝင်ပြောသည်။

'ကိုယ့်အရောင်းမှတ်တမ်းအရ မနေ့ညနေအထိ ကမ်းလှမ်းထားတဲ့ လူပေါင်း ၄၇ ဦး ရှိတယ်၊ သေချာတာက ၁၉ ဦး၊ ဒီနေ့မနက် ၁၀ နာရီမှာ ကမ်းလှမ်းထားတဲ့ လူ ၃၆ ဦး နောက်ဆုတ်သွားတယ်၊ စာချုပ်ချုပ်မယ့်ဆဲဆဲ လူ ၁၆ ယောက် လာဖျက်သွားတယ်၊ အားလုံးနဲ့ ကိုယ်တိုင် လိုက်တွေ့ပြီး ကိုယ် မေးကြည့်တယ်၊ ဒီဆောင်းပါး ဖတ်မိလို့ပါတဲ့'

'အဲဒီ သောက်သုံးမကျတဲ့ သတင်းစာတိုက်ကို တရားစွဲမယ်'

ဂျော့ဟောဒင်က မလိုတမာလေသံဖြင့်-

'ဘာနဲ့ စွဲမလဲ၊ မောင်ရင့်မိန်းမ ပြောတာကို ပြန်ရေးထားတာပဲ'

သူပြောတာ မှန်နေတော့ ကျွန်တော် ဘာမှ ဆက်မပြောနိုင်ဘဲ ဖြစ်သွားသည်။ ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ စီးကရက်တစ်လိပ်ကို ထုတ်လိုက်သည်။

'ဒါဆို ကျွန်တော်တို့ ကုမ္ပဏီကို ပြင်လိုက်ရင်ကော၊ ကျွန်တော့်နာမည် ဖြုတ်ပစ်လိုက်လေ'

'ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး လုဒ်၊ အားလုံး ဖျက်စီးကုန်ပြီ'

ဘာမှ မပြောတော့ဘဲ စီးကရက် မီးညှိလိုက်သည်။ ကျွန်တော့် အိပ်မက်တို့သည် မီးခိုးများနှင့်အတူ လေထဲပျံ့လွင့်သွားကြလေပြီ။

ဘဏ်ဥက္ကဋ္ဌ ခုမှ စကားစသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင် တစ်ခု သတိထားဖို့က ဗီစီမံကိန်းအတွက် ဘဏ်အနေနဲ့ ဒေါ်လာ တစ်သန်းနီးပါး ထုတ်ပေးထားတယ်၊ ဒါကို မဆုံးအောင် တို့ကာကွယ်ရလိမ့်မယ် 'လုခ်'

'ကျွန်တော့်ကို အခွင့်အရေးတစ်ခု ပေးပါ၊ တစ်နေရာရာမှာ ပြောင်းပြီး ကျွန်တော် ဆက် လုပ်ချင်ပါတယ်'

'ကောင်းတဲ့အကြံပါပဲ၊ ဒါပေမဲ့ မောင်ရင့်တိုက်တွေကို ဝယ်မယ့်လူ ရှိတော့မယ် မထင်ဘူး၊ ငွေထပ်ရဖို့ တခြားဘဏ်တွေဆီကလည်း မျှော်လင့်ချက် မရှိဘူး၊ အစကတည်းက ထည့်မလား ကိုယ်မေးတယ်၊ ကိုယ်တို့ဘဏ်သာ မိုက်မိုက်ကန်းကန်း ထုတ်ပေးခဲ့တာ'

ခုချိန်အထိ ငြိမ်နေသေးသည့် ယောတ္တမကြီးကို လှမ်းကြည့်လိုက်သည်။

'ဘယ်လို လုပ်ကြမလဲ မေမေဟောဒင်၊ ကျွန်တော်တို့အားလုံး ကွဲပြီပေါ့။ မေမေ ဟောဒင်ရဲ့ ဒေါ်လာ သုံးသောင်းလည်း ရေထဲမျောပြီပေါ့'

အဘွားကြီးက ကျွန်တော့်ကို ခပ်တည်တည်ကြည့်ပြီး-

'တစ်ခါတစ်ခါ အရှုံးနဲ့ပိုင်းပြီး ခပ်မြန်မြန် ရပ်ပစ်တန် ရပ်ပစ်ရတယ်။ ငွေဆုံးရတာ အကြောင်း မဟုတ်ပါဘူး။ ဒါထက် ဆယ်ဆလည်း အဆုံးခံနိုင်တယ်။ ဒီတော့ ဘာမှအကျိုးမရှိတဲ့ မင်းလုပ်ငန်းကို မင်း ဆက်ကာကွယ်မနေနဲ့တော့ လုခ်'

ကျွန်တော် သူတို့ကို တစ်ယောက်ချင်း ကြည့်လိုက်သည်။

'ဘာမှမဖြစ်လောက်တဲ့ ဒီသတင်းတစ်ပုဒ်ကြောင့် ကျွန်တော်တို့လုပ်ငန်းကြီးတစ်ခုလုံး ပျက်စီးရမယ်ဆိုတာ ကျွန်တော်တော့ နားမလည်နိုင်ခုအောင်ဘဲ'

'အဲဒီသတင်းကို မင်းမိန်းမ ပြောတာ မဟုတ်ရင် ဒါလောက် ဘယ်ဆိုးမလဲ'

အဘွားကြီး ကောက်ချက်ဆွဲပုံမှာ ရှင်းနေသည်။

'မေမေဟောဒင် သမီးကို ဘယ်တုန်းကမှ မထိန်းနိုင်ခဲ့ဘူးနော်'

'ခုဟာက မင်းမိန်းမအနေနဲ့ ပြောတာလေ၊ မေမေဟောဒင်အနေနဲ့ ပြောတာ မဟုတ် ဘူး၊ မင်းတာဝန်'

ကျွန်တော် စိတ်ဆိုးသွားသည်။

'ကလေးမှ မဟုတ်ဘဲဗျာ၊ ဒီလိုပြောရင် ဘာဖြစ်နိုင်တယ် ဆိုတာ သိရမှာပေါ့'

'ဘာပဲဖြစ်ဖြစ် မင်းတာဝန်ပဲ'

အဘွားကြီးက ခေါင်းမာမာဖြင့် ဖွတ်ပြောသည်။

'ကျွန်တော်က ဘာလုပ်နိုင်မှာလဲ မေမေဟောဒင်၊ အခန်းထဲထည့်ပြီး အစာမကျွေးဘဲ လှောင်ထားရမှာလား'

နီရှာ့အစ်ကိုတော် ဂျော့က ကျွန်တော့်ဘက်လှည့်ပြီး-

'ကဲ. . ပြီးတာတွေ ငြင်းခုံမနေကြနဲ့တော့၊ သိပ်နောက်ကျသွားပြီ၊ ဒါတွေ တွေးပူရင် မောင်ရင့်ကို အချိန်ယူပါဦး၊ ကိုယ် ပြောတာပေါ့'

'ဘာအချိန်ယူစရာ လိုလဲဗျ၊ ကျွန်တော်တို့စီမံကိန်းက ရည်ရွယ်ချက်ကောင်းနေတာပဲ ခုထက်ထိလည်း ဘာမှ ပြောစရာမရှိဘူး၊ ဒါပေမယ့် ခင်ဗျားတို့ကြိုက်သလို ဆုံးဖြတ်လေ'

ကျွန်တော် ဗုန်းခနဲထပြီး တံခါးဝသို့ လျှောက်သွားသည်။

'လုခ်'

အဘွားကြီး လှမ်းခေါ်သဖြင့် ကျွန်တော် ခြေလှမ်းတုံ့သွားသည်။



'ဟုတ်ကဲ့'

'သိပ် စိတ်မာတ်မကျပါနဲ့၊ မင်းပိုက်ဆံ ပြန်ထုတ်ယူလို့ရအောင် မေမေဟောဒင် စီစဉ် ပေးပါ့မယ်'

ကျွန်တော် အဘွားကြီးကို စိုက်ကြည့်လိုက်သည်။

'သနားသဖြင့် ပေးကမ်းစွန့်ကြဲတဲ့ စားကြွင်းစားကျန်မျိုး ကျွန်တော် ဘယ်တော့မှ လက်မခံဘူး၊ ဟောဒင်နဲ့ ကာရှသာ ကုမ္ပဏီထဲမှာ ကျွန်တော့်နာမည်နဲ့ ထည့်ထားတဲ့ စတော့ တွေကိုလည်း ကျွန်တော် အပြတ်ရှင်းမယ်'

အဘွားကြီး၏ မျက်လုံးတွေ ချက်ချင်းအေးစက်မာကျောသွားသည်။ သို့သော် မတတ် နိုင်။ ဒါလောက်တော့ ကျွန်တော် ပြောရလိမ့်မည်။

အဘွားကြီးက စိတ်ထိန်းထားသည့် လေသံဖြင့်-

'ဆင်ကန်းတောတိုး မလုပ်နဲ့ လုခ်၊ နောက်တစ်ကြိမ်ဆိုတာ အမြဲတမ်းရှိတယ်'

ကျွန်တော် ခါးသီးစွာ ပြုံးမြလိုက်သည်။

'ပြောချင်တဲ့အဓိပ္ပာယ်က လိမ်လိမ်မာမာနေ၊ ဟောဒင်နဲ့ကာရှသာ ကုမ္ပဏီကို ပြန်သွား၊ သူတို့ပြောတဲ့အတိုင်း လုပ်၊ ဒါပဲ မဟုတ်လား'

အဘွားကြီး ဘာမှမပြောတော့။ နှုတ်ခမ်းနှစ်ခုကို မျဉ်းဖြောင့်တစ်ကြောင်း ဖြစ်သည် အထိ တင်းတင်းစေ့ထားသည်။

ကျွန်တော် နာနာကြည်းကြည်း ဆက်ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အတွက် မစဉ်းစားပါနဲ့တော့။ ဒါတွေ ကျွန်တော့် ဘဝမှာ ရိုးနေပါပြီ၊ ဒါဟာ ပထမဆုံးအကြိမ် ကျွန်တော် အကျနာခြင်း မဟုတ်ပါဘူး။ ကောင်းကင် မှာ ဒဏ်ရာရပြီး မီးလျှံတွေနဲ့အတူ မြေပြင်ကို ဆင်းခဲ့ဖူးတာပဲ'

နောက်တစ်ကြိမ် သူတို့အားလုံး ဝေ့ကြည့်လိုက်သည်။ သူတို့အားလုံး ငြိမ်နေကြ၏။

'ကျွန်တော် ဝတ်မသေနိုင်ပါဘူး၊ အခက်အခဲတွေထဲက ဖောက်ထွက်နေကျပဲ၊ ခုလည်း ကျွန်တော် ရုန်းထွက်ဦးမယ်'

အဘွားကြီး ဆက်စိတ်ထိန်းနိုင်တော့ဟန် မတူ။ ဒူးဒူးရှရှ ဒေါသတကြီး ပြန်ပြောသည်။

'မင်း အဲဒီတံခါးအပြင်ကို ရောက်တာနဲ့ ဘယ်တော့မှ ပြန်လာခွင့်မရှိတော့ဘူး။ နားလည်လား'

ကျွန်တော် အာညောင်းလှပြီ၊ ရုတ်ခြည်း ပင်ပန်းနွမ်းနယ်သွား၏။

'စကားနိုင်လုနေဖို့ အချိန် မဟုတ်တော့ဘူး မေမေဟောဒင်၊ ခင်ဗျားတို့ သားအမိရဲ့ ဇစလိုရာစေ ဘဝမျိုး ကျွန်တော့်ကိုယ် ကျွန်တော် အရောက်မခံပါဘူး။ အစကတည်းက ကျွန်တော် မှားခဲ့တယ်ဆိုတာ တဖြည်းဖြည်း သိလာပြီလေ'

တံခါးကို နောက်ပြန် ပိတ်ခဲ့ပြီး အရက်ဆိုင်သို့ ထွက်ခဲ့သည်။ တစ်ခွက် နှစ်ခွက် သောက်ပြီး အိမ်ပြန်သွားသည်။ နီရှာကို ရင်ဖွင့်တော့မည်။ သို့သော် မရှေ့နီရှာကို ကျွန်တော် မတွေ့ပါမိတော့။ နယူးယောက်သို့ ထွက်သွားလေပြီ။

သမီးအခန်းဆီသို့ ကျွန်တော် လေးကန်စွာ တက်လာခဲ့၏။ ဒန်နီက ပုခက်ထဲတွင် အိပ်နေသည်။ ကောက်ယူပွေ့ချီလိုက်ပြီး ရင်မှာအပ်ကာ တင်းတင်းဖက်လိုက်၏။ ပါးပြင်ပေါ်

www.burmeseclassic.com



သို့ မျက်ရည်ပေါက်တွေ နွေးခနဲ နွေးခနဲ စီးဆင်းသွားသည်ကို သတိထားမိလိုက်သည်။ မျှ လည်တိုင်နုနုကလေးကို ကျွန်တော်နှုတ်ခမ်းများဖြင့် ဖိထားလိုက်၏။

နှုတ်မှ တိုးတိုးကလေး ထွက်သွားသည်။

'သမီး. . . ဖြေဖြေ ဖေဖေ့သမီးလေး။ ဖေဖေတော့ ခံလိုက်ရပြီကွယ်'

ဒန်နီ တစ်နှစ်ပြည့်သည့်နေ့တွင် ဒေဝါလီခံဘဝဖြင့် ကျွန်တော် အလုပ်လက်မဲ့ ဖြစ်ခဲ့ ရသည်။

❑ ❑ ❑

# အခန်း ( ၁၅ )

ကာလသည် ရုတ်ခြည်း တဲ့ခနဲ ရပ်သွားသလို ရှိ၏။ လှုပ်ရှားသွားလာနေပါလျက် တစ္ဆေတစ်ကောင် လို ဖြစ်သွား၏။ လူတွေ ကျွန်တော့်ကို မမြင်ကြတော့။ သူတို့နှင့် အထိအတွေ့ လုံးဝကင်းကွာ သွား၏။ တစ်ခုတော့ အမြတ်ထွက်သည်။ လူတွေကို အသေးစိတ် ပိုမြင်လာ၏။ အမှောင်ထဲမှ အလင်းထဲသို့ ကြည့်ရသည့်နှယ် ရှိ၏။

နိုရာ့အမေသည် အလွန်ကတိတည်သော မိန်းမကြီးပါပေ။ ကုမ္ပဏီမှ ကျွန်တော့် နာမည်ကို ဖျက်ထုတ်ပစ်လိုက်ရုံမက ဘယ်အလုပ်တမှ လက်မခံအောင်လည်း စေ့စေ့စပ်စပ် ပိတ်ဆို့ထားလိုက်သည်။ ဒါကို သိသည့်အချိန်မှ စ၍ အလုပ်ရဖို့ ကျွန်တော်လည်း ဆက်မကြိုးစား တော့။ ကျွန်တော့်ဘဝတွင် ဒန်နီမှလွဲ၍ ဘာမှ မရှိတော့ပေ။

ပန်းခြံထဲတွင် လမ်းလျှောက်သင်ပေးသည်။ တိရစ္ဆာန်ရုံထဲတွင် သူ့ရယ်သံလွင်လွင်က လေးကြောင့် ကျွန်တော် ရင်အေးရသည်။ အကြွေစေ့ကလေး ထည့်လိုက်လျှင် ပယင်းနန်းတော် ကြီး ထွက်လာသည်ကို ဒန်နီ အလွန်သဘောကျသည်။ သို့သော် သူ့အကြိုက်ဆုံးမှာ ယာတောပုံ ပြင်၏။ လယ်သမားကြီးက နို့ညှစ်လို့၊ လယ်သူမကြီးက ကြက်ကလေးတွေ အစာကျွေးလို့၊ လေးရုပ်ဟတ်ကြီးက ယာတောအိမ်ကြီး၏ ကလေး၏ နံဘေးတွင် ဖြည်းဖြည်းချင်း လည်လို့။

ဒန်နီကလေး၏ ဒုတိယမွေးနေ့တွင် ကျွန်တော် အကြွေတွေ အများကြီး ကုန်သွား သည်။ ယာတော မြင်ကွင်းကို ခြောက်ခါတိတိ ဆက်တိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညညများတွင်တော့ ခါးသီးနာကျင်မှုတို့ကို ဘာဘွန်းဝီစကီဖြင့် ချေဖျက်ရသည်။ ရုံးပိတ်ရက်များတွင် နိုရာ အိမ်မှာ အနေများသဖြင့် ကျွန်တော်က လာဂျီလာတွင် မော်တော်ကားတစ်စင်းဖြင့် အချိန်ဖြုန်းသည်။

ဒေဝါလီခံလိုက်ရပြီးနောက် ကျွန်တော့်တွင် တစ်ခုတည်းသော ကျန်ရစ်သည့် မဈ္ဈည်းမှာ မော်တော်ဘုတ်ကလေးသာ ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် လက်ကျန်တန်ဖိုးကလေး အထိုက်အလျောက် ရှိပါသေးလားဟူ၍ စနေ၊ တနင်္ဂနွေလို နေ့မျိုးတွင်သာ သတိတရ ရှိရသည်။ လုပ်စရာဆို၍ သည်နေ့များတွင်သာ ရှိသည် မဟုတ်လား။

ဆေးသုတ်လျှင် သုတ်၊ မသုတ်လျှင် အင်ဂျင်ကို နှိုက်၊ ဖြုတ်ဟယ် တပ်ဟယ်နှင့် ကျွန်တော့် မော်တော်ဘုတ်ကလေးကို တယုတယ ပြင်သည်။ တစ်ခါတလေ နှစ်ရက်လုံးလုံး အရက်သောက်ဖို့ပင် သတိမရ။ သို့သော် တနင်္လာနေ့ အိမ်ပြန်ရောက်သည်နှင့် ပုလင်းကို အဖော်ပြုမိပြန်သည်။

ဘာဘွန်းဝီစကီကို တီထွင်သည့် ပုဂ္ဂိုလ်ကို ကျွန်တော် ရွှေတံဆိပ်ပေးချင်သည်။ စကော့ ဝီစကီက ဆေးနံ့ နံသည်ဟု ကျွန်တော် ထင်သည်။ ဂျင်ကျပြန်တော့လည်း ရေမွှေးကို သောက်ရသည့်နှယ်။ ကောက်ပဲသီးနှံနှင့် ချက်သည့် ဝီစကီတွေ ကျပြန်တော့ ဗိုက်ပွချင်သည်။ ဘာဘွန်းကမူ အစဉ် ချိုမြိန်နေသည့် ယမကာတစ်မျိုး ဖြစ်၏။

ပျော့ပျော့ကလေး၊ ညက်ညက်ကလေးနှင့် တစ်ကိုယ်လုံးသို့ ဆွတ်ပျံ့သွားစေသည့် ဝီစကီမျိုး ဖြစ်၏။ ဘာဘွန်းဝီစကီကို သောက်လို့ ဘယ်တော့မှ အလွန်အကျွံ မမူး။ ရင်ထဲမှာ ဟာနေသည့် ကွက်လပ်တွေကို ဖြည့်ဆည်းပြီးသား ဖြစ်ကာ အားအင်ပြည့်ဖြိုးလာသည် ထင်ရ၏။ ပြီးတော့ အိပ်ပျော်ခြင်းသို့ အလွယ်တကူ ရောက်လေသည်။

သို့သော် ယခုမူ ဘာဘွန်းဝီစကီသည်ပင်လျှင် ကျွန်တော့်ကို အိပ်ပျော်အောင် မဆောင်ကြဉ်းနိုင်တော့ပါတကား။ သည်တော့ ပိုပြီး တွေးဖြစ်သည်။ စဉ်းစားဆင်ခြင်ဖြစ်သည်။ လူတွေအကြောင်း ပိုသိလာသည်။

အိပ်မပျော်သည့် ညများသည် ရှည်လျားလွန်းလှ၏။ သည်လို ညတစ်ညတွင် အောက်ထပ်သို့ ပုလင်းအသစ်ယူဖို့ ဆင်းခဲ့သည်။ မနက် သုံးနာရီခန့် ဖြစ်၏။

လှေကားရင်း ကျွန်တော်အရောက်တွင် နိုရာ သူ့အခန်းထဲမှ ထွက်လာသည်။ တံခါးကို နောက်ပြန်ပိတ်ပြီး တွေရပ်နေသည်။ မျက်လုံးချင်း ဆုံမိကြ၏။ နှစ်ယောက်စလုံး သူစိမ်းပြင်ပြင်။ ရင်းနှီးခဲ့သည့်ကာလမှာ ဟိုးအဝေးကြီးတွင် ကျန်ခဲ့သည့်အလား။

ကျွန်တော့်ကိုယ်ကျွန်တော် ဘာနဲ့ တူနေသည်ကို သိပါသည်။ ညဝတ်ရှည် ကပိုကရို ဆံပင်စုတ်ဖွားနှင့်။ လုံးဝ ကြည့်ပျော်ရှုပျော် ရှိမည် မဟုတ်ပါ။

သူကတော့ ပထမတွေ့စက ပုံစံအတိုင်းပင်။ ယောက်ျားတကာတို့ကို ညို့ယူဖမ်းစားနေသည်။ သူ့ကိုယ်မှ အမွှေးနံ့က မြူဆွယ်ဖြားယောင်းနေသေးသည်။

မျက်နှာမှာ အနည်းငယ်ဖျော့သည်။ မျက်ကွင်းကလေးများ မသိမသာ ညိုနေသည်ကတော့ အိပ်ရေးပျက်၍ဖြစ်၏။ ဝဝလင်လင် အိပ်လျှင် သည်အညိုကွင်းကလေးများ ပြေပျောက်သွားသည်ချည်း။ သူ့အကြောင်း ချေးခါးအူမကျန် ကျွန်တော် သိနေပါပြီ။

သိနေသဖြင့် ဆက်မကြည့်လိုတော့ဘဲ လှည့်ထွက်ခဲ့၏။ သရော်တော်တော် လေသံဖြင့် နောက်မှ လှမ်းပြောသည်။



'အရက်ပုလင်း ဆင်းယူတာဆိုရင် ရှင့်ကိုယ်ပိုင် ညှော်ခန်းထဲကိုသာ တန်းသွား၊ ချားလ်စ်ကို တစ်သေတ္တာ ပို့ခိုင်းထားတယ်'

ကျွန်တော် ဘာမှ ပြန်မပြော။

'ဘာဘွန်းပုလင်း ဆင်းယူတာ မဟုတ်လား'

သူ့ကို မော့ကြည့်ပြီး ကျွန်တော် ပြန်ဖြေလိုက်သည်။

'ဟုတ်တယ်'

'သိပါတယ်၊ ပြန်တက်လာရင် လှေကားမီး ပိတ်ဖို့ မမေ့နဲ့ဦးနော်'

ကျွန်တော် ညှော်ခန်းထဲရောက်မှ ပြောချလိုက်ဖို့ကောင်းသည့် စကားလုံးများ ခေါင်းထဲ ပေါ်လာသည်။ သို့သော် နောက်ကျခဲ့ပြီ။ ရင်ထဲတွင် စက်ဆုပ်ရွံရှာခြင်း၊ ခါးသီးမုန်းတီးခြင်း လှိုင်းလုံးတွေ ပုတ်ခတ်လာ၏။ ဝီစကီဖြင့် ဖိထားလိုက်ရသည်။

သမီးကလေး ရှိသေးသည် မဟုတ်လား။ သတိသမ္ပဇဉ်ဖြင့် စိတ်ထိန်းရ၏။ သမီးကလေး ဘဝအတွက် တစ်စုံတစ်ယောက် လိုသည်မှာ အမှန်ပင် ဖြစ်ပါသည်။ သူ့ကို ချစ်ဖို့၊ တိရစ္ဆာန်ရုံ ပို့ဖို့၊ အရုပ်ကလေးတွေ ထွက်လာသည့် စက်ထဲသို့ အကြွေထည့်ပေးဖို့ စသည်. . စသည်။

မအေကိုယ်တိုင် ဘယ်တော့မှ လုပ်ပေးမည် မဟုတ်သည့် ဝေယျာဝစ္စကလေးတွေလေ။ ပုလင်းကို ပိုက်ပြီး အပေါ်ထပ် တက်ခဲ့သည်။ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်၏။

တတိယမြောက်ခွက်ကို မော့နေစဉ် နိုရာ့အခန်းဆီမှ တံခါးဖွင့်သံ ကြားလိုက်ရ၏။ အိမ်သာ တံခါးရှက်ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်၏။ တံခါးကို ကျွန်တော် ချက်ချမထားခဲ့။ သွားပိတ်မည်ပြုပြီးမှ မထတော့ဘဲ ဖန်ခွက်ကို ဆက်မော့နေသည်။

လက်ကျန်ကို ခပ်သွက်သွက် ရှင်းလိုက်ပြီး မီးပိတ်လိုက်သည်။ သို့သော် အိပ်လို့မပျော်နိုင်သေး။ သူ့အခန်းဆီမှ လှုပ်ရှားသံများကို ကျွန်တော် နားစွင့်နေလိုက်သည်။ သိပ်မကြာပါ။ ရေချိုးခန်းမီးဖွင့်သံ ကြားလိုက်ရပြီး ကျွန်တော့်အခန်းဝတွင် သူ လာရပ်သည်။ ညဝတ်ရုံ ပါးလွှာလွှာအောက်တွင် ဘာမျှ ဝတ်မထား။

ဖိတ်ခေါ် ညုတုသံဖြင့် မေးသည်။

'မောင် မအိပ်သေးဘူးလား ဟင်'

ဘာမှ မပြောဘဲ အိပ်ရာပေါ်တွင် ကျွန်တော် ထထိုင်လိုက်၏။

'နိုရာ့အခန်းတံခါး ဖွင့်ထားတယ်လေ'

ကျွန်တော် ဘာမှ ပြန်မပြောမိ။

သူ ခုတင်ခြေရင်းသို့ လျှောက်လာသည်။ ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ပခုံးကို ဖသာတွန့်လိုက်ရုံမျှဖြင့် ညဝတ်ရုံကွာကျသွားသည်။

'ဟိုတုန်းက မောင် ပြောတာတွေကို မှတ်မိနေသေးတယ်၊ အဲဒီအတိုင်း ဟုတ်သေးရဲ့လား'

ချော့မြူသံ မဟုတ်တော့။ ခပ်ပြင်းသံ စွက်နေမှန်း သိလိုက်၏။

စီးကရက်တစ်လိပ် လှမ်းယူညှိလိုက်သည်။ ကျွန်တော် လက်တွေ တုန်နေ၏။ သူက ပိန်ကြည်းခပ်ပြင်းသည့် လေသံဖြင့်-

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတုန်းက ရှင်ဟာ ယောက်ျားပီသခဲ့တယ်၊ ခုရှင် ဘာဖြစ်နေပြီလဲဆိုတာ ကျွန်မ သိပြီ၊ ယူနီဖောင်းချွတ်လိုက်ကတည်းက ရှင့်ဘဝမျက်ခဲ့တာ မဟုတ်လား'

စီးကရက်ကို တအားရှိုက်လိုက်သည်။ အဆုတ်ထဲထိ မီးခိုးငွေ့တွေရောက်သွားသည် ထင်၏။ ဆုပ်ထားသည့် လက်သီးထဲတွင် ချွေးတွေ ပြန်လာသည်။

'မင်းအခန်း မင်း ပြန်ပါ နီရာ'

ကျွန်တော် တုံးတိတိ ပြောလိုက်၏။

သူက ခုတင်ပေါ် တင်ပါးလွှဲဝင်ထိုင်ရင်း ကျွန်တော့်ပါးစပ်ထဲမှ စီးကရက်ကို ဆွဲယူ ဖွာသည်။ ပြီးမှ ကျွန်တော့်ကို ပြန်ပေးသည်။ အစီခံတွင် နှုတ်ခမ်းနီနဲ့ သင်းသင်း စွဲကျန်နေ ၏။

'လုံးဝ ချစ်ချင်စိတ် မရှိတော့ဘူး ဟုတ်လား'

'တော်ပါတော့ နီရာရယ်'

သို့သော် နီရာက ကျွန်တော့်စကားကို နားမထောင်။ ကျွန်တော့်နံဘေးသို့ လှဲချသည် ထုံးစံအတိုင်း သူ လိုချင်တာကို ရအောင်ယူတော့မည်ဟန်။

'နီရာ'

ကျွန်တော် သူ့ပခုံးဆွဲပြီး တအားတွန်းဖယ်ပစ်လိုက်သည်။

ကျွန်တော့် တစ်ကိုယ်လုံး အဖျားတက်သလို တုန်တုန်ယင်ယင် ဖြစ်နေ၏။ သူ ညဝတ်ရုံကို ကောက်ယူပြီး အောင်မြင်သည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ငုံကြည့်နေသည်။

'ထင်တဲ့အတိုင်းပါပဲ၊ ရှင်ဟာ လူပျိုပေါက်ကလေးတစ်ယောက်လောက်တောင် အသုံး မကျတော့ဘူး'

ဝုန်းခနဲ တံခါးပိတ်သွားသည်။ ပုလင်းကို လှမ်းဆွဲလိုက်၏။ သို့သော် ဘာအရွန်ပီကဲ သည် ကျွန်တော့်ရင်ထဲမှ ဝေဒနာပေါင်းစုံကို မကုစားနိုင်တော့ပြီ။

* * *

ကိုရီးယားတွင် အနီတွေ တစ်ဘက်နယ်ထဲ ကျူးကျော်ဝင်ရောက်လာပြီ ဖြစ်ကြောင်း သတင်း ထုတ်ပြန်သည့်နေ့က ကျွန်တော် လာဂိုလာတွင် ရောက်နေသည်။ မော်တော်ပေါ်မှ ရေငုပ်ယူ ကို ဝိတ်ပြီး ကုန်းပေါ်သို့ တက်ခဲ့၏။

ဝါရှင်တန်မှ ဂျင်မီပီတာဆင်ကို လှမ်းခေါ်သည်။ ကျွန်တော်တို့နှစ်ယောက်မှာ လေ တပ်ထဲတွင် အတူတွဲခဲ့သည့် သူငယ်ချင်းများ ဖြစ်၏။ သူက တပ်ထဲတွင် ဆက်နေသဖြင့် ယခု လေတပ် ဗိုလ်ချုပ် ဖြစ်နေပြီ။

'ခု ကိုယ် ရေဒီယိုက ကြားလိုက်တယ် သူငယ်ချင်း၊ ဘယ့်နှယ်လဲ၊ ကိုယ် ပြန်လာရ မလား'

'လာလေကွာ၊ ဒါပေမဲ့ တို့ ခု ဂျက်တွေ သုံးနေပြီ သူငယ်ချင်း၊ သင်တန်းတွေ ပြန် တက်ရလိမ့်မယ်၊ ဟိုတုန်းက စံချိန် မင်း ပြန်တင်နိုင်ပါ့မလား'

'ဟေး. . ပီတာ၊ စံချိန်တွေ ဘာတွေ ထားစမ်းပါ သူငယ်ချင်းရာ၊ ငါ ဘာဆိုင် ပြန်ဝင်ရ ဝင်ရပါကွာ'



သူက ရယ်ပြီး

'ဒါဖြင့် ဗိုလ်လုပ်၊ မင်း မနက်ဖြန် ဘိလ်ကီလီယန်နဲ့ ဆက်သွယ်လိုက်၊ သူ ပရက်စီဒီယို မှာ ရှိမယ်၊ ငါ့ဘက်က လုပ်စရာရှိတာတွေ လုပ်ထားလိုက်မယ်'

'ကျေးဇူးပဲ ပီတာ၊ ငါ အသင့်ပြင်ပြီး စောင့်နေမယ် သူငယ်ချင်း'

'အေးပါ၊ ဗိုလ်ကြီးဘဝနဲ့ ပြန်ဝင်ရမှ မင်း ငါ့ကိုမဆဲနဲ့'

'ဟေး. . ဒီမှာ ဗိုလ်ချုပ်၊ ငါ့တို့ ရဲဘော်ဘဝ ပြန်ထားလည်း ရတယ်ကွ။ သိလား'

မော်တော်ဘုတ်ဆီသို့ ကျွန်တော်ပြန်ဆင်းခဲ့သည်။ အိမ်က ယူလာသည့် အိပ်ရာ ...ယားကလေးပေါ်တွင် ဒန်နီ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်နေသည်။ သူကလေး သုံးနှစ်ပြည့် ...တော့မည်။ ကျွန်တော် ပွေ့ယူလိုက်တော့ မျက်လုံးဖွင့်လာသည်။

အိပ်ချင်မူးတူး လေသံဖြင့်-

'ဘယ်တွားမလို့လဲ ဖေဖေ'

'အိမ်ပြန်ကြစို့ သားမီး၊ ဖေဖေ လုပ်စရာရှိလို့နော်'

'ဒါဖြင့် တွားလေ'

မျက်စိကလေး ပြန်မှိတ်သွားသည်။

အိပ်ရာကလေးကို ခေါက်ပြီး ကားနောက်တွင် ပူးချည်လိုက်ပြီး အထုပ်အပိုးတွေကို ကားထဲ ပစ်သွင်းလိုက်၏။ နာရီကို ကြည့်လိုက်တော့ ရှစ်နာရီထိုးတော့မည်။ လမ်းရှင်းလျှင် ...နီဖရန်စစ္စကိုကို မနက် လေးနာရီ ရောက်နိုင်သည်။

လမ်းတစ်လျှောက်လုံး ကားသွားကားလာ ရှင်းသဖြင့် ကျွန်တော့်စိတ်ကြိုက် မောင်းချ လာခဲ့သည်။ ဒန်နီက တစ်လမ်းလုံး အိပ်လိုက်လာသည်။ အိမ်ရောက်တော့ မနက်သုံးနာရီခွဲ ပြီ။ ဒန်နီ့ကို ပွေ့ပြီး သူ့အခန်းထဲ ပို့ပြီး ပုခက်ထဲ ထည့်သိပ်သည်။ နီရာ့စတူဒီယိုခန်းထဲတွင် မီး လင်းနေဆဲ။

အခန်းထဲ ဝင်ခဲ့ပြီးမှ မီးတွေပိတ်ဖို့ သတိရပြီး ပြန်ထွက်ခဲ့သည်။ နီရာ့ကိုတော့ မနက်ဖြန် မှပဲ ပြောတော့မည်ဟု စိတ်ကူးလိုက်၏။ မထူးပါဘူး၊ သူမှ မအိပ်သေးတာ။ ခုချက်ချင်း ပြောလိုက်တာပဲ ကောင်းပါတယ်။

စတူဒီယိုခန်းထဲသို့ ကျွန်တော် ဆင်းလာခဲ့သည်။ မီးတွေအားလုံး ဖွင့်ထားသည်။ နီရာကို မတွေ့ရ။

'နီရာ'

ကျွန်တော် ခေါ်ကြည့်လိုက်၏။

အခန်းကလေးတစ်ခန်းထဲမှ လှုပ်ရှားသံလိုလို ကြားရသဖြင့် ကျွန်တော် လျှောက်သွား ပြီး တံခါး ဆွဲဖွင့်လိုက်သည်။

ထပ်ခေါ်ကြည့်မည်ပြုပြီးမှ ကျွန်တော့်အသံသည် လည်ချောင်းထဲတွင် ပျောက်ကွယ် သွားလေသည်။

ကျွန်တော့်ကို မြင်တော့ သူတို့နှစ်ယောက်စလုံး အိပ်ရာပေါ်တွင် ကြက်သေ ေသနေ ကြသည်။ နီရာက ပထမ သတိဝင်လာပြီး သူ့ကိုယ်သူ အိပ်ရာခင်းဖြင့် ဆွဲဖုံးရင်း အော်သည်။

'ထွက်သွား'

www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံကို အဝေးကြီးမှလာသည့် အသံဟု ထင်လိုက်၏။ ရှေးခေတ် ပြင်သစ် ဝတ္ထုတွေထဲမှ အခန်းတစ်ခန်းနှင့် တူလှ၏။ အမှန်တရားတို့ ဘူးပေါ်သလို ပေါ်လာသဖြင့် လှုပ်ရှားလာသည့် ဒေါသစိတ်နှင့် ရယ်ချင်စိတ်တို့ ကျွန်တော့်ရင်ထဲတွင် ရောထွေးသွားသည်။

သို့သော် ဒေါသစိတ်က အနိုင်ရသွား၏။ အိပ်ရာနားသို့ ဝုန်းခနဲရောက်သွားပြီး နီရာ ရင်ခွင်မှ လူကို လည်ပင်းမှ ဆွဲထူပြီး မေးရိုးကို ပင့်ထိုးချလိုက်သည်။ အခန်းပြင်ဘက်သို့ ကား ခနဲ လွင့်ထွက်သွား၏။ ရုပ်တုကြီးတစ်ခုကို ဝင်တိုက်ပြီး လူရော ရုပ်တုပါ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။ ဝုန်းခနဲ ကျသွားသည့်အသံက နားပင်းများပင် လန့်နိုးလောက်သည်။

နောက်တစ်ချက် ချီးမြှင့်ဖို့ ရှေ့တိုးလိုက်သည်။ ကျွန်တော့်ခြေလှမ်း တုံ့သွားသည်။ လက်ပူးလက်ကျပ် အမိခံလိုက်ရသဖြင့် ရှက်ကြောက်ခြင်း၊ ထိတ်လန့်ခြင်းများ ရောထွေးနေသည့် ထိုလူမှာ ပီဘိကလေးမျက်နှာနှင့် လူငယ်ကလေးပါလား။ ကျွန်တော့်လက်သီးတွေ လျော့ ပြေသွားသည်။

ချားလိစ် ကပိုကရိုနှင့် စတူဒီယိုခန်းထဲ ပြေးဝင်လာသည်။

သူ့နောက်မှ ထမင်းချက်နှင့် အောက်ထပ် အိမ်စေမလေးတို့က စတူဒီယိုထဲ ချောင်း ကြည့်ကြ၏။

အခန်းထဲ ပြန်ဝင်ခဲ့ပြီး ချာတိတ်၏ အဝတ်အစားတွေကို အပြင်ပစ်ပေးလိုက်ရင်း အမိန့်ပေးလိုက်သည်။

'ချားလိစ် . . အဲဒီခွေးသားလေးကို မြန်မြန် မောင်းထုတ်ပစ်လိုက်စမ်း'

အခန်းတံခါး ပိတ်လိုက်ပြီး နီရာဘက် လှည့်လိုက်သည်။ ဒေါသနှင့် အမုန်းဒိုးတွေ ထုတ်လွှတ်နေသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို စူးစူးကြည့်နေ၏။

'ကဲ . . အဝတ်လေး ဘာလေး ဝတ်လိုက်ပါဦး၊ တကယ့် အပေါစား မိန်းမကျက်နဲ့ တူလွန်းလို့'

'အစေခံတွေ နိုးအောင် ရှင် ဘာလို့ လုပ်တာလဲ၊ ကျွန်မ သူတို့နဲ့ ဘယ်လိုလုပ် မျက်နှာချင်းဆိုင်မလဲ'

ကျွန်တော် သူ့ကို စိုက်ကြည့်နေလိုက်၏။

သူ မျှော်မှန်းသည့် ဇာတ်လမ်းကို လက်ပူးလက်ကျပ် အမိခံရခြင်းသည် သူ့အတွက် အကြောင်း မဟုတ်။ အစေခံတွေ သိသွားသည်က အကြောင်းဖြစ်နေ၏။ ကျွန်တော် ခေါင်းယမ်း လိုက်သည်။ ကျွန်တော် သိစရာတွေ အများကြီး ရှိဦးမှာပါလားဟုလည်း တွေးလိုက်သည်။ တစ်ပြိုင်တည်းတွင် အဖြေအားလုံး ရလိုက်ပြီဟုလည်း ထင်လိုက်၏။

ကျွန်တော် ခပ်တိုးတိုး ပြောလိုက်သည်။

'မင်း ဘာပူစရာရှိလဲ နီရာ၊ ငါတစ်ယောက်က လွဲပြီး မင်းအကြောင်း အားလုံး သိနေကြမှာပဲဟာ'

'ရှင် ကျွန်မကို မယုံဘူးပေါ့၊ ကျွန်မအကြောင်း မဟုတ်တရုတ် ပုံပြင်တွေကို ရှင် ကြားပြီး ယုံနေတယ်ပေါ့ ဟုတ်လား'

'မင်း မှားနေပြီ နီရာ၊ မင်းအကြောင်း ကိုယ် ဘာမှမကြားဘူး၊ ခုထိလည်း မကြားသေး ဘူး။ မင်း မသိဘူးလား၊ လင်ယောကျ်ားဆိုတာ သူများတွေ မသိချင်အဆုံး ဖြစ်ပြီးမှ သိရတာ လေ'



'ဇန်နီ မွေးပြီးကတည်းက ရှင် ကျွန်မဆီ မလာဘူး၊ ကျွန်မ ဘာလုပ်ရမှာတုံး'

ကျွန်တော် ခေါင်းယမ်းလိုက်သည်။

'တော်လောက်ပြီ နီရာ၊ တော်လောက်ပါပြီ'

သူ ငိုချလိုက်သည်။

'အဲဒီအဆင့်တွေကိုလည်း ကျော်ခဲ့ပြီ၊ မျက်ရည်နဲ့ မစည်းရုံးနဲ့တော့ နီရာ'

အငိုလွယ်သလောက် အတိတ်လည်း မြန်သည်။ မာယာပရိယာယ် နှစ်သွယ်ဆက် သည့် မျက်ရည်စက်များ မဟုတ်လား။

အိပ်ရာပေါ်မှ ဆင်းပြီး ကျွန်တော့်ဆီ လာသည်။

'မောင် . . မောင်ရယ်၊ နီရာ့ကို ခွင့်လွှတ်ပါနော်၊ နောက် ဒါမျိုး မဖြစ်စေရပါဘူး မောင်ရယ်'

ကျွန်တော် ရယ်ချလိုက်သည်။

'နောက် ဖြစ်လည်း ကိုယ် မသိနိုင်တော့ပါဘူး၊ ကိုယ် သွားတော့မယ် နီရာ'

'ဟင့်အင်း . . ဟင့်အင်း၊ မောင် မသွားရဘူး၊ နီရာ ကတိပေးပါတယ် မောင်ရယ်၊ အားလုံး မောင့်အလိုကျ ဖြစ်ရပါစေ့မယ် နော်'

ကျွန်တော် သူ့ကို တွန်းလွှတ်လိုက်သည်။ သူ့မျက်လုံးတွေ အထိတ်တလန့် ပြူးကျယ် သွား၏။

'မောင် ဘာလုပ်မလို့လဲဟင်'

ရင်ထဲမှ ဝေဒနာတွေ စုပြုံပေါက်ကွဲတော့မတတ် ခံစားလိုက်ရ၏။ အသက်ရှူသံ မှပ်လို့မရနိုင်လောက်အောင် မွန်းကျပ်သွားသည်။

'အစောကြီး လုပ်သင့်ခဲ့တဲ့ အလုပ်ကို ခုမှ လုပ်ရတော့မှာပေ့ါ နီရာ'

သူ့ပါးကို လက်ပြန် ဖြတ်ရိုက်ချလိုက်သည်။ ခုတင်အောက်သို့ လွင့်ကျသွားသည်။ သူ မထနိုင်ခင် ကျွန်တော် ထွက်လာခဲ့၏။

အိမ်မကြီးဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ အစေခံတွေ ကျွန်တော့်ကို စောင့် ကြည့်နေကြ၏။ သနားစရာကောင်းလှသည့် ဘဏ္ဍာစိုးကြီး ချားလိစ်က ကျွန်တော်နှင့် မျက်နှာ ချင်းမဆိုင်ဘဲ မျက်လွှာချထားသည်။

နီရာ ကျွန်တော့်နောက်မှ ပြေးလိုက်လာသည်။ အဝတ်မပါ ဗလာကိုယ်တီးဖြင့်။ အယုတ္တအနတ္တတွေ ပါးစပ်မှ ရွတ်လျက်။

'ခွေးကမွေးတဲ့ ခွေးသား၊ နင့်အကြောင်းကို တစ်ကမ္ဘာလုံး သိအောင် ငါ လုပ်ပြမယ်၊ လူစဉ်မမီတဲ့ မိန်းမလျာ၊ အခြောက်'

ချားလိစ်ကို ကျွန်တော် တစ်ချက်ကြည့်လိုက်သည်။

'ကြည့်ထိန်းလိုက် ချားလိစ်၊ ဆရာဝန်ခေါ်ဖို့ လိုရင် ခေါ်ပေးလိုက်'

ချားလိစ်က ဘာမှ မပြောဘဲ ခေါင်းညိတ်သည်။ အပေါ်ထပ် ကျွန်တော့်အခန်းထဲ ရောက်သည်အထိ သူ့အော်သံကို ကြားနေဆဲ။

ဆရာမ မစ္စက်ဟိုလ်မင်းက မျက်လုံးအပြူးသားနှင့် ကလေး အခန်းဝမှ ထွက်ကြည့်နေ သည်။

'ဇန်နီ နေကောင်းလား ဆရာမ'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ခေါင်းညိတ်သည်။ မျက်နှာပျက်နေ၏။

ဝန်နီ့အခန်းထဲသို့ ကျွန်တော် လှမ်းဝင်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ နေ၏။ ငုံ့ပြီး မွှေးမွှေးပေးလိုက်သည်။ အခြစ်ကင်းစွာ အိပ်ပျော်နေရှာသည့် သမီးကလေးပါလား

ကိုရီးယားစစ်ပွဲတွင်လည်း ကျွန်တော့်ကံကြမ္မာသည် ဒုတိယကမ္ဘာစစ်အတွင်းက တစ်ပုံစံတည်းပင်။ နောက်ဆုံးပေါ် ဂျက်လေယာဉ်များ၏ စက်မှုဆိုင်ရာ ခေတ်မီတိုးတက် များကို ကျွန်တော် ချက်ချင်း ဖြတ်ကျော်နိုင်ခဲ့သည်။

လေကြောင်း စစ်ပွဲကြီးကို တိုးကြိမ် ဆင်နွှဲခဲ့ရ၏။ ရုရှား အမ်အိုင်ဂျီနှစ်စီးကို ကျွန်တေ ပစ်ချနိုင်ခဲ့၏။ ထို့နောက် ကျွန်တော် ခံရသည့်အလှည့် ရောက်ပြန်၏။ သိပ်ကြီးကျယ်သ စစ်ပွဲမဟုတ်၍ ဆေးရုံမှ ဆင်းပြီး အုပ်ချုပ်ရေးလုပ်ငန်းများနှင့် သောင်တင်မနေတော့ဘဲ အိ ပြန်ပို့ပေးကြသည်။

ဆန်ဖရန်စစ္စကိုက ကျွန်တော့်ကို ကြိုဆိုပုံမှာ သောင်းသောင်းဖြဖြ ရှိလှသည်။ ကြိ တစ်ယောက်တည်းသာ ရှိ၏။ တရားရုံးမှ သမ္မာန်စာကို ကျွန်တော့်လက်ထဲ ထည့်ဖို့ စောင့် သည့် ရုံးလုလင်။

'ကာနယ်ကေရီပါလား ခင်ဗျာ'

'ဟုတ်ပါတယ်'

'စိတ်မကောင်းပါဘူး ခင်ဗျား'

စာရွက်တစ်ရွက် ကျွန်တော့်လက်ထဲ ထည့်ပြီး ခွေးလိုက်သည့် ကြွက်တစ်ကောင် ထွက်ပြေးသွားသည်။

စာရွက်ကို ဖြေပြီး ဖတ်လိုက်သည်။ ၁၉၅၁ ခုနှစ် ဇူလိုင်လ နေ့စွဲဖြင့် ထုတ်ထားသ သမ္မာန်စာ။

'နီရာဟေဇင်ကေရီနှင့် လုခ်ကေရီတို့၏ ကွာရှင်းပြတ်စဲမှု' ဆိုပါလား။ ဦးတိုက်လျှော ထားသူက နီရာဟေဇင်။ အကြောင်းပြချက်တွေက လင့်ဝတ္တရား ပျက်ကွက်မှု၊ ငွေ မထောက်ပံ့ဘဲ ပစ်ဆားမှု၊ စိတ်ဓာတ်အရ နှိပ်စက်ကလူပြုမှု စသည် စသည်။

ဘယ်လောက် ပျော်စရာကောင်းလိုက်သည့် ကျွန်တော်၏ ပြည်တော်ပြန် ခရီးပါလ သည်လို ကြိုဆိုမှုမျိုး ဘယ်သူမှ ရဖူးမည် မထင်။

'ဆန်ဖရန်စစ္စကိုက ကြိုဆိုပါတယ်'ဟု ကိုယ့်ဘာသာကိုယ် ရေရွတ်လိုက်မိသည်။

❑ ❑ ❑

# အပိုင်း (၃)

## လုခ်၏ ရက်သတ္တပတ်

### အခန်း ( ၁ )

မပ်တော်ကားရုံမှ ဟိုတယ်ထဲသို့ လျှောလှေကားဖြင့် လိုက်လာခဲ့ရင်း လက်မှ နာရီကို ငုံ့ကြည့် လိုက်သည်။ ကလေးသူငယ်များ တရားရုံးမှ ဟိုတယ်ကို ပြန်ရောက်တော့ ဆယ့်နှစ်နာရီ ထိုးခါ နီးနေပြီ။ ချီကာဂိုတွင် နှစ်နာရီ ရှိနေမည် ဖြစ်၏။ အယ်လီဇဘက် ကျွန်တော့်ကို မျှော်နေရှာရော့ မည်။

လက်တွေ တုန်နေ၏။ အရက်သောက်ဖို့ လိုလာပြီ။ ညှော်ခန်းထဲအရောက်တွင် လျှော လှေကားမှ ဆင်းလိုက်ပြီး အရက်ကောင်တာဆီသို့ လျှောက်ခဲ့၏။ ဂျိုက်ဒန်နီယမ် ဝီစကီ တစ်ပက် သောက်ပြီး အခန်းဆီသို့ ခပ်သွက်သွက် တက်ခဲ့၏။

အပေါ်အင်္ကျီကို ကုလားထိုင်တစ်လုံးတွင် ပစ်တင်ပြီး ခုတင်စွန်းတွင်ထိုင်ကာ ဖုန်းခေါ် သည်။ လည်စီးကို ဆွဲဖြေပြီး ပက်လက်လှန် လှဲချလိုက်၏။ နွေးထွေးသော အယ်လီဇဘက်၏ အသံကို ကြားရသည်။

'ဟယ်လို'

'အယ်လီဇဘက်'

သူ ချက်ချင်း ပျာပျာသလဲ ဖြစ်သွားသည်။

'အင်. . အစ်ကို နေကောင်းရဲ့လားဟင်'

'ကောင်းပါတယ်'

'အခြေအနေကော. . .'

www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တိုးတိုး မေးသည်။

'မကောင်းဘူး။ ဘာမှ မပြောင်းလဲဘူး'

ကျွန်တော်က အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူရင်း-

'နိုရာက အစ်ကို့ကို တူးတူးခါးခါး မုန်းနေတုန်းပဲ အယ်လီဇဘက်'

'အစ်ကိုက ဘယ်လို မျှော်လင့်ထားလို့လဲ၊ ပြန်ပြီး ပြေလည်မယ် ထင်လို့လား'

စီးကရက် မီးညှိရင်း-

'ဟာ. . မဟုတ်တာကွာ၊ ဒါပေမဲ့. . .'

'ဒါပေမဲ့ ဘာဖြစ်လဲ အစ်ကို'

'အစ်ကို အမှတ်ထင်ထင် လုပ်ပေးချင်တယ်၊ သူ့ကို ထိထိရောက်ရောက် အကူအညီ ပေးချင်တယ် ဆိုတာ ဒန်နီ သိစေချင်တယ်လေ'

'အစ်ကို အဲဒီရောက်နေပြီပဲ'

'ရောက်နေတာတော့ ဟုတ်တယ်၊ ဒါပေမဲ့. . .'

'သိပ် စိတ်ပူမနေပါနဲ့ အစ်ကိုရယ်၊ ဒန်နီ သိမှာပါ။ အရေးကြီးတာ သူ့ဒုက္ခမှာ ဘယ်သူမှ မရှိဘူးလို့ သူ စွဲမနေဖို့ဘဲ အစ်ကို'

ကျွန်တော် စိတ်သက်သာရာ ရသွားသည်။

'မင်းကော ဘယ်လိုနေလဲဟင်၊ ပျင်းနေပြီလား'

အယ်လီဇဘက် ရယ်သည်။

'အစ်ကို့ မိန်းမက တစ်ယောက်တည်းမှ မဟုတ်တာ၊ အဖော် ကလေးရှိတယ်လေ အစ်ကိုရယ်. . .'

'မင်း ပါလာရင် သိပ်ကောင်းမှာပဲကွာ'

'နောက်တစ်ခေါက်ပေါ့ အစ်ကိုရယ်၊ ကျွန်မ မပါလည်း အစ်ကိုတစ်ယောက်တည်း ဖြစ်နေသားပဲ'

'အစ်ကို မင်းကို ချစ်တယ်ကွယ်'

'အစ်ကို့ကိုလည်း ကျွန်မ ချစ်ပါတယ်ကွယ်'

'ဘိုင့်ဘိုင် ဒါလင်'

'ဘိုင့်ဘိုင် အစ်ကို'

တယ်လီဖုန်း ချထားလိုက်သည်။ နေသာသလိုလို ရှိသွား၏။ တင်းနေသည့် အကြော တွေ လျော့ပြေသည် ထင်ရ၏။ အယ်လီဇဘက်သည် အရာရာကို ပြေလည်အောင် ဖြေဝေတတ်သူ ပါတကား။ မျက်စိကို မှေးထားလိုက်သည်။ လွန်လေပြီးသောအခါက မော်တော်ဘုတ်ကလေး ပေါ်မှ အဖြစ်များကို မြင်ယောင်လာ၏။ သူနှင့် အလုပ်ရှင်အဘိုးကြီးကို ကျွန်တော် ပို့ပေးခဲ့စဉ်က အဖြစ်အပျက်များ။

* * *

စန်တာမော်နီကာ ကမ်းလွန်တွင် မော်တော်ဘုတ်ကလေးကို ကျွန်တော်တို့ ကျောက်ချထား လိုက်သည်။ အဘိုးကြီးက လော့ခ်အိန်ဂျလစ်ကို ကားငှားပြီး သွားသည်။ အယ်လီဇဘက် မော်တော်ပေါ်တွင် ကျန်ရစ်၏။ သူ့အဘိုးကြီးက စနေ၊ တနင်္ဂနွေ နားဖို့ ထားခဲ့ခြင်း ဖြစ်၏။



သူနှင့် ကျွန်တော် ရင်းနှီးသွားပြီ ဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် တရင်းတနှီး ပေါ်ပေါ်ပြောဆိုနေကြပြီ။

'မင်း လွတ်လွတ်လပ်လပ် နေရအောင် ကိုယ် မြို့ပေါ် တက် အိပ်ရမလားဟင် အယ်လီဇဘက်၊ ကိုယ့်သူငယ်ချင်းတစ်ယောက် ရှိပါတယ်'

'အစ်ကိုက မြို့ပေါ် သွားအိပ်ချင်လို့လား'

သူက ရိုးရိုးကလေး ပြန်မေးသည်။ မူရာမာယာပုံ လုံးဝ မပါ။

'လူကြီးလူကောင်းဆန်မလားလို့ပါ အယ်လီဇဘက်'

သူက မျက်လုံးပြာရွှဲရွှဲကြီးများနှင့် ကျွန်တော့်ကို စိုက်ကြည့်ရင်း-

'အစ်ကို့ကို လူကြီးလူကောင်း မထင်ရင် ကျွန်မ ဘယ်နေပါ့မလဲလို့'

'ခုလို ကိုယ့်ကို အထင်ကြီးဖော်ရတဲ့အတွက် အစာကျွေးပါရစေလား အယ်လီဇဘက်'

'ကျွန်မကို ကျွေးခွင့်ပြုမယ်ဆိုရင် လက်ခံမယ်လေ'

'အို. . မင်းက စနေ၊ တနင်္ဂနွေမှာ ကိုယ့် ဧည့်သည်ပဲ'

'ဟင့်အင်း၊ အဲဒီလိုဆို ကျွန်မဘက်က ဘယ်တရားမလဲ၊ အစ်ကိုရဲ့ မော်တော်ခကို တည်း တစ်ရာ ဆစ်ထားသေးတယ်'

'ငွေရေးကြေးရေး သိပ်အကြောင်း မဟုတ်ပါဘူး အယ်လီဇဘက်၊ ကိုယ့်အသုံးစရိတ်ကို ကျခံနိုင်တဲ့ ကိုယ့်မိန်းမ ရှိပါတယ်'

'ဟုတ်လား၊ ကျွန်မတို့ ဆိုဒင်သူတွေက အစားကြီးတယ်နော်'

မာလီဘူနှင့် စန်တာမော်နီကာကြားရှိ 'ငါးမျှားဆိပ်'သို့ ကျွန်တော်တို့ ထွက်လာခဲ့ကြ သည်။ ကမ်းခြေ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်သည်။

သူ ပြောသလိုပင် အယ်လီဇဘက် စားနိုင်သည်။ ကျွန်တော်က စားမည့်ဟန်ပြင်နေ တုန်း သူ တစ်ပန်းကန် ပြောင်နေပြီ။ စားပြီးတော့ ကော်ဖီသောက်ရင်း မှန်ချပ်ကြီးကိုဖြတ်ပြီး ပင်လယ်ပြင်ကို ငေးကြည့်နေ၏။ ထွေရာလေးပါး စကားတွေ ပြောကြ၏။ မော်တော်ဆီသို့ ကျွန်တော်တို့ ပြန်လာတော့ ညဆယ့်တစ်နာရီထိုးပြီ။

ဆိပ်ကမ်းသို့ အဆင်းတွင် အယ်လီဇဘက်က-

'ကျွန်မ ခေါင်းတွေ နောက်နေတယ်၊ ပင်လယ်လေ ရှူကျင့်မရှိလို့လား မသိဘူး'

'ဟုတ်တယ်၊ အကျင့်မရှိရင် ဒီလိုပဲ အယ်လီဇဘက်'

ဆိပ်ကမ်းမီးရောင် မှိန်မှိန်တွင် သူ့ကို ကျွန်တော် ကြည့်လိုက်သည်။

'ကဲ. . တက်လေ၊ မင်းတစ်ယောက်တည်း ဖြစ်ပါတယ်နော်၊ ကိုယ့်သူငယ်ချင်းဆီကို သွားတွေ့လိုက်ချင်လို့'

သူက ကျွန်တော့်ကို အထူးအဆန်းသဖွယ် ကြည့်နေပြီးမှ ခေါင်းညိတ်ရင်း-

'သွားလေ၊ ညစာကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ကျွန်တော် ရယ်ပြီး နောက်လိုက်သည်။

'ဒါ သဘောလောက်ပဲ ရှိသေးတယ်။ မနက်ဖြန်မှ တကယ်ကျွေးမှာ၊ မီးရောင်မှိန်မှိန် အခန်းကလေး ငြိမ့်ငြိမ့်မှာ စားပွဲခင်းဖြူဖွေးဖွေးနဲ့'

'ကြိုပြောတာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ တစ်နေ့လုံး တွေးပြီး သွားရည်ကျ နေမှာ'

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ကျွန်တော် လှည့်ထွက်ခဲ့သည်။ အနီးဆုံး အရက်ဆိုင်တွင် ဝင်ပြီး ကျွန်တော့်သူငယ်ချင်းကို ရှာသည်။ သူငယ်ချင်း၏ နာမည်က ဂျက်ဒန်နီရယ်။

ကျွန်တော် အလွန်အကျွံ မူးသွားသည်။ မော်တော်ပေါ် ပြန်ရောက်တော့ မနက် သုံးနာရီ ထိုးနေပြီ။ ကြိုးစားပြီး အသံမကြားအောင် ဆင်းကာမှ ဆိုင်းကြိုးကို အားပြုပြီး အတက်တွင် ဝုန်းခနဲ ချော်ကျသွားသည်။ လဲကျသွားသည် မော်တော်ဦးပိုင်းတွင်ပင် ကျွန်တော် အိပ်ပျော်သွားသည်။

မနက် မိုးလင်းလို့ နိုးတော့ ကော်ဖီနံ့နှင့် ဝက်ပေါင်ခြောက်ကြော်နံ့က မွှေးပျံ့နေ၏။ ထထိုင်လိုက်သည်။ ဟင်. . . အိပ်ရာပေါ် ရောက်နေတာပါကလား။ ပြီးတော့ ဘောင်းဘီတိုကလေးနှင့် ခေါင်းကိုကုတ်ပြီး စဉ်းစားသည်။ ဘယ်လို ဘယ်လို ရောက်လာတာပါလိမ့်။ ကျွန်တော် နိုးလာသံ အယ်လီဇဘက် ကြားသွားသည် ထင်၏။ မီးဖိုကျဉ်းကျဉ်းကလေးထဲမှ ထွက်လာသည်။ ခရမ်းချဉ်ရည်ကို လက်တွင် ကိုင်လျက်။

'အင့်. . သောက်လိုက်'

သူ့ကို နားမလည်သလို ကျွန်တော် ငေးကြည့်နေမိသည်။

'သောက်လိုက်ပါ၊ သက်သာသွားလိမ့်မယ်၊ ပူတော့ ပူတယ်'

ကျွန်တော် ယူသောက်လိုက်သည်။

'အား. .'

ကျွန်တော် လန့်အော်လိုက်မိ၏။

'ဘာတွေလဲဟင်၊ ဒိုင်းနမိုက်တွေများ ထည့်ထားလား'

သွားတွေရော၊ လျှာတွေရော၊ အာပါးစောင်တွေပါ အားလုံး ပေါက်ကွဲလောင်ကျွမ်းသွားပြီ အောက်မေ့လိုက်၏။

သူ ရယ်နေသည်။

'ရှေးအကျဆုံး ဆို့ဒင်အရက်နာကျ ပျောက်ဆေးလေ။ ခရမ်းချဉ်ရည်ရယ်၊ ငရုတ်ကောင်းရယ်၊ ဝေါ်ဆက်စတာရှိုင်းယား ချိုင်နန်ရယ်၊ တဘက်စ်ကိုး ချိုရည်ပူရယ်၊ ပြီးတော့ အရက်စစ်စစ်ရယ်၊ အဲဒါသောက်ပြီးရင် သေချင် သေသွားမယ်၊ မသေရင် တန်းပျောက်ရော၊ ဖေဖေ ပြောသလို ပြောတာနော်'

'မင်းအဖေ ပြောတာ မှန်တယ် အယ်လီဇဘက်၊ ခုဏတော့ သေမလောက် ခံရတယ်၊ နေပါဦး အရက်စစ်က ဘယ်ကရတုံး'

'ဘယ်ကရ ရမှာလဲ အစ်ကို့သူငယ်ချင်း ရှိတဲ့နေရာကပေါ့၊ အနီးဆုံးဆိုင် မဟုတ်လား'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

'သူငယ်ချင်းက အမူးတိုက်လွှတ်လိုက်တယ် မဟုတ်လား'

'အလေ့အကျင့် ပြတ်သွားလို့ပါ၊ မသောက်ဖြစ်တာ လေးရက်ရှိပြီ၊ ဒါထက် မင်း ဘယ်လိုလုပ်ပြီး ကိုယ့်ကို ရွှေ့တာလဲ'

'ဒါလောက်တော့ အပျော့ပေါ့၊ ကျွန်မအဖေက ခြောက်ပေ လေးလက်မ၊ အလေးချိန်က ပေါင် နှစ်ရာ့သုံးဆယ်၊ အိပ်ရာထဲ ပို့နေကျပါနော်၊ အင်း. . ဟိုတုန်းက အတိုင်းပါပဲ'

သူက ကျွန်တော့်လက်ထဲမှ ဖန်ခွက်လွတ်ကို ပြန်ယူရင်း မေးသည်။

'ဆာပြီလား'



အိပ်ရာမှ နိုးစက အစားအသောက်အကြောင်း မေးလျှင် အော့အန်လာမည် ထင်သည်။ ခုတော့ ကျွန်တော် ဆာနေပြီ။ ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် စားပွဲမှာ ထိုင်လေ'

မီးဖိုခန်းဆီသို့ ပြန်လျှောက်သွားရင်း-

'မနက်စာကို အိပ်ရာထဲမှာ မကျွေးဘူး၊ စနစ်တကျ စားရမယ်၊ ကြက်ဥ စားမယ် မဟုတ်လား'

ကျွန်တော်က အိပ်ရာပေါ်မှ ဆင်းပြီး ဘောင်းဘီထဝတ်ရင်း-

'တေး. . နေဦးလေ၊ မီးဖိုချောင် မင်း ဝင်ဖို့ မလိုဘူးလေ အယ်လီဇဘက်'

သို့သော် ကြက်ဥတွေ ဒယ်အိုးထဲ ရောက်နေပြီ။ နံနက်စာမှာ မြိန်လှသည်၊ ပေါင်မုန့်ထောပတ်သုတ်၊ သီးစုံယို၊ ကြက်ဥလေးလုံး၊ ဝက်ပေါင်ခြောက်က ပေါင်ဝက်၊ ကော်ဖီတစ်အိုး။

ကျွန်တော်က အငတ်တစ်ကောင်လို စားနေတုန်း အယ်လီဇဘက်က သူ့ကော်ဖီခွက်ကို ကော်ဖီဖြည့်သည်၊ ပြီးတော့ စီးကရက်တစ်လိပ် ထုတ်ညှိသည်။

နောက်ဆုံး ပေါင်မုန့်ကို ကြက်ဥနှစ်တွေ သုတ်ပြီး လွေးလိုက်သည်။ သက်ပြင်းချပြီး-

'အင်း. . စားလို့ သိပ်ကောင်းတာပဲ'

'အဲဒီလို အားရပါးရစားမှ သဘောကျတာ'

'ခုလို ဝေါ်ကြီးကျန္တတွေ့တော့ ပိုသဘောကျမှာပေါ့'

ကော်ဖီထပ်ဖြည့်ရင်း ချီးကျူးလိုက်ပြန်သည်။

'ကော်ဖီကလည်း ကောင်းမှကောင်းဗျာ'

'ကျေးဇူးတင်ပါတယ်'

စီးကရက်ညှိပြီး ကော်ဖီငုံသောက်လိုက်သည်။ ခုလို အားရပါးရ မစားဖြစ်သည်မှာ ကြာပြီ။

'အစ်ကို့မှာ သမီး ရှိလားဟင်'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

'ဘယ်အရွယ်ရှိပြီလဲ'

'ရှစ်နှစ်'

'သူ့နာမည်က နိုရာ မဟုတ်လား'

ခေါင်းခါပြလိုက်သည်။

'မဟုတ်ဘူး၊ နိုရာက ကိုယ့်မိန်းမ၊ သမီးနာမည်က ဒန်နီတဲ့'

'ဟုတ်လား'

သူ့ကို ဖျတ်ခနဲ ကြည့်ပြီး-

'မင်း ဘာတွေ မေးနေတာလဲ အယ်လီဇဘက်'

'အိပ်ရာထဲ ဆွဲပို့တော့ သူတို့ သားအမိအကြောင်းတွေချည်း ပြောနေတယ်၊ မိန်းမနဲ့ ကလေးကို သိပ်အောက်မေ့နေလားဟင်'

'သမီးကိုပဲ အောက်မေ့တာပါကွာ'

ကျွန်တော်က မတ်တတ်ထရပ်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



'တဲ့ . . အပြင်ထွက် လေကောင်းလေသန့်ရှူလေ၊ ပန်းကန်တွေကို ကိုယ် ဆေးလိုက်မယ်'

'ဟင့်အင်း၊ အစ်ကိုသာ ကော်ဖီပန်းကန်ယူပြီး အပြင်ထွက်ပါ၊ စနေ၊ တနင်္ဂနွေ ကျွန်မ တာဝန်ယူမယ်လေ'

အပြင်ထွက်ခဲ့ပြီး ငါးမျှားသည့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ ရေပြင်ပေါ်မှ မနက်ခင်းမြူငွေ့တွေ တလိပ်လိပ်တက်နေသည်။ သည်နေ့ နေပူမည့် လက္ခဏာ။ ကျွန်တော် ကော်ဖီ သောက်ပြီးချိန်တွင် သူ အပြင်ထွက်လာသည်။

သူ့ကို လှမ်းကြည့်ပြီး-

'ကုန်းပေါ်တက်မယ် လိုက်ဦးမလား'

'အို . . လူရှုပ်က ရှုပ်နဲ့၊ မော်တော်ဘုတ် ရှိနေသားပဲ ပင်လယ်ပြင်မှာ လျှောက်လည်ပေါ့'

'ဒါဆို မင်းပဲ ရေယာဉ်မှူးလုပ်၊ ကိုယ် ကုန်းပေါ်တက်ပြီး နေ့လယ်စာအတွက် ဈေးဝယ်လိုက်ဦးမယ်'

အယ်လီဇဘက် ပြုံးသည်။

'ညက အားလုံးဝယ်ခဲ့ပြီ၊ နေပူရင် သောက်ဖို့ ဘီယာဘူး တစ်ဒါဇင်တောင် ဝယ်လာသေးတယ်'

တစ်မနက်လုံး အံ့ဩစရာတွေချည်းပါလား။

ထွက်လာသည် ဆိုတတည်းက နေသည် ချစ်ချစ်တောက် ပူပါသည်။ သို့သော် အယ်လီဇဘက်က မှုပုံမပေါ်။ ကုန်းပတ်ပေါ်တွင် ခြေပစ်လက်ပစ် နေပူစာလှုံနေသည်။ တစ်နာရီခန့် ရှိပြီထင်သည်။ ကျွန်တော်က ပေါင်းမိုးအောက်မှ စတီယာရင်နံ့ဘေး ခုံပေါ်တွင် ပက်လက်လှဲနေသည်။ အရိပ်ထဲမှနေသည့် ကျွန်တော်ပင် မခံနိုင်လောက်အောင် အိုက်စပ်မှုလောင်နေသည်။

မျက်နှာပေါ်မှ ဦးထုပ်ပျော့ကို ပင့်ပြီး သူ့ကို လှမ်းကြည့်လိုက်သည်။

'နေပူခံဆေးရည် ရှိတယ်လေ၊ မင်း လိမ်းမလား အယ်လီဇဘက်'

'ကိစ္စမရှိပါဘူး၊ ကျွန်မ ဘယ်တော့မှ နေမလောင်ဘူး၊ ညိုသွားရုံဘဲ၊ ရေငတ်လာပြီ ဘီယာ နောက်တစ်ဘူးလောက် သောက်ရအောင်'

ရေခဲဘူးထဲမှ ဘီယာနှစ်ဘူး နှိုက်ယူလိုက်သည်။ ဖောက်ပြီး အပြင်ထွက်ခဲ့သည်။ မီးဖိုအနားသို့ လျှောက်သွားရသလိုပါပဲလား။ အယ်လီဇဘက်က တစ်ပတ်လှိမ့်လိုက်ပြီး ထထိုင်သည်။ ရေခဲချွေးတွေ ပြန်နေသည့် ဘီယာဘူး လှမ်းယူသည်။

အလွန်ထွားကျိုင်းသည့် ကလေးမ ဖြစ်၏။ အနည်းဆုံး ငါးပေ၊ ရှစ်လက်မလောက် ရှိမည်။ လုံးကြီးပေါက်လှ အချိုးအဆစ်ကျကျ ဖြစ်၏။ ယောက်ျားတိုင်း သွားရည်ယိုရမည့် ကိုယ်လုံးကိုယ်ပေါက်မျိုး။ သည်လိုမိန်းကလေးမျိုး ရရင် သေပျော်ပါပြီဟု ကောင်လေးတွေ ပြောလေ့ရှိသည့် ရုပ်ရည်မျိုး။

မျက်နှာကို လက်ဖျံနှင့် ပွတ်ပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့ကို စိုက်ကြည့်နေမှန်း သိသွားသည်။ ခပ်ရှင်ရှင်ကလေးရယ်ပြီး ပြော၏။

'မေမေ ကျွန်မကို ပြောဖူးတယ်၊ ဖအေတူ ကောင်မတဲ့ အရက်သောက်ပုံ တူလို့တဲ့လေ'

'ရေငတ်နေလို့ တအားသောက်ချလိုက်တာ မဟုတ်လား'



လက်နှစ်ဖက်ကို နောက်စေ့တွင် ပတ္တာဆက်ပြီး ပစ်လှဲလိုက်ပြန်သည်။ မျက်နှာကို နေဆီသို့ တည့်တည့်မူလျက်။

'ဘယ်လောက် အရသာရှိလဲ။ ပင်လယ်ပြင်ရယ်၊ နေရောင်ခြည်ရယ်၊ နေကို ကျွန်မ သိပ်ချစ်တာပဲ သိလား'

မျက်လုံးကို မနည်းလွှဲလိုက်ရ၏။ ကျွန်တော့်ဘဝတွင် ပထမဆုံးအကြိမ် မိန်းမလှတစ်ယောက်ကို စိတ်ဝင်စားခြင်း။ အယ်လီဇဘက်လို မိန်းကလေးမျိုးကို ရုပ်ရှင်ထဲတွင် ဒါမှမဟုတ် လတ်စ်ဗီးဂတ်စ်မှ ကပွဲ စင်မြင့်ပေါ်တွင်သာ တွေ့ရတတ်သည်။ ယခုမူ ကျွန်တော့်ရှေ့မှောက်တွင် သက်ရှိထင်ရှား မြင်နေရ၏။ အနီးကပ် မြင်နေရပြီ ဖြစ်၏။

'မင်း နေကိုချစ်ရင် ဘာလို့ ဆန်းဖ်လီလို ကုန်းခေါင်ခေါင်မှာ ရောက်နေတာလဲ'

အယ်လီဇဘက်က နေရောင်စူးစူးတွင် မျက်စိမှိတ်ထားပြီး-

'ဖီးနစ်တို ကျွန်မယောကျ်ားနဲ့အတူ လိုက်သွားတုန်း အဲဒီမှာ သောင်တင်နေတာ၊ သူက လေတပ်က လေသူရဲလေ၊ သူ ဂျက်လေယာဉ်ကို တစ်နာရီ မိုင်ခြောက်ရာ ပျံနေတုန်း တောင်စောင်းနဲ့ ဝင်တိုက်မိပြီး ကျဆုံးရတာ၊ အဲဒီကိစ္စတွေ ပြီးတာနဲ့ ဒီအလုပ်ကို ဝင်လုပ်နေလိုက်တာပဲ ဘယ်မှ မပြောင်းတော့ဘူး'

ရေပြင်ကို ကျွန်တော် ငေးကြည့်နေမိသည်။ အချို့လူများကျတော့လည်း ကျွန်တော့်လို ကံမကောင်းရှာကြပါလား။

'ကိုယ် စိတ်မကောင်းပါဘူး အယ်လီဇဘက်၊ ဘယ်လောက် ကြာပြီလဲဟင်'

'လေးနှစ်ရှိပြီ၊ အစ်ကိုလည်း လေသူရဲပဲ မဟုတ်လားဟင်'

'ဟိုတုန်းကပါ ငယ်ငယ်တုန်းက ဆိုပါတော့'

'အံ့မယ် သူ့ကိုယ်သူ အဘိုးကြီးကျနေတာပဲ'

'သုံးဆယ့်ခြောက်နှစ်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ခုနစ်ဆယ်ထဲ ဝင်တော့မယ် အောက်မေ့နေတာ'

'အရက်များနေလို့ အဲဒီလို ထင်တာပါ။ ကျွန်မအဖေလည်း အဲလိုပဲ'

သူ့ကို ကျွန်တော် စိုက်ကြည့်နေမှန်းသိတော့ သူ ရယ်သွားသည်။

'ဆောရီးနော်၊ အဲဒီလိုပြောဖို့ မသင့်ပါဘူး'

'မင်း အသက် ဘယ်လောက်ရှိပြီလဲ အယ်လီဇဘက်'

'နှစ်ဆယ့်လေးနှစ်'

'အင်း အရွယ်ကောင်းပဲ၊ ဒီအရွယ်မှာ ဘာမှ အပူအပင် မရှိသင့်ဘူး'

'ဟုတ်ပါ့မလား'

မျက်လုံးချင်း ဆုံမိပြီး သူ ဆက်ပြောသည်၊

'အသက် နှစ်ဆယ်မှာ မုဆိုးမ ဖြစ်သွားရင်ကော'

'ဒီတစ်ခါ ထောင်းပန်ရမှာက ကိုယ် ဖြစ်သွားပြီ အယ်လီဇဘက်'

'ထားပါတော့လေ'

ကျွန်တော်က ဘီယာဘူးကို ကောက်ယူစုပ်ရင်း-

'ဒါထက်၊ ကိုယ် လေသူရဲဆိုတာ မင်း ဘယ်က ကြားလဲ'

'သိတာပေါ့ အစောကြီးကတည်းက သိတာ၊ ဒါကြောင့် တမင်လိုက်ရှာလာတာ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို၊ ဟုတ်လား'

'လုမ်ကေရီဆိုတာ ဂျော်နီရဲ့ ဇာတ်လိုက်လေ၊ အစ်ကို့ကို သူသိပ်အားကျတာ၊ ဒီရဲရဲတောက်လေသူရဲ၊ အသက် အစိတ်မှာ ဗိုလ်မှူးကြီး ဖြစ်ခဲ့တာ၊ အဲဒီသူရဲကောင်းဆိုတဲ့ လူကို ဘယ်လိုလူစားလဲဆိုတာ သိချင်လို့ ကြုံတုန်း တမင်လိုက်ရှာတာလေ'

'ကဲ . . ခုတွေ့တော့ရော'

'တွေ့တော့လည်း အံ့ဩစရာ သိပ်မရှိပါဘူး၊ အစ်ကိုနဲ့ ဂျော်နီနဲ့က ဆန့်ကျင်ဘက်ချည်းပဲ'

'ဘယ်လို ဆန့်ကျင်ဘက်လဲဟင်'

'ညက အိပ်ရာထဲ ဆွဲပို့ပြီး သိပ်တော့ အစ်ကို ငိုသေးတယ်၊ ဂျော်နီ ငိုတာ ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူး။ သူက သိပ်စိတ်မြန်တယ်၊ မာကျောတယ်၊ တစ်ဖက်သတ်နိုင်တယ်၊ ဒါကြောင့် အစ်ကိုနဲ့ တခြားစီလို့ပြောတာ၊ အစ်ကိုက ညင်သာတယ်၊ သိမ်မွေ့တယ်၊ ပြီးတော့ ကြင်နာတတ်တယ်၊ ဒါပေမဲ့ သတ္တိကြောင်တယ်'

'သိပ်လည်း အထင်မကြီးပါနဲ့ကွာ၊ တကယ်က သူရဲကောင်းမှတ်တမ်းဝင်ဖြစ်ဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အသက်မသေချင်တဲ့လူတွေကို စစ်က အတင်းပုံသွင်းလိုက်တယ်၊ ကိုယ်က အသက်မသေအောင် နေတတ်သွားတယ်၊ ဒါပါပဲ'

ကျွန်တော်က မဲ့ပြုံးပြုံးရင်း

'တစ်ခုပဲ ကိုယ့်ကိုယ်ကိုယ် နားမလည်တာ ရှိတယ်၊ ဘာကြောင့်များ အသက်ရှင်နေချင်ရပါလိမ့် ဆိုတာပဲ၊ ဘာမှ သောက်အဓိပ္ပာယ်မရှိဘူး'

သူ ကျွန်တော့်ကို စိန်းစိန်းကြည့်သည်။

'အရက်စည်ထဲ ဝင်နေလို့ကတော့ ဘယ်အဓိပ္ပာယ်ရှိမလဲ အစ်ကိုရဲ့'

သူ့မျက်လုံးတွေကို ကျွန်တော် စိုက်ကြည့်နေမိသည်။ ကြည်လင် ပြာလဲ့နေ၏။ ကျွန်တော့်ကို စိန်းစိန်းပြန်ကြည့်နေသည်။ သက်ပြင်းချလိုက်မိ၏။

'ဟုတ်တယ်၊ အယ်လီဇဘက်၊ ကိုယ် မိုက်တွင်းနက်နေတာ'

ကျွန်တော်နာရီကို ငုံ့ကြည့်လိုက်သည်။

'မင်း ရေချိုးပါတော့လား အယ်လီဇဘက်'

ဘီယာဘူးကို ကောက်ယူပြီး အခန်းထဲ ဝင်ခဲ့သည်။ အခန်းထဲတွင် အနည်းငယ် ပိုအေးသည်။ ဘီယာကို တစ်ကျိုက်စုပ်ပြီး ဘူးကို စားပွဲပေါ် တင်လိုက်၏။ အယ်လီဇဘက် ရေထဲသို့ ဒိုက်ဗင်ထိုးဆင်းသံ ကြားလိုက်သည်။

* * *

အိပ်ရာနံဘေး စားပွဲပေါ်မှ တယ်လီဖုန်းသံက ကျွန်တော့်ကို လှုပ်နှိုးလိုက်သည်။ လွမ်းမောဖွယ်ပျံ့ဖွယ် ဘဝမှ မွန်းကျပ်မှောင်မည်းနေသည့် လောကထဲသို့ ဝေ့လည်လည် ပြန်ရောက်လာရသည်။

'ဟုတ်ကဲ့'

ဗလုံးဗထွေး ထူးလိုက်သည်။



'ကာနယ် ကေရီပါလား'

'ဟုတ်ပါတယ်'

'ဟဲရစ်ဂေါ်ဒွန် ပြောနေပါတယ် ကာနယ်ကေရီ'

ခုမှ ကျွန်တော် အတိတ်အိပ်မက်မှ လုံးလုံး နိုးလာသည်။

'ဟုတ်ကဲ့ မစ္စတာ ဂေါ်ဒွန်'

'ကျွန်တော် နောက်ကျသွားတာ ခွင့်လွှတ်ပါ ကာနယ်၊ အလုပ်တွေ သိပ်ရှုပ်နေလို့ပါ'

နာရီကို ငုံ့ကြည့်လိုက်သည်။

ခုနှစ်နာရီ ကျော်နေပြီ၊ နေ့ခင်းက အိပ်ထားသဖြင့် တော်သေးသည်။

'ကိစ္စမရှိပါဘူး မစ္စတာ ဂေါ်ဒွန်'

'ကျွန်တော်တို့ မနက်ဖြန်မှ တွေ့ကြရင် မကောင်းဘူးလား ကာနယ်ကေရီ၊ ဒီနေ့ညစနေနေ့ဆိုတော့ အမျိုးသမီးက ညစာသည်တွေ ဖိတ်ထားလို့ဗျာ'

'ဟုတ်ကဲ့ ရပါတယ်'

'ဒါဆို မနက်ဖြန် မနက် ကိုးနာရီ တွေ့ကြရအောင်'

'ကောင်းပါတယ်၊ ကျွန်တော် ဧည့်ခန်းထဲက စောင့်နေပါမယ်'

တယ်လီဖုန်းကို ချပြီး ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေမိသည်။ မှောင်စပြုနေပြီ။ နီယွန်မီးရောင်စုံတွေ ပြိုးပြိုးပြက်ပြက် လက်စပြုပြီ။ ဆန်ဖရန်စစ္စကို၏ စနေနေ့ညသည် ကျွန်တော့်အတွက် ဘာမှ မထူးဆန်းတော့ပါ။ စီးကရက်တစ်လိပ် မီးညှိပြီး ပြန်လှဲချလိုက်သည်။ အယ်လီဇဘက်နှင့် ကျွန်တော့်အကြောင်းကို ဆက်စဉ်းစားနေမိ၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

ထိုညက အဖြူရောင်ဝတ်စုံကို အယ်လီဇဘက် ရိုးရိုးကလေး ဝတ်ထားသည်။ ရွှေရောင်ဆံပင်တွေက နေခြည်ကြောင့် နို့နှစ်ရောင်မှ ချောကလက်ရောင်သို့ ပြောင်းလုလု ပခုံးသားပေါ် ဝဲကျနေ၏။ ကာလီဖိုးနီးယားတောင်ပိုင်းနှင့် မလိဘူ ဆိုသည့် ဒေသမှာ ရုပ်ရှင်နယ်ပယ် ဖြစ်၍ မိန်းမလှတွေ ပေါသည့်ဒေသ ဖြစ်၏။

ထို့ကြောင့် စနေ၊ တနင်္ဂနွေ မလိဘူတွင် အပန်းဖြေရောက်လာကြသူများအဖို့ မိန်းမချော မိန်းမလှများသည် အဆန်းတကြယ် မဟုတ်ပေ။ သို့သော် သူတို့သည် အယ်လီဇဘက်ကို သမင်လည်ပြန်ကြည့်ကြရသည်။ တာဝန်ခံ စားပွဲထိုးက လှသည်။ ကျွန်တော်တို့စုံတွဲ ဝင်လာတော့ ပုရိသယောကျ်ားတို့ လည်ပင်းတွေ ရှည်ထွက်လာသည်ကို သတိထားလိုက်မိပုံရ၏။

ပင်လယ်ပြင်ကို စီးမြင်နေရသည့် ပြတင်းပေါက်နားမှ အကောင်းဆုံးစားပွဲတွင် နေရာချပေးသည်။ ကျွန်တော်တို့ကို လူတိုင်း မြင်နိုင်သည့်နေရာ။ ပြီးတော့ ရှမ်ပိန်တစ်ပုလင်း လာချပေးသည်။ တစ်ပြိုင်တည်းတွင် တီးဝိုင်းမှ တယောစီသံ ထွက်လာသည်။

အယ်လီဇဘက်က ကျွန်တော့်ကို ပြုံးကြည့်ပြီး-

'အစ်ကို့ကို အားလုံး သိကြတာပဲနော်'

'ဘယ်ကလာ၊ အမိကြောင့်ဗျ သိလား၊ အစ်ကို့ကို စားပွဲထိုး မမှတ်မိတာ ကံကောင်းတယ်၊ မှတ်မိရင် ဆွဲထုတ်မှာ၊ အရင်တစ်ခေါက်က ဒီမှာ အမူးလွန်သွားလို့ တော်တော်ပုံပျက်သွားတယ်'



အယ်လီဇဘက် ရယ်သည်။

'ကျွန်မ၊ စားတာကို သူ မြင်သွားရင် သူ စိတ်ပြောင်းသွားမှာပါ'

ခဏတာကြာတော့ တယောသံတွေ မှိန်သွားပြီ။ ကမည့်စုံတွဲတွေ ရှေ့သို့ထွက်လာကြသည်။ အယ်လီဇဘက်ကို ကျွန်တော်လှမ်းကြည့်လိုက်၏။ သူခေါင်းညိတ်သည်။

သူ့ကို ကျွန်တော် သိုင်းဖက်လိုက်သည်။ နွေးထွေးသော အတွေ့နှင့်အတူ သန်မာများကျိုင်းလှသည့် သူ့ခွန်အားကို ကျွန်တော် သတိထားမိ၏။

တစ်ကွက် မှားသွားသဖြင့် စည်းချက်ပြန်မိရန် မနည်းတာစူရသည်။

'အစ်ကို မကဖြစ်တာ သိပ်ကြာပြီ'

'ကျွန်မလည်း အတူတူပါပဲ အစ်ကို'

သူက ကျွန်တော်နှင့် ပါးချင်းအပ်ထားသည်။ နောက်ပိုင်း ကျွန်တော်တို့နှစ်ယောက်လုံး အမှားအယွင်း မရှိတော့။ ငြိမ့်ငြိမ့်ညောင်းညောင်း လွင့်မျောဖြစ်ကြသည်။ တီးဝိုင်းသမားတွေ ပစ္စည်းသိမ်းတော့ ကျွန်တော် တဖျဲတငြ နာရီကြည့်လိုက်သည်။ ဟင်. . သုံးနာရီတောင် ထိုးပြီကော။ အချိန်တွေ ဘယ်လိုများ ကုန်သွားကြပါလိမ့်။

ညွှိဝတ်တျေပွန်လှသော စားပွဲထိုးအား ဘောက်ဆူး မြက်မြက်ကလေး ပေးခဲ့ပြီး ဟိုတယ်မှ ထွက်လာခဲ့ကြသည်။ ကြယ်ရောင်တို့ဖြင့် ဖျပ်ဖျလင်းနေသည့် ကာလီဖိုးနီးယား ညချမ်းကွင်း ပန်းစုံသင်းနေ၏။ တောင်တန်းများပေါ်မှ ပျံ့လွင့်လာသည့် ဝန်းတို့၏ရနံ့တို့နှင့် ပင်လယ်လေ ရာထွေးကာ ညသည် မူးရစ်ရီဝေဖွယ်အတိ ဖြစ်နေ၏။

ကမ်းစပ်ဘက်သို့ လျှောက်ကြဦးမလား ကျွန်တော် မေးတော့ သူ ခေါင်းညိတ်သည်။ ကျွန်တော့လက်မောင်းထဲသို့ သူ့လက် လျှိုသွင်းပြီး လက်ချင်းချိတ်သည်။ ပျော်ပွဲစားရုံတစ်ရုံနောက်မှ လူသွားလမ်းကလေးအတိုင်း ပင်လယ်ကမ်းခြေဆီသို့ နှစ်ယောက်သား လျှောက်သွားကြသည်။

ညသည် ပကတိ တိတ်ဆိတ်ငြိမ်သက်နေ၏။ ကျွန်တော်တို့ နောက်တွင် ကျန်ခဲ့သည့် လမ်းများဆီမှလည်း ဘာသံမှ မကြားရ။

'ငါးပျံ့အုပ်တွေ လာတာ စောင့်ကြည့်မလား' ဟု ကျွန်တော် မေးတော့ သူက-

'ငါးပုံပြင်တွေကို ကျွန်မ သိပ်သဘောကျတာပဲ'တဲ့။

ရယ်ရယ်မောမောနှင့် ကျွန်တော်တို့ လျှောက်လာခဲ့ကြသည်။ ကျောက်ဆောင်ကြီးတစ်ဆောင်ကို ရောက်တော့ တက်ထိုင်ပြီး ပင်လယ်ပြင်ကို ငေးကြသည်။ စကားမပြောဖြစ်ကြ။ ပြောဖို့လည်း မလိုတော့ဘူးလေ။ ညသည် အလွန်ထူးဆန်းသည့် ငြိမ်းချမ်းမှုတစ်မျိုးဖြင့် ပြည့်စုံနေပြီ မဟုတ်လား။

နှစ်ယောက်သား ပူးပူးကပ်ကပ် ထိုင်နေကြခြင်း ဖြစ်၏။ သို့သော် အသားချင်းမထိ။ ကိုယ်ချင်း ထိတွေ့မှုသည် အကြောင်းမဟုတ်တော့သလို ဖြစ်နေ၏။

သူ ကျွန်တော့်ဘက်သို့ မျက်နှာမူလာသည်။

'အစ်ကို'

ကျွန်တော် သူ့ကို နမ်းလိုက်သည်။ တစ်ဦးနှင့်တစ်ဦး တရှိက်မက်မက် ပွေ့ဖက်နမ်းရှုံ့ကြ၍မျိုး မဟုတ်။ ထိုင်လျက်သားက အနေအထားမပျက် နှုတ်ခမ်းချင်း နမ်းကြခြင်း ဖြစ်သည်။ သို့သော် ထိုနှုတ်ခမ်းသည် မြောက်မြားစွာသော အဓိပ္ပာယ်ကို ဆောင်လေသည်။ စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



တမျှားကြီး ပြောလေသည်။ ဘဝတူ အထီးကျန်နှစ်ဦးတို့၏ ရင်ခုန်သံတို့လည်း ပို၍ မြန်စေသည်။ အတန်ကြာမှ သူ့နှုတ်ခမ်းကလေးကို အသာပြန်ယူပြီး ကျွန်တော့်ပခုံးပေါ်ကို မျက်နှာမှေးတင်လာသည်။ သည်အတိုင်း အကြာကြီး ဆက်ထိုင်နေကြ၏။ နောက်ဆုံးတွင်မှ သူက သက်ပြင်းချပြီး ခေါင်းထောင်လိုက်သည်။

'သိပ်နောက်ကျနေပြီ အစ်ကို၊ ကျွန်မ ပင်ပန်းပြီ၊ သွားကြစို့နော်'

စန်တာမော်နီကာသို့ တက္ကစီဖြင့် ပြန်လာခဲ့ကြသည်။ တစ်လမ်းလုံး ငြိမ်လိုက်လာကြသည်။ နှစ်ဦးသား၏ လက်ချောင်းများကမူ တင်းတင်းဆုပ်ရင်း စကားပြောလျက် ရှိလေသည်။

မော်တော်ပေါ် ပြန်ရောက်တော့ အခန်းဝတွင် နှစ်ယောက် ရပ်နေကြ၏။

အယ်လီဇဘက်က တည်ငြိမ်အေးချမ်းသော အသံဖြင့်-

'အစ်ကို ကျွန်မကို ပေါ့ပေါ့တန်တန် ကောင်မလေးတစ်ယောက်လို့တော့ မထင်ပါနဲ့နော်၊ ဟာနေတဲ့ ကဏ္ဍကို ဖြည့်ဆည်းဖို့ ဖြေပြေရာရှာနေတဲ့ မုဆိုးမလေးလည်း မဟုတ်ရပါဘူး အစ်ကို၊ ပြီးတော့ ကျွန်မကို မီးသတ်ဆေးဘူးတစ်ခုကို အသုံးချသလို အသုံးချတာလည်း မခံပါရစေနဲ့နော်၊ မီးငြိမ်းရုံသက်သက်လေ'

သူ့မျက်လုံးတွေကို တည့်တည့်ကြည့်ပြီး ကျွန်တော် ပြောလိုက်သည်။

'အစ်ကို နားလည်ပါတယ် အယ်လီဇဘက်ရယ်'

သူ ခဏ ငြိမ်နေသည်။ ကျွန်တော့်ကို အတဲခတ်နေ၏။ ပြီးမှ တိုးတိုးကလေး ပြောသည်။

'အစ်ကို နားလည်မယ်လို့ မျှော်လင့်ပါတယ်လေ၊ နားလည်ပါ အစ်ကိုရယ်'

ပြောပြောဆိုဆို ကျွန်တော့်ရင်ခွင်ထဲ ဝင်လာပြီး နှုတ်ခမ်းချင်း ဖိကပ်ထားသည်။

'ခဏနေမှ အစ်ကို ဝင်ခဲ့နော်၊ ကျွန်မ အရင်ဝင်မယ်'

သူ့အခန်းထဲ ဝင်သွားသည်။ စီးကရက်ထုတ်ပြီး မီးညှိတော့ ကျွန်တော့်လက်တွေ တုန်နေသည်။ တစ်စုံတစ်ခုကို ကျွန်တော် ကြောက်နေသည်။ ဘာကို ကြောက်နေမှန်းတော့ မသိ။ သောက်စရာ တစ်ခုခုရှိမလား ဆိုပြီး မျက်စိကစားကြည့်လိုက်သည်။ ဘီယာဘူးတချို့သာ ရှိ၏။

တစ်ဘူး ဖောက်ပြီး ခပ်မြန်မြန် မော့သောက်လိုက်သည်။ ဘီယာမှာ မအေးတော့သော်လည်း သောက်လိုက်တော့ နေသာထိုင်သာ ရှိသွားသည်။ စီးကရက်ကို ရေထဲ လွှင့်ပစ်လိုက်ပြီး အခန်းထဲသို့ ဝင်လိုက်သည်။

သူ အိပ်ရာပေါ် ရောက်နေပြီ။ ခင်းဖုံးလွှာကို လည်တိုင်ရင်းအထိ ဆွဲခြုံထား၏။ ကျွန်တော့် ခေါင်းအုံးပေါ်တွင် သူ့ရွှေရောင်ဆံပင်တွေ ဖြန့်ကျဲနေသည်။

'မီးပိတ်လိုက် အစ်ကိုရယ်၊ နည်းနည်းတော့ ရှက်သေးတယ်'

ကျွန်တော် အခန်းမီး ပိတ်လိုက်သည်။ သို့သော် ဆိပ်ကမ်းမှ အလင်းရောင်ကြောင့် အခန်းထဲတွင် ရေးရေးလင်းနေဆဲ။ သူ့ကို နမ်းတော့ 'ဩ်. . အစ်ကိုရယ်'ဟု ဆိုကာ ကျွန်တော့် လည်ပင်းကို တင်းတင်း သိုင်းဖက်လိုက်သည်။

မနက် မိုးလင်းလို့ ကျွန်တော် နိုးလာတော့ အယ်လီဇဘက် မရှိတော့။ သူ့နေရာတွင် ဒေါ်လာတစ်ရာတန် လေးရွက်နှင့် စာအိတ်လေးတစ်လုံး။ တုန်တုန်ယင်ယင်ဖြင့် ကျွန်တော် ဖောက်ဖတ်သည်။



*ချစ်တဲ့ အစ်ကို. . .*

*ဒီလို ခွဲခွာခြင်းမျိုးနဲ့ ခွဲခွာသွားရတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါ။ မတရားမှန်း သိပါတယ်။ ဒါပေမဲ့ လောလောဆယ် ဘာကိုမှ မဆုံးဖြတ်တတ်တာနဲ့ ထွက်သွားရတာပါ။ လူတိုင်း လူတိုင်းဟာ ဘဝတိုက်ပွဲတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆင်နွှဲနေကြတာပါပဲ။*

*ဂျော်နီ မရှိတော့တဲ့နောက်ပိုင်း ကျွန်မ တိုက်ပွဲဆင်ခဲ့ရပါတယ်။ အစ်ကိုလဲ ခုထိ ဝင်တုန်းမဟုတ်လား။ အစ်ကိုဘဝတိုက်ပွဲ အောင်မြင်တဲ့အခါ ကျွန်မနဲ့ ပြန်ဆုံပြီး ချစ်ခရီးရှည်ကြီးကို လျှောက်ဖို့ ကျွန်မ စောင့်နေပါမယ် အစ်ကို။ အဲဒီအချိန်ဟာ ကျွန်မအတွက်ရော အစ်ကို့အတွက်ပါ အစီမွာယ်ရှိလာတဲ့အချိန် ဖြစ်ပြီပေါ့နော်။*

*ဒီနေ့ ကျွန်မ အပြုအမူဟာ ဆင်ခြင်တုံတရား ကင်းမဲ့လွန်းတယ်ဆိုတာ သိပါတယ် အစ်ကို။ ငိုရလွန်းတဲ့အတိုင်း ကျွန်မ ဆင်ခြင်တုံတရားတွေ ခေါင်းပါးနေတတ်ပါတယ် အစ်ကို။*

*အစ်ကိုရဲ့*

*ထာဝရ*

*အယ်လီဇဘက်*

❀

သူ ရေးခဲ့သည့်စာကို သုံးလလုံးလုံး ကျွန်တော် မေ့မေ့ပျောက်ပျောက်နေဖို့ ကြိုးစားခဲ့သည်။ တစ်နေ့တွင် အမူးလွန်ပြီး အိပ်နေရာမှ ကျွန်တော် နိုးလာသည်။ ရှိသမျှ ကုန်ပြီ။ မော်တော်ဘုတ်လည်း မရှိတော့။ သိက္ခာလည်း မရှိတော့။

အဝတ်အစား အချို့သာ ကျန်တော့သည်။ အကျႌအိတ်ထဲတွင် အယ်လီဇဘက် ထားခဲ့သည့် စာကလေး ရှိနေဆဲ။ သူ့ စာကို ခုမှ ထုတ်ဖတ်ဖြစ်သည်။ ပြီးတော့ မှန်ထဲကြည့်လိုက်သည်။ ကျွန်တော့် မျက်လုံးတွေ ကြည်လင်နေသည်ကို တွေ့ရ၏။ လပေါင်းများစွာ ဝေဝါးနေသည့် မျက်လုံးများ။

သေသေချာချာ ပြန်ကြည့်သည်။ ကျွန်တော့်မျက်လုံးတွေ အရင်အတိုင်းပြန်ပြီး တောက်ပနေသည်မှာ အမှန်ပါလား။

သူ့အကြောင်း တွေးနေမိ၏။ ခုနေတွေ့ရရင် ဘယ်လောက်ကောင်းမလဲ။ သည်ပုံစံနှင့်တော့ မတွေ့ချင်။ သူတောင်းစားကမှ ကျွန်တော့်ထက် ပြောင်ပြောင်လက်လက် ရှိဦးမည်။

သို့နှင့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် အလုပ်ကြမ်းသမား ဝင်လုပ်သည်။ ခုနစ်လအကြာတွင် အလုပ်တစ်ခု ပြုတ်သွားသည်။ ကြီးကြပ်ရေးမှူးရာထူးဖြင့် ကုမ္ပဏီတွင် ကျွန်တော် အလုပ်ဆက်ရသည်။ ဂျင်းဘောင်းဘီအိတ်ထဲတွင် ဒေါ်လာ ခြောက်ရာ စုမိနေပြီ။

သည်တော့ ကားပေါ် တက်ပြီး ဗီးနပ်စ်သို့ တစ်ချီးတည်း လစ်တော့သည်။ ဗီးနပ်စ်ရောက်တော့ အယ်လီဇဘက်ကို လုံးဝ မတွေ့ရ။ စီမံကိန်းတစ်ခုအတွက် သူ့အဘိုးကြီးနှင့် တူဆန်သို့ ပါသွားကြောင်း သိရသည်။

တူဆန်ကို ကျွန်တော် ညနေပိုင်းတွင် ရောက်သွားသည်။ သူတို့ စီမံကိန်းရုံးမှာ လမ်းမကြီးနံဘေးတွင် ဖြစ်၏။ ကားထိုးဆိုက်လိုက်ပြီ ဆိုသည်နှင့် ကျွန်တော် ပထမဆုံး သတိထားမိသည်မှာ ဆိုင်းဘုတ်တစ်ခု ဖြစ်၏။

ဆောက်လုပ်ရေးလုပ်ငန်း ကျွမ်းကျင်သူ တစ်ဦး အလိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့၏။ အပြင် ရုံးခန်းတွင် ဆံပင်နက်နက်နှင့် ကောင်မလေး တစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။ ကျွန်တော့်ကို မော့ကြည့်ပြီး လက်ခံတွေ့သည်။

'ဟုတ်ကဲ့၊ ပြောပါ'

'အလုပ်လိုတဲ့ ဆိုင်းဘုတ် တွေ့လို့ ဝင်စုံစမ်းတာပါ'

'ဟုတ်ပါတယ်။ အရင်က လုပ်ဖူးလားဟင်'

'လုပ်ဖူးပါတယ်'

'ခဏ ထိုင်ပါနော်။ မစ္စအင်ဒါဆင်နဲ့ တွေ့ဖို့ ကျွန်မ စီစဉ်ပေးပါ့မယ်'

သူ ဖုန်းကောက်ကိုင်ပြီး ဖုန်းထဲတွင် တီးတိုးပြောသည်။ ပြီးမှ ကျွန်တော့်ကို ပုံစံ တစ်ရွက် ထုတ်ပေးသည်။

'အဲဒီ ပုံစံကို ဖြည့်နော်'

ကျွန်တော် ဖြည့်ပြီးသည်နှင့် အတွင်းဘက် ရုံးခန်းထဲဝင်သွားဖို့ လက်ညှိုးထိုးပြသည်။

အယ်လီဇဘက်က ကျွန်တော့်ကို မော့မကြည့်။ စာရင်းဇယားတွေကို ငုံ့ကြည့်နေရင်း မေးသည်။

'အရင်က လုပ်ဖူးလား'

'ဟုတ်ကဲ့ပါ မမ၊ လုပ်ဖူးပါတယ် ခင်ဗျာ'

ခုထိ သူ မျက်လွှာပင့်မကြည့်သေး။

'ဘာတွေ လုပ်ခဲ့ဖူးလဲ'

'မျိုးစုံ လုပ်ခဲ့ဖူးပါတယ် ခင်ဗျာ'

'ဘာ . . မျိုးစုံ ဟုတ်လား၊ တိတိကျကျ . .'

မကျေမနပ် ဖြစ်သွားပုံဖြင့် မော့ကြည့်သည်။ စကားလုံးတွေ လည်ချောင်းထဲတွင် ပျောက်ကွယ်သွားကြဟန်တူ၏။

မသိမသာကလေး ပိန်သွားသည် ထင်ရ၏။

'ဒါပေမဲ့ ကျွန်တော် ဒီကိုလာတာ အလုပ်ကိစ္စ အဓိကတော့ မဟုတ်ပါဘူး မမ'

သူ့ မျက်လုံးတွေကို အကဲခတ်ရင်း ကျွန်တော် ဆက်ပြောသည်။

'ကျွန်တော်နဲ့ ခရီးရှည်ကြီးတစ်ခု အတူ လျှောက်ချင်တယ် ဆိုတဲ့ မိန်းကလေး တစ်ယောက် ကို လိုက်ရှာရင်း အလုပ်လိုတဲ့ ကြော်ငြာတွေ့လို့ ဝင်လာတာပါခင်ဗျာ'

သူ ကျွန်တော့်ကို စိုက်ကြည့်နေပုံမှာ ကမ္ဘာလောက်ကြာသည် ထင်ရသည်။ ပြီးမှ စားပွဲကို ပတ်မပြေးကာ ကျွန်တော့်ရင်ခွင်ထဲရောက်လာသည်။

ကျွန်တော်က တွင်တွင် နမ်းသည်။ သူက ကျွန်တော့်ကို 'တ'ကာ 'တ'ကာ တွင်တွင် ငိုသည်။ အတွင်းဘက် ရုံးခန်းတံခါး ပွင့်လာသည်။ သူ့အလုပ်ရှင် အဘိုးကြီး ထွက်လာသည်။

ကျွန်တော်တို့ အဖြစ်ကို မြင်တော့ ပြန်လှည့်ဝင်ဖို့ပြင်သည်။ ပြီးမှ တစ်ခါ လှည့်ကြည့် ပြီး လည်ချောင်းရှင်းလိုက်သည်။ အိတ်ထဲက မျက်မှန်ထုတ်ပြီး တပ်သည်။ ကျွန်တော့်ကို ပြုံးကြည့် ရင်း လည်ချောင်းထပ်ရှင်းသည်။

'ဩော် . . မောင်ရင်ကိုး ၊ မင်းတို့ ပြန်တွေ့ချိန် တန်ပါပြီကွာ။ ဒါမှ သူ့အဆွေးဇာတ်လမ်း မြန်မြန်ရပ်ပြီး ကောင်းကောင်းအလုပ်လုပ်မှာ'

အဘိုးကြီးက ရုံးခန်းထဲ ပြန်မဝင်ဘဲ အပြင်ထွက်သွားသည်။



ခုမှ ကျွန်တော်တို့ နှစ်ယောက် အားရပါးရ ရယ်နိုင်ကြတော့၏။ သူ့ ရယ်သံကို ကြားရပြီ။ ကျွန်တော့ အနားတွင် သူ တကယ်ရှိနေပြီဟု သိရှိမှုဖြင့် ကျွန်တော် အားတွေတက်နေ သည်။ အယ်လီဇဘက်သည် အမြဲတမ်း ကျွန်တော့်အတွက် အားဆေး ဖြစ်၏။

ယခုလည်း ကြည့်လေ။ ဆန်ဖရန်စစ္စကိုတွင် ကျွန်တော် စိတ်ဓာတ်တွေကျနေခိုက် မိုကာဂိုမှ သူ့အသံကလေး ကြားလိုက်သည်နှင့် ကျွန်တော် နေသာထိုင်သာ ရှိသွားသည် မဟုတ် ပါလား။

❑ ❑ ❑

www.burmeseclassic.com

# အခန်း ( ၃ )

နောက်တစ်နေ့မနက် ကိုးနာရီ ကျွန်တော် ဆင်းလာတော့ ဧည့်ခန်းထဲတွင် ဟဲရစ်ဂေါ်ဒွန် ရောက်နေပြီ။ ကော်ဖီခန်းဆီသို့ ထွက်ခဲ့ကြ၏။ တနင်္ဂနွေနေ့ မနက် ဖြစ်၍ လူရှင်းနေသည်။

စားပွဲထိုး အမျိုးသမီးကလေး ကော်ဖီအိုးလာချတော့ နံနက်စာပါ ကျွန်တော် မှာလိုက်သည်။ ဂေါ်ဒွန်က ခေါင်းယမ်းပြီး-

'ကျွန်တော် မနက်စာ စားခဲ့ပြီးပြီ ကာနယ်'

စားပွဲထိုးမလေး ထွက်သွားသည်နှင့် ကျွန်တော် မေးလိုက်သည်။

'ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ'

သူက စီးကရက် နှိုက်ရင်း-

'တစ်ခုတော့ ကံကောင်းပါတယ်။ ကျွန်တော်တို့ လူသတ်မှုနဲ့ အစွဲမခံရဘူး'

'ဟုတ်လား'

'ဟုတ်တယ် ကာနယ်၊ ကာလီဖိုးနီးယားပြည်နယ် ဥပဒေအရ အသက် ဆယ့်ခြောက်နှစ်အောက်အရွယ် ကလေးသူငယ်တွေ ဘယ်ရာဇဝတ်မှုကိုပဲ ကျူးလွန် ကျူးလွန် အရွယ်ရောက်သူတွေနဲ့ တန်းတူ အပြစ်မခံရဘူး'

'ဒါဖြင့် ဘယ်ပုံသဏ္ဌာန်နဲ့ အရေးယူ အပြစ်ပေးမလဲ'

'အဲဒီမှာလည်း ကျွန်တော်တို့ဘက်က သာရည်ရှိနေပြန်တယ်။ ဥပဒေမှာ ဆိုထားတာက ကလေးတစ်ယောက်ကို အပြစ်ပေးလို့ မရဘူး။ ကာလီဖိုးနီးယားဒေသမှာ ပြစ်မှုတစ်ခုကြောင့် ကလေးတစ်ယောက်ကို ထောင်ချလို့ မရဘူး။ ဘာပဲလုပ်လို့ ရသလဲဆိုရင် ကလေးသူငယ်တရားရုံးက ကြားနာစစ်ဆေးပြီး တရားခံကလေးကို လူ့အသိုင်းအဝိုင်းထဲ ပြန်ဝင်နိုင်အောင် ပညာပေးရေးတို့ ဘာတို့နဲ့ နည်းလမ်းရှာရတယ်'



သူက ပြုံးပြီး-

'ကျွန်တော် ပြောတာက ဥပဒေစကားတွေ အတုံးလိုက်အတစ်လိုက် မပါပါဘူးနော်'

'ခုထိတော့ ကျွန်တော် လိုက်နိုင်ပါသေးတယ်'

စားပွဲထိုး အမျိုးသမီးကလေး စားစရာတွေနှင့် ပြန်ရောက်လာသည်။ ကောင်မလေး ပြန်သွားမှ ဂေါ်ဒွန် စကားဆက်သည်။

'တရားရုံးက ကလေးကို ဘယ်မှာ သိမ်းထားသင့်တယ်ဆိုတာ ဆုံးဖြတ်ပေးတယ်၊ အဖေ အမေဆီမှာ ထားမလား၊ ဒါမှမဟုတ် အဖေဆီမှာ ထားမလား၊ အမေဆီမှာ ထားမလား၊ အဘိုး အဘွားဆီမှာ ထားမလား၊ လူငယ်ဂေဟာမှာ ထားမလား၊ စိတ္တဇဆေးရုံမှာ ထားမလား စသည်ပေါ့လေ'

'ဒါကလည်း စုံစမ်းစစ်ဆေးကြားနာမှု ပြီးမှ ဆုံးဖြတ်တာနော်၊ တကယ်လို့ တရားရုံးက ပညာရေးစခန်းမှာ ထိန်းသိမ်းထားသင့်တယ်လို့ ဆုံးဖြတ်ရင် ဒန်နီဟာ ကာလီဖိုးနီးယား လူငယ်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း' ကိုရောက်သွားလိမ့်မယ်။ အဲဒီမှာ စိတ်ပညာပါရဂူတွေနဲ့ သူ့ကို ဆက်ပြီး လေ့လာကြလိမ့်မယ်'

'ဘာအဓိပ္ပာယ်လဲဗျ'

'တစ်ခု သေချာတာကတော့ ကာနယ်ကေရီအနေနဲ့ ဒန်နီ့ကို ထိန်းသိမ်းစောင့်ရှောက်ခွင့် ကြိုးစားဖို့ အစီအစဉ်ရှိရင် စိတ်မကူးပါနဲ့၊ လုံးဝ မဖြစ်နိုင်ဘူး။ တရားရုံးက ပြည်နယ်ကူးပြီး တယ်တော့မှ ခေါ်သွားခွင့် ပေးမှာ မဟုတ်ပါဘူး'

ကျွန်တော်တို့နှစ်ယောက် တစ်ဦးကို တစ်ဦး စိုက်ကြည့်နေကြသည်။ ဘယ်နည်းနဲ့မျှ ဒန်နီ့ကို ကျွန်တော် ပြန်မရတော့မှန်း ကျွန်တော် သိပါသည်၊ သို့သော် အသံကို တည်ငြိမ်အောင် ကြိုးစားပြီး ကျွန်တော် ပြန်မေးလိုက်သည်။

'ကျွန်တော် မရရင် ဘယ်သူရမှာလဲ'

'ကျွန်တော့် အထင်ကို ပြောရရင် တရားရုံးက နီရာ့ဆီကိုလည်း ပြန်ပို့မယ် မထင်ဘူး။ ဖြစ်နိုင်ခြေရှိတာကတော့ အဘွားကြီးနဲ့ ထားချင်ထားမယ်။ ပညာပေးစခန်း တစ်ခုခုကို ပို့ချင်ပို့မယ်။ ဒါမှမဟုတ် သွေးသားမတော်စပ်တဲ့ အုပ်ထိန်းသူတစ်ဦးမှာ အပ်ချင်အပ်မယ်။ နောက်ဆုံးတစ်ခုကတော့ ဖြစ်ဖို့ နည်းပါတယ်လေ'

'ဒါဆို အဘွားကြီးနဲ့ ဂေဟာတစ်ခုခုပေါ့ ဟုတ်လား'

သူ ခေါင်းညိတ်သည်။

မုန့်ဗန်းကို အပြောင်ရှင်းပြီး နောက်ထပ် ကော်ဖီယူခဲ့ဖို့ လှမ်းအချက်ပြလိုက်သည်။

'အဲဒီ့ နှစ်ခုအနက် ဘယ်ဟာဖြစ်ဖို့များလဲ'

'ကျွန်တော့်သဘောကို ပွင့်ပွင့်လင်းလင်း ပြောရမလား ကာနယ်'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

'လူငယ်ဂေဟာကို ရောက်ဖို့များတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခဏ ငြိမ်ပြီး ထိုင်နေသည်။ သံဆူးကြိုး ပတ်ပတ်လည်ကာထားသည့် စခန်းတွင် သမီးလေး လပေါင်းများစွာ နေရမည့်အဖြစ်ကို တွေးပြီး ကျွန်တော့် ရင်ထုမနာ ဖြစ်လာသည်။

'ကျွန်တော်တို့ဘက်က ဘယ်နည်းနဲ့မှ ဆက်ကြိုးစားလို့ မရတော့ဘူးလား'

ဂေါ်ဒွန် ကျွန်တော်တို့ကို စိုက်ကြည့်ပြီး-

'ကျွန်တော်တို့ဘက်က ဒန်နီ့ကို တရားရေးဌာနက ပေးတဲ့ အစီအစဉ်မျိုး အားလုံး လုပ်ပေးနိုင်တယ်လို့ သက်သက်ပြေရမယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် အနီးကပ် ကြီးကြပ်မှု ကျောင်းပညာရေး၊ ဘာသာရေး သင်ခန်းစာ၊ စိတ်ပညာကုသမှု၊ လိုအပ်ရင် စိတ်ခွဲပညာအစ ကုသပေးဖို့၊ ပြီးတော့ တာဝန်ကျ လူမှုဝန်ထမ်းအရာရှိနဲ့ အမြဲ ဆက်သွယ်နေဖို့ လိုတာမျိုးတွေ ပေါ့။

'ဘယ်လောက်ကြာကြာ ထားနိုင်မလဲ'

'ကျွန်တော့် အတွေ့အကြုံအရ ဆိုရင်တော့ ဒန်နီ ဆယ့်ရှစ်နှစ်သမီး ရောက်တဲ့အထိ နေရလိမ့်မယ်'

'မှန်ဘီလူးအောက်မှာ ဒါလောက် အကြာကြီး နေရမယ်ဆိုရင် ကလေးတစ်ယောက် အတွက်တောင် မလွယ်ပါဘူးဗျာ'

သူက ကျွန်တော့်ကို ထူးထူးဆန်းဆန်းကြည့်ပြီး-

'ဒါကတော့ ကလေးက လူသတ်ထားတာကိုး ကာနယ်'

ခံနိုင်ရည်ရှိသည့် ကျွန်တော်ပင် သူ ပြောပုံကြောင့် အောင့်သွားသည်။

'ကျွန်တော့်ဘက်က ဘာလုပ်လို့ ရမှာလဲ မစ္စတာဂေါ်ဒွန်'

'ဒန်နီ့ အမှု မပြီးမချင်း ဆန်ဖရန်စစ္စကိုမှာ ကာနယ် ရှိနေရင် ကောင်းမယ်'

'ဒါတော့ မဖြစ်နိုင်ဘူးဗျ၊ ခင်ဗျားတို့ဟာက အမှုတစ်ခုဖြစ်ရင် ပြီးတယ်လို့မှ မရှိတာ'

'တကယ်တော့ ဒါက တခြားအမှုတွေလိုတော့ မဟုတ်ဘူး ကာနယ်၊ တရားရုံးမှာ တစ်ဘက်နဲ့တစ်ဘက် လျှောက်ထားကြမှာက ကလေးမကို ဘယ်မှာ ထားသင့်တယ်ဆိုတဲ့ ကိစ္စလောက်ပဲ။ အဲဒီမှာ မှုခင်းရဲ့ ခရိုင်တရားသူကြီးတောင် လိုအပ်လို့ မေးစရာရှိမှ မေးမှာ အမြန်ဆုံး လုပ်ကြမှာပါ။ ဥပဒေက ကလေးသူငယ်တွေကို မလိုအပ်ဘဲ ထိန်းသိမ်းမထားရဘူးလို့လည်း ဆိုထားသေးတယ်လေ။ အစစ်အဆေး မရှိဘဲ ဆယ်ရက်ဆက်တိုက် ချုပ်ထားရင် အဲဒီ ကလေးသူငယ်ဟာ အလိုလို လွတ်သွားရော'

'ကျွန်တော် နားလည်တဲ့ အင်္ဂလိပ်စကားနဲ့ ပြောဗျာ၊ ဘယ်လောက်ကြာမလဲ'

'အင်္ဂါနေ့မှာ ကလေးသူငယ် ထိန်းသိမ်းရေးမှာ စစ်မယ်၊ အဲဒီနေ့ကနေ တစ်ပတ် အကြာမှာ ရုံးကစစ်မယ် ဆိုတော့ စုစုပေါင်း ဆယ်ရက်လောက်ကြာမှာပေါ့'

'ဆယ်ရက် ဟုတ်လား၊ ကျွန်တော့်မိန်းမက နေ့မွေးမလား၊ ညမွေးမလား ဖြစ်နေတာပဲ ဗျ၊ အဲဒီရုံးချိန်ရက်တွေ ကျွန်တော် ရှိနေတော့ကော ဘာထူးမှာလဲ'

ဂေါ်ဒွန်က ရှင်းပြသည်။

'ဒါထက် ဘယ်လိုမှ မမြန်နိုင်ဘူး ကာနယ်၊ တရားသူကြီးက အင်္ဂါနေ့တစ်နေ့ မိန်းကလေးတွေအမှုကို ကိုင်တယ်၊ တရားရုံးမှာ စစ်ဖို့ တစ်ပတ် အချိန်ယူရတာကတော့ လူမှု ဝန်ထမ်းရဲ့က အမှုကို သေသေချာချာ စုံစမ်းဖို့ အချိန်ပေးရတယ်လေ၊ အဲဒီ လူမှုဝန်ထမ်းရဲ့



အစီရင်ခံစာဟာ ကျွန်တော်တို့အတွက် သိပ်အရေးကြီးတယ်၊ အဲဒီ အစီရင်ခံစာအပေါ်မှာ မူတည်ပြီး တရားသူကြီးက ဆုံးဖြတ်တာ များတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လုပ်ရမှာက အဲဒီတာဝန်ကျ အမှုထိန်းရဲ့အမျိုးသမီး ဒန်နီ့ကို နားလည်စေဖို့ပဲ၊ အဘွားအုပ်ထိန်းခွင့် ရ မရ ဆိုတာ သူ ထောက်ခံချက်ပေါ်မှာ မူတည်နေတယ်'

'အဘွားဆီ ပြန်ရောက်ဖို့လည်း ကျွန်တော်က ဘာမှ အကူအညီ ပေးနိုင်တာမှ မဟုတ်ဘဲ၊ ကျွန်တော် ဘာအတွက် ဒီမှာ အချိန်ဖြုန်းနေမလဲဗျာ'

'အဲဒါတော့ ကျွန်တော် သဘောမတူဘူး ကာနယ်၊ ခင်ဗျား လုပ်ပေးနိုင်တာတွေ အများကြီး ရှိတယ်။ ဒန်နီ့အတွက် အဘွားဆီ ပြန်ရောက်မှ ကောင်းမယ်လို့ ထင်မြင်ချက် ပေးဖော် ရရင်တောင် မနည်းဘူး'

'ဟုတ်လား၊ ကျွန်တော့် စကားတစ်ခွန်းက ဒါလောက် ခရီးပေါက်မယ်ပေါ့။ ခင်ဗျားကို ကျွန်တော် ဘီယာလည်း မတိုက်နိုင်ပါဘူးဗျာ၊ ကျွန်တော့်ကို ပင့်မနေပါနဲ့'

ကျွန်တော် သူ့ကို သရော်လိုက်သည်။ သူက ကျွန်တော့်ကို စိုက်ကြည့်ပြီး-

'ကာနယ်က ကိုယ့်ကိုကိုယ် သိပ်ဖော့တွက်ထားတာကိုး၊ ခင်ဗျား စကားတစ်ခွန်းဟာ ဘယ်လောက်တာသွားတယ် ထင်လဲ၊ တိုင်းပြည်အတွက် ဒီလောက် စွန့်စားခဲ့တဲ့ လူတစ်ယောက်ကို ပြည်သူတွေ မေ့သွားမယ် ထင်သလား'

'စစ်ပြန်သူရဲကောင်း ဆိုပြီး ကျွန်တော့်ကို ဆွဲထည့်မယ်ပေါ့လေ'

'ကျွန်တော့်အတွက် အကျိုးအမြတ်ရမယ် ဆိုရင် ထည့်ရမှာပေါ့၊ တကယ်လည်း အကျိုးရှိနေပြီပဲ'

'ခင်ဗျား ဘာဆိုလိုတာလဲ မစ္စတာဂေါ်ဒွန်'

ရှေ့နေက စားပွဲထိုးမလေးထံမှ မနက်ပိုင်းသတင်းစာတွေ လှမ်းတောင်းလိုက်သည်။ စားပွဲပေါ် သတင်းစာတွေ ရောက်လာသည်နှင့် မျက်နှာဖုံးသတင်းတစ်ပုဒ်ကို ထောက်ပြသည်။

ဒန်နီ့ပခုံးကို ဖက်ပြီး လူငယ်စောင့်ရှောက်ရေးစခန်းထဲသို့ ကျွန်တော်တို့ သားအဖ ဝင်သွားပုံနှင့် မျက်နှာဖုံးသတင်းကို တွေ့ရသည်။

'သမီးကို တာတွယ်ဖို့ ပြန်ရောက်လာသည့် စစ်ပြန်သူရဲကောင်းကြီး'

'တလေးတစားပါဗျ ကာနယ်ရဲ့၊ သတင်းစာတွေအားလုံး ခင်ဗျားဘက်က ရပ်နေကြတယ်၊ ခင်ဗျား သူတို့ကို ချဲတာလည်း ထည့်မရေးကြပါဘူး။ တခြားတစ်ယောက်ဆို ဘယ်လွယ်မလဲ'

ကျွန်တော် သူ့ကို ငေးကြည့်နေမိသည်။

'ကာနယ်ရဲ့ သမီးကိစ္စမှာ ဆက်နွယ်နေတဲ့ လူတွေအားလုံး လူသားတွေပဲဗျ၊ တရားသူကြီး ကိုယ်တိုင်လည်း သတင်းစာမဖတ်ဘဲ နေမှာမဟုတ်ဘူး။ သူက အမိကလေ'

သူက ကုလားထိုင်နောက်ကို မှီရင်း ဆက်ပြောသည်။

'ကာနယ် ဒီမှာနေဖို့ ငွေရေးကြေးရေး အခက်အခဲရှိရင် မစ္စက်ပေါင်က အကူအညီ ပေးဖို့ အသင့်ပါပဲလို့ ကျွန်တော့်ကို ပြောခိုင်းတယ်'

'ငွေရေးကြေးရေးက အကြောင်း မဟုတ်ပါဘူး ခင်ဗျားကို ကျွန်တော် ပြောပြီးပြီပဲ၊ ကျွန်တော့် မိန်းမ၊ နေ့စေ့ လစေ့ကြီးနဲ့ပါလို့'

www.burmeseclassic.com

www.burmeseclassic.com



'ပရိသတ်ရဲ့ တုံ့ပြန်မှုဟာ သိပ်စကားပြောတယ် ကာနယ်၊ ခုလောလောဆယ်မှာ ကာနယ်တို့ သားအဖကို တစ်မြို့လုံး စာနာသနားစိတ်ဝင်နေကြတယ်၊ ဒါပေမဲ့ ကာနယ် အမှုမပြတ်ခင် ပြန်သွားတာနဲ့ တစ်မျိုး ဖြစ်သွားနိုင်တယ်'

ကျွန်တော် သူ့ကို စူးစူးရဲရဲ ကြည့်လိုက်၏။ တော်တော်လည်တဲ့ ရှေ့နေ။ ကျွန်တော့်ကို လှလှပပ ချောင်ပိတ်ဖမ်းနေခြင်း ဖြစ်သည်။ ကျွန်တော် ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းထုပ် ဘဝမျိုးရောက်အောင် သူ လုပ်နေခြင်း။

'တစ်ခုတော့ သတိပြုပါ ကာနယ်၊ အစိုးရဂေဟာ တစ်ခုခုမှာ နောက်လေးနှစ်နီးပါး ဒန်နီ အကျဉ်းချခံရမလား အဘွားအိမ်မှာ နေရမလားဆိုတဲ့ ကိစ္စက ကာနယ့်အပေါ် အများကြီး တည်နေပါတယ်'

ကျွန်တော် ဒေါပွသွားသည်။

'ချက်ချင်း ကျွန်တော့်ပခုံးပေါ် အားလုံး ရောက်လာပြီပေါ့ ဟုတ်လား။ ဟိုတုန်းက ဒန်နီ့ကို နိုရာ စောင့်ရှောက်ခွင့်ရအောင် လုပ်ပေးတဲ့ တရားသူကြီးတွေ မစဉ်းစားကြဘူးလား။ ဒီမိန်းမ ဘယ်လိုမိန်းမစားမျိုးလဲဆိုတာ တစ်မြို့လုံး သိနေတာပဲ။ ဘယ်မှာလည်း ခင်ဗျားတို့ တရားမျှတမှု'

'ပြီးတော့ အဲဒီတောင် နိုရာနဲ့ အတူတူနေတဲ့ တစ်ချိန်လုံး အဘွားကြီးက ဘာလုပ် နေလဲ။ ဘာမှ မသိဘူးလား။ ဒီအဘွားကြီး ဘာမှ မသိဘူးဆိုတာ မဖြစ်နိုင်ဆုံးဘဲ။ ချက်ချင်း နားပင်း မျက်စိကန်းသွားလို့လား။ ဒီအဖြစ်မျိုး မရောက်ခင် ဘာလို့ ဒန်နီ့ကို မတားဆီးနိုင်တာလဲ'

'ကျုပ်က အဖေဖြစ်ပေမဲ့ ဒီမှာလည်း မရှိဘူး။ လာခွင့်လည်း မပေးဘူး။ သမီးနောက် တောင် သိခွင့်မပေးဘူး။ ကျုပ်က အဖေ မဟုတ်ဘူးဆို။ ဘာအခုမှ ခင်ဗျားတို့ ကျုပ်ခေါင်းပေါ် ပုံချနေကြတာလဲ'

ဂေါ်ဒွန် ကျွန်တော့်ကို ခပ်မဆိတ်ကြည့်ပြီး နားထောင်နေသည်။ သူ့မျက်လုံးများက ကျွန်တော့်ကို နားလည်သွားကြပုံရ၏။ ခပ်တိုးတိုးပြောသည်။

'ခင်ဗျား ပြောတာတွေ အားလုံး မှန်တယ်ပဲ ထားဦး၊ ကျွန်တော် ပြောတဲ့ လက်ရှိ အခြေအနေကတော့ ဘာမှမပြောင်းဘူး ကာနယ်၊ ကျွန်တော်တို့ အခု ရင်ဆိုင်နေရတာက သိပ်ဆိုးတဲ့ ပစ္စုပ္ပန် အခြေအနေ၊ သိပ်ဆိုးခဲ့တဲ့ အတိတ် မဟုတ်ဘူး။

'အလောတကြီး မဆုံးဖြတ်ပါနဲ့ဦး ကာနယ်၊ မနက်ဖြန် စစ်ဆေးတာကိုတော့ နား ထောင်ပါဦး၊ ပြီးမှ ဆုံးဖြတ်စေချင်ပါတယ်'

သူက မတ်တတ်ထရပ်ပြီး-

'မနက်မှ သေမှုသေခင်းဆိုင်ရာ ကြားနာမှု လုပ်လိမ့်မယ်။ ကာနယ် ဘာဆက်လုပ် ရမယ်ဆိုတာ ဆုံးဖြတ်ဖို့ အထောက်အကူ တစ်မျိုးမျိုး ရပါလိမ့်မယ်'

'သေမှုသေခင်း ဟုတ်လား၊ အဲဒီကို ဒန်နီလာရမှာလား'

ဂေါ်ဒွန်က ခေါင်းယမ်းပြီး-

'လာဖို့မလိုပါဘူး၊ သူ့ထွက်ချက်ကို ဖတ်ပြရုံပါပဲ။ နိုရာက အဖြစ်အပျက်ကို ပြောပြ မယ်'

'နိုရာ ပြောသမျှ ယုံရမှာလား။ ဘာအထောက်အထား ရှိလို့လဲ'

သူက ပခုံးတွန့်ပြီး-



'ဘာမှ မရှိဘူး၊ ဒါပေမဲ့ ခင်ဗျား ဘယ်လောက် အရေးကြီးတဲ့ ကဏ္ဍမှာ ရှိနေတယ် ဆိုတာတော့ မနက်ဖြန် သိရလိမ့်မယ်'

သူ ထွက်သွားတော့ ကော်ဖီတစ်ခွက် ထပ်မှာလိုက်သည်။ အဘွားကြီးအိမ်သို့ လောလောဆယ် သွားစရာ အကြောင်းမရှိပါ။ ဒန်နီနှင့် တွေ့ဖို့ထက် အရေးကြီးသည့်ကိစ္စ ဘာမှ မရှိ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

ကလေးသူငယ်များ စောင့်ရှောက်ရေး ရုံးခန်းအပြင်ဘက်တွင် နိုရာ၏ 'ကျားသစ်' ရပ်ထားသည်ကို တွေ့ရ၏။ ကားပေါ်မှ ဆင်းလျှောက်သွားတော့ ဂိတ်ဝအရောက်တွင် ချားလ်စ်၏ အသံကို ကြားလိုက်သဖြင့် ကျွန်တော့် ခြေလှမ်းတုံ့သွားသည်။

'ကာနယ်'

'ဟဲလို ချားလ်စ်'

'ကျွန်တော့်ကို ကူညီပါခင်ဗျား၊ ကလေးအတွက် မမလေးက ပစ္စည်းတွေ ပေးလိုက်ပါတယ်'

'သူက ဘယ်မှာလဲ'

ချားလ်စ်က မျက်နှာလွှဲလိုက်ပြီး-

'မမ. . မ လေး သိပ်နေမကောင်းဘူး ကာနယ်၊ ဒေါက်တာဘိုနာက အိမ်မှာ အနားယူခိုင်းထားပါတယ်။ သိပ်စိတ်ထိခိုက်နေတယ် ခင်ဗျ'

'ရပါတယ်။ ယူသွားပေးမယ်လေ'

'ကျေးဇူးပါပဲ ကာနယ်'

ကားထဲမှ အဝတ်သေတ္တာတစ်လုံးနှင့် စက္ကူဖာနှစ်လုံး ယူလာသည်။ စက္ကူဖာတစ်လုံးက ချိုချဉ် သကြားလုံးများ ဖြစ်ဟန်တူ၏။

'ယူသွားလို့ ရတာ သေချာတယ်နော် ချားလ်စ်'



'ဟုတ်ကဲ့ ရပါတယ်၊ ဒါပေမဲ့ သူတို့က ပြောတယ်၊ ကာနယ်ကိုယ်တိုင် ယူသွားရင် ပိုကောင်းမယ်တဲ့'

ကျွန်တော် ပစ္စည်းတွေ သယ်ပြီး အထဲဝင်မည်ပြုသည်။

'ကလေး အခြေအနေ ကျွန်တော် သိချင်ပါသေးတယ် ကာနယ်၊ ကျွန်တော် စောင့်နေပါရစေ'

'ကောင်းပြီး ချားလ်စ်'

ချားလ်စ် သူ့ကားဆီသို့ လှည့်ထွက်သွားသည်။ ကျွန်တော် အဆောက်အအုံထဲ ဝင်ခဲ့သည်။ ဆံပင်ဖြူဖြူနှင့် အမျိုးသမီးက ကျွန်တော့်ကို ပြုံးပြပြီး နှုတ်ဆက်သည်။

'ဝင်ခွင့်လက်မှတ် ကျွန်မ အဆင့်သင့် လုပ်ထားပါတယ် ကာနယ်'

'ကျေးဇူးပါပဲ ခင်ဗျာ'

'တစ်ဆိတ်နော် ကာနယ်၊ တာဝန်အရပါ'

ပထမ ကျွန်တော် သဘောမပေါက်ဘဲ ကြောင်နေသည်။ ပြီးမှ ချက်ချင်း နားလည်သွားပြီး သေတ္တာကို ထိုးပေးလိုက်သည်။ ထောင်ဟူသည့် အသုံးအနှုန်းကို မသုံးသော်လည်း ဥပဒေကတော့ အတူတူပင်။

သေတ္တာကို ဖွင့်ကြည့်သည်။ အဝတ်အစားတွေ၊ အတွင်းခံတွေကို အမျိုးသမီးကြီးက စားပွဲပေါ် ထုတ်တင်သည်။ ဆွယ်တာတွေ ခြေအိတ်တွေ လက်ကိုင်ပဝါတွေကို ထပ်ထုတ်ပြန်သည်။ ပြီးမှ သေတ္တာပတ်ပတ်လည်ကို လျှောက်စမ်းသည်။

ကျွန်တော့်ကို ပြုံးကြည့်ပြီး အားလုံး ပြန်ထည့်ပေးသည်။ ပြီးတော့ စက္ကူဖာနှစ်ခုကို ဖွင့်ကြည့်သည်။ ကျွန်တော် ထင်သည့်အတိုင်း တစ်ခုက ချိုချဉ် သကြားလုံးတွေချည်း။ နောက်တစ်ထုပ်က ဒန်နီတို့ အရွယ်ကြိုက် စာအုပ်တွေ။

စာရေးမကြီးတွေ ကျွန်တော့်ကို အားတုံ့အားနာကြည့်ပြီး-

'အားလုံး ကြည့်ပြီးပါပြီ။ စိတ်မရှိပါနဲ့နော်၊ တချို့က အမျိုးမျိုး ခိုးသွင်းကြလို့ပါ'

'ကျွန်တော် သဘောပေါက်ပါတယ်'

စာရွက်တစ်ရွက် လှမ်းပေးပြီး တံခါးဆီသို့ လက်ညှိုးထိုးပြသည်။

'အဲဒီ အပေါက်က ဝင်သွားပါ ကာနယ်၊ စကြံဆုံးအောင် လျှောက်သွားပြီး အပေါ်ထပ် တက်သွားပါ။ အဲဒီမှာ ဂိတ်တစ်ခု ရှိပါတယ်။ အဲဒီဝင်ခွင့်လက်မှတ် ပြပြီး ဝင်သွားရုံပါပဲ။ တာဝန်ကျ ဆရာမကြီးတစ်ယောက် လိုက်ပို့ပေးပါလိမ့်မယ်'

'ကျေးဇူးပါပဲ ခင်ဗျာ'

စကြံတစ်လျှောက်မှာ သန့်ရှင်းပြောင်လက်နေ၏။ အစိမ်းနုရောင် ဆေးသုတ်ထား၏။ အပေါ်ထပ်သို့ တက်လာခဲ့သည်။ မိန်းကလေးဆောင်သို့ ဟူသည့် ဆိုင်းဘုတ်ကလေး တစ်ခု ချိတ်ထား၏။

ကျွန်တော် ဆက်လျှောက်လာခဲ့သည်။ သံဆူးကြိုး အလုံကာထားသည့် နေရာသို့ ရောက်သွားသည်။ အခင်းမှ မျက်နှာကြက်အထိ ရောမ သံဆူးကြိုးကြီးများဖြင့် အလုံကာထားခြင်း ဖြစ်၏။ အလယ်တည့်တည့်တွင် သံမဏိဘောင်ခွေ တံခါးရွက်ကြီး။ ဘောင်ထဲမှ သံဆူးကြိုးများကလည်း ထူထူထဲထဲကြီးတွေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆွဲကြည့်သည်။ တုတ်တုတ်မျှ မလှုပ်။ ဆွဲလှုပ်လိုက်တော့ အသံမြည်သွားသည်။ အခန်းတစ်ခန်းမှ တံခါးပွင့်လာပြီး ကပ္ပလီမကြီးတစ်ယောက် ပြေးထွက်လာသည်။ ဝတ်စုံဖြူကို ဝတ်ထား၏။ ရှေ့ကြယ်သီးကို တစ်ရင်း ဆုတ်ခြေတင်လာခြင်း ဖြစ်သည်။ တောင်းပန်သည့် လေသံဖြင့်-

'ကျွန်မ ခုပဲ ထွက်လာတော့မလို့ပါ'

ကျွန်တော်က ဝင်ခွင့်လက်မှတ်ကို ပြလိုက်သည်။

လက်မှတ်ကို ကြည့်ပြီး ခေါင်းညိတ်သည်။ အိတ်ထဲမှ သော့တွဲကြီး ထုတ်ပြီး သော့ဖွင့်သည်။ ကျွန်တော် အထဲရောက်သည်နှင့် ပြန်ပိတ်လိုက်၏။

ညှော်ခန်းကျယ်ကြီးထဲသို့ ကျွန်တော့်ကို ခေါ်သွားသည်။ အခန်းထဲတွင် ကုလားထိုင်တွေ အများကြီး။ စီစီညီညီ မဟုတ်။ ပြန့်ကျဲနေ၏။ မိန်းကလေးတစ်သိုက် စုပြီး ရေဒီယို နားထောင်နေကြ၏၊ တစ်နေရာတွင် ကောင်မလေးနှစ်ယောက် တွဲကနေကြ၏၊ တစ်ယောက်က အဖြူ တစ်ယောက်က အမည်း။

ကျွန်တော်တို့ကို မိန်းကလေးတစ်သိုက် ဝိုင်းကြည့်နေကြ၏။ သို့သော် တခဏမျှသာ။ လုံးဝ စိတ်ဝင်စားဟန်မပြဘဲ သူတို့ အလုပ် သူတို့ဆက်လုပ်နေကြသည်။

'ဒန်နီကေရီ အခန်းနံပါတ် ဘယ်လောက်လဲဟေ့'

ကပ္ပလီ ဆရာမကြီးက လှမ်းမေးလိုက်သည်။

သူတို့ အားလုံး ကပ္ပလီ ဆရာမကြီးကို လှမ်းကြည့်နေကြ၏။

'မနေ့က ရောက်လာတာလေ'

'ဪ . . အသစ်ကလေးလား။ အခန်းနံပါတ် ဆယ့်နှစ်မှာ'

အသားမည်းမလေးတစ်ယောက်က ဝင်ဖြေသည်။

'ဘာဖြစ်လို့ သူ မထွက်တာလဲ၊ မင်းတို့ သူ့ကို မခေါ်ကြဘူးလား'

'ကျွန်မတို့ ခေါ်ပါတယ် ဆရာမကြီး၊ ခေါ်လို့မရဘူး။ သူ အဲ့စမ့် ရှက်နေတယ် ထင်ပါတယ်'

ဆရာမကြီးက အသားမည်းမကလေးကို ခေါင်းညိတ်ပြပြီး ကျွန်တော်နှင့်အတူ အခန်းထဲမှ ထွက်ခဲ့သည်။ ဝရန်တာကို လျှောက်သွားရင်း အခန်းတံခါးတွေကို သတိပြုမိ၏။ အစိမ်းစိပ်ကလေးတွေ။ အခန်းဆယ့်နှစ်ရှေ့ အရောက်တွင် ဆရာမကြီးက ရပ်ပြီး တံခါးခေါက်လိုက်သည်။

'ဒန်နီရေ မင်း ဧည့်သည်ဟေ့'

'ဟုတ်ကဲ့'

ဒန်နီ့ အထဲမှ ထူးပြီး ထလာသံ ကြားရသည်။

'ဧည့်ချိန်စေ့သွားရင် ကျွန်မ လာပြောပါ့မယ်' ဟု ဆရာမက ပြောသည်။

'ကျေးဇူးပါပဲဗျာ'

ဆရာမကြီး လှည့်ထွက်သွားပြီးနောက် ဒန်နီ တံခါးတွင် ပေါ်လာသည်။

'ဖေဖေ'



ဝမ်းသာအားရ အော်ပြီး ကျွန်တော့် ရင်ခွင်ထဲ ပြေးဝင်လာသည်။ အထုပ်အပိုးတွေ ပစ်ချပြီး ကျွန်တော် ဆီးပွေ့လိုက်၏။ ပွင့်နေသည့် တံခါးမှ အထဲကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

အခန်းမှာ ကျဉ်းကျဉ်းကလေး ဖြစ်၏။ နံရံတစ်ဖက်စီတွင် ခုတင်တစ်လုံးစီ ကပ်ထား၏။ လက်ခုပ်တစ်ဖောင်လောက်တွင် ပြတင်းပေါက်သေးသေးလေး တစ်ပေါက် ရှိသည်။ အမျိုးသမီးတစ်ယောက် ခုတင်ပေါ်တွင် ထိုင်နေသည်။ ကျွန်တော် အခန်းထဲ လှမ်းဝင်တော့ အမျိုးသမီးက မတ်တတ်ထပေးသည်။

ဒန်နီက မိတ်ဆက်ပေး၏။

'ဒါက မစ္စစပိုက်စာ ဖေဖေ၊ မစ္စစပိုက်စာ ဒါ ဒန်နီ့ ဖေဖေလေ'

အမျိုးသမီးက လက်ကမ်းပေးရင်း-

'တွေ့ရတာ ဝမ်းသာပါတယ်။ ကာနယ်ကေရီ၊ ကျွန်မ မာရီယာစပိုက်စာပါ။ အမှုထိန်းရဲ့အဖွဲ့က ဒန်နီနဲ့ တွဲပေးထားတဲ့ အရာရှိတစ်ယောက်ပါ'

မျက်နှာထား တင်းတင်း၊ အမျိုးသား ရဲ့အရာရှိများနှင့် ကွာလှသည်။ အသက် နှစ်ဆယ့်ရှစ်နှစ်ခန့်မျှသာ ရှိဦးမည်။ အရပ်မနိမ့်မမြင့်၊ ဆံပင် အညိုရောင်နှင့် မျက်လုံးများက ဖျတ်ဖျတ်လတ်လတ် ရှိသည်။ ကျွန်တော် အံ့ဩနေသည်ကို ရိပ်မိသွားပုံရ၏။ ပိုပြီး ပြည့်ပြည့်ဝဝ ပြုံးပြသည်။

'တွေ့ရတာ ဝမ်းသာပါတယ် မစ္စစပိုက်ဆာ'

သည်တုံ့ပြန်မှုမျိုး သူ့အတွက် အဆန်းဟုတ်ဟန် မတူ။ အထုပ်အပိုးတွေ ကြည့်ပြီး ဒန်နီကို လှမ်းပြောသည်။

'ပစ္စည်းတွေ အများကြီးပါလားဟေ့၊ ဒန်နီတော့ ပွတာပဲ'

ဒန်နီက ကျွန်တော့်ကို မေးခွန်းမျက်လုံးများဖြင့် ကြည့်သည်။ လက်ဆွဲသေတ္တာကို သူ မှတ်မိသွားကြောင်း ကျွန်တော် သိလိုက်၏။

'သမီး မေမေ ပို့လာတာလေ'

ဒန်နီ့ မျက်လုံးများထဲတွင် အရိပ်တစ်မျိုး ထိုးသွားသည်။

'မေမေက မလာဘူးပေါ့၊ ဟုတ်လား'

'မေမေ ကောင်းကောင်း နေမကောင်းလို့ သမီးရဲ့'

မျက်ဝန်းထဲမှ အရိပ်သည် ပို၍ မည်းမှောင်သွားလေသည်။

'သမီးလည်း မမျှော်လင့်ပါဘူး ဖေဖေ'

'ဒေါက်တာဘိုနာက အိပ်ရာထဲမှာ အနားယူခိုင်းထားတယ် သမီး၊ သူလာချင် . . '

'ဖေဖေက ဘယ်လိုသိလဲ . . ဖေဖေနဲ့ တွေ့လို့လား'

ဒန်နီက ကြားဖြတ်မေးလိုက်သည်။

ကျွန်တော် ဘာမှမဖြေဘဲ နေလိုက်၏။

'ချားလ်စ်နဲ့ ပို့ခိုင်းလိုက်မှာပေါ့၊ ဒီအတိုင်းပါပဲ ဖေဖေရယ်'

ကျွန်တော် ခေါင်းညိတ်လိုက်ရ၏။ စိတ်ပျက်သည့် အမူအရာဖြင့် ဒန်နီက မျက်နှာလွှဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒန်နီ၊ ဖေဖေ လာတုန်း စကားပြောနေနော် ကိုယ် ညနေပိုင်းမှ လာတော့မယ်'

မစ္စစပိုက်စာ နှုတ်ဆက်ပြီး ထွက်သွားသည်။ ဒန်နီ သူ့ ခုတင်ပေါ်တွင် ပြန်ထိုင်သည်။ မျက်နှာမှာ သုန်မှုန်လျက်။ အခန်းထဲကို ကျွန်တော် တစ်ချက် အကဲခတ်ကြည့်လိုက်ပြန်သည်။ အခန်းက ရှစ်ပေ ဆယ်ပေ၊ ခုတင်တစ်လုံးစီ၏ ခြေရင်းတွင် ပရိဘောဂ ဆို၍ ကုလားထိုင်တစ်လုံးနှင့် စားပွဲသေးသေးကလေး တစ်လုံးစီသာ ရှိသည်။ စားပွဲတွင် ဘဲလ် ပါ၏။

မှုလက အစိမ်းနုရောင်နံရံကို ကြက်ဥနှစ်ရောင် ထပ်သုတ်ထား၏။ သို့သော် ထူထူ ပိန်းပိန်း သုတ်ထားခြင်းမျိုး မဟုတ်။ မှုလနံရံမှ စာတွေကိုပင် လုံလုံခြုံခြုံ မဖုံးနိုင်။

ကျွန်တော် သေသေချာချာ ကပ်ကြည့်သည်။ လက်ရေးမျိုးပေါင်းစုံနှင့် ရေးထားသည့် ယောက်ျားလေးများ၏ နာမည်တွေ၊ နေ့စွဲတွေ၊ တယ်လီဖုန်းနံပါတ်တွေလည်း ပါ၏။ ယောက်ျား လေးများကို ဖိတ်ခေါ်တမ်းတသည့် စာတန်းတွေလည်း တွေ့ရ၏။ ဒန်နီ့ကို ကျွန်တော် ကြည့် လိုက်သည်။

မနေ့တုန်းက လှေကားပေါ်က ဆင်းလာသည့် မိန်းမငယ်တစ်ယောက်၏ ပုံသဏ္ဌာန် လုံးဝ မရှိတော့။ ခုတင်ပေါ်တွင် မျက်နှာအိုပြီး ထိုင်နေသည့် ကလေးငယ်တစ်ယောက်။ နှုတ်ခမ်းနီ ဖျော့ဖျော့ကလေးကိုသာ ဆိုးထားသည်။ ဆံပင်ကိုလည်း သားရေကွင်းနှင့် မြင်းမြီးပုံသဏ္ဌာန် ရိုးရိုးကလေး စည်းထား၏။ ဘလောက်စ်နှင့် စကပ်တို ဝတ်ထားသော ဆယ့်လေးနှစ်သမီးနှင့်ပင် မတူ။ ပီဘိ ကလေးငယ်လေးတစ်ယောက်။

ကျွန်တော်က စီးကရက်ထုတ်တော့

'တစ်လိပ်ပေးပါ ဖေဖေ'တဲ့။

ကျွန်တော် သူ့ကို စိုက်ကြည့်နေလိုက်သည်။

'သမီး စီးကရက်သောက်တတ်နေမှန်း ဖေဖေ မသိဘူး'

'ဖေဖေ မသိတာတွေ အများကြီး ရှိသေးတယ်'

ဒန်နီ စိတ်လှုပ်ရှားနေဟန်ဖြင့် ပြောသည်။ စီးကရက်တစ်လိပ် ပေးပြီး မီးခြစ်ပါ ပေးလိုက်သည်။ စီးကရက်ကို ဖွာပုံရှိုက်ပုံ ကျွန်တော် ကြည့်နေ၏။

'သမီး ဆေးလိပ်သောက်တာ မေမေ သိလား'

ခေါင်းညိတ်သည်။ ကျွန်တော့်ကို ထီမထင်သည့် မျက်နှာပေးဖြင့် ကြည့်နေ၏။

'သမီး ငယ်သေးတယ်လေ . .၊ ပြီးတော့ . .'

သူက ကျွန်တော့်စကားကို ခပ်သွက်သွက် ဖြတ်ပြီး-

'ခုမှ အဖေ လာဆန်မနေပါနဲ့ ဖေဖေ၊ သိပ်နောက်ကျကုန်ပါပြီ'

ဒန်နီ မှန်ပါသည်။ နှစ်တွေ အများကြီး လွန်မြောက်ခဲ့ပြီ မဟုတ်လား။

ကျွန်တော် အကြောင်းအရာ ပြောင်းလိုက်ရ၏။

'မေမေ ပို့လာတာတွေ သမီး ကြည့်ဦးလေ . .'

'ကြည့်စရာ မလိုပါဘူး ဖေဖေရယ် . .၊ သကြားလုံးတွေ၊ ချိုချဉ်တွေ၊ စာအုပ်တွေ၊ အဝတ်အစားတွေ ဒါတွေပဲ ဖြစ်မှာပေါ့' နွေရာသီစခန်းချထွက်တိုင်း ပို့နေကျပဲ'

ဒန်နီ မျက်ရည်တွေ လည်လာသည်။



'ခုလည်း စခန်းချပွဲတစ်ခုလို့ သူ ထင်နေမှာပါ။ ပစ္စည်းတွေ အမြဲ ပို့ပေးဖော်ရပါတယ်။ ဒါပေမဲ့ သမီးဆီ ဘယ်တော့မှ လိုက်မလာဘူး။ 'မိဘများနေ့'လို နေ့မျိုးမှာတောင် လာဖော် မရဘူး'

ကျွန်တော့်သမီးကို ရင်ခွင်ထဲမှာ ပွေ့ပြီး နှစ်သိမ့်ချင်ပါ၏။ သို့သော် သူက ခပ်တောင့် တောင့် ထိုင်ပြီး မျက်နှာထားက တင်းလွန်းနေသဖြင့် ကျွန်တော် အသာငြိမ်နေရသည်။ ခဏနေ မှ အခိုတိတ်ပြီး ကလေးသံကလေးဖြင့် မေးလေသည်။

"ဖေဖေ သမီးဆီ ဘာလို့ မလာတော့တာလဲဟင် . . သမီးကို ဖေဖေ ချစ်သေးရဲ့လား ဟင်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

နောက်တစ်နေ့ မနက် သေမှုသေခင်းဆိုင်ရာ ခုံရုံးကို ကျွန်တော် ရောက်တော့ ဂျူရီလူကြီးတွေ နေရာယူပြီးနေကြပြီ။ အခန်းကျဉ်းကလေးထဲတွင် လူတွေ ပြည့်ကျပ်နေ၏။ သက်သေများ ထိုင်ဖို့ သီးသန့်ချထားသည့် ရှေ့ပိုင်းခုံများတွင်သာ နေရာလပ် ရှိတော့သည်။ နောက်ပိုင်းတွင် ရပ်နေသော ကျွန်တော့်ကို မြင်တော့ ဟဲရစ်ဂေါ်ဒွန် လှမ်းခေါ်သည်။ နီရာ့နံဘေးတွင် ဝင်ထိုင် လိုက်ရ၏။ သတင်းထောက်တွေ ဝိုင်းကြည့်နေမှန်း ကျွန်တော် သိလိုက်သည်။

နီရာက တိုးတိုးကပ် ပြောသည်။

'ချားလ်စ်နဲ့ မနေ့က တွေ့ခဲ့တယ်ဆို၊ ဒန်နီ ဘယ်လိုနေလဲ'

သူ့ မျက်နှာ ဖြူရော်နေ၏။ မျက်နှာကို ဆေးဆိုးပန်းရိုက် လုပ်မထား၊ ပြီးတော့ အရှိုးဆုံး ဝတ်လာသည်။

'မင်း မလာလို့ သူ စိတ်ဓာတ်ကျနေတယ်'

'နီရာလည်း စိတ်မကောင်းပါဘူး၊ ဆရာဝန်ကမှ ပေးမသွားတာပဲ'

'ကြားပါတယ်၊ ခုကော နေကောင်းရဲ့လား'

သူ ခေါင်းညိတ်သည်။

'သက်သာပါတယ်'

ကျွန်တော် မျက်နှာ တစ်ဘက်သို့ လွှဲလိုက်သည်။ ပြီးခဲ့သည့် ကာလများကို စဉ်းဝယ် တွေးရုံမျှဖြင့် ကျွန်တော် စိတ်ချဉ်ပေါက်လာ၏။ နီရာသည် ဘာမှ မပြောင်းလဲသေး။ ကျွှာ



မီးလောင်ခံစေဦး။ သူ့မူအတိုင်း သွားနေမည်သာ။ မုသားကလေးများ ယဉ်ကျေးစွာ သကာဖုံး လျက်။ မနေ့က နေမကောင်းလို့တဲ့။ ကျွန်တော် လုံးဝ မယုံပါ။

တရားသူကြီးက စားပွဲကို တူဖြင့်ထုသံ ကြားရ၏။ အားလုံး ငြိမ်သွားသည်။ ပထမဆုံး သက်သေကို ခေါ်သည်။ တိုနီရိုကို၏ အလောင်းကို ခွဲစိတ်ကြည့်သည့် ဆရာဝန်။ ဆရာဝန် က အတွေ့အကြုံရှိပြီးသား။ သွက်သွက်လက်လက်။ ပြည့်ပြည့်စုံစုံ ထွက်ဆိုသွားသည်။

သေသူ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ကြည့်ကြောင်း။ ချွန်ထက်သော အရာတစ်ခုဖြင့် ဝမ်းဗိုက် ကို အထိုးခံရသည့်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း၊ အထိုးခံရပြီး ဆယ့်ငါးမိနစ်အတွင်း သေဆုံး သည်ဟု ခန့်မှန်းကြောင်း ထိုထက်မြန်လျှင် မြန်နိုင်ကြောင်း ထွက်ဆိုသွားသည်။

နောက်သက်သေတစ်ယောက်ကလည်း ဆရာဝန်ပင် ဖြစ်သည်။ ထိုဆရာဝန်က အတွေ့အကြုံ အံ့တိုနေသည့် ပုံမျိုး။

ရဲဌာနချုပ်က ခေါ်ပြီး တာဝန်ပေးသဖြင့် သူ ရောက်သွားတော့ တိုနီရိုကိုမှာ အသက် မရှိတော့ကြောင်း၊ ထို့ကြောင့် သာမန်မျှ စစ်ဆေးပြီး အလောင်းကို ရင်ခွဲရုံသို့ ပို့ခိုင်းလိုက်ကြောင်း။

သူ့အလှည့်ပြီးတော့ ဒေါက်တာဘိုနာ။ ခုံတန်းတစ်ဖက်စွန်းမှ ထလာသည့် ဒေါက်တာ ဘိုနာကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ သူနှင့် ပြန်မဆုံဖြစ်သည်မှာ ကြာပြီ။ နှစ်တွေ ပြောင်းလည်း သူ ဘာမှ မပြောင်းလဲသေး။ ဆံပင်တွေ ဖြူဖွေးပြီး ဥပဓိရုပ်ကောင်းနေဆဲ။ ဆန်ဖရန် စစ္စကိုတွင် အချမ်းသာဆုံး ဆရာဝန်တစ်ယောက်မှန်း သိသာနေဆဲ။

ကျမ်းကျိန်ပြီး သက်သေဝက်ခြံထဲ ဝင်သည်။

တရားသူကြီးက တိုတိုတုတ်တုတ်ပင် ပြောသည်။

'ဒေါက်တာဘိုနာ သောကြာနေ့က အဖြစ်အပျက်ကို ခင်ဗျားရဲ့ ကိုယ်ပိုင်စကားလုံး နဲ့ ပြောပြပါ'

ဒေါက်တာဘိုနာ ဂျူရီအဖွဲ့ဘက်သို့ မျက်နှာမူလိုက်သည်။

ဌာနကရိုဏ်းကျကျ လေယူလေသိမ်းလှလှဖြင့် ဒေါက်တာဘိုနာက ပြောသွားသည်။ လုံးဝ အထစ်အငေါ့မရှိ။

'အဲဒီနေ့က ရှစ်နာရီကျော်ကျော် ကျွန်တော့်ရုံးခန်းထဲက ထွက်မယ်လုပ်တုန်း ဖုန်းလာ တယ်၊ မစ္စနီရာဟေဒင်ရဲ့ ဘဏ္ဍာစိုးကြီး ချားလ်စ် ဆက်တာပါ။ ကျွန်တော့်ကို အမြန်ဆုံးလာခဲ့ ပါတဲ့။ အိမ်မှာ ပြဿနာတစ်ခု အရေးပေါ်နေလို့ပါတဲ့။

'ကျွန်တော့် ရုံးခန်းနဲ့ မစ္စနီရာဟေဒင်တို့ အိမ်နဲ့ တစ်ပြပဲ ဝေးတာမို့ ဖုန်းလာပြီး ဆယ့်ငါးမိနစ်အတွင်း ကျွန်တော် ရောက်သွားတယ်။ ကျွန်တော့်ကို မစ္စဟေဒင်ရဲ့ ပန်းပုခန်းထဲ အပြေးအလွှား ခေါ်သွားကြတယ်။ အခန်းထဲ ရောက်တော့ တိုနီရိုကို ကြမ်းပြင်ပေါ်မှာ လဲကျနေ တာကို ကျွန်တော် တွေ့ရတယ်။

'သူ့ခေါင်းကို မစ္စဟေဒင်က ပေါင်ပေါ်မှာ တင်ထားရက်သား တွေ့ရပါတယ်။ သွေး တွေ ရွှဲနေတဲ့ မျက်နှာသုတ်ပဝါတစ်ထည်ကို မစ္စဟေဒင် ကိုင်ထားပါတယ်။

'ဘယ်လိုဖြစ်တာလဲလို့ ကျွန်တော်က မေးတော့ တိုနီရိုကို ဓားထိုးခံရလို့ပါတဲ့။ ကျွန်တော့် ဆေးအိတ်ကို မှာ ဒူးထောက်ထိုင်ချပြီး မျက်နှာသုတ်ပဝါကို ဖယ်ကြည့်လိုက်တော့ သွေးတွေ ဒလဟော ကျနေတဲ့ ဒဏ်ရာကြီးကို မြင်ရပါတယ်။ မျက်နှာသုတ်ပဝါကို ချပြီး သူ့သွေးခုန်နှုန်းကို စမ်းကြည့် တော့ မငွေ့ငွေ့ကလေးပဲ တွေ့ရတော့တယ်။ သူဟာ ဝေဒနာကို အပြင်းအထန် ခံစားရင်း အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့မယ်လို့ ကျွန်တော် သိလိုက်ပါတယ်။ ဆေးအိတ်ကို ဖွင့်ပြီး မော်ဖင်းတစ်လုံး ထိုးပေးဖို့ ပြင်ဆင်ပါတယ်။ နည်းနည်းမှ အနာသက်သာပါစေ ဆိုပြီးတော့လေ။ ဒါပေမဲ့ ကျွန်တော် ဆေးထိုးတုန်း သူ့အသားထဲ မဝင်ခင် အသက်ကုန်သွားပါတယ်"

သည်လို နိဂုံးချုပ်ပြီး တရားသူကြီးကို လှမ်းကြည့်လိုက်သည်။

တရားသူကြီးက အလေးအနက် စဉ်းစားနေဟန်ဖြင့် သူ့ကို စိုက်ကြည့်နေ၏။ ပြီးမှ အနောက်ဘက်တွင် ထိုင်နေသည့် လူတစ်ယောက်ကို လှမ်းမေးလိုက်သည်။

'ဘာများ မေးစရာရှိသေးလဲ မစ္စတာကာတာ'

'ကာတာက လက်ထောက်ခရိုင် ရာဇဝတ်တရားသူကြီးလေ'

ဂေါ်ဒွန်က ကျွန်တော့်ကို တိုးတိုးကပ်ပြောသည်။

ကာတာဆိုသူက ခေါင်းညိတ်ပြီး ထသည်။

'ဒေါက်တာဘိုနာခင်ဗျား၊ မသေခင် တိုနီရိုကို တစ်စုံတစ်ခုများ ပြောသွားပါသေးလား'

'အင်း . . ပြောတယ်'

'ဘာများ ပြောပါသလဲ'

'သူ လုပ်ရက်တယ်။ သူ လုပ်ရက်တယ်ဆိုတဲ့ စကားလုံးကို ညည်းတွားရင်း ထပ်ခါ ထပ်ခါ ပြောပါတယ်'

'သူ ဒီလိုပြောတော့ ဘယ်သူ့ကို ပြောတယ်လို့ ဆရာထင်ပါသလဲ'

'ကျွန်တော် မထင်တတ်ပါဘူး'

ဆရာဝန်က ဒိုးဒိုးဒေါက်ဒေါက် အခိုင်အမာပြောသည်။ ဂေါ်ဒွန်ကို ကျွန်တော် မျက်စိ အကဲခတ်လိုက်သည်။ ကျေနပ်နေပုံရ၏။ ဆရာဝန်ကို သူ သင်ထားပြီးသား ဖြစ်မည် မှတ်။

'ဆရာ ပန်းပုခန်းထဲရောက်တော့ မစ္စဟောဒင်အပြင် ဘယ်သူများ ရှိပါသေးသလဲ'

'မစ္စဟောဒင်ရဲ့ သမီးကလေးပါ ရှိနေပါတယ်'

'တိုနီရိုကို စစ်ဆေးနေတဲ့ တစ်ချိန်လုံး ကလေးမကလေး ရှိနေပါသေးလား ဆရာ'

'ရှိနေပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ဒေါက်တာ ဘိုနာ'

လက်ထောက် ခရိုင်ရာဇဝတ်တရားသူကြီး သူ့နေရာသို့ ပြန်သွားသည်။ တရားသူကြီးက လှမ်းပြောသည်။

'ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ သွားနိုင်ပါပြီ'

ဘီလစ်စာရေးကြီး၏ အသံ တစ်ဆက်တည်း ပေါ်လာသည်။

'ရဲအုပ်ကြီး ဂျယ်ရယ်မိုင်ရာ'

ဗလကောင်းကောင်း ဆံပင်တိုတိုနှင့် လူငယ်တစ်ယောက်ထလာသည်။ ရှေ့ရောက်လာပြီး ကျမ်းကျိန်သည်။

'ရဲအုပ်ကြီး နာမည်နဲ့ အလုပ်အကိုင် ဂျူရီလူကြီးများကို ပြောပြပါ'

'ရဲအုပ်ကြီး ဂျယ်ရယ်မိုင်ရာ၊ ဆန်ဖရန်စစ္စကိုရဲအဖွဲ့ မှုခင်းဌာနကပါ'

'မစ္စတာရိုကို အသတ်ခံရတဲ့ညက အဖြစ်အပျက် ရုံးတော်ကို ပြောပြပါ'

ရဲအုပ်ကြီးက အိတ်ထဲမှ မှတ်စုစာအုပ်ကလေး ဖွင့်သည်။

'ကျွန်တော်တို့ဆီ သတင်းရောက်လာတော့ ညရှစ်နာရီ နှစ်ဆယ့်ငါးမိနစ်ရှိပါပြီ။ ပတ္တရောင်



ကားတစ်စီးက ရေဒီယိုနဲ့ သတင်းပို့တာပါ။ မစ္စဟောဒင်အိမ်ကို ကျွန်တော်တို့ ရောက်သွားတော့ ရှစ်နာရီ သုံးဆယ်ခုနှစ်မိနစ် ရှိပါပြီ။ ပတ္တရောင်ကားနှစ်စီး ရောက်နှင့်နေပါတယ်။ ရဲတွေက ကျွန်တော့်ကို ဆီးပြီး အဖြစ်အပျက်ကို ပြောပြပါတယ်။

'ကျွန်တော်စတူဒီယိုထဲ တန်းသွားပါတယ်၊ အလောင်းကို ကြမ်းပြင်ပေါ်မှာ ပုံမပျက် တွေ့ရပါတယ်။ အခန်းထဲမှာ မစ္စဟောဒင်တို့ သားအမိအပြင် ဘဏ္ဍာစိုးကြီး ချားလ်စ်၊ ဒေါက်တာ ဘိုနာနဲ့ ရှေ့နေကြီးမစ္စတာဂေါ်ဒွန်တို့ ရှိနေကြပါတယ်။ ရောက်ရောက်ချင်း ကျွန်တော့် အလုပ်ကို ကျွန်တော် စပါတယ်'

ရဲအုပ်ကြီးက လည်ချောင်းရှင်းပြီး ရုံးခန်းထဲကို ဝေ့ကြည့်လိုက်သည်။

'ကျွန်တော် စစ်ဆေးလို့ ရသမျှကို တင်ပြပါ့မယ်။ အခင်းဖြစ်ပွားချိန်က အခန်းထဲမှာ မစ္စဟောဒင်တို့ သားအမိ နှစ်ယောက်လုံး ရှိနေတယ်လို့ သိရပါတယ်။ သားအမိ နှစ်ယောက်စလုံး ကို ကျွန်တော် စစ်ပါတယ်။ သမီးလုပ်သူက သူ့အမေနဲ့ စကားများနေတဲ့ တိုနီရိုကို သူကိုယ်တိုင် ဆောက်နဲ့ ထိုးတာပါလို့ ဝန်ခံတယ်။

'ကျွန်တော် ဆက်စစ်ကြည့်တော့ ဆောက်ရဲ့ လက်ကိုင်ပေါ်မှာ သားအမိနှစ်ယောက် စလုံးရဲ့ လက်ဗွေရာ၊ အသတ်ခံရသူရဲ့ လက်ဗွေရာပါ တွေ့ရပါတယ်'

'ဆက်ပြောပါ ရဲအုပ်ကြီး'

'ကျွန်တော့် အလုပ်ပြီးတာနဲ့ ဒန်နီကေရီကို ရဲဌာနကို ကျွန်တော် ခေါ်သွားပါတယ်။ ကျွန်တော့်တို့နဲ့ အတူ ရှေ့နေကြီး မစ္စတာဂေါ်ဒွန်လည်း လိုက်လာပါတယ်။ ရဲဌာန ရောက်တော့မှ မစ္စဒန်နီ ဖြောင့်ချက်ပေးပါတယ်။ လက်ရေးတိုစာရေး လိုက်ရေးထားတဲ့ ဖြောင့်ချက်ကို ပြန်ဖတ် ပြီးပြီးချင်း ကလေးမက လက်မှတ်ထိုးပါတယ်။ ရှေ့နေကြီး မစ္စတာဂေါ်ဒွန်ရဲ့ ရှေ့မှာပါ။ နောက်တော့ ဥပဒေအရ ကျွန်တော် လူငယ်များဂေဟာကို ပို့ပေးပါတယ်။ အဲဒီမှာ အမှုထိန်းရဲလက်ကို ကျွန်တော် လွှဲပေးခဲ့ပါတယ်။ အဲဒီအထိ မစ္စတာဂေါ်ဒွန် လိုက်လာပါတယ်'

'အဲဒီဖြောင့်ချက်မိတ္တူ ရဲအုပ်ကြီးဆီမှာရှိလား'

'ရှိပါတယ် ခင်ဗျား'

တရားသူကြီးက ဂျူရီလူကြီးများဘက် လှည့်ပြီး-

'ကာလီဖိုးနီးယားပြည်နယ် ဥပဒေအရ အရွယ်မရောက်သေးသူတစ်ယောက်ကို ရာဇဝတ်မှုနဲ့ ရုံးမတင်နိုင်ဘူး။ အမှုကို ကလေးသူငယ်များ တရားရေးဌာနက ဆက်ကိုင်လိမ့်မယ်။ ကျွန်တော်တို့ တာဝန်က သေမှုသေခင်းဆိုင်ရာ အချက်အလက်တွေကို စစ်ဆေးပေးဖို့၊ ဒီတော့ ကလေးမရဲ့ ဖြောင့်ချက်ကို နားထောင်ကြရအောင်' ဟု ပြောပြီး ရဲအုပ်ကြီးဘက်ကို ပြန်လှည့်လိုက်သည်။

'တစ်ဆိတ် ဖတ်ပြပါ'

ရဲအုပ်ကြီးက အိတ်ထဲမှ စာရွက်ခေါက်ကို ထုတ်ယူလိုက်သည်။ ပြီးတော့ အနိမ့်အမြင့် မရှိဘဲ ခံစားမှုကင်းမဲ့သည့် အသံဖြင့် ဖတ်သွားသည်။

အရွယ်မရောက်သေးသူ ဒန်နီကေရီ၏ ဖြောင့်ချက်

'ကျွန်မ နာမည် ဒန်နီယဲလ်နိုရာကေရီပါ။ မေမေ နိုရာဟောဒင်နဲ့ အတူ ဆန်ဖရန်စစ္စကိုမှာ နေပါတယ်။ နှစ်ဝက်စာမေးပွဲကြီးအတွက် ကျွန်မ အပေါ်ထပ်မှာ စာကျက်နေတုန်း မေမေ့

www.burmeseclassic.com

www.burmeseclassic.com



စတူဒီယိုထဲက ဆူဆူကြားပါတယ်။ ရစ်ကီနဲ့ မေမေနဲ့ ရန်ဖြစ်ကြတာပါ။ ခါတိုင်း ရန်ဖြစ်ရင် ကျွန်မ ဘယ်တော့မှ ကြားမဝင်ပါဘူး။ ဘယ်တော့မှလည်း ဆင်းမကြည့်ဘူး။ စိတ်ညစ်လွန်းလို့။

ဒါပေမဲ့ ဒီတစ်ခါ ရန်ပွဲက ပိုကြီးပုံရတယ်။ ဆူညံနေတာပဲ။ တစ်ခါတုန်းကလည်း သူ မေမေ့ကို ရိုက်လို့ မျက်လုံးမှာ အညိုအမည်းစွဲပြီး သုံးရက်လုံးလုံး မေမေ အပြင်မထွက်နိုင်ပါဘူး။

အသံတွေ ကျယ်သထက် ကျယ်လာပါတယ်။ မေမေ့ အော်သံလိုလို ကြားလိုက်ပါတယ်။ 'ခင်ဗျားကြီးကို ကျုပ် သတ်မယ်'ဆိုတဲ့ ရစ်ကီအသံလည်း ကြားရော ကျွန်မ ပြေးဆင်းသွားပါတယ်။

စတူဒီယို အခန်းတံခါးကို ဖွင့်လိုက်တော့ ကျွန်မ လန့်သွားပါတယ်။ ရစ်ကီက မေမေ့ လက်ကို လိမ်ချိုးပြီး စားပွဲပေါ် လှန်ချထားပါတယ်၊ အဲဒီ အနားမှာရှိတဲ့ စားပွဲပေါ်က ဓားကို ကောက်ပြီး မေမေ့ကိုလွှတ်၊ မေမေ့ကိုလွှတ်လို့ အော်ပြီး ကျွန်မ ပြေးသွားပါတယ်။ သူ မေမေ့ကိုလွှတ်ပြီး ကျွန်မဆီကို တစ်လှမ်းတိုးလာပါတယ်။ ကျွန်မကို ထွက်သွားလို့ မောင်းထုတ်တယ်၊ လက်ထဲမှာ ကိုင်ထားတဲ့ ဓားကိုမေ့ပြီး သူ့ဗိုက်တည့်တည့်ကို လက်သီးနဲ့ စွတ်ထိုးလိုက်တာပါ။

သူ ခဏကြောင်ပြီး ရပ်နေပါတယ်။ ပြီးမှ ဗိုက်ကို လက်နဲ့ ဖိရင်း'ကြည့်စမ်း မင်းဘာ လိုလုပ်လိုက်တာလဲ ဒန်နီ၊ မိုက်လှချည်လားဟင်' လို့ ပြောပါတယ်။ ဒီတော့မှ သူ့ဗိုက်မှာ ဓားကြီး တန်းလန်းဖြစ်နေတာကို ကျွန်မ မြင်ပါတယ်။ သူက ဓားကို လက်နှစ်ဖက်နဲ့ ဆုပ်လို့ သူ့လက်ကြားက သွေးတွေစီးကျနေပါတယ်။ ဒီတော့မှ ကျွန်မ သတိဝင်လာပြီး အမေ့ဆီ ပြေးသွားပါတယ်။

'သမီးလုပ်တာ မဟုတ်ဘူး မေမေ၊ သမီး တမင်လုပ်တာ မဟုတ်ဘူးလို့' အော်ပြောရင်ပေါ့။ မေမေက ကျွန်မကို တွန်းပစ်ပြီး ရစ်ကီဆီ ပြေးသွားတယ်။ ရစ်ကီက မေမေ့ဘက် လှည့်ပြီး ဓားကို ဆွဲနုတ်လိုက်တယ်။ ပြီးတော့ မေမေ့ကို ကမ်းပေးတယ်။ သွေးတွေ ဒလဟော ပန်းထွက်လာတယ်။ မေမေက ဓားကို ကြမ်းပြင်ပေါ် ပစ်ချလိုက်တုန်းမှာ ရစ်ကီ မေမေ့ဆီ တစ်လှမ်းတိုးလာပြီး လဲကျသွားတယ်။

မြင်ကွင်းကို ကျွန်မ ဆက်မကြည့်ရဲတာနဲ့ ငယ်သံပါအောင် အော်ပြီး မျက်နှာကို လက်ဝါးနဲ့ အုပ်လိုက်တယ်။

အဲဒီမှာ ချားလ်စ်နဲ့ ပိုင်အိုလက် ရောက်လာတယ်။ ပိုင်အိုလက်က ကျွန်မပါးကို ဘယ်ပြန်ညာပြန် ရိုက်ပြီး သတိရအောင် လုပ်တယ်။ ဒီတော့မှ ကျွန်မ အအော်ရပ်သွားတယ်။ ခဏနေတော့ ဒေါက်တာဘိုနာ ရောက်လာပြီး သေသွားပြီလို့ ပြောပါတယ်။ ဒီလို ဖြစ်သွားလိမ့်မယ်လို့ ကျွန်မ လုံးလုံး မမျှော်လင့်ခဲ့ပါဘူး။

အထက်ပါ ကျွန်မ ထွက်ဆိုချက်ကို ကျွန်မကိုယ်တိုင် ပြန်လည်ဖတ်ရှုပြီး အမှန်အတိုင်း ထွက်ဆိုခြင်း ဖြစ်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်'

ရဲအုပ်ကြီးက ဂျူရီလူကြီးများကို ကြည့်ပြီး အနိမ့်အမြင့် မရှိသည့် အသံဖြင့်ပင်-

'အောက်မှာ ဒန်နီနီရာကေရီ လက်မှတ်ထိုးထားပါတယ်'ဟု နိဂုံးချုပ်လိုက်သည်။

တရားသူကြီးက လက်ထောက်ခရိုင်ရာဇဝတ်တရားသူကြီးဘက်သို့ လှည့်လိုက်ပြန်သည်။

'မစ္စတာကာတာ ဘာများ မေးစရာ ရှိသေးလဲ'



'မရှိပါဘူး'

'ကျေးဇူးတင်ပါတယ် ရဲအုပ်ကြီး၊ ပြီးပါပြီ'

စာရေးကြီး၏ အသံ ပေါ်လာပြန်သည်။

'နိုရာဟေဒင်'

နိုရာ ထပြီး ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ မျက်နှာ ဖြူရော်ရော် ဖြစ်နေ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ အမေနှင့် တူသလိုလို စိတ်ထဲထင်လိုက်၏။ လမ်းလျှောက်ပုံမှာ တင်းတင်းမတ်မတ်ပင် မျက်နှာကို ချီလျက် အောင်လံလွှင့်နေသည့် မျက်နှာပေးမျိုး။

ကျမ်းကိုနမ်းပြီး သက်သေဝင်ခြံဆီသို့ လျှောက်သွားသည်။ ဟဲရစ်ဂေါ်ဒွန်က လက်ထောက် ခရိုင် ရာဇဝတ်တရားသူကြီး၏ နောက်တွင် နေရာယူထားသည်။

တရားသူကြီးက သက်ညှာသည့် လေသံဖြင့် ဂရုဏာစွက်ပြီး ပြောသည်။ ဟေဒင် မျိုးက သည်မြို့တွင် သံမဏိရှည်ခဲ့သည့်မျိုး မဟုတ်လား။

'ဒီအဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး ဂျူရီ လူကြီးများကို သိသမျှ ပြောပြပါ မစ္စဟေဒင်'

နိုရာ့ အသံက တိုးလှသည်။ ဂျူရီလူကြီးများနှင့် ရှေ့တန်းမှ လူများအတွက်သာ သဲသဲကွဲကွဲ ကြားရသည်။

'မစ္စတာတိုနီရိကိုနဲ့ ကျွန်မ ရန်ဖြစ်ကြပါတယ်။ သူ ကျွန်မဆီမှာ မန်နေဂျာအဖြစ်နဲ့ လုပ်လာတာ ကြာပါပြီ။ ဒါပေမဲ့ သူ့ကို မကြိုက်တော့လို့ ကျွန်မ အလုပ်ဖြုတ်ပစ်လိုက်ပါတယ်။ ကျွန်မ ပေးတဲ့ နစ်နာကြေးနဲ့ သူက မတင်းတိမ်ပါဘူး။ ကျွန်မ အလုပ်ခန်းထဲ လိုက်လာပြီး နင်ပဲငဆ ပြောပါတယ်။

'ကျွန်မက ထွက်သွားဖို့ မောင်းထုတ်ပါတယ်။ အလုပ်မှာ စိတ်အနှောင့်အယှက် ဖြစ်ရတယ်။ ချက်ချင်း မင်း ထွက်သွားလို့ ပြောတယ်။ သူက ကျွန်မ ပခုံးကို ကိုင်ပြီး ခပ်ကြမ်းကြမ်း ဆွဲလှုပ်ရင်း ဒီလို အကြောင်းပြချက်မျိုးနဲ့ မသွားနိုင်ဘူးတဲ့။ သူ့လက်ထဲက ကျွန်မ အတင်းရုန်း ထွက်လိုက်ပါတယ်။

'ဒါပေမဲ့ လက်ကို ပြန်ဆွဲမိသွားပြီး လိမ်ထားလိုက်တော့ ကျွန်မ မလှုပ်နိုင်တော့ပါဘူး။ စားပွဲပေါ်ကို ကျွန်မ ပက်လက်လန်ကျသွားပါတယ်။ အဲဒီအချိန်မှာ ဒန်နီ ရောက်လာတာပါ။ သူက ဒန်နီဘက်ကို လှည့်ပြီး ထွက်သွားဖို့ အော်ပြောတယ်။

'ဒန်နီ သူ့ဗိုက်ကို ထိုးလိုက်တာ ကျွန်မ မြင်ပါတယ်။ ဒန်နီဟာ ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်ဖူးလို့ ကျွန်မ အံ့ဩသွားပါတယ်။ ကျွန်မ သမီးလေးဟာ အလွန် အေးချမ်းတဲ့ ကလေးပါ။ ဗိုင်းကောင်းကျောက်ဖိတာလေးပါ။ သူ့ကို မမြင်ရရင် အိမ်မှာ သူ ရှိမှန်းတောင် မသိရပါဘူး။

'ရိုကို ကျွန်မဘက်လှည့်လာတော့မှ သွေးတွေကို ကျွန်မ မြင်ရပါတယ်။ အဲဒီမှာ ဒန်နီ ကျွန်မဆီ ပြေးလာပါတယ်။ သူ တမင်လုပ်တာ မဟုတ်ပါဘူးဆိုပြီး အော်ပြောလာတာပါ။

'ကျွန်မ သူ့ကို ဖယ်ပြီး ရိုကို့ အခြေအနေကို ကြည့်ပါတယ်၊ အနားရောက်မှ ဓားက် တန်းလန်းနဲ့ ဖြစ်နေတာ ကျွန်မ တွေ့ရတယ်။ ဓားကို နုတ်ပြီး သူ ကျွန်မကို ကမ်းပေးတယ်။ သွေးစက်လက်နဲ့ ကျွန်မ ယောင်ယမ်းပြီး လွှတ်ချလိုက်ပါတယ်။ အဲဒီမှာ သူ လဲကျသွားတာပါပဲ။ ကျွန်မ မထိန်းလိုက်နိုင်ခင် သံမံတလင်းပေါ် ပုံကျသွားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မျက်ရည်တွေ ကျလာသည်။ တစ်ချက် ရှိုက်လိုက်သည်။ ဆက်ပြောလို့ မရတော့ဘဲ ငိုချလိုက်သည်။ သို့သော် ပုံပျက်ပန်းပျက် မဟုတ်။ လှလှပပ ငိုခြင်းမျိုး။ လက်ကိုင်ပဝါ ထုတ်ပြီး မျက်ရည်သုတ်ပုံကိုက သေသေသပ်သပ်။ တရားရုံးတစ်ခုလုံးကို အပ်ကျသံမှ မကြားရလောက်အောင် နီရာ ထိန်းထားသည်။ တရားသူကြီးက စိတ်ထိခိုက်နေသည့် အမူအရာဖြင့် 'မစ္စနီရာကို ရေတစ်ခွက် ခပ်ပေးလိုက်ပါ' ဟု လှမ်းပြောသည်။

စာရေးကြီးက ဖန်ခွက်တွင် ရေဖြည့်ပြီး သွားပို့ပေးသည်။

နီရာ ရေသောက်သည်။ လှလှပပပင်။

'ခဏ နားချင်သလား မစ္စဟောဒင်'

သူက ကျေးဇူးတင်စွာ လှမ်းကြည့်ပြီး-

'ကျေးဇူးတင်ပါတယ်ရှင် ရပါတယ်။ ကျွန်မ ဆက်ပြောပါ့မယ်'

'ဖြည်းဖြည်း အချိန်ယူပါ မစ္စဟောဒင်'

နီရာက နောက်တစ်ကျိုက် သောက်ပြီး ဆက်ပြောသည်။ လေသံကမူ စိတ်ဓာတ်ကျနေသည့် လေသံ။ ဖျော့တော့လှသည်။ ကြားလောက်ရုံမျှသာ ထွက်လာ၏။

'ဒန်နီ သွေးရူးသွေးတန်း အော်နေတုန်း ဘဏ္ဍာစိုး ရောက်လာပါတယ်။ ကျွန်မက ဆရာဝန် ခေါ်ဖို့ ချားလ်စ်ကို ပြောပြီး ရဲကို ကျွန်မကိုယ်တိုင် အကြောင်းကြားပါတယ်။ ပြီးတော့ ရီကို့ကို သက်သောင့်သက်သာ ဖြစ်အောင် ကျွန်မ လုပ်ပေးပါတယ်'

မျက်ရည်တွေ ကျလာပြန်သည်။

ဒါပေမဲ့ ကျွန်မ ဘာမှ မလုပ်တတ်ပါဘူး။ ဘယ်သူမှလည်း မလုပ်နိုင်တော့ပါဘူး။ ဒန်နီ တမင်လုပ်တာ မဟုတ်ဘူးဆိုတာ ကျွန်မ ကောင်းကောင်းသိပါတယ်။ မတော်တဆ ဖြစ်သွားရတာပါ။ ဒန်နီဟာ ယင်ကောင်တစ်ကောင်ကိုတောင် သတ်ရဲတဲ့ တလေး မဟုတ်ပါဘူးရှင်'

ခဏ ရပ်သွားပြန်သည်။ စိတ်ကို ထိန်းနေပုံရ၏။ ပြီးမှ ခေါင်းမော့လိုက်ပြီး ဂျူရီအဖွဲ့ကို ရဲရဲတင်းတင်း ကြည့်သည်။ ရဲရင့်ပြတ်သားသည့် အသံဖြင့်-

'ဒီလိုဖြစ်ရတာ အားလုံး ကျွန်မ အပြစ်ပါ။ သမီးလေးအပေါ် ဒါ့ထက်ပိုပြီး အမေဆန်သင့်ပါတယ်'

သည်နေရာတွင် နီရာ သယ်သွားခြင်း ဖြစ်သည်။ အမူအရာရော လေယူလေသိမ်းပါ ကောင်းလွန်းသဖြင့် စုတ်တသတ်သတ် ဖြစ်သွားကြသည်။ ဂျူရီလူကြီးအဖွဲ့ထဲတွင် အမျိုးသမီး ငါးယောက် ပါသည်ဖြစ်ရာ အမျိုးသမီးတွေအားလုံး မျက်ရည်တွေ ဝဲနေကြသည်။ နီရာက တရားသူကြီးကို မော့ကြည့်ပြီး-

'ကျွန်မ . . ကျွန်မ . . ပြောစရာ ဒါလောက်ပါပဲရှင်'

တရားသူကြီးက လည်ချောင်းရှင်းပြီး-

'ဘာများ မေးစရာရှိပါသေးလဲ မစ္စတာကာတာ'

မစ္စတာကာတာ မတ်တတ်ထရပ်သည်။

'မစ္စဟောဒင် စောစောက ခင်ဗျားပြောသွားတယ်။ ခင်ဗျားက ရဲကို အကြောင်းကြားနေတုန်း ဘဏ္ဍာစိုးကို ဆရာဝန်ဆီ အကြောင်းကြားခိုင်းတယ်။ ပြီးတော့ မစ္စတာရီကိုကို နေသာထိုင်သာ ရှိသွားအောင် လုပ်ပေးတယ် ဟုတ်ပါသလား'



နီရာ ခေါင်းညိတ်သည်။

'ဟုတ်ပါတယ်'

'မှုခင်းရဲတပ်ဖွဲ့က မစ္စတာမိုင်ရာ ရောက်တော့ ရှေ့နေကြီး မစ္စတာဂေါ်ဒွန် စတူဒီယိုထဲ ရောက်နှင့်နေပြီ။ ဘယ်အချိန် အကြောင်းကြားလိုက်တာပါလဲ'

'ရဲကို အကြောင်းကြားပြီး လှမ်းခေါ်လိုက်တာပါ။ အချိန်အတိအကျတော့ မမှတ်မိတော့ပါဘူး။ အဲဒီတုန်းက ကျွန်မစိတ်တွေ သိပ်ချောက်ချားနေပါတယ်'

ကာတာ သိ မသိတော့ မသိ။ နီရာ လိမ်ပြောနေမှန်း ကျွန်တော်သိသည်။ ကာတာက ဆက်မထောက်ဘဲ လွှတ်ပေးလိုက်၏။

'မစ္စဟောဒင်နဲ့ မစ္စတာရီကိုရဲ့ ဆက်ဆံရေးကို ပြောပြပါလား'

'သူက ကျွန်မရဲ့ အရောင်းမန်နေဂျာပါ'

'ဒါပေမယ့် သူက မစ္စတာ ဟောဒင်ရဲ့ အိမ်မှာ နေတယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'ပန်းချီပန်းပုလောကမှာ ဒီလို အစဉ်အလာမျိုး ရှိပါသလား'

'အဲဒါ ကျွန်မ မသိပါဘူး၊ ကျွန်မအနေနဲ့တော့ လိုအပ်တယ်။ ကျွန်မတို့ အလုပ်မျိုးက ရုံးချိန်နဲ့တင် မလုံလောက်ဘူး'

'ဆိုချင်တာက ခင်ဗျားနဲ့ ကိုရီနဲ့ သာမန်အလုပ်သဘောထက် ပိုတယ်လို့ ပြောချင်တာလား'

ဂေါ်ဒွန်က ထရပ်ပြီး-

'ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းဟာ သေမှုသေခင်းဆိုင်ရာ ကြားနာမှုနဲ့ ဘာမှ မပတ်သက်ပါဘူး'

တရားသူကြီးက တည်ငြိမ်သောအသံဖြင့်-

'လက်ခံပါတယ်။ နောက် ဆင်ခြင်ပြီး မေးပါ'

ကာတာက နီရာကို တစ်ချက် လှမ်းကြည့်သည်။

'ဆောက်ကို ဒန်နီ ကောက်ယူတာ မစ္စဟောဒင် မြင်သလား'

'မမြင်ပါဘူး'

'ထိုးလိုက်တော့ သူ့ဆီမှာ ဆောက်ပါတယ်ဆိုတာကော မြင်သလား'

'မမြင်ပါဘူး'

'တံခါးဝမှာ ဒီလိုပစ္စည်းတွေ ရှိနေနိုင်တယ် ဆိုတာကော သိပါသလား'

'သိပါတယ်'

'ခါတိုင်းလည်း ဒီလိုပဲ မသိမ်းဘဲထားလေ့ ရှိသလား၊ အန္တရာယ်ဖြစ်နိုင်တဲ့ ပစ္စည်းမျိုးဆိုတာ ခင်ဗျား မသိဘူးလား'

'ကျွန်မ အလုပ်လုပ်နေတုန်း ထားချင်သလို ထားတာပဲ၊ ဒါ ကျွန်မရဲ့ခွင်ပဲ'

သူ့အသံ မာလာသည်။

'ဒါ ကျွန်မ ပန်းပုခန်းပဲ၊ ဆောက်တင်မကဘူး၊ တခြား ပစ္စည်းတွေလည်း အများကြီးပဲ၊ လျှပ်စစ်ပစ္စည်းတွေတောင် ပါသေးတယ်၊ ကျွန်မက ပန်းပုထုတဲ့ အနုပညာသည်၊ ကျွန်မ အလုပ်ပဲ ကျွန်မ စိတ်ဝင်စားတယ်၊ ပစ္စည်းတွေ သိမ်းတာဆည်းတာ ကျွန်မအလုပ် မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပစ္စည်းတွေ အန္တရာယ် ဖြစ်နိုင်တယ်လို့လည်း တစ်ခါမှ မစဉ်းစားခဲ့မိဘူး။ ဒါတွေဟာ ကျွန်မ ပညာရပ်ရဲ့ အခြေခံပစ္စည်းတွေပဲ'

'မေးစရာ မရှိတော့ပါဘူး'

မစ္စတာကာတာ ထိုင်ချလိုက်သည်။

နိုရာ ဝက်ခြံထဲမှ ထွက်လာသည်။ အသွားတုန်းကကဲ့သို့ပင် မျက်နှာကို မော့လျက်၊ အနုပညာဆိုသည့် ဒိုင်းနှင့် ကာလိုက်ခြင်း ဖြစ်၏။ ဘယ်သူ ဘာတတ်နိုင်သေးသနည်း။ လုံလုံခြုံခြုံ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်သွားလေပြီ။

နောက်သက်သေမှာ ချားလိစ်၊ ချားလိစ်၏ ထွက်ဆိုချက်သည် ရှေ့နေ၏ ထွက်ချက်အားလုံးကို အတည်ပြုသလို ဖြစ်သွားသည်။ ဘာပြုလို့ ဗိုင်အိုလက်ကို မစစ်ကြပါလိမ့်။ တရားသူကြီးက အမှုကို ဂျူရီလူကြီးများလက်သို့ လွှဲလိုက်ပြီ။

ငါးမိနစ် စဉ်းစားခန်းဝင်ပြီး စီရင်ချက်ချသည်။

'တိုနီရီကိုသည် ချွန်ထက်သော အရာတစ်ခုဖြင့် ဒန်နီနိုရာကေရီ ထိုးလိုက်သည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း၊ အရွယ်မမြောက်သေးသည့် ဒန်နီနိုရာကေရီသည် အမေကို ကာကွယ်ရင်း ထိုးမိခြင်း ဖြစ်ကြောင်းကို ဂျူရီအဖွဲ့က လက်ခံသည်'

ရုံးခန်းထဲတွင် သတင်းထောက်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ တရားသူကြီးက မဆူကြဖို့ စားပွဲကို တူထုပြီး ပြောသည်။ နိုရာနှင့် ဂေါ်ဒွန် အပြင်ထွက်ကြမည် ဖြစ်၍ ကျွန်တော် ဘေးကပ်ပေးလိုက်သည်။ တံခါးတွင် ကင်မရာမီးလုံးတွေ တဖျပ်ဖျပ်ပွင့်နေကြ၏။ သူတို့ ရှင်းမှ ထွက်တော့မည် ဆိုပြီး ကျွန်တော် ပြန်ထိုင်နေလိုက်သည်။ ရုံးခန်းထဲတွင် လူကျဲနေပြီ။ လူသွားလမ်းတစ်ဘက်တွင် ထိုင်ပြီး မှတ်စုရေးနေသည့် အမျိုးသမီးကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ စာအုပ်ကို ပိတ်ပြီး ကျွန်တော့်ကို ခေါင်းညိတ်ပြသည်။ ကျွန်တော် ချက်ချင်း မှတ်မိလိုက်၏။ မစ္စစပိုက်စာ။

ကျွန်တော် ထရပ်လိုက်ပြီး-

'ဟဲလို မစ္စစပိုက်စာ'

'ဟဲလို ကာနယ်ကေရီ'

'ဒန်နီနဲ့ ဒီနေ့မနက် တွေ့ခဲ့သေးလား ဟင်'

သူ ခေါင်းညိတ်သည်။

'အခြေအနေ ဘယ်လိုပါလိမ့်'

'အင်း . . . စိတ်ဓာတ်တော့ ကျနေဆဲပဲ၊ နေသားကျသွားမှာပါလေ။ ကျွန်မကို ခွင့်ပြုပါဦးနော်'

ပြောပြောဆိုဆို သူ ထသွားသည်။

နေသားကျသွားမှာပါတဲ့။ ထောင်ထဲမှာ ကျင့်သားရသွားသည့် အဖြစ်ကို သူတို့က ကောင်းသည့် လက္ခဏာအဖြစ် မြင်ကြသည်။

ဝရန်တာတွင် လူရှင်းနေပြီ။ အပြင်ရောက်တော့ နေရောင်ကြောင့် ဟဲရစ်ဂေါ်ဒွန်ကို ရုတ်တရက် မမြင်။ လူချင်းတိုးမိမည်လုပ်မှ ကျွန်တော် သူ့ကို မြင်သည်။ သူက ဆီးမေးသည်၊

'ဘယ်လို ထင်လဲ ကာနယ်'

ကျွန်တော် သူ့ကို စွေကြည့်ပြီး-



'တရားခွင် ဟုတ်ဟုတ် မဟုတ်ဟုတ် ဒန်နီ့လည်ပင်း ကြိုးကွင်းစွပ်ဖို့ ဝိုင်းလုပ်နေကြတယ် ဆိုတာတော့ ထင်ရှားတယ်'

'ဒန်နီ အမှုဟာ လူသတ်မှု မဟုတ်တဲ့အကြောင်း ကျွန်တော် ရှင်းပြပြီးပြီလေ ကာနယ်'

'တော်သေးတာပေါ့ဗျာ ဥပဒေရှိပြီးသားမို့'

'ဒီနေ့ စစ်ဆေးတဲ့ အချက်ထဲမှာ ဘယ်သူမှ မသိလိုက်တဲ့ အချက်တစ်ချက် ရှိတယ်။ အဲဒါကို ကာနယ် သိထားဖို့လိုတယ်'

သူ့ကို ကျွန်တော် ဖျတ်ခနဲ ကြည့်လိုက်သည်။

'ဘာလဲဗျ'

'ရဲဌာနမှာ ဖြောင့်ချက်ကို လက်မှတ်ထိုးပြီး ဒန်နီ ပြောတဲ့စကားပေါ့'

'ဘာပြုလို့ ခင်ဗျား သူ့ကို ဖြောင့်ချက်ပေးခိုင်းတာလဲ'

'ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ သူက ပေးချင်နေတာ၊ ကျွန်တော်က လက်မှတ်မထိုးစေချင်ဘူး၊ သူက အတင်းထိုးတာ'

ကျွန်တော် ခဏငြိမ်နေလိုက်သည်၊

'ဆိုပါဦး ဒန်နီ ဘာပြောလဲ'

သူ ကျွန်တော့်ကို ကြည့်သည်။

'သူတို့ကျွန်မကို သတ်ကြတော့မှာပေါ့လို့ ပြောပြီး ငိုတယ်၊ မဟုတ်ပါဘူးလို့ ကျွန်တော် ရှင်းပြတော့ သူ မယုံဘူး။ ကျွန်တော်က ချော့ပြောလေ သူ စိတ်ကယောက်ကယက် ဖြစ်လေပဲ။ အဲဒီမှာ ဒေါက်တာဘိုနာ သူ့ကို ဆေးတစ်လုံး ထိုးပေးလိုက်ရတယ်။ လူငယ်ဂေဟာအထိ ကျွန်တော်တို့နဲ့ အတူ ဒေါက်တာဘိုနာ လိုက်လာတယ်။ ဒါလည်း အကြောင်းမထူးဘူး၊ ဒန်နီ့ကို ဘယ်လို ထိန်းလို့မှ မရဘူး။ အဲဒါကြောင့် အဲဒီညက အိမ်ပြန်ခေါ်ခွင့်ရတာပေါ့။ အိမ်ရောက်လို့ သူ့အဘွားက စကားတစ်ခွန်း ပြောလိုက်မှ ငြိမ်သွားတယ်'

'ဘာစကားလဲဗျ'

'ခင်ဗျား လိုက်လာမယ့်အကြောင်းပေါ့၊ ခင်ဗျား ရောက်လာရင် အားလုံး အဆင်ပြေသွားမယ့် အကြောင်းပေါ့'

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၄)

## ဒန်နီ့အကြောင်း တစ်ပိုင်းတစ်စ

### အခန်း ( ၁ )

ဒန်နီ ငယ်ငယ်တုန်းက အမှောင်ကို မကြိုက်တတ်။ အမှောင်ထဲမှာဆိုလျှင် မနေချင်။ အိပ်ရာပေါ်မှာ နေပြီး ကျွန်တော့်ကို မော့ကြည့်ရင်း အသံသေးသေးကလေးဖြင့် 'ဖေဖေ မီးဖွင့်ပါ' ဟု ပြောတတ်သည်။ ကျွန်တော်က ညမီးလုံးငယ်ကလေးကို ဖွင့်ပေးမှ သူ့ကမ္ဘာလေးထဲတွင် မျက်လုံးကလေး မှေးပြီး ငြိမ်းငြိမ်းချမ်းချမ်း အိပ်တော့သည်။

သည်တုန်းကလိုမျိုး ခုနေ လွယ်ကူရင် ဘယ်လောက် ကောင်းလိမ့်မလဲဟု ကျွန်တော် တမ်းတမ်းတတ ဖြစ်မိသည်။ ခုတော့ ဒန်နီ့ဘဝ ညအမှောင်ကို ကျွန်တော် မီးမလင်းနိုင်စေတော့ပါ။

သည်မနက် တရားရုံးတွင် ကျွန်တော် ဒါကို သဘောပေါက်ခဲ့ခြင်း ဖြစ်ပါ၏။

ဂေါ်ဒွန် ကားမောင်းထွက်သွားသည်ကို ကျွန်တော် ငေးကြည့်နေမိသည်။ ပြီးတော့ တရားရုံးဘက်ကို တစ်ချက် ပြန်လှည့်ကြည့်နေမိသည်။ နောက်မှ ကျွန်တော့်ကား ရပ်ထားခဲ့သည့် ရွှေမုဒ်ဝရိပ်သာဘက်သို့ ထွက်ခဲ့သည်။

သားချော့တေးကဗျာတစ်ပုဒ် ကျွန်တော့်ခေါင်းထဲ ဝင်လာသည်။

ဟမ္ပတီ ဒမ္ပတီကလေးကွယ် နံရံပေါ်မှာ ထိုင်နေတယ်။

ဟမ္ပတီ ဒမ္ပတီကလေးရယ် အမြင့်ကြီးမှ လိမ့်ကျတယ်။

ဟမ္ပတီ ဒမ္ပတီကလေးကို ပြန်ဆက်လို့ မရတော့သည့် အစေတော်တွေ ဘယ်လို ခံစားကြရမလဲဟု ကျွန်တော် ပထမဆုံးအကြိမ် တွေးကြည့်မိသည်။ ငတုံးတွေ၊ ဘာလို့ ကလေးကို လိမ့်ကျအောင် လုပ်ကြသေးလဲ။ ကျွန်တော်လည်း သူတို့ နည်းတူ ဒန်နီကို လိမ့်ကျစေခဲ့ပြီ။



ကျွန်တော့် အပြစ်တွေ အများကြီး ပါပါလိမ့်မည်။

မနေ့က သူ့အခန်းထဲတွင် ဘာကြောင့် သူ့ဆီကို ကျွန်တော် ဆက်မလာတော့ကြောင်း ရှင်းပြလိုက်၏။ ကျွန်တော် အမှန်အတိုင်း ရှင်းပြခြင်း ဖြစ်ပါသည်။ သို့သော် ယုံဖို့ခက်ခဲလှကြောင်း ကျွန်တော့်ဘာသာ ကျွန်တော် သိလိုက်၏။

စီးကရက်ကို တျင်ကျင်လည်လည် သောက်နေသည့်တိုင် ဒန်နီသည် တလေးတစ်ယောက် မျှသာ ဖြစ်ပါ၏။ သူ ကျွန်တော့်ကို ယုံ မယုံ သိချင်လှပါသည်။ သို့သော် ကျွန်တော် အကဲခတ်၍ မရပါ။ ကျွန်တော့်ကို ယုံချင်နေမှန်းတော့ သိသာသည်။ သို့သော် မယုံမရဲ ဖြစ်နေပုံရ၏။ ဟိုတုန်းကလည်း သူ့အနားက ကျွန်တော် ထွက်ပြေးခဲ့ဖူးသည်။ ခုလည်း ထွက်ပြေးလိမ့်မည်ဟု သူ့စိတ်ထဲ စွဲနေ၏။ ထုတ်မပြောပြားလည်း သည်အတိုင်း သူ့စိတ်ထဲ စွဲနေကြောင်း သူ့အမူအရာ အပြောအဆိုက ပြနေ၏။ ဖွင့်ပြောလျှင် ကလေးဆန်ရာကျပြီး ဖုံးကွယ်ထားနိုင်အောင်လည်း သူ လူလား မမြောက်သေးပေ။

ကျွန်တော်တို့ သားအဖကြားတွင် ပြောစရာတွေ အပုံအပင်။ တစ်ဦးကို တစ်ဦး အပြန်အလှန် နားလည်ဖို့ လေ့လာစရာတွေ အပုံကြီးလိုသည်။ သို့သော် အချိန်က မရှိ။

စည့်ချိန်ကုန်သဖြင့် ပြောစရာ စကားတွေကို နှစ်ယောက်သား မျိုချပြီး ခွဲခဲ့ကြရသည်။

'မနက်ဖြန် ဖေဖေ လာခဲ့ဦးမယ်နော်'

'မရဘူး ဖေဖေ၊ ကြားရက်တွေမှာ ဧည့်သည် မလာရဘူး၊ အင်္ဂါနေ့ တွေမယ်လေ။ မစ္စစပိုက်စာက ပြောတယ်။ အဲဒီနေ့မှာ ရုံးထုတ်မယ်တဲ့။

'ဖေဖေ သိပါတယ်'

'အဲဒီနေ့ မေမေ လာမှာလားဟင်'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

'အဘွားလည်း လာမှာပေါ့'

ကျွန်တော် ငုံ့ပြီး သူ့ပါးကို နမ်းရင်း-

'ဘာမှ မပူနဲ့နော် သမီး၊ သမီးက လိမ္မာပါတယ်လေ'

ကျွန်တော့် လည်ပင်းကို တအားသိုင်းဖက်ပြီး ပါးချင်းကပ်ထားသည်။ ပြီးတော့ တိုးတိုး ကလေးပြော၏။

'သမီး ခု ဘာမှ မကြောက်တော့ဘူး။ ဖေဖေ အိမ်ပြန်ရောက်လာပြီ မဟုတ်လား'

အပြင်ရောက်မှ ဒန်နီ့ဆိုလိုရင်းကို ကျွန်တော် တွေးမိသည်။ ဖေဖေ အိမ်ပြန်ရောက်လာပြီ မဟုတ်လားတဲ့။ ကျွန်တော် အိမ်ပြန်လာခြင်း မဟုတ်ပါ။ သူ့အတွက် ခဏရောက်လာခြင်းသာ ဖြစ်ပါသည်။

ဟိုတယ် ပြန်ရောက်တော့ လေးနာရီ ထိုးနေပြီ။ တယ်လီဖုန်း မီးနီကလေး မှိတ်ဖျပ် မှိတ်ဖျပ် လုပ်နေ၏။ ကောက်ကိုင်လိုက်သည်။ တယ်လီဖုန်း အော်ပရေတာက သတင်းပေးသည်။

'မစ္စက်စီစီလီယာဟေဒင်က သိပ်အရေးကြီးလို့ မစ္စတာကောရီ အခန်း ပြန်ရောက်ရောက်ချင်း ဖုန်းပြန်ဆက်ပါတဲ့'

'ကျေးဇူးတင်ပါတယ်'

ဖုန်းခဏချပြီး ချက်ချင်း ပြန်ဆက်လိုက်သည်။ အဘွားကြီးအသံ ကြားရသည်။ သုံးစံ တတိုင်း လိုရင်း တန်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းအနားမှာ ဘယ်သူရှိလဲ၊ တစ်ယောက်တည်းလား လုခ်'

'တစ်ယောက်တည်းပါ'

'မင်းနဲ့ တွေ့ချင်တယ်၊ သိပ်အရေးကြီးတယ်'

'ဘာကိစ္စပါလဲ'

'ဖုန်းထဲမှာ မပြောချင်ဘူး၊ တကယ်အရေးကြီးတယ် လုခ်၊ မဟုတ်ရင် မင်းကို မခေါ်ပါဘူး။ မင်း အိမ်မှာလာပြီး ညစာ စားပါ၊ ဘယ်သူမှ မရှိစေရဘူး'

အဘွားကြီး၏ အသံတွင် စိုးရိမ်ကြောင့်ကြမှုအရိပ်တွေ ထင်နေသည်ဟု ကျွန်တော် ထင်လိုက်၏။

'ဘယ်အချိန် ကျွန်တော် လာရမလဲ'

'ည ခုနစ်နာရီ'

'ဟုတ်ကဲ့ လာခဲ့ပါမယ်'

'ကျေးဇူးပဲ လုခ်'

တယ်လီဖုန်းချပြီး အဝတ်တွေ ချွတ်လိုက်သည်။ ရေနွေးပူပူ ချိုးလိုက်ရင် တင်းမာနေသည့် ကျွန်တော့် ကြွက်သားတွေ လျော့ပြေနိုင်ကောင်းပါရဲ့။ အဘွားကြီး ဘာများ လိုချင်ပြန်ပါလိမ့်၊ မနက်ဖြန် တရားရုံးတွင် ကျွန်တော် သူတို့ဘက်က မပါမှာကိုများ တွေးပူနေသလား မသိ။ သည်နေရာမှာ ကျွန်တော် မပါ၍ မဖြစ်ပါ။ ကျွန်တော့်မှာ တခြားရွေးစရာ လမ်းမရှိတော့ပါ။

ပြဿနာပေါင်း သောင်းခြောက်ထောင်ဖြင့် ကျွန်တော်တစ်ယောက် ပူပူလောင်လောင် ဖြစ်နေငြားလည်း ရာသီဥတုက အေးအေးမြမြရှိလှသည်။ အိမ်ကြီးထဲကို ဝင်သွားသည်၊ အိမ်ဖော်မကလေးက ကျွန်တော့်ကို စာကြည့်ခန်းထဲ လိုက်ပို့သည်။ မီးလင်းဖိုကြီးထဲတွင် မီးတွေ အရှိန်ကောင်းနေ၏။ အဘွားကြီးက သားရေလက်တန်း ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။

'မင်း တစ်ခုခုသောက် လုခ်'

'ဟုတ်ကဲ့၊ ကျေးဇူးပါပဲ'

ကျွန်တော် ထပြီး ဘာဘွန်းဝီစကီကို ရေခဲနှင့် ရေရောထည့်လိုက်သည်။ ယောက္ခမ တောင်းကြီးဘက် လှည့်ပြီး အရက်ခွက်ကို မြှောက်ကာ ဆုတောင်းလိုက်၏။

'ကျေးဇူးတင်ပါတယ် လုခ်'

ဘာဘွန်းနှင့် ရေခဲသည်မှာ ကြာပြီ၊ မတတ်နိုင်၍ မသောက်ခြင်း ဖြစ်ပါ၏။ ပို့ပြီး အရသာရှိနေသည် ထင်ရ၏။ ဖြည်းဖြည်းချင်း ကျွန်တော်သောက်သည်၊ အရင်လို နွားငတ်ရေကျ ကျွန်တော် မဟုတ်တော့ပါ။

'ဟုတ်ကဲ့ ဆိုပါဦး'

အဘွားကြီးက ကျွန်တော့်ကို မော့ကြည့်ပြီး-

'ကောင်မလေး ပြန်ထွက်သွားပြီနော်'

ကျွန်တော် ခေါင်းညိတ်လိုက်၏။

'တံခါးဖွင့်ပြီး သေသေချာချာကြည့်ပါဦး'

ကျွန်တော် ထသွားသည်၊ တံခါးဖွင့်ပြီး အပြင်သို့ကြည့်သည်။ ဘယ်သူမှမရှိ၊ ကျွန်တော်က ပြန်ထိုင်ရင်း-



'ဆိုပါဦး ဘာတွေများ လျှို့ဝှက်သဲဖို ဖြစ်နေကြပြန်ပြီလဲ'

အဘွားကြီးက သူ့လက်ပွေ့အိတ်ကို ကောက်ယူပြီး ဖွင့်လိုက်သည်။ စာအိတ်တစ်လုံး ဆွဲထုတ်ပြီး ကျွန်တော့်ကို ကမ်းပေးသည်။ သူ့လိပ်စာဖြင့် လာသည့်စာ။ ကျွန်တော်က သူ့ကို နားမလည်သလို လှမ်းကြည့်တော့ အဘွားကြီးက ဖတ်ကြည့်ခိုင်းသည်။

ဖန်ခွက်ကို ချပြီး စာခေါက်ကို ဖြန့်ဖတ်လိုက်သည်။ ဖြောင့်စက္ကူပေါ်တွင် လက်နှိပ်စက်ဖြင့် ရိုက်ထားသည့်စာ။

မစွတ်ဟောဒင်ခင်ဗျား

အဒေါ်အနေနဲ့ ကျွန်တော့်ကို သိနိုင်မည် မဟုတ်ပါ။ ကျွန်တော်ဟာ တိုနီရိုတို့ရဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်ပါတယ်၊ ငယ်သူငယ်ချင်းပါ။ လွန်ခဲ့တဲ့ ရက်ပေါင်းများစွာကတည်းက သူ ကျွန်တော့်ကို အထုပ်တစ်ထုပ် ပေးထားပါတယ်၊ အထုပ်ထဲမှာ အရေးကြီးတဲ့ စာတွေပါကြောင်း၊ သေသေချာချာ သိမ်းထားဖို့ အကြောင်းပြောပြီး ကျွန်တော့်ကို အပ်ထားတာပါ။

နောက် သူ ပြောသေးတယ်၊ အဒေါ် သမီးနဲ့ သူနဲ့ကြားမှာ ပြဿနာတွေ ဖြစ်နေပြီတဲ့၊ ဒီတော့ အရေးကြုံရင် ဒီစာတွေကို အသုံးပြုရမယ်တဲ့။

စနေနေ့က သတင်းစာကို ဖတ်ပြီး တိုနီ အသတ်ခံရကြောင်းသိတော့မှ ကျွန်တော် စာတွေကို ဖောက်ဖတ်ကြည့်ပါတယ်။ အဒေါ် သမီးစာတွေ တင်မကဘဲ အဒေါ် မြေးရဲ့ စာတွေလည်း အများကြီးပဲ ခင်ဗျ။

ရဲလက်ထဲကို ရောက်သွားရင်တော့ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ အမှုတစ်ခု ဖြစ်လာမှာပဲ။ ရဲထက်ပိုပြီး ဒီစာတွေကို သတင်းထောက်တွေက စိတ်ဝင်စားမယ်ထင်တယ်။ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဖြစ်နေတာကိုး။ ခုတော့ တိုနီ မရှိတော့ပါ။ သမိုင်းပေးတာဝန်ကို ဆက်လက်ထမ်းဆောင်ရမှာက ကျွန်တော်ပဲပေါ့ခင်ဗျာ။

ဒါဆို ဒီစာတွေ ဘယ်လောက် စိတ်ဝင်စားစရာ ကောင်းတယ်ဆိုတာ အဒေါ် ခန့်မှန်းမိလောက်ပါပြီ။ စိတ်ဝင်စားတယ်ဆိုရင် အိတ်ဇပိုင်နာသတင်းစာမှာ ကြာသပတေးနေ့ မတိုင်ခင် ဖော်ပြပါအတိုင်း ကြော်ငြာထည့်ပါ။

*အမြန်ပြန်လာပါ။ အားလုံး ခွင့်လွှတ်တယ်။*

*အန်တီစီစီလီယာ*

အဲဒီအခါမှာ ကျွန်တော် အဒေါ်နဲ့ ဆက်သွယ်ပါ့မယ်၊ အဲဒီအတိုင်း မလုပ်ရင်တော့ ဒီစာတွေနဲ့အတူ တစ်နေရာကို ကျွန်တော် သွားရပါလိမ့်မယ်။

တစ်ခု သတိပြုပါ။ ရှေ့နေတို့ ရဲတို့ လုံးဝ မပါရပါ။ ပြီးတော့ အပေးအယူ မလုပ်ရပါ။

စာကို ဘယ်သူမှ လက်မှတ် ထိုးမထား။ အဘွားကြီးကို ကျွန်တော် မော့ကြည့်လိုက်သည်။

'မင်း ဘယ်လိုထင်လဲ လုခ်'

'ဒါတွေက ရိုးပါတယ်၊ ဒီလိုပဲ မျက်နှာဖုံး သတင်းမှာပါတဲ့ လူတွေကို စာနဲ့ ခြိမ်းခြောက်တာ မဆန်းတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တို့တော့ အဲဒီလို မထင်ဘူး လုလ်၊ နိုရာ့ကို ဖုန်းဆက်မေးကြည့်တယ်။ ရိုက်ဖို့ဆိုကို စာရေးဖူးသလား ဆိုတော့ ရေးတယ်တဲ့၊ ဘာအကြောင်းတွေ ရေးလဲ မေးတော့ မေမေ့ အလုပ် မဟုတ်ပါဘူးတဲ့။ ဒန်နီကကော ရေးသလား မေးတော့ ဒေါသူပုန်ထပြီး ဖုန်းချလိုက်တယ်'

'ဒါကတော့ နိုရာ့ အကျင့်ပဲလေ။ ပြဿနာပေါ်လာရင် ဘယ်တော့မှ မဖြေရှင်းဘူး။ စာထဲမှာ ဘာတွေပါတယ် ထင်သလဲ'

'ဘာမှ ပါစရာ သိပ်မရှိပါဘူး။ ဒါကြောင့် မသိလိုက် မသိဘာသာ နေလိုက်မလားလို့'

'ဒါက အပေါ်စား ဖြိမ်းခြောက်မှုပါ။ ပိုက်ဆံပေးလိုက်ရင်လည်း ဒီကောင်တွေက အကုန် ပြန်ပေးမှာ မဟုတ်ဘူး၊ တချို့တစ်ဝက် ချန်ထားပြီး ထပ်ညှစ်ဦးမှာပဲ ၊ ကျွန်တော်သာ ဆိုရင် ရဲကို အကြောင်းကြားလိုက်မှာပဲ'

'ကျော်မကောင်း ကြားမကောင်းတွေ သတင်းစာထဲမှာ မင်းက ထပ်ပါစေချင်သေးလို့ လား'

အဘွားကြီးကို ကျွန်တော် စိုက်ကြည့်နေလိုက်သည်။ သရော်သံ အပြည့်ဖြင့် ကျွန်တော် ပြန်ပက်လိုက်၏။

'ဟောဒင်မိုးရိုးဂုဏ်ကို ခင်ဗျား ဘယ်လောက်ပဲ ဆယ်ဆယ်၊ နိုရာ့အပုပ်နံ့ကို ခင်ဗျား ထိန်းနိုင်မယ် ထင်သလား။ သူ့အိမ်မှာ ဘယ်ဇာတ်လမ်းခင်းနေတယ် ဆိုတာ လူတွေ မသိဘူး အောက်မေ့နေလား၊ လူတွေ ဒါလောက် မတုံးဘူးဗျ'

'ဟုတ်ပါတယ်၊ လူတွေက မတုံးပါဘူး၊ တုံးတာက မင်း'

စာရွက်ခေါက်ကို ဒေါနှင့်မောနှင့် လက်ပွေ့အိတ်ထဲ ပြန်ထည့်ပြီး

'နိုရာ့အကြောင်း သူတို့ဘာပြောပြော ဘာရေးရေး ငါ ဂရုမစိုက်ဘူး၊ ဘာမှလုပ်လို့ လည်း မရဘူး၊ နိုရာ့ကို ပြောင်းလဲအောင်လုပ်ဖို့တောင် ငါမှမကြိုးစားတော့တာပဲ။ ဒါပေမဲ့ မင်း စာကို သေသေချာချာ မဖတ်ဘူးလား'

'ဖတ်သားပဲ'

'ဒန်နီ့စာ့တွေလည်း ပါတယ်ဆိုတာ မင်း မတွေ့ဘူးလား၊ ဒန်နီကပါ ရိုကိုဖြစ်နေတာ နားလည်လား'

'တွေ့ပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်စရာဘဲ၊ ဒန်နီက ကလေးပဲ'

'မင်းဟာ ငါ ထင်တာထက်တောင် ပိုပြီး တုံးနေပါလား။ အသက်ကို သွားမကြည့်နဲ့ လူကို မင်း သေသေချာချာ ကြည့်မိရဲ့လား၊ ဆယ့်တစ်နှစ်ကျော်ကတည်းက အပျိုဖြစ်နေ တာ မင်းသိရဲ့လား။ မအေနဲ့ တစ်ပုံစံတည်း ဖြစ်လာတာ။ နိုရာဟာ ဆယ့်သုံးနှစ်မပြည့်ခင် ရည်းစားထားတယ်၊ ဆယ့်ငါးနှစ်မှာ ကလေးဖျက်ချရတယ်၊ မင်းနဲ့ လက်မထပ်ခင် နောက်နှစ်ခါ ဖျက်ချရသေးတယ်၊ ဝါ မသိတာတွေ ဘယ်လောက်ရှိဦးမလဲ မသိဘူး'

'အဲဒါတွေအားလုံး ခင်ဗျား သိတယ် ဟုတ်လား'

ကျွန်တော် အဘွားကြီးကို စိန်းစိန်းကြည့်ပြီး မေးလိုက်သည်။ မျက်လွှာချပြီး ဝန်ခံသည်။

'သိတယ် လုလ်၊ ဒါပေမဲ့ မင်းနဲ့လက်ထပ်ပြီးရင် သူ့ခြေငြိမ်သွားမယ် ထင်ခဲ့တယ်၊ ဆက်မိုက်မြဲပဲ'

'ဒါပေမဲ့ ခင်ဗျား သူ့ဘက်က အမြဲရပ်တည်လျက်ပဲနော်'



'ဒါကတော့ မအောကိုးကွယ်'

မာနလေသံဏဲကဲဖြင့် ဆက်ပြောသည်။

'ဟောဒင်မိုးကို ငါ ဂရုမစိုက်ဘူး၊ ငါ့သမီးအတွက် ငါလုပ်စရာရှိတာ လုပ်တယ်၊ ခု ငါ့မြေးကလေးအတွက် ငါအတတ်နိုင်ဆုံး လုပ်ရမယ်၊ ဒန်နီ့ကို သူ့အမေလို ဖြစ်မလာအောင် တို့ ဝိုင်းလုပ်ရမယ်'

'နိုရာ ပြောတော့ ကျွန်တော်က ဒန်နီ့အဖေ မဟုတ်ဘူးဆို'

'အေး. . နိုရာ ပြောတယ်ဆိုတာ ငါ သိပါတယ်။ ငါတော့ အသက်ကြီးလာလို့လား မသိဘူး၊ အမှန်တရားကို လက်ခံနိုင်လာပြီ။ မင်းတော့ မသိဘူး'

'လေ့လာကြည့်ပေါ့ဗျာ'

အဘွားကြီး ကျွန်တော့်ကို တည်ငြိမ်စွာ ကြည့်နေသည်။

'ငါ့အထင်တော့ ဒန်နီ့အဖေ ဘယ်သူဆိုတာ နိုရာကိုယ်တိုင် မသိဘူး'

ကျွန်တော် ဘာမှ ဝင်မပြောတော့။ အဘွားကြီး၏အသံ ညင်သာလာသည်။

'အဲဒါပဲ၊ ဒီတော့ မင်းဘက် ပြန်လှည့်လာတယ်၊ ဒန်နီနဲ့ ပတ်သက်ပြီး မင်း ဘယ်လို ခံစားရသလဲ'

ဖန်ခွက်ကို ကိုင်ပြီး နောက်တစ်ငုံ စုပ်ယူလိုက်သည်။ ရေခဲတုံးကလေးများ အရည်ပျော် ကုန်ပြီဖြစ်၍ ဝီစကီအရသာ ပျက်ပြယ်စပြုလာသည်။ နောက်ဆုံး သည်ဘူတာပဲ ဆိုက်ကြသည်။ ကျွန်တော့်ဘက် ပြန်လည်လာသည်ချည်း။

စနေနေ့က ရွှေနေဂေါ်ခွန် ပြောသည်မှာလည်း စကားတန်ဆာဆင်ပုံသာ ကွာပြီး အနှစ်အရသာမှာ သည်သဘောပင်။ ကျွန်တော် အဖေဟုတ်၊ မဟုတ်သည် အရေးမကြီးတော့။

ထသွားပြီး အရက်ဗီရိုထဲမှ ဝီစကီပုလင်းယူကာ ဖန်ခွက်ထဲသို့ ထပ်ဖြည့်သည်။ သမီး ကလေးကို ကျွန်တော် ချစ်ခဲ့ပုံတွေကို ပြန်လည်မြင်ယောင်လာ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နိုရာ သည်လို ပြောလာလိမ့်မည်ဟု လုံးဝ မထင်ခဲ့။ ကလေးအဖေ ကျွန်တော် မဟုတ်ကြောင်း နိုရာ ပြောပြီးနောက်ပိုင်း လာကျိုလာတွင် သားအဖနှစ်ယောက် ပျော်ပျော်ပါးပါး ကစားခဲ့ကြသည်။

ကျွန်တော့်သမီးကလေးကို ကျွန်တော် ချစ်မြဲချစ်ခဲ့သည်ပဲ၊ အချစ်ပြယ်သည်မှ မရှိခဲ့ဘဲ။

ယောက္ခမဟောင်းကြီးဘက်သို့ ပြန်လှည့်လိုက်သည်။

'အဖေတစ်ယောက် ဖြစ်ဖို့ဆိုတာ လောကသတ်မှတ်ချက်တွေထက် ချစ်တတ်ဖို့က အရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်'

အဘွားကြီး၏ မျက်လုံးတွင် တောက်မလာသည်။

'ဒါပါပဲ လုလ်၊ အဲဒါဟာ အဓိကပါပဲ။ ကျန်တာတွေက သာမညတွေပါ'

ဝီစကီ နည်းနည်းကလေး တစ်ချက်စုပ်လိုက်ပြီး ကျွန်တော် မေးလိုက်သည်။

'ကဲ. . ကျွန်တော်တို့ ဒီစာကို ဘယ်လိုလုပ်ကြမလဲ'

'ကြော်ငြာ ထည့်လိုက်ပြီလေ၊ ကြာသပတေးနေ့ ပါလာလိမ့်မယ်၊ ဒီနေ့ တနင်္ဂနွေ မဟုတ်လား၊ ဒီတော့ စာတွေ ဘယ်သူ့ဆီမှာလဲ၊ ဒီစာကို ဘယ်သူ ရေးတာလဲဆိုတာ စုံစမ်းဖို့ လေးရက် အချိန်ရသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နှစ်ရက်ပဲ ရမှာပေါ့၊ မနက်ဖြန်ရယ်၊ ဗုဒ္ဓဟူးနေ့ရယ်၊ ဒီနေ့က အချိန်မှ မရှိတော့ဘဲ ပြီးတော့ မနက်ဖြန် တရားရုံးမှာ အချိန်ကုန်ရဦးမယ်၊ ကျွန်တော်တော့ ဘယ်ကစရမှန်းတောင် မသိဘူး၊ ရီကို့အကြောင်း ကျွန်တော်ဘာမှမှ မသိတာ၊ သူ့အပေါင်းအသင်းတွေ ဘယ်သူဘယ်ဝါ ဆိုတာတောင် ကျွန်တော် မသိဘူးလေ'

'ဆမ်ကောဝင်း သိလောက်တယ်'

'ဆမ် ဟုတ်လား'

ကျွန်တော် တအံ့တဩ မေးလိုက်သည်။ သူ့ကို ကျွန်တော် လုံးလုံး မစဉ်းစားမိ၊ ဆမ်လို လူတစ်ယောက်ကို မေ့နေခဲ့သည်မှာ ထူးဆန်းလှသည်။ ကျွန်တော်တို့ လင်မယားကွဲခဲ့ကြပြီးနောက် တစ်နှစ်တွင် ဆမ်နှင့် နီရာတို့ လက်ထပ်လိုက်ကြသည်၊ ဒန်နီ့ကို အိမ်ပြန်ပို့သည့်အခါတွင် ဆမ်နှင့် ကျွန်တော် ရံဖန်ရံခါ တွေ့တတ်သည်။ ဆမ်သည် ကျွန်တော့်အပေါ် အမြဲတမ်း ယဉ်ကျေးခင်မင်စွာ ဆက်ဆံသည်။

'ဟုတ်တယ်၊ တို့ ဆမ်လေ၊ ဆမ် တစ်ယောက်လည်း သနားစရာပဲ၊ နီရာ့အကြောင်းကို သူ သိရဲ့သားနဲ့ လက်ထပ်လိုက်ရတာ၊ ထိန်းလို့ရမယ် အထင်နဲ့ပေါ့လေ၊ ဒါပေမဲ့ ရီကိုနဲ့လည်း တွေ့ပြီးရော ဆမ် လက်မြှောက်သွားတာပဲ၊ အဲဒါကြောင့်လည်း ပြတ်စဲဖြစ်ကြတာလေ'

'ဒါဆို ဆမ် နီရာ့အကြောင်း ကောင်းကောင်းသိတယ်ပေါ့'

'သူတို့နှစ်ယောက်စလုံးအကြောင်းကို သိတာ'

တံခါးပွင့်လာပြီး အိမ်ဖော်မကလေး ဝင်လာသည်။

'ညစာ ပြင်ပြီးပါပြီ မေမေကြီး'

နှစ်ယောက်သား ထလိုက်ကြသည်။ အဘွားကြီးက ပြုံးပြီး-

'မင်းလက် ပေးပါဦးကွယ်။ တို့များကို တွဲပါဦး'

ကျွန်တော်က ပြန်ပြုံးပြီး လက်မောင်းကို ကွေးပေးလိုက်သည်။

□ □ □

# အခန်း ( ၂ )

တစ်ခါမှ မရောက်ဖူးသော အဆောက်အအုံကြီးရှေ့သို့ ကျွန်တော် ရောက်သွားသည်။ ကားတွေ ပြွတ်သိပ်နေသဖြင့် ကျွန်တော့်ကားကို အဝင်မုခ်ဝနှင့် အဝေးကြီးတွင် ရပ်ထားခဲ့ရ၏။ မုခ်ဝဆီသို့ ခြေကျင် ဆင်းလျှောက်သွားသည်။

ယူနီဖောင်းဝတ် ပန်းခြံအလုပ်သမားတစ်ယောက်က လမ်းဘေး တစ်ဖက်တစ်ချက်မှ မြက်ခင်းတန်းကို ကတ်ကြေးတစ်လက်ဖြင့် ကိုက်ညှပ်နေသည်။ သူ ကျွန်တော့်ကို တစ်ချက် မော့ကြည့်၏။ နဖူးတွင် ချွေးသီးတွေ ဥနေသည်။

တံခါးဝ ရောက်တော့ မှန်တံခါးကြီးကို တွေ့ရ၏။ မှန်ပေါ်တွင် ရွှေစာလုံးဖြင့် ရေးထားသည်။

'ကာလီဖိုးနီးယားပြည်နယ်'

ဆန်ဖရန်စစ္စကိုမြို့

ကလေးသူငယ် တရားရုံး

(အမှုထိန်း ရဲဌာနနှင့် ကာလီဖိုးနီးယား လူငယ်ရေးရာဌာန)

အထဲရောက်တော့ ဧရာမဧည့်ခန်းကြီးတွင် သတင်းထောက်တွေ ခြေချင်းလိမ်နေသည်ကို တွေ့ရ၏၊ လျှပ်စီးတွေ တဖျပ်ဖျပ်လက်သွားပြီး ကျွန်တော့်အနားသို့ စုပြုံရောက်လာကြသည်။ ဟိုနေ့ကလောက် အတင်းအဓမ္မ မဟုတ်တော့။

www.burmeseclassic.com

www.burmeseclassic.com



'ကာနယ်ကေရီ ခင်ဗျား၊ ကာနယ်ရဲ့ သမီးကလေးအတွက် ဒီရာဇဝတ်မှုက ကာကွယ်ဖို့ အစီအစဉ်တွေ ကျွန်တော် သိခွင့်ရှိပါသလား'

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။

'ကျွန်တော် ဘာမှ ကာကွယ်စရာ မလိုပါဘူး၊ ဒီပြည်နယ်ရဲ့ ဥပဒေအရ အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်ကို ရာဇဝတ်မှုနဲ့ ရုံးတင်စစ်ဆေးလို့ မရပါဘူး၊ ခုဟာက ကလေးကို ဘယ်မှာ ထိန်းထားသင့်တယ်ဆိုတာ ဆွေးနွေးဖို့ ဖြစ်ပါတယ်'

'ကာနယ့်အနေနဲ့ သမီးကို ထိန်းသိမ်းခွင့်ရဖို့ ကြိုးစားမှာပါလား'

'ဒါက တရားရုံးရဲ့ အဆုံးအဖြတ်ပေါ်မှာ မူတည်ပါတယ်'

'သမီးနဲ့ တွေ့ပြီးပါပြီလား'

'တနင်္ဂနွေနေ့က ကျွန်တော် သွားတွေ့ပါတယ်'

'ကာနယ်နဲ့အတူ ကလေးအမေ ပါပါသလား'

'မပါပါဘူး၊ ကလေးအမေ ကောင်းကောင်း နေမကောင်းလို့ပါ'

'မစ္စနိုရာဟေဒင်က သမီးဆီကို လုံးဝ သွားမတွေ့တာလား'

'အဲဒါ ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ ပစ္စည်းတွေ ပို့လာတာကိုတော့ ကျွန်တော် သိပါတယ်'

'ဘာပစ္စည်းတွေလဲ ဆိုတာ ကာနယ် သိပါသလား'

'အဝတ်အစားတွေ၊ စာအုပ်တွေ၊ ချိုချဉ်သကြားလုံးတွေပေါ့ဗျာ'

'ကာနယ်တို့သားအဖ ဘာတွေ ပြောဖြစ်ကြပါသေးလဲ'

'ထူးထူးထွေထွေတော့ မဟုတ်ပါဘူး၊ အဖေနဲ့သမီး ပြောနေကျ အကြောင်းအရာတွေပဲပေါ့'

'သောကြာနေ့ ညက အဖြစ်အပျက်ကို ကလေးမကလေး ထပ်ဖြည့်များ ပြောသေးသလား'

သည်မေးခွန်း မေးသည့် သတင်းထောက်ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

'အဲဒီအကြောင်း လုံးဝ မပြောဖြစ်ကြပါဘူး'

'အဖြစ်အပျက်နဲ့ ပတ်သက်ပြီး နောက်ထပ် ကာနယ် ဘာများ ပိုသိပါသေးလဲ'

'ဘာမှ ပိုမသိပါဘူး၊ မနေ့က သေမှုသေခင်းဆိုင်ရာ စစ်ချက်ယူတုန်းက သိရသလောက်ပါပဲ၊ ခင်ဗျားတို့ အားလုံးလည်း ရှိနေကြသားပဲ၊ ကဲ ဒီလောက်ဆို တော်လောက်ပါပြီ။ ကျွန်တော့်ကို လမ်းဖယ်ပေးကြပါတော့'

သူတို့ ကျွန်တော့်ကို ကြိုလမ်းရှင်းပေးကြသည်။

ရုံးခန်းမှာ ဝရန်တာမှ ဘယ်ဘက်သို့ ချိုးသွားရသည်။ တစ်နေရာတွင် နောက်ထပ် ချိုးပြီး လှေကားထစ်များကို ဆင်းရသေး၏။ မှန်တံခါးကြီးကို တွန်းဖွင့်ပြီး အတွင်းခန်းသို့ ဝင်ရသည်။

အခန်းမှာ ခပ်ကျဉ်းကျဉ်း ဖြစ်၏။ တစ်ဖက်စွန်းတွင် ခစ်နိမ့်နိမ့်ခုံမြင့်တစ်ခု ရှိသည်။ တရားသူကြီး စားပွဲရှေ့တွင် ကုလားထိုင်တွေ ပတ်လည်ဝိုင်းထားသော စားပွဲရှည်ကြီးတစ်ခု ရှိ၏။ စားပွဲရှည်ကြီးနံဘေးတွင် ခုံရှည်တစ်ခု၊ စားပွဲငယ်တလေးတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ချထားသည်။ နံရံတွေက ရုံးဆန်ဆန် နီညိုရောင်၊ ရောမ ပြတင်းပေါက်ကြီး လေးပေါက်ရှိသည်။



ပရိသတ်များအတွက်မူ ကုလားထိုင်များ ခုံတန်းရှည်များ ချထားပေးသည်။

ကျွန်တော် ရပ်နေစဉ် တရားသူကြီး၏ နောက်ဘက် တံခါးပေါက်မှ လူတစ်ယောက် ထွက်လာသည်။ ကျွန်တော့်ကို မြင်တော့ သူက ရပ်ကြည့်နေသည်။

'ဒါ အမှုစစ်မယ့် အခန်းလား'

ကျွန်တော်က မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ အချိန်မကျသေးပါဘူး၊ ရုံးက ကိုးနာရီမှ စပါတယ်။ အပြင်ဘက်က ဧည့်ခန်းမှာ ထိုင်စောင့်နေပါ၊ အချိန်ကျရင် ခေါ်လိုက်ပါ့မယ်'

'ကျေးဇူးတင်ပါတယ် ဗျာ'

အပြင် ဧည့်ခန်းထဲတွင် ခုံရှည်တွေ အများကြီး ရှိသည်။ နာရီကြည့်လိုက်တော့ ရှစ်နာရီခွဲသာ ရှိသေး၏။ စီးကရက်တစ်လိပ် ထုတ်ညှိလိုက်သည်။

ခဏနေတော့ လူတစ်ယောက် ဝင်လာသည်။ ကျွန်တော့်ကို တစ်ချက် လှည့်ကြည့်ပြီး စီးကရက်တစ်လိပ် ထုတ်ညှိသည်။

'တရားသူကြီး မရောက်သေးဘူးလားဗျ' ဟု ကျွန်တော့်ကို မေးသည်။

ကျွန်တော် ခေါင်းယမ်းပြလိုက်၏။ ပြီးတော့ သူ့ကို မေးကြည့်သည်။

'ခင်ဗျားလည်း ကလေးကိစ္စမဲ့လား'

'ဟုတ်တယ်'

ဆေးလိပ်ပြာတွေ ခပ်နွမ်းနွမ်း အင်္ကျီပေါ်သို့ ကြွေကျသွားသည်။ သို့သော် သူက ဂရုမစိုက်။

'အလကားပါဗျာ၊ ကျွန်တော့်သမီးက လမ်းပေါ် ရောက်နေပြီပဲ၊ သူတို့ဘာသာ သူတို့ လုပ်စရာရှိတာ လုပ်ကြပေါ့၊ ကျွန်တော့်ကိုပဲ ခဏခဏ ခေါ်နေတယ်'

သူက ကျွန်တော့်ကို လှမ်းကြည့်ပြီး-

'ခင်ဗျားကို တွေ့ဖူးသလိုလိုပဲ၊ အရင် ဒီကို ရောက်ဖူးလား'

'မရောက်ဖူးပါဘူး၊ ဒါ ပထမဆုံးအကြိမ်ပါပဲ'

'နောင်ကြီးရေ ခင်ဗျား ဒီကို တစ်ခေါက် ရောက်ဖူးရင် နောက်လာလို့ ဆုံးမှာ မဟုတ်တော့ဘူးဗျို့၊ ပြန်လွှတ်လိုက် မိသွားလိုက်'

သူက စီးကရက်မီးခိုးငွေ့များကြားမှ ကျွန်တော့်ကို ကြည့်နေရင်း-

'နေပါဦး၊ ခင်ဗျား ဒီကို မလာဖူးဘူးဆိုတာ သေချာလား၊ မြင်ဖူးနေသလိုပဲ'

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။ သူက ကျွန်တော့်ကို စိုက်ကြည့်နေပြီး ဝမ်းသာအားရ လက်ဖျစ်တီးလိုက်၏။

'ကျွန်တော် မှတ်မိပြီ၊ သတင်းထဲမှာ ခင်ဗျားဓာတ်ပုံ ပါတယ်မဟုတ်လား၊ ခင်ဗျား ဟိုကောင်မလေးရဲ့ အဖေ မဟုတ်လား၊ သူ့အမေရဲ့ ငနဲကို ဓားထိုးလိုက်တဲ့ ကောင်မလေးလေ'

ကျွန်တော် ဘာမှ မပြောဘဲ နေလိုက်သည်။

သူက ကျွန်တော့်ဘက် ကပ်ပြီး တိုးတိုးတိတ်တိတ် ပြောသည့်လေသံဖြင့်-

'ဒီမိန်းကလေးတွေ မလွယ်ဘူးဗျ၊ ငတိက မအေရော သမီးရော တွယ်နေတာဆို၊ ဒါပြဿနာတော့ မဟုတ်ပါဘူး၊ သတင်းစာတွေက ဘာမှ ပြည့်ပြည့်စုံစုံ မရေးကြဘူးဗျ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးမှ ပြန်ဖြည်လိုက်သည်။ စဝ်ခေါ် စိတ်ဆိုးစရာ မရှိပါ။ ကျွန်တော် ဒီကိစ္စကို ခံနိုင်ရည်ရှိရမည် ဖြစ်သည်။ ရင်ထဲတွင် တံနိနိ ပြန် လာ၏။ ဒန်နီလည်း ခံနိုင်ရည်ရှိဖို့ လိုသည်။ သူ သည်မျှ အရေထူနိုင်ပါမည်လား။

အမျိုးသမီး နှစ်ယောက် ထပ်ရောက်လာသည်။ မက်ဆီကို အမျိုးသမီးတွေ ဖြစ်ဟန်တူ ၏။ စပိန်စကားတွေ စက်သေနတ်ပစ်သလို ပြောရင်း ဝင်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့ကို မြင်တော့ တိတ်သွားပြီး ခုံတစ်ခုံတွင် ဝင်ထိုင်သည်။ ခပ်ငယ်ငယ် တစ်ယောက်တ ကိုယ်ဝန် ရှိနေဟန်တူ၏။

နောက်တစ်ခဏ အကြာတွင် ကပ္ပလီ အမျိုးသမီးကြီးတစ်ယောက် ဝင်လာ၏။ သူ့ နောက်မှ လူတစ်ယောက်နှင့် မိန်းမတစ်ယောက် ဝင်လာ၏။ အမျိုးသမီး၏ မျက်နှာတွင် ဒဏ်ရာ ဒဏ်ချက်တွေနှင့်။ မျက်လုံးတစ်ဖိုက်တွင် အညိုအမည်းစွဲနေသည်။

အမျိုးသားက သူ့ကို လက်မောင်းဆွဲပြီး ခုံတန်းဆီသို့ ခေါ်သွားသည်။ သို့သော် အမျိုးသမီးက ဒေါသတကြီး သူ့လက်ကို ပုတ်ထုတ်ပစ်သည်။ ပြီးတော့ အစွန်ဆုံးခုံတွင် သွားထိုင် သည်။ အမျိုးသားကို လုံးဝ လှည့်မကြည့်။

ကပ္ပလီ အမျိုးသမီးကြီးက မက္ကဆီကို အမျိုးသမီးကြီး နှစ်ယောက်ကို ကြည့်ပြီး ပြောသည်။

'ဒီနေ့တော့ မင့်သမီးကလေးကို  သူတို့ပြန်ပေးဖို့ ဆုံးဖြတ်ကြမှာပါ သူငယ်ချင်းရယ်'

ကိုယ်ဝန်နှင့်အမျိုးသမီးက ပခုံးကို ဟန်ပါပါ တွန့်ပြလိုက်ပြီး မပြောတတ်ပါဘူးဟု စပိန်သံ ခပ်ဝဲဝဲနှင့် ပြောသည်။

'သူတို့က ဒီမှာတင် ထားပေးတာလည်း ခပ်ကောင်းကောင်းပါ ကောင်မရယ်၊ နင် ခေါ်ခွင့်ရရင် သူတို့က နင့်ကို ခုနစ်ဆယ်ပဲ ပေးမှာ။ ဒီမှာ ထားတာ ပိုတွက်ခြေကိုက်ပါတယ်။ အရေးကြီးတာက ပိုက်ဆံပဲ ကောင်မရေ ပိုက်ဆံပဲ'

ကိုယ်ဝန်နှင့် အမျိုးသမီးက ပခုံးတွန့်ပြရင်း အနားမှ မိန်းမကြီးကို စပိန်ဘာသာဖြင့် တစ်စုံတစ်ခု ပြောလိုက်သည်။ အမျိုးသမီးကြီးက ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ အစွန် ဆုံးတွင် ထိုင်နေသည့် မျက်နှာတစ်ခုလုံး ဒဏ်ရာတွေနှင့် မိန်းမက တရှုတ်ရှုတ် ငိုနေ၏။

လူတွေ များသည်ထက် များလာသည်။ ခုံတန်းလျားတွေ ပြည့်သွားပြီ၊ တခ အတွင်း ဝရန်တာတွေကိုပါ လျှံထွက်သွားသည်။ ကိုးနာရီထိုးဖို့ ငါးမိနစ်အလိုတွင် ဟဲရစ်ဂေါ်ဒွန် ဝင်လာသည်။ သူ့နောက်မှ နိုရာနှင့် အဘွားကြီး ပါလာ၏။ ကျွန်တော် ထသွားပြီး သူတို့နှ တွေ့သည်။ ဟဲရစ်ဂေါ်ဒွန်က-

'လူတွေ များလှချည်လား'

'မတ်တတ်ခန်း ဖြစ်သွားပြီပေါ့ဗျာ။ ဒုက္ခရောက်နေကြတာ ကျွန်တော်တို့ချည်း အောက်မေ့နေတာ'

ဂေါ်ဒွန်က ကျွန်တော့်ကို ထူးဆန်းသည့် အကြည့်ဖြင့် ကြည့်ပြီး-

'ဟုတ်တယ်၊ ကိုယ့်ဒုက္ခနဲ့ ကိုယ်ချည်းပဲ၊ တဲ ခဏ စောင့်ကြဦး၊ ကျွန်တော် အထဲ ဝင်လေ့လာလိုက်ဦးမယ်၊ ဘယ်အချိန်လောက် ကျွန်တော်တို့ အလှည့်ကျမလဲလို့'

သူထွက်သွားတော့မှ နိုရာကို ကျွန်တော် လှမ်းကြည့်ဖြစ်သည်။ ယဉ်ယဉ်ကျေးကျေး ပင် မေးလိုက်ပါ၏။



'နေကောင်းရဲ့လား'

သူ ခေါင်းညိတ်သည်။ သူ့မျက်လုံးများက ကျွန်တော့်ကို အကဲခတ်နေ၏။ ကျွန်တော် က သရော်ပြီး မေးလိုက်သည်ဟု ထင်နေပုံရ၏။

'နေကောင်းသွားပါပြီ၊ မနေ့က တရားရုံးက ပြန်ကတည်းက တန်းပြီး အိပ်ရာထဲမှာ နားနေလိုက်တာ သိပ်ပင်ပန်းသွားတယ်'

'ကိုယ် နားလည်ပါတယ်၊ မင်းအင်နေနဲ့ မလွယ်တဲ့အလုပ်ပဲ'

'မနေ့က နိုရာပြောတာ အဆင်ပြေရဲ့လား၊ ပြောစရာရှိတာထက်လည်း ပိုမပြောချင် ဘူးလေ၊ သက်သေအဖြစ်နဲ့ ထွက်ရတာတောင် အနိုင်နိုင်ရယ်'

ဂေါ်ဒွန် ပြန်ရောက်လာသည်။

'ကျွန်တော်တို့ သိပ်မကြာပါဘူး။ ရှေ့မှာ နှစ်မှုပဲရှိတယ်။ အဲဒီနှစ်မှုကလည်း ၁၅ မိနစ် ထက် မပိုပါဘူးတဲ့'

စီးကရက်တစ်လိပ် ညှိပြီး နံရံတွင် ကျွန်တော် မှီရပ်နေလိုက်သည်။ တရားရုံးခန်း တံခါးပွင့်လာပြီး နာမည်ခေါ်သည်။ မက်ဆီကန် အမျိုးသမီးကြီး နှစ်ယောက် ထသွားသည်။ အချိန်မှာ ကိုးနာရီတိတိ။

၁၀ မိနစ်ပင် မကြာ။ သူတို့ ပြန်ထွက်လာကြသည်။ ကိုယ်ဝန်နှင့် အမျိုးသမီးက တရှုပ်ရှုပ်ငိုလျက်။ စာရေးကြီးက နောက်အမှုတစ်ခု ခေါ်သည်။ ကျွန်တော့်နောက်မှ ရောက်လာ သည့်သူ ထဝင်သွားသည်။ ၁၀ မိနစ် မပြည့်ခင် သူ ပြန်ထွက်လာသည်။ ကျေနပ်နှစ်သိမ့်နေပုံ ဖြင့် ထွက်လာခြင်း ဖြစ်၏။ ကျွန်တော့်ရှေ့အရောက်တွင် ရပ်ပြီး-

'သူတို့ ဒီမှာ အမြဲ ခေါ်ထားတော့မယ်တဲ့၊ ကျွန်တော်က ပြောခဲ့တယ်။ ခင်ဗျားတို့ ဘာသာ လုပ်ချင်တာ လုပ်ကြလို့'

ကျွန်တော် ဘာမှ ပြန်မပြောတော့ သူလှည့်ထွက်သွားသည်။

ကျွန်တော်တို့ ဝင်ရမည့် အလှည့်။

'ကေရီ'ဟု ခေါ်သံကြားသည်နှင့် အားလုံး ဝင်သွားကြ၏။ တရားသူကြီး၏ စားပွဲရှေ့ မှ စားပွဲတစ်လုံးတွင် ထိုင်ဖို့ စာရေးကြီးက နေရာချပေးသည်။ စာရေးကြီးက စိတ်ပျက်ငြီးငွေ့ နေသည့် ပုံစံဖြင့်မေးသည်။

'ဒီရုံးကို ပထမဆုံး ရောက်ဖူးကြတာလား'

ကျွန်တော်တို့ အားလုံး ခေါင်းညိတ်လိုက်ကြသည်။

'တရားသူကြီး အပြင် ခဏ ထွက်သွားပါတယ်၊ ခုပဲ ပြန်ရောက်ပါလိမ့်မယ်'

သူ စကားမဆုံးမီ အတွင်း တံခါးရွက်ကြီး ပွင့်လာပြီး တရားသူကြီးထွက်လာသည်။

စာရေးကြီး၏ တစ်ပြေးညီ လေသံပေါ်လာသည်။

'တရားရုံးကို မျက်နှာမူပြီး အားလုံး မတ်တတ်ရပ်ကြပါ၊ ကလေးသူငယ် တရားရေး ဌာန၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့၊ တရားသူကြီး ဆင်မြူရယ်မာဗီက ခုချိန်မှ စပြီး ကြားနာစစ်ဆေးပါတော့မယ် ခင်ဗျား'

တရားသူကြီးက အရပ်မြင့်မြင့် အသက်ခြောက်ဆယ်ခန့် ငွေရောင်ဆံပင်တွေက နုနုနယ်နယ်၊ မျက်မှန်ကိုင်းထူကြီးနှင့် မျက်လုံးပြာများက တစ်စုံတစ်ယောက်၏ ရင်ထဲအထိ ထိုးဖောက်မြင်နိုင်စွမ်း ရှိသည့်နယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီအဖြူပေါ်တွင် တွန့်တွန့်ကြေကြေ အညိုရောင်ဝတ်စုံကို ဆင်မြန်းထား၏။ လည်စီးက ကြက်သွေးရောင်။ ကုလားထိုင်တွင် ဝင်ထိုင်ပြီး စားပွဲပေါ်မှ စာရွက်စာတမ်းတွေကို ကောက်ယူလိုက်၏။ စာရေးကြီးကို ခေါင်းညိတ်ပြလိုက်သည်။

စာရေးကြီးက လက်ယာဘက်အခန်းဆီ လျှောက်သွားပြီး တံခါးဖွင့်ကာ 'ဒန်နီယယ်လ်ကေရီ' ဟု ခေါ်လိုက်သည်။

ဒန်နီ ထွက်လာသည်။ တရားရုံးခန်းထဲကို မရွံ့မရဲ လှမ်းကြည့်သည်။ ကျွန်တော်တို့ကို မြင်တော့ ပြေးချလာသည်။ နိုရာ ဆီးကြိုပွေ့ဖက်ထားလိုက်၏။ ဒန်နီက ငိုပြီး မေမေနေကောင်းပါတယ်နော်ဟု ဆိုသည်။ နိုရာ ဗလုံးဗထွေးနှင့် ဘာတွေ ပြန်ပြောနေသည် မသိ။

ကျွန်တော် ခဏ မျက်နှာလွှဲထားလိုက်၏။ နိုရာ့အမူအရာတွေကို တစ်ဝက်မျှမြင် ကျွန်တော် မယုံပါ။ ဒန်နီနောက်မှ အမျိုးသမီးတစ်ယောက် ထွက်လိုက်လာသည်။ မစ္စစပိုက်စာ၊ အမှုထိန်းရဲအဖွဲ့မှ အရာရှိ အမျိုးသမီး၊ သူက နိုရာနှင့် ဒန်နီကို ရပ်ကြည့်နေ၏။

တရားသူကြီးကို ကျွန်တော် မော့ကြည့်လိုက်၏။ တရားသူကြီးကလည်း သူတို့သားအမိကို စောင့်ကြည့်နေ၏။ သည်အချိန်နှင့် သည်မြင်ကွင်းကို တရားရေးဌာနအတွက် အရေးကြီးပုံရသည်ဟု ကျွန်တော် ထင့်လိုက်၏။ ဒန်နီ ထွက်လာသည့်ဘက် နောက်အခန်းတစ်ခန်းထဲမှ ရဲအရာရှိတစ်ယောက် ထွက်လာပြန်သည်။ ဆံပင်အညိုရောင်၊ အရပ်ခပ်ပြတ်ပြတ်နှင့်။ ပခုံးပေါ်မှ တံဆိပ်ကို လှမ်းကြည့်လိုက်သည်။ ဆန်ဖရန်စစ္စကို၏ ခရိုင်ရဲမှူး။ တံခါးကို နောက်ပြန်ပိတ်ပြီး တံခါးရွက်တွင် မှီရပ်နေသည်။

ဒန်နီက နိုရာထံမှ ခွာပြီး ဘွားအေလုပ်သူကို ပါးနမ်းပြီး နှုတ်ဆက်သည်။

'မေမေလာတယ် ဖေဖေ၊ နော် မေမေ လာတယ်'

ကျွန်တော်က ပြုံးပြီး-

'လာမှာပါလို့ ဖေဖေ ပြောသားပဲ သမီးရဲ့'

မစ္စစပိုက်စာ ရောက်လာသည်။ စားပွဲစွန်းအထိ ဆက်သွားပြီး-

'ဒန်နီ ကိုယ့်အနားမှာ ထိုင်နော်'

ဒန်နီ ကျွန်တော့်အနားမှ ခွာသွားပြီး မစ္စစပိုက်စာ ဘေးတွင် ထိုင်သည်။ မစ္စတာဂေါ်ဒွန် ကို လှမ်းနှုတ်ဆက်သည်။

'ဟဲလို မစ္စတာဂေါ်ဒွန်'

'ဟဲလို ဒန်နီ'

တရားသူကြီးက လည်ချောင်းရှင်းပြီး-

'ဒီနေ့ တရားခွင်ဟာ သိပ်ထူးခြားတဲ့ သဘောရှိပါတယ်၊ ဒါကြောင့် ဘယ်သူဘယ်ဝါမှန်း တရားရုံးက သိရအောင် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ကြပါလို့ ကျွန်တော် တောင်းပန်ပါတယ်'

'ကျွန်တော်အားလုံးနဲ့ မိတ်ဆက်ပေးပါရစေ တရားသူကြီးမင်းခင်ဗျား'

'လုပ်ပါ မစ္စတာဂေါ်ဒွန်၊ လုပ်ပါ'

တရားသူကြီးက သဘောတူသည်။

ကျွန်တော့် ဘယ်ဘက်က ကလေးမရဲ့ မိခင် နိုရာဟောဒင်ပါ။ ညာဘက်ကတော့ အဘွား မစ္စက်စီစီလီယာဟောဒင်ပါ။ ဟိုဘက်ကတော့ ကလေးမရဲ့ အဖေ ကာနယ်ကေရီ ဖြစ်ပါတယ် ခင်ဗျ'



'ခင်ဗျားက ကလေးမဘက်က ဆောင်ရွက်မယ့် အကျိုးတော်ဆောင်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ မိသားစုရဲ့ ဥပဒေအကြံပေးအရာရှိပါ'

'ဪ . . မစ္စတာဂေါ်ဒွန်အနေနဲ့ မစ္စစပိုက်စာတော့ သိပြီးဖြစ်မယ်လို့ ထင်ပါတယ်။ အမှုကို ကိုင်တဲ့ အမှုထိန်းရဲအရာရှိလေ'

'ဟုတ်ကဲ့ခင်ဗျာ၊ သိပါတယ်'

'ကဲ . . ဒါဆို ကျွန်တော်တို့ စကြရအောင်'

တရားသူကြီးက ပြောပြောဆိုဆို စားပွဲရှေ့မှ စာရွက်ထပ်ကြီးကို ကောက်ယူလိုက်သည်။

'လွန်ခဲ့သည့် သောကြာနေ့ညတွင် ကာလီဖိုးနီးယားပြည်နယ် ဥပဒေပုဒ်မ ၆၀၂ အရ ကလေးသူငယ်များ တရားရုံး ဆုံးဖြတ်ချက်အရ ဒန်နီယဲလ်နိုရာကေရီအား အသက်မပြည့်သေးသူ ဖြစ်သဖြင့် မှုခင်းရဲအဖွဲ့မှ အမှုထိန်း ရဲအရာရှိလက်သို့ ထိန်းသိမ်းထားနိုင်ရန်အတွက် အပ်နှင်းခဲ့သည်။ ထိန်းသိမ်းရခြင်း အကြောင်းရင်းမှာ အဆိုပါ အရွယ်မရောက်သေးသော ကလေးမ၏ ကာလီဖိုးနီးယားပြည်နယ်အတွင်းတွင် ရာဇဝတ်မှုကျူးလွန်သည့် အပြုအမူမျိုးကြောင့် ဖြစ်သည်။ ထိုအချိန်မှစ၍ ရှေ့နေကြီး မစ္စတာဂေါ်ဒွန်၏ လျှောက်ထားချက်နှင့် ဆရာဝန်၏ ထောက်ခံချက်အရ ပထမညတွင် အဘွားအိမ်၌ တစ်ညထိန်းသိမ်းခွင့် ပေးခဲ့ခြင်းမှ လွဲ၍ ကျန်ရက်များတွင် ကလေးသူငယ် စောင့်ရှောက်ရေးဌာနမှ ဥပဒေနှင့်အညီ စောင့်ရှောက်ထားခဲ့သည်။

'ဒီနေ့ မနက် ကျွန်တော်တို့ ကြားနာစစ်ဆေးရမှာက အမှုထိန်းရဲဌာနက ကလေးမကို အသေးစိတ် ချဉ်းကပ်လေ့လာမှုများ မပြီးဆုံးမီ လူငယ်ထိန်းသိမ်းရေးဌာနမှာ ဆက်လက်ထိန်းသိမ်းထားဖို့ လျှောက်ထားချက် ဖြစ်ပါတယ်'

စာရွက်ကို ချပြီး ဒန်နီ့ကို ကြည့်လိုက်သည်။ စကားသံမှာ ညင်သာနေ၏။

'တရားဥပဒေ အစဉ်အလာတွေကို လုံးဝ ထည့်မစဉ်းစားနဲ့ ဒန်နီ၊ ဒါဟာ ရာဇဝတ်မှုစစ်ဆေးတဲ့ ခုံရုံး မဟုတ်ဘူး။ မင်းဒီကို ဘာဖြစ်လို့ ရောက်နေလဲဆိုရင် မှားယွင်းတဲ့ အပြုအမူတစ်ခု လုပ်မိလို့ပဲ။ ဒါပေမဲ့ တို့များက အဲဒီ မှားယွင်းမှုအတွက် မင်းကို အပြစ်ပေးမှာ မဟုတ်ဘူး။ မင်းကို အကူအညီပေးမှာ နောက်ထပ် ဒီလို အမှားမျိုး မဖြစ်အောင် တို့မင်းကို ဝိုင်းကူညီကြမှာ မင်း အဲဒီအထိ သဘောပေါက်ရဲ့လား ဒန်နီ'

ဒန်နီ မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ အထိတ်တလန့် ဖြစ်နေသည့် မျက်လုံးရွှဲကြီးများဖြင့် ခပ်ဆိုင်းဆိုင်း ပြောသည်။

'ဟုတ်ကဲ့၊ ကျွန်မ နားလည်တယ် ထင်ပါတယ်'

'အေး မင်းနားလည်တာ ဝမ်းသာပါတယ်ကွယ်၊ မင်း နားလည်ဖို့ သိပ်အရေးကြီးတယ်လေ၊ မင်းကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုအတွက် အပြစ်ပေးခံရမှာ မဟုတ်ပေမယ့် ပြုမှားမိခဲ့တဲ့ မင်းရဲ့ လုပ်ဆောင်ချက်အတွက် တန်ပြန် အကျိုးသက်ရောက်မှု တစ်ခုခုကိုတော့ မင်းခံရလိမ့်မယ်၊ အဲဒီ တန်ပြန် အကျိုးသက်ရောက်မှု တစ်ခုခုရယ်၊ မင်းကိုယ်မင်း ကာကွယ်ပိုင်ခွင့်ရယ်ကို ကြားနာမှာ ဖြစ်တယ်၊ နားလည်တယ်နော်'

'ဟုတ်ကဲ့ရှင့်'

'ဒီတရားရုံးဟာ တရားဝင် အသက်ပြည့်မြောက်တဲ့အထိ လူငယ်ဂေဟာမှာ ဖြစ်ဖြစ်၊ ပြုပြင်ထိန်းသိမ်းရေးကျောင်းတစ်ကျောင်းမှာ ဖြစ်ဖြစ် ထားပိုင်ခွင့်ရှိတယ်၊ ပြီးတော့ စိတ်ရောဂါကု

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာလည်း ထားနိုင်သေးတယ်၊ နောက်ပြီးတော့ မင်းရဲ့ မိသားစုတွေ၊ ဆွေမျိုးတွေဆီကို ပြန်ပို့ဖို့ အချိန်မတန်သေးဘူးလို့ ရုံးတော်က ယူဆရင် မျိုးမတော် ဆွေမစပ်တဲ့ အိမ်တစ်အိမ်မှာ ထားချင်လည်း ထားပိုင်ခွင့်ရှိတယ်၊ ဘယ်မှာထားလို့ ဘယ်မှာနေရသည် ဖြစ်စေ အသက်နှစ်ဆယ့်လုံး၀ အိမ်ပြန်ရတဲ့ အချိန်အထိ သက်ဆိုင်ရာ အမှုထိန်း ရဲအရာရှိနဲ့ မပြတ် ဆက်သွယ်နေရမယ်၊ ဒါပေမဲ့ ရုံးတော်အနေနဲ့ မင်းကို နားလည်ထားစေချင်တာက ဘယ်လို စီရင်ချက်မျိုး ချသည် ဖြစ်စေ အပြစ်ပေးခြင်း မဟုတ်ဘဲ မင်းအတွက် ကောင်းသထက် ကောင်းအောင် စီစဉ်ခြင်း ဖြစ်တယ် ဆိုတာပဲ၊ အဲဒါ သဘောပေါက်ရဲ့လား ဒန်နီ'

ဒန်နီ ခေါင်းညိတ်သည်။ မျက်လုံးအစုံ စားပွဲပေါ်တွင် စိုက်လျက်။ စိတ်လှုပ်ရှားစွာဖြင့် လက်ချောင်းကလေးများအား လိမ်ချိုးနေသည်ကို ကျွန်တော်သတိထားမိ၏။ တရားသူကြီး စကားဆက်သည်။

'ဒီတရားခွင်မှာ မင်းရဲ့အခွင့်အရေးကို အပြည့်သုံးနိုင်တယ်၊ ကြိုက်တဲ့သက်သေကို မင်းကိုယ်တိုင် ကြိုက်တဲ့မေးခွန်း မေးနိုင်တယ်။ မင်းအတွက် အကျိုးရှိမယ့် သက်သေမျိုးကို ခေါ်ယူနိုင်တယ်။ ချေပြန်းနိုင်တယ်။ နားလည်တယ်နော်၊ တရားရုံးအနေနဲ့ တစ်ဆက်တည်း ပြောစရာရှိတာက မင်းရဲ့ မိဘတွေမှာလည်း အလားတူ အခွင့်အရေးမျိုးရှိတယ် ဆိုတာပဲ၊ သက်သေခံနိုင်တယ်၊ ပြန်လှန်မေးခွန်း မေးပိုင်ခွင့် ရှိတယ် . . ကဲ စကြရအောင် မစ္စစပိုက်စာ . . ကလေးမကို ဘာကြောင့် ဆက်လက် ထိန်းသိမ်းထားသင့်ကြောင်း လျှောက်ထားပါ'

အမှုထိန်း ရဲအရာရှိ အမျိုးသမီး မတ်တတ်ထရပ်သည်။ စတင် လျှောက်လဲချက်ပေးသည်။ သူ့အသံမှာ ကြည်လင်ပြတ်သားသော်လည်း နူးညံ့သိမ်မွေ့၏။

'တရားသူကြီးမင်းရှင့်၊ ကလေးမ ဆက်လက်ထိန်းသိမ်းထားခွင့် လျှောက်ထားတဲ့ နေရာမှာ အချက်နှစ်ချက် ရှိပါတယ်။ ပထမအချက်က ကလေးမလေးအနေနဲ့ ဖြစ်မှုကျူးလွန်ခြင်းနဲ့ ပတ်သက်ပြီး ပဏာမ စစ်ဆေးတွေ့ရှိရတဲ့ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးချက်များက ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါဘူး။ ပြင်းထန်လွန်းတဲ့ စိတ်အနှောင့်အယှက်တွေကြောင့်ဖြစ်ရတယ်လို့ ယေဘုယျ ယူဆထားရပါတယ်။ ကလေးမရဲ့ အနာဂတ် ပိုမိုကောင်းမွန်ရေးအတွက် အဲဒီ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုတွေကို ပြည့်ပြည့်စုံစုံ ဆက်လက်ရယူချင်လို့ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်မတို့ ဌာနအနေနဲ့လည်း ကလေးမရဲ့ မိသားစုဘ၀နဲ့ သူ့ပတ်ဝန်းကျင်ကို ပိုပြီး ပြည့်ပြည့်စုံစုံ စုံစမ်းလေ့လာပြီး သူ့အနာဂတ်အတွက် လိုအပ်တဲ့ ပြုပြင်မှုတွေ ပေးလိုတဲ့ဆန္ဒကြောင့် ဖြစ်ပါတယ်'

မစ္စစပိုက်စာက တိုတိုတုတ်တုတ် ပြောပြီး ထိုင်ချလိုက်သည်။ တရားသူကြီးက ကျွန်တော်တို့ဘက် လှည့်ပြီး-

'ဒီလျှောက်လဲချက်နဲ့ ပတ်သက်လို့ ဘာများ ကန့်ကွက်စရာ ရှိပါသေးသလဲ'

ဟဲရစ်ဂေါ်ဒွန် မတ်တတ်ထရပ်လိုက်သည်။

'မရှိပါဘူး တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့အနေနဲ့ အမှုထိန်းရဲဌာနရဲ့ လျှောက်ထားချက် မြော်မြင်ဆုံးဖြတ်ပုံများကို လုံးဝယုံကြည်တဲ့အတွက် ကန့်ကွက်စရာ အကြောင်းမရှိပါ ခင်ဗျား'

သည်လို ကိစ္စမျိုးများတွင် ဂေါ်ဒွန့်အနေဖြင့် ဘာမှ မပြောသာမှန်း သိသော်လည်း သူ့ ပြောပုံကို သဘောကျပြီး တရားသူကြီး၏ လေသံပျော့သွားသည်။



'ကျေးဇူးတင်ပါတယ် မစ္စတာဂေါ်ဒွန်၊ ရုံးတော်အနေနဲ့လည်း တရားသဖြင့် ဖြစ်အောင် စဉ်းစားပေးမှာပါ'

စားပွဲကို တစ်ချက် ငုံ့ကြည့်ပြီး စကားဆက်သည်။

'ဒန်နီယဲလ်နီရာကေရီ အမှုနဲ့ ပတ်သက်ပြီး အမှုထိန်းရဲဌာနရဲ့ လျှောက်ထားချက်ကို ရုံးတော်မှ ခွင့်ပြုလိုက်တယ်။ တစ်ဆက်တည်းမှာပဲ လျှောက်ထားချက်အတိုင်း စုံစမ်းလေ့လာချိန်ကို တစ်ပတ်တိတိ ပေးလိုက်တယ်။ နောက်တစ်ပတ် ရုံးချိန်မှာ သက်သေသာဓက အထောက်အထား စုံလင်စွာဖြင့် နှစ်ဖက်စလုံးမှ ရုံးတော်သို့ တင်ပြပြီး ကလေးရဲ့ အနာဂတ်ကို မျှော်ကြည့်ပြီး လျှောက်ထားကြပါ' ဟု နိဂုံးချုပ်ပြီး စားပွဲကို တူနှင့် ဟန်ပါပါ ထုလိုက်သည်။

တရားသူကြီးက ဒန်နီကို ငုံ့ကြည့်၏။ စောစောက ပြောသည့် တရားသူကြီးလေသံမျိုး လုံး၀ မဟုတ်တော့ဘဲ နူးညံ့ပျော့ပျောင်းစွာဖြင့်-

'အမိပွာယ်ကတော့ သမီး ခုနေတဲ့ အခန်းကို ပြန်သွားမယ်၊ သမီးရဲ့ အမှုကို စုံစမ်းစစ်ဆေးနေတဲ့ အချိန် အတောအတွင်းပေါ့။ လိမ်လိမ်မာမာနေနော်၊ မစ္စစပိုက်စာရဲ့ စကားနားထောင်၊ ဒါမှ အားလုံး ချောချောမွေ့မွေ့ ပြီးသွားမယ် သမီး၊ နားလည်ပါတယ်နော်'

ဒန်နီခေါင်းညိတ်သည်။

တရားသူကြီးက မစ္စစပိုက်စာကို လှမ်းကြည့်ပြီး

'မစ္စစပိုက်စာ ကလေးကို ပြန်ခေါ်မသွားခင် ကျွန်တော့် ရုံးခန်းထဲမှာ မိဘတွေနဲ့ တွေ့ပေးလိုက်ပါ'

မစ္စစပိုက်စာက ခေါင်းညိတ်ပြီး ထသည်။ ဂေါ်ဒွန်က တရားသူကြီးကို ကျေးဇူးတင်ကြောင်း ပြော၏။ ကျွန်တော်တို့ အားလုံး မစ္စစပိုက်စာနောက်သို့ လိုက်သွားကြသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

တရားသူကြီး၏ အခန်းမှာ အခန်းနှစ်ခန်း ပါသည်။ အခန်းငယ်က ဘီလစ်စာရေးကြီး၏ အခန်းဖြစ်ပြီး အခန်းကြီးမှာကား တရားသူကြီးအတွက် ဖြစ်၏။ မစ္စစပိုက်စာက အခန်းကြီးထဲသို့ ကျွန်တော်တို့ကို ခေါ်သွားသည်။ နံရံတစ်ဖက်မှာ စာအုပ်တွေနှင့် ဖုံးနေ၏။ အခြားတွင်လည်း အောင်လက်မှတ်တွေ တံဆိပ်တွေနှင့် ဖုံးလုမတတ်ပင်။ လှပသေသပ်သည့် စားပွဲတစ်လုံးတွင် ကုလားထိုင်များ ဝန်းရံချထားသည်။

'ကဲ . . အေးအေးဆေးဆေး နေကြပါ။ ကျွန်မ ရုံးခန်းကို ခဏ သွားလိုက်ဦးမယ်' ဟု မစ္စစပိုက်စာက လိမ္မာပါးနပ်စွာ ပြောပြီး ထွက်သွားသည်။

မစ္စစပိုက်စာ ထွက်သွားလို့ တံခါးပိတ်သွားသည်နှင့် နီုရာက ဒန်နီဘက်သို့ လှည့်လိုက်သည်။

'သမီး နည်းနည်း ပိန်သွားတယ်နော်၊ မေမေတို့ ပို့လိုက်တဲ့ အဝတ်လှလှလေးတွေ ဘာလို့ ဝတ်မလာတာလဲ။ သမီး ဒီလိုဝတ်လာတော့ တရားသူကြီးက ဘယ်လိုထင်မလဲ၊ မေမေတို့က သမီးကို ပစ်စလက်ခတ်ထားတယ် ထင်မှာပေါ့။ ဒါကြီးတွေ ဘယ်ကရလို့ ကောက်ဝတ်လာတာပဲ သမီးရယ်၊ စိတ်ပျက်စရာကြီးတွေ'

ကျွန်တော် ဒန်နီကို စောင့်ပြီး အကဲခတ်နေလိုက်သည်။ ကြိတ်မှိတ်သည်းခံနေရပုံ၊ နီုရာ ပေါက်ကွဲမှု ပြီးဆုံးမှ ခံပြင်းသရော်သံအပြည့်ဖြင့်-



'ဒါ သမီး တက်နေတဲ့ မစ္စရန်ဒေါ်ရဲ့ အထက်တန်းကျောင်းမဟုတ်ဘူး မေမေ။ တခြားမိန်းကလေးတွေနဲ့ အတူတူပေးတဲ့ အဝတ်ကို ဝတ်ရတာ'

နီုရာက ဒန်နီကို စိုက်ကြည့်ပြီး-

'သမီးအနေနဲ့ ခွင့်တောင်းရင် ရမှာပါကွယ်၊ ကိုယ့်အဝတ်ကိုယ်ဝတ်ပေါ့၊ သူတို့အနေနဲ့ ဒီလို စီစဉ်ရတာက တခြားကလေးတွေ မတတ်နိုင်လို့ ဖြစ်မှာပါ'

ဒန်နီ ဘာမှ မပြောတော့။ ကျွန်တော် စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်၊ ဒန်နီ ကျွန်တော်ကို လှမ်းကြည့်သည်။ စီးကရက်ဘူးကို ပစ်ပေးလိုက်၏။ ဒန်နီ ဖမ်းယူလိုက်သည်။

'ဒန်နီ'

နီုရာက အလန့်တကြား ပုံစံဖြင့် လှမ်းအော်လိုက်၏။

'နီုရာ ငြိမ်ငြိမ်နေစမ်း'

အဘွားကြီးက စိတ်အနှောင့်အယှက်ဖြစ်ဟန်ဖြင့် ဝင်ဟန့်သည်။

'ညည်း မူရာမာယာတွေ ဝိုမနေနဲ့တော့၊ ပရိသတ်လည်း မရှိဘဲနဲ့၊ သမီး ဆေးလိပ်သောက်တာ ညည်း သိပြီးသားပဲ လာ . . သမီးလေး အဘွားဆီလာ'

ဒန်နီတ 'ဟုတ်ကဲ့ ဘွားဘွား' ဆိုပြီး အဘွားဆီ လျှောက်သွားသည်။

'သမီးကို သူတို့ ကောင်းကောင်းမွန်မွန် ထားရဲ့လား'

'ဟုတ်ကဲ့ ဘွားဘွား၊ ထားပါတယ်'

'ဝဝလင်လင်ကော ကျွေးရဲ့လား'

ဒန်နီက ပြုံးပြုံးပြီး-

'မကုန်နိုင် မခန်းနိုင် ကျွေးပါတယ်၊ ဒါပေမဲ့ သမီး သိပ်မစားနိုင်ပါဘူး'

'အားရှိအောင် အစာတော့ စားရမှာပေါ့၊ အရေးထဲမှာ သမီး ဖျားနာနေတာမျိုး အဖြစ်မခံနိုင်ဘူး'

'မဖျားပါဘူး ဘွားဘွားရဲ့'

'ဘွားဘွား ဘာပို့ပေးရဦးမလဲ'

'ကျေးဇူးပါပဲ ဘွားဘွား၊ ဘာမှ မလိုပါဘူး၊ အားလုံး ပြည့်စုံပါတယ်'

အဘွားကြီးက မြေး၏ နဖူးကို နမ်းပြီး-

'တရားသူကြီး ပြောတဲ့အတိုင်း လိမ်လိမ်မာမာနေနော်၊ သမီး သူတို့ ပြောတဲ့အတိုင်းနေမှ မြန်မြန် အိမ်ပြန်ရမှာ'

ဒန်နီက အဘွားကို မော့ကြည့်ပြီး ခေါင်းညိတ်သည်။ ဒန်နီ့မျက်လုံးများက ထူးဆန်းသည့် အရောင်တစ်မျိုး လက်နေ၏။ အဘွားထက် သမီး ပိုသိပါတယ် ဟု ပြောနေသယောင်ယောင်။ သို့သော် နှုတ်ကမူ ဘာမှ မပြော။

ကျွန်တော့်ဘက် ဆတ်ခနဲလှည့်ပြီး-

'ဖေဖေ့မှာ မော်တော်ဘုတ်တလေး ရှိသေးလားဟင်'

ကျွန်တော် ခေါင်းယမ်းလိုက်ပြီး-

'မရှိတော့ဘူး ဒန်နီ'

'ဟင် . . ဟုတ်လား၊ သမီး အဲဒီ လာဂျိုလာကို ပြန်သွားချင်လိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



'နောက် သွားကြတာပေါ့ သမီးရယ်၊ သမီး အမြင်ရောက်ရောက်ချင်း ဖေဖေ ပို့ပေးမယ်'

ဒန်နီ ခေါင်းညိတ်သည်။ သို့သော် ကျွန်တော့်စကားကို မယုံကြောင်း သူ့မျက်လုံးများက ပြောနေကြ၏။

'ဆရာမတစ်ယောက် ပြောတယ်၊ ဖေဖေ့ အမျိုးသမီးရဲ့ဓာတ်ပုံကို သတင်းစာထဲမှာ တွေ့လိုက်တယ်တဲ့၊ သိပ်ချောတယ်ဆို'

ဒန်နီက ကျွန်တော့်ကို အကဲခတ်ရင်း-

'ဖေဖေနဲ့ သူ လိုက်မလာခဲ့တာက ကိုယ်ဝန်ကြီးနဲ့မို့ဆို'

'ဟုတ်တယ် သမီး'

'ဘယ်တော့ မွေးမှာလဲဟင်'

'နီးနေပြီ သမီး၊ ဆရာဝန်က ခရီးသွားလို့ မတော်တော့ဘူးတဲ့'

ဒန်နီ ခပ်ယဲ့ယဲ့ ပြုံးသည်။

'ဒါဆို သတင်းစာထဲမှာ ပါတာ အမှန်ပေါ့နော်။ သမီး ဝမ်းသာပါတယ် ဖေဖေ'

'မှန်ပါတယ် သမီးရဲ့၊ သမီးက သူ ဘာကြောင့် လိုက်မလာတာလို့ ထင်နေလဲ'

သူ့အမေကို တစ်ချက် လှမ်းကြည့်သည်။ နီရာက နှုတ်ခမ်းနီ ငုံ့ဆိုးနေ၏။ ကျွန်တော်တို့ သားအဖနှစ်ယောက် စကားပြောနေသည်ကို လုံးဝ ငြီးငွေ့နေဟန်။

ဒန်နီက အသံတိုးတိုးလေးဖြင့်-

'သမီးကိုများ မုန်းနေသလားလို့ပါ ဖေဖေ'

ကျွန်တော် ရယ်လိုက်သည်။

'ဘယ်လိုကြောင့် အဲဒီလို ထင်ရတာလဲ သမီးရဲ့'

မအေ့ မျက်နှာကို တစ်ချက် လှမ်းကြည့်ပြန်သည်။

'ဘယ်လိုကြောင့်မှ မဟုတ်ပါဘူး ဖေဖေ၊ ဒီလိုပဲ တွေးမိလို့ပါ'

အခန်းတံခါး ပွင့်လာပြီး မစ္စစပိုက်စာ ပြန်ဝင်လာသည်။ တံခါးအပြင်ဘက်တွင် စောင့်နေသည့် ဆရာမတစ်ယောက်လည်း မြင်ရ၏။

မစ္စစပိုက်စာက-

'သွားကြစို့လား ဒန်နီ'

'ဟုတ်ကဲ့'

ဒန်နီက စီးကရက်ကို ပြာခွက်ထဲ ထိုးချေပြီး ကျွန်တော့်ကို အနမ်းဖြင့် နှုတ်ဆက်သည်။

'ဘိုင့်ဘိုင့် ဖေဖေ'

ပြီးတော့ အဘွားကို နမ်း နှုတ်ဆက်သည်။ နီရာဆီ အရောက်တွင် ဆိုးဖက်ပြီး-

'သမီးကို မေမေ ဘယ်လောက် ချစ်တယ်ဆိုတာ သမီး သိပါတယ်နော်'

ဒန်နီ ခေါင်းညိတ်သည်။

'အများတကာထက် ပိုချစ်တယ် သိလား'

ဒန်နီ နောက်တစ်ကြိမ် ခေါင်းညိတ်ရပြန်သည်။

'မေမေ့ကိုကော သမီးက ဘယ်လောက်ချစ်လဲ ပြောစမ်းပါဦး'

နီရာ အမှတ်တွေ ယူနေပြန်ပြီ။



'အများကြီး ချစ်ပါတယ် မေမေ'

ကျေနပ်သွားသည့်ဟန်ဖြင့် နီရာ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ ကျွန်တော် ရယ်လိုက်တော့ ဒန်နီ ကျွန်တော့်ကို လှည့်ကြည့်သည်။ သူ့ မျက်လုံးများထဲတွင် အထိတ်တလန့် ဖြစ်သွားပုံကို ကျွန်တော် မြင်လိုက်၏။ ကျွန်တော် ဘာကြောင့်ရယ်သည်ကို သူ သိသည်လေ။

နောက်ဆုံးမှ သူ့အမေကို နမ်းပြီး

'ဘိုင့်ဘိုင့် မေမေ'

နီရာက ကျွန်တော့်ကို လှမ်းကြည့်သည်။ ဒေါသကြောင့် မျက်နှာမှာ နီမြန်းလျက်။ တစ်စုံတစ်ခုကို ပြောမည်ပြုပြီးမှ နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

မစ္စစပိုက်စာက ယဉ်ကျေးစွာ စကားဆိုသည်။

'ဒီမှာ လူအားလုံး စုံတုန်း ကျွန်မတို့ တွေ့ဖို့ ချိန်းလိုက်ကြရအောင်လား၊ ဒါမှ ကိစ္စ မြန်မြန်ပြီးမှာလေ'

စားပွဲကို ပတ်လျှောက်ပြီး ထိုင်ရင်း-

'မနက်ဖြန် နေ့လယ်ပိုင်း ကျွန်မလာတွေ့လို့ ရမလား မစ္စဟောဒင်'

'ကြာသပတေးနေ့ ပိုကောင်းပါတယ်။ အစေခံတွေ အနားပေးတဲ့နေ့လေ။ အေးအေး ဆေးဆေး ပြောရတာပေါ့'

'အစေခံတွေ ရှိနေရင် ပိုကောင်းပါတယ် မစ္စဟောဒင်။ သူတို့နဲ့ပါ ဒန်နီ့အကြောင်း ကျွန်မ ဆွေးနွေးချင်ပါတယ်'

နီရာက ဂေါ်ဒွန့်မျက်နှာ လှမ်းကြည့်ရင်း ချီတုံချတုံ ဖြစ်နေဟန်ဖြင့်-

'ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို အစေခံတွေနဲ့ ဆွေးနွေးလေ့မရှိဘူး။ သူတို့ကို မေးဟယ် မြန်းဟယ်လုပ်ရင် ဘာမှပိုမသိရဘဲ သူတို့အတွက် အတင်းပြောစရာတွေ ပိုရသွားရုံပဲ ရှိမယ်'

'ဒါက ကျွန်မ တာဝန်လေ၊ ဒန်နီ့အကြောင်း ပြည့်ပြည့်စုံစုံ သိရအောင် မေးသင့်မေးထိုက်တဲ့ လူတွေအားလုံး ကျွန်မ မေးရလိမ့်မယ် မစ္စဟောဒင်၊ ကျွန်မအတတ်နိုင်ဆုံး လိမ်လိမ်မာမာ မေးမှာပါ'

နီရာက ဂေါ်ဒွန်ကို လှမ်းကြည့်ပြန်သည်၊ ဂေါ်ဒွန် ခေါင်းညိတ်ပြ၏။ အမှုထိန်းအရာရှိ အမျိုးသမီးဘက် လှည့်ပြီး-

'ဒါဆို မနက် လာချင်လာလေ'

'ဟုတ်ကဲ့ ညနေပိုင်း လာခဲ့ပါမယ်။ မနက်ပိုင်းမှာ ဒန်နီ့ကျောင်းကို သွားဖို့ ချိန်းထားလို့ပါ'

'ဒါဆိုလည်း ဗုဒ္ဓဟူးနေ့ ညနေမှ လုပ်ပါလေ၊ နှစ်နာရီလောက်ပေါ့'

'ရပါတယ်၊ နှစ်နာရီလောက်ဆို အတော်ပါပဲ'

မစ္စစပိုက်စာက အဘွားကြီးဘက်သို့ လှည့်လိုက်ပြန်သည်။

'ကြာသပတေးနေ့မှာ ဒေါ်ဒေါ်နဲ့ တွေ့ဖို့များ အဆင်ပြေနိုင်ပါသလား'

အဘွားကြီး ခေါင်းညိတ်သည်။

'မနက်ကိုးနာရီဆို သိပ်များ စောနေမလား'

'ရပါတယ်၊ ကိုယ်က စောစောထတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက် လှည့်ပြန်သည်။ မစ္စစပိုက်စာက-

'ကာနယ် ဘယ်နေ့ အဆင်ပြေမလဲဟင်'

'ကြိုက်တဲ့ အချိန်ပြောပါ။ ကျွန်တော် အချိန်မရွေး တွေ့ဖို့ အသင့်ပဲ'

'အမျိုးသမီးက ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ဆို၊ ချီကာဂိုကို တစ်ခေါက်ပြန်ပြီး ရုံးချိန်းရက်ရောက်မှ ပြန်လာမှာလား။ ဒီမှာပဲ ဆက်စောင့်နေမှာလားဆိုတာ ကျွန်မ မသိလို့ပါ။ ဒါကြောင့် ကာနယ် အဆင်ပြေသလိုလုပ်ပါ'

အခြေအနေအရ ကျွန်တော် နေမှ ဖြစ်တော့မည်။ မပြန်ဖြစ်တဲ့အကြောင်း အယ်လီဇဘက်ကို ဖုန်းဆက်ပြောရတော့မည်။

'ကျွန်တော် ဒီမှာပဲ ရှိနေမှာပါ။ မစ္စစပိုက်စာ ကြိုက်တဲ့ အချိန် ချိန်းပါ'

'ကျေးဇူးပါပဲ ကာနယ်၊ သောကြာနေ့ည ဟိုတယ်ကို ကျွန်မလာတွေ့ပါမယ်'

'ကောင်းပါတယ်'

'ဒါဆို ကျွန်မတို့ သွားကြရအောင်လား'

နိုရာက စကားဖြတ်သည်။ မစ္စစပိုက်စာက သူ့ဘက် လှည့်ပြီး-

'တစ်ခု ကျန်သေးတယ် မစ္စဟေဒင်'

'ဘာပါလိမ့်'

'ကာနယ်ကေရီနဲ့ မစ္စဟေဒင် ကွာရှင်းပြတ်စဲကြတုန်းက တရားရုံးစီရင်ချက်မိတ္တူကို ခဏထောင်းကြည့်ဖို့ တရားသူကြီးက ကျွန်မကို တာဝန်ပေးပါတယ်'

နိုရာ ဒေါသူပုန်ထပါလေတော့၏။

'ဘာဆိုင်လဲ၊ ရှင်တို့ဟာက ရယ်စရာ မကောင်းဘူးလား၊ ဘာကိစ္စ ကျွန်မရဲ့ အတိတ်ကို တူးဖော်နေကြတာလဲ၊ ကျွန်မတို့ ကွဲကြတုန်းက ဒန်နီက ပေါက်စကလေးပဲ ရှိသေးတာပဲ'

'ကလေးရဲ့ ပတ်ဝန်းကျင်ကို လေ့လာဖို့ လိုအပ်တဲ့အထောက်အထား အားလုံး ရယူပိုင်ခွင့် ရုံးတော်မှာရှိတယ် မစ္စဟေဒင်၊ ဖြစ်တဲ့နည်းနဲ့ ရှာပေးပါ။ တရားရုံးအနေနဲ့ တရားဝင် တောင်းပိုင်ခွင့်လည်း ရှိတယ်၊ ဒီတော့ ကျွန်မတို့ကို အကူအညီပေးပါ'

'ဒါကို ကျွန်မဆီက မရမချင်း ရှင်တို့ ကျွန်မ သမီးကို ထိန်းထားမယ်လို့ ခြိမ်းခြောက်နေတာလား'

နိုရာက အေးစက်မာကျောသည့်အသံဖြင့် မေးသည်။

မစ္စစပိုက်စာက လုံးဝ ဣန္ဒြေမပျက်။ နိုရာ့ကို တည်ငြိမ်စွာကြည့်ပြီး

'ကျွန်မ ခြိမ်းခြောက်နေတာ မဟုတ်ဘူး မစ္စက်ဟေဒင်၊ ရုံးတော်ရဲ့ အခွင့်အာဏာကို ပြောပြနေတာ၊ သမီးကလေးရဲ့ ကောင်းကျိုးကို ရှေးရှုချင်တယ်ဆိုရင် ကျွန်မတို့ကို အကူအညီ ပေးပါ။ ကျွန်မ ပြောတာ ဟုတ်ပါသလား မစ္စတာဂေါ်ဒွန်'

'မှန်ပါတယ် မစ္စစပိုက်စာ'

ဂေါ်ဒွန်က နိုရာ့ ဘက်လှည့်ပြီး-

'ဒန်နီဟာ ရုံးတော်ရဲ့ လက်အောက်ခံ ဖြစ်တဲ့ လူငယ်ဂေဟာမှာ ယာယီထိန်းသိမ်းထားတယ်၊ ဒါကြောင့် ရုံးတော်မှာ လုပ်ပိုင်ခွင့် အပြည့်အဝရှိတယ်၊ တောင်းတာကို ပေးရလိမ့်မယ် နိုရာ'



'ရှင့်ကို ကျွန်မ ငှားထားတာ ကျွန်မဘက်က ရှေ့နေလိုက်ဖို့ ငှားထားတာ၊ ဒါပေမဲ့ ရှင်က တစ်ချိန်လုံး တရားသူကြီး ပြောသမျှ ခေါင်းညိတ်နေတာချည်းပဲ။ ခုလဲ ဒီမိန်းမ ပြောသမျှ ခေါင်းညိတ်နေပြန်ပြီ။ ကျွန်မ ဒီအတိုင်း သိက္ခာအကျခံပြီး လည်စင်းခံနေရမှာလား၊ ဒီလောက် တောင် အောက်တန်းကျတဲ့ ရုံးပြင်ကနားနဲ့ ဘယ်လောက်ကြာအောင် ဆက်ပြီး စခန်းသွားနေရမှာလဲ ဘယ်လူတန်းစားကို ဘယ်လို ဆက်ဆံရမှန်း မသိတဲ့ဟာတွေနဲ့ ဘယ်လောက်ကြာအောင် ဆက်ဆံနေရမှာလဲ၊ ဒါ့ထက် မြင့်တဲ့ တရားရုံးကို ပြောင်းယူလို့ မရဘူးလား'

'ဒန်နီဟာ အသက်မပြည့်သေးတဲ့ ကလေး၊ ကလေးသူငယ်တရားရုံးဟာ ဒီတစ်ခုပဲ ရှိတယ်လေ'

နိုရာ မျက်ဝန်းတွေ မီးဝင်းဝင်းတောက်လာသည်။

'ဒါဆို ရှင့်ကို ငှားထားတာ အလကားပေါ့'

ဂေါ်ဒွန် အမောက်ထောင်လာသည်။

'ခင်ဗျားဆီ ကျုပ်က လာတာလား၊ ခင်ဗျားက ကျုပ်ဆီ လာတာလား၊ ခင်ဗျား ကျုပ်ကို မကြိုက်ရင် အချိန်မရွေး အမှုကို ပြန်အပ်မယ်'

နိုရာ မျက်နှာ တခြားလွှဲလိုက်ပြီး-

'အို . . ရှင်လုပ်ချင်တာ လုပ်၊ ကျွန်မ ဘာမှသောက်ဂရုမစိုက်ဘူး'

တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပြီး နိုရာ အခန်းပြင် ထွက်သွားသည်။ ဂေါ်ဒွန်က အမှုထိန်း ရဲအရာရှိ အမျိုးသမီးဘက်လှည့်လိုက်သည်။

'ကျွန်တော် တောင်းပန်ပါတယ် မစ္စစပိုက်စာ၊ ကျွန်တော့်အမှုသည်ဟာ သောက ရောက်နေတဲ့ မိခင်တစ်ယောက်ပါ၊ ဒါကြောင့် စိတ်ဓာတ်ကျနေလို့ . .'

'ကျွန်မ နားလည်ပါတယ်။ မစ္စတာဂေါ်ဒွန်'

'ကျွန်တော့် ရုံးခန်းမှာ သူတို့ကွာရှင်းပြတ်စဲခဲ့တဲ့ မိတ္တူတစ်စောင်ရှိပါတယ်။ အချိန်မရွေး ဝင်လာခဲ့ပါ။ ကျွန်တော် အသင့် ထုတ်ထားပါ့မယ်'

'ကျေးဇူးတင်ပါတယ် မစ္စတာ ဂေါ်ဒွန်'

မာရီယံစပိုက်စာက မတ်တပ်ထရပ်ရင်း-

'ကဲ . . ဒီနေ့အဖို့ တော်လောက်ကျရောပေါ့'

ကျွန်တော်တို့ အားလုံး ထွက်ခဲ့ကြသည်။ အဘွားကြီးက ရှေ့ဆုံးမှ၊ အဘွားကြီးနောက်က ဂေါ်ဒွန်။ ပြီးတော့ ကျွန်တော်။

'ကာနယ်ကေရီ ခဏလေးနော်'

အမှုထိန်းအရာရှိ အမျိုးသမီး၏ အသံကြောင့် ကျွန်တော် ပြန်လှည့်လာခဲ့ရသည်။

'ဟုတ်ကဲ့ မစ္စစပိုက်စာ'

အမျိုးသမီးက ခပ်ပါးပါးပြုံးပြီး-

'ကာနယ် ဒီမှာ ဆက်ရှိနေမယ်ဆိုလို့ ဝမ်းသာတဲ့အကြောင်း ပြောချင်လို့ပါ။ ဒန်နီကလေး ဘယ်လောက်ပျော်မလဲ မသိဘူး။ ကလေးက ဖေဖေ ပြန်သွားမှာ သိပ်စိုးရိမ်နေတာ'

'ဒါလောက်တော့ ကျွန်တော် လုပ်ပေးရမှာပေါ့ ခင်ဗျာ၊ ဒီလို အခြေအနေမျိုးမှာ ကျွန်တော် ဘယ်ပြန်သွားရက်ပါ့မလဲ'

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက ထူးဆန်းသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်သည်။ ပြီးမှ မျက်လွှာချပြီး-

'ဒါပေါ့လေ ဟုတ်တာပေ့ါ'

ကျွန်တော် အပြင် ရောက်တော့ ယောက္ခမဟောင်းကြီးက ရှိုးရိုက်ကားကြီး၏ နောက်ခန်းထဲတွင် ထိုင်ပြီး ကျွန်တော့်ကို စောင့်နေသည်။ လှမ်းခေါ်သဖြင့် ကျွန်တော် လျှောက်သွားရ၏။

'နီရာကော' ဟု ကျွန်တော် မေးလိုက်သည်။

'အပြင်မရောက်ခင် သူ ထွက်သွားတာ'

အဘွားကြီးက လမ်းပေါ် လှမ်းကြည့်ပြီး-

'မင်းကားကော'

'ဟိုးအောက်လမ်းဘက်မှာ ရပ်ထားခဲ့တယ်'

'တက်လေ၊ အဲဒီနားထိ လိုက်ခဲ့ပေ့ါ'

ကျွန်တော် ကားထဲ ဝင်လိုက်ရ၏။ ရောမကားကြီး လမ်းပေါ်သို့ လိမ့်ထွက်ခဲ့သည်။

'မင်း ဆမ်ကောဝင်းနဲ့ တွေ့ပြီးပြီလား'

'မတွေ့ရသေးဘူး၊ ဒီနေ့ညနေ သွားတွေ့မလားလို့'

မျက်မှောင်ကုတ်ပြီး အပြင်သို့ ငေးကြည့်ရင်း ကျွန်တော် လိုက်ပါလာသည်။

'မင်းကြည့်ရတာ စိတ်မာတ်ကျနေသလိုပဲ၊ မစ္စစပိုက်စ် ဘာတွေများ ထပ်ပြောလိုက်လို့လဲ'

အဘွားကြီးကို ကျွန်တော် ငဲ့ကြည့်လိုက်၏။

'ဘာမှ ထူးထူးထွေထွေ မဟုတ်ပါဘူး၊ ကျွန်တော် ချီကာဂို မပြန်တဲ့အတွက် ဝမ်းသာမယ့်အကြောင်း ပြောတာပါ'

'ဟုတ်လား၊ မင်းမိန်းမဆီကိုရော အကြောင်းကြားပြီးပြီလား'

'မကြားရသေးပါဘူး'

'သူ့ခမျာ အားငယ်နေမှာပဲနော်'

ကျွန်တော် ဘာမှမပြောဘဲ နေလိုက်သည်။

'အေးလေ၊ အားငယ်မှာပေါ့၊ နေ့စေ့ လစေ့ကြီးနဲ့ကိုး၊ ဘာလုပ်ပေးရမလဲ လှမ်းမေး ဒီမှာ သိပ်အရေးကြီးလို့ စောင့်နေရတဲ့အကြောင်း ပြောပေးရမလား'

ကျွန်တော် ခေါင်းယမ်းပြီး-

'ဟင့်အင်း၊ မလိုပါဘူး၊ ကျွန်တော့် မိန်းမက နားလည်မှုရှိပြီးသားပါ'

ကျွန်တော် ကားနားအရောက်တွင် ဆင်းလိုက်သည်။ အဘွားကြီးက လှမ်းမှာ သည်။

'ညနေပိုင်း ဖုန်းဆက်ဦးနော်၊ ဘာထူးလဲ သိချင်တယ်'

'ဟုတ်ကဲ့ ဆက်မှာပါ'

အဘွားကြီး ထွက်သွားသည်ကို ကျွန်တော် ငေးကြည့်နေမိ၏။ ပြီးမှ ကျွန်တော့်ကား ကလေးကို မောင်းပြီး ဟိုတယ်သို့ ပြန်လာခဲ့သည်။ အဲလီဇဘက်နှင့် စကားပြောရတော့ မွန်းတည့် ချိန်လောက် ရောက်နေပြီ။



'နေကောင်းရဲ့လား၊ နေ့လယ်စာ စားပြီးပြီးလား' လို့ မေးတော့ အဲလီဇဘက်က 'ကောင်းပါတယ် အစ်ကို၊ အခြေအနေ ဘယ်လိုလဲဟင်' ဟု ပြန်မေးသည်။

ကျွန်တော်က သေမှု သေခင်းဆိုင်ရာ ရုံးတွင် စစ်ဆေးကြပုံက စပြီး ပြောပြသည်။ သူက ကျွန်တော့်စကားကို ဖြတ်ပြီး-

'အဲဒါတွေ သတင်းစာထဲမှာ ဖတ်ပြီးပါပြီ၊ ဒန်နီ့အခြေအနေ ပြောပါဦး'

အကျိုးအကြောင်း ခပ်တိုတို ရှင်းပြလိုက်၏။ ပြီးတော့ ခြိမ်းခြောက်စာအကြောင်းပါ ပြောပြလိုက်သည်။ သူ ဘာမှ ထင်မြင်ချက်မပေးဘဲ ငြိမ်နေ၏။

'အဲလီဇဘက် မင်း နားထောင်နေပါတယ်နော်'

'ကြားပါတယ် အစ်ကို'

သူ့ အသံမှာ တုံးလွန်းလှ၏။

'အဲလီဇဘက် မင်း နေကောင်းတယ်ဆိုတာ သေချာရဲ့လား'

'ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ အစ်ကို နောက်တစ်ပတ်အထိ နေမယ်ပေ့ါ ဟုတ်လား'

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

'မင်း နေကောင်းတယ်ဆိုရင်တော့ နေချင်တယ် မိန်းမရယ်'

'အစ်ကို ဆက်ပြီး ဘာလုပ်ပေးနိုင်သေးလို့လဲ'

'အခုနေ အစ်ကို ပြန်လာရင် သူ့အနားက ထွက်ပြေးသွားမြန်ပြီလို့ ဒန်နီ ထင်ဦး မယ်လေ'

'ဟိုတုန်းကလည်း အစ်ကိုက ထွက်ပြေးတာမှ မဟုတ်တာ၊ သူ့ကို ရှင်းမပြဘူးလား'

'ရှင်းပြပါတယ်၊ ဒါပေမဲ့ သူဟာ ကလေးပဲရှိသေးတာ မဟုတ်လား၊ တစ်ဝက်လောက် တောင် သူ နားလည်မှာမဟုတ်ဘူး၊ အစ်ကို့ကိုပဲ သူ အားကိုးတကြီး ဖြစ်နေရှာတာကွယ်'

စီးကရက် တစ်လိပ် ထုတ်ယူလိုက်သည်။

'ကျွန်မမှာလည်း အစ်ကို့ပဲ အားကိုးစရာရှိတာပါ အစ်ကို၊ ဒီမှာ ကျွန်မ ဘယ်လို ခံစား နေရတယ်ဆိုတာ အစ်ကို စဉ်းစားမိရဲ့လား၊ အိမ်နီးနားချင်းတွေက စပ်စုကြ၊ အစ်ကို့ အခြေအနေ ကို မေးကြနဲ့၊ သူတို့လည်း ကျွန်မလိုပဲ သတင်းစာဖတ်ကြတယ်လေ၊ အစ်ကို သူနဲ့ နေ့တိုင်း တွေ့နေတယ်ဆိုတာ သူတို့ အားလုံး သိကြတယ်လေ။

သူ ဘာကို ဆိုလိုတယ်ဆိုတာ တန်းသိလိုက်၏။

'ဟာ . . . သေတော့မှာပဲ'

'ဒန်နီ့ ကိစ္စတစ်ခုတည်းအတွက်နဲ့ အစ်ကို ကြာနေတာ ဟုတ်ပါတယ်နော်'

'ဒါပေ့ါကွ တခြား ဘာသောက်လုပ်ရှိလို့လဲ'

ကျွန်တော် အော်ပြောလိုက်သည်။

'အစ်ကို ပြောတဲ့အတိုင်းဆိုရင် ဒီစာတွေနဲ့ ပတ်သက်ပြီး ဒန်နီအတွက် ပူစရာမလိုပါ ဘူး။ ဒန်နီ့ကို တရားဥပဒေက အပြည့်အဝ အကူအညီပေးနေပြီဆို။ အစ်ကို စိတ်ပူနေတာက နီရာအတွက်ပဲ။ နီရာကို အကာအကွယ်ပေးချင်နေတာပဲ။ ကိုယ့်ကိုယ်ကိုယ် မလိမ်ဘဲ သေသေ ချာချာ တွက်ကြည့်ရင် အဲဒီ အဖြေထွက်မှာပဲ'

ပြောပြောဆိုဆို ထောက်ခနဲ လိုင်းပြတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အော်ပရေတာကို ပြောနေရင်း လိုင်းပြတ်သွားကြောင်း ပြောပြီး ပြန်ခေါ်နိုင်းသည်။ တစ်ဘက်တွင် တယ်လီဖုန်း မြည်နေသည်။ သို့သော် မကိုင်။ အတန်ကြာမှ

'ဟဲလို'

သူ ငိုနေသံနှင့် ထူးသည်။ ငိုနေပြီ ထင်၏။

'အယ်လီဇဘက်၊ အစ်ကို စိတ်မကောင်းပါဘူးကွာ။ အမြန်ဆုံး ပြန်ခဲ့ဖို့ အစီအစဉ် လုပ်ပါ့မယ်'

နှပ်ညစ်သံ ကြားရသည်။ ရှိုက်သံဖြင့် ဆက်ပြော၏။

'မပြန်လာနဲ့၊ ဆက်နေပါ။ အားလုံးပြီးမှ အဲဒီသောက်လုပ်တွေ အပြတ်ဖြတ်ပြီးမှ ပြန်လာခဲ့ပါ'

'ဒါပေမဲ့ . .'

'မဟုတ်ဘူး အစ်ကို ဆက်နေပါ။ အပြတ်လုပ်ပေးခဲ့ပါ တစ်ခါတည်း ရှင်းခဲ့ပါ။ ပြန်လာရင် သတ်ိရစရာတွေ လုံးဝ ယူမလာပါနဲ့။ ကျွန်မ ယောကျ်ားကို ကျွန်မ ပကတိ မူလအတိုင်း အပြည့်အဝ ပြန်လိုချင်တယ်၊ လာဂျိုလာမှာ တွေတုန်းကလို စိတ်လေနေတဲ့ ပုံစံမျိုးနဲ့တော့ ပြန်မလာပါနဲ့'

'ဒါထက် ငွေရေးကြေးရေး အခြေအနေကတော'

'မပူပါနဲ့၊ အစ်ကို့ ပင်စင်လစာ ရောက်လာပါပြီ။ ကျွန်မတို့ သားအမိအတွက် တစ်ပတ်စာ ကောင်းကောင်းလောက်ပါတယ်။ လက်စွပ်လည်း ရှိသေးတာပဲ'

ကျွန်တော် အံ့ဩခြင်းကြီးစွာဖြင့်-

'အယ်လီဇဘက်'

သက်ပြင်းချသံ ကြားရ၏။

'ဘာလဲ'

'အစ်ကို မင်းကို ချစ်ပါတယ်။ အယ်လီဇဘက်ရယ်'

□ □ □

# အခန်း ( ၄ )

'စကာစီ နှင့် ကောဝင်း' ပန်းချီပန်းပုပြတိုက်ကို စာတိုက်လမ်းပေါ်တွင် ဖွင့်ထားသည်။ သူတို့ နှစ်ယောက်၏ ကိုယ်ပိုင်အဆောက်အအုံ ဖြစ်သည်ဟု သိရ၏။ သူတို့ ပြတိုက်မှာ တိုက်အိုကြီး တစ်လုံး ဖြစ်၏။ မြေထဲပင်လယ်အုတ်ဖြင့် တည်ဆောက်ထားသည့် ရောမ အဆောက်အအုံကြီး နှစ်ခုကြားတွင် ပုနေသည့် တိုက်အိုကြီး ဖြစ်၏။

မှန်တံခါးကြီး၏ အတွင်းဘက်တွင် ရတနာများ ထားသည့်အတိုင်း ကတ္တီပါခင်းပေါ်တွင် ကြေးညိုဖြင့် သွန်းသည့် စိတ္တဇဆန်ဆန် ပန်းပုရုပ်တစ်ခုကို တွေ့ရသည်။ ယွန်းသေတ္တာ အတွင်းမှ အရုပ်ကို မီးမောင်းထိုးပြထားသည်။ ပန်းပုဆရာ၏အမည်ကို ကတ်ပြားအဖြူကလေး ပေါ်တွင် ပုံနှိပ်စာလုံးဖြင့် ဖော်ပြထား၏။ မှန်တံခါးကြီးတွင် ရောမ ရွှေရောင်စာလုံးကြီးများဖြင့် ရေးထားသည်။

'စကာစီ နှင့် ကောဝင်း'

တိုကျို၊ ဆန်ဖရန်စစ္စကို၊ နယူးယောက်၊ လန်ဒန်၊ ပါရီ

မှန်တံခါးကို တွန်းဖွင့်လိုက်၏။ အထဲတွင် ငည်ကြို လူငယ်တစ်ယောက်ကို တွေ့ရသည်။ မုတ်ဆိတ်ကျင်စွယ်ကို သေသေသပ်သပ် သထား၏။ ဝတ်စုံက အင်္ဂလန်ဖြစ်၏။ လေယူ လေသိမ်းကလည်း အင်္ဂလိပ်ဆန်ဆန်။ ပီပီသသ။

'ကျွန်တော် ဘာများ အကူအညီပေးနိုင်ပါသလဲခင်ဗျာ'

'မစ္စတာကောဝင်းနဲ့ ချိန်းထားလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဘက်ကို လျှောက်သွားရင် ဓာတ်လှေကား တွေ့ပါလိမ့်မယ် ခင်ဗျာ၊ ရုံးခန်းတွေက စတုတ္ထထပ်မှာပါ'

'ကျေးဇူးတင်ပါတယ်'

ဓာတ်လှေကားဆီသို့ လျှောက်လာခဲ့၏။ အခန်း၀ ရောက်သည်နှင့် ဓာတ်လှေကား တံခါး ပွင့်လာသည်။ 'လေးထပ်ကို' ဟု ကျွန်တော် ပြောလိုက်သည်။ ဓာတ်လှေကားမောင်းသမားက တလေးတစား လေသံဖြင့်-

'ဟုတ်ကဲ့ ခင်ဗျာ၊ လေးထပ်ကို ပို့ပေးပါ့မယ်'

သူ့ကို ကျွန်တော် အကဲခတ်ကြည့်လိုက်သည်။ နည်းနည်းရှက်သွား၏။ ကျွန်တော် ၀တ်ထားသည်က ဒေါ်လာ ၆၀ တန် ၀တ်စုံ။ သူက လန်ဒန်ချုပ် ၀တ်စုံနှင့်။

ရုံးခန်းထဲ ရောက်တော့လည်း လှလှပပ ၀တ်ဆင်ထားသည့် လူရွယ်တစ်ယောက်ကို တွေ့ရပြန်သည်။ လူချောကလေး ဖြစ်၏။

'မစ္စတာကောဝင်းနဲ့ ချိန်းထားလို့ပါ'

'နာမည်လေး တစ်ဆိတ်ခင်ဗျာ'

'လုခ်ကေရီပါ'

'တစ်ဆိတ် ခဏလေး ထိုင်စောင့်ပါခင်ဗျာ၊ မစ္စတာကောဝင်း အား မအား ကျွန်တော် ဝင်ကြည့်လိုက်ပါ့မယ်'

မဂ္ဂဇင်းတစ်စောင်ကို ကောက်လှန်လိုက်သည်။ ပြင်သစ်စာတွေ ဖြစ်နေသဖြင့် အရုပ်တွေ လျှောက်ကြည့်နေလိုက်၏။ စိန်တိုပတ်ဇ်တွင် ရိုက်ထားသည့် ဘရစ်ဂျစ်ဘားဒိုး၏ ပုံကို ကျွန်တော် လှေလာနေမိ၏။ ဘားဒိုး၏ ပုံမပါလျှင် မဂ္ဂဇင်း မဖြစ်ကြလေရော့သလား။ စာအုပ်ပေါ်ကို အရိပ်တစ်ခု ထိုးလာသဖြင့် ကျွန်တော် မော့ကြည့်လိုက်၏။

'ကာနယ်ကေရီပါလားရှင်'

မိန်းမချောကလေးတစ်ယောက် ထွက်လာပြီး ကျွန်တော့်ကို မေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်၏။

'ကြွပါရှင် မစ္စတာကောဝင်း စောင့်နေပါတယ်၊ ကျွန်မနောက် လိုက်ခဲ့ပါ'

ကျွန်တော် မတ်တတ် ထရပ်လိုက်သည်။ ကောင်မလေးက လှုပ်လီလှုပ်လဲ့ဖြင့် ကျွန်တော့်ရှေ့မှ လျှောက်သွားသည်။ ကြည့်လို့ကောင်းလှ၏။ သည်နေ့ တစ်နေ့လုံး မျက်စိပသာဒ ဖြစ်စရာဆိုလို့ ဒီတစ်ခါပဲ တွေ့သေးသည်။

သူ ဖွင့်ပေးသည့် တခါးကို ဖြတ်၀င်ရင်း ကျေးဇူးတင်ကြောင်း ကျွန်တော် ပြောခဲ့၏။

ဆမ်၏ ရုံးခန်းမှာ ခမ်းနားထည်ဝါလှ၏။ ပြင်သစ်ပန်းချီ ဟင်နရီမာတီစ်၏ တောက်တောက်ပပ ကားနှစ်ကားနှင့် ပီကာဆို၏ ကားတစ်ကား ချိတ်ထား၏။ ပီကာဆို၏ ကားမှာ စောက်ထိုးချိတ်ထားသလား မသိ။

နိုရာ၏ 'ပိုက်ကွန်ထဲမှ အမျိုးသမီး' ကြေးသွန်းရုပ်တုတစ်ခုကိုလည်း တွေ့ရ၏။ ဗာလီယိုဖီယံဆု ဆွတ်ခူးခဲ့သည့် ရုပ်တု။ ရုပ်တုကို ထောင့်တစ်ထောင့်တွင် သီးသန့်ပြထားပြီး မီးမောင်းထိုးပေးထားသည်။

ဆမ်က လက်ဆန့်လျှောက်လာပြီး ၀မ်းသာအားရနှင့် နှုတ်ဆက်သည်။

'လုခ်၊ ပြန်တွေ့ရတာ ၀မ်းသာသဗျာ'



ကျွန်တော်က သူ့လက်ကို ထင်းတင်းဆုပ်ရင်း-

'နေကောင်းတယ်နော် ဆမ်'

'ကောင်းပါတယ်၊ ဘာမှ မပြောင်းလဲပါဘူး လုခ်၊ ဆံပင်လေး နည်းနည်း ကျွတ်တာ ကလွဲလို့ပေါ့လေ။ ကိုရင့် ကြည့်ရတာ ကျန်းမာပုံပဲ'

'ဟုတ်ကဲ့၊ ဇနီးကောင်းတစ်ယောက်ကို ရထားတော့ စိတ်ချမ်းသာ လက်ချမ်းသာ ဖြစ်နေတယ် ဆိုပါတော့ဗျာ'

'၀မ်းသာပါတယ် တိုယ့်လူရာ ထိုင်'

ကျွန်တော်တို့ နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

'ဒန်နီ့အကြောင်းကြားရတာ စိတ်မကောင်းလိုက်တာဗျာ'

သူ တကယ် စိတ်မကောင်းဖြစ်နေကြောင်း ကျွန်တော် ယုံကြည်ပါသည်။ သို့သော် ဘာမှ မပြောဘဲ နေလိုက်၏။

'သိပ်ချစ်ဖို့ကောင်းတဲ့ ကလေးပါဗျာ။ ကျွန်တော် ဒန်နီ့ကို သိပ်ချစ်တယ် လုခ်၊ အင်းလေ ဒီလိုဖြစ်တာ ဆန်းတော့ မဆန်းဘူး'

'ဘယ်လိုကြောင့်လဲဗျ ဆမ်'

'နိုရာ့ကြောင့်ပေါ့'

'တိုနီရီကို ကို ခင်ဗျား သိသလား ဆမ်'

သူ ပြုံးသည်။ သူ ပြုံးပုံက မဲ့ပြုံး၊ နာကြည်းပြုံး။

'သိပ်သိတာပေါ့၊ ကိုယ်ပဲ သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးတာလေ'

'ဘယ်လိုဖြစ်ကြတာလဲ ဆမ်'

ဆမ် ရယ်သည်။

'ဒီနေ့ ချာတိတ်တွေကို မြင်တယ် မဟုတ်လား'

'နှုတ်ခမ်းမွေး မျှင်မျှင်၊ မုတ်ဆိတ်မွေး ချွန်ချွန်နဲ့ မဟုတ်လား'

ဆမ်က ခေါင်းညိတ်သည်။

'ခင်ဗျား ညှော်ကြိုကောင်လေးတွေမျိုးပေါ့ . . ဟုတ်လား'

ဆမ်က ရယ်ပြန်သည်။

'စကားစီရဲ့ အစီအစဉ်လေ၊ ဒီခေတ်မှာ ပန်းချီပန်းပုဝယ်တာ မိန်းမတွေချည်းပဲဗျ၊ သိပ်အလုပ်ဖြစ်တာပေါ့'

'ရီကိုနဲ့ ဘယ်လိုဆိုင်တာလဲ လုပ်ပါဦး'

'လွန်ခဲ့တဲ့ ငါးနှစ်က ကျွန်တော်တို့ ဒီဆိုင်ဖွင့်တော့ တိုနီရီကိုက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့၊ သူက အရောင်းအ၀ယ်လည်း တတ်တယ်လေ။ သူ့ကောင်တာမှာ မိန်းမတွေ ဝိုင်းဝိုင်းလည်နေတာ ချည်းပဲ'

'ဟုတ်လား'

'အဲဒီအထဲမှာ နိုရာလည်း ပါတာပေါ့ဗျာ၊ ဒီကောင်က ဘဲလေးကချေသည်တစ်ယောက်လို သွက်လက်မြူးကြွနေတာကလား၊ နိုရာ မျက်စိကျရောပေါ့'

'စားပွဲပေါ်မှ စီးကရက်သေတ္တာတလေးကို ကျွန်တော့်ရှေ့ တွန်းပေးရင်း-

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ပြောရရင် ကိုရင် သိရောပေါ့လေ။ နီရာဟာ သူ လိုချင်ပြီဆိုရင် မရ ရအောင် ယူတာချည်းပဲ မဟုတ်လား'

ဆမ်က ကျွန်တော့်ကို ရှိုးသားပွင့်လင်းစွာ ကြည့်ပြီး စကားဆက်သည်။

'ဒီတစ်ခါတော့ သူ ယူတာ များလွန်းသွားတာပေါ့ဗျာ'

ကျွန်တော်က စီးကရက်တစ်လိပ် နှိုက်ယူရင်း-

'ဒီနေ့အဖို့ ခုမှ စိတ်ဝင်စားစရာ ကြားရတယ်၊ ဆိုစမ်းပါဦး ဆမ်'

'နှစ်ယောက်တော့ လိုက်လည်း လိုက်ပါ့ဗျာ၊ ဟိုတောင်ကလည်း၊ နီရာ့လိုပဲ ဘာမှ အလွတ်မပေးဘူး၊ ကိုယ့်ဆီမှာ သူ လုပ်နေတုန်းကတည်းက နှစ်ခါ သုံးခါ ချောက်ကျမယ် ဖြစ်တယ်၊ နီရာက ဝင်ဝင်တယ်တယ်လေ'

'ဒါဆို ခင်ဗျား ဘာလို့ ဆက်ခန့်ထားသလဲ'

'သူက တော်တာကိုး။ ကိုယ့်ဆီမှာ အကောင်းဆုံးအရောင်းသမားလေ၊ ပြီးတော့ လုပ်ငန်းပိုင်းမှာ သိပ်ကျွမ်းတယ်'

'သူ့ကို ခင်ဗျား ဘယ်လိုလုပ်ပြီး တွေ့တာလဲ ဆမ်'

'ကိုရင်က သူ့အကြောင်း ဘာလို့ သိချင်နေတာလဲ'

'သူ့အကြောင်းကို သိချင်လို့ပါ။ ဘယ်သူမှ သိပ်သိပုံမပေါ်ဘူး၊ ပြည့်ပြည့်စုံစုံ သိထားရင် ဒီကောင် ဘယ်လိုလူစားလဲဆိုတာ တရားရုံးကို သိအောင် လုပ်ပေးရတာပေါ့'

သူက ခပ်လေးလေး ခေါင်းညိတ်ပြီး-

'အင်း . . ဟုတ်ပြီ။ ဒါဆို အမှုပေါ့နိုင်တာပေါ့'

'အဲဒါကြောင့်ပါ။ ကဲ . . သူ့အကြောင်းဆက်ပါဦး ဆမ်'

'သူ့မှာ ရင်းနှီးတဲ့ အပေါင်းအသင်းတွေရှိလား'

သူ ခဏ တွေစဉ်းစားသည်။ ပြီးမှ ဖုန်းကောက်ကိုင်ပြီး-

'တိုနီရိုကိုရဲ့ ကိုယ်ရေးရာဇဝင်ဖိုင်တွဲ ယူခဲ့စမ်းပါ'

မိနစ်အနည်းငယ်အတွင်း အတွင်းရေးမှူးမလေး ဝင်လာပြီး ဖိုင်တွဲကို စားပွဲပေါ် တင်ပေးသည်။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ထွက်သွားသည်။ ကောင်မလေး ထွက်သွားတော့ ဆမ် လိုက်ကြည့်နေသည်ကို ကျွန်တော် သတိထားလိုက်မိ၏။

'တော်တော် ကျန်းမာပုံရတဲ့ ကလေးမလေးပဲ၊ ခင်ဗျား သူ့ကို မျက်စိကျနေတယ်ဆိုရင် ကျွန်တော်ကတော့ မအံ့ဩဘူး'

ဆမ်က ရယ်ပြီး ဖိုင်တွဲကို ဖွင့်သည်။

'ကျွန်တော့်ဆီ မရောက်ခင် ဒီကောင် အာလင်းဂိုက်လေဆီမှာ လုပ်သေးတယ်'

'အာလင်းနဲ့ ခင်ဗျားတို့ တွဲလုပ်နေသေးလား'

'လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆုံးသွားတယ်၊ လေယာဉ်ပျံပျက်ကျလို့လေ'

'ဟုတ်လား၊ ရိုကို့မှာ သူငယ်ချင်းတွေ မရှိဘူးလား'

'ကိုယ်တော့ မမှတ်မိဘူး၊ ဒီကောင်က မိန်းမတွေကိုပဲ စိတ်ဝင်စားတာပါ။ ယောကျ်ားလေး မိတ်ဆွေ ရှိတယ်လို့ တစ်ခါမှ ပြောသံမကြားမိဘူး'

'သူ့ မိသားစုကရော'



'ဆန်ဖရန်စစ္စကိုမှာပဲ ရှိတယ်လေ၊ သူ့အဖေက ဆိပ်ကမ်းမှာ ငါးရှဲဆိုင်၊ သူတို့ ညီအစ်ကိုတွေ ပိုင်တဲ့ မော်တော်ဘုတ်တစ်စင်း ရှိတယ် ထင်တယ်'

'သူတို့ လိပ်စာတွေ ရှိပါ့မလား'

စာရွက်တစ်ရွက်ပေါ်တွင် ဆမ်က လိပ်စာရေးပေးလိုက်၏။ ကျွန်တော် လှမ်းယူလိုက်သည်။

'နေပါဦး စဉ်းစားလိုက်ပါဦးမယ် ဘာများ ပြောစရာရှိသေးလဲလို့'

'သိချင်တာတော့ ရှိသေးတယ်၊ ဒါပေမဲ့ ခင်ဗျား ပြောချင်မှ ပြောပါ ဆမ်'

'ဘာများလဲ လုခ်'

'နီရာနဲ့ ရိုကိုအကြောင်းပါ။ အဘွားကြီး ပြောတော့ ခင်ဗျားလည်း လက်လျှော့လိုက်ရတယ်ဆို၊ ဘယ်လို ဖြစ်ကြတာလဲ၊ ဆမ်'

သူ ခဏ ချီတုံချတုံဖြစ်နေသည်။ ပြီးမှ-

'ဘာတွေ ဖြစ်နေတယ် ဆိုတာတော့ ကိုယ် သိနေတာ ကြာပါပြီ မာတ်ပုံ အထောက်အထားတွေနဲ့ လက်ပူးလက်ကျပ်မိမှ ကိုယ် စလှုပ်ရှားတာပါ။ ပထမတော့ ပွက်လောရိုက်သွားတာပေါ့၊ နောက်မှ သူ ဝန်ခံတယ်လေ'

'ပုံတွေ ခင်ဗျားမှာ ရှိသေးလား ဆမ်'

သူ ခေါင်းယမ်းသည်။

'ကိစ္စအားလုံးပြီးတော့ သူ့ကိုပဲ ပေးလိုက်ပါတယ်၊ ကြည့်လည်း မကြည့်ချင်တော့ဘူးလေ၊ ခုလိုပဲ သတိရစရာတွေ ထင်ကျန်နေခဲ့တာ မနည်းဘူး'

ကျွန်တော် ဘာမှ ပြန်မပြောမိ။ သူက ကျွန်တော့်ကို ကြည့်ပြီး . .

'ကိုယ်တို့ လမ်းခွဲကြပုံက ရှင်းပါတယ်၊ သူ့ပစ္စည်းတွေကို လက်ဖျားနဲ့တောင် မတို့ဘူး။ သူနဲ့ ကိုယ်နဲ့ ပေါင်းပြီး ရှာထားတဲ့ဟာလောက်ပဲ ခွဲယူလိုက်ကြတာလေ၊ ကိုရင် ဘယ်လို ထင်သလဲ'

'ကျွန်တော် ဘာတတ်နိုင်မှာလဲဗျာ'

'တိုရင့်အနေနဲ့ တစ်ခုခု လုပ်ဦးမယ် ထင်နေတာ၊ မှတ်မိနေသေးတယ်၊ ဒန်နီ့ဆီကို ထပ်ပေါ်မလာတော့ ကလေးမလေး သနားပါတယ်ဗျာ၊ မျက်စိသူငယ်နဲ့ ကိုရင် ဘာလို့အဆက်ဖြတ်လိုက်တာလဲ'

'ကျွန်တော် ဘယ်ဖြတ်ချင်မလဲဗျာ။ နီရာက အဲဒီအတိုင်း စီစဉ်တာလေ'

သူက တအံ့တဩအသံဖြင့်-

'အဲဒါ ကိုယ်မသိဘူး လုခ်၊ နီရာ ပြောတော့ တစ်မျိုးပါလား ကိုရင့်ဘာသာ မလာတာတဲ့'

ကျွန်တော် သူ့ကို စိုက်ကြည့်နေလိုက်သည်။

'နီရာပဲဗျာ သူများ မှတ်လို့'

'ကိုယ့်ကိုယ်ကိုယ် အားလုံး သိတယ် ထင်တာပဲ လုခ်၊ ဒါပေမဲ့ . . .'

စီးကရက်တိုကို ထိုးချေပြီး နောက်တစ်လိပ်ညှိသည်။

'ကိုယ်အမြဲ သတိရနေတာ တစ်ခုရှိတယ် လုခ်'

'ဘာလဲ ဆမ်'

www.burmeseclassic.com

www.burmeseclassic.com



'လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဖြစ်တာ၊ ဒန်နီ (၁၀) နှစ်ပြည့်တော့မယ့် ဆဲဆဲပေါ့၊ ကလေးမွေးနေ့ပွဲ လုပ်ချင်တယ်လို့ သူ့အမေကို ပူဆာတယ်တဲ့၊ နီရာက ဒေါသူပုန်ထပြီး ကလေးကို ဘာပြောတယ်မှတ်လဲ၊ အသက်ကို ဘယ်သူမှ လျှောက်မပြောရဘူးတဲ့၊ အမေ သိကြွက်တယ်တဲ့၊ ဒန်နီ ဘယ်နားလည်မလဲဗျာ၊ သူ့ အမေကို မော့ကြည့်ပြီး 'မေမေ . . . သမီး မကြီးရဘူးလား' တဲ့၊ ကိုယ် စောင့်ကြည့်နေမှန်း သူ သိတော့ နီရာ ချာခနဲ လှည့်ထွက်သွားတယ်၊ အဲဒီတုန်းက ဒန်နီ့ မျက်နှာကလေးကို မြင်ယောင်နေသေးတယ်။ မျက်လုံးကလေး ကလယ်ကလယ်နဲ့ ရပ်ပြီး ကျန်ရစ်ရှာတယ်'

ဆမ့်က စီးကရက်ကို ရှိုက်ပြီး-

'သေချာတာကတော့ ဒန်နီ ကြီးလာ လှလာမှာကို နီရာ ကြောက်နေတယ်၊ ကိုယ်လည်း ဘာမှမတတ်နိုင်ဘူး၊ အဖေ မဟုတ်တဲ့အတွက် ဒန်နီနဲ့ပတ်သက်ပြီး ကိုယ့်မှာ ပြောပိုင်ခွင့် ဘာမှ မရှိဘူးလို့ နီရာက ဖြောင့်ဖြောင့်ပြောထားတယ်လေ'

သူ စားပွဲကို ငုံ့ကြည့်နေသည်။ ပြီးမှ မော့လာပြီး-

'သူ့အကြောင်း ချေးခါးအူမ မကျန်သိရက်နဲ့ ဘာကြောင့် ကိုယ် လက်ထပ်သလဲ ဆိုတာ ကိုရင် အံ့ဩနေတယ် မဟုတ်လား'

'ဟုတ်တယ် ဆမ်'

'ပြောရင် ကိုရင် နားလည်ပါ့မလား မသိဘူး'

'သူ ခပ်အေးအေး စကားစသည်။

ကိုယ်က မြို့နယ် သတင်းစာ တစ်စောင်က အညတရ ဝေဖန်ရေးသားတစ်ယောက်ပဲ လုနီ၊ ဘာပြောပြော ဆန်ဖရန်စစ္စကိုဟာ မြို့ငယ်ကလေးပါပဲ။ သိပ်ကြီးမားတဲ့ အခွင့်အရေးကို ရှာတွေ့ခဲ့တယ်။ တစ်သက်မှာ ကံကောင်းရင် တစ်ခါသာ ကြုံနိုင်တဲ့ အခွင့်အရေးမျိုး၊ ကံကောင်းမှနော်၊ တခြား မဟုတ်ဘူး။ အဲဒါ နီရာဟေဇင်နဲ့ ကိုယ် ရင်းနှီးခွင့်ရတဲ့ အခွင့်အရေးပဲ၊ နီရာဟာ ဘယ်လို မိန်းမစားပဲဖြစ်ဖြစ် သူ့အလုပ်မှာ အဟုတ်တော်တဲ့ ပါရမီရှင်ဆိုတာကို အစောကြီး သိခဲ့တယ်။ ထိတ်ထိတ်ကြ ဖြစ်လာမယ်ဆိုတာ ကိုယ် အစောကြီး သိနေတယ်လုနီ။

'သူ ထုလုပ်သမျှ လက်ရာတွေဟာ အနုပညာသစ္စာ အပြည့်ရှိတယ်၊ သူ့ဘဝနဲ့ တခြားစီပဲ၊ အနုပညာပစ္စည်းတစ်ခုကို သူဖန်ဆင်းတဲ့အခါ သူ့ကိုယ်ထဲမှာ ဘာမှ မကျန်အောင် ထိတ်သွန်ဖာမှောက် ညှစ်ထုတ်ပြီး လုပ်တတ်တယ်၊ အဲဒီအခါမျိုးမှာ ပတ်ဝန်းကျင်က လူတွေကိုလည်း သူ လူလို့ မထင်တော့ဘူး။

'သူ ဘာလဲဆိုတာ ကိုယ်သိတယ် လုနီ၊ ဒါပေမဲ့ ပြုပြင်လို့ရမယ် ထင်ခဲ့တယ်၊ သိပ်ပြီးတော့ သစ္စာတရားနဲ့ယှဉ်တဲ့ သူ့လက်ရာတွေကို ကြည့်ပြီး သူ့ကို ပြုပြင်လို့ရမယ် ထင်ခဲ့တယ်၊ ဒါပေမဲ့ ကိုယ် လုံးဝမှားခဲ့တယ် လုနီ၊ သိပ်ကို မှားခဲ့တယ်။

'ကိုယ် မစဉ်းစားမိတာ တစ်ခုက သူဟာ သူ့အလုပ်က လွဲပြီး ဘယ်အပေါ်မှာမှ သစ္စာမရှိဘူးဆိုတာပဲ၊ တခြား ဘာမှ သူ ဂရုမစိုက်ဘူး၊ သူ့ကို ကိုယ်လက်ထပ်ဖြစ်တဲ့ တခြားအကြောင်းတစ်ခု ရှိသေးတယ်'

'ဘာများလဲ ဆမ်'

သူ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ပြီးတော့ ခပ်ရှိုးရှိုးပြောသည်။

'သူ့ကို ကိုယ်ချစ်တယ် လုနီ'



ဆမ် နာနာကြည်းကြည်း ပြုံးသည်။

'ဒါပေမဲ့ ကိုယ့်မှာ အချစ်နဲ့ပတ်သက်ပြီး ခြေရာလည်းပျောက် ရေလည်း နောက်ခဲ့ရတယ်၊ ကိုယ့်အချစ်တွေ ဘယ်ရောက်သွားကြပြီလဲ၊ မေတ္တာဆိုတာ ဘယ်မှာလဲ လုနီ၊ ကိုယ့်မှာ ဖြစ်ရာဆိုလို့ သူ့ပန်းချီကားတချို့နဲ့ ပန်းပုရုပ် နှစ်ခုက လွဲလို့ ဘာမှ မရှိဘူး၊ ကိုယ့်လူက ဖြစ်ရာ ကျန်ခဲ့ပါသေးတယ်လေ'

သူ ဘာဆိုလိုသည်ကို ကျွန်တော် နားလည်လိုက်ပါ၏။ မတ်တတ်ထရပ်လိုက်သည်။

'ခုလို ကျွန်တော့်ကို ဆက်ဆံဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆမ်'

သူပါ ထရပ်သည်။

'ကိုယ်လည်း ဒန်နီ့ဆီကို ပစ္စည်းလေး ဘာလေးပို့ပေးချင်ပါတယ် လုနီ၊ ဖြစ်ပါတယ်နော်'

'ဖြစ်ပါတယ် ဆမ်၊ ဒန်နီ ဝမ်းသာမှာပါ'

သူက လက်ဆန့်ပေးရင်း-

'ကိုယ် သတိရနေတဲ့အကြောင်း ကလေးကို ပြောပြပေးပါ လုနီ'

'စိတ်ချ၊ ကျွန်တော် ပြောပေးမယ်၊ ကျေးဇူးပဲ ဆမ်'

စာတိုက်လမ်းတစ်လျှောက် ဈေးဝယ်သူတွေနှင့် စည်ကားနေသည်။ ခပ်မှောင်မှောင် ပြတိုက်ထဲက ထွက်လာရသဖြင့် နေရောင်ခြည် ပို၍ စူးရှနေသလို ထင်ရ၏။ ချက်ချင်း ချွေးတွေ ရွဲလာသည်ဟု ထင်လိုက်သည်။ အေးအေးမြမြ ရှိမည့် ဘီယာဆိုင်တစ်ဆိုင်ထဲ ဝင်ခဲ့သည်။

ဘီယာတစ်လုံး မှာလိုက်သည်။ ကမ္ဘာလှည့်ခရီးသည် နှစ်ယောက် ဝင်လာသည်။ သူတို့လည်း ကျွန်တော့်နည်းတူ ဘီယာမှာသည်။ တစ်ယောက်က ညည်းတွားသည်။

'ပူလိုက်တာကွာ၊ သေရချည်ရဲ့'

ခေါင်းပေါင်းဖြူနှင့် ဘီယာခွက်ကို နောက်တစ်ယောက်က ကောက်ယူပြီး နှုတ်ခမ်းတွင် တေ့ရင်း-

'အစစ်ပဲကွာ၊ ဒါပေမဲ့ ပင်လယ်ထဲက ကျောက်ဆောင်တွေပေါ်မှာ အလုပ်လုပ်နေတဲ့ကောင်တွေအတွက်လည်း ထည့်စဉ်းစားပါဦး။ သူတို့ခမျာ ဒီလိုနေ့မျိုးမှာ ဘီယာအေးအေးကလေး ဘယ်လောက် သောက်ချင်ရှာလိုက်ကြမလဲ'

သူတို့နှစ်ယောက်ကို ကျွန်တော် တစ်ချက် ငဲ့ကြည့်လိုက်သည်။ သူတို့ပြောနေသည့် ပင်လယ်ထဲက ကျောက်ဆောင်အကြောင်း စဉ်းစားကြည့်နေမိ၏၊ တစ်ကျွန်းစံတို့၏ 'အယ်လ်ကာထရပ်စ်'ထောင်ကို သူတို့ ရည်ညွှန်း ပြောဆိုနေကြခြင်း ဖြစ်၏။

ရေပတ်လည် ဝန်းရံမထားသည်မှလွဲ၍ နာမည်ကျော်အယ်လ်ကာထရပ်စ် အကျဉ်းထောင်နှင့် အတူတူ ဖြစ်သော နေရာတစ်နေရာတွင် ကျွန်တော့်သမီးကလေး ရောက်နေရခြင်း ပါကလား။ လူလားမမြောက်သေးသည့် ကလေးသာသာ သမီးကလေး။

သည်လောက် ပူသည့် နေ့လယ်ခင်းမှာ သမီးကလေး ဘယ်လိုများ အေးရိပ်ရှာနေပါ့မလဲ။ မစ္စစပိုက်စာက သူ့ဘဝထဲကို ဘယ်လောက်များ တိုးဝင်လေ့လာနေပြီလဲ။ ကျွန်တော် မသိသည့် အကြောင်းအရာတွေ၊ မသိနိုင်သည့် ကိစ္စတွေ ဘယ်လောက်များ ရှိနေပါလိမ့်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

မာရီယံစပိုက်စာက ဖိနပ်ကို မြင်လိုက်ရုံဖြင့် မော့မကြည့်ဘဲ သူမှန်း သိလိုက်၏။ ဖိနပ်တိုက်ထား ပုံမှာ မှန်ကြည့်၍ပင် ရလောက်သည်။ စားပွဲပေါ် ဖြန့်ချထားသည့် မှတ်စုစာရွက်များတွင် အာရုံစိုက်နေရာမှ မျက်လွှာကို ပင့်ကြည့်လိုက်သည်။

'မင်းကိုယ်မင်း ရှားဝုဒ်သစ်တောထဲက သူရဲကောင်း ရော်ဘင်ဟုမှား အောက်မေ့နေ သလား မာရီယံ'

မာရီယံ ရယ်ပြီး-

'ထိုင်လေ ရက်ဒ်၊ စာရွက်တွေပေါ် တော့ ကော်ဖီမဖိတ်ကျစေနဲ့နော်၊ ရက်ဒ်ပြောတာ တွေ နော်တင်ဂန်က လူတွေတောင် နားလည်ရဲ့လား'

သူက မထိုင်သေးဘဲ၊ ပြုံးကြည့်နေ၏။ မျက်လုံးပြာများကို မှေးစင်းလျက်။ ဆံပင်တွေ က ထုံးစံအတိုင်း ကပိုကရို။ ကော်ဖီနှစ်ခွက်ကို လက်တစ်ဖက်စီတွင် ကိုင်ပြီး-

'ရော့ ထပ်သောက်ဦးမယ် မဟုတ်လား' ဟု ပြောရင်း တစ်ခွက်ကို မာရီယံရှေ့သို့ ချပေးသည်။

'ကျေးဇူးပဲ ရက်ဒ်'

ကော်ဖီခန်းထဲကို သူ ငဲ့ကြည့်သည်။ လူရှင်းနေ၏။

စားပွဲတစ်လုံးတွင် အခြားအမှုထိန်းအရာရှိတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက် စကားပြောနေကြ၏။ သားအမိ ဖြစ်ဟန်တူသည်။ ကလေးမလေးက ဆယ့်ငါးနှစ်အရွယ် ဗိုက် ကလေးနှင့်။



မအေလုပ်သူက ကရားရေလွှတ် သူချည်း ပြောနေ၏။ အမှုထိန်းအရာရှိ ဖြစ်သူက စိတ်ရှည်လက်ရှည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ သည်အမျိုးသမီးကြီး ဘာတွေ ပြောနေမည်ကို မာရီယံ ခန့်မှန်းနိုင်လေသည်။ သည်ဇာတ်လမ်းတွေ ကြားရဖန်များလို့ နားလျှို နေပြီ မဟုတ်လား။

'ကျွန်မ လုံးဝမထင်ဘူး၊ ကြည့်ပါဦးရှင် ကျွန်မ သမီးကလေး၊ ခုခေတ် ကောင်လေး တွေဟာ သိမ်ကို . . .' စသည် စသည်။

ကလေးတွေ ဒုက္ခဖြစ်သည်ဆိုမှ မိဘတွေ မျက်ကလူးဆန်ပျာ ဖြစ်ကြသည်ချည်း။ တယ်တော့မှ ကြိုတင်ကာကွယ်ဖို့ သတိမရကြ။ အပြစ်တင်မည် မကြံလေနှင့်။ ကိုယ့်သားသမီး ကိုယ် ပြန်မကြည့်နိုင်လောက်အောင် အလုပ်များကြောင်း ညည်းပြကြလိမ့်မည်။ ဟုတ်သည် လည်း ရှိမည်။ မဟုတ်သည်လည်း ရှိမည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ ကလေးသူငယ် တရားရုံးတွင် လာပြီး ဇာတ်လမ်းဆုံးကြသည်ချည်း ဖြစ်သည်။

မှတ်စု စာရွက်တွေကို သေသေချာချာ ပြန်စုပြီး-

'တစ်နေ့လုံး ဘယ်ပျောက်နေတာလဲ'

ရက်ဒ်က ကော်ဖီကို တဂွတ်ဂွတ်သောက်နေရင်း-

'ဘယ်ရောက်နေတယ် ထင်လဲ၊ ဟိုချာတိတ်ကိစ္စ လိုက်နေတယ် ထင်လို့လား'

သူ့ရှည်သွယ်နွမ်းချက်ကို မာရီယံ တန်းသိလိုက်၏။ ဆယ့်ခြောက်နှစ်သားကလေး တစ်ယောက်။ ဆိုးပေနေ၍ မိဘတွေက လူတစ်လုံး သူတစ်လုံး ဖြစ်အောင် စစ်ကျောင်းသို့ ပို့လိုက်၏။ လေးရက် ကြာတော့ ချာတိတ် ကျောင်းမှ ပျောက်သွားတော့သည်။ မာရီယံ မေးလိုက်သည်။

'တွေ့ပြီလား'

'တွေ့တာပေ့ါ၊ ကိုယ်တို့ ထင်တဲ့ နေရာမှာပဲ သွားတွေ့တယ်၊ ကမ်းခြေဟိုတယ်တစ်ခုမှာ လေ။ လူကြီးလူကောင်းတွေ သောက်တဲ့ အရက်ခန်းထဲမှာဗျား'

'အဲဒါ လေးရက်တောင် ရှာယူရသလား'

'အမယ်လေး၊ မြောက်ပိုင်းကမ်းခြေမှာ ဟိုတယ်တွေ အရက်ဘားတွေ ဘယ်လောက် များတယ်လို့ အမိ ထင်လဲ၊ တစ်သိန်းလောက် ရှိမလားဘဲ'

မာရီယံ ပြုံးနေလိုက်သည်။ သည်တော့မှ ရက်ဒ်က ကုလားထိုင် နောက်ကျောကို စိတ်အေးလက်အေး မှီလိုက်သည်။

'ချာတိတ်ကို ပြန်တွေ့တော့ ကျောင်းဝတ်စုံ ဝတ်ထားဆဲဗျား၊ လေးရက်လုံးလုံး ဒီ ဖဝတ်နဲ့ လျှောက်လိမ့်နေပုံပဲ၊ ကိုယ့်ကို မြင်တော့ တအားသောင်းကျန်းတယ်လေ၊ ပတ္တရောင် ကားတစ်စီးကို အကူအညီတောင်းပြီး ခေါ်လာရတယ်'

'ကောင်လေးရဲ့ မိဘတွေကို အကြောင်းကြားလိုက်ပြီလား'

ရက်ဒ် ခေါင်းညိတ်သည်။

'သူတို့ မနက်ဖြန် လာကြလိမ့်မယ်'

သူက ပခုံးတွန့်ပြီး-

'မထူးပါဘူးကွာ၊ ကောင်လေးတွေလည်း ကောင်မလေးတွေလို ဆိုးတာပါပဲ'

'သနားပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



သည့်လို အိမ်ပြေးမှုမျိုးကို သူတို့ စိတ်အဖျက်ဆုံး ဖြစ်၏။ သူတို့ ဘာမှ မတတ်နိုင်ကြ။ ဘယ်လိုမှ မြုပြင်ပြောင်းလဲလို့ ရမည့် ကိစ္စမဟုတ်။ သူတို့ တတ်နိုင်သည်မှာ စိတ်ရောဂါရှာဖွေကုသရေးဌာနသို့ လွှဲပေးရုံသာ ဖြစ်၏။ ဆရာဝန်တွေလည်း စင်စစ် ဘာမှ မလုပ်နိုင်ကြ။

'မင်းက သိပ်အလုပ်များနေတယ်ပေါ့လေ။ ဟေဒင် ကောင်မလေး အမှု ဟုတ်လား'

'ကောင်မလေးနာမည်က ကေရိုပါ'

'သိပါတယ်၊ ဒါပေမဲ့ သတင်းစာတွေအားလုံးက ဟေဒင်အမှုလို့ ရေးနေကြတာပဲ။ အမေ့ အရှိန်ပေါ့လေ။ နီရာဟေဒင်က ဒီမြို့မှာ ထိတ်ထိတ်ကြ မဟုတ်လား'

ကော်ဖီကို နံဘေးလူ ကြားအောင် သောက်ချပြန်သည်။

'ချာတိတ်မကလေးက ဘယ်လိုလဲ'

မာရီယံစပိုက်စာက သူ့ကို လေးနက်သည့် မျက်လုံးများဖြင့် ကြည့်သည်။

'မာရီယံ ခုထိ သေသေချာချာ မသိသေးဘူး ရက်ဒ်၊ ဘယ်လို ကောက်ချက်ဆွဲရမှန်းကို မသိဘူး။ တွေ့ဖူးသမျှ ကလေးတွေနဲ့လုံးဝမတူဘူး'

ရက်ဒ်က မျက်ခုံးချီပြီး

'ဟင် မင်းတောင် ဦးနှောက်ခြောက်နေတယ်ဆိုတော့ မလွယ်ပါဘူး။ ဒါတွေက သူ့ဟာတွေလား'

'ရက်ဒ်က စာရွက်စာတမ်းတွေ ကြည့်ပြီး မေးသည်။ မာရီယံ ခေါင်းညိတ်လိုက်၏။

'ပြစမ်းပါဦး'

'အပေါ်ဆုံးမျက်နှာမှ သူ စ ဖတ်သည်။ မာရီယံစပိုက်စာ စောင့်ကြည့်နေ၏။ စိတ်ရောဂါကု ဆရာဝန်၏ တွေ့ရှိချက်။ မိန်းကလေးတိုင်းကို အဆောင်မပို့မီ စိတ်ရောဂါရှာဖွေရေး ဆရာဝန်ကြီးများဆီ ဦးစွာပို့ရသည်။ ဗန်နီကို လွှန်ခဲ့သည့် စနေနေ့တွင် စစ်ဆေးသည်။ ရုံးပိတ်ရက်နှင့် ဆက်နေသဖြင့် ဆေးစာကို တနင်္လာနေ့တွင်မှ ရသည်။

မာရီယံ အပြန်အလှန် ဖတ်ပြီးပြီ။ တစ်စုံတစ်ရာ လစ်ဟာနေကြောင်း သိနေ၏။ သို့သော် ဘယ်နေရာတွင် ဘာလိုနေမှန်း စဉ်းစားလို့ မရ။ ရက်ဒ်များ အဖြေတွေ့မလားဟဲ။ သူက ဝါရင့် အမှုထိန်းအရာရှိလေ။

ဆေးစာရွက်တွေကို ဖတ်ပြီး ရက်ဒ် စိတ်ပျက်လက်ပျက် အမူအရာဖြင့်-

'ဒီကလေး ရူးမသွားတာ တော်သေးတာပေါ့'

သူ ဘာဆိုလိုသည်ကို မာရီယံနားလည်လိုက်သည်။ ဆေးစာတွင် ဗန်နီသည် အရွယ်နှင့် မလိုက်အောင် သောင်းကျန်းထားကြောင်းတွေ အသေးစိတ်ရေးထားသည် မဟုတ်လား။

'ဆန်ဖရန်စစ္စကိုမှာ ဒီအရွယ်ကလေးတွေ အပျိုစစ်ကြသေးရဲ့လားမသိပါဘူး'

မာရီယံ စိတ်ပျက်လက်ပျက် ညည်းသည်။ ရက်ဒ်က မာရီယံကို ကြည့်ပြီး ပြုံးသည်။

'မင်းကတော့ ဆယ့်လေးနှစ်သမီးတုန်းက အပျိုစစ်ပါတယ်နော်'

'သွားစမ်းပါ။ အရေးထဲမှာ နောက်မနေစမ်းပါနဲ့။ မိုင်းကောင်းကျောက်ဖိကလေးတွေလည်း အကြောင်းကြောင်းကြောင့် ဒီကို ရောက်ချင်ရောက်လာတာပဲ'

'သူ သတ်လိုက်တဲ့ ကောင်က ဘယ်သူလဲ'

မာရီယံ ရက်ဒ်ကို စိုက်ကြည့်နေပြီး-



'အဲဒီကိစ္စကို ကောင်မလေး လုံးဝ ရေငုံ နှုတ်ပိတ်နေတယ် ရက်ဒ်၊ ဘယ်လိုမှ မေးမရဘူး၊ ဘယ်သူမှ မေးမရဘူး၊ တဲ . . ဒါတွေ ဖတ်ပြီး လေ့လာပေးစမ်းပါဦး'

စာရွက်တစ်ရွက် ဖတ်ပြီး အလယ်လောက် အရောက်တွင် သူ့မျက်ခုံးတွေ ပင့်တက်သွားကြသည်။ ဘာကြောင့်ဆိုသည်ကို မာရီယံ သိနေပြန်၏။ ရက်ဒ်က-

'ဟေး ချာတိတ်မက ဉာဏ်ရည်အဆင့် ၁၅၂ တောင် ရှိတာပဲ'

'ဟုတ်တယ် ရက်ဒ်၊ သိပ်အသိဉာဏ် အဆင့်မြင့်တဲ့ ကောင်မလေးပဲ၊ အဲဒါကြောင့် ပိုခက်တာပေါ့၊ ဆက်ဖတ်ပါဦး'

ရက်ဒ် ဆက်ဖတ်သည်။ နောက်ပိုင်း စာမျက်နှာတွေကို ခပ်သွက်သွက် ဖတ်လိုက်ပြီး၊ စာရွက်ထပ်ကို စားပွဲပေါ် တင်လိုက်၏။

'ကောင်မလေးက တို့ကို ပညာစမ်းနေတာလား။ ဘာပြုလို့ အမှန်ကို မထွက်သလဲ'

'အဲဒါ ပြဿနာလေ၊ ဆရာဝန်ကို သူပြောတာ သတိထားမိလား၊ သူ မှားပါတယ်တဲ့။ မလုပ်သင့် မလုပ်အပ်တာကို လုပ်မိပါတယ်တဲ့။ အဲဒီလောက်အထိ ဆွေးနွေးလို့ရတယ်။ ဒါပေမဲ့ အသေးစိတ် ဆက်မေးတဲ့ အခါ ဘာမှ မပြောတော့ဘူး။ သူလုပ်ခဲ့တဲ့ ပြစ်မှုနဲ့ သူ့ပုဂ္ဂိုလ်ရေး ဘဝ တစ်ကဏ္ဍ ဘာမှ မဆိုင်ဘူးလို့ သူ ထင်နေပုံရတယ်။ သူ ရောက်ရောက်ချင်း မတွေ့လိုက်ရတာ နာတာပဲ။ ရောက်ခါစက တော်တော်လေး စိတ်လှုပ်ရှားနေတယ် ကြားတယ်၊ ခုတော့ တော်တော်လေး အသားကျသွားပြီ'

'သူ ဒီလို ရေငုံနှုတ်ပိတ်နေတာ တစ်ယောက်ယောက်ရဲ့ ဩဇာကြောင့်လို့ မင်း ထင်သလား'

'အဆောင်ကိုတော့ သူ့အဖေ တစ်ယောက်ပဲ လာတွေ့တာပဲ၊ ဖခင်လုပ်တဲ့ လူကလည်း သူ့သမီးကို ကလေးလို့ပဲ ထင်နေတာ။ ကောင်မလေး ရှစ်နှစ်သမီးမှာ သူတို့ သားအဖ ကွဲသွားကြတာလေ'

'သူ့အဖေက ဘယ်လိုလူမျိုးလဲ'

'ကြည့်ရတာတော့ လူတော်တစ်ယောက်ပါ'

'ဘာလဲ . . စစ်အတွင်းက သူရဲကောင်း မဟုတ်လား'

'ဒါပေမဲ့ သူ့ကြည့်ရတာ သူ့ရဲ့ စစ်အတွင်း သူရဲကောင်းဘဝနဲ့ တခြားစီပဲ၊ သိပ်မပြေလည်ဘူး ထင်ပါတယ်။ အဝတ်အစားလည်း နွမ်းနွမ်းပါးပါးနဲ့။ ဒါပေမဲ့ သမီးကလေးအတွက် ဟိုး ချီကာဂိုကနေတောင် လာရှာတာ၊ မိန်းမကလည်း နေ့စေ့လစေ့ကြီးတဲ့၊ ဘယ်လောက် နောက်ဆံတင်းလိုက်မလဲ၊ သူက အမှန်တရားကို ဖြစ်စေချင်တယ်။ ဒါပေမဲ့ ဘယ်ဟာ မှန်တယ်ဆိုတာ သူကိုယ်တိုင် ဇဝေဇဝါပဲ'

'မစ္စဟေဒင်ကတော့ ဘယ်လိုပုံစံမျိုးလဲ'

'နီရာဟေဒင်က သိပ်လည်တယ်၊ လိုချင်တာကို ရအောင်ယူတတ်တဲ့ ပုံစံမျိုး။ အနုပညာပန်းပုလောကမှာ ထိပ်ဆုံးရောက်နေပေမယ့် အကျင့်ကတော့ တော်တော်ယုတ်ပုံရတယ်။ ဒီလို အမေမျိုးနဲ့ ကြီးပြင်းခဲ့ရတဲ့ ကလေးအတွက် စိတ်မကောင်းစရာပဲ'

'မင်း သူ့ကို သဘောမကျဘူး ထင်တယ်'

'ဟုတ်တယ် ကဲ . . ဒါတွေ ထားပါ။ ကောင်မလေး ပါးစပ် ဟလာအောင် ဘယ်လို လုပ်ရမလဲဆိုတာ ပြောစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတလေ အချိန်ယူရတယ်၊ တို့ကို သူတို့ ယုံကြည်လာတဲ့အချိန်မှာ ဖွင့်ပြောတတ်ကြပါတယ်'

'အချိန်ရရင်တော့ ဟုတ်တာပေါ့။ ဒါပေမယ့် တရားသူကြီးက တစ်ပတ်ပဲ ပေးတယ်လေ။ သူ့ကိုလည်း သက်ဆိုင်ရာက ဖိအားပေးနေတယ် ထင်ပါရဲ့'

အေးနေသည့် ကော်ဖီပန်းကန်ကို မာရီယံ မော့သောက်လိုက်သည်။

' စိတ်ထဲမှာ တစ်မျိုးကြီးပဲ ရက်ဒ်၊ ဒီအမှုမှာ အမှန်တရားနဲ့ သိပ်ဝေးနေတယ်လို့ ထင်နေတယ်၊ ကောင်မလေးကို ကြည့်ရတာ ဘယ်လိုမှ လူသတ်မှု ကျူးလွန်မယ့်ပုံမျိုး မဟုတ်ဘူး'

'ဒါဆို ဘယ်သူ သတ်တယ်လို့ မင်း ထင်သလဲ၊ သူ့အမေ သတ်တယ် ထင်နေသလား'

'မာရီယံ စိတ်ထဲမှာ အဲဒီလိုပဲ ထင်နေတယ် '

'ဒါပေမဲ့ အထောက်အထားတွေက ရှင်းနေတာပဲ၊ အားလုံး ကောင်မလေးဘက်ကို မြားဦးလှည့်နေတာချည့် မဟုတ်လား'

'ဒါတော့ ဒါပေါ့လေ၊ ဒါပေမဲ့ ဘာနဲ့တူလဲဆိုရင် အခန်းထဲ ပြန်ရောက်လာပြီး ကြည့်လိုက်တော့ အားလုံး ခြေရာလက်ရာ မပျက် ရှိနေပေမယ့် တစ်ခုခု လိုနေသလို ဖြစ်နေတာမျိုးပေါ့၊ တစ်ခုခု မှားနေတာတော့ သေချာတယ်၊ မျက်မြင်သက်သေကလည်း တစ်ယောက်တည်းရယ်လေ'

'အမေက သက်သေပေါ့ ဟုတ်လား'

မာရီယံ ခေါင်းညိတ်ပြလိုက်သည်။ ရက်ဒ် သူ့ကို ငေးကြည့်ပြီး . .

'နိုရာဟောဒင်ကို မုန်းတာနဲ့ သူ့ကို ပုံချတာမျိုးတော့ မဖြစ်စေနဲ့ပေါ့ မာရီယံ၊ အသုံးမကျတဲ့ မိဘတွေအတွက်နဲ့ ပတ်သက်လာရင် ကိုယ်လည်း ဒီလိုပဲ တစ်ဖက်သတ် တွေးမိတတ်တယ်'

သူက မီးဖိုဆောင်ဘက်ထွက်သွားပြီး ကော်ဖီ နှစ်ခွက် ထပ်ယူလာပြန်သည်။

'ကောင်မလေး အခု ဘယ်မှာလဲ'

'စိတ်လေ့လာရေး ဌာနမှာပဲ၊ ဒီနေ့ ဂျန်နင်း တွေ့မယ်၊ ဂျန်နင်းကတော့ သူ့ကို စကားပြောလာအောင် လုပ်နိုင်မယ် ထင်ရတာပဲ'

'အင်း ဂျန်နင်းက သိပ်တော်ပါတယ်။ သူ လက်လျှော့ပြီဆိုရင်တော့ သွားပြီ၊ ဘယ်သူမှ မေးလို့ ရတော့မှာ မဟုတ်ဘူး'

'မာရီယံလည်း ဒီလိုပဲထင်တယ်၊ ကဲ . . လစ်ဦးမှ။ ရှေ့နေဂေါ်ဒွန်ရဲ့ ရုံးကို သွားရဦးမယ်၊ သူတို့ ကွာရှင်းပြတ်စဲတုန်းက တရားရုံး စီရင်ချက်ကို သွားလေ့လာမလို့ အန်နီတာနဲ့ ကလေးတွေကော ဘယ်လိုလဲ'

'ဒီလိုပါပဲ၊ အန်နီတာက အချိန်ပိုင်းအလုပ် ဝင်လုပ်ချင်နေတယ်၊ အိမ်စရိတ်ကို တင်းကျပ်တစ်လမ်းက ကာမိအောင်ပေါ့၊ ကိုယ်ကလည်း ခေါင်းမာမာနဲ့ ခေါင်းခါမြဲ၊ အဖေရော အမေပါ အလုပ်လုပ်တဲ့ မိသားစုက ကလေးတွေရဲ့ဘဝကို ကိုယ် နေ့တိုင်း တွေ့နေရတာ မဟုတ်လား'

မာရီယံ စိတ်မကောင်းဖြစ်သွားသည်။ ခေါင်းညိတ်လိုက်မိ၏။

သည်ခေတ် အိမ်ထောင်သည်တွေကို သူတို့ လခကလေး မဖြစ်စလောက်နှင့် ဘယ်လိုများ နေထိုင်စားသောက်ကြပါလိမ့်ဟု ခဏ ခဏ တွေးကြည့်ဖူး၏။



စုတ်လုလု ဖိနပ်ကို ဘာကြောင့် ပြောင်လက်နေအောင် ရက်ဒ် ဂရုတစိုက် တိုက်လေ့ရှိကြောင်း မာရီယံ သဘောပေါက်ပါ၏။

ရက်ဒ် သက်ပြင်းချသည်။

'အကြီးကောင် စတီဗီက ကစားစရာ မော်တော်ကား ပူဆာတယ်၊ သူနဲ့ ရွယ်တူတွေ ကျောင်းမှာ ကားနဲ့ ဆော့ကြသတဲ့'

'ဝယ်မပေးလိုက်ဘူးလား '

'ဘယ်တတ်နိုင်မှာလဲကွာ၊ ငါးဆယ်ကျော် ပေးရမယ့် ပစ္စည်းမျိုးလေ '

'တစ်ချိန်ချိန်မှာတော့ အဆင်ပြေလာမှာပေါ့ ရက်ဒ်ရယ် '

'အဲဒီအချိန်ကိုပဲ ဘုရားရှိခိုးရင်း စောင့်ရတော့မှာပဲ၊ ဒါပေမဲ့ တစ်ခါတစ်ခါ ကိုယ်တွေးပြီး လန့်လာတယ် မာရီယံ'

'ဘာကို လန့်တာလဲ '

'စတီဗီကလေးက လိမ္မာတယ်၊ ဒါပေမဲ့ သူ့ဖြတ်သန်းရမယ့် ဘဝကို တွေးပြီး ရင်မအေးနိုင်ဘူး။ သိပ်သိတာလည်း မကောင်းပါဘူးကွာ၊ ကိုယ် ဘာဆိုလိုတယ်ဆိုတာ မင်းသိပါတယ်နော် မာရီယံ '

မာရီယံစပိုက်စာ ခေါင်းညိတ်သည်။

'တစ်ခါတစ်လေ ခြောက်အိပ်မက်တွေ မက်ပြီး ညကြီးသန်းခေါင် ကိုယ် လန့်နိုးနေတတ်တယ်။ အိပ်မက်ထဲမှာ ကိုယ့်ရုံးခန်းထဲကို ရဲတွေနဲ့ ကလေးတစ်ယောက် ရောက်လာတယ်၊ အဲဒီကလေးက စတီဗီ'

'ဘယ်လိုဖြစ်တာလဲ သားရယ်လို့ ကိုယ်က ဆီးမေးတော့ ပြန်ပြောတယ်၊ ဒီလို မဖြစ်လို့ ဘယ်လိုဖြစ်စရာ ရှိသေးလဲ ဖေဖေ၊ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ဆိုတာကို ကျွန်တော် တစ်သက်လုံး မျှော်လင့်နေရမှာလားလို့ မေးသေးတယ်'

ရဲဘော်ကြီး ရက်ဒ်ကို မာရီယံ ငေးကြည့်နေလိုက်သည်။

သူတို့ အားလုံးတွင် ဒုက္ခကိုယ်စီနဲ့ချည်းပါလား။ လူငယ်ကလေးများ၏ ဘဝကို သူတို့ ပိုနားလည်ကြသဖြင့် ပိုပြီးသောကရောက်ကြရခြင်း ဖြစ်ပါသည်။ မာရီယံက ရက်ဒ်၏ ပခုံးပေါ်သို့ လက်တင်ပြီး-

'ဒီနေ့ ရာသီဥတုက သိပ်ပူတာပဲ၊ အိမ်ပြန်ပြီး နားလိုက်ပါလား ရက်ဒ်ရယ်'

ရက်ဒ်က မာရီယံ၏ လက်ကို ကျေးဇူးတင်စွာ ပုတ်ပြီး နာနာကြည်းကြည်း ပြုံးရင်း-

'အိမ်ပြန်ပြီး မိန်းမရှေ့မှာ ညည်းပြဖို့လား မာရီယံ'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

နံရံတွင် မှန်ဘောင်သွင်း အောင်လက်မှတ် ချိတ်ထား၏။ ချထားသည့် စားပွဲက ခပ်သေးသေး။ အောင်လက်မှတ်မှာ ဝင်ကိုစင်တက္ကသိုလ်မှ စိတ်ပညာမဟာဝိဇ္ဇာဘွဲ့လက်မှတ် ဖြစ်သည်။

အောင်လက်မှတ်ထဲတွင် ရွှေဆန်ဆန် လက်ရေးစာလုံးကြီးများဖြင့် ရေးထားသည့် အမည်မှာ ဆယ်လီဂျွန်နင်း။ နေ့စွဲမှာ ဇွန်လ ၁၉၅၄ ခုနှစ်။

ဆယ်လီဂျွန်နင်း မဟာဝိဇ္ဇာဘွဲ့ ရသည့်အချိန်တွင် အသက် သုံးဆယ့်ရှစ်နှစ် ရှိပြီ။ ယင်းဘွဲ့မရမီ ဆယ့်ငါးနှစ်လုံးလုံး အမှုထိန်းရဲအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ လိုချင်သည့် ဘွဲ့ကို ရယူရန် အခြေခံပညာများကိုရော၊ ငွေကိုပါ ထိုဆယ့်ငါးနှစ်လုံးလုံး စုဆောင်း သိုမှီးခဲ့လေသည်။

လိုအပ်သည့်ငွေ စုဆောင်းမိသည့်အခါတွင် ခွင့်ရက်ရှည် နှစ်နှစ်ယူပြီး ကျောင်း ပြန်တက် ခြင်း ဖြစ်၏။ ဘွဲ့ယူပြီး ပြန်လာတော့ ဌာနတွင် နေရာလပ် မရှိသဖြင့် နှစ်နှစ်လုံးလုံး စောင့်နေခဲ့ ရသည်။

မျက်နှာမှာ နုပျိုနေသေး၏။ ဆံပင်တွေတော့ ဖြူစပြုနေပြီ၊ မျက်နှာချိုပြီး နှစ်လိုဖွယ် အပြုံးပိုင်ရှင် ဖြစ်၍ သူ့ဆီ ရောက်လာသည့် ကလေးတွေ စိတ်သက်သာရာ ရကြသည်။ သူနှင့်ဆို လျှင် ကလေးတွေအားလုံး ပွင့်လင်းကြလေသည်။

စားပွဲတစ်ဖက်မှ ဒန်နီဆိုသော ကလေးမကို သူ စိုက်ကြည့်၏။ ကောင်မလေးက ငြိမ်ပြီး ထိုင်နေသည်။ မျက်နှာကို ခပ်မော့မော့ထား၏။ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် သေသေ



သပ်သပ် တင်လျက်၊ လက်သည်းတို့ သေသေချာချာ ညှိထားကြောင်း မနေ့ကတည်းက သတိ ထားမိသည်။

ဝေဟာတွင် ကောင်းကောင်းမွန်မွန် နေရကြောင်း ထင်ရှားနေ၏။ စီးကရက် ထုတ် သောက်တော့ ဒန်နီမျက်လုံးတွေ ဆယ်လီဂျွန်နင်း၏ လက်လှုပ်ရှားမှုနောက်သို့ လိုက်နေ၏။

'သောက်ချင်သောက်လေ ဒန်နီ'

စီးကရက်ဘူးကို တမ်းပေးလိုက်၏။

ဒန်နီ ခဏ တွေနေသည်။

'သောက်ပါ ဒန်နီရဲ့ ဒီမှာ သောက်ခွင့်ရှိပါတယ်'

ဒန်နီက တစ်လိပ်ယူပြီး မီးညှိရင်း-

'ကျေးဇူးတင်ပါတယ် မစ္စဂျွန်နင်း'

စိတ်ပညာရှင် အမျိုးသမီးက ကုလားထိုင်နောက်ကို မှီပြီး စီးကရက် ရှိုက်လိုက်သည်။ မီးခိုးငွေ့များကို ဖြည်းဖြည်းချင်း မှုတ်ထုတ်ပြီး မျက်နှာကြက်ဆီသို့ လွင့်တက်သွားပုံကို ငေးကြည့် နေသည်။

'အဲဒီလို စီးကရက်မီးခိုးငွေ့တွေကို ကိုယ် လိုက်ကြည့်တတ်တယ်'

အမှတ်မထင် လေသံဖြင့် ပြောခြင်းဖြစ်၏။

'တောင်းတင်မှာ မိုးတိမ်တွေ ရွေ့လျားလွင့်မျောနေတာနဲ့ သိပ်တူတာပဲ၊ ကြိုက်တဲ့ စိတ်ကူးရုပ်ပုံကို ဖော်လို့ရတယ်'

'ကျွန်မတို့ကျောင်းမှာ ကောင်မလေးတွေ အဲဒါကို ကစားနည်းတစ်မျိုးအဖြစ်နဲ့ ကစား ကြတယ်၊ စိတ်ကူးပုံဖော်တမ်းပေါ့၊ ရောရှက်* ကစားနည်းလို့ နာမည်ပေးထားကြတယ်လေ'

ဆယ်လီဂျွန်နင်းက ဒန်နီကို အကဲခတ်နေသည်။ ဒန်နီ ရွှင်နေ၏။ မျက်လုံးကလေးများ တလက်လက် တောက်လျက်။

'တချို့ ကောင်မလေးတွေရဲ့ စိတ်ကူးရုပ်ပုံတွေကို မစ္စဂျွန်နင်း ကြားရင် သိပ်အံ့ဩမှာပဲ'

'မင်းက ယယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ပညာကို စိတ်ဝင်စားနေပုံပဲ'

'ဟုတ်တဲ့၊ ကျွန်မ ဝါသနာပါလို့ စိတ်ပညာမဂ္ဂဇင်းတွေ အများကြီးပဲ ဖတ်ပါတယ်၊ ဟိုတုန်းက စိတ်ဆရာဝန် သိပ်လုပ်ချင်တာပဲ၊ နောက်မှ စိတ်ပြောင်းသွားတာ'

'ဘာလို့ ပြောင်းသွားရတာလဲ၊ မင်းက သိပ်ဉာဏ်ကောင်းတာပဲဟာ'

'ဘာရယ်လို့ မဟုတ်ပါဘူး၊ တခြားလူတွေရဲ့ စိတ်ထဲကိုဝင်ပြီး မစပ်စုချင်ဘူး ဆိုပါတော့'

'ကိုယ်က စပ်စုတယ်လို့ မင်း ထင်လား ဒန်နီ'

ဒန်နီက အမျိုးသမီးကြီးကို မော့ကြည့်သည်။

'ဒါကတော့ မစ္စဂျွန်နင်းရဲ့ အလုပ်ပဲ၊ ကျွန်မရဲ့ စိတ်အနေကို လေ့လာဖို့ပေါ့ ဟုတ် လား'

ဒန်နီက တုံ့ပြန်မေးလိုက်၏။

'အဲဒါက အစိတ်အပိုင်းတစ်ခုရယ်ပါ ဒန်နီ၊ ဘာမှ ပြောပလောက်တဲ့ အစိတ်အပိုင်း မဟုတ်ဘူး၊ အဓိကက မင်းကို ကူညီဖို့ပါ'

'ကျွန်မက အကူအညီ မလိုချင်ဘူး ဆိုရင်ကော'

www.burmeseclassic.com

www.burmeseclassic.com



'တို့အားလုံးဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ အကူအညီလိုနေကြတာပဲ ဒန်နီ ကိုယ့်ကိုယ်ကိုယ် ဝန်မခံကြလို့သာ'

'မစ္စဂျန်နင်းလည်း အကူအညီ လိုနေတာပဲလားဟင်'

'လိုတဲ့အခါ လိုတာပေါ့ကွယ်၊ တစ်ခါတလေများ သိပ်အားငယ်တာပဲ'

'အဲဒီလိုအခါ စိတ်ဆရာဝန်ဆီ သွားပြတာပဲလား'

မစ္စဂျန်နင်း ခေါင်းညိတ်သည်။

'မနှစ်တစ်နှစ်က ကိုယ့်ကိုယ်ကိုယ် ပိုပြီး နားလည်အောင် စစ်ဆေးခဲ့တယ်လေ၊ အလုပ် လုပ်တဲ့နေရာမှာ ပိုပြီး ပြတ်ပြတ်သားသား တိတိကျကျ လုပ်နိုင်လာတယ်'

'ခဏ ခဏ သွားရသလားဟင်'

'တစ်ပတ် တစ်ခါလောက်ပါပဲ၊ အချိန်ရတဲ့အခါလည်း နှစ်ခါလောက်သွားတယ်'

'မေမေတ ပြောတော့ စိတ်ရောဂါရှိတဲ့ လူတွေဟာ စိတ်ဆရာဝန်ဆီ သွားတယ်တဲ့၊ အရင်ဂျီဘာသာဝင်တွေ ဝတ်ကျေကျောင်းမှာ သွားပြီး ဝန်ခံချက်ပေးတာမျိုးပါပဲတဲ့'

ဂျန်နင်းက ချာတိတ်မကို ဖျတ်ခနဲ ကြည့်လိုက်သည်။

'ဒန်နီရဲ့ မေမေ ပြောသမျှ အမြဲတမ်းမှန်သလားဟင်'

ဘာမှမပြောဘဲ ဒန်နီအကြောင်သား ပြန်ကြည့်နေသည်။ ကလေးမ၏ မျက်ဝန်းများ ထဲတွင် တာဆီးမှုန်ရုံကြီး မြင့်တက်လာပြီဟု ဂျန်နင်း နားလည်လိုက်၏။ ချက်ချင်း စကားသံ ကြောင်း ပြောင်းပစ်လိုက်သည်။

'မင်းကို စစ်ဆေးတဲ့ ဆရာဝန်က ကိုယ့်ကို ပြန်ပြောတယ်၊ မင်း ရင်သားတွေ နာနေ တယ်ဆို၊ အဲဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ'

ဒန်နီခေါင်းညိတ်သည်။

'ဘယ်လောက်ကြာပြီလဲ ဒန်နီ'

ဘာမှမပြောဘဲ ချီတုံချတုံ ဖြစ်နေ၏။

'မင်းရဲ့ စိတ်ပိုင်းဆိုင်ရာကို စပ်စုတာ မဟုတ်ဘူးနော်၊ ဒါက ရုပ်ပိုင်းဆိုင်ရာ ဆေးပညာ မေးခွန်း'

ဒန်နီက စိုးရိမ်စိတ်ကလေး စွက်လာသည့်အသံဖြင့်-

'အဲဒီလိုဖြစ်ရင် ဘာဖြစ်တတ်လဲဟင် မစ္စဂျန်နင်း'

အမှတ်မထင် သူ့လက်ချောင်းကလေးတွေ ရင်သားများပေါ်သို့ ရောက်သွားပုံကို ဆယ်လီဂျန်နင်း စောင့်ကြည့်နေသည်။

'ဘာမှ မဖြစ်နိုင်ပါဘူးကွယ်၊ ဒါပေမဲ့ ဆရာဝန်တွေဆိုတာ ဘာကြောင့် ဘယ်လိုဆိုတာ တွေ သိချင်ကြတယ်လေ'

'ဒန်နီ အပျိုဘော်ဝင်စက ရင်သားတွေကို စည်းတယ်၊ နောက်တော့ နာလာတာနဲ့ ရပ်ပစ်လိုက်တယ်၊ ဒါပေမဲ့ မကြာမကြာ ပြန်နာတယ်'

ဆယ်လီ ရယ်နေသည်။

'ဒီလောက် ခေတ်နောက်ကျတဲ့ ဓလေ့ကို မင်း ဘာလို့ လုပ်တာလဲ ဒန်နီ၊ အဲဒီခေတ် ကုန်သွားတာ ကြာပြီပဲ'



'မေမေ ပြောတာ ကြားဖူးလို့ပါ၊ ဂျပန်မှာ အာရှမယ်တွေဟာ အဲဒီလိုပဲ လုပ်ကြတယ် တဲ့၊ အရွယ်ကို တော်တော်နဲ့ကြီးမလာအောင် ထိန်းတာတဲ့'

'မင်းက မကြီးချင်လို့လား ဒန်နီ'

'ဟာ ကြီးချင်တာပေါ့'

ဒန်နီ ခပ်သွက်သွက် ဖြေသည်။

'ဒါဆို ဘာလို့ အဲဒီလို လုပ်ရတာလဲ'

ကလေးမက မဖြေ။

'အဲဒီလိုလုပ်ရင် မင်းမေမေ သဘောကျမယ် ထင်လို့ မဟုတ်လား'

ပြုံးကျယ်လာသည့် သူ့မျက်ဝန်းထဲတွင် အမှန်ကို ဆယ်လီဂျန်နင်း လှမ်းမြင်လိုက်၏။ အရဲစွန့်ပြီး လက်စနှင့် ဆက်မေးသည်။

'အဲဒါကြောင့် မဟုတ်ဘူးလား ဒန်နီ၊ ရင်သားတွေကို စည်းထားရင် မေမေ သဘောကျ မှာပဲ ဆိုပြီးတော့လေ၊ ကလေးဘဝမှာ မကြီးဘဲနေမှ မင်းမေမေ သဘောကျမယ်လို့ မင်း ထင်နေတယ် မဟုတ်လား၊ ဘာပြုလို့ အဲဒီအတွေး ဝင်လာတာလဲ ဒန်နီ၊ သမီး ကြီးလာရင် မေမေ ပိုပြီး အိုသွားမှာပေါ့ဆိုတဲ့ စကားမျိုး မင်းမေမေက ပြောဖူးလို့လား'

မျက်နှာကို လက်နှစ်ဖက်ပေါ် မှောက်ချပြီး ဒန်နီ ငိုချလိုက်သည်။ သူ့လက်ထဲမှ စီးကရက်တိုကို အသာယူပြီး မစ္စဂျန်နင်းက ပြာခွက်ထဲ ထိုးချေလိုက်သည်။

'အမေ တော်တော်များများဟာ အဲဒီအတိုင်းပဲ ဒန်နီ၊ သူတို့ကလေးတွေကို ကြီးမလာ စေချင်ကြဘူး၊ ဒါမှ သူတို့ကိုယ်သူတို့ ငယ်နေအောင် နုနေအောင် လုပ်နိုင်မှာကိုး'

'မေမေက ဒန်နီ့ကို ချစ်ပါတယ်ရှင်၊ မေမေက ချစ်ပါတယ်'

ဒန်နီ ရှိုက်ရင်း ရှိုက်ရင်း ပြောနေသည်။

'ဒါပေါ့ကွယ်၊ အမေပဲ ချစ်မှာပေါ့၊ ချစ်ပေမယ့် အမေတွေဟာ သားသမီးတွေအပေါ် မှာ မမှားဘူးလို့ မပြောနိုင်ဘူးလေ၊ ချစ်တာကတော့ ချစ်တာပဲ'

ဒန်နီ ခေါင်းမော့လာသည်။ မျက်ဝန်းဆီတွင် မျက်ရည်တွေ အပြည့်ဖြင့်-

'အခန်းကို ပြန်လို့ ရမလားဟင်၊ ဒန်နီ အဲဒီအကြောင်း ဆက်မပြောချင်ဘူး မစ္စဂျန်နင်း'

ဒန်နီ့ မျက်နှာကလေးကို ခဏ အကဲခတ်ပြီး ခေါင်းညိတ်လိုက်သည်။

'ရပါတယ် ဒန်နီ၊ ကိုယ်တို့ မနက်ဖြန်မှ ဆက်ဆွေးနွေးကြတာပေါ့'

ပြောပြောဆိုဆို စားပွဲမှ ခလုတ်ကို နှိပ်လိုက်သည်။ အဆောင်မှူး ဆရာမကို လှမ်းခေါ် လိုက်ခြင်း ဖြစ်သည်။ မှန်တံခါးမှ အပြင်သို့ထွက်သွားသည့် ကလေးမကို ကြည့်ပြီး ဆယ်လီဂျန်နင်း သက်ပြင်းချလိုက်သည်။ ဒီနေ့ သူနှင့် စကားပြောချိန် အများကြီးယူလိုက်သည်။ တစ်စတစ်စ တော့ ပွင့်ချင်လာပြီ။ မနက်ဖြန် ဒါထက် တိုးတက်မှု ရတောင်းပါရဲ့။

* * *

ရုပ်မြင်သံကြားစက်မှ မြူးမြူးကြွကြွဂီတသံက တံခါးပိတ်ထားသည့်ကြားမှ ဒန်နီ့အခန်းငယ်လေး ထဲသို့ ပျံ့လွင့်လာသည်။ ခြေထောက်တစ်ဖက်ဖြင့် အမှတ်မထင် စီးလိုက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ အခန်းပြင်သို့ ထွက်လာခဲ့၏။ အပြင်တွင် ဂီတသံ ပိုကျယ်နေသည်။ မိန်းကလေးများ စုဝေးရာ ရုပ်မြင်သံကြားစက် ထားသည့် ခန်းမဆောင်ဆီသို့ လျှောက်လာခဲ့၏။

သီချင်း ဆုံးသွားသည်။ ဖန်သားမြင်ကွင်းပေါ်တွင် ဒစ်ကလုပ်၏ နုနုညက်ညက် မျက်နှာ အပြည့်ပေါ်လာ၏။ ပြီးတော့ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် စကားပြောသည်။

'အမေရိကန် ဂီတလောကက ကြိုဆိုပါတယ် ခင်ဗျာ၊ ဒီနေ့ 'လေမှာပျံ့ဝဲ' တေးစုမှာ ပထမဆုံး သောတရှင်များ ကြားမြင်နားဆင်ကြရမှာက ချပ်ဘီချက်ကာရဲ့ ဘယ်တော့မှ မမေ့နိုင်စရာ 'မြူမြူးကြွကြွ ကကြစို့' ဖြစ်ပါတယ် ခင်ဗျာ'

ဒန်နီ ရပ်ကြည့်နေသည်။ စိတ်ထဲ ပျော်လာ၏။ ကင်မရာက ကပွဲခန်းမဆောင်ဆီသို့ ဆွဲယူလိုက်၏။ ယောက်ျားကလေးတွေက စပို့ရှပ်တိုလ်စီနှင့်၊ မိန်းကလေးများကလည်း သာမန်မျှသာ ဝတ်ထား၏။ အားလုံး ငြိမ်ပြီး သီချင်းအစကို ရင်တမမနှင့် စောင့်နေကြသည်။ ထို့နောက် ပေါ်လာသည်။ တစ်ပြိုင်တည်းတွင် ချပ်ဘီချက်ကာ၏အသံ စီထွက်လာ၏။

မြူမြူးကြွကြွ ကကြစို့ကွယ်<br>
မနှစ်တုန်းက နွေရာသီလို<br>
ကမယ်၊ ကမယ် မမောတမ်း ကမယ်<br>
ဟိုနှစ်တုန်းက မြူးကြွသလို

ရုပ်မြင်သံကြားစက်ရှေ့တွင် ကောင်မလေးတွေ တစ်တွဲပြီးတစ်တွဲ တွဲကကြသည်။ အဆောင်မှူးက အခန်းထောင့်တစ်နေရာတွင် ရပ်ပြီး စည်းလိုက်ပေးနေသည်။

'ဒန်နီ က,မလားဟင်'

ဒန်နီ လှမ်းကြည့်လိုက်သည်။ ထမင်းစားခန်းတွင် နောက်တန်းမှ ထိုင်နေသည့် ကောင်မလေး။

ဒန်နီ ခေါင်းညိတ်ပြလိုက်သည်။

ကောင်မလေးက ပြုံးပြီး-

'ဒါဆိုလာ. . တို့နှစ်ယောက် ပညာပြလိုက်ကြရအောင်'

ဒန်နီက ပြန်ပြုံးပြရင်း ပြောသည်။

'လုပ်လေ'

နှစ်ယောက်သား တွဲကကြလို့ မကြာခင် အထာပေါက်သွားကြသည်။ ဆီလ်ဗီယာက ဒန်နီ့ကို ချီးကျူးသည်။

'မင်းက သိပ်တော်တာပဲနော်'

'မင်းလောက် မတော်ပါဘူးကွာ'

'ကိုယ်က သိပ်ပါသနာကြီးတာ။ ကြီးလာရင် ကချေသည်ပဲ လုပ်မှာ'

'ခုကတည်းက မင်း ကချေသည် ဖြစ်နေပါပြီ ဆီလ်ဗီယာ'

ဆီလ်ဗီယာက ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်သည်။ ဒန်နီထက် အရပ်နည်းနည်း ပိုမြင့်၏။ တစ်နှစ် ပိုကြီးသည်။ ရွှေရောင်ဆံပင်နှင့်။ မျက်လုံးက အပြာရောင်။

'တို့ တစ်မျိုး ပြောင်းကရအောင် ဒန်နီ'

'လုပ်လေ'

'ဟာလီ၊ ဂါလီ ကမယ်'



သူ့ခြေလှမ်းများနောက်သို့ ပေါ့ပေါ့ပါးပါး လွင့်မျောလိုက်ပါသွားသည်။

'မက်ဒီဆင်ကို ပြောင်းမယ်'

ဆီလ်ဗီယာက ပြောရင်း ချာခနဲ လှည့်လိုက်၏။ ဒန်နီက သူ့ကို တစ်ပတ် ပတ်လိုက်သည်။ နောက်တစ်ခါကတော့ ဒန်နီက ပတ်ချာလှည့်ပြီး ဆီလ်ဗီယာက သူ့ကို ပတ်သည်။

ဆီလ်ဗီယာ အသံထွက်အောင် ရယ်ပြီး-

'သူတို့ကို ဝါတူဆီနဲ့ အနိုင်ယူကြမယ်'-

သူတို့နှစ်ယောက် ကျေးလက်အကခြေလှမ်းများကို ပြောင်းပြီး မြူးမြူးကြွကြွ ကကြပြန်သည်။ သီချင်း ဆုံးသွားတော့ ကလေးမနှစ်ယောက် ခန်းမအလယ်တွင် မောနေကြပြီး တစ်ဦးကိုတစ်ဦး ကြည့်ပြီး-

'တို့က,တာ လောဘကြီးသွားတယ်'ဟု ဆီလ်ဗီယာက ဆိုသည်။

'ဟုတ်တယ် ဆီလ်ဗီယာ၊ ကိုယ်တော့ ခြေကုန်သွားပြီ'

သီချင်းတစ်ပုဒ် စပြန်သည်။ ဆီလ်ဗီယာက ဒန်နီ့ကို ကြည့်ပြီး-

'ဘယ်လိုလဲ ဒန်နီ၊ နောက်တစ်ကျော့'

ဒန်နီက ခေါင်းခါပြီး-

'စီးကရက်ကြောင့်လား မသိဘူး၊ ကိုယ် သိပ်အမောမခံနိုင်ဘူး၊ နားလိုက်ဦးမယ်'

ဆီလ်ဗီယာက ပြုံးပြီး-

'ကိုယ့်မှာ ပိုက်ဆံကျန်ပါသေးတယ်၊ ကိုကာကိုလာ သောက်ရအောင်'

'ကျေးဇူးပဲကွာ'

ဒန်နီ ကိုယ့်ဘာသာကိုယ် ဝယ်ဖို့ စိတ်ကူးသေးသည်။ ရှိုင်းရာကျမည်စိုး၍ နောက်တစ်ခါမှပဲ ဝယ်တိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ကိုကာကိုလာဆီသို့ ဆီလ်ဗီယာ လျှောက်သွားသည်။ ပုလင်းနှစ်လုံးပိုက်ကာ ပြန်လာပြီး-

'ဒီနားမှာပဲ ထိုင်ကြရအောင်နော်'

နှစ်ယောက်သား ကိုကာကိုလာ သောက်ရင်း ရုပ်မြင်သံကြား ဆက်ကြည့်ကြသည်။ ကြော်ငြာကဏ္ဍတွေ လာနေပြီ။

ဆီလ်ဗီလာက ဒန်နီဘက် လှည့်ပြီး-

'မင်း ဒီနေ့ ဦးခေါင်းကို ကြံ့ရည်ကြိတ်စက်ထဲ ထည့်ကြိတ်တဲ့ဟာတွေဆီ သွားရသေးလား'

ဒန်နီ ခေါင်းညိတ်လိုက်၏။

'ဘယ်သူနဲ့ တိုးလဲ၊ ဂျန်နင်းလား'

'အင်း'

'သူက မဆိုးပါဘူး။ သူ့အထက်က ဟိုလူကြီးကိုတော့ ကြောက်တယ်၊ သူ့မျက်လုံးတွေနဲ့ ကြည့်လိုက်ရင် ဘယ်နားသွားနေရမှန်း မသိဘူး'

'ကိုယ်နဲ့တော့ မဆုံဖူးဘူး'

ရုပ်မြင်သံကြား မြင်ကွင်းပေါ်မှ ကနေသူများကို ခဏ သူတို့စောင့်ကြည့်ကြသည်။ ကင်မရာက အတွဲတစ်တွဲကို အနီးကပ် ဆွဲပြသည်။ ကောင်လေးက အရပ်မြင့်မြင့်၊ ဆံပင်ရှည်

www.burmeseclassic.com

www.burmeseclassic.com



ရှည်။ ဆံပင်က နောက်ဆုံးပေါ်ပုံ။ ကောင်မလေးက ဆွယ်တာပွပွကြီး ဝတ်ထားသည်။ ကင်မရာက သူတို့ကို ဆွဲရိုက်နေမှန်းသိတော့ သူတို့ ပိုပြီးမြူးမြူးကြွကြွ ဖြစ်လာကြ၏။

ဆီလ်ဗီယာက မချင့်မရဲ လေသံဖြင့်-

'ကောင်လေးက ချောတယ်နော်၊ ကိုယ့်ချစ်ချစ်ကို သတိရတယ်ကွာ'

'ဖေဗီယံနဲ့ တူသလိုလိုပဲနော်'

ဒန်နီက ထင်မြင်ချက် ပေးလိုက်သည်။

'ကိုယ့်ချစ်သူက ဖေဗီယံကို အသည်းစွဲလေ၊ ဒါကြောင့် သူနဲ့ ကိုယ်နဲ့ ဖြစ်ကြတာ ကိုယ်ကလည်း ဖေဗီယံ ပရိသတ်မဟုတ်လား'

'ကိုယ်ကတော့ ရစ်ကီနဲ့ ဖရန်ကီအယ်ဗလွန်ကို ကြိုက်တယ်၊ ပရိသတ်ကို ကောင်းကောင်း လွှမ်းမိုးနိုင်တယ်လေ'

'အဲလ်ဗစ်လိုပေါ့၊ ကိုယ် ဖေဗီယံကို ကြိုက်တာက သူ့အသံကြောင့် မဟုတ်ဘူး၊ သူ့ရုပ်က စွဲမက်စရာကောင်းလို့၊ မင်းမှာ ကော အတွဲမရှိဘူးလား ဒန်နီ'

'မရှိဘူး'

'တစ်ယောက်မှ မရှိဘူး ဟုတ်လား'

ဒန်နီ ခေါင်းယမ်းပြီး-

'မရှိဘူးလို့ပဲ ပြောရမှာပေါ့၊ ဘယ်သူနဲ့မှ စွဲစွဲမြဲမြဲမတွဲပါဘူး'

'ဟို . . ဟိုတစ်ယောက်က မင်း အတွဲ မဟုတ်ဘူးလား ဒန်နီ'

ဒန်နီ ခေါင်းယမ်းသည်။

'ဟုတ်လား၊ မင်းအဆက်လို့ ထင်နေတာ၊ ဒါကြောင့် မင်း ဒီကို ရောက်လာတာ မဟုတ်လား'

'အဲဒီအကြောင်း ကိုယ် မပြောချင်ဘူး'

ဆီလ်ဗီယာက ကုလားထိုင်နောက်ကို မှီပြီး-

'ကိုယ့်ချစ်ချစ်ကို သတိရလိုက်တာကွာ'

'သူက ဘယ်မှာလဲဟင်'

ဆီလ်ဗီယာက ပြတင်းပေါက်သို့ လက်နှင့်ညွှန်ပြရင်း-

'ဟိုဘက်က ယောက်ျားလေးဆောင်မှာ'

'သူက အဲဒီမှာ ဘာလုပ်နေလဲ'

'တို့နှစ်ယောက်လုံး အဆွဲခံရတာလေ၊ သူက ကားတစ်စီးငှားပြီး ကိုယ်နဲ့ လျှောက်လည်တယ်၊ ရွှေမှမ်ဝရိုပ်သာမှာ ကိုယ်တို့ အဖမ်းခံရတာလေ'

'ဘယ်လို ဖမ်းတာလဲ'

ဆီလ်ဗီယာက ရယ်ပြီး-

'မင်းက သိပ်ရိုးတာပဲနော်၊ ဒီလိုကွာ၊ ကိုယ်က သူ့ကို ကားတစ်စီး ရှာနိုင်းတယ်၊ မနက် နှစ်နာရီထိုးတော့ တို့နှစ်ယောက်ကို နောက်ခုံတန်းမှာ ရဲတွေ တွေ့သွားတယ်'

သူက ကိုကာကိုလာကို မော့လိုက်ပြီး-

'သိပ်ပျော်စရာကောင်းတာပဲကွာ၊ လရောင်ရယ်၊ အမိုးဖွင့်ကားရယ်၊ ကက်ဆက်က ဂီတသံရယ်၊ အိပ်မက်ဆန်ဆန် တို့ အရမ်းပျော်နေချိန်မှာ သူတို့ လာဆွဲသွားကြတယ်လေ'



ဒန်နီက တစ်လှည့် ကိုကာကိုလာ သွားဝယ်သည်။

ဆီလ်ဗီယာက နောက်အဆိုတော်လေးတစ်ယောက် ဆိုနေသည်ကို လှမ်းကြည့်နေ၏။

'သူ ဆိုနေတာ မဟုတ်ဘူးကွ၊ ပါးစပ်ကို သေသေချာချာကြည့်၊ နောက်က ဆိုပေးနေတာ'

'မင်း ဘယ်လိုလုပ် သိလဲ ဆီလ်ဗီယာ'

'သိသာပါတယ်၊ တီးဝိုင်းလည်း ပြမထားဘူး။ ပြီးတော့ ထွက်တဲ့အသံကို နားထောင်၊ ဒီအသံမျိုးကို စတူဒီယိုထဲမှာပဲ ဖမ်းလို့ရတာ၊ ဒါပေမဲ့ လူက လူချောကလေးနော်၊ ဖေဆီယံလောက်တော့ ပုံမလာဘူးပေါ့လေ၊ ဒါထက် မင်း ဒီနေ့ စာရသလား'

ဒန်နီ ခေါင်းခါသည်။

'ကိုယ့်ဆီ ရေးမယ့်လူ မရှိပါဘူး'

'တခြား ကောင်မလေးတွေဆီ စာတွေ လာတယ်ကွ၊ ကိုယ့်ချစ်ချစ်ဆီကများ လာမလားလို့ ကိုယ် မျှော်နေတာ၊ ခုထိ တစ်စောင်မှ မရဘူး၊ ကိုယ့်ကို ပြောသွားတော့ နေ့တိုင်းရေးမယ်တဲ့၊ အဆောင်မှူးက ညစ်ထားတာတော့ မဟုတ်ပါဘူးနော်'

'မဟုတ်နိုင်ပါဘူး ထင်တယ်ကွာ'

'မနက်ဖြန်မှ သူ့အကြောင်း ဘာမှမကြားရင် ကိုယ်တော့ သေမယ် ထင်တယ်ကွာ'

'သိပ်စိတ်ပူမနေပါနဲ့ကွာ၊ မနက်ဖြန် ကြားရမှာပါ'

ဒန်နီက နှစ်သိမ့်သည်။

ကလေးမလေးနှစ်ယောက် ဘာမှ ဆက်မပြောကြတော့ဘဲ ကိုကာကိုလာကို ဆက်သောက်နေကြ၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၇ )

ညနေပိုင်း ကားရှုပ်ချိန်မတိုင်မီလေးတွင် ကပ်ပြီး ကျွန်တော် ဆိပ်ကမ်းဘက်သို့ ရောက်သွားသည်။ ငါးပုစွန်တွေကို ရေခဲရိုက်တာ ငါးသည်တွေ ဆိုင်သိမ်းနေပြီ။ တစ်လမ်းလုံးကို ငါးညှီနံ့က လွှမ်းမိုးထား၏။

ငါးဈေးတန်းကို ဖြတ်ပြီး ရေကြောင်းပြတိုက်ဆီသို့ ဆက်လျှောက်လာခဲ့၏။ တစ်နေ့တာ လုပ်ငန်းသိမ်းပြီး တံငါလှေတွေ၊ ငါးဖမ်းမော်တော်ဘုတ်တွေ ဆိပ်ကမ်းတွင် ပြန်ရောက်နေကြပြီ။ အရောင် လွင့်ပြယ်နေသော တာလပတ်ဖြင့် ဖုံးထားသည့် လှေတစ်စင်းကို တွေ့ရ၏၊ တာလပတ်ပေါ်တွင် 'ရီကို'ဟူသည့် စာလုံးကြီးတွေ ကန့်လန့်ဖြတ် ရေးထားသည်။

လှေနား အရောက်သွားပြီး အခြားလှေတစ်စင်းမှ ပုစွန်ထုပ်တွေ စီနေသော ရဲ တစ်ယောက်ကို ကျွန်တော် မေးလိုက်သည်။

'သူတို့ ဒီနေ့ လှေမထွက်ကြဘူး'

'သူတို့ကို ကျွန်တော် ဘယ်မှာ တွေ့နိုင်မလဲဗျ'

သူက ပုစွန်ထုပ်တွေချပြီး ကျွန်တော့်ဆီ လျှောက်လာသည်။

'ခင်ဗျားက သတင်းထောက်လား'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

'သူတို့ အသုဘအတွက် ပြင်ဆင်နေကြတယ်၊ မနက်ဖြန်မနက် ချမယ်လေ၊ မိသားစုနဲ့ တွေ့ဖို့လာတာ မှတ်တယ်'



'ဆိုပါတော့ဗျာ'

'ကောင်လေးက မနိစ်ပါဘူးဗျာ၊ ငယ်ငယ်ကတည်းက မိဘကို ကူဖို့ ဘယ်တော့မှ ဆိပ်ကမ်းကို မလာဘူး၊ သူညီတွေလို သူလက်ကို ငါးညှီနံ့ အစွဲမခံနိုင်ဘူးတဲ့၊ မိဘအလုပ်ကို အောက်တန်းကျတယ်လို့ ထင်နေတဲ့ ကောင်မျိုးလေ၊ ဒီကောင်လေး ဇာတ်သိမ်းကောင်းမှာ မဟုတ်ဘူးလို့ သူ့အဖေကို ကျုပ်အစောကြီး ပြောခဲ့သားပဲ'

'ဘယ် အသုဘ ဇရပ်မှာလဲဗျ'

'မာစကိုနီ ဇရပ်မှာ'

ရီကိုမိသားစုအိမ်ကို မေးပြီး ကျေးဇူးတင်ကြောင်း ပြောကာ ကျွန်တော် လှည့်ထွက်လာခဲ့သည်။ အသုဘ ဇရပ်အနီးတွင် ကားရပ်စရာနေရာ တွေ့သဖြင့် ကားကို ထိုးထားခဲ့သည်။

အသုဘဇရပ်မှာ အဖြူရောင်ကျောက်တုံး မုခ်ဝနှင့် အခန့်အညား ဖြစ်သည်။ တံခါးကို ဖွင့်ပြီး အထဲကို ဝင်ခဲ့၏။

အလင်းရောင်မှိန်မှိန် ခန်းမထဲတွင် မျက်စိ ကျင့်သားရသည်အထိ ရပ်နေလိုက်သည်။ ပြီးမှ လမ်းညွှန်ဆိုင်းဘုတ်များ ရေးထားသည့် နံရံဆီသို့ လျှောက်သွားသည်။ အနက်ရောင်ဝတ်စုံ ဝတ် လူတစ်ယောက် ကျွန်တော့်အနား ရောက်လာပြီး မေးသည်။

'ကျွန်တော် ဘာအကူအညီ ပေးနိုင်ပါသလဲ ခင်ဗျာ'

'ရီကို မိသားစုနဲ့ တွေ့ချင်လို့ပါ'

'ဒီဘက်ကို ကြွပါ ခင်ဗျာ'

သူ့နောက်ကို ကျွန်တော် လိုက်သွားသည်။ သူက ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။ တံခါး ပွင့်လာ၏။

'သူတို့ ရှိကြဦးမလားတော့ မသိဘူး၊ ညစာစားဖို့ ပြန်များသွားပြီ ထင်တယ်၊ အခန်း 'ဇေ'မှာပါ'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဓာတ်လှေကားတံခါး ပိတ်သွားသည်။ ပြန်ပွင့်လာသည်နှင့် ကျွန်တော် လှမ်းထွက်လိုက်သည်။ အခန်းဇေကို လူသွားလမ်း တစ်ဘက်တွင် တွေ့ရ၏။

ဖွင့်ထားသည့် တံခါးမှ အခန်းထဲ လှမ်းကြည့်လိုက်သည်။

အခန်းထောင့်တွင် အခေါင်း ပြင်ထားသည်ကို တွေ့ရ၏။ အခေါင်းပေါ်တွင် ပန်းတွေ ဝေလျက်။ ကျွန်တော် လှမ်းဝင်သွားသည်။ အခန်းထဲတွင် ကော်ဇောထူထူကြီး ခင်းထားသဖြင့် ကျွန်တော့် ခြေသံ လုံးဝပျောက်နေ၏။

အခေါင်းကို သေသေချာချာ ငုံ့ကြည့်လိုက်သည်။ ကျွန်တော့်သမီး သတ်လိုက်သည့် လူ၏ အခေါင်းပါလား။ တိုနီရီကို ဆိုသူမှာ အိပ်ပျော်နေသည်နှင့် တူ၏။ အခေါင်းပြင်သူတွေ လက်ရာမြောက်ကြပါပေသည်။

ဆံပင်နက်နှင့် လူချောတစ်ယောက် ဖြစ်၏။ နှုတ်ခမ်းအစုံက မိန်းမတွေအတွက် စွဲမက်ချင်စရာ။ မျက်တောင်တွေက မိန်းမတစ်ယောက်လို ရှည်လျားကော့ ပျံနေ၏။ ကျွန်တော့်ရင်ထဲတွင် သူ့ကို သနားစိတ်တွေ ဝင်လာသည်။ အရွယ်ကောင်းကလေး။ သုံးဆယ်တောင် ပြည့်ဟန်မတူသေး။

www.burmeseclassic.com

www.burmeseclassic.com



နောက်နားမှ သက်ပြင်းချသံ ကြားသဖြင့် ကျွန်တော် လှည့်ကြည့်လိုက်သည်။ ပိန်သေးသေး အဘိုးအိုတစ်ယောက် အခန်းထောင့်တစ်နေရာတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသည်ကို တွေ့ရ၏။ ဝင်လာတုန်းက ကျွန်တော် လုံးလုံး သတိမထားမိခဲ့။

သူ ကျွန်တော့်ကို မော့ကြည့်သည်။ ဖယောင်းတိုင်မီးရောင်တွင် အဘိုးအို၏ မျက်လုံးများကို ကျွန်တော် တွေ့ရ၏။

'ကျုပ်က သူ့အဖေပါ၊ ကျုပ်သားကို မောင်ရင်က သိလို့လား'

ကျွန်တော်က ခေါင်းယမ်းပြီး အဘိုးအိုဆီသို့ လျှောက်သွားသည်။

'ကျွန်တော် စိတ်မကောင်းပါဘူး မစ္စတာရိုက်ကို'

အဘိုးအိုက ကျေးဇူးတင်ကြောင်း အီတလီဘာသာဖြင့် ပြန်ပြောသည်။ မှိန်နေသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို အကဲခတ်နေ၏။

'ကျုပ်သား တိုနီဟာ လူဆိုးတစ်ယောက်တော့ မဟုတ်ပါဘူးဗျာ၊ ရည်ရွယ်ချက်ကြီးမားတာ တစ်ခုတော့ ပြောစရာ ရှိတယ်လေ'

'ကျွန်တော် ယုံပါတယ် မစ္စတာရိုက်ကို၊ ဘယ်သူပဲဖြစ်ဖြစ် ပတ်ဝန်းကျင်က မျှသလောက် မဆိုးတတ်ကြပါဘူး ခင်ဗျာ'

အပြင်မှ အသံ ကြားရ၏။

'ပါပါ ဘယ်သူနဲ့ စကားပြောနေတာလဲ'

ကျွန်တော် လှည့်ကြည့်လိုက်တော့ တံခါးဝတွင် အမျိုးသမီးငယ်တစ်ယောက်နှင့် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရ၏။ လူရွယ်က အခေါင်းထဲမှ အလောင်းနှင့် မျက်နှာပေါ်ချင်း ဆင်သည်။ အနည်းငယ် ပိုဝပြီး ရုပ်ရည်ကြမ်းသည်မှ လွဲပြီး တစ်ပုံစံတည်း။

အမျိုးသမီးငယ်ကလည်း ဝတ်စုံနက်ကို ဝတ်ထား၏။ ခေါင်းပေါ်တွင် ဇာတဘက် ခြုံထားသည်။ မျက်နှာက ခပ်နွမ်းနွမ်းလှသည့် အလှမျိုး။

'ဒါက ကျုပ်သားအငယ် စတီဗင်လေ၊ သူက တိုနီရဲ့ ယေသူငယ်ချင်း အန်နာ ဒယ်လာ'

လူရွယ်က ကျွန်တော့်ကို စိုက်ကြည့်နေရာမှ အလန့်တကြား ဖြစ်သွားပြီး-

'ပါပါ၊ ဒီလူ ဘယ်သူဘယ်ဝါဆိုတာ ပါပါ သိလား'

အဘိုးကြီးက ခေါင်းယမ်းပြသည်။

'ကောင်မလေးရဲ့အဖေ ပါပါရဲ့။ သူ့ကို လက်ခံစကားပြောလို့ ဘယ်ဖြစ်မလဲ။ ရှေ့နေပြောတာ ပါပါ မမှတ်မိဘူးလား'

'ရှေ့နေ ဘာပြောပြော ဘာဂရုစိုက်စရာ လိုလဲ၊ သူ တိုနီ့အလောင်းကို ကြည့်နေတာ ... က ပါပါ အကဲခတ်နေတာ၊ သူဟာ တို့နဲ့အတူ စိတ်မကောင်း ဖြစ်နေတယ်'

'ဒါပေမဲ့ ပါပါ၊ ရှေ့နေက သေသေချာချာ မှာထားတယ်လေ၊ သူတို့နဲ့ စကားမပြောပါနဲ့တဲ့၊ တရားစွဲမယ်ဆိုရင် အမှု'

အဘိုးကြီးက သားလုပ်သူကို လက်ကာပြီး တားလိုက်သည်။

'ဟေ့ကောင်၊ နောက်မှ ရှေ့နေ သူ လုပ်စရာရှိတာ လုပ်ပါစေ၊ ခု တို့နှစ်ယောက်ဟာ အဝတ်ကွဲ သောကရောက်နေတဲ့ အဖေနှစ်ယောက်၊ အရှက်တကွဲ အကျိုးနည်းဖြစ်နေတဲ့ အဖေနှစ်ယောက်'



ကျွန်တော့်ဘက် ပြန်လှည့်ပြီး-

'ထိုင်ပါ မစ္စတာကေရီ၊ ကျုပ်သားကို ခွင့်လွှတ်ပါ၊ သူက ငယ်သေးတယ်လေ'

'ကျေးဇူးတင်ပါတယ် မစ္စတာရိုက်ကို'

လူငယ် အခန်းထဲမှ ဒေါသတကြီး ထွက်သွားသည်။

ကောင်မလေးက ကျွန်တော့်ကို စောင့်ကြည့်နေ၏။

ကုလားထိုင်နှစ်လုံး ဆွဲပြီး တစ်လုံးကို သူ့ရှေ့ တိုးပေးလိုက်သည်။ ပထမ သူ မရွံ့မရဲ လုပ်နေသည်။ ပြီးမှ ဝင်ထိုင်သည်။

'ဝမ်းနည်းပါတယ် မစ္စဒယ်လာ'

သူ ဘာမှ ပြန်မပြော ခေါင်းညိတ်ရုံ ညိတ်သည်။ ဖြူစင်သော မျက်နှာမှ နက်မှောင်သော မျက်လုံးများတွင် သောကရိပ်ကို တွေ့ရ၏။

အဘိုးကြီးက မေးသည်။

'မစ္စတာကေရီရဲ့ သမီးကလေးကော အခြေအနေ ကောင်းရဲ့လား'

ကျွန်တော် ဘာပြောရမှန်းမသိဘဲ ဖြစ်သွား၏။ ကျွန်တော့်သမီးက သူ့သားကို သတ်ထားသည့် ကလေး။ သူ့သား၏ အလောင်းနံဘေးတွင် အခြေအနေ ကောင်းပါတယ်ဟု ပြောရန်မှာ အလွန်ခက်ခဲသည့်ကိစ္စ ဖြစ်၏။ ကျွန်တော် အကျပ်တွေ့နေသည်ကို အဘိုးကြီး ရိပ်မိသွားပုံရသည်။ ခပ်တိုးတိုး ပြောသည်။

'အင်း ကလေးမလေး သနားပါတယ်၊ လူလားမှ မမြောက်သေးတာပဲ'

အဘိုးကြီးက ကျွန်တော့်ကို သေသေချာချာကြည့်ပြီး-

'ဘာဖြစ်လို့ ဒီကို လာခဲ့တာလဲ မစ္စတာကေရီ'

'ဦးရဲ့ သားအကြောင်း သိချင်တာနဲ့ ထွက်လာခဲ့တာပါ'

အဘိုးကြီး မျက်လုံးပြူးသွားသည်ကို မြင်လိုက်သဖြင့် ဖြည့်ပြောလိုက်သည်။

'ကျွန်တော် သူ့ကို သိက္ခာကျအောင်လုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး မစ္စတာရိုက်ကို၊ ကျွန်တော့်သမီးကလေးကို နားလည်ဖို့ လေ့လာတဲ့နေရာမှာ သူ့အကြောင်း သိဖို့ လိုလို့ပါ'

'ဘယ်လိုမှ မအောက်မေ့ပါနဲ့ မစ္စတာကေရီ၊ ကျွန်တော်တို့ တတ်နိုင်သမျှ ကူညီပါ့မယ်'

'ခုလို နားလည်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ တိုနီမှာ ရင်းနှီးတဲ့အပေါင်းအသင်းများ ရှိလား'

အဘိုးကြီးက ပခုံးတွန့်ပြီး-

'အပေါင်းအသင်း ဟုတ်လား၊ မရှိဘူး၊ သူနဲ့ လက်ထပ်မယ့် ဟောဒီ အင်နာက လွဲပြီး ဘယ်သူမှ မရှိဘူး၊ သူ့ညီတွေတိုင်တောင် သူက ပေါင်းတာ မဟုတ်ဘူး၊ သူက ရည်ရွယ်ချက်ကြီးတယ်လေ၊ အထက်တန်းလွှာထဲမှာ သူက ထင်ထင်ပေါ်ပေါ် ဖြစ်ချင်တယ်တဲ့လေ'

အဘိုးအိုက နာနာကြည်းကြည်း ပြုံးသည်။ မျက်လုံးတွေ ရီဝေသွားသည်။

'သူ ငယ်ငယ်က ခဏခဏ ပြောတာ မှတ်မိတယ်၊ 'ပါပါ ကမ်းနားတနေပြီး ဟိုတောင်ကုန်းပေါ် လှမ်းကြည့်စမ်းပါတဲ့၊ တစ်နေ့မှာ အဲဒီတောင်ကုန်းပေါ်က အိမ်ကြီးတွေမှာ ကျွန်တော် နေနိုင်အောင် ကြိုးစားမယ်'တဲ့။ 'အဲဒီမှာ ငါးညှီနံ့လည်း နံမှာ မဟုတ်ဘူး' တဲ့လေ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွဲပ်က ရယ်ပြီး သွား စာကျက်မှာ ကျက်၊ ဘောလုံးကစားစရာရှိ ကစား၊ တစ်နေ့ မင်း ဘောလုံးသမား ဖြစ်လာရင် ပါပါ့ကို ဆိပ်ကမ်းမှာ စားသောက်ဆိုင်ကြီးတစ်ဆိုင် ထောင်ပေး ဒါပေမဲ့ ခုကတည်းက အိပ်မက် မက်မနေနဲ့လို့ ပြောရတယ်။

'ဒါပေမဲ့ တိုနီဟာ အိပ်မက် မက်လျက်ပဲ။ ကျောင်းပြီးတော့ သူက ဘောလုံးသမား မလုပ်တော့ဘဲ ပန်းချီပန်းပု အနုပညာဘက် လိုက်မယ်တဲ့။ မုတ်ဆိတ်မွေးတွေ ဘာတွေထားပြီး ကော်ဖီဆိုင်မှာထိုင်၊ မိုးစုတ်စုတ်ချုပ်မှ အိမ်ပြန်၊ နေမြင့်မှထ၊ သူညီတွေနဲ့ ဘယ်တော့မှ ငါးမင်း မလိုက်ဘူး။ သူ့လက်ကလေးတွေကလည်း အလုပ်ကြမ်း လုပ်နိုင်မယ့် လက်မျိုး မဟုတ်ဘူး။ နုနုနယ်နယ်ကလေးတွေ၊ အသက်နှစ်ဆယ်ပြည့်တော့ ပန်းချီပန်းပု အရောင်းဆိုင်မှာ သူ အလုပ်ရ တယ်။ ပိုင်ရှင်အမျိုးသမီးက ဝဝကြီး၊ နောက်တစ်နှစ်အကြာမှာ အလုပ်တစ်ခု ထပ်ရတယ်၊ ဒီတစ်ခါ သူဝင်လုပ်တဲ့ ပြတိုက်က ရောမ ပြတိုက်ကြီး။

'တစ်နေ့မှာ အမျိုးသမီးချောချော တစ်ယောက်နဲ့ ကမ်းနားကို ရောက်လာတယ်။ 'ဒါ ကျွန်တော့် ဆရာကတော်'တဲ့၊ ပုစွန်တွေ တဝကြီး စားသွားကြတယ်၊ သူတို့ ကြည့်ရတာ ကလေးနှစ်ယောက်လို ပျော်နေကြတယ်၊ မကြာပါဘူး၊ သူ့ဆရာကတော်နဲ့ ဆရာ ကွာရှင်းပြတ်စဲ ကြောင်း သတင်းစာထဲမှာ ဖတ်ရတော့တာပဲ၊ သူ့အလုပ်အတွက် ကျွဲပ် စိတ်ပူမိသေးတယ်၊

'တစ်နေ့ အိမ်ပေါက်ချလာတယ်၊ စီးလာတဲ့ကားက နိုင်ငံခြားဖြစ်၊ ဝတ်လာတဲ့အဝတ် က နိုင်ငံခြားဝတ်စုံ၊ 'ပါပါ အားလုံး အိုကေသွားပြီ၊ ကျွန်တော့်ဆရာတတော်က သိပ်ချမ်းသာတာ ဘယ်မှာနေတယ် အောက်မေ့လဲ'တဲ့။

'ဘယ်သိမလဲ တိုနီ၊ မင်းကော ခု ဘယ်မှာနေလဲ' မေးတော့ တောင်ကုန်းပေါ်ကို လက်ညှိုးထိုးပြတယ်၊ 'ကျွန်တော် မပြောဘူးလား၊ တစ်နေ့ ကျွန်တော် အဲဒီအိမ်မျိုးမှာ နေနိုင် အောင် လုပ်မယ်လို့၊ ဒီမှာလို ငါးညှီနံ့ မနံဘူး ပါပါ' တဲ့လေ'

အဘိုးကြီး ခေါင်းကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် ကြည့်ပြီး-

'ခုတော့ သူ ဘာနံ့မှ မရတော့ဘူးပေါ့ဗျာ'

ခဏ ဆက်ထိုင်ပြီးတော့မှ ကျွန်တော် ထရပ်လိုက်သည်။

'ကျွန်တော့်ကို ခုလို ဧည့်ခံ စကားပြောဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာ ရီကို၊ ခုလိုအချိန်မျိုးမှာ လာပြီး အနှောင့်အယှက်ပေးရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ'

အဘိုးကြီးက ကျွန်တော့်ကို မျက်လွှာပင့်ကြည့်ပြီး ခေါင်းညိတ်သည်။ သို့သော် သူ့ မျက်လုံးများက ဘာကိုမှ မြင်ဟန်မတူ ရီဝေနေသည်။ အလောင်းဆီကို ပြန်ကြည့်ပြီး နှုတ်ခမ်း လှုပ်ရုံမျှ တိုးတိုးပြောသည်။

'ကျွန်တော့် သားအတွက် ဆုတောင်းတဲ့အခါ ခင်ဗျား သမီးကလေးအတွက်ပါ ကျွန်တော် ဆုတောင်းပေးပါ့မယ်'

အမျိုးသမီးကလေးကို ကျွန်တော် ငဲ့ကြည့်လိုက်သည်။

'မစ္စစထာဒယ်လာ'

ကလေးမက အဘိုးကြီးကို လှမ်းကြည့်သည်။ အဘိုးအိုက သား၏ အလောင်းကို ငေးကြည့်နေဆဲ။ အင်နာစထာဒယ်လာက ကျွန်တော့်ကို ကပ်ပြောသည်။

'အပြင်မှာ ကျွန်မကို စောင့်နေ'



ကျွန်တော် ခဏ သူ့ကို ကြောင်ကြည့်နေမိသည်။ ပြီးမှ ခေါင်းညိတ်ပြလိုက်၏။ ကျွန်တော် အခန်းထဲမှ ထွက်ခဲ့၏။ အငယ်ကောင်ကို အခန်းအပြင်ဘက်တွင် တွေ့ရသည်။ ကျွန်တော့်ကို မျက်မှောင်ကုတ် ကြည့်နေသည်။ ဓာတ်လှေကားကို မစောင့်တော့ဘဲ ရိုးရိုး လှေကားမှ ကျွန်တော် ဆင်းလာခဲ့၏။ ကားကို မှီပြီး ကျွန်တော် စောင့်နေသည်။ တစ်ခဏအတွင်း သူ ရောက်လာ၏။ ကားနားကို ရောက်ရောက်ချင်း-

'မြန်မြန်လုပ်ပါ၊ သူတို့သားအဖ ကျွန်မတို့ မြင်မသွားစေချင်ဘူး'

သူ့ကို ကျွန်တော် တံခါးဖွင့်ပေးလိုက်သည်။ ပြီးတော့ ကျွန်တော်ပါ ခပ်သွက်သွက် ဝင်ပြီး မောင်းထွက်လာခဲ့၏။

'ဘယ်ကို မောင်းရမလဲ'

ကောင်မလေးက စိတ်လှုပ်ရှားနေသည့် အသံဖြင့်-

'ဘယ်ကိုဖြစ်ဖြစ် ဒီက ဝေးဝေးရောက်ရင် ပြီးရော'

ချိုးလိုက် တွေ့လိုက်ဖြင့် ကျွန်တော် မောင်းချလာခဲ့သည်။

မိုင်ဝက်လောက် ရောက်သည်အထိ သူ ဘာမှ မပြောသေး။

'ရှင် စာတွေကိုစွ လိုက်လာတာ မဟုတ်လား မစ္စတာကေနီ'

ကျွန်တော် အလန့်တကြား သူ့ကို လှမ်းကြည့်လိုက်သည်။ ဒါလောက် လွယ်လွယ် ခြေရာခံ၍ရမည် မထင်ခဲ့။

'စာတွေ မင်းဆီမှာပေါ့ ဟုတ်လား'

သူ ဘာမှ ပြန်မပြော။

'မြှမ်းခြောက်မှုဆိုတာ နည်းတဲ့အပြစ် မဟုတ်ဘူးနော်၊ တစ်သက်လုံး ထောင်ထဲက မထွက်ရဘဲ ဖြစ်သွားနိုင်တယ်'

'ကျွန်မဆီမှာ မရှိပါဘူး၊ ဒါပေမဲ့ ဘယ်သူ့ဆီမှာ ရှိတယ်ဆိုတာ ကျွန်မ သိတယ်'

သူ့မျက်လုံးတွေက မျက်ရည်တွေ ပြည့်လျှံလာသည်။

'သိပ်ဒုက္ခပေးတဲ့ တိုနီ၊ ငရဲကို စောက်ထိုးကျပါစေ'

ဒေါသတကြီး ကျိန်ဆဲနေသည်။

'ကျွန်မ သူ့စကားကို လုံးဝယုံဖို့ မကောင်းခဲ့ဘူး၊ ကျွန်မကို ပေးပေးချင်း ဒီစာတွေကို မီးရှို့ပစ်လိုက်ရမှာ'

ကားကို လမ်းနံဘေးတွင် ထိုးပြီး စက်သတ်လိုက်သည်။

'ဒါဖြင့် ဒီစာတွေ ဘယ်မှာလဲ'

အမျိုးသမီးက မျက်ရည်သုတ်ရင်း-

'ကျွန်မ အစ်တိုဆီမှာ'

'မင်း အစ်တိုက ဘယ်မှာလဲ၊ ကိုယ် သူနဲ့ တွေ့ချင်တယ်'

ခုထိ သူ ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်သေးဘဲ-

'သူ ဘယ်ရောက်နေမှန်း ကျွန်မ မသိဘူး၊ သောကြာနေ့က ကျွန်မဆီ ရောက်လာ တယ်၊ အဲဒီနောက်ပိုင်း မတွေ့ရတော့ဘူး'

'မင်း သူ့ကို ပေးလိုက်တယ် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို သူ ပစ်သွားတာ၊ ကျွန်မဆီကို သူ ဆယ်နာရီခွဲမှာ ရောက်လာတယ်၊ တိုနီက စာတွေ တောင်းခိုင်းလိုက်လို့လို့ ပြောတယ်၊ ကျွန်မ ပေးလိုက်တာပေါ့၊ ဒါတွေကို ကိုင် မှ မထားချင်တာ၊ ဆယ့်တစ်နာရီမှာ ရုပ်မြင်သံကြားအတင်း ကြည့်ရတော့မှ ကျွန်မ အပတ်ခံရပြီ၊ သူ ဒီလိုပဲ လုပ်တော့မယ်ဆိုတာ သိလိုက်တယ်'

'ဘယ်လိုကြောင့် မင်း ဒီလို တွေးမိတာလဲ'

သူ ကျွန်တော့်ကို လှမ်းကြည့်သည်။

'လိုရန်ဂိုနဲ့ တိုနီနဲ့က တစ်ပုံစံတည်းတွေလေ၊ ငွေရပေါက်ကို အမြဲရှာနေတာ၊ တိုနီ စာလာပေးတုန်းက ကျွန်မအခန်းမှာ သူ ရှိနေတာကိုး၊ တိုနီ ပြော်သွားတာလည်း သူ အားလုံး ကြားတယ်လေ၊ ကျွန်မက ဒါတွေကို မီးရှို့ပစ်ချင်တာ၊ တိုနီက ဒါတွေဟာ သူတို့ရဲ့ အာမခံ ပေါ်လစီပဲတဲ့။ အဘွားကြီးက သူ့ကို ကန်ထုတ်တဲ့အခါမှာ ဒီစာတွေဟာ ငွေတုံးငွေခဲတွေ ဖြစ်လာမယ်တဲ့ အဲဒီငွေတွေနဲ့ တို့ဘဝကို တည်ထောင်မယ်တဲ့လေ။

'ကျွန်မကိုတော့ ဘာမှ မခြွင်းမချန် ပြောတယ်၊ သူကြုံလိုက်ရင် အချိုကြီးတွေချည်း မစ္စဟေဒင်ဆီမှာ အလုပ်စဝင်ကတည်းက သိပ်မကြာစေရပါဘူးတွာ၊ အမျိုးသမီး ငါ့ကိုကျနေပြီတဲ့၊ နောက်ပိုင်းကျတော့ ငါ့ကို ခွာချင်နေပြီ၊ သူက ငါ့ကိုအရူးအမူး ဖြစ်နေတယ်တဲ့၊ မင်း ဘာမှမပူနဲ့၊ ငွေတွင်းကြီး ရထားပြီတဲ့'

'စာတွေကို မင်း ဖတ်ကြည့်သလား'

သူ ခေါင်းယမ်းသည်။

'ကျွန်မဆီ ပေးကတည်းက စာအိတ်ညိုကြီးနဲ့ ထုပ်ပြီး ချိတ်ပိတ်ထားတာ'

'ကိုယ့်သမီးအကြောင်း သူ မင်းကို ဘာများ ပြောပြဖူးလဲ'

'ဟင့်အင်း. . . မပြောပါဘူး၊ အဲ. . နေဦး လွန်ခဲ့တဲ့ တစ်နှစ်လောက်က တစ်ခါ ပြောဖူးတယ်၊ ကောင်မလေးက သိပ်လှလာတယ်၊ ထွားလည်း ထွားလာတယ်တဲ့၊ ဒါပေမဲ့ အဘွားကြီးက ကောင်မလေး ကြီးလာမှာကို လန့်နေတယ်တဲ့'

'နောက်တော့ ဘာပြောသေးလဲ'

'တခြားတော့ ဘာမှ မပြောပါဘူး'

'ဒီစာတွေအကြောင်း သိတာ မင်းတို့ မောင်နှမနှစ်ယောက်တည်းလား၊ သူတို့ ညီအစ်ကို တွေတော'

'သူတို့ ညီအစ်ကိုတွေ မသိကြပါဘူး၊ တိုနီနဲ့ သူတို့နဲ့ လုံးလုံးမတည့်ကြဘူးလေ သူတို့က တိုနီတို့ကို လူပေါ်ကြော့လို့ ထင်ကြတယ်၊ တိုနီကလည်း သူတို့နဲ့ တန်းမတူသလို နေတယ်၊ ဘယ်တော့မှ ပြောမှာ မဟုတ်ပါဘူး'

ကျွန်တော် စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိနေစဉ် သူ မေးသည်။

'မစ္စတာကေရီဆီကို ရန်ဂို ရောက်လာသလား'

'မလာပါဘူး၊ ကိုယ့်ယောက္ခမဟောင်းကြီးဆီ စာရေးလာတာ၊ စာတွေ ပြန်လိုချင်ရင် ပိုက်ဆံတွေ အများကြီး ပေးရမယ်တဲ့။ မင်းအစ်ကို ဘယ်မှာနေလဲ၊ သွားရှာရင် တွေ့မှာပေါ့'

'ကျွန်မ ကြိုးစားပြီးပါပြီ၊ သူ နေတဲ့အခန်းက ပြောင်းသွားပြီ၊ ဘယ်ပြောင်းသွားမှန်းလဲ မသိဘူး'

'သူမှာ ရည်းစားသနာကော မရှိဘူးလား'



အင်နာက ခေါင်းယမ်းပြီး-

'တွဲတဲ့ ကောင်မလေးကတော့ အများကြီးပဲ၊ ဒါပေမဲ့ ဘယ်သူနဲ့မှ စွဲစွဲမြဲမြဲ မရှိပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက် မေမေ ဆုံးပြီးတော့ သူအိမ်က ဆင်းသွားတာ။ ကျွန်မဆီကို ပိုက်ဆံပြတ်တဲ့အခါလောက်ပဲ လာတယ်လေ'

'ဒါဆို မင်းက တစ်ယောက်တည်း နေတာပေါ့'

ခေါင်းညိတ်ပြပြီး မျက်ရည်တွေကျလာသည်။

'တစ်နေ့နေ့တော့ ကျွန်မဆီကို တိုနီ ပြန်ရောက်လာမယ်လို့ ထင်ခဲ့တယ်'

'ကိုယ် စိတ်မကောင်းပါဘူး မစ္စစထာဒယ်လာ'

'ကျွန်မ အစ်ကိုကို ဘာလုပ်မလဲဟင်'

'ဘာမှ မလုပ်ပါဘူး၊ ကြာသပတေးနေ့မတိုင်ခင် သူ့ကို ရှာပြီး စာတွေရအောင် ပြန်ယူရုံပါပဲ'

'မရဘူးဆိုရင်ကော'

'ကြာသပတေးနေ့မှာ အဘွားကြီးနဲ့ သူ ဆက်သွယ်လိမ့်မယ်၊ ငွေနဲ့စာနဲ့ အလဲအလှယ် လုပ်နေတုန်း ရဲနဲ့ စောင့်ဖမ်းမယ်လေ'

သူ ငြိမ်ပြီး စဉ်းစားနေသည်။

'မနက်ဖြန် နေ့လယ်ပိုင်း ကျွန်မ ရှင့်ကို ဘယ်မှာတွေ့နိုင်မလဲ'

'ကိုယ်က လျှောက်သွားနေတာ၊ မင်းဆီကို ကိုယ် လာခဲ့မယ်'

'ကောင်းပြီလေ'

သူ လက်ပွေ့အိတ်ကလေးထဲမှ မှတ်စုစာအုပ်ကလေးထဲတွင် တယ်လီဖုန်းနံပါတ် ရေးပြီး စာရွက်ကို ဆွဲဖြဲကာ ကျွန်တော့်ကို ပေးသည်။

'လေးနာရီအထိ ကျွန်မဆီ ဆက်ပါ။ ကျွန်မ ရန်ဂိုကို မတွေ့တွေ့အောင် လိုက်ရှာထားမယ်'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

'ဘယ်လိုလဲ ဆယ်လီ၊ ကောင်မလေးမှာ တစ်ခုခု ရှိနိုင်သလား'

မာရီယံ စပိုက်စာက ကော်ဖီနှစ်ခွက် စားပွဲပေါ် ချရင်း ဆယ်လီဂျန်နင်းကို မေးလိုက်သည်။

ဆယ်လီက ကော်ဖီကြမ်းကို တစ်ကျိုက်မော့ရင်း-

'အနည်းနဲ့ အများတော့ ရှိမှာပေါ့၊ ဒါကြောင့် သူ ဒီနေရာကို ရောက်နေတာလေ၊ ဘယ်လောက်ထိ သူ စိတ်ဒဏ်ရာရသွားတယ် ဆိုတာတော့ ပြောရခက်တယ်၊ ဒါပေမဲ့ သိပ် ပြင်းပြင်းထန်ထန် မဟုတ်တာတော့ သေချာတယ်၊ ခုထိ ကိုယ် တိတိကျကျ မရသေးဘူး၊ ဒါပေမဲ့ အချိန်တန်ရင် အလိုအလျောက် ပွင့်လာမှာပါ'

'ခုထိ မပြောသေးဘူးနော်'

'မပြောသေးဘူး၊ ဒါပေမဲ့ တစ်ခုတော့ ကိုယ်ရလိုက်ပြီ'

မာရီယံ သိချင်စိတ်ဖြင့် ဆယ်လီဂျန်နင်းကို လှမ်းကြည့်လိုက်သည်။

'သိပ်များများစားစား မဟုတ်ဘူး၊ ဒါပေမဲ့ သဲလွန်စတော့ ရပြီဆိုပါတော့၊ သူ့အမေ သူ့ကို ချစ်တယ်ဆိုတာကို ကောင်မလေးက သိပ်ယုံချင်တယ်ဆိုတဲ့ အချက်ပဲ မာရီယံ'

'ဒန်နီက သူ့မှာ အပြစ်ရှိနေလို့ မအေ့အချစ်ကို ပိုပြီးရချင်တဲ့ သဘောလား'

စိတ်ပညာရှင် ပြုံးသည်။



'ဒီလို အလောတကြီး ကောက်ချက်ဆွဲပစ်လို့ မဖြစ်သေးဘူး မာရီယံ၊ ဘယ်သားသမီး ဖြစ်ဖြစ် မိဘတွေအပေါ် အနည်းနဲ့အများ အပြစ်ကျူးလွန်မိကြတာချည်းပဲ'

'မဟုတ်ဘူးလေ၊ မာရီယံ ပြောတဲ့အပြစ်က အသေးအဖွဲ သာမန်အပြစ်မျိုး မဟုတ်ဘူး'

'မင်း ပြောချင်တာက သူ့အမေရဲ့ ချစ်သူကို ဒန်နီက လုယူတယ်ဆိုတဲ့ အပြစ်မျိုးလား'

'ဟုတ်တယ် ဆယ်လီ၊ ပထမ အရယူတယ်၊ နောက် သတ်ပစ်တယ်'

ဂျန်နင်းက စီးကရက်တစ်လိပ် ထုတ်ညှိပြီး ကော်ဖီတစ်ကျိုက် မော့သည်။

'မင်းပြောတာ တစ်ပိုင်းတော့ မှန်တယ်၊ ဒါပေမဲ့ ငါ့ လိုချင်တာက ဒန်နီ့ရင်ထဲမှာ မြုပ်နေတဲ့ ဇာစ်မြစ်ကို ဖော်ထုတ်ဖို့ပဲ၊ အဲဒါ ရပြီဆိုရင် ကိုယ်တို့ ဆက်စဉ်းစားနိုင်ပြီ'

'တရားသူကြီးက သူတို့ ကွာရှင်းတဲ့စာချုပ်ကို တောင်းကြည့်ခိုင်းတယ် ဆယ်လီ'

'ဟုတ်လား'

ဆယ်လီဂျန်နင်း မျက်ခုံးတွေ မြင့်တက်သွားသည်။

'ဘာတွေ့တွေ့လဲ'

'ဘာမှ ထူးထူးထွေထွေ မတွေ့ပါဘူး၊ ထုံးစံအတိုင်းပဲ၊ ရုံးမရောက်ခင် အားလုံး စီစဉ်ပြီးသား ဖြစ်မှာပါ၊ ထူးဆန်းတာ တစ်ခုတော့ ရှိတယ်၊ အမျိုးသမီးက ကာနယ်ကေရီကို ဒန်နီနဲ့ တွေ့ခွင့် မရအောင် တရားခွင်မှာ ကြိုးစားတယ်ဆိုတဲ့ အချက်ပဲ'

'ဒါကလည်း ရှင်းပါတယ် မာရီယံရယ်၊ ကွဲသွားကြတဲ့ မိဘတိုင်းဟာ သားသမီးနဲ့ ပတ်သက်ပြီး မနာလိုဖြစ်ကြတာချည်းပဲ၊ အပိုင်လက်ဝါးကြီး အုပ်ချုပ်ချင်ကြတာချည်းပဲ'

'ဒါပေမဲ့ သူ့အကြောင်းပြပုံက ရက်စက်လိုက်တာ၊ ကာနယ်ကေရီဟာ ဒန်နီရဲ့အဖေ မဟုတ်ဘူးတဲ့'

ဆယ်လီဂျန်နင်း စဉ်းစားနေသည်။ မာရီယံက-

'ဘာတွေ စဉ်းစားနေတာလဲ ဆယ်လီ'

'ကွာရှင်းဖို့ ရုံးကို ရောက်ကြပြီဆိုရင် ဒါမျိုးတွေ ဖြစ်တတ်ကြပါတယ်၊ အဲဒါကို ဒန်နီ သိ မသိဆိုတာ ကိုယ် စဉ်းစားနေတာ'

'သိနိုင်မယ် ထင်လား'

'ကလေးတွေဟာ လူကြီးတွေရဲ့ လျှို့ဝှက်ချက်တွေကို သိပ်သိတတ်ကြတယ်၊ ဒါကို သူ သိနေမယ်ဆိုရင် တို့လုပ်တာတွေ တလွဲချည်းပဲ'

ဆယ်လီက အမှုထိန်းအရာရှိအမျိုးသမီးကို တစ်ချက် ကြည့်လိုက်ပြီး-

'တကယ်ပဲ သူ့စိတ်အနေ သိပ်မမှန်ဘူးဆိုတာ သေချာရင်တော့ ကိုယ် ဘာဆက်လုပ်ရမယ်ဆိုတာ သိမှာပါ'

'စိတ်ပိုင်းဆိုင်ရာ ဘာမှ မချို့ယွင်းဘူးဆိုရင်ကော'

'ဒါဆိုရင်တော့ မင်း သိတဲ့အတိုင်း ရက်ကိုးဆယ် လေ့လာရေးစခန်းကို ပို့ရမှာပေါ့'

မာရီယံ ဘာမှ မပြောတော့။ ဆယ်လီ စကားဆက်သည်။

'ကိုယ်တို့ ဘာမှ မတတ်နိုင်တော့ဘူးလေ၊ လူ့အသိုင်းအဝိုင်းထဲ ပြန်ဝင်ဖို့ သင့် မသင့် သူ့ကို တို့က ထောက်ခံပေးရမှာဆိုတော့ သိပ်အရေးကြီးတယ်၊ သေသေချာချာကို လေ့လာရမယ်'

'မနက်ဖြန်လောက် သူ့ပွင့်ချင်လည်း ပွင့်ထွက်လာနိုင်ပါသေးတယ် ဆယ်လီရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ မာရီယံ၊ သူ့အမေနဲ့ မင်း ဘယ်တော့ သွား တွေ့မလဲ'

'ဒီညနေပဲ၊ ခဏနေ သွားတော့မှာ'

* * *

ထိုနေ့ ညနေပိုင်းတွင် မာရီယံ စပိုက်စာကို ဘဏ္ဍာစိုးကြီး ချားလ်စ်က ကြိုဆိုပြီး အိမ်ကြီးထဲသို့ ခေါ်လာခဲ့သည်။

ဧရာမခန်းမကြီးထဲမှ ကျောက်သားလှေကားဝိုင်းကြီးများကို ဖြတ်ပြီး အိမ်မကြီး၏ တစ်ဘက်စွန်းသို့ ခေါ်သွားသည်။ အိမ်ကြီးကို ပြင်ဆင်မွမ်းမံထားပုံမှာ အဆင့်အတန်းမြင့်လှ၏။ အနုပညာမြောက်လှ၏။

တစ်နေရာ အရောက်တွင် ဘဏ္ဍာစိုးကြီးက တံခါးကို ဆွဲဖွင့်ပေးရင်း-

'ဝင်ပါ ခင်ဗျာ၊ မစ္စနဟာဒင် စောင့်နေပါတယ်'

အခန်းမှာ ပန်းပုစတူဒီယိုခန်း ဖြစ်၏။ အလင်းရောင် အများကြီးရသည့် ဧရာမအခန်း ကြီး ဖြစ်သည်။ မြောက်ဘက် နံရံတစ်ခုလုံးမှာ ထူထဲလှသော မှန်ချပ်ကြီး ဖြစ်၏။ သည်မှန်ချပ်ကြီး ကို ဖြတ်သန်းပြီး တံတားကြီးကို မြင်ရသည်။ တံတား၏ ဟိုဘက်မှ ဥက္ကလန်ကိုပါ လှမ်းမြင်နေရ ၏။

ပြတင်းပေါက်တစ်ခုအနားတွင် နီရာ အလုပ်လုပ်နေသည်။ လက်ထဲမှ သံဂဟေဆက် က မီးတဖွားဖွားဖြင့်။ မျက်နှာကို မှန်အုပ်ဆောင်း စွပ်ထားသည်။ အရောင် လွင့်ပြယ်ကာ စွန်းထင်းပေကျံနေသည့် လက်အိတ်ကို စွပ်ထား၏။ မာရီယံကို တစ်ချက်လှည့်ပြီး ပြောသည်။

'ခဏလေးနော်'

မှန်ခေါင်းစွပ်အောက်မှ ထွက်လာသည့်အသံက ခပ်တိုးတိုး။

မာရီယံက ခေါင်းညိတ်ပြီး နီရာ့ကို ရပ်ကြည့်နေသည်။ သတ္တုချောင်းတွေကို ဟိုဒီ သည်စပ်ဖြင့် ခပ်သွက်သွက် လုပ်နေခြင်း ဖြစ်၏။ ဘာပုံပေါ်လာမည်ကို မာရီယံ လုံးဝ မခန့်မှန်း တတ်။ စတူဒီယိုအခန်းကို အကဲခတ်ကြည့်လိုက်သည်။

စားပွဲပေါ်တွင် အရုပ်ပေါင်းများစွာ၊ အသုံးပြုထားသည့် ပစ္စည်းများကလည်း စုံလှ၊ သစ်သား၊ ကျောက်တုံး၊ သံ၊ သတ္တု၊ ဝိုင်ယာကြိုး၊ လူသား၏ လက်ဖြင့် ဖန်တီးမှုကြောင့် ယင်း သက်မဲ့ပစ္စည်းများသည် အသက်ဝင်လှုပ်ရှားတော့မယောင် ဖြစ်လာကြ၏။

နံရံပေါ်တွင် ပန်းချီကားကြီးတွေ၊ ဓာတ်ပုံတွေ ချိတ်ထား၏။ မာရီယံ လျှောက်သွား သည်။ 'သေလူ' ရုပ်တု၏ မူရင်းမီးသွေးခဲကောက်ကြောင်းပုံကြီးကိုလည်း ချိတ်ထား၏။ 'သေလူ' မှာ နယူးယောက်မြို့ ဂေါ်ဂင်ဟိန်းပြတိုက်တွင် ရောက်နေပြီ။

ယှဉ်လျက်ပုံမှာ 'ပိုက်ကွက်တွင်းမှ အမျိုးသမီး' ဓာတ်ပုံ ဖြစ်၏။ ၎င်းရုပ်တုမှာ နီရာ အီလီယိုဖိုယ်ဆုရသည့် ရုပ်တု ဖြစ်သည်။

အပေါ်ဆုံး ပုံကြီးမှာ ကုလသမဂ္ဂအတွက် ထုလုပ်သည့် 'အမျိုးသမီးများ၏ ကမ္ဘာ သည် ငြိမ်းချမ်းခြင်း ဖြစ်သည်' အမည်ရှိ ရုပ်တုကို ပြန်ရိုက်ထားသည့် ဓာတ်ပုံကြီး ဖြစ်၏။ သတ္တုပစ္စည်း တစ်ခုခုချသံ ကြားလိုက်သဖြင့် မာရီယံ လှည့်ကြည့်လိုက်သည်။ နီရာက သံဂဟေ



ဆက်ကလေးမှ မီးလျှံပြာပြာကလေးကို ငြိမ်းလိုက်၏။ လက်အိတ်ကို ဆွဲချွတ်သည်။ မျက်နှာဖုံးကို ပင့်တင်သည်။

'စောင့်နေရတာ အားနာစရာကြီး။ ဒါပေမဲ့ အလုပ်လက်စနဲ့ ဖြစ်နေလို့ပါ မစ္စစပိုက်စာ'

မာရီယံ ဘာမှမပြောဘဲ နောက်မေးခွန်း အလာကို စောင့်နေလိုက်သည်။ ဒန်နီ နေကောင်းရဲ့လားဟု မလွှဲမသွေ မေးမည် ထင်၏။ သို့သော် မေးမလာပါ။

နီရာက ခေါင်းစွပ်ကို ဆွဲချွတ်လိုက်သည်။ မည်းနေသည့် လက်ဖြင့် ပါးကို ထိသွားပြီး ပေကျံကုန်သည်။

'အလုပ်တွေက ပုံနေတာ၊ ဒီကိစ္စပေါ်လိုက်တော့ အားလုံး နှောင့်နှေးကုန်တယ်'

'ကျွန်မနဲ့က ခဏလေး ပြီးသွားမှာပါ'

အမှုထိန်းအရာရှိမကို ဖျတ်ခနဲ လှမ်းကြည့်သည်။ တမင် သရော်ပြီး ပြောတာလား ဟု အကဲခတ်ခြင်း ဖြစ်၏။

'လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့'ဟု ပြောပြောဆိုဆို နံရံမှ ခလုတ် တစ်ခုကို နှိပ်လိုက်သည်။

တစ်မုဟုတ်ချင်း ဘဏ္ဍာစိုး ရောက်လာသည်။

'ဟုတ်ကဲ့ မမလေး'

'လက်ဖက်ရည်သောက်မယ် ချားလ်စ်'

ချားလ်စ် ခေါင်းညိတ်ပြီး ပြန်ထွက်သွားသည်။ အခန်းထဲရှိ ကော်ဖီစားပွဲဆီသို့ လျှောက် သွားပြီး နေရာပေးသည်။

'ထိုင်ပါ မစ္စစပိုက်စာ'

နှစ်ယောက်သား မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။ နီရာ စကားစသည်။

'ဒန်နီ့အကြောင်း ကျွန်မ ပြောရမယ်ပေါ့ ဟုတ်လား'

မာရီယံက ခေါင်းညိတ်ပြလိုက်၏။

ကော်ဖီစားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းဆွဲရင်း-

'ကျွန်မ ဘယ်က စပြောရမှန်းတောင် မသိဘူး၊ ဒန်နီတာ သိပ်ထူးခြားတဲ့ ကလေး တစ်ယောက်ပဲ'

ကျေကျေနပ်နပ်နှင့် ပြောခြင်းလား၊ မကျေမနပ်နှင့် ပြောခြင်းလား မာရီယံ မဝေခွဲ တတ်၊ သို့သော် သူ ပြောသည့်လေသံမှာ ညည်းညူသံ ပါနေသည်ဟု စိတ်ထဲက ထင်လိုက်၏။

'ကျွန်မတို့ စစ်ဆေးပြီးသလောက်ဆိုရင် ဒန်နီဟာ သိပ်ပြီး အသိဉာဏ်ထက်တဲ့ ကလေး၊ သိပ်လေးလေးနက်နက် တွေးတဲ့ ကလေးဆိုတာ သိရတယ် မစ္စဟောဒင်'

နီရာက မာရီယံစပိုက်စာကို စိုက်ကြည့်ပြီး-

'ဟုတ်လား၊ ကြားရတာ ဝမ်းသာစရာပဲ'

'အံ့ဩသွားတယ် ထင်တယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေါ့လေ၊ ဘယ်မိဘကမှ ကိုယ့်သားသမီးရဲ့ အရည်အသွေးကို မှန်မှန် ကန်ကန် တန်ဖိုးမဖြတ်ကြပါဘူး'

မာရီယံ ဘာမှ ပြန်မငြင်းခုံ။ ဂရုစိုက်သော မိဘများ သားသမီးအကြောင်း သိကြပါ သည်ဟု တွေးရင်း-

www.burmeseclassic.com

www.burmeseclassic.com



'ဒန်နီအိမ်မှာ နေပုံထိုင်ပုံကလေးတွေ အကြမ်းဖျင်း ပြောပြပါဦး၊ ဒန်နီရဲ့ ကျောင်းသူဘဝကိုတော့ ကျွန်မ လေ့လာပြီးပါပြီ'

နိုရာက မာရီယံကို အထူးအဆန်းလို ကြည့်လိုက်သည်။

'ဒါဆို မစ္စတာရန်ဒေါ်ရဲ့ကျောင်းကို ရောက်ခဲ့ပြီပေါ့၊ ဟုတ်လား'

မာရီယံ ခေါင်းညိတ်သည်။

'ဒန်နီဟာ ကျောင်းမှာ လူချစ်လူခင် သိပ်ပေါတာ၊ ဆရာတွေရော ကလေးတွေပါ သူ့ကို အားလုံး ချစ်ကြတာပဲ'

မိန်းကလေးများ၏ သာမန်လှုပ်ရှားမှုများတွင် ဒန်နီ စိတ်မဝင်စားကြောင်းတော့ မာရီယံ ထည့်မပြောလိုက်။ ဒန်နီသည် ကျောင်းတွင် ခပ်အေးအေးကလေး နေသော်လည်း အပေါင်းအသင်းတော့ နည်းသေသည်။ တစ်ယောက်တည်း နေလေ့ရှိ၏။

ကပွဲများ၊ ညေ့ခံပွဲများတွင်လည်း ရွယ်တူ တန်းတူတွေကို စိတ်မဝင်စားဘဲ ကိုယ့်ထက် အသက်ကြီးသူများနှင့်သာ တွဲလေ့ရှိသည်။

'ခုလို ကြားရတာ ကျွန်မ ဝမ်းသာပါတယ် မစ္စစပိုက်စာ'

ချားလ်စ် ဝင်လာပြီး လက်ဖက်ရည်ထည့်ပေးတော့ သူတို့စကားပြတ်နေကြသည်။ ချားလ်စ် ဦးညွှတ်ပြီးထွက်သွားတော့မှ နိုရာ မာရီယံကိုကြည့်ပြီး-

'ကျွန်မတို့ ဘယ်က စကြမလဲ'

'ကြိုက်တဲ့နေရာက စပါ၊ ဒန်နီ့အကြောင်းပိုသိလေ၊ သူတို့ ကျွန်မတို့ ပိုပြီး အကူအညီ ပေးနိုင်လေ ဖြစ်မှာပါ'

နိုရာက ခေါင်းညိတ်ပြီး-

'အိမ်မှာတော့ ဒန်နီဟာ သာမန် ရိုးရိုးကလေးတစ်ယောက်ပါပဲ၊ သူ မွေးကတည်းက ငှားထားတဲ့ ဆရာမနဲ့ ဂရုတစိုက် ထားခဲ့ပါတယ်။ သူ တော်တော်လေး အရွယ်ရောက်လာမှ ဆရာမ ထွက်သွားတယ်လေ၊ ဒန်နီက သူ ကြီးလာပြီ၊ မလိုတော့ဘူးပေါ့၊ ဒါနဲ့ ကျွန်မလည်း ထွက်ခွင့်ပြုလိုက်တယ်'

'ဒန်နီကိုယ်တိုင်က တောင်းဆိုတာ ဟုတ်လား'

'ဟုတ်ပါတယ်၊ သူ ကလေး မဟုတ်တော့ဘူးတဲ့'

'ဆရာမ မရှိတော့တဲ့နောက်ပိုင်း သူ့ကို ဘယ်သူ ကြည့်ပေးပါသလဲ မစ္စဟော့ဒင်'

'ဒန်နီဟာ အမြဲတမ်း ကိုယ်ထူကိုယ်ထ လုပ်ချင်တဲ့ ကလေးပါ၊ သူ့အဝတ်အစား ကိစ္စကိုတော့ ကျွန်မရဲ့အိမ်ဖော်ကလေး ပိုင်အိုလက်က လုပ်ပေးပါတယ်၊ ဒါထက်ပိုပြီး သူ့အတွက် ဘာမှ မလိုပါဘူး'

'အပြင်ကို အထွက်များသလား၊ ကျွန်မ ဆိုလိုတာက သူနဲ့ ရွယ်တူ မိန်းကလေး ယောက်ျားလေးတွေနဲ့ ပြောတာ'

နိုရာ ခဏ စဉ်းစားသည်။

'ကျွန်မ စဉ်းစားမိသလောက်တော့ မရှိသလောက်ပဲ၊ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ကျွန်မက သိပ်အလုပ်များတော့ မသိလိုက်တာတော့ ရှိချင် ရှိမှာပေါ့၊ သမီးကို ကျွန်မ လုံးဝ မချုပ်ချယ်ပါဘူး၊ ကျွန်မ ငယ်ငယ်တုန်းက ကျွန်မအမေဟာ အပြင်ထွက်ရင် သိပ်အမေးအမြန်းထူတာပဲ၊ ဒန်နီကို အဲဒီလို မဖြစ်စေရဘူး ဆိုပြီး ကျွန်မ သတိထားခဲ့ပါတယ်။



'တလောက သူ ညေ့ခံပွဲတစ်ခုက ပြန်လာလို့တောင် သမီး ပျော်ခဲ့ရဲ့လားလို့ မေးလိုက်မိသေးတယ်၊ ပျော်ပါတယ်တဲ့၊ ဘာအစီအစဉ်တွေ ပါလဲ မေးတော့ ခါတိုင်းလိုပါပဲတဲ့။ ကကြတယ်၊ ကစားကြတယ်တဲ့၊ အဲဒီမှာ သူ တစ်ခုပြောတာ ကျွန်မ မှတ်မိနေတယ်၊ 'ကစားနည်းတွေက ကလေးနည်းတွေ၊ သိပ်ပျင်းစရာကောင်းတာပဲ မေမေ'တဲ့၊ သူ ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်မ သိတယ်၊ ကျွန်မလည်း သူ့အရွယ်တုန်းက ဒီအတိုင်း ခံစားခဲ့ဖူးတာကိုး'

'သူနဲ့ မစ္စတာရီကိုရဲ့ ဆက်ဆံရေးက ဘယ်လိုပါလဲ မစ္စဟော့ဒင်'

နိုရာက ဖျတ်ခနဲကြည့်ပြီး အလောတကြီးလေသံဖြင့် ဖြေသည်။

'ကောင်းပါတယ်'

သူ့အသံက သိပ်ပြီး မှုမမှန်ချင်။

'ရစ်ကီကို သူ သိပ်ခင်တယ်လေ၊ ကျွန်မ အပေါင်းအသင်းတွေကို သူ ခင်တာချည်းပါပဲလေ'

'အမျိုးသား အပေါင်းအသင်းတွေကို ပြောတာလား'

နိုရာ ခဏကြောင်နေပြီးမှ ခေါင်းညိတ်သည်။

'အင်း ဆိုပါတော့၊ ကျွန်မမှာ အမျိုးသမီးမိတ်ဆွေ မရှိလှပါဘူး၊ ကျွန်မ လုပ်ငန်းက မိန်းမတွေ စိတ်ဝင်စားတဲ့ လုပ်ငန်းမှ မဟုတ်တာ'

'ဒန်နီဟာ မစ္စတာရီကိုကို စိတ်ကစားနေတယ်လို့ မစ္စဟော့ဒင် မထင်ဘူးလား'

ခဏ တွေသွားပြန်သည်။

'ဒါလည်း ဖြစ်နိုင်ပါတယ်၊ ဒန်နီတာ အမျိုးသားတွေကို ပိုပြီး ခင်တတ်တယ်၊ ကျွန်မရဲ့ ဒုတိယအိမ်ထောင်ဆိုရင်လည်း သူ အသည်းစွဲပဲလေ၊ ကျွန်မတို့ ကွာရှင်းပြတ်စဲကြပြီး အိမ်ကို ရစ်ကီ ရောက်လာတော့ သူ အစားထိုးတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ အဖေတစ်ယောက်လို အားကိုးခင်တွယ်မှုမျိုးပါ'

မာရီယံ ခေါင်းညိတ်သည်။ နိုရာ စကားဆက်၏။

'ဒန်နီ ရှစ်နှစ်သမီးမှာ သူ့အဖေ ပေါ်မလာတော့ဘူး၊ အဲဒီမှာ သူ တော်တော် စိတ်မကောင်းဖြစ်သွားတယ်၊ ဘာကြောင့် လာမတွေ့တော့တဲ့အကြောင်း ကျွန်မ အကြိမ်ကြိမ် ရှင်းပြရတယ်'

'အဲဒါ ကျွန်မလည်း အံ့ဩနေတယ်၊ ဘာကြောင့် မစ္စတာကေရီက သူ့သမီးကို ဆက်မတွေ့တော့တာလဲ'

'ဘာကြောင့်လဲ ဆိုတာတော့ တိတိကျကျ မပြောနိုင်ဘူး၊ ကျွန်မအထင် ပြောရရင်တော့ သူ အရက်အလွန်အကျွံ သောက်ပြီး အရက်ကျေးကျွန် ဖြစ်သွားတာကြောင့်ပဲ ထင်တယ်၊ ကျွန်မနဲ့ ကွဲတာလည်း အရက်ကြောင့်ပဲ၊ ကွဲပြီး ပိုဆိုးလာတယ် ကြားတယ်၊ လာဂျိုလာမှာ မော်တော်တစ်စင်းနဲ့ အထိန်းအကွပ်မရှိဘဲ စည်းမဲ့ကမ်းမဲ့ သောက်တော့တာပဲတဲ့။ ဒီတော့ သမီး ရှိတဲ့ ဆန်ဖရန်စစ္စကိုကိုတောင် လာဖို့ မလွယ်တဲ့ဘဝ ဖြစ်မှာပေါ့'

'ဩော်. . ဒန်နီကို ဘယ်လို ပြောပြထားလဲ'

'အဖေက အလုပ်သိပ်များလို့ မလာနိုင်တာလို့ပဲ ပြောထားရတာပေါ့၊ ဒါထက်ပိုပြီး ကျွန်မ ဘာပြောနိုင်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒန်နီက သူ့စိတ်ဝင်စားတဲ့ မိန်းကလေး၊ ဒါမှမဟုတ် ယောကျ်ားလေးတစ်ယောက် အကြောင်းများ ပြောဖူးလား'

နိုရာ ခေါင်းယမ်းသည်။

'မရှိပါဘူး'

'ဒါဖြင့် အမျိုးသားကြီးထဲကကော'

နိုရာ့မျက်နှာ တဖြည်းဖြည်း ဖြူစပြုလာသည်ဟု မာရီယာ ထင်လိုက်၏။

'ရှင် ဘာကို ဦးတည်နေတာလဲ မစ္စစပိုက်စာ'

မာရီယံက သူ့ကို ခပ်အေးအေးကြည့်ပြီး-

'ဒန်နီနဲ့ လွန်လွန်ကျူးကျူး ဖြစ်နေတယ်ဆိုတာ ဘယ်သူလဲလို့ ကျွန်မ လေ့လာနေ တာပါ'

ခုမှ နိုရာ့မျက်နှာ လုံးဝ သွေးဆုတ်သွားခြင်း ဖြစ်သည်။

'ရှင်. . ရှင် ဆိုလိုတာက'

မာရီယံ ခေါင်းညိတ်ပြလိုက်သည်၊ နိုရာ ခဏငြိမ်နေ၏။

'ဘုရား၊ ဘုရား ဒါဖြင့် သူမှာ သူမှာ'

'မရှိပါဘူး၊ ကိုယ်ဝန်တော့ မရှိသေးဘူး'

နိုရာ သက်ပြင်းချသည်။ ကြိုးစားပြီး ပြုံးသည်။

'တော်ပါသေးရဲ့ရှင်၊ တော်ပါသေးရဲ့'

အမျိုးသမီး၏ မျက်ဝန်းထဲတွင် မျက်ရည်ဝေ့လာသည်ကို မာရီယံ သတိထားမိ လိုက်၏။ ပထမဆုံးအကြိမ်အဖြစ် ကရုဏာသက်လိုက်မိ၏။

'မစ္စတာရီကိုနဲ့လို့ မထင်ဘူးလား'

နိုရာက လေသံပြတ်နှင့် 'မဖြစ်နိုင်ဘူး'ဟု ပြောပြီးမှ-

'ကျွန်မ ဆိုလိုတာက ဒီလိုပါ၊ ဘယ်လိုမှ မထင်တတ်ဘူးလို့ ပြောတာပါ၊ သမီး အကြောင်း ကြားရတာက ရင်တုန်စရာ ကောင်းလိုက်တာရှင်'

'ဒါပေါ့လေ'

နိုရာ့အသံ ပုံမှန်သို့ ပြန်ရောက်သွားသည်။

'သားသမီးတွေ အရွယ်နဲ့မလိုက်အောင် ကြီးထွားလွယ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီ၊ မိဘ တွေ အထိတ်တလန့် ဖြစ်ကြတာချည်းပါပဲ'

'အင်း သိပ်တော့ မဆိုးဘူး'ဟု မာရီယံ တွေးလိုက်သည်၊ ဒေါသူပုန်ထခြင်း မရှိ၊ ဆောက်တည်ရာမရ ရမ်းကားခြင်းမရှိဘဲ တည်တည်ငြိမ်ငြိမ် ခံယူလေသည်။

'သူနဲ့ မစ္စတာရီကို ခဏခဏ လွတ်လွတ်လပ်လပ် တွေ့ချိန်ရှိသလား'

'ရှိမှာပဲ၊ သူက ဒီမှာ နေတာကိုး'

'ဒါပေမဲ့ မစ္စဟောဒင် လုံးဝ မရိပ်မိဘူး ဟုတ်လား'

'လုံးဝ မရိပ်မိပါဘူး၊ နည်းနည်းမှ သံသယမဖြစ်မိပါဘူး'

မာရီယံစပိုက်စာကို ဖျတ်ခနဲ စိုးရိမ်တကြီး လှမ်းကြည့်ပြီး-

'ဒန်နီ. . . ဒန်နီက ဘာပြောလို့လဲဟင်'

မာရီယံ ခေါင်းခါပြီး-



'ဒန်နီကို ဘာမှ မေးလို့ မရဘူး၊ ဒါကြောင့် ကျွန်မတို့ လုပ်ရကိုင်ရ ခက်နေတာပေါ့၊ ဒီကိစ္စနဲ့ပတ်သက်ပြီး လုံးဝ နှုတ်ပိတ်နေတယ်'

သည်တော့မှ နိုရာ့မျက်နှာတွင် သွေးရောင်ကလေး ပြန်တက်လာသည်။

'လက်ဖက်ရည် ထပ်ယူပါဦး မစ္စစပိုက်စာ'

အသံကလည်း ယဉ်ကျေးဖွယ်ရာ ဖြစ်လာ၏။

'ကျွန်မ တော်ပါပြီရှင်'

နိုရာက သူ့ခွက်ကို လက်ဖက်ရည် ထပ်ဖြည့်ရင်း မေးသည်။

'ဒန်နီကို သူတို့ ဘယ်လိုစီစဉ်ကြမလဲဟင်'

'မပြောနိုင်ဘူး မစ္စဟောဒင်၊ အဲဒါက တရားရုံးပေါ်မှာ လုံးလုံးတည်ပါတယ်။ ခု လောလောဆယ်တော့ ကာလီဖိုးနီးယား မြောက်ပိုင်းမှာ ရှိတဲ့ စိတ်ရောဂါလေ့လာရေးဌာနကို ပို့ဖို့ အလားအလာ ရှိနေတယ်၊ ကျွန်မတို့ဆီမှာ ဆရာဝန်က သူ့ကို ဘယ်လိုမှ မှတ်ချက်မပေးနိုင် ဘဲ ဖြစ်နေတယ်လေ'

'ဒန်နီက စိတ်မနှံ့တာမှ မဟုတ်ဘဲ'

'ဟုတ်ပါတယ်၊ ဒန်နီ့မှာ စိတ်ရောဂါ မရှိပါဘူး၊ ဒါပေမဲ့ သူက လူတစ်ယောက်ကို သတ်ထားတယ်လေ၊ လူသတ်တဲ့ လူတိုင်းဟာ စိတ်အနေ ချို့ယွင်းတတ်တယ်ဆိုတဲ့ အခြေခံနဲ့ ကျွန်မတို့ လေ့လာမှာပါ'

'ဒါကတော့ လုံးဝ အဓိပ္ပာယ် မရှိပါဘူး။ ကျွန်မသာ ရူးချင်ရူးမယ်၊ ဒန်နီ ဘယ်တော့မှ မရူးဘူး'

သည်အထိ မဆွေးနွေးသင့်ဟု မာရီယံ တွေးလိုက်မိသည်။

'ဒါဆို ကျွန်မ ကြိုက်တဲ့ ဆရာဝန် ပို့ပေးလို့ရမလား'

'ရ ရမှာပေါ့၊ ဒီအခွင့်အရေး ရှိရမှာပေါ့၊ အဲဒါဆို ပိုကောင်းလာနိုင်ပါတယ်၊ ကိုယ့်ဆရာဝန် နဲ့ ကိုယ် ဆိုတော့ ဒန်နီ ပြောချင် ပြောလာနိုင်တယ်'

နိုရာ လက်ဖက်ရည်ခွက်ကို ချလိုက်သည်။ တွေ့ဆုံဆွေးနွေးမှု ပြီးသွားပြီဟု မာရီယံ နားလည်လိုက်၏။

'နောက်ထပ် ဘာများ သိချင်ပါသေးလဲ မစ္စစပိုက်စာ'

မာရီယံ ခေါင်းယမ်းပြီး-

'မရှိတော့ပါဘူး မစ္စဟောဒင်၊ အဲ တစ်ခု ကူညီပါဦး၊ ကျွန်မ ဒန်နီ့အခန်းကို ကြည့် ပါရစေ'

နိုရာက ခေါင်းညိတ်ပြီး-

'ရပါတယ်၊ ချားလ်စ်ကို ကျွန်မ ဖွင့်ခိုင်းပေးပါ့မယ်'

ကျောက်သားလှေကားကြီးကို ကွေ့ကာ ပတ်ကာနှင့် ဘဏ္ဍာစိုးကြီးနောက်မှ မာရီယံ လိုက်သွားသည်။

'ကလေးမလေး ဘယ်လိုများနေပါလဲ မမလေး'

ချားလ်စ်က သမင်လည်ပြန် လှည့်ကြည့် ကြည့်ပြီး မာရီယံကို မေးသည်။

'အခြေအနေ ကောင်းပါတယ်'

အခန်းတစ်ခန်းရှေ့ အရောက်တွင် ချားလ်စ်က ရပ်ပြီး-

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ကလေးအခန်းပါပဲ ခင်ဗျာ'

ချားလ်စ်က တံခါးဖွင့်ပေးသည်။ မာရီယံ လှမ်းဝင်သွား၏။ အခန်းထဲ ရောက်သည်နှင့် နံရံမှ အိမ်တွင်းပြော တယ်လီဖုန်းခွက်မှ နိုရာ့အသံ ထွက်လာသည်။

'ချားလ်စ်'

'ဟုတ်ကဲ့ . . မမလေး'

'မစ္စစပိုက်စာကို ဒန်နီ့အခန်းပြဖို့ ပိုင်အိုလက်နဲ့ ထားခဲ့၊ ချားလ်စ်ကို ခိုင်းစရာ ရှိတယ်'

'ဟုတ်ကဲ့ ခင်ဗျ'

ဘဏ္ဍာစိုးကြီး အခန်းဝ မရောက်ခင် အမည်းမကလေးတစ်ယောက် တံခါးဝတွင် ပေါ်လာသည်။

'မမလေး ပြောတာ နင် ကြားတယ် မဟုတ်လား'

ကောင်မလေးက ခေါင်းညိတ်ပြီး-

'ဟုတ်ကဲ့ရှင့်'

ချားလ်စ်က တစ်ချက် ဦးညွတ်ပြီး အခန်းထဲမှ ထွက်သွားသည်။ ကောင်မလေး ဝင်လာပြီး တံခါးကို နောက်ပြန်စိတ်ခဲ့သည်။

မာရီယံက အခန်းလယ်တွင်ရပ်ပြီး ပတ်ပတ်လည်ကို ကြည့်နေသည်။ အလွန်လှသည့် အခန်းဖြစ်၏။ ခုတင်ထားသည့် နေရာကို အနည်းငယ် မြှင့်ထားသည်။ တစ်ဘက်နံရံတွင် ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် ကက်ဆက်များ စီလျက်။ ခုတင် ခေါင်းရင်းတွင် အဖော့ထိန်း ခလုတ်များ တပ်ဆင်ထားသည်။

ခန်းဆီးတွေက အဝါရောင် လင်းလင်း။ အိပ်ရာခင်းနှင့် တစ်ရောင်တည်း။ ပြတင်းပေါက်နားတွင် စားပွဲတစ်လုံး ရှိသည်။ စားပွဲပေါ်တွင် လက်နှိပ်စက်ကလေးတစ်လုံး တင်ထား၏။ ဘေးတွင် စာအုပ်အချို့။ အလှပြင်မှန်တင်ခုံနှင့် အဝတ်ဗီရိုတစ်လုံးလည်း ရှိ၏။

မာရီယံက ကောင်မလေးဘက် လှည့်ပြီး-

'ဒန်နီက နံရံပေါ်မှာ ပုံတွေ မချိတ်ဘူးလား'

ပိုင်အိုလက်က ခေါင်းယမ်းပြီး-

'မချိတ်ဘူး မမ၊ သူ ဒါမျိုး လုံးလုံး ဝါသနာ မပါဘူး'

'ဒီဘက်က ဘာလဲ'

မာရီယံက နံရံတစ်ဖက်မှ တံခါးနှစ်ရွက်ကို လက်ညှိုးထိုးပြပြီး မေးလိုက်သည်။

'အဲဒါက နံရံမြှုပ် အဝတ်ဗီရိုပါ၊ ဟိုဘက်တံခါးက ရေချိုးခန်းတံခါးပါရှင့်'

အဝတ်ဗီရိုကို မာရီယံ ဆွဲဖွင့်သည်။ တံခါး ပွင့်သွားသည်နှင့် အတွင်းမှ မီးလုံး လင်းလာ၏။ ခေါက်ထားသည့်အဝတ်တွေ၊ ချိတ်ထားသည့်အဝတ်တွေ အားလုံး စီစီညီညီ။ တံခါး ပြန်ပိတ်လိုက်သည်။ အတွင်းမှ မီးခလုတ် ဖျောက်ခနဲ ပိတ်သွားသံ ကြားလိုက်ရ၏။

'မစ္စဒန်နီရဲ့ ကိုယ်ပိုင် အသုံးအဆောင် ပစ္စည်းတွေ ဘယ်မှာ ထားသလဲ'

'ဟို ဗီရိုထဲမှာ ထားပါတယ်'

ကောင်မလေး ပြောသည့် ဗီရိုအံဆွဲတစ်ခုကို ဆွဲကြည့်သည်။ လက်ကိုင်ပုဝါတွေ၊ ခြေအိတ်တွေ အထပ်လိုက်၊ အထပ်လိုက်၊ သူ့အတန်နှင့် သူ။ နောက်အံဆွဲတစ်ခုကို ဆွဲဖွင့်ကြည့် ပြန်သည်။ ဘရာစီယာတွေ၊ အတွင်းခံဘောင်းဘီတွေ၊ သူ့နေရာနှင့်သူ။



စားပွဲဆီသို့ လျှောက်သွားပြီး အံဆွဲတစ်ခုကို ဆွဲကြည့်သည်။ စာရေးကိရိယာတွေ ထားပုံကလည်း စနစ်တကျ။ အခြား မြီးကောင်ပေါက်တွေလို ပစ္စလက်ခတ် အနေအထိုင်မျိုး တစ်ချက်မှ မတွေ့ရ။ ကလေးတစ်ယောက်၏ အခန်းနှင့် မတူအောင်ပင် သေသပ် ရှင်းသန့်နေသည်။

ပိုင်အိုလက်ကို လှည့်ကြည့်ပြီး မာရီယံ မေးလိုက်သည်။

'အခန်းက ဒီလိုပဲ အမြဲရှင်းနေတာပဲလား'

ကောင်မလေးက ခေါင်းညိတ်ပြီး-

'ဟုတ်ကဲ့ရှင့်၊ မမလေး ဒန်နီက ဒီလိုပဲ အမြဲတမ်း နေတတ်ပါတယ်၊ သူ့ပစ္စည်းတွေကို ဒီလိုပဲ ထားတတ်ပါတယ်'

အံဆွဲတွေကို လက်ညှိုးထိုးပြပြီး-

'ဒီအထဲမှာ ဘာတွေ ထားလဲ'

'အဲဒီ အံဆွဲတွေကိုတော့ အမြဲတမ်း သော့ခတ်ထားပါတယ်၊ မမလေးဒန်နီက အထဲမှာ သူ့ရဲ့ရတနာတွေ ရှိတယ်လို့ ပြောတတ်ပါတယ်ရှင်'

'မင်းမှာ သော့ရှိလား'

ကောင်မလေး ခေါင်းခါပြသည်။

'သူ့အမေဆီမှာ ရှိလား'

'မရှိပါဘူး မမ၊ မမလေး ဒန်နီက သော့တွဲကို သူ့ဘာသာသူ သိမ်းပါတယ်'

'ဘယ်မှာ ထားလဲ မင်းသိတယ် မဟုတ်လား'

ကောင်မလေးက မာရီယံကို ခဏ တွေကြည့်နေသည်။ ပြီးမှ ခေါင်းညိတ်သည်။

'ခဏ ပေးပါလား'

ကောင်မလေးက ချီတုံချတုံဖြင့်-

'မမလေး ဒန်နီက သဘောတူမှာ မဟုတ်ဘူး မမ'

မာရီယံက ပြုံးပြီး-

'တိစ္စမရှိပါဘူး၊ ဒါဆိုလည်း သူ့အမေကို သွားပြောလေ'

ကောင်မလေး ဇဝေဇဝါ ဖြစ်နေပုံရ၏။ ပြီးမှ ခုတင်ခေါင်းရင်းဘက် လျှောက်သွားပြီး လက်နှိုက်လိုက်သည်။ လက်ပြန်နုတ်လိုက်တော့ သော့တွဲတစ်တွဲ ပါလာသည်။ သော့တွဲကို မာရီယံဆီ ယူလာပေးသည်။

အံဆွဲတွေကို တစ်ခုပြီးတစ်ခု ဖွင့်သည်။ ဓာတ်ပုံမျိုးစုံ သိမ်းသည့် အံဆွဲများ ဖြစ်၏။ ဒန်နီသည် အခြား ဆယ်ကျော်သက်များနည်းတူ ဓာတ်ပုံကိုတော့ ဝါသနာပါရှာသည်။ သို့သော် သူများတွေလို နံရံတွင် မကပ်ဘဲ အံဆွဲထဲတွင် သိမ်းသည်။

ဓာတ်ပုံတွေကို ခပ်သွက်သွက် ကြည့်သည်။ သူ့အဖေ စစ်ဝတ်စုံနှင့် ရိုက်ထားသည့်ပုံတွေလည်း အများအပြား ပါ၏။ မအေ့ပုံတွေလည်း အများကြီး၊ လိုက်ဖ်မဂ္ဂဇင်းမှ နိုရာ၏ မျက်နှာဖုံး ပုံကြီးကိုလည်း ဖြတ်ထားသည်။ သူတစ်ယောက်တည်း ပုံတွေ၊ မိသားစုနှင့် ရိုက်ထားသည့် ပုံတွေလည်း အများကြီး။ မော်တော်ဘုတ်ပေါ်တွင် ရိုက်ထားသည့် ပုံတွေလည်း ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအံဆွဲမှ သတင်းမဂ္ဂဇင်းများမှာ ဖြတ်ထားသည့် သူ့အမေ ဓာတ်ပုံများ ဆောင်းပါးများ၊ ထားသိုပုံမှာ စနစ်တကျ၊ ရက်စွဲအလိုက် စဉ်ထားသည်။ မအေ့ ကိုယ်ရေးရာဇဝင်ကို သက္ကရာဇ်စဉ်အလိုက် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

တတိယအံဆွဲကလည်း ဒုတိယ အံဆွဲအတိုင်းပင်။ သို့သော် ဇအေ့အကြောင်း သတင်းစာဖြတ်ပိုင်းတွေ ပိုများသည်၊ ဘယ်လောက်များ အချိန်ယူပြီး အပင်ပန်းခံထားသည် မသိ၊ အများအားဖြင့် သူမမွေးခင် သူ့အဖေပုံတွေ၊ သတင်းစာ ဖြတ်ပိုင်းတွေ။

အောက်ဆုံးအံဆွဲက ကစားစရာ အဟောင်းများ၊ အကျီအပဲ့များဖြင့် ပြည့်ကျပ်နေ၏။ သီးမွေး ဝက်ဝံရုပ်ကလေးမှာ မျက်လုံးတစ်ဖက် မရှိတော့။ သားရေဖာယယ်ယယ်လေး တစ်လုံးကို ထုတ်ယူကြည့်လိုက်သည်။

အထဲတွင် ရှစ်လက်မ ဆယ့်လေးလက်မ ဓာတ်ပုံတစ်ပုံ။ အလွန်ချောသည့် လူရွယ်တစ်ယောက်၏ အပြုံးမျက်နှာပုံ။ ထောင့်နားတွင် မင်နက်ဖြင့် အချစ်ကလေးအတွက်ဟု ကနဲ့လန့်ဖြတ် ရေးထားသည်။ ရစ်ကီဟု လက်မှတ်ထိုးထား၏။

ဓာတ်ပုံကို သေသေချာချာ လှေ့လာဖို့ ထုတ်ယူလိုက်သည်။ ဓာတ်ပုံအောက်မှ သံချူ သေးသေးကလေး ထွက်ကျလာသည်။ ဖွင့်ကြည့်ဖို့ မလိုပါ။ အမေရိကန် မြီးကောင်ပေါက်တို့ လက်စွဲ ပစ္စည်းကလေး။ လွတ်လွတ်လပ်လပ် ဈေးပေါပေါနှင့် ဝယ်နိုင်သည်။ စက်ထဲသို့ ဆယ်ငါးဆင့်ထည့်လိုက်လျှင် ချက်ချင်း ထွက်ကျလာသည်။ ဆိုင်တိုင်းတွင် ရောင်းသည်။

❑ ❑ ❑

# အခန်း ( ၉ )

ဒန်နီ ရုံးခန်းထဲ ဝင်လာသည်။ ဆယ်လီဂျန်နင်း မော့ကြည့်လိုက်၏။

'တဲ . . ထိုင် ဒန်နီ'

စီးကရက်ဘူးကို ရှေ့တိုးပေးလိုက်၏။

'ဒီနေ့ ဒို့ခဏပဲ အချိန်ရမယ်၊ ကိုယ် အစီရင်ခံစာတစ်စောင် ရေးစရာရှိတယ် ဒန်နီ'

ဒန်နီ စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိသည်။

စိတ်ဆရာဝန်မ ရေးခြစ်နေသည်ကို ဒန်နီ ထိုင်ကြည့်နေ၏။ ခဏကြာတော့ ပျင်းလာသဖြင့် ပြတင်းပေါက်ဘက်ကို လှမ်းကြည့်လိုက်သည်။ ညနေ စောင်းနေပြီ။

ညနေစောင်းပြီ ဖြစ်၍ နေရောင်ခြည်သည် လိမ္မော်ရောင်သို့ ပြောင်းနေ၏။ ရုတ်တရက် တပြင်လောကကို တမ်းတမ်းတတ ဖြစ်လာသည်။ ပျင်းတိပျင်းတွဲနှင့် ဒီနေ့ ဘာနေ့ပါလိမ့်ဟု စဉ်းစားလိုက်သည်။ ဘာနေ့မှန်း မသိတော့။ အချိန်ကို မှတ်သားခြင်း မပြုမိတော့ဘူးလေ။ နံရံမှ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သည်။ ဗုဒ္ဓဟူးနေ့ပါလား။ စနေနေ့က ဒီကို ရောက်ခဲ့တာဆိုတော့ ဒီနေ့ဟာ ငါးရက်မြောက်နေ့ပေါ့။ ကုလားထိုင်ပေါ်တွင် အနေအထား ပြောင်းထိုင်လိုက်သည်။ စောင့်နေရသည့်အချိန်ကို ကမ္ဘာအဆုံးသို့ ကြာသည် ထင်နေ၏။

ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်သည်။ ဘယ်လောက် လွတ်လပ်ကျယ်ပြန့်လိုက်ပါသလဲ။ အပြင်မှာဆိုရင် ဘယ်လောက် ကောင်းမလဲ၊ ဒီအချိန်ဆို လမ်းတွေပေါ်မှာ လူတွေ စည်ကားနေပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ကို မြင်တွေ့ချင်စိတ်တွေ တဖွားဖွားပေါ်လာ၏။ သို့သော် ဘယ်လိုမှ မမြင်နိုင်ပါ။ ဘယ်အခန်းကမှ အပြင်သို့ လှမ်းမမြင်ရပါ။ ပြတင်းပေါက်တွေက ခပ်သေးသေးလေးတွေ။ ပြီးတော့ အမြင့်ကြီးမှာရယ်။

မစ္စဂျုန်းနင်းကို လှမ်းကြည့်လိုက်တော့ ကုန်းရေးနေဆဲ။ မျက်ခုံးကို ရှုံ့ပြီးအပြင်းအထန် စဉ်းစားရင်း ရေးချနေပုံ။ ဘယ်လောက်ကြာကြာ ထိုင်စောင့်ရမှာပါလိမ့်။

ခကောင်းကင်ဆီသို့ လှမ်းကြည့်လိုက်ပြန်သည်။ လိမ္မော်ရောင် တိမ်တိုက်တစ်ခု ဟိုးအမြင့်ကြီးတွင် ရွေ့လျားနေ၏။ လွတ်လပ်ကျယ်ပြန့်လှသော လောကကို တမ်းတမဆုံးနိုင်ဘဲ တသသ အောက်မေ့လာသည်။

* * *

ကောင်လေးတစ်ယောက်က သူ့ကို ပြုံးပြသဖြင့် ဒန်နီ ပြန်ပြုံးပြလိုက်သည်။ ဒါကို ရစ်ကီ မြင်သွားပြီး ဒေါပွသည်။

'ဒီခွေးတောင်လေးတွေကို သောက်ဂရုမစိုက်ပါနဲ့လို့ ပြောနေတယ်'

ဒန်နီက ဘာမှ နားမလည်သည့် မျက်လုံးဝိုင်းကြီးများဖြင့် သူ့ကို ပြန်ကြည့်နေသည်။ ရစ်ကီ ပိုပြီး ဒေါပွသွား၏။ သည်လိုအခါတွင် သူ့အမေနှင့် ပိုတူသည်ဟု ထင်လိုက်၏။

'ဘာဖြစ်လဲ၊ ကောင်လေး ကြည့်ရတာ အေးအေးဆေးဆေး ပုံစံမျိုးပဲ'

'ညည်း မသိပါဘူး ဒန်နီ၊ လူဆိုးကလေးတွေဗျား၊ ညည်းတို့အရွယ်တွေကို အယုံသွင်းပြီးတော့ ညည်းကို ကလေးလို့ သဘောထားမှာ မဟုတ်ဘူး၊ နားလည်လား'

ဒန်နီက ခပ်ရွှင်ရွှင် ပြုံးလိုက်သည်။

'အဲဒါ ဘာဖြစ်လဲ ရစ်ကီ'

ရစ်ကီ ဖျတ်ခနဲ လှမ်းကြည့်သည်။ ဒန်နီက အဖြူရောင် ရေကူးဝတ်စုံနှင့်။ ရစ်ကီ မျက်နှာရဲသွားသည်။ ဘာကြောင့် မျက်နှာပျက်သွားသည်ကို ဒန်နီ သိနေသည်။ သည်မျက်လုံးများဖြင့် သူ့ကို ကြည့်သည့် အကြိမ်ပေါင်း များပြီ။ ဒါကိုလည်း ဒန်နီ သိ၏။

'ပြောလေ ရစ်ကီ၊ အဲဒီတော့ ဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ၊ မင်းက ကလေးနဲ့ မတူတော့လို့ပေါ့၊ မင်းက ဆယ့်သုံးနှစ်သမီးနဲ့ မတူတော့လို့ပေါ့'

ရစ်ကီ စိတ်ဆိုးမာန်ဆိုးဖြင့် ခပ်ဝေါက်ဝေါက် ပြန်ပြောသည်။

'ဒါဆို ဘယ်အရွယ်နဲ့ တူနေပြီလဲ ရစ်ကီ'

သူ့မျက်လုံးတွေ ဒန်နီဆီ ရောက်လာကြပြန်သည်။

'မင်းက ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်လောက် ထင်နေရပြီ ဒန်နီ'

ဒန်နီ ပြုံးသည်။ စောစောက ကောင်လေးကို လှမ်းကြည့်လိုက်ပြန်၏။ ဒါမှ ရူ ပိုပြီး ဒေါပွလာမည်ကို ဒန်နီ သိသည်လေ။ ထိုစဉ်တွင် ဒန်နီ့အမေ ရောက်လာခြင်းဖြစ်၏။

'သေတော့မှာပဲကွာ၊ ရစ်ကီရေ.. စကာစီက ကိုယ့်ကို ဟိုစာချုပ်တွေ လက်မှတ်ထိုးဖို့ မီရာ လေယာဉ်နဲ့ ဆန်ဖရန်စစ္စကိုကို ချက်ချင်းပြန်ခဲ့ပါတဲ့'

'ဟင်.. ဒါဆို သွားရမှာပေါ့'

'သွားရမှာပေါ့'



တိုနီရီကိုက ကမန်းကတန်း ထပြီး-

'ဒါဆို အထုပ်အပိုးတွေ သွားပြင်မယ်လေ'

'ဟင့်အင်း မလိုဘူး ရစ်ကီ၊ ကိုယ် တစ်ယောက်တည်း လစ်မယ်၊ မနက်ဖြန် နေ့လယ် ပြန်လာခဲ့မယ်၊ မင်းနဲ့ ဒန်နီနဲ့ နေခဲ့'

'ဒါဆို လေယာဉ်ပျံကွင်း လိုက်ခဲ့မယ်လေ'

'သမီးရော လိုက်မယ် မေမေနော်'

လေယာဉ်ပျံ ထွက်သွားပြီးမှ ကွင်းထဲမှ ပြန်ထွက်လာခဲ့ကြ၏။ လက်ဆောင်ပစ္စည်း အရောင်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာခဲ့ကြ၏။ ကမ္ဘာလှည့်ခရီးသည်များအတွက် အပေါ်စား ကျောက်မျက်ရတနာမှအစ လယ်သမားဝတ်စုံအထိ အားလုံးရနိုင်သည့် ဆိုင်။ ဒန်နီက ပြတင်းပေါက်တွင် ချိတ်ထားသည့် စကတ်တွေကို လိုက်ကြည့်နေသည်။

'လိုချင်လို့လား'

တိုနီရီကိုက မေးသည်။

သူတို့နှစ်ယောက် ဆိုင်ထဲ ဝင်လာခဲ့ကြ၏။ တိုနီက စကတ်တစ်ထည်၊ ဘလောက်စ် တစ်ထည် ဝယ်ပေးသည်။ ညစာ စားတော့ ဒန်နီ ထုတ်ဝတ်လာသည်။ ဆံပင်တွေက ပခုံးပေါ် ဝဲလျက်။ တိုနီ မျက်လုံးပြူးသွား၏။

'မလှဘူးလား'

'လှပါတယ်၊ ဒါပေမဲ့. . .'

'ဒါပေမယ့် ဘာဖြစ်လဲ'

'မင်းအမေက သဘောကျပါ့မလား'

ဒန်နီ ရယ်သည်။

'မေမေကတော့ ဘယ်ကြိုက်မလဲ၊ သူက ဒန်နီ့ကို ဂါဝန်ချွတ်စေချင်တာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ ဒန်နီ ကြီးမလာအောင် သူဘာနဲ့မှလုပ်လို့မရပါဘူး'

ထမင်းစားခန်းထဲ ရောက်တော့ စားပွဲထိုးက ဒန်နီ့ကို အရွယ်ရောက် အမျိုးသမီးလို ဆက်ဆံသည်။ ဘယ်လိုယမကာ သုံးဆောင်ပါမည်လဲဟု မေးသည်။

တီးဝိုင်းမှ ဂီတသံစုံ မြူးကြွလာတော့ ဒန်နီ ကချင်သည်ဆိုသဖြင့် တိုနီ အလိုလိုက်ရ ပြန်သည်။

ဒန်နီ့စိတ်ထဲတွင် ကနေသည်ဟု မထင်ဘဲ အိပ်မက်ထဲမှာ လွင့်မျောနေသည်ဟု ခံစားနေရ၏။ ကျောင်းမှာ ကောင်လေးတွေနှင့် တွဲကရသည်နှင့် ဘာမှ မဆိုင်ပါကလား။ သူ့ ကိုယ်နံ့ကိုလည်း ဒန်နီ သဘောကျနေ၏။ အသက်ရှူလိုက်တိုင်း သူ့မျက်နှာဆီမှ ပျံ့လွင့်လာသည့် ဝီစကီနံ့ကိုလည်း နှစ်သက်သည်။ တင်းတင်းဖက်ပြီး သူ့ရင်ခွင်ထဲသို့ ကရင်း အတင်းတိုးဝင်သည်။ သိုင်းဖက်ထားသည့် သူ့လက်မောင်း လက်ဖျံများ၏ ခွန်အားကိုလည်း ဒန်နီ သဘောကျသည်။

သက်ပြင်းကလေးတစ်ချက် ခိုးချလိုက်ပြီး မြူးမြူးကြွကြွ ကနေသည်။ တိုနီ ခြေလှမ်း တစ်ချက် မှားသွား၏။ စိတ်တိုမာန်တို ကျိန်ဆဲလိုက်ပြီး ဒန်နီ့ကို ရင်ခွင်ထဲမှ အသာဖယ်ကာ 'တော်ရောပေါ့ကွာ၊ ထိုင်ကြရအောင်' ဟု ဆိုသည်။

ဒန်နီ သူ့နောက်မှ အသာကလေး ပြန်လိုက်သွားသည်။ စားပွဲတွင် ပြန်ထိုင်ပြီး တိုနီ အရက်တစ်ခွက် ထပ်မှာသည်။ ပြီးတော့ ခပ်လောလော သောက်သည်။ စကားမှ မပြော။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမှ ဒန်နီက-

'မရှက်ပါနဲ့ ရစ်ကီရဲ့၊ မေမေနဲ့ ကတုံ့အခါလည်း ရစ်ကီ မှားတဲ့အခါ မှားတာပဲ'

တိုနီက ဒန်နီကို ဆတ်ခနဲ လှမ်းကြည့်သည်။

'ကိုယ် တစ်ခါတလေ စဉ်းစားတယ်၊ မင်း မသိတာ ဒီလောကကြီးမှာ ရှိမှ ရှိသေးရဲ့လားလို့'

'ဟုတ်လား၊ ကောင်းတာပေါ့၊ ဒါဆို ဒန်နီ တကယ် လူကြီးဖြစ်ပြီပေါ့၊ ဟုတ်လား'

သူ့မျက်နှာ နီရဲသွားသည်။ နာရီကို တစ်ချက်ငုံ့ကြည့်ပြီး-

'ဆယ့်တစ်နာရီထိုးပြီ၊ မင်း အိပ်ချိန်ပဲ'

ဒန်နီ အိပ်မပျော်နိုင်ဘဲ ဖြစ်နေ၏။ ဖွင့်ထားသည့် ပြတင်းပေါက်မှ ညဉ့်၏အသံဗလံများကို နားစွင့်နေသည်။ ညငှက်ကလေးများ၏ တေးသံသာကို သဲ့သဲ့ကြားနေရ၏။ အုန်းမင်တွေကို ဒလတိုးသံနှင့် ပုရစ်အော်သံများကိုလည်း သတိထားမိသည်။

သူ့အခန်းထဲမှ တယ်လီဖုန်းမြည်သံ ကြားရ၏။ ခဏကြာတော့ ပြန်ငြိမ်သွားသည်။ အိပ်ရာထဲမှ ရုတ်တရက် ထလိုက်၏။ ဧည့်ခန်းကို ဖြတ်ပြီး သူ့အခန်းဆီသို့ လျှောက်သွားသည်။ အခန်းဝတွင် ခဏတွေရပ်နေ၏။ အတွင်းမှ ဘာသံမှ မကြားရ။ တံခါးကို အသာဖွင့်ပြီး ဝင်သွားသည်။ အမေ့အခန်းဆီသို့ ကူးသည့် တံခါးကို အမှောင်ထဲတွင် မြင်ရ၏။

သူ့ခုတင်ဘက် မျက်နှာမူပြီး ဒန်နီ လှမ်းမေးလိုက်သည်။

'မေမေ ဆက်တာ မဟုတ်လား'

သူက ခင်းဖုံးလွှားကို ကမန်းကတန်း ဆွဲတင်ရင်း-

'ဟုတ်တယ်'

'ဘာတဲ့လဲ'

'ဘာမှ မဟုတ်ပါဘူး၊ မနက်ဖြန် ပြန်ရောက်မယ့်အကြောင်း ပြောတာ'

ရှေ့တိုးသွားပြီး သူ့ကို ငုံ့ကြည့်သည်။

'ဘာမှမဟုတ်ပါဘူး၊ ရစ်ကီကို လှမ်းထောက်တာ၊ တော်သေးတာပေါ့နော်၊ ရစ်ကီ အခန်းထဲမှာ ရှိနေလို့'

'ဂရုစိုက်စရာ မလိုပါဘူး၊ ကိုယ် လုပ်ချင်တာ လုပ်မှာပဲ'

'ဒါပေါ့၊ ဒီလိုမှပေါ့'

'ကဲ . . မင်း သွားတော့လေ၊ ဘာလုပ်နေတာလဲ'

'မအိပ်ချင်သေးလို့'

'အို . . မအိပ်ချင်တာနဲ့ ဒီမှာ လာနေလို့ တော်မလား ဒန်နီ၊ ကိုယ်က အိပ်ရာဝင်နေပြီသား'

'သိသားပဲ'

တိုနီ အလန့်တကြား ထထိုင်သည်။

သူ လှုပ်ရှားလိုက်သဖြင့် ရင်အုပ်နှင့် လက်မောင်းကြွက်သားတွေ လှိုင်းထသွားသည်ကို အလင်းရောင်ရေးရေးတွင် မြင်လိုက်ရ၏။

'နေ့ခင်းက ဟိုကောင်လေးကို ဒန်နီ ပြုံးပြတာ ရစ်ကီ မနာလိုဖြစ်ပြီး စိတ်တိုနေတယ် မဟုတ်လား'



'တော်တော့ ဒန်နီ၊ သွားတော့ မဟုတ်တာရုတ်တွေ'

'ဒန်နီ ကလေး မဟုတ်ပါဘူးနော်၊ ရစ်ကီ ဒါ ကလေးလားလို့'

'သွားစမ်း ဒန်နီ၊ သွားဆို'

'ဘာလို့ ဒါလောက် ကြောက်နေရတာလဲ၊ မေမေ မသိစေရပါဘူး ရစ်ကီရဲ့'

* * *

'ဒန်နီ၊ ဒန်နီ'

မစ္စဂျုန်နင်း ခေါ်သံကြောင့် ဒန်နီ လန့်သွားသည်။

'ဟုတ် . . ဟုတ်ကဲ့ မစ္စဂျုန်နင်း'

ငွေရောင်ဆံပင်များပိုင်ရှင် အမျိုးသမီးကြီးက ပြုံးလိုက်သည်။

'ဘာတွေ ဒီလောက် စဉ်းစားနေတာလဲကွယ်'

ပါးတွေ၊ နားတွေ ပူထူသွားသည်ကို ဒန်နီ ကိုယ့်ဘာသာကိုယ် သတိထားလိုက်မိ၏။

'ဪ . . ကျွန်မ စဉ်းစားနေတာပါ၊ အပြင်မှာဆိုရင် ဘယ်လောက် ကောင်းမလဲလို့'

ဆယ်လီဂျုန်နင်းက ဒန်နီ့ကို စိုက်ကြည့်နေ၏။ အမျိုးသမီးကြီး၏ မျက်လုံးများက သူ့ရင်ထဲကို ထိုးဖောက်မြင်နိုင်စွမ်းသည်ဟု ဒန်နီ ထင်လိုက်သည်။ ပါးတွေ နားတွေ ရှိန်းခနဲ ဖြစ်သွား၏။

'ဒီအထဲမှာ နေရတာ များတော့ မစ္စဂျုန်နင်းလည်း ဒန်နီလိုပဲ တွေးမိမှာပါနော်'

ဆယ်လီဂျုန်နင်း ခေါင်းညိတ်၏။

'ဒါပေမယ့် တစ်မျိုးပေါ့လေ၊ မင်းနဲ့ ကိုယ်နဲ့တော့ မတူဘူးပေါ့'

'ဒန်နီလည်း ဒီမှာ အကြာကြီးနေရမှာ မဟုတ်ပါဘူး၊ နောက်တစ်ပတ်ပြီးရင် အိမ်ပြန်ရမှာပါနော်'

'မင်း အဲဒီအတိုင်း ယုံနေလားဟင် ဒန်နီ'

ဒန်နီ သူ့ကို စိုက်ကြည့်နေလိုက်သည်။ ပထမဆုံးအကြိမ်အဖြစ် သံသယစိတ်တွေ ဝင်လာသည်။

'သူတို့တစ်တွေက ဒီလိုပဲ ပြောနေကြတယ်လေ'

'ဘယ်သူတွေလဲ၊ မင်းရဲ့ မိဘတွေလား'

ဒန်နီ ဘာမှ ပြန်မဖြေ။

'တရားရုံးမှာ တရားသူကြီးပြောတာ မင်းခေါင်းထဲ သိပ်မဝင်ဘူးထင်တယ် ဒန်နီ၊ တကယ်တော့ ကိစ္စအားလုံးဟာ မင်းမိဘတွေအပေါ်မှာ မတည်ဘူး၊ တရားသူကြီးက ဆုံးဖြတ်ရမှာ၊ သူ့အနေနဲ့ မင်းကို ဒီနေရာမှာ အကြာကြီး ဆက်ထားနိုင်တယ်၊ ပြီးတော့ မင်းကို စိတ်ရောဂါရှာဖွေရေးစခန်းကို ပို့ချင်လည်း ပို့နိုင်သေးတယ်၊ မင်းအတွက် ဘယ်လမ်း အကောင်းဆုံးလဲဆိုတာ သူက ရွေးပေးမှာ ဒန်နီ'

'သူ ကျွန်မကို ဆက်မထားနိုင်ပါဘူး'

ဒန်နီ ပြန်ပက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘယ်လိုကြောင့် ဒီလို ပြောနိုင်တာလဲ ဒန်နီ၊ နေရမယ့် အကြောင်းရှိလို့ ဒီကို ရောက်နေတာ မဟုတ်လား'

ဒန်နီ ကြမ်းပြင်ကို ငုံ့ကြည့်၏။ ပြီးတော့ ဂျစ်ကန်ကန် ပြောသည်။

'ကျွန်မ ရည်ရွယ်ချက်နဲ့ တမင်တကာ လုပ်တာမှ မဟုတ်ဘဲ'

'အဲဒီလောက်နဲ့ တရားသူကြီးက မင်းကို အိမ်ပြန်ခွင့်ပေးမှာ မဟုတ်ဘူးကွယ့်၊ ဒီကို ရောက်လာတဲ့ ကလေးတိုင်း မင်းလိုချည်းပဲ ပြောတတ်ကြတယ်လေ'

မစ္စဂျန်နင်း စီးကရက် မီးညှိပြီး-

'မင်းအနေနဲ့ တရားသူကြီးကို လုပ်ရပ်နဲ့ပြဖို့ လိုတယ်ကွယ့်၊ အိမ်ပြန်ရောက်ရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးတော့ပါဘူးဆိုတာ တရားသူကြီး ယုံဖို့လိုတယ်လေ'

စာရွက်တွေကို ရှေ့တွင် ဖြန့်ချပြီး-

'ဒီကို အကြိမ်ကြိမ်ရောက်လာတဲ့ ကောင်မလေးတစ်ယောက် အကြောင်း အစီရင်ခံစာ ရေးနေတာ၊ ဒီတစ်ခါ တရားသူကြီးက သူ့ကို ပို့ပစ်လိမ့်မယ်၊ သူက ယုံကြည်ရလောက်အောင် နေထိုင်မှု မပြနိုင်ဘူးလေ'

ဆယ်လီဂျန်နင်းက ဒန်နီ့ကို ကြည့်နေပြီးမှ-

'မင်း သူ့ကို သိမှာပေါ့၊ မင်းနဲ့ အခန်းချင်း ကပ်လျက်လေ'

'ဆီလ်ဗီယာကို ပြောတာလားဟင်'

ဆယ်လီ ခေါင်းညိတ်သည်။

'ဟင်.. ဘာပြုလို့ပါလိမ့်၊ သူ ကြည့်ရတာ မဆိုးပါဘူး'

'မင်းအပေါ်မှာသာ မဆိုးတာ ဖြစ်မှာပေါ့၊ ဒါပေမဲ့ တစ်မျိုးပြီး တစ်မျိုး ဒုက္ခပေးနေတာ'

'သူက ရည်းစားနဲ့ အပြတ်မခံနိုင်တာ တစ်ခုပါပဲ'

ဆယ်လီဂျန်နင်း ပြုံးသည်။

'ဒါလည်း ပါတာပေါ့၊ သွေးဆိုးတယ်၊ တစ်ယောက်တည်းနဲ့ သတ်သတ်မှတ်မှတ်လည်း မဟုတ်ဘူး၊ ဒီကို ရောက်လာတာ သုံးကြိမ်ရှိပြီ၊ ဒီလိုချည်းပဲ ကောင်လေးတစ်ယောက်ကို ကားခိုးတယ်၊ ကား လျှောက်မောင်းတယ်၊ မတော်တရော် ဖြစ်တယ်။ သူ့ကိုသူသာ ဖျက်နေတာ မဟုတ်ဘူး၊ ကောင်လေးတွေကိုပါ ဖျက်စီးအောင် လုပ်နေတာ'

'သူ့ကို ဘာလုပ်ကြမှာလဲဟင်'

'စာရိတ္တ ပြုပြင်ရေးဂေဟာကို သွားရမယ် ထင်တယ်၊ ဒါဆို ဆယ့်ရှစ်နှစ်ပြည့်မှ ပြန်ထွက်ရတော့မယ်'

ဒန်နီ ငြိမ်နေသည်။

'ကိုယ်က သူ့ကို ကူညီဖို့ ကြိုးစားတယ်၊ သူက လက်မခံဘူးလေ၊ အားလုံး သူ့ထိ သူ့တတ်လို့ ထင်နေတယ်၊ ဒါပေမဲ့ သူ လောကအကြောင်း ဘာသိမှာလဲကွယ်၊ မဟုတ်ဘူးလား ဒန်နီ'

'ဟုတ်ကဲ့၊ သိပုံမပေါ်ပါဘူး'

ဒန်နီ ဝန်ခံသည်။

မစ္စဂျန်နင်းက စာရွက်တွေကို တစ်ဖက်သို့ တွန်းပို့ပြီးနောက် စာရွက်တစ်ရွက်ကို ဆွဲယူသည်။ ပြီးတော့ ဒန်နီ မြင်သာအောင် ကိုင်ထားသည်။



'မစ္စစပိုက်စာရဲ့ အစီရင်ခံစာတော့ ကိုယ့်ဆီ ရောက်နေပြီ ဒန်နီ'

စားပွဲထဲတွင် လျှို့ဝှက်စွာ တပ်ဆင်ထားသည့် အသံဖမ်းစက်ခလုတ်ကို ဒူးနှင့်ဖိပြီး ဖွင့်လိုက်သည်။

'သူ ဒီနေ့ မင်းကျောင်းကို လိုက်သွားတယ်၊ မင်းအမေနဲ့လည်း တွေ့ခဲ့ပြီးပြီ'

'ဟုတ်လား'

ဒန်နီက ယဉ်ကျေးသိမ်မွေ့စွာ ပြောသည်။

'ကျောင်းက ဆရာ၊ ဆရာမတွေရော၊ ကျောင်းသူကျောင်းသားတွေရော အားလုံး မင်းကို အမွှမ်းတင်ကြတယ်တဲ့၊ အားလုံး မင်းကို ချစ်ကြတယ် ဆိုပဲ'

'ဩော် တော်သေးတာပေါ့နော်'

'မင်းနဲ့ မစ္စတာရီကိုနဲ့ လွန်လွန်ကျူးကျူး ဖြစ်နေကြတဲ့အကြောင်း ပြောတော့ မင်းအမေ သိပ်အံ့ဩသွားတယ်ဆိုပဲ'

ဒန်နီက ဒေါသ အမျက်ချောင်းချောင်း ထွက်သည့် လေသံမျိုးဖြင့်-

'ဘယ်သူက ဒါကို ပြောတာလဲ'

'ဒါပေမဲ့ အဲဒါ အမှန်ပဲ မဟုတ်လား ဒန်နီ'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အလကား လိမ်တာ'

'ဒါဆို .. ဒါတွေက မင်း ဘာအတွက် အသုံးပြုတာလဲ'

မစ္စဂျန်နင်းက သံဘူးကလေးကို အံဆွဲထဲမှ ဆွဲထုတ်ပြီး-

'သူ ခုတင်ပုံအောက်မှာ မင်း သိမ်းထားတယ်လေ'

ဒန်နီက စိတ်ဆရာဝန်ကို မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ကြည့်ပြီး ကြိတ်မနိုင်ခဲမရ ဖြစ်နေဟန်ဖြင့်-

'ဒါ ပိုင်အိုလက်ရဲ့ လက်ချက်ပဲ၊ ကျွန်မ သော့ထားတဲ့နေရာ သူတစ်ယောက်ပဲ သိတယ်'

'ပိုင်အိုလက်ဆိုတာ ဘယ်သူလဲ ဒန်နီ'

'မေမေ့ အစေခံ၊ တစ်ချိန်လုံး ကျွန်မကို ချောင်းကြည့်နေတဲ့ ကောင်မ'

'ကိုယ့်မေးခွန်းကို မင်း မဖြေသေးဘူး ဒန်နီ၊ မစ္စတာရီကိုနဲ့ မဟုတ်ရင် ဘယ်သူလဲ'

မစ္စဂျန်နင်း သံပြတ်နှင့်မေးသည်။

'ဒါ တွေ့တာနဲ့ ဒါဖြစ်ရရောလား၊ ကျွန်မဘာသာ သိမ်းထားတာပဲ'

'မင်း တစ်ခု မေ့သွားပြီလား ဒန်နီ၊ ဒီကို ရောက်ရောက်ချင်း မင်းကို ဆရာဝန် စစ်ဆေးသေးတယ်လေ'

စာရွက်တစ်ရွက်ကို ထပ်ဆွဲထုတ်ပြီး

'ကိုယ် ဖတ်ပြရမလား ဒန်နီ'

'မလိုပါဘူး'

မစ္စဂျန်နင်းက ရှေ့ကို ကိုင်းပြီး-

'မင်းကို ကိုယ် အကူအညီတောင်းချင်တယ် ဒန်နီ၊ မဟုတ်ရင် မင်းကို တရားသူကြီးက ဆီလ်ဗီယာလို ပို့ပစ်လိမ့်မယ်'

ဒန်နီ ဘာမှ မပြောတော့ဘဲ မစ္စဂျန်နင်းကို စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲ ဆိုတာ ကိုယ့်ကို ပြောပြပါလား ဒန်နီ၊ သူက မင်းကို အတင်းကြံတာလား၊ ဒါဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောလေ၊ ဘာကြောင့် မင်း ဒီလို လုပ်ရတယ်ဆိုတာ တရားသူကြီး နားလည်နိုင်တာပေါ့၊ ဒါဆို သူ့ဆုံးဖြတ်ချက်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်တယ်လေ'

ဒန်နီ ခဏတွေနေသည်။ မျက်နှာချင်းဆိုင်မှ အမျိုးသမီးကြီးကို စိုက်ကြည့်၏။ ပြီးမှ ခပ်တိုးတိုး ပြောသည်။

'ဟုတ်တယ်၊ သူ ကျွန်မကို မတရားကြံတာ'

ဆယ်လီဂျန်နင်းက ကလေးမ၏ မျက်လုံးတွေကို ထိုးဖောက်ကြည့်နေ၏။

ဒန်နီ ထပ်ဖြည့်ပြောသည်။

'ကဲ ဒါပဲ ပြောစေချင်တာ မဟုတ်လား'

မစ္စဂျန်နင်းက ကုလားထိုင်နောက်ကို မှီပြီး သက်ပြင်းချသည်။

'မဟုတ်ဘူး ဒန်နီ၊ တို့က မင်းကို အမှန်ပြောစေချင်တာ၊ မင်းက မပြောဘူး၊ လိမ်ပြောနေတယ်၊ မင်း ဒီလို အမှန်တရားကို ဖုံးထားရင် ကိုယ်လည်း ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်ဘူး'

ဒန်နီ မျက်လွှာချသည်။

'ကျွန်မ အဲဒီအကြောင်း မပြောချင်ဘူး၊ စဉ်းလည်း မစဉ်းစားချင်ဘူး၊ အဖြစ်အပျက်တစ်ခုလုံးကြီးကို မေ့ပစ်လိုက်ချင်တယ်'

'မင်း ပြောသလောက် မလွယ်ဘူး ဒန်နီ၊ မင်းအပေါ်မှာ ဖိစီးနေတဲ့ အဲဒီဝေဒနာက လွတ်မြောက်ဖို့ဆိုတာ တစ်နည်းပဲရှိတယ်။ ပြဿနာကို ဖွင့်ချပြီး ရဲရဲရင့်ရင့် ရင်ဆိုင်ပစ်လိုက်ရမယ်၊ အဲဒီတော့မှ မင်း ဘာလုပ်ခဲ့တယ်၊ ဘာ့ကြောင့် လုပ်ခဲ့တယ် ဆိုတာရယ် ဒီမှားယွင်းတဲ့ အပြုအမူမျိုး နောက်ထပ် မကျူးလွန်ဖြစ်အောင် ဘယ်လို ထိန်းသိမ်းရမယ် ဆိုတာရယ်ကို မင်း နားလည်လာလိမ့်မယ်'

ဒန်နီ ဘာမှ မပြောတော့။

မစ္စဂျန်နင်းက ခလုတ်နှိပ်ပြီး တာဝန်ကျ ဆရာမကို ခေါ်လိုက်သည်။ ပြီးတော့ စိတ်ပျက်သည့် လေသံဖြင့်-

'ကောင်းပြီ ဒန်နီ၊ မင်းသွားနိုင်ပြီ'

ဒန်နီ မတ်တတ်ထရပ်သည်။

'မနက်ဖြန် ဒီအချိန်ပဲလား မစ္စဂျန်နင်း'

'မလိုတော့ဘူး ထင်တယ် ဒန်နီ၊ ကိုယ်တို့ အတတ်နိုင်ဆုံး ကြိုးစားပြီးပြီ၊ မင်းက ရေငုံနှုတ်ပိတ်နေတော့ ဘာဆွေးနွေးစရာ ရှိတော့မှာလဲ၊ မဟုတ်ဘူးလား ဒန်နီ'

'ဟုတ်ပါတယ်၊ မစ္စဂျန်နင်း'

'ဒါပေမဲ့ မင်း ကိုယ်နဲ့ တွေ့ချင်ရင် ကိုယ် လာခဲ့မယ်လေ'

'ဟုတ်ကဲ့ မစ္စဂျန်နင်း'

ထိုစဉ် တံခါးခေါက်သံ ကြားရသည်။ ဆယ်လီဂျန်နင်း မတ်တတ်ထရပ်လိုက်သည်။

'ကဲကောင်းပါစေ ဒန်နီ'

'ကျေးဇူးတင်ပါတယ် မစ္စဂျန်နင်း'

တံခါးဝ ရောက်ပြီးမှ ဒန်နီ ပြန်လှည့်ပြီး-



'ဩော်. . ဒါထက် မစ္စဂျန်နင်း'

'ဘာလဲ ဒန်နီ'

'ဆီလ်ဗီယာအကြောင်း တွေးမိလို့ပါ၊ သူ့ကောင်လေးတွေသာ ကိုယ်ပိုင်ကား ရှိရင် ဒီလို ဒုက္ခရောက်မှာ မဟုတ်ဘူးနော်'

မြီးကောင်ပေါက် အရွယ်များ၏ အတွေးကို မစ္စဂျန်နင်း ကြိတ်ပြုံးလိုက်၏။ စိတ်ဆရာဝန်မက ဒန်နီ့ကို စူးစူးရဲရဲကြည့်ပြီး-

'မဆိုင်ဘူး ဒန်နီ၊ ဆီလ်ဗီယာကိုယ်တိုင်က မှားနေတာ၊ ကောင်လေးတွေကို သူက ကားမခိုးခိုင်းရင်လည်း နောက်တစ်မျိုး သူလုပ်ခိုင်းဦးမှာပဲ၊ ဆီလ်ဗီယာက ကောင်လေးတွေကို သူ ခိုင်းတိုင်း ရတယ်ဆိုတာ ပြချင်တာ၊ ကောင်းလေးတွေ ချောက်ကျပြီဆိုရင် သူ့ကိုယ်သူ အောင်မြင်တယ် ထင်နေတာ'

ဒန်နီက တွေးတွေးဆဆ လေသံဖြင့်-

'ကျွန်မ နားလည်ပါပြီ၊ မစ္စဂျန်နင်းကို ကျွန်မ တွေ့ချင်ပါသေးတယ်'

'ရပါတယ် ဒန်နီ၊ ကိုယ် လာခဲ့ပါမယ်'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၀ )

ဘာဘာရီ ဆိပ်ကမ်းရပ်ကွက်တွင် ညှိုညစ်ညစ် အဆောက်အအုံများသာ ရှိသည်။ အများအား ဖြင့် ပစ္စည်းဂိုဒေါင်များ၊ စက်ရုံ အလုပ်ရုံများ ဖြစ်ကြသည်။ ကြိုကြား ကြိုကြားတွင် ညကလပ်များ လည်း ရှိ၏။ မကောင်းမှု အနိဋ္ဌာရုံပေါင်းစုံနှင့် ဆက်နွယ်နေသည့် ညကလပ်များ၊ လမ်းပေါ်တွင် လျှံထွက်နေသည့် မြူးကြွကြွ ဂီတသံက ဟိုတစ်စု ဒီတစ်စု ထိုင်နားထောင်နေသည့် လူငယ် လူရွယ်များကို မြူဆွယ်နေသည်။

တစ်နေရာတွင် ကျွန်တော် ရပ်လိုက်သည်။ အဝင်တံခါးမကြီး၏ တစ်ဖက်တစ်ချက် တွင် ရှည်မျောမျော ဓာတ်ပုံတစ်ပုံစီ ရှိသည်။ ဓာတ်ပုံနှစ်ပုံလုံးမှာ အတူတူ ဖြစ်၏။ ရွှေပွဲလာတို့ကို ဖိတ်ခေါ်ဖို့ ချိတ်ထားသည့် ဓာတ်ပုံများ ဖြစ်ပါသည်။ ကျွန်တော့်လို လူမျိုးချည်း ဆိုလျှင်တော့ ကလပ်ပိုင်ရှင် ထမင်းငတ်ဖွယ် ရှိ၏။

သို့သော် သည်ကလပ်ကို ကျွန်တော် ဝင်ရတော့မည်။ အင်နာစထာဒယ်လာနှင့် ချိန်းထားသောကြောင့် ဖြစ်ပါ၏။ သူက တလပ် ဓာတ်ပုံဆရာမလေ၊ နောက်ဆုံးပွဲအပြီးတွင် ကျွန်တော်တို့ တွေ့ဖို့ ချိန်းထားသည်။

'ဝင်သွားလေဗျာ၊ တပွဲ စတော့မယ်'

အပေါက်စောင့်က လှမ်းပြောသည်။

'အင်း. . ဝင်တာပေါ့ဗျာ'

သူက ကျွန်တော့်ကို စည်းရုံးသည့် မျက်လုံးများဖြင့် ကြည့်ပြီး . . .



'အမှောင်ထဲမှာ ခင်ဗျား တစ်ယောက်တည်း မထိုင်ရဲရင် စားပွဲထိုးကို ပြော၊ အဖော် ရှာပေးပါလို့၊ မက်စ်ရဲ့ မိတ်ဆွေပါလို့ ပြော'

'ကျေးဇူးပါပဲဗျာ'

ကျွန်တော် အထဲဝင်ခဲ့သည်။ အထဲရောက်တော့ ပိန်းပိန်းပိတ် မှောင်နေ၏။ မျက်လုံး ကျင့်သားရမှ အကျိုးဖြူနှင့် စားပွဲထိုးကို ရေးရေးမြင်ရသည်။

'ကြိုတင်လက်မှတ် ဝယ်ထားပါသလား ခင်ဗျာ'

'ကိစ္စမရှိဘူး၊ ကျွန်တော် အရက်ခန်းမှာ ထိုင်မယ်'

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ ဒီမှာ စနေ တနင်္ဂနွေက လွဲပြီး အရက်ကောင်တာ မဖွင့်ပါ ဘူး၊ ရှေ့တန်းမှာ ကျွန်တော် စားပွဲတစ်လုံး ချန်ထားတာ ရှိသေးတယ် ဆရာ'

ကျွန်တော် အကဲခတ်ကြည့်လိုက်၏။ စားပွဲပေါင်း ခြောက်ဆယ်လောက်တွင် ဆယ်လုံး လောက်သာ လူ ရှိသည်။ စားပွဲတစ်လုံးတွင် ကျွန်တော် သွားထိုင်လိုက်၏။ ကိုယ်တော်ချောက ထွက်မသွားသေးဘဲ ကျွန်တော့် ကုလားထိုင်ကို ကိုင်ပြီး စောင့်နေ၏။

အကြွေနည်းနည်း ပေးလိုက်တော့ ယူသွားသည်။ တွက်ခြေမကိုက်သဖြင့် စိတ် ကျေနပ်ပုံ မရ။

ဘာဘွန်းဝီစကီ တစ်ပက် မှာလိုက်သည်။ ပုလင်းလိုက် လာချသည်။ ကလပ်၏ ထုံးစံဖြစ်မည် ထင်ပါ၏။ ဝီစကီကို တစ်ကျိုက်သောက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ အင်နာစထာဒယ်လာကို အရိပ်အယောင်မျှပင် မတွေ့ရ။

သူ ချိန်းသည့်အတိုင်း ထိုနေ့ ညနေပိုင်း ကျွန်တော် သူ့ဆီ ဖုန်းဆက်သည်။

'မင်းအစ်ကိုနဲ့ အဆက်အသွယ် ရပြီလား'

'မရသေးဘူး။ ဒီညနေ ရမယ် ထင်ပါတယ်'

'ဒါဖြင့် ကိုယ် ထပ်ဆက်မယ်'

'ကျွန်မ အိမ်ပြန်နောက်ကျလိမ့်မယ်၊ ကျွန်မ သူ့ဆီက သတင်းမရရင် တန်းပြီးလှူပ်ရှား နိုင်တာပေါ့'

'ကောင်းပြီလေ၊ ဘယ်မှာလဲ'

အင်နာက ညကလပ် လိပ်စာကို ပေးသည်။

'ကောင်းပြီ၊ ကိုယ်လာခဲ့မယ်'

'ကျွန်မက ဓာတ်ပုံဆရာမပါ၊ ညနေ ငါးနာရီကနေရှစ်နာရီအထိ တခြားပျော်ပွဲစားရုံ တစ်ခုမှာ လုပ်ပါတယ်၊ ကိုးနာရီနောက်ပိုင်းကလပ်မှာ ကျွန်မရှိမယ်'

'နောက်ဆုံးပွဲက ဘယ်အချိန်လဲ'

'ဒီည နှစ်ပွဲရှိတယ်၊ နောက်ပွဲက တစ်နာရီကျော်ကျော်လောက်မှာ ပြီးမယ်'

'ကောင်းပါပြီ ကိုယ် လာခေါ်မယ်'

'ကောင်းပါပြီ မစ္စတာကေရီ၊ အထဲကို ဝင်ခဲ့နော်၊ ကျွန်မ သူနဲ့ အဆက်အသွယ် မရဘူး ဆိုရင်လည်း မစ္စတာကေရီက စောစောစီးစီး ပြန်နိုင်တာပေါ့'

'အိုကေ'

'ကလပ်ရှေ့ထိ ကားမယူလာနဲ့ သိလား၊ အလကား ပိုက်ဆံကုန်နေမယ်၊ အနီးအနားမှာ ကားရပ်စရာတွေ ပြည့်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ မစ္စစထားဒယ်လာ'

တယ်လီဖုန်းကို ချပြီး တစ်ဆက်တည်း ယောက္ခမဟောင်းကြီးဆီ လှမ်းဆက်လိုက်သည်။

'ခုထိ ကောင်မလေးက သူ့အစ်ကိုကို ရှာမတွေ့သေးဘူးတဲ့။ ဒါပေမဲ့ ကျွန်တော်တို့ ထပ်တွေ့ဖို့ ချိန်းထားတယ်၊ သူ့အစ်ကိုအကြောင်း ကြားရင် ကျွန်တော်နဲ့ တွေ့ပေးလိမ့်မယ်'

'မနက်ဖြန်ဆို သတင်းစာထဲမှာ ကြော်ငြာပါပြီ၊ ဒါဆို သူပြောတဲ့အတိုင်း တို့ လိုက်နာမယ်လို့ သူ တွက်မှာပေါ့'

'ဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ'

'တို့ လိုချင်တာကတော့ စာတွေပဲလေ၊ သူနဲ့တွေ့ရင် ဒါပဲ ညှိပေါ့၊ မတော်တရော် လုပ်မယ့်လူရဲ့ လက်ထဲ အရောက်မခံနိုင်ဘူးလေ'

'ရောက်နေပြီပဲ'

'အေးလေ၊ ပိုဆိုးသထက် မဆိုးအောင် လုပ်ဖို့ ပြောနေတာ'

'ဒါတော့ သတိထားပါ့မယ်'

'မနက်ဖြန် ညနေပိုင်း မင်း ဘာလုပ်စရာ ရှိလဲ'

'ခုထိတော့ မရှိပါဘူး'

'နီရာနဲ့ ဂေါ်ဒွန် ဗီကို လာကြလိမ့်မယ်၊ ရုံးချိန်းနေ့အတွက် တိုင်ပင်ကြရအောင် ဒေါက်တာဝိတ်မန်းနဲ့ ဒန်နီကျောင်းက ကျောင်းအုပ်ဆရာကြီးလည်း လာလိမ့်မယ်၊ မင်းလည်း လာနိုင်ရင် ကောင်းမယ်'

'ဘယ်အချိန်လဲ'

'သုံးနာရီခွဲ'

'ကျွန်တော် လာခဲ့မယ်'

'ဒီည ဘာထူးခြားလဲ ဆိုတာပါ သိချင်တယ်၊ ဘယ်အချိန်ဖြစ်ဖြစ် ဖုန်းဆက်ပါ'

'ဟုတ်ကဲ့'

အဘွားကြီးဆီ ဖုန်းဆက်ပြီး နာရီဝက်အကြာတွင် ကျွန်တော် သည်နေရာကို ရောက်လာခြင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် အခန်းထဲတွင် လူတွေပြည့်လာသည်။ စားပွဲ သုံးပုံတစ်ပုံလောက်တွင် နေရာယူပြီးကြပြီ။

အဆိုတော်ဟောင်းကြီး မော်ဒီမက်ကင်ဇီ ပထမဆုံး ထွက်လာပြီး ဖျော်ဖြေသည်။ စိတ်ကုန်စရာ ကောင်းလှသော်လည်း ကြိတ်မှိတ်ပြီး ထိုင်နေရ၏။

'ဓာတ်ပုံကောင်းကောင်းလေးများ မရိုက်ချင်ဘူးလားရှင်'

ကျွန်တော် လှည့်ကြည့်လိုက်သည်။ အင်နာစထားဒယ်လာသည် ဖီတလီဓာတ်ကားများထဲမှ မင်းသမီးတစ်လက်နှင့် တူနေ၏။ ပိုးပျော့ဝတ်ရုံရှည်ကို ပခုံးတွင် လျှော့ရိလျှော့ရဲ ချိတ်ထား၏။ အမှိုအမောက် အချိုင့်အဝှမ်းတို့မှာ ဆိုဗီယာလိုရင်းနှင့် ပြိုင်နေသလား အောက်မေ့ရ၏။

ကျွန်တော်က သူ့ကို ကြည့်ပြီး ခေါင်းယမ်းပြလိုက်သည်။

သူက ပြုံးပြီး-

'ရိုက်ပါ ရှင်ရယ်၊ တစ်ပုံတော့ ရိုက်ပါနော်'



ခပ်ကျယ်ကျယ် ပြောပြီးမှ ကျွန်တော့်တစ်ကိုယ်ကြား တိုးတိုးကပ်ပြောသည်။

'ကျွန်မ ဆရာသမား စောင့်ကြည့်နေတယ်၊ စကားပြောလို့ဖြစ်အောင် လုပ်ပါ'

'အင်း၊ အင်း ပုံကောင်းကောင်းလေး လုပ်နော်'

သူက ပြုံးပြီး ကင်မရာကို မြှောက်ကာ မျက်နှာနှင့် ကပ်လိုက်သည်။ ခုမှ သူ့အကွက်ကို ကျွန်တော် ကောင်းကောင်းသဘောပေါက်လာ၏.

ခပ်ကျယ်ကျယ် ပြောသည်။

'ကုလားထိုင်ကို ဒီဘက် လှည့်နော်'

ကျွန်တော် လှည့်ပေးလိုက်၏။ သူက ပုံရိပ်ရှာ မှန်ချပ်ကို ငုံ့ကြည့်ပြီး-

'အဲ. . ခုမှ ကောင်းတာ'

နောက်ကို အနည်းငယ်ဆုတ်ပြီး ကင်မရာကို ပြန်ချိန်သည်။

ကင်မရာမီးလုံး ဖျပ်ခနဲ လင်းသွားသည်။ ကျွန်တော့်မျက်စိတွေ ပြာသွား၏။ စားပွဲဆီသို့ သူ လျှောက်လာသည်၊ ခပ်တိုးတိုး ကပ်ပြောသည်။

'ကျွန်မနဲ့ ဆုံဖို့နေရာ ဓာတ်ပုံနောက်ကျောမှာ ရေးပေးလိုက်မယ်'

'မင်း သူ့ကို တွေ့ပြီလား'

သူက ခေါင်းညိတ်ပြီး ခါးဆန့်လိုက်၏။ သူ့မျက်လုံးတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြောင်း သတိထားလိုက်မိ၏။ လူတစ်ယောက် အနားမှ ဖြတ်လျှောက်သွားသည်။

'ပုံကောင်း ထွက်စေရပါမယ်ရှင်၊ ၁၅ မိနစ်ပဲ စောင့်ပါနော်'

ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်သွားသည်။ ကျွန်တော် ငေးကြည့်နေမိ၏။ သူ့ရုပ်ရည်နှင့် သည်လောက် အောက်တန်းကျသည့်အလုပ်ကို လုပ်မည်ဟု လုံးဝ မထင်ခဲ့ပါ။

'ဝီစကီယူဦးမလား ဆရာ'

စားပွဲထိုး ရောက်လာပြီး မေးသည်။ မော့ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ဝီစကီက ရေတစ်ဝက် ရောပြီးသား။ ကျန်သည့် အစီအစဉ်တွေကလည်း ချာတူးလန်တွေချည်း။ သို့သော် ဧည့်ပွဲလာတွေက စိတ်ဝင်တစား ကြည့်ကြသည်။

ဂျက်ဆင်လမ်း၊ အမှတ် ၈၀၀ ရှေ့ ဓာတ်တိုင်အောက်ကို ကျွန်တော် ရောက်တော့ ည တစ်နာရီ လေးဆယ့်ငါး ရှိနေပြီ။ ကားစက်သတ်ပြီး ဓာတ်ပုံကို ထုတ်ကြည့်လိုက်၏။ ဓာတ်ပုံက သိပ်မဆိုးလှ။ ပုံနောက်ကျောကို လှန်ကြည့်လိုက်သည်။ အမှတ် ၈၀၀ ဂျက်ဆင်လမ်းဟု ဓာတ်ပုံသမားများ သုံးသည့် ခဲတံဖြင့် ရေးထားသည်။ ဓာတ်ပုံကို နံဘေးတွင်ချပြီး စီးကရက်တစ်လိပ် ထုတ်ညှိသည်။ ဆယ်မိနစ်အတွင်း သူ ရောက်လာသည်။ လမ်းထောင့်တွင် ရပ်ပြီး တက္ကစီတစ်စီးပေါ်မှ ဆင်းလာခြင်း ဖြစ်၏။ နောက်ကြည့်မှန်ထဲတွင် ကျွန်တော့်ကို မြင်နေရ၏။ ကျွန်တော့်ကားကို သူ ချက်ချင်း မြင်သွားသည်။

ကင်မရာ လွယ်ပြီး ခပ်သွက်သွက် လျှောက်လာနေသည်။ တံခါးကို အဆင်သင့် ကျွန်တော် ဖွင့်ပေးလိုက်၏။ သူ အထဲရောက်ရောက်ချင်း ကျွန်တော် မေးလိုက်သည်။

'ဘာထူးလဲ'

သူ့မျက်လုံးတွေ မကြည်မလင်။

'အခြေအနေ သိပ်တော့ မကောင်းဘူး မစ္စတာကေရီ၊ ရန်ငိုတစ်ယောက်တည်း မဟုတ်ဘူး။ ကျွန်မတို့ ကြားမဝင်ရင် ကောင်းမယ် ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'သူ ဘယ်မှာနေလဲ ဆိုတာ မင်း သိခဲ့ပြီလား'

ကျွန်တော် စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

သူ ခေါင်းညိတ်၏။ ချက်ချင်း စက်ကို နှိုးလိုက်ပြီး-

'ကဲ. . သွားမယ်၊ ဘယ်လမ်းလဲ'

'ကလစ်ပေါ့စ် အနားက ဆိုင်တစ်ဆိုင်ရဲ့ အပေါ်ထပ်မှာ ရန်ဇို အခန်းငှားနေတယ်'

ချက်ချင်း မောင်းထွက်လာခဲ့သည်။ သူ တစ်ချက်ငဲ့ကြည့်လိုက်သည်။ မျက်နှာ မှက်နေ၏။

'ကဲ. . ဘာအရှုပ်တော်ပုံလဲ၊ ပြောပါဦး'

'ကျွန်မ ပြောတဲ့အတိုင်းပဲလေ၊ သူတစ်ယောက်တည်း မဟုတ်တော့ဘူး။ ကြောက်စရာကောင်းတဲ့ တခြားလူတွေပါ ပါနေပြီ'

'မင်း ဆိုလိုတာက ဒီကစ္စကို ပုံကြီးချဲ့နေပြီပေါ့၊ ဟုတ်လား'

ကျွန်တော်က သရော်သံဖြင့် မေးလိုက်သည်။

'ဟုတ်တယ်၊ သူက သူ့မိတ်ဆွေတစ်ယောက်နဲ့ တိုင်ပင်ပြီးမှ လုပ်တာတဲ့၊ အဲဒီ လူက တိုနီနဲ့လည်း ခင်တယ်'

'ဘယ်သူလဲ'

'ချာလီကိုရီယာနီ'

ကျွန်တော် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်၏။ သည်အတိုင်း မှန်လျှင်တော့ ငယ်သည့်အမှု ကြီးချေပြီ။ ချာလီကိုရီယာနီမှာ ဆန်ဖရန်စစ္စကို လူဆိုးလောကတွင် သတင်းကြီးသူ ဖြစ်၏။ ဥပဒေကို လက်တစ်လုံးခြား ရှောင်တိမ်းတတ်၍ ခုထိ သူ့ကို ဘယ်အဖွဲ့ကမှ မဖမ်းနိုင်ကြ။

'ဒါကို မင်း ဘယ်က ကြားသလဲ'

'အလုပ်ထဲမှာ ကြားတာပါ၊ ကောင်မလေးတစ်ယောက်က ပြောတာ'

'အဲဒီ ကောင်မလေးက ဘယ်လိုလုပ် သိလဲ'

'ကောင်မလေးရဲ့ အတွဲက ကိုရီယာနီရဲ့ ဂိုဏ်းထဲက ကောင်လေး'

'ထားပါတော့၊ ဘာကြောင့် မင်းကို ပြောတာလဲ'

'အင်နာက ဒီအထဲ ပါနေတယ်လို့ ကောင်မလေးက ထင်နေတယ်၊ ကျွန်မ လုပ်တဲ့ ကလပ်ကလည်း ကိုရီယာနီနဲ့ မကင်းကြဘူးလေ'

'ဒါဖြင့် စာတွေက ဘယ်သူ့ဆီမှာလဲ၊ ကိုရီယာနီဆီမှာလား၊ မင်းအစ်ကိုဆီမှာလား'

'အဲဒါ ကျွန်မ မသိဘူး'

'ဒါဆို သိအောင်လုပ်ဖို့ တစ်နည်းပဲ ရှိတော့တာပေါ့'

'ကျွန်မ အစ်ကိုကိုတော့ မထိခိုက်စေချင်ဘူး'

'ဒါကတော့ သူ့အပေါ် မူတည်တယ်လေ၊ အကျယ်ချဲ့တာက သူပဲ၊ ကိုယ်မှ မဟုတ်တာ'

သည်ဘက်အပိုင်းကို မရောက်သည်မှာ ကြာပြီ။ ဒန်နီ ငယ်ငယ်တလေးက စာစရာ အချုပ်တွေ ဝယ်ဖို့၊ စက်ရုပ်ကလေးတွေ ကြည့်ဖို့ မကြာခဏ ရောက်ဖူးသည့် နေရာ၊ နေရာလွတ် တစ်ခုတွင် ကားထိုးလိုက်သည်။



ဘာမှ မပြောင်းလဲသေးပါ။ မုန့်ဆိုင်တွေ၊ ဘီယာဆိုင်တွေ၊ ယခင်အတိုင်းပင်၊ တစ်ခုပဲ ကွာသွားသည်။ ဟိုတုန်းက ဘီယာတစ်လုံးနှင့် အမြည်းတစ်ပွဲ ဆယ်ဆင့်၊ ခုတော့ ဒေါ်လာ တစ်မတ် ဖြစ်နေပြီ။

အင်နာက ဆိုင်တစ်ဆိုင်ကို လက်ညှိုးထိုးပြပြီး-

'အဲဒီမှာ အရင်ကြည့်ရအောင်-သူ အမြဲထိုင်လေ့ရှိတယ်တဲ့'

သူ့နောက်မှ လိုက်ပြီး ဆိုင်ထဲ ဝင်ခဲ့သည်။ ညဦးနက်နေပြီ ဖြစ်၍ အရက်ကောင်တာတွင် လူရှင်းနေပြီ။

ကောင်တာထဲမှ လူက အပြင်ထွက်လာပြီး စားပွဲကို သုတ်ရင်း အင်နာ့ကို နှုတ်ဆက်သည်။

'ဟဲလို အင်နာ'

'ဟဲလို ဂျော်နီ၊ ဒီည ရန်ဇို လာသေးလားဟင်'

ဂျော်နီ ဆိုသူက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး-

'စောစောကတော့ လာတယ်၊ ပြန်ထွက်သွားပြီ အင်နာ'

'ကျေးဇူးပဲ ဂျော်နီ'

အင်နာ လှည့်ထွက်မည်အပြုတွင် ဂျော်နီက ပြန်ခေါ်သည်။

'တိုနီ အကြောင်းကြားရတာ ကိုယ် စိတ်မကောင်းပါဘူး အင်နာ၊ ကိုယ် သူ့ကို ခင်ပါတယ်'

'ကျေးဇူးတင်ပါတယ် ဂျော်နီ'

အင်နာ့နောက်မှ ကျွန်တော် ဆိုင်အပြင်ဘက်သို့ လိုက်ထွက်ခဲ့၏။

'ခု တို့ ဘယ်သွားကြမလို့လဲ'

'ဒီလမ်းကြားထဲ ဝင်မယ်၊ နောက်ဘက် လှေကားက တက်မယ်'

ကျွန်တော် စလှမ်းသည်။ ကျွန်တော့်လက်မောင်းကို လှမ်းဆွဲပြီး ရပ်ခိုင်းလိုက်သည်။

'ကျွန်မတို့ မသွားရင် ကောင်းမယ်'

'ဘာပြုလို့လဲ'

'ဂျော်နီ ပြောတာ ကျွန်မ မသင်္ကာဘူး။ သူနဲ့ တိုနီ လုံးလုံးတည့်တာ မဟုတ်ဘူး၊ တစ်ခါတုန်းက အသေအလဲ ချကြပြီးပြီ'

'ဒီဆိုင်လည်း ကိုရီယာနီ အပိုင်ပဲလား'

အင်နာ ခေါင်းညိတ်သည်။

'သူတို့ ပြောတဲ့အတိုင်း လိုက်နာရင် ကောင်းမယ် မစ္စတာကေနီ'

ကျွန်တော့်လက်မောင်းကို ဆုပ်ပြီး-

'လူရိုးလူကောင်းတစ်ယောက် အနာတရ မဖြစ်စေချင်လို့ပါ မစ္စတာကေနီ'

'ကိုယ့်သမီးလေးရဲ့ ရွှေရေးကို သူတို့ အန္တရာယ်ပေးကြမှာလေ၊ မင်း အပေါ် တက် မလိုက်ချင်ရင် မလိုက်ခဲ့နဲ့၊ ကိုယ့်ကားထဲမှာ စောင့်နေ'

အင်နာစထာဒယ်လာ တုန်လှုပ်ချောက်ချားနေ၏။ လက်တစ်ဖက်က ကင်မရာကြိုးကို တင်းတင်းဆုပ်ပြီး-

'လိုက်မယ်၊ ကျွန်မပါ လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို ကြည့်ပြီး-

'ကင်မရာကြီးကို ကားထဲ ထားခဲ့ပါလား၊ လေးက လေးနဲ့'

'မလုပ်ပါနဲ့၊ နှစ်ရာတောင် ပေးရတာ၊ ဒီရုပ်ကွက်က ဘာမှ စိတ်ချရတာ မဟုတ်ဘူး'

□ □ □

## အခန်း ( ၁၁ )

လှေကားမှာ သစ်သားလှေကား ဖြစ်၏။ အဆောက်အအုံ၏ အပြင်ဘက်မှ ပတ်တပ်ထားသည်။ တိတ်ဆိတ်နေသည့် ညသည် ကျွန်တော်တို့ နှစ်ယောက်၏ ခြေသံဖြင့် ပွဲတင်နေ၏။ အောက်ဆုံးထပ်မှ မီးရောင်ဖြင့် တက်ရသည်။ အခန်းတံခါးကို ကျွန်တော် အသာခေါက်လိုက်သည်။ အတွင်းမှ ခြေသံများ ကြားရသည်။

'ဘယ်သူလဲ'

အင်နာကို ကျွန်တော် လှမ်းကြည့်လိုက်သည်။

'အင်နာပါ၊ ခဏဖွင့်ပါ ရန်ဇီ'

မကျေမနပ် ရေရွတ်သံနှင့်တူ တံခါးပွင့်လာသည်။

'သေတော့မှာပဲ၊ နင် ဘယ်လိုလုပ်ပြီး ငါ့လိပ်စာ ရတာလဲ'

ကျွန်တော့်ကို မြင်တော့ ဝုန်းခနဲ တံခါး ဆွဲပိတ်သည်၊ ကျွန်တော် ခြေထောက်ထိုးခံလိုက်၏။ သူက နောက်ဆုတ်ပြီး ကျွန်တော့်ကို သေသေချာချာ ကြည့်သည်။ မျက်တောင်ပုတ်ခတ် ပုတ်ခတ်နှင့်၊ သူညီမ၏ မျက်နှာပေါက်မျိုးပင်။ လူချောတစ်ယောက် ဖြစ်၏။ သို့သော် သူ့မျက်နှာမှာ သူ့အမှုအရာနှင့် လိုက်ဖက်ခြင်း မရှိ။ ဘောင်းဘီ ခပ်ကျယ်ကျယ်နှင့်။ တီရှပ်ကို ဝတ်ထား၏။

'ဒါက ဘယ်သူလဲ'

'မစ္စတာကေရီတဲ့ ရန်ဇီ၊ စာတွေကိစ္စနဲ့ လိုက်လာတာ'

www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းထဲမှ မိန်းကလေးတစ်ယောက်၏ အသံပေါ်လာသည်။

'မောင်ရေ ဘယ်သူတွေလဲဟင်'

'ကိုယ့်ညီမနဲ့ သူ့မိတ်ဆွေတစ်ယောက်ပါကွာ'

'မိတ်ဆွေတစ်ယောက် ပါလာတယ် ဟုတ်လား၊ လာခဲ့မယ်၊ လာခဲ့မယ်'

'နင့်ဟာနင် နေစမ်းပါ'

သူက ကျွန်တော့်ကို မှုန်တေတေကြည့်ပြီး-

'ဘာစာတွေလဲ၊ ကျွန်တော် မသိဘူး'

ကျွန်တော်က ခြေထောက်တစ်ဖက်နှင့် တံခါးကို နောက်ပြန်ပိတ်လိုက်သည်။

'စာအိတ်ကြီးထဲမှာ ထည့်ထားတဲ့ စာတွေလေ၊ တိုနီ သေတဲ့ညက မင်းအစ်မဆီက ယူသွားတဲ့ စာတွေလေ'

'အလကား သော်က်အစီပွာယ်မရှိ၊ မသိဘူး၊ ဘာစာမှ ကျွန်တော့်ဆီမှာ မရှိဘူး'

သူ့နောက်မှ စားပွဲပေါ်သို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။

အိတ်ဇမိုင်း သတင်းစာတစ်စောင်၊ ပွင့်လျက်သား။

'မစ္စက်ပောဒင်ဆီ မင်း ရေးလိုက်တဲ့စာနဲ့ ဝတ်သက်တဲ့ စာတွေလေ'

အခန်းထောင့်မှ လက်နှိပ်စက်ကို တစ်ချက်ငဲ့ကြည့်ပြီး-

'အဲဒီ လက်နှိပ်စက်နဲ့ ရိုက်ပို့လိုက်တဲ့ စာတွေလေ'

ဆံပင်နီနီနှင့် ကောင်မလေးတစ်ယောက် အခန်းထဲမှ ထွက်လာသည်။

'မောင့်မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးပါဦးကွယ်'ဟု ချွဲချွဲနွဲ့နွဲ့ပြောသည်။

ရန်ဇိုက ကောင်မလေးကို တစ်ချက်ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို ပြန်ကြည့်ပြီး-

'ဘာစာမှ မရေးဘူး၊ ဘာလက်နှိပ်စက်မှ မရိုက်ဘူး'

ကျွန်တော်က အခန်းထဲဖြတ်ဝင်သွားပြီး လက်နှိပ်စက်ကို ကောက်ယူလိုက်သည်။ ချိုင်းကြားတွင် ညှပ်ပြီး တံခါးဝဆီသို့ ပြန်လာခဲ့သည်။

ကောင်မလေးက သံသေးသံကြောင်ဖြင့်-

'ဟေး . . ကျွန်မ လက်နှိပ်စက်ကို ဘယ်ယူသွားမလို့လဲ'

ကျွန်တော်က ရန်ဇို့မျက်နှာကို ကြည့်ပြီး-

'ရဲက ဒီလက်နှိပ်စက်နဲ့ ပို့လိုက်တဲ့စာကို တိုက်ကြည့်လိမ့်မယ်၊ ဟုတ်နေရင် ခြိမ်းခြောက်မှုအတွက် ဆယ်နှစ်ကနေ အနှစ် နှစ်ဆယ်အထိ မင်းခံရလိမ့်မယ်'

ဤတွင်မှ ကောင်မလေးက အော်တော့သည်။

'အဲဒါကြောင့် ကျွန်မ ပြောသားပဲ၊ ကျွန်မ လက်နှိပ်စက်နဲ့ မရိုက်ပါနဲ့လို့'

'ဟေ့ . . နင့်ပါးစပ် ပိတ်ထားစမ်း'

ကျွန်တော့်ဘက် ပြန်လှည့်ပြီး-

'ဒါဆို ခင်ဗျား စာတွေ ဝယ်မယ်ပေါ့'

ကျွန်တော်က လက်နှိပ်စက်ကို ချပြီး-

'ကြည့်မယ်လေ'

သူက ကျွန်တော့်ကို သေသေချာချာ အကဲခတ်ရင်း-

'အဘွားကြီးက ခင်ဗျားကို လွှတ်လိုက်တာလား'



'အဘွားကြီး မလွှတ်ရင် ငါက ဒီကိစ္စ ဘယ်လိုလုပ် သိမှာတုံးကွ'

'ပေးမယ်တဲ့လား'

'ဒါက မင်းအပေါ်မှာ တည်တယ်လေ၊ တို့ မျက်စိမှိတ်ပြီးတော့တော့ ဘယ်ဝယ်မလဲ'

'ကျွန်တော့်ဟာတွေက မူရင်းတွေဗျ'

ခေါင်းထဲ ရုတ်တရက် အကြံတစ်ခု ဝင်လာသည်နှင့်-

'အဘွားကြီးဆီ စာရေးတာ မင်းတစ်ယောက်တည်း အောက်မေ့နေလား'

သူ ဇဝေဇဝါ ဖြစ်သွားသည်။

'တခြားကောင်တွေဆီကလည်း လာတယ် ဟုတ်လား'

'မင်းစာက စတုတ္ထ ဖြစ်နေတယ်'

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ကဲ . . မင်းပြောသလို မူရင်းတွေ၊ အစစ်တွေ ဟုတ် မဟုတ် ငါ ကြည့်ဖို့ လိုတာပေါ့ကွ'

'ကျွန်တော် ဘယ်ဒီလောက် မိုက်ပါ့မလဲ၊ ကျွန်တော့် အပေါင်းအသင်းတွေဆီမှာ ထားတယ်၊ ဒီမှာ လုံးလုံးခြုံခြုံ မရှိဘူးလေ'

ကျွန်တော်က လက်နှိပ်စက်ကို ကောက်ယူပြီး-

'ဒါဆိုလည်း မင်းအပေါင်းအသင်းတွေ ပစ္စည်းလာပြတဲ့အခါမှ စကားပြောကြတာပေါ့'

'ခဏ နေပါဦး၊ ဒီလိုဖြစ်မှာစိုးလို့ ကျွန်တော် စာနှစ်စောင် ယူထားလိုက်တယ်'

'အေး . . ဒီလိုမှပေါ့၊ ကဲ ကြည့်ရအောင်'

ရန်ဇိုက ကောင်မလေးကို ကြည့်ပြီး-

'ကဲ . . အဝတ်လဲ၊ အောက်ထပ်ဆင်းပြီး ဂျော်နီ့ဆီသွား၊ ငါ ပေးထားတဲ့စာအိတ် ပြန်ပေးလိုက်ပါလို့ ပြော'

ဘာမှ မပြောဘဲ ရပ်ကြည့်နေသည့် အင်နာ့ဘက် လှည့်ပြီး-

'မင်း အချိန်ရပါတယ်နော်'

အင်နာက ခေါင်းညိတ်ပြသည်။ ရန်ဇိုက ညီမလုပ်သူကို မကျေမချမ်းကြည့်ပြီး-

'နင် အဲဒီအတွက် တယ်လောက်ရမှာမို့လဲ အင်နာ၊ နင့် မြက်မြက်ကလေးရမှ ဖြစ်မှာနော်၊ ခုအတိုင်းဆို နင် အလုပ်ပြုတ်မှာ'

'ဟေ့ကောင်၊ မင်းညီမ ငါ့ဆီက တစ်ပြားမှ ရမှာမဟုတ်ဘူး၊ သူက မင်း ထောင်ထဲရောက်မှာစိုးလို့ လိုက်ကူညီနေတာ၊ နားလည်လား'

အင်နာ အခန်းပြင် ထွက်သွားသည်။ ရန်ဇိုက ကျွန်တော့်ဘက် ပြန်လှည့်ပြီး-

'ကဲ . . စိတ်အေးအေးထားပါတော့ဗျာ၊ ထိုင်ပါဦး၊ ဆေးလိပ်ကောင်းကောင်း ရှိတယ်၊ ချပါဦးလား'

'တော်ပါပြီ'

ရန်ဇိုက ဗီရိုဆီလျှောက်သွားပြီး ပုလင်းတစ်လုံးကို ယူလာသည်။ ကောင်မလေးကို လှမ်းအော်ပြီး-

'ရေခဲနည်းနည်း ယူခဲ့စမ်းဟေ့'

ကောင်မလေးက ဘုကျကျ ပြန်ပြောသည်။

'ကိုယ့်ဘာသာ ကိုယ်လာယူ'

www.burmeseclassic.com

www.burmeseclassic.com



ရန်ဗိုက ပခုံးတွန့်ပြီး-

'အင်း. . မိန်းမတွေး . . မိန်းမတွေ' ဟု ရွတ်ရင်း ရေခဲသေတ္တာသွားဖွင့်သည်။ ရေခဲတုံးကလေးများ ထုတ်ယူပြီး ဖန်ခွက်ထဲထည့်သည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် လာထိုင်ပြီး ဗီစကီကို မော့သည်။

'တိုနီဆိုတဲ့ကောင်ကတော့ တကယ့်ကို ညက်တဲ့ကောင်ဗျ'

သူက ထပ်မော့ပြီး-

'နောင်ကြီးရဲ့ အမျိုးသမီးကလည်း သမီးနဲ့ နင်လား ငါလားပဲဗျ. . သိလား၊ သေချာတာကတော့ အဘွားကြီးက သမီးအပေါ်မှာ အကြီးအကျယ် မနာလိုဝန်တို ဖြစ်နေတယ်ဆိုတဲ့ အချက်ပဲ၊ စာတစ်စောင်မှာ ပါတာက ငါ့ကို လှည့်စားမယ်တော့ မကြံနဲ့၊ အသေသတ်ပစ်မယ်တဲ့၊ ခုတော့ ကောင်မလေးက လက်ဦးသွားတာပေါ့'

ကျွန်တော် အံကြိတ်ထားရဆဲ။

'ဒီကြားထဲမှာ ကျွန်တော့ညီမ ဝေတုံးမက သူ့ဆီ ပြန်လာနိုးနဲ့ ဒီကောင့်ကို စောင့်နေသေးတယ်ဗျာ'

သူက ရယ်လိုက်သေးသည်။

'ဒီကောင်က အီတလီခေါက်ဆွဲကလေး စားချင်စိတ် ရှိတဲ့အခါလောက်ပဲ သူ့ဆီ ပြန်လာတာ၊ တောင်ကုန်းပေါ်က အိမ်ကြီးမှာ အဆီအဆိမ့်တွေ ဝအီလာတဲ့ အခါမျိုးလေ'

လှေကားမှ ခြေသံတွေ ကြားရသည်။ သူက ဖန်ခွက်ကို မြှောက်ပြီး ကျွန်တော့်အတွက် ဆုတောင်းပေးသည်။

'ကံကောင်းပါစေဗျာ'

တံခါးပေါက်ဆီသို့ ကျွန်တော် လှည့်မကြည့်။ တံခါးပွင့်လာသံကိုတော့ ကြားလိုက်သား။ တစ်ပြိုင်တည်းတွင် ကျွန်တော့်နောက်စေ့ကို အရိုက်ခံလိုက်ရသည်။ မျက်လုံးထဲတွင် ကြယ်တွေလင်းတွေ လင်းလက်သွားပြီး ကြမ်းပြင်ပေါ်သို့ ကားခနဲကျသွား၏။ မှောင်အတိ ကျသွားသည်။

ကျွန်တော့်ကို ဝိုင်းပြီး တွန်းဟယ်ထိုးဟယ်နှင့် ယူသွားကြသည်ကို သိသလိုလို၊

မျက်နှာကို ရေခဲရည်ဖြင့် အပက်ခံရမှ ကျွန်တော် သတိရလာသည်။ ခေါင်းကို သွက်သွက်ယမ်းပြီး မျက်စိဖွင့်ကြည့်လိုက်၏။ လိုရန်ဇိုနှင့် ဂျော်နီက ကျွန်တော့်ကို ငုံ့ကြည့်နေကြ၏။

ကျွန်တော် လုံးလုံး သတိရလာတော့ အိပ်ရာတွင် ထိုင်လျက်သား ဖြစ်နေ၏။ အင်း အဝတ်အစားတွေလည်း မရှိတော့ပါလား။

နံဘေးဆီမှ အသံတစ်သံကြားသဖြင့် ခေါင်းကို ငဲ့ကြည့်လိုက်သည်။ ဦးခေါင်းတစ်ခုလုံး မခံနိုင်အောင် နာကျင်သွား၏။ စောစောက အခန်းထဲတွင် ရှိနေသည့် ဆံပင်နီနီနှင့် ကောင်မလေးက အဝတ်တွေ ပြန်ဝတ်နေသည်။

မျက်လုံးကို တအားမှိတ်ပြီး ပြန်ဖွင့်လိုက်သည်။ ခေါင်းမှ အနာသက်သာသွား၊ သယောင် ထင်လိုက်၏။ တဖြည်းဖြည်း ကြည်လင်စပြုလာသည်။ ထောင်ချောက်ထဲကို ကျွန်တော် ဝင်ခဲ့ခြင်းပါတကား။



'ဟို ကုလားထိုင်ပေါ်မှာ ခင်ဗျား အဝတ်အစားတွေ၊ ခင်ဗျား ဝတ်နေတုန်း ကျွန်တော်တို့ အပြင်ထွက်ပေးမယ်'

တံခါးပိတ်ပြီး သူတို့ ထွက်သွားကြ၏။ အိပ်ရာပေါ်တွင် ထိုင်ပြီး အပြင်မှ အသံဗလံများကို နားထောင်နေလိုက်၏။ ဇက်ကို လှည့်ပြီး ဟိုဘက် သည်ဘက် လှည့်ချိုးလိုက်သည်။ မခံနိုင်လောက်အောင် နာနေသည်။ အင်း. . မက်ကီစုပိုပိုလိန် ဝတ္ထုတွေထဲကနှင့် တခြားစီပါလား။

ရေချိုးခန်းဆီသို့ ဒယီးဒယိုင် လျှောက်သွားသည်။ ရေအေးအေး ဖွင့်ချပြီး ဦးခေါင်းကို ထိုးခံထားလိုက်သည်။ နောက်စေ့ကို စမ်းကြည့်တော့ အာလူးသီးကလေးတစ်လုံးကို စမ်းမိ၏။ ခေါင်းခွံထွက်တာကိုပဲ ကျေးဇူးတင်ရမည်။

ရေပူကို တစ်လှည့်ဖွင့်ချပြီး ခေါင်းကို ခံလိုက်ပြန်သည်။ ခေါင်းတွေ၊ ဇက်တွေ တက်နေတာ သက်သာသည်အထိ ရေနွေးတစ်လှည့် ရေအေးတစ်လှည့် ဖွင့်ချသည်။ ခပ်ညစ်ညစ် မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ခေါင်းကို ခြောက်အောင် လုပ်ပြီးမှ ကျွန်တော် အဝတ်လဲသည်။

အိပ်ခန်းထဲမှ ကျွန်တော် ထွက်လာတော့ သူတို့ ဝိုင်းဖွဲ့ပြီး အရက်သောက်နေကြသည်ကို တွေ့ရ၏။ ရန်ဇိုက ဖန်ခွက်ထဲသို့ အရက်ထည့်ပေးပြီး-

'ရော့. . ရော့၊ ခင်ဗျား တစ်ခွက်လောက် ချဖို့လိုတယ်'

ကျွန်တော် လှမ်းယူပြီး မော့ချလိုက်သည်။ တစ်ကိုယ်လုံး ပူနွေးသွားသည်။

'အင်နာ ဘယ်မှာလဲ'

'အိမ်ပြန်လွှတ်လိုက်ပြီလေ၊ သူ့အလုပ် ပြီးသွားပြီပဲ၊ ပုံတွေက မဆိုးဘူးနော်'

ဓာတ်ပုံတွေကို ကျွန်တော့်ဆီ ကမ်းပေးသည်။

ကျွန်တော် လှမ်းယူပြီး ကြည့်လိုက်၏။ ဆယ်စက္ကန့်ပိုလာရိုက် ကင်မရာနှင့် ရိုက်ထားသည့်ပုံတွေ။ ကလပ်ထဲတွင် ရိုက်သည့် ကင်မရာထက် သူ လွယ်လာသည့် ကင်မရာက ပိုကြီးကြောင်း ကျွန်တော် သတိထားခဲ့မိ၏။ ထင်သည့်အတိုင်းပင်။ ကျွန်တော်နှင့် ဆံပင်နီနီ ကောင်မလေး၏ စုံတွဲပုံတွေ၊ ကျွန်တော်က ပုံတွေကို ပြန်ပေးရင်း-

'မင်းတို့ကလဲကွာ၊ လုပ်မယ့်လုပ်ရင် ဒါထက် ဝဝတစ်တစ်ကလေးနဲ့ လုပ်ရောပေါ့။ ဒါလေးက ပိန်ကပ်ကပ်နဲ့'

'အမှတ်တရပေါ့ဗျာ၊ သိမ်းထားပါ။ ကျွန်တော်တို့ တစ်လိပ်လုံး ရိုက်ထားတာပါ'

'ကဲ. . ခု ဘာလုပ်ရမလဲ'

'ဖြည်းဖြည်းပေါ့ဗျာ။ ထိုင်ပါဦး၊ ကျွန်တော်တို့ အပေါင်းအသင်းတစ်ယောက် လာပါဦးမယ်'

ကျွန်တော်က ဓာတ်ပုံတွေကို အိတ်ထဲ ထိုးထည့်ပြီး-

'မင်းတို့ ငါ့ကို ဒီလောက်လုပ်ရရင် တော်ရောပေါ့ကွာ၊ သွားမယ်'

ကျွန်တော်က တံခါးဆီ သွားမည်ပြုတော့ ဂျော်နီက ဓားခနဲထပြီး တံခါးဝမှ ပိတ်ရပ်ထားသည်။ ရန်ဇိုက ကျွန်တော့်ကို ဖျောင်းဖျသည်။

'ခင်ဗျား အေးအေးဆေးဆေး ထိုင်နေရင် ကောင်းမယ်၊ မစ္စတာကေရီ သဘော လိုက်ဟဲဗီး ပိတ်ချန်ပီယံ'

ကျွန်တော် ရှေ့ဆက်တိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီက ကျွန်တော့်မျက်နှာ တည့်တည့်ကို လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။ လွယ်လွယ်ကလေး ကျွန်တော် ရှောင်လိုက်နိုင်၏။ သည်လောက်မှ မလျှင်လျှင် ဆောက်လုပ်ရေး အလုပ်ကြမ်းသမားများကြားတွင် ဆရာ မဖြစ်နိုင်။

ကျွန်တော့် ပခုံးပေါ်မှ သူ့လက်သီး လျှောထွက်သွားသည်။ သည်အခွင့်ကောင်းကို ကျွန်တော် အသုံးချဖြစ်လိုက်၏။ ဂျူဒိုနည်းဖြင့် ရင်ဝတည့်တည့်ကို စွတ်ထိုးထည့်လိုက်သည်။ ရှေ့ ငိုက်ကျအလာတွင် ကရာတေး လက်ဝါးစောင်းဖြင့် လည်မျိုနံဘေးကို ဖြတ်ခုတ်ချလိုက်၏။ ကြမ်းပြင်သို့ သူ ပုံလဲကျသွားသည်။

လေတပ်က ကျွန်တော်တို့ ဆရာ မြင်လျှင် ကျွန်တော့်ကို အမှတ်ပေးမည် မုချ။ လိုရန်ဇို နှင့် တွေ့ရန်လည်း ကျွန်တော် အသင့်ပြင်ချိန် ရလိုက်ပါ၏။

သူ ကျွန်တော့်ဆီ ပြေးဝင်လာသည်။ သူ့လက်ကို ဖမ်းလိမ်ချိုးလိုက်ပြီး နံရံနှင့် ကပ်ထား လိုက်သည်။ လက်ဝါးစောင်းဖြင့် သူ့ဇက်ကို ရွယ်လိုက်တော့ ကောင်မလေးက ငယ်သံပါအောင် အော်သည်။

'ကျန်တဲ့စာတွေ ဘယ်မှာလဲ ပြော'

ရန်ဇို၏ မျက်လုံးတွေ အထိတ်တလန့် ပြူးကျယ်နေသည်။ ခေါင်းကို တွင်တွင်ယမ်းပြီး

'ကျွန်တော့်ဆီမှာ မရှိပါဘူး၊ ကိုရီယာနီဆီမှာပါ'

ကျွန်တော်က လက်ဝါးစောင်းနှင့်ရွယ်ပြီး ခြောက်လိုက်သည်။

'ကျွန်တော် တကယ်ပြောတာပါ'

'ဓာတ်ပုံတွေကော'

'ဂျော်နီ့ဆီမှာပါ'

ပါးကို တအားဖြတ်ရိုက်ချလိုက်သည်။ ကြမ်းပြင်ပေါ်သို့ သူ တစောင်းကျသွားသည်။ တညည်းညည်း တညူညူဖြင့် သူထိုင်၏။

'အမေလေး. . . လုပ်ကြပါဦး'

ကောင်မလေးက သူ့ဆီ ပြေးသွားပြီး ဖက်သည်။

ဂျော်နီ့ဆီကို ကျွန်တော် လျှောက်သွားပြီး ဆွဲလှန်လိုက်၏။ ဒူးထောက်ပြီး သူ့အိတ် တွေကို နှိုက်သည်။ ဓာတ်ပုံတွေ ထွက်လာ၏။ ထိုအချိန်တွင် တံခါးပွင့်လာခြင်း ဖြစ်သည်။

ပထမဆုံး မြင်လိုက်ရသည်က ဒသမ ၃၈ သေနတ်ပြောင်းဝ။ ကျွန်တော့်ဝမ်းဗိုက်တည့် တည့်ကို ချိန်လျက်။ နီးနီးကပ်ကပ် တွေ့လိုက်ရသဖြင့် အမြောက် အသေးစားကလေးတစ်လက် ၏ ပြောင်းဝနှင့်တူနေ၏။

ပြီးတော့မှ အတွင်းဘက်သို့ လူပုပုသေးသေးတစ်ယောက် တံခါးရွက်နောက်က ပေါ် လာသည်။ သူက လက်ကမ်းပြီး-

'တစ်ဆိတ် အဲဒီပုံကလေးတွေ ကျွန်တော့်ကို ပြန်ပေးပါလား'

ကျွန်တော်က ဘာမှမပြောဘဲ ပုံတွေကို ဆက်ကိုင်ထားသည်။

'ဟို စားပွဲပေါ်မှာ သွားတင်ပါ။ ပြီးတော့ နံရံမှာကပ်ပြီး ဒီဘက် လှည့်ပါ'

ပြောသည့်အတိုင်း ကျွန်တော် လိုက်လုပ်ရတော့၏။ သေနတ်နှင့် လူ၏စကားကို ကျွန်တော် နားထောင်ရမည်သာ။



'ကဲ. . ဟုတ်ပြီ၊ လက်မြှောက်ပြီးတော့မှ နံရံမှာ သွားကပ်ပါ၊ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေထဲကလိုပေါ့ဗျာ'

သူ ခိုင်းသမျှ ကျွန်တော် လိုက်နာသည်။

စားပွဲပေါ်ဆီသို့ သူ လျှောက်သွားသည်။ ဓာတ်ပုံတွေကို ကောက်ယူသံ ကြားရသည်။

'လှည့်နိုင်ပါပြီ ကာနယ်'

'ခင်ဗျားက ကိုရီယာနီပေါ့ဟုတ်လား'

လှည့်ပြီး ကျွန်တော် မေးလိုက်သည်။ သူ ခေါင်းညိတ်၏။ ဂျော်နီကိုတစ်လှည့် ရန်ဇို ကို တစ်လှည့် ကြည့်ပြီး ပြုံးသည်။

'ကျွန်တော့် ချာတိတ်တွေနဲ့ ပွဲကလေးတစ်ပွဲ ဖြစ်သွားသေးတယ်ပေါ့ ဟုတ်လား'

'ခင်ဗျား ချာတိတ်တွေ မဆိုးပါဘူး'

'အလကားပါဗျာ၊ နှစ်ယောက်စလုံး ဦးနှောက်မရှိကြပါဘူး၊ ထားပါလေ၊ စာတွေ ကိစ္စ ကျွန်တော်အားလုံး လုပ်ပြီးပါပြီ၊ ကာနယ်ရဲ့ ဖနီးဟောင်းနဲ့ပဲ ကိစ္စပြတ်လိုက်ပါတယ်'

သူက ကုလားထိုင်တစ်လုံး ဆွဲထိုင်သည်။

'ဘယ်သူ့ကိုမှ နစ်နာစေချင်တဲ့ သဘော မပါပါဘူး ကာနယ်။ အလုပ်သဘော သက်သက် ကျွန်တော် ဝင်ညှိတာပါ'

'ခင်ဗျားကို သူ ဘယ်လောက်ပေးသလဲ'

သူက သေနတ်ပြောင်းကို ဝှေ့ပြပြီး ပြောသည်။

'နှစ်သောင်းခွဲ'

'ခင်ဗျား ရေလိုက်လွဲတာကိုး။ အဘွားကြီးဆီကဆိုရင် တစ်သိန်းလောက် ရမှာ'

သူက ကျွန်တော့်ကို ခဏငေးကြည့်နေပြီးမှ-

'ဘယ်တတ်နိုင်မလဲဗျာ၊ အရောင်းအဝယ်သဘောပဲ၊ စတော့ဈေးနှုန်းလိုပဲ အနိမ့်အမြင့် ရှိမှာပေါ့'

'ဓာတ်ပုံတွေကကော'

ကျွန်တော်က မေးလိုက်သည်။

'ဒါတွေက အာမခံသဘောပါ။ ကျွန်တော့်အတွက်ရော စာတွေ ဝယ်သွားတဲ့ အမျိုးသမီး အတွက်ပါပေါ့'

သူက ပုံတွေကို ငုံကြည့်ပြီး-

'တော်တော် သရုပ် ပါပါတယ်နော်'

သူ့ကိုဖြတ်ပြီး အခန်းဝသို့ ကျွန်တော် ထွက်လာခဲ့သည်။

ကျွန်တော့်ကို သူ စောင့်ကြည့်နေ၏။ ရန်ဇိုနှင့် ကောင်မလေးလည်း ထိုနည်းတူ။ ကျွန်တော် ထွက်လာသည်ကို မမြင်လိုက်သူမှာ ဂျော်နီ ဖြစ်၏။ ကိုယ်တော်ချော ယခုအထိ သတိမရသေး။ ကြမ်းပေါ်တွင် အစန့်သား ကျန်နေခဲ့၏။

ကျွန်တော် ဖွင့်ထားခဲ့သည့် နေရာတွင်ပင် ကားကို တွေ့ရသည်။ တံခါးကို ဖွင့်လိုက် သည်နှင့် အင်နာ့အသံကို ကြားရသည်။

'မစ္စတာ ကေရီ'

သူ ကျွန်တော့်နံဘေးတွင် ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မဖြစ်ပါဘူးနော်'

'အင်း ဆိုပါတော့'

သူ ငိုသည်။

'ကျွန်မ ဘာမှ မတတ်နိုင်ဘူး မစ္စတာကေရီ၊ သူတို့ ကျွန်မကို အတင်းခိုင်းတာ အောက်ထပ်ကို ကျွန်မ ဆင်းလာတော့ ကိုရီယာနိုနဲ့ တန်းတိုးတော့တာပဲ'

'ဟုတ်လား'

ကျွန်တော်က သူနှင့် ကျွန်တော့်ကြားတွင် ချထားသည့် ကင်မရာကို ပုတ်ပြပြီး-

'မင်း ဒါကြီးကို တကူးတက လွယ်လာတယ်နော်'

'ဟုတ်တယ်၊ အဲဒီ ကင်မရာကိုမြင်တာနဲ့ ကိုရီယာနိုက စိတ်ကူးရသွားတာ။ သူက မစ္စတာကေရီ ရဲကို အကြောင်းမကြားနိုင်အောင် လုပ်ထားရမယ်တဲ့။ ကျွန်မ တတ်နိုင်သလောက် ကြိုးစားပြီး ရိုက်ထားပါတယ်၊ ခုတ်ပုံတိုင်းမှာ မစ္စတာကေရီ မျက်စိမှိတ်နေတာ တွေ့ရပါလိမ့်မယ်။ အရေးကြုံလာရင် သတိမေ့နေတယ်ဆိုတာ ငြင်းနိုင်အောင်လို့လေ'

'မလုပ်လို့ မရလို့ပါ မစ္စတာကေရီ၊ ကျွန်မ သူ့ကို မလွန်ဆန်နိုင်ပါဘူး'

'ထားပါတော့လေ၊ ကဲ. . မင်း ဘယ်မှာနေလဲ ကိုယ် ပို့ပေးမယ်'

သူ့ကို မောင်းပို့ပြီး အခန်း ပြန်ရောက်တော့ တယ်လီဖုန်းမှ အချက်ပြမီးကလေး မျက်တောင်ခတ်နေသည်။ အဘွားကြီး ကျွန်တော့်ကို ခဏခဏ ဆက်နေခြင်း ဖြစ်၍၊ ကျွန်တော် ပြန်ဆက်လိုက်သည်။

အဘွားကြီး၏ အသံက ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား။ တောင်းဆိုသံ။

'ဘယ်လိုလဲ လုဝ်၊ ရခဲ့ပြီလား'

'မရခဲ့ဘူး'

'ဘယ်လို ဖြစ်တာလဲ'

ဒေါသဖြင့် ဆက်မေးသည်။

'ဘာမှ ဝယ်စရာမရှိတော့ဘူး၊ နိုရာက ကျွန်တော်တို့ထက် လက်ဦးသွားပြီ'

'နိုရာ'

အလွန်အမင်း အံ့သြသံဖြင့် မေးသည်။

'ဟုတ်တယ်၊ သူကလွဲပြီး ဘယ်သူ ရှိဦးမှာလဲ'

သည်တော့မှ အဘွားကြီးက ရယ်သံစွက်ပြီး-

'ကြည့်စမ်း၊ နိုရာ့ကို လုံးဝ မစဉ်းစားမိဘူး၊ ဟုတ်တာပေါ့၊ သူလည်း ဒီစာတွေ ဘယ် အလွတ်ပေးရဲမလဲ၊ ဒါဆိုလည်း ပြီးတာပဲပေါ့လေ၊ စိတ်အေးရပြီပေါ့'

'ဟုတ်ကဲ့'

တယ်လီဖုန်းချပြီးတော့ အဝတ်လဲနိုင်လောက်အောင်ပင် ကျွန်တော့်တွင် အင်အားမရှိတော့၊ ပင်ပန်းလှပြီ။

□ □ □

# အခန်း ( ၁၂ )

တာဝန်ကျဆရာမက ဒန်နီ့အခန်းကို ဆွဲဖွင့်လိုက်သည်။

'ဒန်နီ၊ မင်း မေမေက တွေ့ချင်လို့တဲ့'

ဒန်နီ အိပ်ရာပေါ်မှ ပြေးဆင်းလာပြီး-

'ဟုတ်လား၊ သူဘယ်မှာလဲ ဆရာမ'

'လာ ကော်ဖီခန်းထဲမှာ စောင့်နေတယ်'

သံတံခါးမကြီးကို ဖြတ်ပြီး ဆရာမနောက်မှ ဒန်နီ လိုက်လာခဲ့သည်။ ကော်ဖီခန်းရှိရာသို့ ဓာတ်လှေကားဖြင့် လာခဲ့ကြ၏။ ညနေ သုံးနာရီထိုးပြီ ဖြစ်၍ ကော်ဖီခန်းထဲတွင် လူရှင်းနေသည်။ နိုရာနှင့်အတူ မစ္စဂျန်နင်း ထိုင်နေသည်ကို တွေ့ရ၏။ အနားတွင် လူစိမ်းတစ်ယောက်လည်း ရှိသည်။ နိုရာက ဒန်နီ့ကို ပါးထိုးပေးရင်း-

'သမီးလေး နေကောင်းတယ်နော်'

ဒန်နီက သူ့အမေကို နှုတ်ဆက်ပြီး တစ်ဆက်တည်း မစ္စဂျန်နင်းကို နှုတ်ဆက်သည်။

'ဟုတ်ကဲ့ မစ္စဂျန်နင်း'

'ဟဲလို ဒန်နီ'

မစ္စဂျန်နင်းက သူတို့ကို နှုတ်ဆက်ပြီး ထွက်သွားသည်။

'သမီး ထိုင်လေ၊ ဘာလို့ မတ်တတ်ကြီး လုပ်နေတာလဲ'

'မစ္စဂျန်နင်းက ဘာတဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီ ဝင်ထိုင်ရင်း မေးသည်။

'ဘာမှ မဟုတ်ပါဘူး သမီးရဲ့၊ မေမေတို့က သူနဲ့စကားပြောချင်လို့ လာတာပါ'

'ဘာအတွက်လဲ မေမေ'

သံသယဖြင့် မေးသည်။

'သမီးက သူတို့နဲ့ သဟဇာတ မဖြစ်ဘူးဆို'

ဒန်နီက မအေလုပ်သူကို စိန်းစိန်းကြည့်ပြီး မေးသည်။

'သူက ဘယ်သူလဲ'

'ဒန်နီ'

နိုရာက အထိတ်တလန့် အော်ပြီး

'သမီး ဒီလို မရိုင်းတတ်ပါဘူး'

'ဒီမှာ ရိုင်းတာတွေ၊ ယဉ်တာတွေ မရှိဘူး မေမေ၊ သူက ဘယ်သူလဲ'

နိုရာက ပါလာသူကို အားတုံ့အားနာကြည့်ပြီး-

'ဒါက ဒေါက်တာ ဝိတ်မန်း ဒန်နီ၊ သမီးကို စစ်ဆေးဖို့ မေမေ ခေါ်လာတာ'

'ဘာအတွက် စစ်မှာလဲ'

'သမီး ကောင်းဖို့အတွက်ပေါ့ကွယ်၊ ဒီက ဆရာဝန်က သမီးကို စစ်ဆေးလို့လည်း မရဘူးတဲ့၊ သမီး ဘာဖြစ်နေတာလဲဟင်'

'ခေါင်းကို ညှစ်မယ့်လူတစ်ယောက် ထပ်တိုးလာပြန်ပြီပေါ့ ဟုတ်လား'

နိုရာ ဒေါပွလာသည်။

'ဒါ စိတ်ပညာဆရာဝန် ဒန်နီ'

'သမီး စကားမပြောချင်ဘူး'

'မပြောလို့ မရဘူး၊ ပြောရမယ်'

နိုရာက အကျပ်ကိုင်သည်။

'သမီးကို စိတ်မမှန်ဘူးလို့ မေမေ ထင်လို့လား ဟုတ်လား'

'မေမေ ဘာထင်ထင် အရေးမကြီးဘူး ဒန်နီ၊ သူတို့ နားလည်ဖို့က အရေးကြီးတာ၊ မဟုတ်ရင် သမီးကို ဟိုးအဝေးကြီး ပို့ပစ်လိမ့်မယ်'

ဒန်နီက သူ့အမေကို အကဲခတ်ကြည့်နေသည်။

'မေမေ သမီးအပေါ် ဘယ်လိုထင်တယ် ဆိုတာ သမီးအတွက် အရေးကြီးတယ် မေမေ ပြောစမ်းပါ၊ သမီး စိတ်အနေ ချို့ယွင်းတယ် ထင်နေလား'

သမီးလုပ်သူကို နိုရာ စိုက်ကြည့်သည်။ သက်ပြင်းချသည်။

'မဟုတ်ရပါဘူး သမီးရယ်၊ ဒါပေမဲ့. . .'

'ဒါဆို ပြီးပြီ၊ သမီး သူနဲ့ စကားမပြောဘူး'

ဆရာဝန်ကြီးက မတ်တတ်ထရပ်သည်။ ပြုံးရွှင်စွာဖြင့်-

'သိပ်စိတ်မပူပါနဲ့ မစ္စဟောဒင်၊ ဆယ်လီဂျန်နင်းဟာ အလွန်တော်တဲ့ နာမည်ကျော် ဆရာဝန်တစ်ယောက်ပါ။ အားကိုးလောက်တဲ့ စိတ်ပညာရှင်တစ်ဦးပါ'

ဒန်နီ့ဘက် လှည့်ပြီး-



'သမီးကို သူတို့ ထိခိုက်နစ်နာအောင် လုပ်ကြမှာ မဟုတ်ဘူးကွယ့်၊ သမီးရှေ့ရေး အတွက် အကူအညီပေးကြမှာ၊ ယုံယုံကြည်ကြည်နဲ့ သူတို့ကို အားကိုးပါ ကလေးရယ်'

မသိမသာကလေး ဦးညွတ်ပြီး အခန်းထဲမှ ထွက်သွားသည်။

သားအမိနှစ်ယောက် ဘာမျှမပြောကြဘဲ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသည်။

အတန်ကြာမှ ဒန်နီက

'မေမေ့မှာ ပိုက်ဆံအကြွေ ပါလားဟင်၊ ကိုကာကိုလာ သောက်ချင်လို့'

နိုရာက မကြားသလို သမီးလုပ်သူကို စိုက်ကြည့်နေသည်။ တစ်စုံတစ်ခုကို စူးစူးစိုက်စိုက်တွေးနေလျှင် သည်အတိုင်းပင်။

'မေမေ အကြွေပါလားလို့'

နိုရာက ပိုက်ဆံအိတ်ကို ဖွင့်ပြီး ဖေးသည်။

'မေမေ့အတွက်လည်း ကော်ဖီလုပ်ပါ သမီးရယ်'

'ဟုတ်ကဲ့ မေမေ'

ဒန်နီက မီးဖိုဆောင်ဘက် ဝင်သွားပြီး-

'ဟေ့ ချာလီ တို့အမေအတွက် ကော်ဖီတစ်ခွက် လုပ်စမ်းပါဦး'

အရောင် တလက်လက်ထနေသည့် မျက်နှာမည်းတစ်ခု တံခါးဝတွင် ပေါ်လာသည်။

'ရမယ် ဒန်နီ၊ ရမယ်'

ကော်ဖီပန်းကန်ကို ကိုင်ပြီး ပြန်လာချပေးသည်။ ပြီးမှ ကိုကာကိုလာ သွားယူသည်။ သားအမိနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ကြသည်။ နိုရာက စီးကရက်တစ်လိပ် ထုတ်ညှိသည်။ သက်ပြင်းတစ်ချက်ချပြီး စီးကရက်ဘူးကို ဒန်နီ့ဘက် တိုးပေးသည်။ ဒန်နီ တစ်လိပ်ယူပြီး မီးညှိသည်။

'ဒီ စိတ်ဆရာဝန်တွေကို မေမေ မယုံဘူး မဟုတ်လား'

'ဘာယုံရမှန်း မသိတော့ဘူး ဒန်နီ'

မအေလုပ်သူကို ဒန်နီ တအံ့တဩ ကြည့်သည်။ မေမေနဲ့ မတူပါလား။ နိုရာဟောဒင်သည် အရာရာတိုင်းတွင် တိကျသူ၊ အမြင်ရှင်းသူဟု ဒန်နီ နားလည်ထားသည်လေ။ နိုရာက ကော်ဖီကို တစ်ကျိုက်မော့ပြီး မျက်နှာရှုံ့လိုက်၏။

ဒန်နီက ပြုံးပြီး-

'အိမ်က ကော်ဖီနဲ့တော့ ဘယ်တူပါ့မလဲ မေမေ'

'ဒါပေါ့လေ၊ အစားအသောက်ကော ဘယ့်နှယ့်နေလဲ'

သမီးလုပ်သူကို စေ့စေ့ကြည့်ပြီး နိုရာ မေးသည်။

'အစားအသောက်တော့ မဆိုးပါဘူး'

'ရစ်တီဆီ သမီး ရေးတဲ့စာတွေ မေမေ ဖတ်ရတယ်၊ သမီး ဘာဖြစ်လို့ မေမေ့ကို ဖွင့်မပြောတာလဲဟင်'

နိုရာက ခပ်တိုးတိုး ပြောသည်။ ဒန်နီ့မျက်နှာ ရှိန်းခနဲ ဖြစ်သွား၏။

'အဲဒီအကြောင်းတွေ ဘာမှ မစဉ်းစားချင်ဘူး။ အားလုံး မေ့ထားတယ်'

'အဲဒီစာတွေသာ တစ်ယောက်ယောက် လက်ထဲ ရောက်သွားရင် ကိုယ့်ကျိုးနည်းရချည်ရဲ့ ဒန်နီ။ ဒီအခြေအနေထိ ဖြစ်နကြမှန်း မေမေ လုံးဝ မရိပ်မိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီ့လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။ အမေလုပ်သူ၏ မျက်နှာကို အကြောင်သား ငေးကြည့်နေ၏။ နီရာက မျက်လွှာချပြီး-

'ဘယ်တုန်းက စဖြစ်ကြတာလဲ'

'အာကာပုလ်ကိုမှာ အနားယူဖို့ သွားကြတုန်းက ဖြစ်တာ၊ မေမေ ကိစ္စရှိလို့ ဆန်ဖရန်စစ္စကိုကို ခဏ ပြန်သွားတုန်းကလေ'

'ဘာလို့ မေမေ့ကို ပြန်မတိုင်တာလဲ၊ သူက သမီးကို အတင်း'

'မဟုတ်ပါဘူး မေမေ၊ သမီးက စတာပါ'

ဒန်နီက တည်ငြိမ်သည့် အသံဖြင့် ခပ်အေးအေး ပြောသည်။

နီရာ့ မျက်လုံးအိမ်ထောင့်မှ မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာသည်။

'ဘာဖြစ်လို့လဲ ဟင် သမီး၊ ဘာဖြစ်လို့လဲကွယ်'

'အဲဒီလို လုပ်ချင်စိတ် ပေါ်လာလို့ပေါ့၊ ကိုယ့်ကိုယ်ကိုယ် ကလေးလေးလို လုပ်နေရတာ စိတ်ပျက်လာပြီ'

မအေလုပ်သူကို တွေပြီး စိုက်ကြည့်နေရင်း စီးကရက်ကို တစ်ချက်ရှိုက်လိုက်သည်။

'ပြောစရာ သိပ်မရှိတော့ဘူးလို့ ထင်တယ် မေမေ'

နီရာက ခေါင်းယမ်းပြီး-

'အင်း မရှိတော့ပါဘူး'

စင်စစ် ပြောစရာတွေက အပုံအပင်။ သို့သော် သားအမိဖြစ်နေ၍ ခွကျနေခြင်း ဖြစ်၏။ နီရာက နောက်ဆုံး ကြိုးစားကြည့်သေးသည်။

'သမီးရယ်၊ မစ္စဂျန်နင်းကို ဖွင့်ပြောလိုက်ပါတော့လား၊ သူက အကူအညီ အများကြီး ပေးနိုင်မှာလေ'

'မဖြစ်ဘူး မေမေ၊ သမီး မပြောရဲဘူး၊ သူနဲ့ဆိုရင် တစ်စ ပေါ်တာနဲ့ အားလုံး ပေါ်ကုန်မှာ၊ အဲဒီညရဲ့ အဖြစ်မှန်တွေကို သူ သိသွားနိုင်တယ်၊ သူတို့ သိမှာကို မေမေ့ထက် သမီး ပိုကြောက်တယ် မေမေ'

နီရာက သမီးကို စိုက်ကြည့်နေပြီး ဪ. . ဒါကြောင့်တိုးဟု သဘောပေါက်သွားသည်။ ထိုငရဲညက ဒဏ်ကို သားအမိနှစ်ယောက် ရင်စည်းပြီး ခံရတော့မည် ဖြစ်၏။

ဒန်နီက နံရံမှ နာရီကို လှမ်းကြည့်လိုက်၏။ သုံးနာရီထိုးခါနီးပြီ။

'သမီး သွားရတော့မယ် မေမေ၊ အတန်းတစ်ခု တက်ရဦးမယ်'

ဒန်နီ ညာပြောလိုက်ခြင်း ဖြစ်၏။ နီရာ ခေါင်းညိတ်သည်။ စားပွဲကို ပတ်လျှောက်သွားပြီး မအေ့ပါးကို နမ်းသည်။ နီရာက လှမ်းဖက်ထားသည်။

'ဘာမှ မပူနဲ့ မေမေ၊ အားလုံး သူ့သဘောသူ ဆောင်သွားလိမ့်မယ်'

နီရာက ကြိုးစားပြီး ပြုံးလိုက်သည်။

'ဒါပေါ့ သမီးရယ်၊ တနင်္ဂနွေနေ့ မေမေ လာခဲ့ဦးမယ်နော်'

ဆရာမကြီးက ဒန်နီ့နောက်မှ ထလိုက်သွားသည်။ တံခါးကို ဒန်နီ တွန်းဝင်သွား၏။ နီရာတစ်ယောက်တည်း ကျန်ခဲ့သည်။ ဆေးလိပ်ပြာခွက်ကို ငုံ့ကြည့်နေသည်။ လက်ထဲမှ ဆေးလိပ်မှာ ယခုထိ မတုန်သေး၊ တငွေ့ငွေ့လောင်နေ၏။ ပြာခွက်ထဲသို့ ထိုးချေလိုက်သည်။



လက်ပွေ့အိတ်ကို လှမ်းယူသည်။ မှန်ကလေး ထုတ်ပြီး မျက်နှာကို အနည်းအကျဉ်း ပြင်သည်။ ပြီးမှ ထလာခဲ့၏။

'ဒန်နီ့အမေက သိပ်ချောတာပဲနော်'

အခန်းဆီသို့ ပြန်လျှောက်လာရင်း ဆရာမကြီးက ပြောသည်။ ဆရာမကြီးကို ဒန်နီ တစ်ချက် ငဲ့ကြည့်လိုက်၏။

မေမေ့ကို စတွေ့လျှင် လူတိုင်း သည်လို ပြောကြစမြဲ။ သို့သော် မေမေ့အကြောင်း သေသေချာချာ သိလာလျှင် စိတ်ပျက်သွားကြသည်ချည်း။ ဒါကို ဒန်နီ ငယ်ငယ်ကတည်းက ဝိုးတိုးဝါးတား နားလည်ခဲ့သည်။

'သမီးကလေးက လှလိုက်တာကွယ်'ဟု ပြောကြလျှင်လည်း သူတို့လေသံတွင် ကြေကွဲသံ ပါနေသည်ဟု ဒန်နီထင်၏။

အခန်းထဲ ဝင်ပြီး တံခါးပိတ်လိုက်သည်။ အခြစ်ရာပေါင်းစုံ၊ ခဲချက် အမျိုးမျိုး ထပ်နေသည့် နံရံကို တစ်ချက် ငေးကြည့်နေပြီးမှ အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

ရုပ်ချောသော အမေ၊ နာမည် ကျော်ကြားသော အမေ၊ မေမေ့မှာ ရှိသမျှ အရည်အချင်းတွေ ဒန်နီ့တွင် မရှိ၊ မှတ်မိနေသေးသည်။ မေမေ မရှိတုန်း စတူဒီယိုထဲ ခိုးဝင်သည်။ မေမေ လုပ်သည့် အရုပ်တွေနှင့် တူအောင် လိုက်လုပ်ကြည့်သည်။ မဖြစ်ရေးချ မဖြစ်။ နောက်ဆုံး ဘယ်သူမှ မမြင်အောင် သိမ်းဆည်း ဖျောက်ဖျက်ပစ်ရသည်ချည်း။

တိတ်တိတ်ကလေး ကြိတ်ငိုနေမိ၏။ အတန်ကြာတော့ မျက်ရည်အကျ ရပ်သွားသည်။ အိပ်ရာပေါ်မှ ဆင်းပြီး မှန်ထကြည့်သည်။ မှန်က သေးသေးကလေး။

မေမေဆိုသည့် မိန်းမသည် ငိုပြီးစမှာပင် လှနေသည့် မိန်းမ ဖြစ်၏။ အရောင်တဖျပ်ဖျပ် တောက်နေသည့် မျက်လုံးများ ပိုင်ရှင်။ မြင်သူ ဗျာပွေလောက်သည့် အလှမျိုး ဖြစ်၏။ အသားအရေမှာ ဖြူစင်ဝင်းညက်နေသည်။

ငိုပြီးစ ဒန်နီ့မျက်ဝန်းတွေက သွေးကြောကလေးများ နီရဲပြီး မျက်လုံးအိမ်မှာ ဖို့တို့တို့ ဖြစ်နေသည်။

မေမေ ပို့လိုက်သည့် စက္ကူဖာတစ်ခုထဲမှ စက္ကူမျက်နှာသုတ်ပဝါကလေးကို ထုတ်ယူပြီး မျက်နှာနှင့် အပ်ထားလိုက်သည်။ ရေမွှေးနံ့၊ ပရုပ်နံ့သင်းကာ စိုထိုင်းထိုင်း အေးမြမှုအရသာကို ခံစားရ၏။

ရစ်ကီအား ကျီစယ်သည်ကို ပြေးသတိရလိုက်၏။ ဒန်နီက စက္ကူမျက်နှာသုတ်ပဝါကလေးများကို လက်ပွေ့အိတ်ထဲ ထည့်ကာ သွားလေရာရာ အပါယူလာတတ်သည်။ တစ်ခါက အိပ်ရာပေါ်တွင် အစန့်သား မှေးနေသည့် သူ့ကို လန်းလန်းဆန်းဆန်း ဖြစ်သွားစေချင်၍ စက္ကူမွှေးကလေး တစ်ရွက် အသာယူပြီး သူ့မျက်နှာပေါ် အုပ်လိုက်သည်။ သူ လန့်ပြီး ဝုန်းခနဲ ထထိုင်သည်။ အလန့်တကြား ဖြစ်နေသည့် ပုံစံဖြင့် 'ဟာ. . သေတော့မှာပဲ၊ ဘာလုပ်တာလဲ ဒန်နီ'တဲ့။ 'ဪ. . ရစ်ကီကလည်း လန်းသွားအောင်လို့ပါ' ဆိုမှ ရယ်ဖော်ပြုံးဖော် မွေ့ဖက်ဖော် ရသည်လေ။ 'သိပ်ဆိုးတဲ့ ကောင်မလေး'ဆိုပြီး. . .။

မျက်ဝန်းထဲတွင် မျက်ရည်တွေ ဥလာပြန်သည်။ မျက်တောင်ကို ခပ်သွက်သွက် ခတ်ပစ်လိုက်ရ၏။ ခုမှ ငိုနေလို့ ဘာထူးတော့မှာလဲဟု ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်၏။ ခုတော့ အားကိုးစရာဟူ၍ ဘယ်သူမှ မရှိတော့ပြီ။ စိတ်ညစ်စရာ ကြုံလို့ သူ့ဆီ ပြေးသွားရင် ဆီးကြိုတွေး

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ပဲ နှစ်သိမ့်တတ်၏။ သူ့ ရင်ခွင်ထဲ ရောက်လျှင် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ စိတ်အစဉ် ကြည်လင်ချမ်းမြေ့ခဲ့ရသည်ချည်း။ ခုတော့ သူ မရှိတော့ပြီတကား။

စောစောပိုင်းကလို မဟုတ်တော့ဘဲ နေ့တွေ ကုန်လွန်ပုံကို သေသေချာချာ မှတ်သည်။

မနေ့က ဆီလ်ဗီယာကို ခေါ်သွားကြသည်ဆိုတော့ သည်နေ့ သောကြာနေ့ ရစ်ကို အသုဘချပြီးလောက်ပြီ။ ကြံကြံဖန်ဖန် တွေးမိလိုက်သေးသည်။ မေမေ ပန်းခွေမှ ပို့ပါ့မလား။

ပို့မယ် မထင်ပါဘူး။ သူ့ကို လုံးလုံးမေ့ချင် မေ့သွားရောပေါ့။ မနာလိုစိတ်က မေမေ့ရင်ထဲမှာ မဆန့်တော့အောင် ဖြစ်နေတာ မဟုတ်လား။ ရစ်ကီ့အခန်းထဲမှာ နှစ်ယောက်စလုံးကို မေမေ မိသွားတုန်းက ဒေါသသည်းထန်နေပုံကို မြင်ယောင်လာပြန်သည်။

ငယ်သံပါအောင် အော်ပြီး ရစ်ကီကို ရိုက်နှက် ကုတ်ဖဲ့သည်။ သူ့ပခုံးသားတွေ ရင်ဘတ်တွေ ရစရာမရှိအောင် လက်သည်းရာတွေ ထင်ကုန်သည်။ အသေသတ်တော့မည့် အထင်ဖြင့် ဒန်နီ တအား ကုန်းအော်သည်။

'မလုပ်နဲ့ မေမေ မလုပ်နဲ့'

ဒန်နီ့ကို တရွတ်တိုက် ဆွဲခေါ်သွားပြီး အခန်းထဲ ရောက်တော့ အတင်းဆွဲယမ်းပစ်လိုက်သည်။ ဒန်နီက အဖျားတက်သလို တုန်လာလိုက် အော်ငိုလိုက် ဖြစ်နေတုန်း သူတို့နှစ်ယောက် ရန်ဖြစ်လိုက်ကြသည်မှာ ကမ္ဘာပျက်တော့မည်နှယ်။

ဒါကြောင့် မေမေ ပန်းခွေ မပို့ဖို့ သေချာသည်ဟု ဒန်နီ ယုံကြည်လိုက်သည်။ ဒါပေမဲ့ ရစ်ကီကို မေမေ မေ့နိုင်မည်တော့ မထင်။ မျက်လုံးအိမ်တွင် ခြောက်သွေ့နေပြီ။ စက္ကူမွှေးခေါက်ကလေးတွေ ထုတ်ယူပြီး မျက်နှာကို အပ်လိုက်ပြန်သည်။ ပြီးတော့ လုံးချေပြီး အမှိုက်ခြင်းထဲ ထည့်လိုက်၏။

တစ်ကိုယ်တည်း အထီးကျန်နိုင်လွန်းလာသည်ဟု ရုတ်တရက် တွေးမိ၏။ အမှိုက်ခြင်းထဲက စက္ကူလုံးကလေးများပင် အတိတ်နှင့် ဆက်နွယ်နေကြ၏။ သို့သော် လက်တွေ့တွင် မည်သို့မျှ ဆက်စပ်၍ မရနိုင်တော့ပါတကား။

အားလုံးကို နားလည်နိုင်သူသည် ရစ်ကီတစ်ယောက်သာ ရှိလေသည်။ ခုတော့ ဖြစ်ကြောင်းကုန်စင်ကို ဘယ်သူမှ မသိနိုင်တော့ပြီ၊

ရယ်ချလိုက်မိပြန်သည်။

* * *

ဆယ်လီဂျန်နင်းက နာရီကို မော့ကြည့်လိုက်၏။ ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်မျှသာ လိုတော့သည်။ စားပွဲပေါ်ကို စိတ်ပျက်လက်ပျက် ငုံ့ကြည့်လိုက်၏။ ရေးရမည့် အစီရင်ခံစာတွေက အပုံအပင်ပါလား။ လက်ဆွဲအိတ်ထဲကို စီစီညီညီ သေသေသပ်သပ် ယူထည့်သည်။ အင်း... ပြဇာတ်ကြည့်ပြီး အိမ်ပြန်ရောက်ရင် အပြီးသတ် ရေးနိုင်ကောင်းပါရဲ့။

သည်ပြဇာတ်ကို ကြည့်ချင်နေသည်မှာ ကြာပြီ။ အကြောင်းကြောင်းကြောင့် မကြည့်ဖြစ်ခဲ့။ ခုမှ လက်မှတ်ရသည်။ သည်ညတော့ မဖြစ်မနေ ကြည့်ဖြစ်အောင် ကြည့်မည်။ အိမ်ပြန်



အဝတ်အစား လဲ။ မြို့ထဲမှာ တစ်ခုခု အမြေးအလွှားစား။ ကန့်လန့်ကာ မတင်မီတော့ ရောက်ကောင်းပါရဲ့။

ထိုစဉ် မရွံ့မရဲ တံခါးခေါက်သံ ကြားရသည်။ စိတ်ထဲ စနိုးစနောင့်ဖြစ်သွားသည်။

'ဘယ်သူလဲ'

မှန်တံခါးချပ်ကြီးတွင် ပထမ ပေါ်လာသူက အဆောင်တာဝန်ကျ ဆရာမ။ ပြီးမှ ဒန်နီ ဝင်လာသည်။ ဒန်နီက တံခါးဝတွင် ရပ်ပြီး အသံသေးသေးကလေးဖြင့်-

'ကျွန်မ ခဏတွေ့နိုင်မလား မစ္စဂျန်နင်း'

ဆရာဝန်မက ခဏငေးကြည့်နေသည်။ ကလေးမျက်နှာကို အတဲခတ်လိုက်၏။ ငိုထားမှန်း သိသာနေ၏။ ပြီးတော့ အမူအရာက ထူးဆန်းနေသည်။ တစ်ခါမှ မမြင်ဖူးသည့် မျက်နှာပေး။

'ရပါတယ် ဒန်နီ၊ လာလေ'

ဖွင့်လျက်သား လက်ဆွဲအိတ်ကို ဒန်နီ မြင်သွားသည်။

'ပြန်တော့မယ် ထင်ပါရဲ့။ ဒါဆို ကျွန်မ မနက်ဖြန်မှ တွေ့ပါတော့မယ် မစ္စဂျန်နင်း'

ဆယ်လီဂျန်နင်းက လက်ဆွဲအိတ်ကို ခပ်လောလောပိတ်ပြီး စားပွဲအောက်တွင် ချထားလိုက်၏။

'မပြန်သေးပါဘူး ဒန်နီရဲ့၊ ညအထိ ထိုင်မလို့ ပြင်ဆင်နေတာပါ'

ဒန်နီ ရုံးခန်းထဲ ဝင်လာသည်။

'ကျွန်မကြောင့် အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ'

ဆရာဝန်မက ဒန်နီ့ကို ပြုံးကြည့်နေ၏။ ပြုံးလိုက်တော့ ပိုပြီး နုပျိုသွားသည် ထင်လိုက်၏။

'ဒီလို လုပ်ရအောင်လား။ ကော်ဖီခန်းထဲမှာ တို့နှစ်ယောက် ညစာစားပြီးမှ စကားပြောကြမယ်လေ၊ ကိုယ်လည်း အလုပ်ထဲမှာ ငြီးငွေ့နေတာနဲ့ အတော်ပဲ'

ဒန်နီက ဆရာမကို ပြန်ငေးကြည့်လိုက်သည်။

'သူတို့က ခွင့်ပြုပါ့မလားဟင်'

ဆယ်လီဂျန်နင်းက အမူထိန်းအရာရှိချုပ်ဆီ တယ်လီဖုန်း ကောက်ဆက်သည်။ စကားပြောခွက်ကို လက်တစ်ဖက်နှင့် အုပ်ပြီး-

'သူတို့ ခွင့်ပေးမှာပါ' ဟု ပြောသည်။

ဆယ်လီဂျန်နင်းက ဒန်နီ့မျက်လုံးထဲကို စိုက်ကြည့်နေသည်။ စောစောက တွေ့လိုက်ရသည့် ထူးဆန်းသည့် မျက်လုံးများ မဟုတ်တော့။ ဆရာဝန်မနှင့် တွေ့ခွင့်ရသွားလို့ ကျေးဇူးတင်သည့် မျက်လုံးများလည်း မဟုတ်။ ထိုအခါတွင် ဆယ်လီဂျန်နင်း၏ ပြဇာတ်သည် လုံးဝ အရေးမကြီးတော့ပေ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

ညစာ စားပြီး သူတို့နှစ်ယောက် ရုံးခန်းထဲ ပြန်လာခဲ့ကြသည်။ မျက်နှာချင်းဆိုင် ထိုင်ပြီး စကား ပြောကြ၏။

'လူတွေဟာ အစဉ်ထာဝရ မဟုတ်ဘူးဆိုတာ အဖေ ကျွန်မဆီ မလာတော့တဲ့ အချိန်ကစပြီး ကျွန်မ နားလည်ခဲ့တယ်။ ကျွန်မ ပြောတာ ရှင်းပါတယ်နော်၊ ငယ်ငယ်တုန်းကတော့ ပြည့်ပြည့်စုံစုံနဲ့ ပျော်စရာကောင်းလိုက်တာ၊ နည်းနည်းလည်း ကြီးလာရော အားလုံး ဖျက်စီးသွားတယ်။ အဖေ ပေါ်မလာတော့ဘူး ဆိုတာ သိတော့ တစ်လလောက် ကျွန်မ ဆက်တိုက် ငိုရတယ်။ နောက်မှ အဖေမရှိတဲ့ ဘဝနဲ့ နေသားကျသွားတယ်။

'အန်ကယ် ဆမ်က ကျွန်မအပေါ် သိပ်ကောင်းရှာပါတယ်။ အန်ကယ်ဆမ်ဆိုတာ မစ္စတာဆမ်ကောဝင်းလေ၊ မေမေ့ ဒုတိယအိမ်ထောင်ပေါ့၊ သူက ကျွန်မအတွက် စိတ်မကောင်း ဖြစ်နေပုံ ရပါတယ်၊ အဖေ့နေရာမှာ ဝင်ပြီး အဖေ ပို့တဲ့နေရာတွေ ပို့ပေးတယ်၊ ပန်းခြံတို့ တိရစ္ဆာန်ရုံတို့ပေါ့၊ တစ်ခါမှာ ရွက်လှေတစ်စင်းနဲ့ ပင်လယ်ပြင်ကိုတောင် ပို့ပေးရှာပါတယ်၊ ဒါပေမဲ့ သူက ကျွန်မအဖေမှ မဟုတ်တာ၊ မတူဘူးလေ၊ ဘယ်လိုမှ မတူနိုင်ဘူး။

'ဖေဖေနဲ့တုန်းကဆို ဖေဖေဟာ ကျွန်မကလွဲပြီး ဘာမှ မရှိသလိုပဲလေ၊ အန်ကယ်ဆမ်နဲ့ကျတော့ ဒီလို မဟုတ်ဘူး၊ တစ်မျိုးကြီးပဲ၊ သူ ဘယ်လောက် ကြိုးစားကြိုးစား ဒန်နီဟာ သူ စိတ်ဝင်စားတဲ့ အရာတွေထဲက တစ်ခုပဲဆိုတာ သိသာနေတယ်၊ ဒါပေမဲ့ အန်ကယ်ဆမ်ကို



ကျွန်မ ချစ်ပါတယ်။ တစ်နေ့မှာ သူလည်း ထွက်သွားပြန်ပါရော၊ အဲဒီနေ့ကို ကျွန်မ မှတ်မိနေသေးတယ်'

ဒန်နီ ခဏငြိမ်သွားသည်။ လက်ထဲမှ တငွေ့ငွေ့ လောင်နေသည့် စီးကရက်ကို ငုံ့ကြည့်နေသည်။

'အင်း . . ဆက်ပါဦး ဒန်နီ၊ မင်း အဲဒီနေ့ကို မှတ်မိနေတယ်၊ ဘာကြောင့် မှတ်မိနေရတာ လဲဟင်'

* * *

အပြာနှင့် အဖြူရောင် စတေရှင်ဝက်ဂွန် ကျောင်းကားကြီးသည် အိမ်ရှေ့တွင် ငြိမ့်ခနဲ ထိုးဆိုက်သည်။ ယူနီဖောင်းကို ကျော့နေအောင် ဝတ်ထားသည့် ဒရိုင်ဘာက တံခါးကို အပြေးအလွှား ဆင်းဖွင့်ပေးသည်။

ဒန်နီတလေးသည် ကျောင်းကားထဲမှ အိမ်ကြီးဆီသို့ ဝဲပျံကာ ပြေးဝင်သွားသည်။ အနက်ရောင် ဆံပင်တွေက လေထဲတွင် လွင့်မျောလျက်။ အဖြူရောင် ဘလောက်စ်နှင့် အပြာရောင် ပိုးတွန့်ဂါဝန်မှာ နေရောင်ခြည်တွင် တဖိတ်ဖိတ်တောက်လျက်။ အိမ်ရှေ့တံခါးမကြီး အရောက် ပြေးချသွားသည်။

အိမ်က ဒရိုင်ဘာက ဒန်နီကို ဆီးကြိုနှုတ်ဆက်သည်။

'မင်္ဂလာပါ မစ္စဒန်နီ၊ ဒီနေ့ စနေ၊ တနင်္ဂနွေ အိမ်မှာ ပျော်ပါစေကွယ်'

အပြုံးကို အပြုံးနှင့် တုံ့ပြန်ပြီး-

'မင်္ဂလာ အယ်ဆယ်လ်၊ ကျေးဇူးတင်ပါတယ်'

ခန်းမဆောင်ထဲတွင် စာအုပ်ကို ထားခဲ့ပြီး ပညာရည်မှတ်တမ်းကို ကိုင်ကာ အမေ့ စတူဒီယို ရှိရာသို့ တန်းပြေးသွားသည်။ တံခါးကို ဆွဲဖွင့်ပြီး အော်ပြောလိုက်သည်။

'မေမေ မေမေ သမီး ပန်းချီမှာ ပထမရတယ်'

အခန်းထဲ ပြေးဝင်ခဲ့သည်။ ဟင် . . ဘယ်သူမှလည်း မရှိပါဘူး။ အိပ်ခန်းငယ်ကလေး ကလည်း ပိတ်လို့။ အသာခေါက်ပြီး ခေါ်ကြည့်သေးသည်။

'မေမေ၊ မေမေ အထဲမှာလား'

ထူးသံမကြားရ၊ အိပ်ခန်းတံခါးကို အသာကလေးတွန်းဖွင့်ကြည့်သေးသည်။ အထဲတွင် ဘယ်သူမှ မရှိ။ အသာပြန်ပိတ်လိုက်သည်။ ဒန်နီ စိတ်ရှုပ်သွား၏။ ဒီအချိန်ဆို မေမေ အလုပ်ခန်းထဲတွင် ရှိနေကျ။

အိမ်မကြီးထဲ ပြန်ဝင်ခဲ့ပြီး ခန်းမဆောင်ထဲမှ စာအုပ်တွေကို ပြန်ယူသည်။ အပေါ်ထပ်သို့ အတက်တွင် အန်ကယ်ဆမ့်အခန်းထဲမှ ထွက်လာသည့် ဘဏ္ဍာစိုးကြီး ချားလ်စ်ကို တွေ့ရသည်။

'မင်္ဂလာပါ မစ္စဒန်နီ'

'မင်္ဂလာပါ ချားလ်စ်၊ မေမေရော'

ချားလ်စ်၏ မျက်နှာက မသာမယာ-

'အပြင်ထွက်သွားတယ် မစ္စဒန်နီ'

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီက ကတ်ပြားကို ထောင်ပြပြီး-

'ဘယ်တော့ ပြန်လာမယ် ပြောလဲ၊ ဒန်နီ ပန်းချီမှာ ပထမရတယ် ချားလ်စ်၊ မေမေ့ကို ပြချင်လို့'

'ဟုတ်လား၊ မစ္စဒန်နီကလေးက သိပ်တော်တာပဲကွယ်၊ မမလေးက ဘယ်မှမသွားဘူး မစ္စဒန်နီ'

'ဟုတ်လား'

ဒန်နီ စိတ်ပျက်သွားသည်။ အခန်းဆီသို့ ဆက်လျှောက်သွားရင်း နောက်ပြန်ကြည့်ပြီး ချားလ်စ်ကို မှာသည်။

'မေမေ ပြန်လာရင် ပြောနော်၊ ချားလ်စ်၊ မေမေ့ကို ပြချင်လို့ပြီ'

'စိတ်ချ မစ္စဒန်နီ'

ဒန်နီ အခန်းထဲ ဝင်လာတော့ ဆရာမက အဝတ်အစားတွေ ဗီရိုထဲတွင် ချိတ်ပေးနေသည်။ ဒန်နီ့ကို မြင်တော့ ဝမ်းသာအားရ ပြုံးပြီး-

'ဟော.. သမီး ပြန်လာပြီ၊ သမီး ရရဲ့လားဟင်'

ဒန်နီက ပြန်ပြုံးပြပြီး-

'ဆရာမ ဘယ်လို ထင်လဲ'

'ကဲ.. ပြပါဦးကွယ်၊ ဆရာမ ကြည့်ချင်လှပြီ

အထိန်းတော် ဆရာမကြီးက မအောင့်နိုင်တော့ဘဲ တောင်းသည်။ ဒန်နီက ကတ်ပြားကို နောက်တွင် ဖွက်ထားပြီး ပြောင်စပ်စပ် အမူအရာဖြင့်-

'ဟင့်အင်း ဆရာမ ကတိတည်မှ ပြမယ်'

'ဆရာမ ကိုတ်မှန့်ဖုတ်ပြီးပါပြီ ကလေးရယ်'

'ဟုတ်လား၊ ဒါဖြင့် ရော့.. ကြည့်'

'အိုး... ဒန်နီရယ်၊ ပန်းချီမှာ ပထမနော်'

ဒန်နီ့ကို ရင်ခွင်ထဲ ဆွဲသွင်းရင်း-

'ဝမ်းသာလိုက်တာ ဒန်နီရယ်'

ဒန်နီ့ပါးနှစ်ဖက်ကို အကြိမ်ကြိမ်နမ်းရင်း-

'သမီးမေမေ ဘယ်လောက် ဝမ်းသာလိုက်မလဲ'

'မေမေ ဘယ်မှာလဲ၊ စတူဒီယိုထဲမှာလည်း မရှိဘူး'

အထိန်းတော်ကြီး ချားလ်စ်ကဲ့သို့ပင် မျက်နှာညိုးသွားသည်။

'သမီး မေမေ အလုပ်ကိစ္စနဲ့ ခရီးထွက်သွားတယ်။ တနင်္လာနေ့မှ ပြန်ရောက်မယ်တဲ့ ကွယ်'

'ဟင်'

ဒန်နီ ကျောင်းမှ ပြန်လာသည့် စနေ၊ တနင်္ဂနွေနေ့များတွင် မေမေ ခရီးထွက်ခဲ့ပါသည်။ အထိန်းတော်ကြီးဆီမှ ကတ်ပြားကို ပြန်ယူပြီး-

'တနင်္လာနေ့ သမီး ကျောင်းမပြန်ခင် ရောက်ကောင်းပါတယ်နော်'

'ရောက်မှာပေါ့ သမီးရယ်၊ လာ... တို့ မီးဖိုဆောင်မှာ သွားပြီး ဖုတ်ထားတဲ့ မုန့်တွေ စားရင်း ပျော်ပွဲရွှင်ပွဲ လုပ်ကြရအောင်၊ တို့သုံးယောက်တည်းလေ'



အထိန်းတော်ကြီးကို ဒန်နီ ငေးကြည့်နေမိသည်။ သူတို့နှင့် ပျော်ပွဲရွှင်ပွဲလုပ်တမ်း ကစားရဖန်များတော့ ဒန်နီ ငြီးငွေ့လာပြီ။ မေမေက တစ်ခါမှ မပါ။ ခုတော့ မေမေပါရင် ဘယ်လောက် ကောင်းလိုက်မလဲနော်။

'ဒန်နီ မဆင်းချင်တော့ဘူး'

အထိန်းတော်ကြီးက ဒန်နီ ဘာတွေးနေသည်ကို သိနေဟန် တူ၏။

'လာပါ သမီးရယ် ဆရာမ စကားကို နားထောင်ပါနော်'

'ဒါဖြင့်လည်း ကောင်းပြီလေ'

အခန်းထဲမှ ထွက်လာတော့ အန်ကယ်ဆမ်ကို ခန်းမထဲတွင် သွားတွေ့သည်။ လက်ထဲတွင် ခရီးဆောင်သေတ္တာကို ဆွဲလျက်။ ချားလ်စ်က နောက်မှ သေတ္တာကို ဆယ်လာသည်။

'အန်ကယ် ဆမ်'

ဒန်နီက ဝမ်းသာအားရအော်ပြီး ပြေးချသွားသည်။ ဆမ်က ဒန်နီ့ကို လှေကားထိပ်တွင် ရပ်စောင့်နေ၏။ ချားလ်စ်က သေတ္တာတွေနှင့် ဆင်းသွားသည်။

'သမီး ပန်းချီ ပထမရတယ် အန်ကယ်ဆမ်'

'ဟော.. ဟုတ်လား။ သမီးက သိပ်တော်တာပဲကွယ်'

ဟင် အန်ကယ်ဆမ်လည်း မျက်နှာမကောင်းပါလား။ အန်ကယ်ဆမ့်မျက်နှာမှာ ပင်ပန်းနွမ်းနယ်ပြီး သိသိသာသာ ညှိုးနွမ်းနေ၏။ ဒန်နီ စိတ်မကောင်းဖြစ်သွားသည်။ ခရီးထွက်မည့် အခြေအနေမျိုးကို ဒန်နီ ခုမှ သတိထားမိ၏။

'ဟင် အန်ကယ်ဆမ်ပါ မေမေ့နောက် လိုက်သွားမှာလားဟင်'

'မဟုတ်ပါဘူး ဒန်နီ၊ အန်ကယ်ဆမ်က တစ်ခရီးသွားမှာ'

'ဒို အန်ကယ်ဆမ်နဲ့ တွေ့မယ်ဆိုရင် မေမေ့ကို ပြောခိုင်းမလို့'

'ဘာပြောခိုင်းမှာလဲ ဒန်နီ'

'သမီး ပန်းချီ ပထမ ရတယ်ဆိုတဲ့ အကြောင်းပါ'

'အန်ကယ်ဆမ်နဲ့ မေမေ တွေ့မှာ မဟုတ်ဘူး'

'အန်ကယ်ဆမ်ကော တနင်္လာနေ့ ပြန်လာမှာလား'

ဆမ်က ကလေးကို ငုံ့ကြည့်ပြီး လက်ထဲမှ သားရေအိတ်ကို အောက်ချလိုက်သည်။

'တနင်္လာနေ့ အန်ကယ်ဆမ် ပြန်မရောက်ဘူး သမီး။ အန်ကယ်ဆမ် ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး'

'ဟင် ဘယ်တော့မှ ပြန်မလာတော့ဘူး ဟုတ်လား'

ဒန်နီက ဘာမှ နားမလည်သည့် လေသံဖြင့် မေးသည်။

'အန်ကယ်ဆမ် အပြီးပြောင်းသွားရတော့မယ် သမီးရယ်'

ဒန်နီကလေး၏ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်တွေ ချက်ချင်းလိမ့်ဆင်းလာသည်။ ဖေဖေ့တုန်းကလိုပဲပေါ့။

'ဘာဖြစ်လို့လဲဟင် အန်ကယ်ဆမ်၊ သမီးတို့ကို သဘောမကျလို့လား'

ကလေး၏ မျက်ရည်ပေါက်တွေကို ဆမ် မြင်ရသည်။ ကြေအင်ကြေကွဲ ပြောသော သည့် အသံကလေးကို ကြားရသည်။ ဒန်နီ့လက်ကို ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး သမီးရယ်၊ အဲဒီလို မဟုတ်ပါဘူး၊ တစ်ခါတစ်ခါ လူတွေဟာ ဖြစ်ချင်တာ မဖြစ်ကြရဘူးလေ၊ အန်ကယ်ဆမ်နဲ့ မေမေ ကွာရှင်းလိုက်ကြပြီလေ'

'မေမေနဲ့ ဖေဖေလိုပေါ့၊ ဟုတ်လား'

ဆမ် ခေါင်းညိတ်လိုက်၏။

'ဒါဆို အန်ကယ်ဆမ် သမီးဆီ မလာတော့ဘူးပေါ့နော်'

ဒန်နီ တရှုပ်ရှုပ်ငိုတော့၏။

'သမီးဆီကို ဘယ်သူမှ မလာကြတော့ဘူးပေါ့နော်'

ဒန်နီ့ကို သိုင်းဖက်ပြီး ဆမ် နှစ်သိမ့်သည်။

'အန်ကယ်ဆမ် လာချင်ပါတယ်ကွယ်၊ ဒါပေမဲ့ လာလို့မဖြစ်ဘူးလေ'

'ဘာဖြူလို့လဲ အန်ကယ်ဆမ်၊ ကျောင်းက ဆူဇန်ကိုလ်တာ့ အမေကျတော့ ကွာရှင်းတာ ငါးခါတောင် ရှိပြီး သူ့အဖေတွေ အားလုံး သူ့ဆီ လာတာပဲတဲ့။ သူ့အဖေတွေ ပေးတဲ့ လက်ဆောင်တွေကိုတောင် သမီးကို ပြသေးတယ်'

'သမီးအမေနဲ့ သူ့အမေနဲ့ မတူဘူးလေ၊ သမီးအမေက လာတာ မကြိုက်ဘူးလေ'

'ကွာရှင်းတာနဲ့ ဖေဖေရော၊ အန်ကယ်ဆမ်ရော ထွက်သွားရတယ်၊ မေမေကတော့ ဘာလို့ ထွက်မသွားတာလဲ'

ဒန်နီ ဒေါသသံကလေး စွက်ပြီး မေးသည်။

'အဲဒါတော့ အန်ကယ်ဆမ် မသိဘူး သမီးရယ်'

ဖြုန်းခနဲ ဒန်နီက ဆမ့်လည်ပင်းကို သိုင်းဖက်လိုက်ပြီး-

'မသွားရဘူး၊ အန်ကယ်ဆမ် မသွားရဘူး၊ သမီး အန်ကယ်ဆမ်ကို အရမ်းအောက်မေ့မှာပါ'

ဆမ်က ပြုံးပြီး ဒန်နီနှင့် ပါးချင်းအပ်လိုက်သည်။

'အန်ကယ်ဆမ်လည်း သမီးကို အောက်မေ့မှာပါကွယ်၊ ကဲ အန်ကယ်ဆမ် သွားမယ်နော်၊ သမီးဆီကို မကြာမကြာ လက်ဆောင်ပစ္စည်းတွေ ပို့ပေးမှာပါကွယ်၊ အဲဒီတော့မှ ဟို ကောင်မလေးကို ပြန်ကြွားပေါ့၊ အဖေဆီက လက်ဆောင်ပစ္စည်းတွေ ရတာ မင်းတစ်ယောက်တည်း မဟုတ်ပါဘူးကွာလို့ ပြောပေါ့'

'ကောင်းပါပြီ အန်ကယ်ဆမ်'

ဆမ့်ပါးကို နမ်းပြီး နှုတ်ဆက်ရင်း-

'ဘာပဲပြောပြော သမီး အန်ကယ်ဆမ်ကို အောက်မေ့နေမှာ'

ဆမ်က ဒန်နီ့ကို နမ်းပြီး ခါးဆန့်လိုက်သည်။

'အန်ကယ်ဆမ် အချိန်မရတော့ဘူး၊ သွားမယ်နော်'

အောက်ထပ်သို့ ဒန်နီ ဆင်းလိုက်သွားသည်။

'ဖေဖေ့လို လာကျိုလာမှာ မော်တော်ဘုတ်နဲ့ သွားနေမှာလား အန်ကယ်ဆမ်'

ဆမ်က ရယ်ပြီး-

'မဟုတ်ပါဘူး သမီးရယ်၊ လောလောဆယ် အန်ကယ်ဆမ် နယူးယောက်မှာ သွားနေရမယ်လေ'

ဒန်နီက စိတ်ပျက်လက်ပျက် လေသံဖြင့်-



'အန်ကယ်ဆမ် မော်တော်ဘုတ်နဲ့နေရင် သိပ်ကောင်းမှာ ဒန်နီ လာလည်မှာပေါ့'

ဆမ် ရယ်ပြန်သည်။

'သမီးဖေဖေလို အန်ကယ်ဆမ်က မော်တော် မမောင်းတတ်ဘူးကွယ့်'

ဒန်နီက တံခါးဝအထိ လိုက်ပို့သည်။ ချားလ်စ်က ပစ္စည်းတွေကို တက္ကစီကားပေါ် တင်နေ၏။ အန်ကယ်ဆမ်က နောက်တစ်ကြိမ် ငုံ့နမ်းပြီး-

'ဂွတ်ဘိုင် ဒန်နီ'

ဒန်နီက လက်ပြရင်း-

'ဂွတ်ဘိုင် အန်ကယ်ဆမ်'

နောက်ထပ် ဘာဆက်ပြောရမှန်း မသိသဖြင့် 'အန်ကယ်ဆမ် ပျော်ပျော်နေနော်' ဟု လှမ်းအော်ပြောလိုက်သည်။

ခေါင်းငိုက်စိုက်ချပြီး အတွေးနက်စွာဖြင့် ဒန်နီ မီးဖိုချောင်ဘက်သို့ ထွက်သွားသည်။ ချားလ်စ်၊ အထိန်းတော်ကြီးနှင့် ထမင်းချက် ကွတ်ကီတို့သုံးယောက် ဒန်နီ့ကို စောင့်နေကြသည်။

'မေမေနဲ့ အန်ကယ်ဆမ် ကွာရှင်းလိုက်ကြပြီတဲ့။ အန်ကယ်ဆမ်က နယူးယောက်မှာ သွားနေမယ်တဲ့'

ဒန်နီက လူကြီးဆန်ဆန် ပြောနေသည်။ အထိန်းတော်ကြီးက ချောကလက်ကိတ်မုန့်ကို ဒန်နီ့ရှေ့ တိုးပေးရင်း-

'ကြည့်စမ်းပါဦး သမီးရယ်၊ ဘယ်လောက်လှတဲ့ ကိတ်မုန့်လဲ'

ဒန်နီက ကိတ်မုန့်တုံးကို ငုံ့ကြည့်သည်။ ပြီးတော့မှ ဝတ်ကျေဝတ်ကုန် လေသံဖြင့် 'အင်း လှပါတယ်'

'မစ္စဒန်နီက စားပွဲမှာ ထိုင်လေ၊ ကွတ်ကီ လှီးပေးမယ်'

ဒန်နီက ငြိမ်ငြိမ်ကလေး ဝင်ထိုင်သည်။ ကွတ်ကီက အတုံးကြီးကြီး လှီးပြီး ဒန်နီ့ပန်းကန်ထဲ ထည့်ပေးသည်။ ပြီးတော့ နို့တစ်ခွက်ပါ ထည့်ပေး၏။ ပြီးမှ ကျန်လူတွေအတွက် လှီးသည်။ အားလုံး ဝင်ထိုင်ကြ၏။ ဒန်နီ မတို့မချင်း သူတို့ မစားကြ။

ဒန်နီက မားနှင့်လှီးပြီး အတုံးကြီး တစ်တုံးပါးစပ်ထဲ ထည့်သည်။

'ဟား. . သိပ်အရသာရှိတာပဲ'

'သိပ်ပြီး ပါးစပ်အပြည့်ကြီး မထည့်ရဘူးနော် သမီး'

အထိန်းတော်ကြီးက သတိပေးသည်။ ခုမှ အားလုံး ဝိုင်းစားကြသည်။

'အင်း. . ကိတ်မုန့်က ကောင်းမှကောင်းဗျာ'

အထိန်းတော်ကြီးကို ချားလ်စ်က ချီးမွမ်းသည်။ ကွတ်ကီက ရယ်ပြီး-

'ဖြည်းဖြည်းစားနော်၊ နင်နေဦးမယ်'

ထမင်းချက်ကောင်းကောင်း ရှားပါးချိန်ဖြစ်၍ ချားလ်စ်က ကွတ်ကီကို စည်းရုံးနေရ၏။

'သူတို့ ဘာလို့ကွဲကြတာလဲ'

ဒန်နီက ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက်သည်။ အစေခံတွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ အထိန်းတော်ကြီး၏-

'တို့များ မသိပါဘူး သမီးရယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမေက သိပ်လှပြီး သူ့မှာ သူငယ်ချင်းတွေ သိပ်များလို့လားဟင်'

ဘယ်သူမှ မဖြေကြ။

'တလောက အန်ကယ်ဆမ်နဲ့ မေမေ စကားများနေတာ ဒန်နီ ကြားတယ်၊ မေမေ့မှာ အတွဲရှိနေပြီဆိုလား၊ ဘာလို့ ဒန်နီ မသိတာလဲ'

'အဲဒါ သမီးအလုပ်လည်း မဟုတ်ဘူး၊ ဆရာမတို့အလုပ်လည်း မဟုတ်ဘူးကွယ်။ ကဲ. , မုန့် စားလိုက်ဦး၊ သမီးကျောင်းမှာ စာတော်အောင်ပဲ လုပ်နော်'

ဒန်နီ တိတ်တိတ်ကလေး ထိုင်စားသည်။ ခဏနေတော့ မျက်လွှာပင့်ပြီး စပြန်သည်။

'အန်ကယ်ဆမ်က ဒန်နီ့ဆီကို လက်ဆောင်တွေ ပို့ပေးမယ်တဲ့။ ဆူဇန်ကိုလ်တာကို ပြန်ကြွားရမယ်၊ သူ့မှာသာ လက်ဆောင်ပေးမယ့် အဖေတွေ ရှိတာ မဟုတ်ဘူး၊ ဒန်နီ့မှာလည်း ရှိပါတယ်လို့'

နောက်နှစ်ပတ်အကြာတွင် ဒန်နီ ဆယ်နှစ်ပြည့်သည်။ ရောမ သေတ္တာကြီးတွေ နယူးယောက်မှ ရောက်လာ၏။ ကစားစရာတွေမျိုးစုံ ပါလာသည်။ သိပ်ကတိတည်တဲ့ အန်ကယ်ဆမ်။ စိတ်ထဲပျော်သလိုလို ဖြစ်မိသော်လည်း အန်ကယ်ဆမ်ကို ပိုပြီးအောက်မေ့လွမ်းဆွတ်နေမိလေသည်။

နွေရာသီကျောင်းကြီး ပိတ်တော့ မေမေက ဒန်နီ့ကို တာဟိုကန်ကြီးနံဘေးမှ အပျော်စခန်း မြင်းမွေးခြံတစ်ခြံသို့ ပို့ပေးသည်။ ဘာကြောင့် အန်ကယ်ဆမ်နှင့် ကွာရှင်းရကြောင်း ရှင်းပြသည်။ ဒန်နီ့အဖို့ အကြောင်းမထူးတော့ပါ။

ပျော်တော့ ပျော်ပါသည်။ မနက်တိုင်း မြင်းစီးရသည်။ နေ့ခင်းတိုင်း ရေကန်ကြီးထဲ ဆင်းပြီး ရေချိုးရသည်။ အဖော်အဖြစ် ရစ်ကီ ပါလာသည်။ ရစ်ကီဆိုတာ တိုနီရိုကိုလေ။ မေမေ့ မန်နေဂျာ၊ အန်ကယ်ဆမ်နဲ့ ရန်ဖြစ်တာ သူ့ကြောင့် ထင်ပါရဲ့။ မေမေနဲ့ သူနဲ့ တွဲနေတော့ မေမေ့ အတွဲပေါ့နော်။ ရန်ဖြစ်သံ ကြားတုန်းကလည်း အတွဲဆိုသည့် စကားကို ဒန်နီ ကြားလိုက်သည် မဟုတ်လား။ တစ်နေ့ မနက်စောစော မေမေ့အခန်းထဲမှ ရစ်ကီ ထွက်လာသည်ကို ဒန်နီ မြင်လိုက်သည်။ အတွဲဆိုသည့် စကားကို ပိုပြီးနားလည်လာ၏။

ဘာပဲဖြစ်ဖြစ် ရစ်ကီကို ဒန်နီ ခင်သည်။ ရစ်ကီက အစစအရာရာ ဒန်နီ့အလိုကို လိုက်လျောသည်လေ။ မြင်းစီး သင်ပေးသည်။ ရေလွှာလျှောစီး သင်ပေးသည်။ အန်ကယ်ဆမ်နှင့် မတူသည့် အချက်မှာ ရစ်ကီက ပျော်ပျော်နေတတ်ခြင်း ဖြစ်၏။

အန်ကယ်ဆမ်ကမူ သဘောကောင်းသော်လည်း ရယ်ခဲ ပြုံးခဲ၏။ မေမေ ပြောလေ့ရှိသည်။ ရစ်ကီသည် သူငယ်ငယ်ကနှင့် တူသည်တဲ့လေ။ မေမေက မြင်းစီးလည်း ဝါသနာမပါ၊ ရေကိုလည်း မကြိုက်။

ရေထဲမှာ ကြာကြာစိမ်လျှင် အသားအရေ မလှဟု ထင်သည်။ မေမေသည် နေဝင်းမင်းသည့် အမေရိကန်မလည်း ဖြစ်သည်။ နေပူပူထဲထွက်လျှင် နေလောင်တတ်သည်။

စခန်းချထွက်လာသည် ဆိုသော်လည်း မေမေသည် အပြင်သို့ ထွက်ခဲသည်။ အခန်းထဲ အောင်းပြီး အခန်းကို စတူဒီယိုနှင့်တူအောင် ပြုပြင်သည်။ ညများတွင် ရစ်ကီနှင့် မေမေ ရီနိုကို သွားတတ်သည်။

မေမေက နောက်ကျမှ အိပ်တတ်သည်။ ရစ်ကီက အစောကြီးနိုးပြီး ဒန်နီနှင့် မြင်းစီး ထွက်စမြဲ။ ဒန်နီကို ပျံလွှားမတလေးဟု ကျီစယ်ပြီး ခေါ်တတ်သည်။



ထိုစဉ်က ရစ်ကီတွင် နှုတ်ခမ်းမွေး ရှိသည်။ သေးသေးမျှင်မျှင်ကလေး။ ခဲကြောင်းထက် နည်းနည်းကလေးပဲ ပိုထူမည်။ ဒန်နီက သူ့နှုတ်ခမ်းမွေးကလေးကို သိပ်သဘောကျသည်။ ကလပ်ကေဘယ်နှင့် တူသလိုလို ဒန်နီ့စိတ်ထဲ ထင်သည်။ တစ်နေ့တွင် သည်အကြောင်း မအေကို ပြောမိသည်။ ဘာကြောင့်မှန်းမသိ မေမေ ဒေါသူပုန်ထပါလေတော့၏။

'ဘာအသုံးကျလဲ၊ အလကား၊ သွား၊ ခုရိတ်ပစ်'ဟု ရစ်ကီကို အမိန့်ထုတ်သည်။

ဒန်နီ မျက်ရည်တွေ ကျလာသည်။ သူ့ကိုယ်သူ ဘာကြောင့် ငိုမိမှန်း မသိ။ ငိုရင်း တောင်းပန်သည်။

'ဟင့်အင်း၊ မရိတ်ရဘူး၊ မရိတ်ပါနဲ့နော်'

'ဟဲ့ ဒန်နီ ဘာအရူးထတာလဲ'

မအေလုပ်သူက ဝင်ဟောက်သည်။ ဒန်နီ ကြက်ခေါင်းဆိတ်မခံ နှုတ်လှန်ထိုးသည်။

'သမီး သဘောကျတယ်ဆိုလို့ မေမေ ရိတ်ပစ်ခိုင်းတာမဟုတ်လား၊ သမီး သဘောကျတာ မုန်းသမျှ မေမေ ဖျက်ဆီးပစ်တာချည်းပဲ၊ ဘာကိုမှ မခင်တွယ်ရတော့ဘူးလား၊ သမီးကို ခင်တွယ်တဲ့ လူတွေလည်း မရှိရတော့ဘူးလား'

ရစ်ကီ့ဘက် လှည့်ပြီး-

'မရိတ်နိုင်ဘူးလို့ ပြောလိုက် ရစ်ကီ'

ရစ်ကီက ဘာလုပ်ရမှန်း မသိဟန်ဖြင့် မအေလုပ်သူကို လှမ်းကြည့်သည်။ နီရာပြုံးသည်။ လျှို့ဝှက်ဆန်းကြယ်သည့် အပြုံးမျိုး။

'သဘောပဲလေ၊ ရစ်ကီက အသက်ပြည့်ပြီ၊ လွတ်လပ်တဲ့ လူဖြူတစ်ယောက်ပဲ၊ ဒီ တိုင်းပြည်မှာ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရှိတယ်၊ ကြိုက်သလို လုပ်ပါ'

ရစ်ကီ ခဏကြောင်ပြီး ရပ်နေသည်။ ပြီးမှ အခန်းထဲ ဝင်သွားသည်။ တစ်အောင့်နေတော့ ပြန်ထွက်လာသည်။ နှုတ်ခမ်းမွေးကလေး မရှိတော့။ ဒန်နီ သူ့ကို စိုက်ကြည့်နေ၏။ အဖြူရောင် အတန်းကလေး ရေးရေးကျန်ရစ်သည်။ ကလပ်ကေဘယ်နှင့် မတူတော့။ မျက်ရည်တွေ ကျပြီး အခန်းထဲ ပြေးဝင်သွားသည်။

သည်နောက်ပိုင်းတွင် ရစ်ကီနှင့်အတူ မြင်းစီးမထွက်ရတော့ပါ။ ရေလွှာလျှောစီးလည်း မထွက်ရတော့ပါ။ သို့သော် အကြောင်းမဟုတ်တော့။ တာဟိုမှ ပြန်ကြရတော့မည် ဖြစ်၏။ ကျန်ရက်များတွင် ဒန်နီ အခြားစခန်းတစ်ခုသို့ ထွက်ခဲ့ရပြန်သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

တံခါး တိုးတိုးခေါက်သံ ကြားသဖြင့် လုပ်လက်စအလုပ်ကို ရပ်ထားပြီး နီရာ ခေါင်းထောင်ကြည့်လိုက်သည်။

'ဝင်ခဲ့လေ'

တံခါး ဖြည်းဖြည်းပွင့်လာပြီး အထိန်းတော်ကြီး မစ္စက်ဟိုလ်မင်း ဝင်လာသည်။ တံခါးဝတွင် မရွှံ့မရဲ ရပ်နေ၏။

'မမလေးနဲ့ စကားတစ်ခွန်း နှစ်ခွန်း ပြောစရာရှိလို့ပါရှင့်'

နီရာ ခေါင်းညိတ်သည်။

'ပြောလေ. . ရပါတယ်'

ရွံ့တုံးကို လက်ထဲမှ ချပြီး လက်သုတ်လိုက်သည်။ ဒန်နီ့အထိန်းတော်ကြီး မဝင့်ရဲဝင့်ရဲနှင့် ဝင်လာသည်။

'ဒန်နီ့အကြောင်း ကျွန်မ ပြောစရာရှိလို့ပါ'

အနားတွင် ရှိနေသည့် တိုနီကို နီရာ တစ်ချက် လှမ်းကြည့်လိုက်သည်။

'ဒန်နီ ဘာဖြစ်လို့လဲ'

မစ္စက်ဟိုလ်မင်းကပါ တိုနီကို လှမ်းကြည့်လိုက်သည်။ တိုနီ ထွက်သွားသည်။ အခန်းတံခါး ဖွင့်လျက်သား ကျန်ခဲ့၏။

'ဆိုပါဦး'



နီရာက စပေးသည်။

'ဒန်နီ အရွယ်ရောက်လာပြီ မမလေး'

'အဲဒါ ဘာဖြစ်လဲ၊ ကျွန်မတို့အားလုံး သိနေတာပဲ'

'သူ ကြီးထွားလာပုံက သိပ်မြန်တယ် မမလေး။ အပျိုကြီးဖားဖား ဖြစ်လာပြီ'

နီရာက ဘာမှမပြောဘဲ အဘွားကြီးကို စိုက်ကြည့်နေ၏။

'ကျွန်မ ဆိုလိုတာက တချို့ကိစ္စတွေမှာ သူ့ကို သိပ်အပြောရခက်လာတယ်'

'ဘာကိစ္စတွေလဲ'

နီရာ စိတ်အနှောင့်အယှက် ဖြစ်လာသည့် လေသံဖြင့် ခပ်မာမာ ပြောသည်။

'ရှင်ဘာမှ ပူစရာမလိုပါဘူး၊ လူမှုရေးတွေ၊ ဘဝအကြောင်းတွေ ကျောင်းက အားလုံး သင်ပေးမှာပါ'

'ဟုတ်ပါတယ်၊ ကလေးက အားလုံး သိနေတယ်'

'ဒါပေါ့၊ သိရမှာပေါ့'

'သိရုံမဟုတ်ဘူး မမလေး၊ သူမြင်တာတွေလည်း ရှိတယ်'

နီရာ့ ခဏရပ်နေသည်။

'ရှင်းရှင်းပြောစမ်းပါ မစ္စက်ဟိုလ်မင်း၊ ရှင် ဘာကို ဦးတည်နေတာလဲ'

အိမ်ကြီးရှင်သခင်မကို အထိန်းတော်ကြီး မျက်နှာချင်းမဆိုင်ရဲရှာဘဲ-

'ဒီအိမ်ကြီးထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ဒန်နီ သိနေတယ်။ မြင်လည်း မြင်နေတယ်၊ ဒီအရွယ်ကလေးနဲ့ဒီလောက် မြင်တွေ့နေတာ မသင့်တော်ဘူးလားလို့ပါ'

'ဪ. . ကျွန်မအိမ်မှာ ကျွန်မ ဘာလုပ်သင့်တယ် မလုပ်သင့်ဘူးဆိုတာ ရှင် ပြောနေတာလား'

အဘွားကြီး ခပ်သွက်သွက် ခေါင်းခါပြီး-

'မဟုတ်ဘူး မမလေး၊ မမလေးရဲ့သမီးအကြောင်းကို ပြောနေတာပါ။ သူမြင် သူသိနေတဲ့ ကိစ္စတွေက ကလေးနဲ့ မလိုက်ဘူး ထင်လို့ပါ။ ကျွန်မအနေနဲ့ ထိန်းရခက်လာပါတယ်'

'ရှင် ဘာမှ ဝင်ပူစရာ မလိုပါဘူး မစ္စက်ဟိုလ်မင်း'

နီရာ့အသံက အေးစက်စက်။ မစ္စဟိုလ်မင်း၏ မျက်နှာ တင်းလာသည်။

'ဒီလိုတော့လည်း မဟုတ်ဘူး မမလေး။ ဒန်နီကလေးကို မွေးကတည်းက ကြည့်ခဲ့ရတော့ သံယောဇဉ် ဖြစ်နေမိလို့ပါ။ ကလေးကို ထိခိုက်မယ့် ကိစ္စမျိုးမှာ မပြောဘဲ မြဲမနေသင့်ဘူး ထင်လို့ ပြောရတာပါ'

'ကျေးဇူးတင်ပါတယ်။ ကျွန်မက မအေရင်းဆိုတာလည်း သတိရဦးမှပေါ့။ ကျွန်မ တာဝန်ပါ၊ ရှင့်တာဝန် ဘာမှ မရှိပါဘူး'

'ကောင်းပါပြီ မမလေး'

အထိန်းတော်ကြီး ပြန်ထွက်သွားသည်။ တိုနီ ပြန်ဝင်လာ၏။

'အဘွားကြီး ပြောသွားတာ ကြားလား'

နီရာက ဆီးမေးသည်။ တိုနီက နီရာကို ကြည့်ပြီး-

'ဝါဆိုရင်တော့ အဘွားကြီးကို ထုတ်ပစ်မှ ထင်တယ်'

'သူ ပြောတာ မှန်တော့မှန်တယ်၊ ဒန်နီ အပျိုဖားဖား ဖြစ်တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



နီရာက ရွှံ့တုံးကို ပြန်ကောက်ယူရင်း-

'တို့ ပိုပြီးသတိထားရလိမ့်မယ် ရစ်ကီ'

တိုနီက မကျေနပ်သံဖြင့်-

'လုပ်မနေနဲ့ အားလုံး သိနေကြပြီ၊ နိုးကြောင်နိုးဝှက်ဘဝကို ကျွန်တော် မုန်းလာပြီ'

'အေးပါကွယ်၊ တို့ တစ်ခုခု စီစဉ်ကြတာပေါ့'

'လက်ထပ်လိုက်ရင် ပြီးရောဗျာ၊ ဘယ်သူမှ ဘာမှ မပြောနိုင်တော့ဘူးပေါ့'

နီရာက သူ့ကို ကြည့်ပြီး ပွင့်ပွင့်လင်းလင်း ပြောသည်။

'မဖြစ်ပါဘူး ရစ်ကီ၊ တို့ဇာတ်လမ်း စကတည်းက လက်ထပ်ဖို့မှ မဟုတ်တာ။ ကိုယ် နှစ်ခါ ကြိုးစားခဲ့ပြီးပြီလေ မအောင်မြင်ခဲ့ဘူး'

တိုနီက နီရာ့ဆီ လျှောက်သွားပြီး ခပ်ကြမ်းကြမ်း ဆွဲလှည့်လိုက်သည်။

'ကျွန်တော်နဲ့ ကြိုးစားကြည့်ပါဦး နီရာရယ်၊ အရင်နှစ်ကြိမ်နဲ့ မတူစေရပါဘူး'

နီရာက သူ့ကို တွန်းဖယ်ပြီး-

'သွားစမ်းပါ၊ မင်းနဲ့ ကိုယ်နဲ့ အတူတူပါပဲ ရစ်ကီ၊ အနှောင်အဖွဲ့ကို ဘယ်သူမှ မကြိုက်ဘဲနဲ့'

'ကျွန်တော်တော့ မမနီရာနဲ့ဆိုရင် ပျော်မယ်လို့ ယုံကြည်နေတယ်'

တိုနီက လှမ်းဖက်သည်။ နီရာက ရှောင်လိုက်ပြီး-

'လုပ်မနေနဲ့။ လက်ထပ်လိုက်လို့ အင်္ဂါနဲ့ ကြာသပတေး ညတွေမှာ အပြင်ထွက်မရရင် အပေါင်းအသင်းတွေကို ဘယ်လိုရှင်းပြမလဲ။ မင်းရဲ့ ငယ်ချစ် ဒီတာလီမလေးကို ဘယ်လိုပြောမလဲ၊ ညကလပ်မှာ ဓာတ်ပုံရိုက်တဲ့ ကောင်မလေးလေ၊ သူက မင်းကို လက်ထပ်ဖို့ အသင့်စောင့်နေတာ မဟုတ်လား'

တိုနီ မျက်နှာရဲသွားသည်။ နီရာ့ကို စူးစူးရဲရဲ စိုက်ကြည့်ပြီး-

'ခင်ဗျား ဒါတွေအားလုံး သိနေတယ်ပေါ့ ဟုတ်လား'

နီရာ ပြုံးသည်။

'မင်း ထင်တာထက် ပိုသိတယ် ရစ်ကီ'

စီးကရက်တစ်လိပ် ယူပြီး တိုနီ မီးခြစ် ခြစ်အပေးကို စောင့်နေသည်။ မီးညှိပြီးမှ စကားဆက်သည်။

'ဒါပေမဲ့ ကိစ္စမရှိဘူးလေ၊ မင်းလည်း မင်းကြိုက်တာ လုပ်နိုင်တယ်၊ ကိုယ်လည်း ကိုယ် လိုချင်တာ ရနေရင် ပြီးတာပဲ'

သည်တော့မှ တိုနီ ပြုံးသည်။

'မမ လိုချင်တဲ့ အရည်အချင်းတွေ ကျွန်တော့်မှာ ရှိတယ်ပေါ့၊ ဟုတ်လား'

ပြောပြောဆိုဆို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ သည်တစ်ခါ နီရာ မငြင်းတော့။

* * *

ဒန်နီ့ကို ဘူတာရုံတွင် ချားလ်စ် လာကြိုသည်။ ခါတိုင်းလို မစ္စက်ဟိုလ်မင်း မပါလာသဖြင့် ဒန်နီ လိုက်ကြည့်နေသည်။



'ဆရာမရော ချားလ်စ်'

ချားလ်စ်က ဒန်နီနှင့် မျက်နှာချင်းမဆိုင်ဘဲ ပစ္စည်းတွေ သယ်ပိုးရင်း-

'မစ္စဒန်နီ မသိဘူးလားဟင်၊ မစ္စက်ဟိုလ်မင်း အလုပ်ထွက်သွားပြီ'

ဒန်နီ တွဲခနဲ ရပ်လိုက်ပြီး-

'ဟင် ဒန်နီ့ကို ထားခဲ့တယ်၊ ဟုတ်လား'

'တခြား အလုပ်တစ်ခုကို ပြောင်းလုပ်တာပါ'

ဒန်နီ ဒေါသဖြစ်လာသည်။

'မေမေ ထုတ်ပစ်တာ မဟုတ်လား'

'အဲဒါတော့ မသိဘူး မစ္စဒန်နီ၊ မစ္စဒန်နီ ခရီးထွက်ပြီး မကြာခင် ထွက်သွားတာပဲ'

ချားလ်စ်က ဒန်နီ့အတွက် တံခါးဖွင့်ပေးသည်။

'သူ အလုပ်လုပ်တဲ့ နေရာ ချားလ်စ်သိလား'

ချားလ်စ် ခေါင်းညိတ်၏။

'အဲဒီကို မောင်း'

ချားလ်စ် ချီတုံချတုံ ဖြစ်နေသည်။

'ဖြစ်ပါ့မလား မစ္စဒန်နီ။ မမလေး. . .'

'ဒန်နီ ပြောတဲ့အတိုင်း လုပ်ပါ ချားလ်စ်၊ ခုမောင်း'

'မမလေး စိတ်ဆိုးနေမယ် မစ္စဒန်နီ'

'ပြန်မပြောပါဘူး။ မြန်မြန်မောင်းစမ်းပါ'

ဒန်နီ နောက်ခန်းတွင် ဝင်ထိုင်သည်။ စိန်ဖရန်စစ် သစ်တောရပ်ကွက်သို့ သူတို့ ရောက်လာကြသည်။ ကလေးငယ်တစ်ယောက်ကို လက်တွန်းလှည်းနှင့် တွန်းလာသည့် မစ္စက်ဟိုလ်မင်းကို ဆင်သင့် တွေ့ရသည်။ ကားရပ်ရပ်ချင်း တံခါးဖွင့်ပြီး ဒန်နီ ပြေးချသွားသည်။ 'ဆရာမ ဆရာမ'နှင့်အော်ဟစ်ငိုယိုရင်း ပြေးသွားခြင်း ဖြစ်၏။

အဘွားကြီးက ဒန်နီ့ကို ဆီးပွေ့ပြီး 'ဒန်နီ. . ဒန်နီ. . သမီးလေး'ဟု တသသ ညည်းတွားရင်း ငိုချလိုက်သည်။

'ဘာဖြစ်လို့ သမီးကို ထားခဲ့တာလဲဟင် ဆရာမ'

အံထိန်းတော် ဆရာမကြီးက ဒန်နီပါးကို အကြိမ်ကြိမ်နမ်းရင်း-

'ကြော် ကလေးရယ်။ မှန်းစမ်းပါဦး၊ သေသေချာချာ ကြည့်ပါရစေဦး၊ အမယ်လေး ထွားလာလိုက်တာ၊ အသားတွေ ညိုလို့၊ လှလို့'

ဒန်နီက သူ့ဆရာမရင်ခွင်တွင် မျက်နှာအပ်ထားလိုက်သည်။

'ဒန်နီ့ကို ဘာလို့ မပြောတာလဲ၊ ဘာဖြစ်လို့ ဒန်နီ့ကို ထားသွားတာလဲဟင်'

ဒန်နီ့ကို ဘယ်လောက် သံယောဇဉ်ကြီးမှန်း အထိန်းတော်ကြီး ခုမှ ပိုသိလာသည်။ ခေါင်းမော့ပြီး ချားလ်စ်ကို လှမ်းကြည့်လိုက်၏။ ချားလ်စ် ခေါင်းယမ်းပြသည်။

အခြေအနေကို မစ္စက်ဟိုလ်မင်း ရိပ်မိလိုက်၏။

'သမီးက အရမ်းထွားလာတာပဲ၊ အပျိုကြီးဖားဖား ဖြစ်လာပြီလေ၊ အထိန်းမလိုတော့ဘူးပေါ့'

ဒန်နီက မျက်ရည်တွေ ကျနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



'လုံးဝ အဓိပ္ပာယ်မရှိဘူး၊ ဘာလို့ ဒန်နီ့ကို အသိမပေးတာလဲ'

ဒန်နီ့ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေ စို့စွတ်နေဆဲ။

'ဆရာမရဲ့အလုပ်က ကလေးငယ်ငယ်ကလေးတွေကို ကြည့်ဖို့ ဒန်နီရဲ့၊ ကလေး အတွက်ပဲ ဆရာမ အသုံးဝင်တယ်လေ'

'ဟင့်အင်း . . မရဘူး၊ ဒန်နီ့အတွက်လည်း အသုံးဝင်တယ်၊ အိမ်ပြန်လိုက်ခဲ့ရမယ်'

အဘွားကြီးက ခေါင်းယမ်းပြီး-

'မဖြစ်ဘူး ဒန်နီ'

'ဘာလို့ မဖြစ်ရမှာလဲ'

မစ္စက်ဟိုလ်မင်းက တွန်းလှည်းကလေးပေါ် လက်တင်ပြီး-

'ဒီမှာ ဆရာမရဲ့အလုပ်ရှိနေပြီလေ သမီးရဲ့'

'မရဘူး၊ ဆရာမက ဒန်နီနဲ့ တစ်သက်လုံး ရှိနေခဲ့တာပဲ'

'သမီးက ဆရာမ မပါဘဲ အားလုံး လုပ်နိုင်နေပြီလေ။ တစ်ချိန်လုံး သမီးကျောင်းက ပြန်အလာကို ထိုင်စောင့်နေရတဲ့ အလုပ်ကလွဲပြီး ဆရာမမှာ လုပ်စရာ မရှိတော့ဘူး မဟုတ်လား။ သမီးက ကိုယ့်ကိုယ်ကိုယ် နိုင်နေပြီပဲ။ နွေရာသီမှာလည်း ဆရာမ မပါဘဲ အားလုံး လုပ်နိုင်နေတာပဲ၊ ဒီတော့ ဆရာမ အိမ်မှာ ရှိနေတဲ့အတွက် ဘာထူးသလဲ ကလေးရယ်'

'ဒါပေမဲ့ ဆရာမကို ဒန်နီ ချစ်တယ်လေ'

မစ္စက်ဟိုလ်မင်းက ဒန်နီ့ကို ရင်ခွင်ထဲ ဆွဲယူပြန်သည်။

'ဆရာမလည်း သမီးလေးကို ချစ်ပါတယ်ကွယ်'

'ဒါဆို ပြန်လိုက်ခဲ့နော်'

'မဖြစ်ပါဘူးကွယ်၊ သမီးအမေ ပြောတာ မှန်တယ်လေ၊ တစ်ချိန်ချိန်မှာ ခွဲရမှာပဲ တဲ့'

'မေမေ . . ဟုတ်လား၊ ထင်သားပဲ၊ မေမေ ဆရာမကို မောင်းထုတ်လိုက်တာ မဟုတ်လား'

'ဟုတ်တယ်လေ သမီး ဆယ်နှစ်တောင် ပြည့်နေပြီပဲ။ မကြာခင် လူကြီး ဖြစ်လာတော့မယ်။ ယောကျ်ားလေး သူငယ်ချင်းတွေ၊ မိန်းကလေးသူငယ်ချင်းတွေ ရှိလာမယ်၊ ညေခံပွဲတွေ ရှိလာမယ်၊ ဆရာမလို အဘွားကြီးက သမီးအနားမှာ ကန့်လန့်ကန့်လန့် လုပ်နေစရာ မလိုဘူးလေ၊ သမီးဘဝ သမီး ရှုန်းကန်ရတော့မယ်'

'ဆရာမကို မေမေ ထုတ်ပစ်လိုက်တာ မဟုတ်လား'

ဒန်နီက သည်မေးခွန်းကိုပင် မျက်ခြည်မပြတ် မေးသည်။

'ဆရာမနဲ့ သမီးမေမေ နှစ်ဦးသဘောတူ တိုင်ပင်ပြီး လုပ်တာပါ။ မစ္စပေါင်တ တော်ရှာပါတယ်ကွယ်၊ တစ်နှစ်လုံးစာ လခတောင် ရက်ရက်ရောရော ပေးလိုက်ရှာပါတယ်၊ ကဲ . . သမီး သွားတော့နော်၊ မေမေ စိတ်ပူနေမယ်။ နောက်ပြီးတော့ သမီးမေမေက အံ့ဩစရာ တွေမြဖို့ အိမ်မှာ စောင့်နေတယ်လေ'

'သူ့အံ့ဩစရာတွေကို ဒန်နီ စိတ်မဝင်စားပါဘူး၊ ဆရာမဆီ ဒန်နီ လာလည်လို့ရမလား ဟင်၊ တစ်ခါတလေပေါ့'

အဘွားကြီးက ဒန်နီကို ဖက်ပြီး-



'ရပါတယ်ကွယ်၊ ဘာလို့ မရရမှာလဲ၊ ဆရာမ ကြာသပတေးနေ့တိုင်း အားတယ်၊ ဆရာမလည်း ကျောင်းကို လာတွေ့မှာပေါ့'

အထိန်းတော်ကြီးကို ပါးနမ်းနှုတ်ဆက်ပြီး-

'သမီးတော့ ဆရာမကို သိပ်အောက်မေ့နေမှာပဲ'

'ဆရာမလည်း အောက်မေ့မှာပဲ၊ ကဲ . . သမီး သွားတော့နော်'

အဘွားကြီးက မျက်ရည်လည်ရွှဲနှင့် နှုတ်ဆက်သည်။ ကားဆီသို့ ဒန်နီ ခေါင်းငိုက်စိုက် ချပြီး ပြန်လာသည်။ တစ်လမ်းလုံး စကားမပြောတော့။ အိမ်နား ရောက်မှ-

'မေမေ အံ့ဩစရာ လုပ်ထားတယ်ဆိုတာ ဘာများလဲ ချားလ်စ်'

'ပြောလို့ မဖြစ်ဘူး မစ္စဒန်နီ။ မမလေးက ကြိုမပြောရဘူးတဲ့'

သို့သော် နောက် ချားလ်စ်ထံမှပင် သိရသည်။ သူတို့ အိမ်ပြန်ရောက်တော့ နိုရာက စတူဒီယိုအခန်းတွင် အစည်းအဝေးလုပ်နေသည်။ ဘယ်သူမှ မဝင်ရဟု ပိတ်ထားသည် ဆို၏။

ဒန်နီ အပေါ်ထပ် တက်ခဲ့သည်။ ချားလ်စ်က နောက်မှ လိုက်သွား၏။ ပစ္စည်းတွေ ထမ်းပိုးလျက်။ လှေကားထိပ် ရောက်လို့ ဒန်နီ သူ့အခန်းဘက် ချိုးမည်ပြုတော့ ချားလ်စ်က နောက်မှ လှမ်းပြောသည်။

'အဲဒီဘက် မဟုတ်ဘူး မစ္စဒန်နီ၊ ဒီဘက်ချိုး'

ချားလ်စ်က ရှေ့ဆောင်ပြီး တစ်ဘက် ချိုးသွားသည်။ အိမ်မကြီး၏ အဆောင်တစ်ဖက် စွန်းသို့ ဒန်နီ လျှောက်သွားသည်။ မိမိအခန်းနှင့်ရော မေမေ့အခန်းနှင့်ပါ ဝေးသည်ထက် ဝေးသွားလေပြီ။

နောက်မှ လိုက်သွားရင်း-

'အံ့ဩစရာဆိုတာ ဒါလား ချားလ်စ်'

ချားလ်စ်က ခေါင်းညိတ်လိုက်ပြီး အခန်းကြီးတစ်ခန်း ရှေ့တွင် ရပ်လိုက်သည်။ ယခင်က အပေါ်ထပ် ဧည့်ခန်းကြီး။ ချားလ်စ်က တံခါးဆွဲဖွင့်ပေးသည်။

'မစ္စဒန်နီ အရင်ဝင်ပါ'

ပထမ အခန်းထက် နှစ်ဆလောက် ကျယ်ဝန်း၏။ အိပ်ရာ ခုတင်မှအစ အားလုံး အသစ်တွေချည်း။ ရေဒီယို၊ ကက်ဆက်နှင့် ရုပ်မြင်သံကြားစက်က နံရံနှင့် မျက်နှာပြင် တညီ တည်း။ ရေချိုးခန်း၊ အလှပြင်ခန်းများလည်း တစ်ဆက်တည်း။

'အိပ်ရာခေါင်းရင်းမှာ အဝေးထိန်းခလုတ်တွေ တပ်ထားပေးတယ်။ ရုပ်မြင်သံကြား ရော၊ ရေဒီယို၊ ကက်ဆက် ဖွင့်နိုင် ပိတ်နိုင်တယ်လေ'

ချားလ်စ်က ဂုဏ်ယူသည့် လေသံဖြင့် ပြောနေသည်။

'ကောင်းပါတယ်'

ဒန်နီက အားတက်သရော မရှိလှသော လေသံဖြင့် မှတ်ချက်ချသည်။ အခန်း ပတ်ပတ်လည်ကို ကြည့်ပြီး-

'ဒန်နီ့ ရတနာသေတ္တာကလေးရော'

'ဒီအခန်းနဲ့ မလိုက်တော့ဘူး ဆိုပြီး မမလေးက အထပ်ခိုးပေါ်မှာ သိမ်းထားပေးတယ်'

'မရဘူး၊ ပြန်ယူလာပေး'

'ဟုတ်ကဲ့ မစ္စဒန်နီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒန်နီ့အခန်းကို ဘာလုပ်ပစ်လိုက်ကြသလဲ'

'မစ္စတာ တိုနီရိုကိုအတွက် ရုံးခန်းလုပ်လိုက်တယ်၊ မစ္စက်ဟိုလ်မင်း နေတဲ့အခန်းက သူ့အတွက် အိပ်ခန်း ဖြစ်သွားတယ်လေ'

'ဟုတ်လား'

ဒန်နီ သိတတ်သည့်အရွယ် ရောက်နေပြီ။ စခန်းချရာတွင် ယောက်ျားနှင့် မိန်းမ အကြောင်း၊ အခန်းချင်း ကပ်နေသည့် ကြီးကြပ်ရေးမှူးများအကြောင်းကို ကောင်မလေးတွေ တစ်ချိန်လုံး တီးတိုးလုပ်နေသည်ကို မကြားချင်အဆုံး မဟုတ်လား။ ချားလ်စ်က ပစ္စည်းတွေနှင့် သေတ္တာတွေ သယ်လာသည်။

'ပိုင်အိုလက်ကို ပို့ပေးလိုက်မယ်နော်၊ မစ္စဒန်နီ ပစ္စည်းတွေ နေရာချရအောင်လေ'

'နေပါစေ၊ ဘယ်သူ့အကူအညီမှ မလိုဘူး'

'လိုတာပေါ့ သမီးရဲ့၊ ဒါတွေအားလုံး သမီးတစ်ယောက်တည်း လုပ်လို့ ဘယ်ဖြစ်မလဲ'

အခန်းဝမှ နိုရာ့အသံ ပေါ်လာခြင်း ဖြစ်သည်။

မအေနှင့် မျက်နှာချင်းဆိုင် လိုက်ပြီး-

'အသွားတုန်းကလည်း ကိုယ့်ဘာသာကိုယ် ထည့်တာပဲ၊ ပိုင်အိုလက် မလိုပါဘူး'

နိုရာက ဒန်နီ့ကို စိုက်ကြည့်နေသည်။ တစ်ခုခု ဖြစ်နေပြီဟု သိလိုက်၏။ ချားလ်စ်က ခေါင်းညိတ်ပြသည်။

'တစ်နှစ်လုံး ခရီးထွက်နေပြီး ပြန်ရောက်တဲ့နေ့မှာ အမေ့ကို အဲဒီနည်းနဲ့ နှုတ်ဆက်တာလား ဒန်နီ။ လာပါဦး။ သမီးကို မေမေ သေသေချာချာ ကြည့်ပါရစေဦး'

နိုရာ ခါးညွတ်ပြီး ဒန်နီ့ကို ပါးထိုးပေးလိုက်သည်၊ ဒန်နီက ထုံးစံအတိုင်း နမ်းပြီး နှုတ်ဆက်သည်။ ချားလ်စ်က တံခါးကို အသာကလေးပိတ်ပြီး ထွက်သွားသည်။

'ဘာဖြစ်လို့ သမီး ဆရာမကို မေမေ ထုတ်ပစ်လိုက်တာလဲ'

တံခါးပိတ်သံ ကြားကြားချင်း ဒန်နီ စောက်မေးလိုက်ခြင်း ဖြစ်၏။

'သမီးအတွက် မေမေ့မှာ ဒုက္ခခံပြီး ဒီအခန်းကြီးကို ပြင်လိုက်ဆင်လိုက်ရတာ ကြိုက်တယ်၊ မကြိုက်ဘူး ပြောဦးမှပေါ့ သမီးရဲ့၊ တခြား ဘာများ အရေးကြီးလို့လဲ'

'အခန်းက ကောင်းပါတယ်'

ဝတ်ကျေ ဝန်ကုန် ပြောလိုက်ခြင်း ဖြစ်၏။ အခန်းကို လုံးဝ စိတ်ဝင်စားဟန် မပြ။

'ရှပ်မြင်သံကြားနဲ့ တက်ဆက်က အဝေးထိန်းခလုတ်နဲ့ သမီးရဲ့'

'သိပြီးပါပြီ၊ ချားလ်စ် ပြောပါတယ်'

ဒန်နီက သူ့မေးခွန်း၏ အဖြေကို စောင့်နေဟန်။ နိုရာကလည်း မဖြေဘဲ လမ်းလွှဲနေ၏။

'သမီး ဒီနှစ် သိပ်ထွားလာတာပဲ၊ မေမေ့အရပ်တောင် မီတော့မယ်။ ခု ဘယ်လောက်ရှိပြီလဲ'

'ငါးပေ တစ်လက်မခွဲ'

'ဟိုဘက် လှည့်စမ်းပါဦး'

'ဒန်နီက ဘာမှမပြောဘဲ ခပ်ဖြည်းဖြည်း လှည့်ပြသည်။

'သမီး အပျိုကြီးဖြစ်လာပြီပဲ'



'ခု ဘယ်ယာစီယာ နံပါတ် သုံးဆယ့်နှစ်ကို ဝတ်နေရပြီလေ'

ဒန်နီ့လေသံတွင် ဂုဏ်ယူဝင့်ကြွားမှုကလေး ပါနေသလိုလို ထင်ရ၏။

'စခန်း တာဝန်ကျဆရာမက ပြောတယ်၊ ပန်းကျယ်တော့ နောက်နှစ်ဆို သုံးဆယ့်လေး ဝတ်ရတော့မယ်တဲ့'

နိုရာက မနှစ်မြို့သည့် လေသံဖြင့်-

'ဗိုင်းကောင်းကျောက်ဖိနေတဲ့ မိန်းကလေးတွေဟာ ဒီလို ကိစ္စတွေကို ပြောလေ့မရှိကြဘူး သမီး၊ ပိုင်အိုလက်ကို လွှတ်လိုက်မယ်နော်'

'သမီး ပိုင်အိုလက်ကို မလိုချင်ဘူး၊ သမီး ဆရာမကိုပဲ ပြန်လိုချင်တယ်'

ဒန်နီက ဒေါသစွက်ပြီး ပြောလိုက်သည်။

နိုရာ စိတ်ပျက်လက်ပျက် ပုံစံဖြင့် ပြန်လှည့်သည်။

'ဆရာမ မရှိတော့ဘူးလေ၊ ပိုင်အိုလက်ကို မလိုချင်ဘူးဆိုရင်လည်း ကိုယ့်ဘာသာ ကိုယ် လုပ်'

'ရပါတယ်၊ ဘယ်သူ့အကူအညီမှ မလိုပါဘူး'

ဒန်နီ ဒိုးဒိုးဒေါက်ဒေါက် ပြန်ပြောသည်။ မျက်လုံးထဲတွင် မျက်ရည်တွေ စို့လာပြီ။

'ဆရာမကို ထုတ်ပစ်မယ်လို့ ဘာဖြစ်လို့ သမီးကို မပြောတာလဲ။ ဘာဖြစ်လို့ မေမေ ကြိတ်လုပ်ရတာလဲ'

နိုရာ ဒေါပွလာပြီး-

'ဘာကြိတ်လုပ်စရာလိုလဲ၊ သမီး အရွယ်ရောက်နေပြီပဲ၊ ဒါ ကလေးထိန်း လိုတဲ့အရွယ်လား'

ဒန်နီ ငိုချလိုက်သည်။

'မေမေ သမီးကိုတော့ ပြောဖို့ ကောင်းတာပေါ့'

'သူငယ်နှပ်စားလေးလို လုပ်မနေစမ်းနဲ့၊ နေရာတကာ သမီးကို သံတော်ဦး မတင်နိုင်ဘူး၊ လုပ်စရာရှိတာ လုပ်ရမှာပဲ'

'လုပ်ပါ လုပ်ပါ၊ ဖေဖေ့တုန်းကလည်း ဒီလိုပဲ ပြောပြီး ဒီလိုပဲ လုပ်ခဲ့တာပဲ။ အန်ကယ် ဆမ်တုန်းကလဲ ဒီလိုပဲ။ မေမေ့ထက် သမီးကို ပိုချစ်တဲ့လူ မှန်သမျှ မောင်းမောင်းထုတ်ပစ်တာ ချည်းပဲ။ ဒါကြောင့် ခုလည်း ဆရာမကို အလုပ်ထုတ်ပစ်တာ'

'တော်တော့'

ဘဝတွင် ပထမဆုံးအကြိမ် အမေ့လက်ဖြင့် ဒန်နီ ပါးရိုက်ခြင်း ခံရသည်။ ကလေးမသည် အထိတ်တလန့် မျက်လုံးကြီးများဖြင့် မအေကို ကြည့်ပြီး အရိုက်ခံလိုက်ရသည့် ပါးကို ယောင်ယမ်းပြီး ပွတ်နေသည်။

'မုန်းတယ်၊ မေမေ့ကို မုန်းတယ်၊ တစ်နေ့ ကြုံဦးမှာပေါ့၊ မေမေချစ်တဲ့ လူတစ်ယောက် ယောက် တွေ့ဦးမှာပေါ့၊ မကွဲကွဲအောင် ခွဲပြမယ် မှတ်ထား'

ဒန်နီငိုရှုတွင် နိုရာ ဒူးထောက်ချလိုက်သည်။ တိုးတိုးကလေး ချော့သည်။

'မေမေ့ကို ခွင့်လွှတ်ပါ သမီးရယ်၊ မေမေ တမင်လုပ်တာ မဟုတ်ပါဘူး။ စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီက မအေလုပ်သူကို စိုက်ကြည့်နေသည်။ ပြီးမှ ရုန်းထွက်ပြီး ရေချိုးခန်းထဲ ပြေးဝင်သည်။ တံခါးကို အတွင်းမှ ဆောင့်ပိတ်ရင်း-

'သွား၊ ထွက်သွား၊ မုန်းတယ်၊ သိပ်မုန်းတယ်'

* * *

'သိပ်မုန်းတယ်'

ဒန်နီ မောသွားပြီ။ မစ္စဂျုန်နင်းက စားပွဲတစ်ဖက်မှ ကလေးမကို ငေးကြည့်နေ၏။ ပြောရင်း ငို၊ ငိုရင်း ပြောမို့ သူ့မျက်လုံးတွေ နီရဲနေပြီ။ စက္ကူမျက်နှာသုတ်ပဝါ ထည့်သည့် ဗူးကလေးကို ရှေ့တိုးပေးလိုက်သည်။

တစ်ရွက်ထုတ်ပြီး ဒန်နီ မျက်နှာသုတ်သည်။ ကျေးရူးတင်သည့် မျက်လုံးများဖြင့် ဆရာမကို ကြည့်နေ၏။

'ကျွန်မ အမေ့ကို အဲဒီလို မဆက်ဆံချင်ပါဘူး။ ဒါပေမဲ့ တခြားနည်းလမ်း မရှိတော့ ဘူးလေ။ ကျွန်မ ငယ်သံပါအောင် အော်ချင်အော်မှ၊ ဒေါသူပုန်ထပြချင်ပြမှ၊ မဟုတ်ရင် ဘယ် တော့မှ ကျွန်မကို အရေးမလုပ်ဘူး'

ဆယ်လီဂျုန်နင်း ခေါင်းညိတ်သည်။ နံရံမှ နာရီကို မော့ကြည့်ပြီးတော့ အညင်သာဆုံး အသံဖြင့် ပြောသည်။

'ဒီနေ့အဖို့ ဒီလောက်နဲ့ နားကြရအောင် အခန်း ပြန်အိပ်လိုက်နော် ဒန်နီ'

ဒန်နီက မတ်တတ်ထရပ်ပြီး-

'ဟုတ်ကဲ့ မစ္စဂျုန်နင်း၊ တနင်္လာနေ့ ကျွန်မ တွေ့နိုင်ဦးမလားဟင် '

ဆရာဝန်မက ခေါင်းခါပြီး-

'တနင်္လာနေ့ ကိုယ်ဆေးရုံမှာ အလုပ်များလိမ့်မယ် ဒန်နီ၊ ဒီဘက်ကို လုံးလုံးလှည့်နိုင်မှာ မဟုတ်ဘူး'

'အင်္ဂါနေ့ ရုံးချိန်းဆိုတော့ ကျွန်မတို့ စကားပြောချိန် မရတော့ဘူးပေါ့နော်'

'ဟုတ်တယ် ဒန်နီ၊ ဒါပေမဲ့ မပူပါနဲ့ကွယ်၊ ဒီလောက်ဆို ကိုယ်တို့ အတော်လေး အလုပ်ဖြစ်ပါပြီ'

အဆောင်မှူးဆရာမကြီး ခေါ်ထုတ်သွားသည့် ကလေးမကို ငေးကြည့်ရင်း ကုလား ထိုင် နောက်ကျောကို ပစ်မှီလိုက်သည်။ စီးကရက်တစ်လိပ် ညှိပြီး အသံဖမ်းစက်ခလုတ်ကို ဖွင့်လိုက်၏။ အားလုံး မရလိုက်သော်လည်း ဒန်နီ့ပြဿနာကို အစဖော်နိုင်လေပြီ။ သို့သော် သူတို့တွင် ဘယ်တော့မှ အချိန်လုံလုံလောက်လောက် ရသည် မရှိ။

□ □ □

# အခန်း ( ၁၅ )

ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အပြင်သို့ ကျွန်တော် ငေးကြည့်နေမိ၏။ လမ်းပေါ်တွင် နှင်းတွေ တဖွဲဖွဲကျနေဆဲ။ မတည်ငြိမ်စွာဖြင့် စီးကရက်တစ်လိပ် ထုတ်ညှိသည်။ တယ်လီဖုန်းကို လှမ်းကြည့်လိုက်သည်။ အယ်လီဇဘက်ကို လှမ်းဆက်မှ ထင်ပါရဲ့။ သို့သော် တယ်လီဖုန်းကို သူ ကိုင်မည် မဟုတ်။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံး ဖြစ်နေမိ၏။ ရှတော်တော်တုံးတဲ့ ငါ ပါလား။ ဘာဖြစ်လို့ မာတ်ပုံတွေကို သွားပို့မိပါလိမ့်။

သည်အကြောင်းကို တယ်လီဖုန်းထဲမှာ ပြောပြစဉ်ကပင် အယ်လီဇဘက် အတော် စိတ်တုန်နေပုံရသည်။

'သိပ် စိတ်ကုန်စရာကောင်းတာပဲ။ နိုရာက ဒါတွေနဲ့ ဘာလုပ်ဦးမလဲ မသိဘူး'

'အစ်ကိုလည်း မသိဘူး။ ဟိုလူ ပြောသလို အာမခံသဘောနဲ့ ထားတာလား၊ ဒါမှ မဟုတ် ကိုယ့်ကို ဆော်ဖို့လား မသိဘူး၊ ဒါကြောင့် မင်း ကြိုသိရအောင် ပုံတွေကို အစ်ကို ပို့လိုက်မယ် ပြောတာ'

'မပို့ပါနဲ့၊ မကြည့်ချင်ပါဘူး၊ ဖျက်ဆီးပစ်လိုက်ပေါ့'

'မဖြစ်ဘူး အယ်လီဇဘက်၊ မင်းဆီ မပို့လို့ မဖြစ်ဘူး၊ ဒါတွေဟာ တကယ့်အစစ်တွေ ဆိုရင် ကိုယ် ဘယ်ပို့မလဲ၊ မင်း နားလည်ပါတယ်နော်၊ မှတ်ပုံတင်ပါဆယ်နဲ့ ပို့လိုက်မယ်၊ လုံလုံ ခြုံခြုံ သိမ်းထားပေး သိလား'

www.burmeseclassic.com

www.burmeseclassic.com



'ဗုက္ကပါပဲ အစ်ကိုရယ်၊ ကျွန်မက အဲဒီပုံတွေကို ဖွင့်မကြည့်ဘဲ နေနိုင်ပါ့မလား'

'ကြည့်ချင် ကြည့်လေ၊ ကိုယ့်ယောက်ျား ငတုံးတစ်ယောက်မှန်း သိသွားတာပေါ့'

သူ ခဏ ငြိမ်နေသည်။

'သေတော့မှာပဲ၊ အစကတည်းက အစ်ကို့ကို မလွှတ်မိရင် ကောင်းမှာ'

'နောက်ကျသွားပြီ အယ်လီဇဘက်'

ခဏ ငြိမ်သွားပြန်သည်။

'အစ်ကို ဘာမှမဖြစ်တာတော့ သေချာတယ်နော်'

'ဘာမှ မဖြစ်ပါဘူးဆို'

'တကယ်နော်'

'တကယ်ပါကွယ်'

'ကျွန်မတို့ သားအမိ အစ်ကို့ကို မျှော်နေကြတယ်လေ အစ်ကို'

ထိုနေ့က ကြာသပတေးနေ့၊ ပါဆယ်ပို့ပြီး နောက်တစ်နေ့ တယ်လီဖုန်း ခေါ်သည်။ သူ့အသံ ကြားကတည်းက ဗုက္ကတော့ဖြစ်ပြီဟု ကျွန်တော် သိလိုက်၏။ ငိုနေသည့် အသံဖြင့်-

'အစ်ကို ခုချက်ချင်း ပြန်လာခဲ့ပါတော့'

'ဩော် မိန်းမရယ် ဆင်ပြောင်ကြီး အမြီးကျမှ မတစ်ပါရစေနဲ့တော့ကွာ၊ ရက် သိပ်မလို တော့ပါဘူး'

'မသိဘူး၊ မသိဘူး၊ ပြန်လာခဲ့'

'မင်း ပုံတွေကို ကြည့်သလားဟင်'

'ပုံတွေနဲ့ မဆိုင်ပါဘူး'

'ကိုယ် ပြောပြီးပြီလေကွယ်၊ ကိုယ် ထောင်ချောက်ထဲ ဝင်မိတာပါလို့'

'ထောင်ချောက်သာ ဆိုတယ် တကတဲ. . .'

'အယ်လီဇဘက်၊ စဉ်းစဉ်းစားစား ပြောပါ မိန်းမရယ်'

'ကျွန်မက မိန်းမသားရှင့်၊ ရှုတ်ပြီ၊ ဒီအကြောင်း မပြောချင်ဘူး၊ ပြန်မယ့်ရက်သာ သံကြိုးရိုက်ပို့လိုက်'

သူ ဖုန်းချသွားသည်။ ကျွန်တော် အကြိမ်ကြိမ်ပြန်ခေါ်သည်။ လိုင်းမအားတော့၊ တယ်လီဖုန်းကို ဘေးချမည် မုချ။

ထို့နောက် မစ္စစပိုက်စာ အောက်ထပ်တွင် ရောက်နေကြောင်း ဖုန်းလာသဖြင့် ကျွန်တော် ဆင်းလာခဲ့သည်။ ကော်ဖီဆိုင်ထဲတွင် ကျွန်တော်တို့ စကားပြောကြ၏။

စားပွဲထိုး အမျိုးသမီး ကော်ဖီ လာချပြီး ထွက်သွားသည်နှင့် ကျွန်တော် စမေးလိုက်သည်။

'ဒန်နီ့ အခြေအနေ ဘယ်လိုလဲ မစ္စစပိုက်စာ'

'မဆိုးပါဘူး၊ ကျွန်မတို့ တိုးတက်မှု ရလာပါတယ်၊ နောက်ပိုင်းမှာ သူ လိုလိုချင်ချင် စကားပြောလာပါတယ်'

'ခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ'

အမျိုးသမီးက ကျွန်တော့်ကို ကြည့်ပြီး-

'ဒါပေမဲ့ သူဟာ သနားစရာ စိတ်ဝေဒနာရှင်လေးပဲ'



'ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တာလဲ မစ္စစပိုက်စာ'

'ပြောရတာတော့ သိပ်မလွယ်ဘူး၊ သူကိုယ်တိုင်တောင် သိပါ့မလား မသိဘူး။ တော်တော် နက်ရှိုင်းတဲ့ သူ့စိတ်တစ်နေရာမှာ ဒဏ်ရာရထားတာ သေချာတယ်။ အတိုင်းအတာ တစ်ခုအထိတော့ ပွင့်ထွက်လာတယ်။ ဒါပေမဲ့ အဲဒီညက သူ ပေါက်ကွဲထွက်လာရတဲ့ အကြောင်း ရင်းကို ကျွန်မတို့ ခုထိ သဘောမပေါက်သေးဘူး။ ကျွန်မတို့ နားမလည်တာတွေ အများကြီး ကျန်သေးတာတော့ သေချာတယ်'

'ဘယ်လိုဟာမျိုးတွေလဲ၊ ကျွန်တော်များ အကူအညီပေးနိုင်မလားလို့'

'သူ ကလေးဘဝတုန်းက သူ အလိုမကျတဲ့အခါတွေမှာ အပြင်းအထန် ဒေါသပုန်ထ တာမျိုး၊ ပေါက်ကွဲတာမျိုး ဖြစ်ဖူးပါသလား'

ကျွန်တော် ခေါင်းယမ်းပြီး ဖြေသည်။

'ကျွန်တော် သိသလောက် ဒါမျိုး လုံးဝ မရှိဘူး၊ အဲဒါနဲ့ ပြောင်းပြန်ပဲ၊ ဒန်နီဟာ သိပ်အေးဆေးတဲ့ ကလေး၊ သူ စိတ်တိုင်းမကျရင် တိတ်တိတ်ကလေး အပေါ်ထပ်တက်ပြီး သူ့အခန်းထဲ ဝင်သွားတယ်၊ ဒါမှမဟုတ် သူ့အထိန်းတော်ကြီးဆီ သွားတတ်တယ်၊ ဒါမှမဟုတ် လည်း ဘာမှ မဖြစ်သလို ဟန်ဆောင်နေတတ်တယ်'

'ကာနယ်ကောရီနဲ့ အဲဒီလို ဖြစ်ဖူးပါသလား'

ကျွန်တော်က ရယ်ပြီး-

'ကျွန်တော်နဲ့တော့ ဘယ်ဖြစ်ဖူးမလဲ၊ ကျွန်တော်က သူ လိုချင်သမျှ အစစ အလိုလိုက် ခဲ့တာကိုး'

'သူ့အမေနဲ့ကော'

ကျွန်တော် ငိုင်သွားသည်။

'ကျွန်မကို စပ်စုတယ် မထင်ပါနဲ့နော်။ သိပ်အရေးကြီးလို့ပါ၊ ပြောသာပြောပါ'

'နီရာကတော့ ဒန်နီကို အမြဲတမ်း မကျေနပ်ခဲ့ဘူးလေ။ ဒန်နီ ခုလိုဖြစ်ရတာက အမေ လုပ်တဲ့လူ ဂရုမစိုက်ခဲ့လို့ပါ'

'ဟိုတုန်းက ကလေးရှေ့မှာ လင်မယား မကြာမကြာ ရန်ဖြစ်ကြသလား'

ကျွန်တော်က သူ့ကို ကြည့်ပြီး ရယ်မိပြန်သည်။

'ဖြစ်ခဲပါတယ် ကျွန်တော်တို့ ဖြစ်ခဲ့တာက စစ်အေးတိုက်ပွဲလေ'

'ဘာကြောင့် ဒန်နီ့ဆီကို မလာဘဲ အဆက်ဖြတ်ပစ်လိုက်တာလဲ'

'အဆက်ဖြတ်ခိုင်းလို့ပါ'

'မစ္စဟေဒင်ကမ္ပေါ့ ဟုတ်လား'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

'တရားရုံးစီရင်ချက်ထဲမှာ သမီးနဲ့ တွေ့ဆုံခွင့်ကို အကန့်အသတ်မရှိ ပေးထားတာပဲ၊ ဘာလို့ ရင်မဆိုင်သလဲ'

'ကျွန်တော့်မှာ ရင်ဆိုင်စရာ ဘာမှ မရှိတော့ဘူးလေ၊ ကုန်းကောက်စရာ မရှိတော့တဲ့ ဘဝ'

'ဒီတော့ ကာနယ် ဘာလုပ်သလဲ'

ကျွန်တော် သူ့ကို ကြည့်ပြီး အမှန်အတိုင်း ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မလုပ်ပါဘူး၊ အရက်ပဲ ဖိသောက်နေလိုက်တယ်'

'ဘာကြောင့် မလာတော့တဲ့ အကြောင်း သမီးကို ပြောမပြခဲ့ဘူးလား'

ခေါင်းယမ်းလိုက်သည်။

'ပြောတော့ကော ဘာအကြောင်း ထူးမှာလဲဗျာ၊ အခြေအနေ ထူးလာမှာမှ မဟုတ်တာ'

'မနေ့က ကျွန်မ အဘွားကြီးဆီ ရောက်တယ်၊ အဘွားကြီး လုပ်ထားတဲ့ အစီအစဉ်တွေ ကာနယ် သိမှာပေါ့'

'သိပါတယ်'

သည်ကိစ္စ ဆွေးနွေးတုန်းက ကျွန်တော် ပါသည်။ အချိန်တိုတိုကလေးနှင့် အဘွားကြီး စီစဉ်လိုက်ပုံမှာ အံ့မခန်းပါပေ။ ကုန်လိုက်မည့် ငွေတွေမှာ မခန့်မှန်းရဲလောက်အောင်ပင်။ ဒန်နီကို နာမည်ကျော် စိတ်ဓာတ်ပြုပြင်ရေး ကျောင်းတစ်ကျောင်းမှ လက်ခံလိုက်ပြီ ဖြစ်သည်။

ကမ္ဘာကျော် ကလေးစိတ်ပညာရှင် ဒေါက်တာဝိတ်မန်းမှာ ထိုကျောင်းအပေါ်တွင် ဩဇာတိက္ကမရှိသူ ဖြစ်သည်။ အဘွားကြီးအိမ်တွင် အစည်းအဝေးလုပ်ကြစဉ် ဒေါက်တာဝိတ်မန်းက သည်ကျောင်းတွင် နေရာ ရရေးကို တာဝန်ယူသွားခြင်း ဖြစ်သည်။

'အဲဒီ အစီအစဉ်ကို ကာနယ် သဘောတူရဲ့လား'

မစ္စစပိုက်စာက မေးသည်။

'သိပ်ကောင်းတဲ့ အစီအစဉ်ပါ။ နိုင်ငံတော် အစိုးရက ပေးထားတဲ့ အခွင့်အရေးထက် ဒန်နီ အများကြီးပိုရတယ်လို့ ကျွန်တော် ထင်ပါတယ်'

'ဒန်နီကို အဘွားလက်ထဲမှာထားမယ့် အစီအစဉ်နဲ့ ပတ်သက်ပြီး ကာနယ် ကန့်ကွက်ဦးမှာလား'

'ဟင့်အင်း မကန့်ကွက်ပါဘူး။ သိပ်လက်တွေ့ကျတဲ့ ဖြေရှင်းနည်းလို့ ကျွန်တော် ထင်ပါတယ်။ မစ္စက်ဟောဒင်က သိပ်တာဝန်ကျေတဲ့ အမျိုးသမီးကြီးပါ၊ ဒန်နီ့ကို လိုလေသေးမရှိ စောင့်ရှောက်မှာပါ'

'ဒါ့ထက် ကာနယ်ကို တစ်ခု ပြောရဦးမယ်၊ ဒန်နီဟာ အဖျိုမဟုတ်တော့ဘူး၊ သူ သတ်လိုက်တဲ့ လူနဲ့ ဖြစ်ခဲ့ပုံရတယ်'

'ကျွန်တော်လည်း ရိပ်မိပါတယ်'

'မစ္စဟောဒင်ကတော့ သူ လုံးဝ မသိဘူးလို့ ပြောပါတယ်'

ကျွန်တော် ဘာမှ ထင်မြင်ချက် မပေးဘဲ နေလိုက်သည်။

'ကလေး ဒီလိုဖြစ်သွားတာ မအေ့အပြစ်တွေ ပါတယ်လို့ ကျွန်မတို့ ယူဆထားတယ်'

'ဒါက အားလုံးသိနေတဲ့ ကိစ္စပါ။ ဒါကြောင့် ဘွားအေရဲ့ စောင့်ရှောက်မှုအောက်မှာဆို ဒန်နီ့အတွက် ပိုပြီး စိတ်ချရမယ်လို့ ကျွန်တော် ယူဆတာပေါ့'

အမျိုးသမီးက ကျွန်တော့်ကို စိုက်ကြည့်နေပြီးမှ-

'အဲဒါလည်း သဘာဝကျပါတယ်။ ဒါပေမဲ့ ကျွန်မတို့ နည်းနည်း စိုးရိမ်နေတာက သမီးကို အုပ်ထိန်းတဲ့ နေရာမှာ မအောင်မြင်ခဲ့တဲ့ မအေတစ်ယောက်ဟာ မြေးကို ထိန်းနိုင်ပါ့မလားဆိုတဲ့ အချက်ပဲ'

မစ္စစပိုက်စာ ကော်ဖီခွက်ကို အပြီးသတ်လိုက်သည်။



'ဘာပဲ ဖြစ်ဖြစ်လေ၊ ကလေးကို ပတ်စနီးကျိုင်ဟောဝ်းက အမြန်ဆုံး ပြောင်းပေးတာဟာ အကောင်းဆုံးပဲလို့ ကျွန်မ ထင်တယ်'

ပြောပြောဆိုဆို မတ်တတ်ထရပ်ပြီး-

'ဒါပေမဲ့ အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ် ကာနယ်'

ခန်းမထဲအရောက်တွင် မစ္စစပိုက်စာက ရပ်ပြီး-

'ဒါပေမဲ့ ကျွန်မ ခုထိ မရှင်းတာ နှစ်ခု ရှိနေတယ် ကာနယ်'

'ဘာတွေများပါလိမ့် မစ္စစပိုက်စာ'

'သူ ဒီလူကို ချစ်တယ်ဆိုရင် ဘာဖြစ်လို့ သတ်ရမလဲ'

'နောက်တစ်ခုကရော'

'သူ သတ်ချိုးမှန်ရင် သူဟာ လူတစ်ယောက် သတ်ရလောက်အောင် ဒေါသကြီးတတ်တယ်၊ ပေါက်ကွဲတတ်တယ်ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ အထောက်အထား ကျွန်မတို့ ဘာကြောင့် ရှာမတွေ့နိုင်ရတာလဲ'

အမှုထိန်းအရာရှိ အမျိုးသမီးက ခဏတွေ စဉ်းစားနေပြီးမှ စကားဆက်သည်။

'အချိန်သာ ရမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲနော်'

'ဘာအကြောင်းထူးတော့မှာလဲ မစ္စစပိုက်စာ'

'သူ့ စိတ်ဒဏ်ရာကို ကုသဖို့ နည်းလမ်းမရှာခင် ဒဏ်ရာရဲ့ ရာဇဝင်ဇာစ်မြစ်ကို သိအောင် လေ့လာဖို့ လိုတယ်လေ၊ သည့်ထက် ပြည့်ပြည့်စုံစုံ လေ့လာလို့ရရင် အဖြေဟာ တစ်မျိုးတစ်ဖုံ ဖြစ်သွားမှာပေါ့'

သူ နှုတ်ဆက်ပြီး ပြန်သွားသည်။ အခန်းထဲ ရောက်ရောက်ချင်း အယ်လီဇဘက်ဆီ ကျွန်တော် ဖုန်းဆက်ပြန်သည်။ လုံးဝ မကိုင်။ ကျွန်တော် လက်လျှော့လိုက်ရ၏။

အပြင်ထွက် လမ်းတစ်ဘက်ကူးပြီး ဘီယာတစ်ပုလင်းနှင့် ညစာ စားလိုက်သည်။

တနင်္ဂနွေနေ့ ဒန်နီ့ဆီ ရောက်တော့ ကြည်ကြည်လင်လင် တွေ့ရ၏။

'မေမေ လာသွားပြီ ဖေဖေ၊ ဖေဖေနဲ့ နည်းနည်းကလေး ကပ်လွဲသွားတယ်၊ ဒီကပြီးရင် သမီးကို အဘွားဆီမှာ ထားဖို့ စီစဉ်နေတယ်တဲ့၊ ဒေါက်တာဝိတ်မန်းလည်း ပါလာတယ်။ ဟိုနေ့ကလည်း ပါလာသေးတယ်၊ ဖေဖေ သူ့ကို သိတယ် မဟုတ်လားဟင်'

'ဖေဖေ တွေ့ဖူးပါတယ်'

'စိတ်ဆရာဝန်ကြီးတဲ့ မေမေက သိပ်သဘောကျနေပုံပဲ'

'ဘာဖြစ်လို့ သမီး အဲဒီလို ပြောနိုင်တာလဲ'

'ပုံစံချင်း တူလို့လေ၊ ရင်ထဲက မပါတဲ့ စကားတွေချည်း ပြောနေတာပဲ၊ ပန်းချီအကြောင်းတွေ၊ ကပွဲအကြောင်းတွေ'

ကျွန်တော် ရယ်နေလိုက်သည်။

'ကိုကာကိုလာ သောက်ကြရအောင်လား'

'ကောင်းတာပေါ့ ဖေဖေ'

ကျွန်တော် အကြွေထုတ်ပေးလိုက်သည်။ ကိုကာကိုလာ အရောင်းစက်ဆီသို့ သူ လျှောက်သွားသည်။ စားပွဲ အနည်းငယ်တွင် ဧည့်သည်များ ရောက်စပြုလာသည်။ အထက်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတစ်ကျောင်း၏ မိဘများနေ့ရှင့် တူနေသည်ထင်လိုက်၏။ တံခါးဝတွင် ဂဏဆောင်မှူးဆရာမ စောင့်နေတာရယ် အုတ်နံရံရယ်က လွဲရင်ပေါ့လေ။

ပုလင်းနှစ်လုံး ဆွဲပြီး ဒန်နီ ပြန်လာသည်။

'ဖေဖေ စုပ်ဖို့ ပိုက်ယူမလားဟင်'

'နေပစေ ဒီအတိုင်း မော့မယ်'

နှုတ်ခမ်းတွင် တေ့ပြီး ကျွန်တော် မော့လိုက်သည်။ ဒန်နီက ပိုက်နှင့်စုပ်ရင်း ကျွန်တော့်ကို ကြည့်နေ၏။

'သမီး အဲသည်လို သောက်ရင် မေမေက မကြိုက်ဘူး၊ ရိုင်းတယ်တဲ့'

'သမီး မေမေကမှ အရိုင်းထိပ်ခေါင်တင်ပါကွာ'

အလောတကြီး ပြောပြီးမှ မပြောသင့်ကြောင်း သတိရလိုက်သည်။ သားအဖနှစ်ယောက် ဘာမှဆက်မပြောဘဲ ငြိမ်နေကြသည်။

'ဖေဖေ ဟိုတုန်းကလိုပဲ အရက်တွေ သောက်နေသေးလားဟင်'

ဒန်နီက နီဒါန်းမပျိုးဘဲ တဲ့တိုးကြီးမေးသည်။ ကျွန်တော် အံ့ဩစွာ သူ့ကို ပြန်ကြည့်နေပြီး

'မြွန်းစားကြီး ဘာလို့ သမီးသိချင်လာတာလဲ'

'ဘာရယ်လို့ မဟုတ်ပါဘူး၊ သွားသတိရလို့ပါ၊ ဟိုတုန်းက ဖေဖေ သမီးဆီ လာရင် အနံ့ကလေး သင်းနေတာကို မှတ်မိနေတယ်'

'ဖေဖေ အဲဒီလို မသောက်တာ ကြာပါပြီ သမီးရယ်'

'အဲဒီတုန်းက မေမေ့ကြောင့်လားဟင်'

ခေါင်းညိတ်လိုက်ရင် ဖြစ်ပါသည်။ သို့သော် ရာနှုန်းပြည့် မှန်မည်တော့ မဟုတ်ပါ။

'မေမေ့ကြောင့်ရယ်လို့လည်း မဟုတ်ပါဘူး သမီးရယ်'

'ဒါဖြင့် ဘာကြောင့်လဲဟင်'

'အကြောင်းတွေက အများကြီးပေါ့ သမီးရယ်၊ ခြုံပြောရရင်တော့ ဘဝထဲက ထွက်ပြေးနေတဲ့ သဘောပေါ့၊ ဖေဖေဟာ ကိုယ့်ကိုယ်ကိုယ် အရှုံးသမားအဖြစ် ပြန်မဖြစ်ချင်ဘူး'

ဒန်နီ ငြိမ်ပြီး စဉ်းစားနေသည်။ ပြီးမှ အဖြေတွေ့သွားသလို-

'ဘာလို့ ဖေဖေရှုံးရမှာလဲ၊ ဖေဖေ့မှာ မော်တော်ဘုတ်တစ်စင်းရှိနေတာပဲ'

ကျွန်တော် ပြုံးမိသည်။ သမီးတွေးပုံက ရိုးရိုးကလေး၊ သူ့နည်းသူ့ဟန်နှင့်တော့ ဟုတ်နေသည်။ ကျွန်တော်၏ အခြားသော ဘဝမျက်နှာစာတွေကို သမီး မှတ်မိဟန်မတူ။

'ဖေဖေက ဗိသုကာ အင်ဂျင်နီယာတစ်ယောက် သမီးရဲ့၊ ဖေဖေဟာ ဆောက်လုပ်ရေး အင်ဂျင်နီယာ ဖြစ်ဖို့ ကြိုးစားခဲ့တာ'

'ဖေဖေ ခုလည်း ဆောက်လုပ်ရေး အင်ဂျင်နီယာပဲ မဟုတ်လား၊ သတင်းစာတစ်စောင်ထဲမှာ တွေ့လိုက်ပါတယ်'

'မဟုတ်ဘူး သမီး၊ ဆောက်လုပ်ရေး အင်ဂျင်နီယာကုမ္ပဏီတစ်ခုမှာ ကြီးကြပ်ရေးမှူး အဆင့်လောက်နဲ့ ဖေဖေ ဝင်လုပ်နေရတာ'

'သမီးလည်း ဆောက်လုပ်ရေး အင်ဂျင်နီယာ လုပ်ချင်တယ်၊ ပျော်စရာ အိမ်တွေကို ဆောက်ချင်တယ် ဖေဖေ'



'ဘယ်လို ပျော်စရာ အိမ်မျိုးတွေလဲ'

'ပျော်ပျော်ရွှင်ရွှင် မရှိတဲ့ မိသားစုတွေအတွက် ဆောက်မပေးဘူး၊ အတူတူ မနေဘဲ တကွဲတပြားစီ နေတဲ့ လူတွေအတွက် ဆောက်မပေးဘူး'

ကျွန်တော် ပြုံးပြီး နားထောင်နေလိုက်သည်။ စကားလမ်းကြောင်း ပြောင်းပြီး တိုနီရီကို အကြောင်း မေးကြည့်သည်။

'သမီးအဆက်လား သမီး အမေ အဆက်လား'

ခဏမှု ချီတုံချတုံ ဖြစ်နေပုံရသည်။

'မေမေ့ အဆက်ပါ'

'ဒါပေမဲ့ သမီးနဲ့ . . .'

ဒီတစ်ခါ ချီတုံချတုံဖြစ်ရသူက ကျွန်တော်။

'သူတို့ ဖေဖေ့ကို အားလုံး ပြောလိုက်ကြပြီလား'

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

ဒန်နီက ကိုကာကိုလာ ပုလင်းကို ငုံ့ကြည့်နေသည်။

'ဟုတ်တယ် ဖေဖေ၊ သူတို့ ပြောတဲ့အတိုင်းပဲ'

'ဘာပြုလို့လဲ သမီး၊ ဘာဖြစ်လို့ သူ့ကိုမှ ရွေးပြီးဖြစ်ရတာလဲ၊ ဘာဖြစ်လို့ တခြားတစ်ယောက်နဲ့ မဖြစ်ရတာလဲ'

'မေမေ့အကြောင်း ဖေဖေ သိတယ် မဟုတ်လား၊ လက်ညှိုးညွှန်ရာ ရေဖြစ်စေချင်တာ၊ အရာရာတိုင်းကို သူ ဖန်ဆင်းလို့ မရဘူးဆိုတာ သမီး ပြချင်လို့'

'ဟုတ်လား၊ အဲဒါကြောင့် သမီး သူ့ကို သတ်လိုက်တာလား'

ဒန်နီ မျက်နှာလွှဲသွားသည်။ အသံတိုးတိုးကလေးဖြင့်-

'တမင်လုပ်တာ မဟုတ်ပါဘူး၊ မတော်တဆ ဖြစ်တာပါ ဖေဖေ'

'မေမေ့ကို မနာလိုဖြစ်ပြီး လုပ်မိတာလား၊ ဟုတ်လား သမီး'

ဒန်နီ ခေါင်းယမ်းသည်။

'သမီး အဲဒီအကြောင်း မပြောချင်ဘူး၊ ရဲဌာနမှာ အားလုံး ပြောခဲ့ပြီးပြီပဲ'

'ကိစ္စက မပြီးသေးဘူး သမီး၊ သမီး သူတို့ကို အမှန်အတိုင်း မပြောရင် သမီးဘွားဘွားရဲ့ အစီအစဉ်အတိုင်း လုပ်ခွင့်ရချင်မှ ရမှာ'

သူ ကျွန်တော့်ကို မျက်နှာလွှဲထားဆဲ။

'သူတို့ သမီးကို ဒီမှာ တစ်သက်လုံး မထားနိုင်ပါဘူး၊ ဆယ့်ရှစ်နှစ်ပြည့်ရင် လွှတ်ပေးရမှာပါ။ ဒီလောက်ကတော့ သမီး သိတယ် ဖေဖေ'

'ဘဝသက်တမ်းထဲက သုံးနှစ်ခွဲလုံးလုံး သော့ခတ်ခံနေရမှာ သမီးရဲ့'

သူ ကျွန်တော့်ကို လှည့်ကြည့်သည်၊ စိန်ခေါ်သည့် အကြည့်မျိုး။

'ဘာဖြစ်လဲ ဖေဖေ၊ ဘာလို့ ဖေဖေ ဒါတွေ တွေးပူနေတာလဲ၊ အင်္ဂါနေ့ဆို ဒီပွဲပြီးသွားမှာပါ၊ ပြီးတာနဲ့ ဖေဖေ ပြန်သွားမှာ မဟုတ်လား၊ အရင်တုန်းကအတိုင်းပဲ ဖေဖေ သမီးနားက ပျောက်သွားဦးမှာ မဟုတ်လား'

'ဖေဖေ တွေးပူရတာပေါ့ သမီးရယ်၊ ပူလို့လည်း ဖေဖေ လိုက်လာတာပေါ့၊ ဟိုတုန်းက ဖေဖေ မလာနိုင်တဲ့အကြောင်း သမီးကို ပြောပြပြီးပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီက ဂျစ်ကန်ကန်လေသံဖြင့်-

'အလကား အဓိပ္ပာယ်မရှိတာတွေပါ၊ ဖေဖေ သမီးကို ချစ်ရင် လာရမှာပေါ့'

ပြီး ခပ်တိုးတိုး ဆက်ပြောသည်။

'ဖေဖေ့အနေနဲ့ ခုမှ ဘွားခနဲ ပေါ်လာပြီး ဒီစကားတွေ ပြောရတာ လွယ်တယ်၊ ဖြစ်သင့် ဖြစ်ထိုက်တာကို ပြောဖို့က လွယ်လွယ်ကလေးပါ။ ဒါပေမဲ့ တကယ့်လုပ်ငန်းကျတော့ လွယ်ချင်မှ လွယ်တာ'

'ဖေဖေ သိပါတယ် သမီးရယ် အားလုံး ဖေဖေ့ အမှားတွေ၊ ဖေဖေ့ ချို့ယွင်းချက်တွေလို့ ဝန်ခံခဲ့ပြီးပြီလေ'

'ကောင်းပါပြီ ဖေဖေ ရယ်၊ အားလုံးမှားကြတယ်၊ ဖေဖေလည်း မှားသွားတယ်၊ သမီးလည်း မှားသွားတယ်၊ ထားလိုက်ကြပါစို့၊ သမီး အဲဒီအကြောင်း ဆက်မပြောချင်တော့ပါဘူးလို့ ပြောပြီးပြီ၊ သမီးထိုက်နဲ့ သမီးကံပဲ ရှိပါစေတော့၊ ဖေဖေလည်း ဘာမှ မတတ်နိုင်ပါဘူး၊ သိပ်နောက်ကျသွားပြီ ဖေဖေ၊ ဖေဖေ သမီးနဲ့ ဝေးနေတဲ့ အချိန်တွေက အကြာကြီးရယ်လေ'

ဒန်နီ့ အယူအဆမှာ လုံးဝ မမှန်ပါ။ သို့သော် လုံးဝလည်း မမှားပေ။

'သမီး တခြား ဘယ်သူနဲ့မှ မဖြစ်ဘူးနော်၊ တခြားကောင်လေးတွေနဲ့ ပြောတာ'

ဒန်နီ ခေါင်းခါသည်။

'ဟင့်အင်း'

'ဖေဖေ့ကို သမီး မလိမ်ပါဘူးနော်'

သူက ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး-

'မလိမ်ပါဘူး ဖေဖေ၊ တခြား ဘယ်သူကိုမှ စိတ်မဝင်စားဘူး၊ အစကတော့ မေမေ့ကို အရွဲ့တိုက်တာပါ၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ တစ်မျိုး ဖြစ်ကုန်တယ်'

'ဘယ်လို တစ်မျိုး ဖြစ်ကုန်တာလဲသမီး'

ဒန်နီ့ မျက်လုံးတွေ ရီဝေဝေ မဟုတ်တော့။ ကြည်လင်နေကြသည်။ သို့သော် သောကရိပ်တွေ ထင်ဟပ်နေ၏၊ လေသံဖြင့် ပြောသည်။

'သမီး သူ့ကို ချစ်သွားတယ် ဖေဖေ၊ သူကလည်း သမီးကို ချစ်တယ်၊ သမီး အသက်ရှေ့တာနဲ့ ထွက်ပြေးပြီး လက်ထပ်ဖို့ ဆုံးဖြတ်ထားကြတယ်လေ'

* * *

နေထွက်တာနဲ့ နှင်းကွဲစ ပြုလာသည်။ ပြတင်းပေါက်နားမှ မတည်ငြိမ်သည့် ခြေလှမ်းများဖြင့် ပြန်လှည့်လာခဲ့၏။ သတင်းစာ ကောက်ယူပြီး ရုပ်ရှင်ကြော်ငြာတွေ လိုက်ကြည့်သည်။ အားလုံး ကြည့်ပြီးသား ကားတွေချည်း ဖြစ်နေ၏။

ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်သည်။ ဆယ်မိနစ်ခန့် ကြည့်ပြီး ပြန်ပိတ်လိုက်၏။ ကျွန်တော်သည် မျိုးဆက်နှစ်ခုကြားမှ လူသားတစ်ယောက် ဖြစ်နေသည်။ မျိုးဆက်တစ်ဆက်က ကျွန်တော့်အတွက် သိပ်အိုဟောင်းနေပြီး နောက်မျိုးဆက်တစ်ဆက်က သိပ်နုပျိုနေသည်။

တယ်လီဖုန်းသံ မြည်လာတော့ ပြေးသွားပြီး ကောက်ကိုင်လိုက်သည်။ အယ်လီဇဘက် စိတ်ပြေသွားပြီ ထင်ပါရဲ့။



'ကာနယ်ကေရီလား ခင်ဗျာ'

'ဟုတ်ပါတယ်'

'ကျွန်တော် လိုရန်ဇိုပါ၊ ဟိုစာနှစ်စောင်အကြောင်း ကာနယ် မှတ်မိပါသေးတယ်နော်၊ ဟိုညက အင်နာ့ကို ဆင်းယူဖို့ လွှတ်လိုက်တာလေ'

'အဲဒါ ဘာဖြစ်လဲ'

'ကျွန်တော့်ဆီမှာ ခုထိ ရှိနေသေးတယ် ကာနယ်'

'ဘာလို့ မင်းငါ့ဆီ ဆက်တာလဲ၊ ဝယ်တဲ့လူ မင်းသိသားပဲ၊ သူ့ဆီ ဆက်ပါလား'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ သူနဲ့ ကိစ္စပြီးသွားပြီလေ၊ ကျွန်တော်က ဒီစာနှစ်စောင်ဟာ ကာနယ့်အတွက် သိပ်အသုံးဝင်မယ်ထင်လို့ပါ'

'စိတ်မဝင်စားပါဘူး၊ မစ္စဟောဒင်ဆီသာ ယူသွားပါ'

'နေပါဦး ကာနယ်၊ မချလိုက်ပါနဲ့ဦး'

'ကဲ . . ပြော'

'ကျွန်တော် သူ့ဆီ ယူသွားလို့ မဖြစ်ဘူး၊ ကာနယ်နဲ့ပဲ ဆက်သွယ်ချင်ပါတယ်'

ကျွန်တော် သဘောပေါက်ပြီ၊ နီရာ့ဆီ သူတို့ ဘယ်ယူသွားရဲမလဲ။

နီရာက ကိုရီယာနီကို ပြောမည်။ နီရာနှင့် ကိုရီယာနီ လုပ်ထားသည့်ကိစ္စ မဟုတ်လား။ ကိုရီယာနီက နာမည်တစ်လုံးနှင့် နေသည့်လူ၊ သူ့အပေါ် တစ်ပတ်ကျော့သည့် တပည့်မျိုးကို ချမ်းသာပေးမည် မဟုတ်။ ကျွန်တော် သွေးတိုးစမ်းကြည့်လိုက်သည်။

'ကောင်းပြီလေ၊ ညီတာပေါ့၊ မင်းတို့နဲ့ ငါ စကားမပြောချင်ဘူး၊ ကိုရီယာနီကိုယ်တိုင် ငါ့ဆီ ဖုန်းဆက်ပါလို့ပြော၊ နောက်ထပ် ကျွန်သေးလားဆိုတာ သူ့ကို သေချာအောင် ငါမေးချင်တယ်။

ကျွန်တော့် အထင်မှန်လေသည်။

'ကိုရီယာနီ မပါပါဘူး၊ ကာနယ်နဲ့ ကျွန်တော် နှစ်ယောက်တည်း လုပ်မှာပါ'

'ဒါဆို မင်းတို့ ဆရာက ဘယ်ကြိုက်ပါ့မလဲ'

'ကျွန်တော် ဈေးပေါပေါနဲ့ ပေးမှာပါ၊ သူ့ကို မသိစေချင်ဘူး'

'ဘယ်လောက် ဈေးပေါမှာလဲ'

'ဒေါ်လာ ငါးရာပဲ ပေးပါ'

'ဂွတ်နိုက် ရန်ဇို'

ကျွန်တော် ဖုန်းချပြီး စီးကရက် ညှိနေတုန်း ဖုန်းပြန်လာသည်။ သည်တစ်ကြိမ် သူ့လေသံ သိသိသာသာပျော့နေသည်။

'ဘယ်လောက်ထားချင်လဲ ပြောပါ ကာနယ်'

'ငါးဆယ်'

'နည်းလွန်းပါတယ်'

'ဒါတော့ မင်းက ငါ့လို ငမွဲဆီ လာညှစ်တာကိုးကွ၊ များများရနိုင်တဲ့ နေရာမှ မင်း မသွားဘဲကိုး'

'နှစ်ရာ့ငါးဆယ်လောက်တော့ ပေးပါဗျာ'

'ဝါ အများဆုံး တစ်ရာပဲ တတ်နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ခဏ ငြိမ်သွားသည်။ သူ တွက်နေပုံရ၏။

'ကျွန်တော် သဘောတူပါတယ်'

'ဒါဖြင့် ယူခဲ့လေ'

'ကျွန်တော် တစ်ယောက်ယောက်နဲ့ အလုပ်ခန်းကို ဒီည ဆယ့်တစ်နာရီမှာ ပို့နိုင်းလိုက်ပါ့မယ်'

'ကောင်းပြီ'

'တစ်ခု သတိထားပါ ကာနယ်၊ ရဲ မပါပါစေနဲ့။ ငွေပေးလိုက်ရင် စာတွေရမယ်'

တယ်လီဖုန်းချပြီး စားပွဲဆီသို့ လျှောက်သွားသည်။ ဒေါ်လာတစ်ရာ ချက်တစ်စောင် ရေးလိုက်၏။ ပြီးတော့ အောက်ဆင်းပြီး ငွေသားနဲ့လဲသည်။ ငွေကိုင်စာရေး ငွေရေနေစဉ် ကျွန်တော် တထိတ်ထိတ် ဖြစ်နေ၏။ ကျွန်တော့် ဘဏ်စာရင်းမှာ အနည်းဆုံး တစ်ရာတော့ ကျန်ကောင်းပါရဲ့။

❑ ❑ ❑

# အခန်း ( ၃၆ )

အခန်းကို ပြန်ရောက်တော့ အချက်ပြ မီးနီကလေး မှိတ်တုတ်မှိတ်တုတ် လုပ်နေသည်။ နိုရာက ကျွန်တော်နှင့် စကားပြောချင်သည်တဲ့။ ကျွန်တော် သူ့နံပါတ်ကို ပြန်လှည့်လိုက်သည်။

'ကာနယ်ကေရီပါ ချားလ်စ်၊ မစ္စဟောဒင် ရှိလား'

'ခဏလေး ကာနယ်၊ ကျွန်တော် လိုင်းပြောင်းပေးလိုက်ပါ့မယ်'

ကလစ်ခနဲ အသံမြည်ပြီး တစ်ပြိုင်တည်း နိုရာ့အသံ ပေါ်လာသည်။

'လုခ်လားဟင်'

'ဟုတ်ပါတယ် ဘာအတွက် ဆက်တာလဲ'

'စကားပြောချင်လို့ပေါ့။ ညစာ လာစားမယ် မဟုတ်လား'

'မလာနိုင်ဘူး။ လာလည်း မလာသင့်ဘူး'

'ပြော် လုခ်တလည်း ရှေ့လူကြီး လုပ်မနေစမ်းပါနဲ့၊ နိုရာ ကိုက်မစားပါဘူး။ ဒန်နီ့ အကြောင်း ပြောစရာတွေ ရှိလို့ပါ'

'ဘာတွေလဲ ပြောလေ'

'ညစာ စားရင်း ပြောမယ်လေ'

ကျွန်တော် စဉ်းစားနေသည်။ ကျွန်တော် ဖြစ်သလို ကြုံသလို စားနေရသည်။ ညစာ သွားစားရုံလောက်နဲ့တော့ အပြစ် မဖြစ်တန်ကောင်းပါဘူးဟု တွေးလိုက်သည်။

'တယ်တာချိန်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'စောစောလာလေ၊ ခုနစ်နာရီလောက်ပေါ့၊ ဝီစကီသောက်ချိန် ပိုရတာပေါ့'

'ကောင်းပြီလေ'

တယ်လီဖုန်းပြန်ချပြီး စိတ်ထဲ ဇဝေဇဝါဖြစ်နေ၏။ ဘာသောက် အဓိပ္ပာယ်ပါလိမ့်။ ဆိုင်းမဆင့် ဗုံမဆင့်။

ချားလ်စ်က တံခါးဖွင့်ပေးသည်။

'မင်္ဂလာပါ ကာနယ်'

'မင်္ဂလာပါ ချားလ်စ်'

ချားလ်စ် ခပ်ယဲ့ယဲ့ ပြုံးသည်။

'မမလေး စာကြည့်ခန်းထဲမှာ စောင့်နေပါတယ် ကာနယ်၊ ကျွန်တော် လမ်းပြဖို့ မလိုပါဘူးနော်'

'ကျွန်တော် သွားတတ်ပါသေးတယ် ချားလ်စ်'

စာကြည့်ခန်းတံခါးကို ခေါက်ပြီး ကျွန်တော် ဝင်သွားသည်။ စားပွဲနှင့် မျက်နှာချင်းဆိုင် ခုံရှည်ကြီးမှ နီရာ ထလာသည်။

ဒေါက်တာဝိတ်မန်းက သူ့နောက်က၊ နီရာ လက်ဆန့်လျှောက်လာပြီး-

'ခုလို အချိန်ပေးပြီး လာဖြစ်အောင် လာတာ ကျေးဇူးတင်ပါတယ် လုခ်'

ဒီလေသံကို ကျွန်တော် သိသည်။ တကယ် ဖော်ရွေသည့် အသံမျိုး၊ ရင်းနှီးသည့် ဖိတ်ခေါ်မှုမျိုး၊ သူနှင့် ကျွန်တော်ကြားတွင် ဘာမှ မဖြစ်ခဲ့သည့်အလား။ ကျွန်တော့် လက်ကို ကိုင်လျက် ဆရာဝန်ကြီးဘက် လှည့်ပြီး-

'ဆရာ မှတ်မိပါတယ်နော်၊ မေမေ့ အိမ်မှာ ဆုံပြီးကြပြီလေ'

လက်ဆွဲနှုတ်ဆက်ပြီး ကျန်းမာပါရဲ့လား လုပ်လိုက်ရ၏။

သူက မသိမသာ ဦးညွှတ်နှုတ်ဆက်သည်။

'ပြန်ဆုံရတာ ဝမ်းသာပါတယ် ကာနယ်'

နီရာက ကျွန်တော့် လက်ကို လွှတ်ပြီး-

'ဗီရိုထဲမှာ ဘာဘွန်းဗုလင်းအသစ် ရှိတယ် လုခ်၊ ခုလည်း ဘာဘွန်းရော ကြိုက်တုန်းပဲ မဟုတ်လားဟင်'

နီရာက အမှတ်ယူပြန်သည်။ ကျွန်တော် ခေါင်းညိတ်ပြကာ ဗီရိုဆီသို့ ထသွားသည်၊

'မင်းအတွက် စပ်ခဲ့ရမလား နီရာ'

ကျွန်တော်က အရင်ထုံးစံအတိုင်း မေးလိုက်သည်။

'နေပါစေ လုခ်၊ ဆရာနဲ့ နီရာ မာတီနီ သောက်မလို့'

ကျွန်တော် ချက်ချင်း သတိထားလိုက်သည်။ နီရာသည် ဆရာဝန်ကို သဘောကျနေပြန်ပြီ။ သူ ကြိုက်သည့် ဝီစကီကို မသောက်ဘဲ ဆရာဝန်နှင့်အတူ မာတီနီ သောက်နေ၏။ သူ့အထာကို ကျွန်တော် ကောင်းကောင်းသိသည်။ လူတစ်ယောက်ကို သူ သဘောကျပြီဆိုလျှင် သူ သောက်သည့်အရက်ကို လိုက်သောက်သည်။ သူသောက်သည့် စီးကရက်တံဆိပ်ကို မွှေ သောက်သည်။

ကျွန်တော်က အရက်ခွက်ကို မြှောက်ပြီး ဆုတောင်းလိုက်သည်။ အားလုံး တစ်ကျိုက်စီ မော့လိုက်ကြပြီး ထိုင်ကြသည်။ သတိမထားမိလိုက်ဘဲ စားပွဲနောက်မှ ကျွန်တော် ထိုင်နေကျ



ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ နောက်တစ်ကြိမ် မော့ပြီး အရက်ခွက်ကို စားပွဲပေါ်တင် ထားလိုက်၏။ အခန်းထဲကို တစ်ချက်ဝေ့ကြည့်ပြီး-

'သည်အတိုင်းပါပဲလား၊ ဘာမှ မပြောင်းလဲဘူး'

'ဘယ်လို ပြောင်းလဲရမှာလဲ လုခ်၊ အရင်အတိုင်းပါပဲ၊ ဒါ လုခ်ရဲ့အခန်းပဲ'

နီရာသည် ဘယ်တုန်းကမျှ စိတ်ကူးယဉ်သည့် မိန်းမမဟုတ်။ ဘာအဓိပ္ပာယ်နှင့် သည် စကား ပြောလိုက်ပါလိမ့်။

'ကိုယ်ကတော့ ပြောင်းလဲခဲ့ပြီလေ၊ နာကြည်းစရာ အတိတ်ကို မတွေးမိအောင် ရှောင်တယ်'

နီရာက ပြုံးပြီး-

'နီရာ့မှာတော့ ရှောင်စရာမရှိပါဘူး လုခ်'

ဒေါက်တာဝိတ်မန်းက မတ်တတ်ထရပ်ပြီး-

'ကဲ. . ကိုယ်သွားဦးမယ် နီရာ'

'ဆရာ တကယ် ညစာမစားတော့ဘူးပေါ့နော်'

'ရုံးခန်းကို ပြန်ရမယ်၊ ရှစ်နာရီမှာ ချိန်းထားတာလေး တစ်ခု ရှိလို့'

ဒေါက်တာဝိတ်မန်းက ကျွန်တော့်ကို နှုတ်ဆက်သည်။ နီရာက အိမ်အပြင်အထိ လိုက်ပို့သည်။ စာကြည့်ခန်းထဲတွင် ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့၏။ အံဆွဲတစ်ခုကို အမှတ်မထင် ဆွဲဖွင့်လိုက်သည်။ ပုံစံပြားတစ်ချပ် ထွက်လာ၏။ ဖြန့်ကြည့်လိုက်သည်။ နမူနာ ဆောက်ပြသည့် အိမ်ပုံစံ ဖြစ်၏။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အိမ်ပုံစံ၊ ယခုထိ ခေတ်မီနေ သေးသည်။

နီရာက အခန်းဝမှာ ရပ်ပြီး ကျွန်တော့်ကို ကြည့်နေသည်။

'တွေ့တယ်မဟုတ်လား လုခ်၊ ဘာမှ မပြောင်းလဲပါဘူး၊ အံဆွဲတွေကိုတောင် ဖွင့် မထားဘူး'

စားပွဲဆီ လျှောက်လာပြီး ကျွန်တော့်ကို ငုံ့ကြည့်သည်။

'လုခ် မရှိကတည်းက ဒီအခန်းထဲမှာ ဘာမှ မရှိသလိုပဲ'

ကျွန်တော်က ပြုံးပြီး ခပ်ဆတ်ဆတ်ကလေး တွယ်လိုက်သည်။

'သွားစမ်းပါ နီရာ၊ ပရိသတ်တစ်ယောက်မှ မရှိတော့ပါဘူး၊ မင်းဟာ ဘယ်တော့မှ စိတ်ကူးယဉ်တတ်တဲ့ မိန်းမမျိုး မဟုတ်ပါဘူး'

သူက ရယ်ပြီး-

'အင်း. . ဘာမှ စိတ်ကူးစရာလည်း မရှိတော့ဘူးနော်'

'ဟုတ်တယ် နီရာ'

သူ အရက်ခွက်ဆီသို့ လျှောက်သွားပြီး တောက်ယူလိုက်သည်။ အရက်ခွက်ကို စိုက် ကြည့်နေပြီးမှ ပြန်ချထားလိုက်သည်။

'ဝီစကီနဲ့ဆိုဒါ စပ်ပေးပါ လုခ်၊ ဒီလောက် အသုံးမကျတဲ့ အရက်ကို လူတွေ ဘာလို့ သောက်နေကြပါလိမ့်မယ်။ အပေါစား ရေမွှေးနံ့နံ့တူလိုက်တာ'

ကျွန်တော် အရက် ထစပ်ပေးလိုက်သည်။ သူက တစ်ငုံစုပ်ပြီး-

'အင်း. . ဒါမှ အရသာရှိတာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နေရာတွင် ကျွန်တော် ပြန်ထိုင်သည်။ အရက်ခွက်ကို ကိုင်ပြီး ကျွန်တော် မြှောက်လိုက်သည်။ သူပါ မြှောက်ပြီး ပြိုင်တူ သောက်လိုက်ကြသည်။

'ဒေါက်တာဝိတ်မန်းရဲ့ မှတ်နာကို လုခ် သတိထားမိလား။ သိပ် စိတ်ဝင်စားစရာကောင်းတာပဲ'

ကျွန်တော်က သတိမထားမိကြောင်း အမူအရာဖြင့် ပြလိုက်သည်။

'သူ့ရှေ့နာမည်ကို သိလား'

'ဟင့်အင်း'

'အီဆိုနိုတဲ့။ ဒီလိုခေတ်ကြီးမှာ ဒီနာမည်မျိုး ရှိသေးတယ်'

'သူ သဘောကျလို့ ဖြစ်မှာပေါ့'

'ဂျူး ဆရာဝန်တွေဟာ သိပ်မာနကြီးတာ'

'သူတို့အနေနဲ့ မာနကြီးဖို့ ဖြစ်လာတာကိုး'

'ဘာသာရေးကိုလည်း သိပ်ကိုင်းရှိုင်းတာ။ သူတို့မှာ နောက်တစ်ခု ထူးခြားတာ ရှိတယ်။ နိုရာ သတိထားမိတယ်'

'ဘာလဲ'

'သူတို့မျက်လုံးတွေဟာ အမြဲတမ်း ဆွေးရိပ်သမ်းတယ်၊ ပုံထဲက ခရစ်တော်ရဲ့ မျက်လုံးတွေလိုပဲ'

တံခါးပွင့်လာပြီး စာကြည့်ခန်းထဲသို့ ချားလ်စ် ဝင်လာသည်။

'ညစာ အသင့်ဖြစ်ပါပြီ ခင်ဗျာ'

ညစာမှာ ဖွယ်ဖွယ်ရာရာရှိလှသည်။ ပုစွန်ထုပ်ကြီး၊ ငါးမျှစ်စုံ၊ အမဲသားပြုတ်ကြော်။ ပြီးတော့ ချောကလက်၊ ရေခဲမုန့်နှင့် အချိုတည်းသည်။

'အင်း. . စားလို့ မြိန်ပါလေတယ်များ'

နိုရာက ပြုံးပြီး-

'လုခ် ခုလို မြိန်ရေရှက်ရေ စားတာကြည့်ပြီး နိုရာ ဝမ်းသာလိုက်တာ။ ကွတ်ကီကို ချီးကျူးစကားလေး ဘာလေး ပြောလိုက်ပါဦး။ ကော်ဖီနဲ့ ဘရန်ဒီကို စတူဒီယိုထဲမှာ သောက်တာပေါ့'

မီးဖိုဆောင်ထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ မီးရှိန်ကြောင့် သူ့မျက်နှာမည်းမည်းကြီးမှာ အနီရောင်သမ်းနေသည်။ ဆံပင်တွေ ဖွာပြဲနေပြီ။ ဩော်. . နည်းတဲ့အချိန်တွေ မဟုတ်ပါလား။

ကွတ်ကီက အားရဝမ်းသာ နှုတ်ဆက်သည်။

'ဟဲလို ကာနယ်'

'ဟဲလို ကွတ်ကီ၊ စားကောင်းလွန်းလို့ ကျေးဇူးတင်ကြောင်း လာပြောတာလေ'

'ကာနယ့်အတွက် ချက်ရပြုတ်ရတာ ကျွန်မ သိပ်ပျော်ပါတယ်။ ကာနယ်က သိပ်အကောင်း စားတတ်တာ မဟုတ်လား'

မျက်နှာညှိုးသွားပြီး-

'တစ်ခုပဲ လိုနေတယ်၊ မစ္စဒန်နီကလေး မရှိတော့ . .'

အမှန်ပင် အိမ်ကြီးမှာ တစ်စုံတစ်ခု လစ်ဟာနေသလို ဖြစ်နေ၏။



'မကြာခင် ပြန်လာမှာပါ ကွတ်ကီ'

'အဲဒီနေ့က ကျွန်မတို့သာ အိမ်မှာ ရှိရင် ဒီလို ဖြစ်ချင်မှ ဖြစ်မှာ'

'ကွတ်ကီ အဲဒီနေ့က အိမ်မှာ မရှိဘူး ဟုတ်လား'

'မရှိဘူး ကာနယ်၊ အမှန်မှာ ကြာသပတေးနေ့က ကျွန်မ နားရက်လေ၊ ဒါပေမဲ့ မမလေးက လော့စ့်အိန်ဂျလိစ့်မှာ သောကြာနေ့ထိ နေမယ်ဆိုတာနဲ့ မစ္စတာရီကိုက ကျွန်မကို သောကြာနေ့ပါ အနားပေးလိုက်တာ'

'ဟုတ်လား၊ အဲဒါ ကျွန်တော် မသိဘူး'

'ကျွန်မ ဥက္ကလန်က ညီမလုပ်တဲ့လူဆီမှာ သွားနားပြီး သောကြာနေ့ည အချင်းဖြစ်ပြီးမှ ပြန်ရောက်လာတာ'

ကျွန်တော် ချားလ်စ်ကို လှမ်းကြည့်လိုက်သည်။

'ချားစ်လ်ကကော'

'ကျွန်တော် ခြောက်နာရီလောက် ပြန်ရောက်ပါတယ် ကာနယ်။ အဲဒီအချိန်မှာ မစ္စဟေဒင် ပြန်ရောက်နေပါပြီ'

'ပိုင်အိုလက်ကကော'

'ကျွန်တော် ရောက်ပြီး မကြာခင် သူ ပြန်ရောက်ပါတယ်'

'ဒါဆို ရန်ဖြစ်နေတာ ခင်ဗျား ကြားမှာပေါ့'

'မကြားမိပါဘူး ကာနယ်၊ ညစာအတွက် ပြင်ဆင်နေရတော့ မီးဖိုထဲ ရောက်နေပါတယ်။ ပိုင်အိုလက်ကလည်း ကျွန်တော့်ကို ကူနေပါတယ်။ ဒီက ဘယ်လိုမှ မကြားနိုင်ဘူးခင်ဗျ'

ချားလ်စ်ပြောတာ မှန်ပါသည်။ သည်အခန်းတွေကို ကျွန်တော်ပဲ ပြင်ဆင်ဆောက်လုပ်ခဲ့သည် မဟုတ်လား။ မီးဖိုဆောင်နှင့် အစေခံများ နေသည့်အဆောင်ကို အိမ်ကြီးနှင့် တတ်နိုင်သမျှ ဝေးဝေးမှာ ထားခဲ့သည်။ ဒါကလည်း နိုရာ့ရိတ်ကူး ဖြစ်သည်။

'ညစာအတွက် ကျေးဇူးတင်ပါတယ် ကွတ်ကီ'

'ကျေးဇူးတင်ပါတယ် ကာနယ်'

သူတို့ကို နှုတ်ဆက်ပြီး ကျွန်တော် ထွက်လာခဲ့သည်။

စတူဒီယိုထောင့် စားပွဲတွင် ဘရန်ဒီနှင့် ကော်ဖီ အသင့်ဖြစ်နေပြီ။ နိုရာက ကျွန်တော့်ကို အပြုံးဖြင့် ဆီးကြိုနေ၏။ လိုရင်းကိစ္စကို ပြောတော့မည်ဟု ကျွန်တော် နားလည်လိုက်သည်။

'ကွတ်ကီက ဝမ်းသာနေမှာပေါ့'

ကျွန်တော်က သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီး-

'အင်း. . ဟိုတုန်းက အတိုင်းပါပဲ'

နိုရာက ဘရန်ဒီ ငှဲ့ပေးသည်။ ဖန်ခွက်ကို ကျွန်တော် လှမ်းယူလိုက်၏။ တစ်ကျိုက် မော့ပြီး သူ စကားစသည်။

'ဝန်နီ့ကို အိမ်ပြန်ရောက်အောင် လုခ် ကူညီပါ'

နောက်ဆုံးတော့ သည်ဘူတာကို ဆိုက်လေသည်။

'ကိုယ် လုပ်လို့ ရမှာမို့လား'

'အားလုံး ပိုင်းလုပ်ရင် ရရမှာပေါ့၊ အဓိကက လုခ်နဲ့ နိုရာပဲလေ'

www.burmeseclassic.com

www.burmeseclassic.com



ဘရန်ဒီ တစ်ကျိုက်မော့လိုက်ပြီး-

'မင်း တစ်ခု မေ့နေတယ် နိုရာ၊ ကိုယ် ဒီမှာ မနေတော့ဘူးလေ'

'ဒါက စီစဉ်လို့ ရပါတယ်'

သူ ခပ်တိုးတိုး ပြောသည်။ ကျွန်တော့်ကို အသာစောင့်ကြည့်နေသည်။ နိုရာသည် ဘယ်သောအခါမှ ပြောင်းလဲမည့် မိန်းမ မဟုတ်ပါလား။ သူ့ဘဝ၏ အခြေခံဥပဒေများသည် ဟိုတုန်းကအတိုင်း မပြောင်းမလဲ တည်ဆဲပင်။ အဓိကမှာ သူ လိုချင်တာရဖို့ ဖြစ်သည်။ သည်အတွက် အပျက်အစီး အထိအခိုက်တွေ ရှိလျှင် သူနှင့် ဘာမှမဆိုင်။ သူ လုံးဝ ဂရုမစိုက်။

'စဉ်းစားကြည့်လေ၊ ဒန်နီ့အနေနဲ့ အဘွားအိုကြီးနဲ့ ဘယ်နေချင်မှာလဲ။ ဂေဟာမှာ နေရတာထက်စာရင်တော့ မဆိုးဘူးပေါ့လေ။ ဂေါ်ဒွန်က ပြောတယ်၊ လုခ်နဲ့ ပြန်ပေါင်းထုပ်ရင် ဒန်နီ့ကို ပြန်ရနိုင်တယ်တဲ့၊ ဒေါက်တာစိတ်မန်းကလည်း စိတ္တဇဗေဒသဘောအရ ထောက်ခံတယ်။ ဒါဆို တရားရုံးက အလွယ်တကူ လိုက်လျောလိမ့်မယ်တဲ့'

'မင်း တစ်ခု မေ့နေပြန်ပြီ၊ ကိုယ်က လူလွတ် မဟုတ်ဘူးလေ'

'လုခ် ပြောတော့ အမျိုးသမီးက သိပ်သဘောထားပြည့်ဝတယ်ဆို၊ ဒန်နီ့အတွက် အဖေတစ်ယောက်အနေနဲ့ လုခ် ဘယ်လိုခံစားနေရတယ် ဆိုတာ သူ နားလည်မှာပါ။ အဲဒီလို နားမလည်ရင် လုခ်ကို သူ ဒီကို ဘယ်လွှတ်မလဲ။ သူ့အတွက်လည်း မနစ်နာရအောင် စီစဉ်ပေးတာပေါ့၊ သူ့တစ်သက် ဘာမှ မပူရတော့ဘူးလေ'

'အဲဒီအတွက် အချိန်ကုန်မခံပါနဲ့ နိုရာ၊ မဖြစ်နိုင်ပါဘူး'

ဘရန်ဒီကို တစ်ချက်မော့ပြီး ကျွန်တော် ထရပ်လိုက်သည်။ နိုရာက စားပွဲပေါ်သို့ ကိုင်းပြီး ကျွန်တော့်လက်ကို ဖမ်းဆုပ်သည်။ မော့ကြည့်ပြီး-

'လုခ် ဟိုတုန်းက ပျော်စရာအချိန်တွေကို မောင် မေ့နေပြီလားဟင်'

ကျွန်တော် သူ့ကို စိုက်ကြည့်နေမိ၏။ သူ့ လက်ချောင်းကလေးများမှ အပူငွေ့သည် ကျွန်တော့် တစ်ကိုယ်လုံးသို့ ချက်ချင်းပျံ့နှံ့သွားသည်။ ဘာမှမပြောဘဲ ပေရပ်နေသည်။ သူက ပို၍ တင်းတင်းဆုပ်ပြီး-

'အရင်လို ပြန်ဖြစ်နိုင်ပါသေးတယ် မောင်ရယ်၊ မောင်နဲ့ ပျော်သလို နိုရာ ဘယ်သူနဲ့မှ မပျော်ခဲ့ပါဘူးကွယ်'

ကျွန်တော် စိတ်ညို့ခံထားရသူလို ဖြစ်နေ၏။

'မဖြစ်နိုင်တော့ပါဘူး နိုရာ၊ အဓိပ္ပာယ်မရှိပါဘူး'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ မောင်ရယ်'

လက်ကို ဒေါသတကြီး ဆောင့်ဆွဲလိုက်သည်။ သူ့ထက် ကိုယ့်ကိုယ်ကိုယ် ပိုပြီး ဒေါပွနေ၏။

'မဖြစ်နိုင်ပါဘူး၊ အစကတည်းကမှ မကောင်းခဲ့တာပဲ၊ အလှည့်စားခံဘဝကို ကိုယ် ဘယ်ပြန်အရောက်ခံမလဲ နိုရာ'

'ဟိုတုန်းက တစ်မျိုးပေါ့ မောင်ရယ်။ ခု မောင်ရော၊ နိုရာရော ဘဝမှာ ရင့်ကျက်လာကြပြီပဲ၊ ခေါင်းအေးအေးနဲ့ စီစဉ်လို့ ရပါတယ်'

'အရှုံးထမနေပါနဲ့တော့ နိုရာ'



'မောင်ကလည်း မောင့်အလုပ် မောင်လုပ်လေ၊ နိုရာကလည်း အလုပ်နဲ့အကိုင်နဲ့ ဖြစ်နေပြီပဲ၊ ကျောနဲ့လည်း ပြောပြီးပြီ၊ မောင် ပြန်လာမယ်ဆိုရင် သူတို့ အမြဲတမ်းကြိုနေပါမယ်တဲ့။ အရေးအကြီးဆုံးက ဒန်နီကလေးအတွက်ပါ မောင်ရယ်'

ရုတ်ခြည်း ကျွန်တော် ငိုင်သွားသည်။ နိုရာသည် အလစ်အဟာမရှိ အကွက်ဆင်နိုင်သူပါတကား။ သို့သော် အခြေခံအားဖြင့် အားလုံးတို့သည် အတုအယောင်များသာ ဖြစ်ပါ၏။ သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်လိုက်မိပါသည်။

'မဖြစ်ပါဘူး နိုရာ၊ မဖြစ်နိုင်တော့ပါဘူး'

ကုလားထိုင်နောက်ကို သူ ပြန်မှီလိုက်သည်။ ဒေါသကလေး စွက်လာ၏။

'သမီးကို ချစ်လှချည်ရဲ့ဆို၊ သမီးအတွက် ရှင် ဘာစွန့်လွှတ်တာရှိလဲ၊ ခု ကြက်ရေး ငှက်ရေးမှာ ရှင် ဘာမှ လုပ်ပေးဖော်မရဘူး'

အရာပေါင်းများစွာကို ကျွန်တော် နားလည်စပြုလာသည်။ ဒါတွေကို အယ်လီဇဘက် ကြိုမြင်လေသည်။ ကျွန်တော့်ကို ပကတိအတိုင်း ပြန်လာစေချင်သည်တဲ့။ နိုရာဆိုသော မကောင်းဆိုးဝါးမ၏ အပမှီခံရပြီး ပြန်မလာစေလိုခြင်း ဖြစ်၏။ မလွဲမသွေ သည်လို ပြန်လာမည်ကို သူ တွေးမိပုံရသည်။ ခုကြည့်လေ၊ အယ်လီဇဘက်နှင့် ဒန်နီကို ရွေးရမည့်သဘော။

ကျွန်တော့်စိတ်တွေ လေးနေသည်။ ဒါတွေ ကြိုမြင်လျက် အယ်လီဇဘက် ကျွန်တော့်ကို လွှတ်လိုက်ခြင်း ဖြစ်သည်။ သည်လိုက်လျောမှုမျိုးကို ဘယ်မိန်းမမျိုးဆီက ရနိုင်ပါမည်နည်း။

ခုမှ တွေ့ဖူးသလို နိုရာကို ကျွန်တော် စိုက်ကြည့်နေမိ၏။ ဆမ်ကောဝင်း ပြောသည်မှာ အမှန်ဖြစ်၏။ သူ့ပညာရပ်တွင်သာ သူ သစ္စာစောင့်သိပြီး ကျန်တာတွေသည် သူ့အတွက် ဖွဲနှင့် ဆန်ကွဲချည်း။

တည်ငြိမ်စွာဖြင့် ကျွန်တော် စကားဆိုလေသည်။

'ဒန်နီကို ကူညီဖို့ ကိုယ် ထွက်လာခဲ့တာပါ နိုရာ၊ ဒါပေမဲ့ အနှစ်မရှိတဲ့ အတုအယောင်လောကမှာ သူ့အတွက် ဘဝတစ်ခု တည်ဆောက်ပေးဖို့ မဟုတ်ဘူး'

'အင်း ကြီးကျယ်မြင့်မြတ်ပါပေတယ်၊ နောက်တစ်ခု ဖြည့်ပြောပါဦး။ ရှင့်မိန်းမကို ရှင် သိပ်ချစ်တယ်ဆိုတဲ့ အကြောင်းလေ'

ကျွန်တော် သူ့ကို လေးနက်စွာ ငေးကြည့်နေလိုက်၏။ ပြီးမှ ပြုံးလိုက်သည်။

'အမှန်ပဲ နိုရာ၊ ကိုယ့်မိန်းမကို ကိုယ် သိပ်ချစ်တယ်'

'ဟိုဓာတ်ပုံတွေ နိုရာ ပို့ပေးလိုက်ရင် သူက ရှင့်ကို ချစ်နိုင်ပါဦးမလား'

ဒါကို ကျွန်တော် စောင့်နေခြင်း ဖြစ်သည်။ ကျွန်တော် ထင်သည့်အတိုင်းပင်။ ဘာမှ ပြန်မပြောဘဲ နေလိုက်၏။

'ဘာအယောက်အထားနဲ့ နိုရာကို ငြင်းနေတာလဲဟင်'

'လောကမှာ အကောင်းဆုံး အထောက်အထား ရှိတယ်၊ မင်းကို ကိုယ် မကြိုက်ဘူးလေ'

သည်လိုပင် စကားလုံး အနည်းငယ်သည် ချစ်သူအချင်းချင်း မုန်းတီးပြီး မုန်းတီးသူအချင်းချင်း ကမ္ဘာမကျေ ဖြစ်တတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်အပေါ် ဖိစီးနေသည့် သောကဝေဒနာများသည် ရုတ်ခြည်း လွင့်ပြယ်သွားကြလေပြီ။ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိနေသူအဖြစ် မသိုးမသန့် စိတ်ညစ်နွမ်းမှုများ လည်းမရှိတော့။ သည်လိုပင် ဖြစ်ရမည်။ သည်အတိုင်းပင် ဖြစ်သင့်သည် မဟုတ်လား။

ကားတံခါးမှန်တွေကို အားလုံးချပြီး ကျွန်တော် တည်းခိုရာ ဟိုတယ်သို့ မောင်းပြန် လာခဲ့၏။ ညဥ့်လေအေးသည် ကိုယ့်ကိုယ်ကိုယ် မုန်းတီးစိတ်များကိုပင် တိုက်ခတ်ယူဆောင် သွားလေသည်။ နီရာသည် ကျွန်တော့်ဘဝ၏ အရိပ်တစ္ဆေတစ်ခု မဟုတ်တော့ပေ။

❑ ❑ ❑

# အခန်း ( ၁၇ )

ဆယ်နာရီ လေးဆယ့်ငါးတွင် ကျွန်တော့်အခန်း ပြန်ရောက်သည်။ ဆယ့်တစ်နာရီတိတိတွင် အခန်းတံခါးခေါက်သံ ကြားရ၏။ ထဖွင့်ပေးလိုက်သည်။

အခန်းဝတွင် အထိတ်တလန့် မျက်နှာဖြင့် ရပ်နေသူက. အင်နာစထာဒယ်လှာ။ ကျွန်တော်က နောက်တစ်လှမ်း ဆုတ်ပေးပြီး-

'ဝင်လေ အင်နာ၊ ဘာဖြစ်လို့ မင်းကို သူ ရွှေးလွှတ်တာလဲ'

'ကျွန်မဆိုရင် ကာနယ်က ရဲလက်ကို အပ်မှာ မဟုတ်ဘူးထင်လို့ နေမှာပေါ့၊ သူက ရဲနဲ့ စောင့်နေမယ် ထင်တာ'

'မကြောက်ပါနဲ့ အင်နာ၊ ကိုယ် ဘယ်သူ့မှ အကြောင်းမကြားပါဘူး'

ခုမှ သူ စိတ်သက်သာရာရသွား၏။

'ကျွန်မလည်း မထင်ပါဘူးလေ'

'စာတွေပါလာလား'

လက်ပွေ့အိတ်ထဲမှ ချက်ချင်း ထုတ်ပေးသည်။

'ကိုယ့်မှာ ပိုက်ဆံမရှိတော့ဘူးလို့ ပြောရင် မင်းဘယ့်နှယ် လုပ်မလဲ'

အင်နာက ပခုံးတွန့်ပြပြီး-

'ကိစ္စမရှိပါဘူး'

'မင်း အစ်ကိုကို ဘယ်လို ပြောမလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကို လှည့်ကြည့်သည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ဥလျက်။

'ကျွန်မ ဘာမှ ပြောစရာ မလိုပါဘူး၊ ကျွန်မ သူ့ကို ဒေါ်လာတစ်ရာ ပေးခဲ့ပြီးပါပြီ'

'ဘာဖြစ်လို့ ပေးခဲ့တာလဲ'

'ဒီစာတွေကို ကာနယ့်လက်ထဲ ရောက်စေချင်လို့ပါ၊ ကျွန်မတို့အတွက်နဲ့ ကာနယ် အတော်ကြီး ဒုက္ခရောက်ခဲ့ရပြီ မဟုတ်လား'

အင်နာ ပြောရင်း ငိုသည်။

'မငိုပါနဲ့ အင်နာ၊ ကိုယ့်မှာ ပိုက်ဆံရှိပါတယ်၊ ပေးမှာပါ'

'အဲဒီအတွက် ကျွန်မ ငိုတာ မဟုတ်ပါဘူး၊ စိတ်ညစ်လို့ပါ'

'ဘာတွေ စိတ်ညစ်တာလဲ၊ ဒါဖြင့် ဘာကြောင့် ငိုတာလဲ'

'စတီဗင်က သူ့ကို လက်ထပ်ဖို့ ပြောနေတယ်၊ ကျွန်မလည်း ဘာပြန်ပြောရမှန်း မသိဘူး'

ကျွန်တော် ပြုံးလိုက်သည်။ ဤကဲ့သို့ယခေါ် မိန်းမတို့ကို ကျွန်တော် ယခုတိုင် နားမလည် နိုင်သေးပါကလား။

'ကိုယ်က အဲဒါကို မျှော်လင့်နေတယ် ထင်တာ'

လက်ပွေ့အိတ်ထဲမှ စက္ကူ လက်ကိုင်ပဝါလေးကို ထုတ်ပြီး နှပ်ညှစ်လိုက်သည်။

'ဟုတ်တော့ ဟုတ်ပါတယ်'

'ဒါဖြင့် ဘာပြဿနာ ရှိတော့လို့လဲ၊ သူ့အစ်ကိုနဲ့ မင်းနဲ့ အကြောင်းကို သူ သိပြီးသား မဟုတ်လား'

အင်နာက ကျွန်တော့်ကို လှမ်းကြည့်ပြီး-

'တိုနီ့အကြောင်း သူသိပါတယ်။ ဒါပေမဲ့ တခြားအကြောင်းတွေ သူ မသိဘူး'

'ဘယ်လို တခြားအကြောင်းတွေလဲ'

'တိုနီကတော့ ဒါတွေ သိပါတယ်၊ ကျွန်မကွ ကိုရီယားနီအတွက် အလုပ်လုပ်ပေး ရတာလေ၊ ခိုင်းသမျှ လုပ်ပေးနေရတယ်'

ကျွန်တော် သက်ပြင်းချလိုက်သည်။

'မင်းက သူ့ကို လက်ထပ်ချင်လို့လား'

အင်နာ ခေါင်းညိတ်၏။ သူ့ပခုံးပေါ်ကို ကျွန်တော် လက်တင်လိုက်ပြီး-

'ဒါဆို ဆက်လုပ်လေ။ ကိုရီယားနီအတွက် အလုပ်လုပ်ရတာက အဓိကအကြောင်း မဟုတ်ပါဘူး၊ မင်းကို သူချစ်လို့ လက်ထပ်တာပဲ၊ အဲဒါက အဓိကပါ'

ခုမှ အင်နာ ပြုံးနိုင်သည်။

'ကဲ . . ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်လိုက်ပါဦး။ ကော်ဖီလှမ်းမှာပြီး တို့နှစ်ယောက် သောက်ကြတာပေါ့'

သူ ရေချိုးခန်းထဲ ဝင်သွားသည်နှင့် တယ်လီဖုန်းဆက်ပြီး ကော်ဖီ မှာလိုက်သည်။ ဒန်နီ့စာကို အရင်ဖတ်၏။ ကျွန်တော်၏ တစ်ဦးတည်းသော သမီးကလေး ရေးသည့် စာကို ဖတ်ပြီး ဖျားချင်သလိုလို ဖြစ်လာသည်။ မယုံကြည်နိုင်လောက်အောင်ပင်။ လိုရင်းကို ပြောသည့် အတိုင်းပင်။ တံခါးခေါက်သံ ကြားရသည်။ ကော်ဖီ လာပို့ခြင်း ဖြစ်မည်။ မြန်လှချည်လားဟု



တွေးရင်း တံခါးထဖွင့်ပေးလိုက်သည်။ တံခါးဝတွင် ပေါ်လာသူက နိုရာ။ သူ့ကို ကျွန်တော် ကြောင်ကြည့်နေမိ၏။

'ဝင်မယ်နော်' ဟု ပြောပြီး ပြောပြောဆိုဆို အခန်းထဲ ဝင်လာသည်။

'တောင်းပန်ရအောင် လိုက်လာတာပါ လုဒ်'

လက်ပွေ့အိတ်ထဲမှ စာအိတ်တစ်လုံး ဆွဲယူပြီး-

'ရော့ . . ဒီမှာ ဓာတ်ပုံတွေ၊ နိုရာ ပြောသလို မလုပ်ရက်ပါဘူး'

စာအိတ်ကို ကျွန်တော် လှမ်းယူလိုက်သည်။ ခုထိ ဘာတစ်ခွန်းမှ ပြန်မပြောဖြစ် သေး။ ထိုစဉ် ရေချိုးခန်းတံခါး ပွင့်လာပြီး အင်နာ ထွက်လာသည်။ လက်ထဲတွင် မျက်နှာသုတ် ပဝါ ကိုင်လျက်။

'ကော်ဖီ ရောက်ပြီလားဟင်'

ခုမှ နိုရာ့ကို သူ မြင်သည်။

မိန်းမသားနှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြ၏။ ပြီးမှ နိုရာက ဖျတ်ခနဲ ကျွန်တော့်ဘက်ကို လှည့်သည်။ စောစောက နူးနူးညံ့ညံ့ အမူအရာမျိုး သူ့မျက်နှာ တွင် လုံးဝ မရှိတော့။ နာကြည်းခံပြင်းခြင်းနှင့် ဒေါသရိပ်တို့ကို မြင်ရသည်။ ပြီးမှ အေးစက်စက် အသံဖြင့်-

'ရှင် ပြောသမျှတွေ ကျွန်မ ယုံမိတော့မလို့'

'နိုရာ'

ကျွန်တော် သူ့လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။ ကျွန်တော့်လက်ကို ခပ်ကြမ်းကြမ်း ပုတ်ချလိုက်သည်။

'ကြောင်သူတော်၊ ကြောင်သူတော်နဲ့ ယိုတော့ ကြွက်ချေးဆိုတာ ရှင်လို လူစား'

ပြောပြောဆိုဆို ဝုန်းခနဲ တံခါးပိတ်ပြီး ထွက်သွားသည်။

'ကျွန်မ တောင်းပန်ပါတယ် ကာနယ်၊ ကျွန်မကြောင့် အားလုံး ဒုက္ခရောက်ကုန်ပြီ'

ပိတ်သွားသည့် တံခါးရွက်ကို ကျွန်တော် ငေးကြည့်နေမိ၏။ နိုရာသည် ဘယ်တုန်း ကမှ ဘယ်သူ့ကိုမှ တောင်းပန်ခဲ့ဖူးသူ မဟုတ်။ လက်ထဲမှ ဓာတ်ပုံစာအိတ်ကို အိတ်ထဲ ထိုးထည့် လိုက်သည်။

တံခါးခေါက်သံ ကြားပြန်သည်။ ခုမှ ကော်ဖီ ရောက်လာခြင်း ဖြစ်သည်။

'လာ လာ ကော်ဖီသောက်လိုက်။ ဒါမှ မင်း လန်းသွားမှာ။

စားပွဲတွင် အင်နာနှင့် မျက်နှာချင်းဆိုင် ပြန်ထိုင်ပြီး နိုရာ့စာကို စဖတ်သည်။ ကျွန်တော် ရှာဖွေနေသည့် အချက်ကို ဗိုင်းခနဲ သွားတွေ့သည်။ ဒန်နီ့ ဇာတ်လမ်းတွင် မြုပ်နေသည့် အပိုင်း များကို မီးမောင်းထိုးပြထားသကဲ့သို့ ရှိသည်။

*'မင်လာရက် ရွှေးကြမယ်နော်၊ တစ်ခုတော့ သတိပေးလိုက်ပါရစေ၊ ကိုယ်ဟာ သိပ် တစ်တိုယ်ကောင်းဆန်တဲ့မိန်းမနော်၊ ဘယ်သူမှ မျှဝေမခံစားနိုင်ဘူး၊ တခြား မိန်းမတစ်ယောက် နဲ့တော့ မင်းရှုပ်မယ်မကြံနဲ့၊ နုတ်နုတ်စင်းပြီး သတ်ပစ်မယ်၊ ကောင်းကောင်း သတိထားပါ'*

*အချစ်များစွာဖြင့်*

*နိုရာ*

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဟင်၊ ကာနယ့်မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်'

အင်နာ့အသံကို ဟိုးအဝေးကြီးမှ လာသည့် အသံလို ကျွန်တော် ထင်လိုက်သည်။ ခေါင်းတွေ အုံခဲလာ၏။ အင်နာ စိုးရိမ်တကြီးမေးမှ ကျွန်တော် သတိဝင်လာ၏။

'ဘာမှ မဖြစ်ပါဘူး အင်နာ၊ ကိုယ် ဘာမှ မဖြစ်ပါဘူး'

အားလုံးရှင်းသွားပြီ။ အပိုင်းအစကလေးများ ဆက်စပ်မိနေပြီ။ ဒန်နီလား၊ နိုရာလား၊ ဟူသည့် ပြဿနာမှာ လယ်မြင်မှာ ဆင်သွားသလို ထင်ရှားနေသည်။ ပြဿနာက တစ်ခုမဲ ကျန်တော့သည်။ ကျွန်တော့်သမီးသည် လူသတ်သမား မဟုတ်။ သတ်သူမှာ မုဆိုးတစ်ပိုင်း မိန်းမရှိုင်း နိုရာ ဖြစ်ကြောင်း တရားရုံးမှာ သက်သေပြရန် ဖြစ်၏။

❑ ❑ ❑

# အပိုင်း(၅)

## တရားခွင်မှ လုဒ်ကေရီ

### အခန်း ( ၁ )

တရားရုံးခန်းမထဲကို ဒန်နီ ဝင်လာ၏။ မရွံ့မရဲ လှမ်းဝင်လာခြင်း ဖြစ်၏. မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည် ထင်ရ၏။ မာရီယံစပိုက်စာ နောက်မှ လိုက်လာရင်း တံခါးဝအရောက်တွင် ခဏရပ်ပြီး အခန်းထဲသို့ လှမ်းကြည့်သည်။ ကျွန်တော်တို့အားလုံး စားပွဲရှည်ကြီး တစ်လုံးတွင် နေရာယူထားကြသည်။ ဒန်နီနှင့် အမှုထိန်းအရာရှိ ထိုင်မည့်ခုံမှာ ကျွန်တော့်ဘက်သို့ မျက်နှာမူထား၏။

တရားသူကြီးက သူ့စားပွဲမှ အသင့်စောင့်နေသည်။ ဒန်နီ လျှောက်လာသည်။ ကျွန်တော့် အနီးသို့ အရောက်တွင် သူ့လက်ကို ကျွန်တော် လှမ်းကိုင်လိုက်၏။ သူ့လက်တွေမှာ ရေခဲတုံးလို အေးစက်နေသည်။ ကျွန်တော်က အားပေးပြုံး ပြုံးပြလိုက်၏။

ဒန်နီက ကြိုးစားပြီး ပြန်ပြုံးပြသည်။ သို့သော် လျှပ်တစ်ပြက်မျှသာ။ ကျွန်တော်က အောင်မြင်မှု အထိမ်းအမှတ်ဖြင့် လက်မ ထောင်ပြလိုက်သည်။ ဒန်နီက ခေါင်းညိတ်ပြီး ဆက်လျှောက်သွားသည်။ နိုရာနှင့် သူ့အဘွားအနီးသို့ အရောက်တွင် နမ်းပြီး နှုတ်ဆက်သည်။ ပြီးမှ သူ့ခုံရှိရာသို့ ဆက်လျှောက်သွား၏။

တရားသူကြီး လုံးဝအချိန်ဖြုန်းမနေဘဲ ဒန်နီ သူ့ခုံရှေ့ ရောက်သည်နှင့် စားပွဲကို တူနှင့် ထုလိုက်ပြီး တရားရုံးကို စဖွင့်လိုက်သည်။

'ဒီနေ့ တရားခွင်ဟာ ဒန်နီယယ်လ်နိုရာကေရီကို ဘယ်လိုဆက်လက် ထိန်းသိမ်းမလဲဆိုတာနဲ့ ပတ်သက်ပြီး ကြားနာ စစ်ဆေးမှာ ဖြစ်တယ်၊ ကလေးမရဲ့ အကျိုးနဲ့ နိုင်ငံတော်ရဲ့အကျိုးကို ကြည့်ပြီး စဉ်းစားဆုံးဖြတ်မှာ ဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးက ဒန်နီ့ကို ငုံ့ကြည့်ပြီး-

'မင်း နားလည်ရဲ့လား ဒန်နီယဲလ်'

ဒန်နီ ခေါင်းညိတ်သည်။

'ဟုတ်ကဲ့၊ နားလည်ပါတယ်'

'လွန်ခဲ့တဲ့ အပတ်က ပြောခဲ့တဲ့အတိုင်း မင်းမှာ အခွင့်အရေးတွေ ရှိတယ်နော်၊ မင်းကြိုက်တဲ့သက်သေကို ခေါ်ယူနိုင်တယ်၊ မေးမြန်းနိုင်တယ်၊ မင်းအပေါ် သုံးသပ်ချက်တွေကို ကန့်ကွက်နိုင်တယ်'

'ဟုတ်ကဲ့ရှင့်'

'မင်းနဲ့တကွ မင်းရဲ့ မိသားစုက ဒီအမှုကို ရှေ့နေကြီး မစ္စတာဂေါ်ဒွန်ကို လွှဲအပ်ထားတယ်လို့ တရားရုံးက နားလည်ထားတယ်၊ ဒါကို မင်း သဘောတူရဲ့လား'

'ဟုတ်ကဲ့ တူပါတယ်'

တရားသူကြီးက ကျွန်တော်တို့အားလုံးကို လှမ်းကြည့်လိုက်သည်။

'ကဲ. . စကြရအောင်' ဟုဆိုပြီး စားပွဲရှေ့မှ စာရွက်စာတမ်းများကို လှမ်းယူသည်။

'ကလေးကို ထိန်းသိမ်းဖို့နဲ့ပတ်သက်ပြီး ရုံးတော်က လျှောက်လဲချက်နှစ်ခု လက်ခံရရှိထားပါတယ်။ တစ်ခုက အမှုထိန်းအရာရှိ မစ္စစပိုက်စာရဲ့ လျှောက်လဲချက် ဖြစ်ပါတယ်၊ သူ့လျှောက်လဲချက်ထဲမှာ ကလေးကို နောက်ထပ် ဒီလိုမှားယွင်းတဲ့ အပြုအမူမျိုး မဖြစ်နိုင်တော့ပါဘူးလို့ စိတ်ချရတဲ့အထိ သင့်လျော်တဲ့ အစိုးရပညာရေးစခန်း တစ်ခုမှာ ဆက်ထားဖို့ ထောက်ခံထားတယ်၊ နောက် လျှောက်လဲချက်တစ်ခုက ကလေးမရဲ့အဘွား မစ္စက်ဟေဒင်က ပညာရေးနဲ့ ထိန်းသိမ်းပြုပြင်ရေး တာဝန်ကို အသက်ပြည့်မြောက်တဲ့အထိ တာဝန်ယူဖို့ အဆိုပြုထားတဲ့လျှောက်လဲချက် ဖြစ်တယ်။

'လျှောက်လဲချက် နှစ်ခုစလုံးဟာ သူ့ရှုထောင့်နဲ့သူ စေ့စပ်ကြတယ်။ ပြည့်စုံကြတယ်၊ ဘာမှ ကန့်ကွက်စရာမရှိဘူး ဆိုရင် အမှုထိန်းဌာနရဲက လျှောက်လဲချက်ကို စတင်ကြားနာမယ်'

'ကန့်ကွက်စရာ မရှိပါဘူး၊ တရားသူကြီးမင်း ခင်ဗျား'

ဂေါ်ဒွန်က ထပြောလိုက်ခြင်း ဖြစ်သည်။ တရားသူကြီးက အမှုထိန်းအရာရှိကို လှမ်းကြည့်လိုက်ပြီး-

'မစ္စစပိုက်စာ ဘာကြောင့် ကလေးမကို နိုင်ငံတော်က ဆက်လက်ထိန်းသိမ်းထားသင့်တယ်ဆိုတဲ့ လျှောက်ထားချက်နဲ့ ပတ်သက်ပြီး ရုံးတော်ကို အထောက်အထားပြပါ'

မာရီယံစပိုက်စာက လည်ချောင်းရှင်းပြီး စိတ်လှုပ်ရှားနေဟန်ဖြင့် မတ်တတ်ထရပ်သည်။

'တရားသူကြီးမင်းရှင့်၊ တင်ပြစရာ အထောက်အထားလေးတွေ ကျွန်မတို့မှာ အများကြီး ရှိပါတယ်၊ ဒီကလေးဟာ ကျွန်မတို့ အမှုထိန်းဌာနကို အလွန်ပြင်းထန်တဲ့ ရာဇဝတ်မှုတစ်ခု၊ လူသတ်မှုတစ်ခုကြောင့် ရောက်လာတယ်ဆိုတာ အသိအမှတ်ပြုထားရမှာ ဖြစ်ပါတယ်'

'ကန့်ကွက်ပါတယ်'

ဟဲရစ်ဂေါ်ဒွန် မတ်တတ်ထပြီး-

'သေမှုသေခင်းဆိုင်ရာ တရားရုံးက လူသတ်မှုလို့ အမည်မတပ်ပါဘူး ခင်ဗျာ'

မစ္စစပိုက်စာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ တရားသူကြီးကို လှမ်းကြည့်လိုက်၏။



'ကန့်ကွက်ချက်ကို လက်ခံပါတယ်'ဟု ပြောပြီး ဂေါ်ဒွန်ကို ငုံ့ကြည့်လိုက်သည်။

'ဒါပေမဲ့ တစ်ခုတော့မှတ်ထားပါ မစ္စတာဂေါ်ဒွန်၊ ကလေးသူငယ်ဆိုင်ရာ တရားဥပဒေမှာ ကလေးဘက်က အလိုအလျောက် ကန့်ကွက်ပြီးသားလို့ ယူဆရမယ်၊ ပြီးတော့ ဂျူရီနဲ့စစ်တဲ့ တရားခွင် မဟုတ်တဲ့အတွက် သိပ်တော့ လိုအပ်မယ် မထင်ဘူး'

ဂေါ်ဒွန်က ခေါင်းညိတ်ပြီး-

'ဟုတ်ကဲ့ပါ တရားသူကြီးမင်း ခင်ဗျား'

တရားသူကြီးက အမှုထိန်းအရာရှိ အမျိုးသမီးကို လှမ်းကြည့်လိုက်ပြီး-

'ဆက်ပါ မစ္စစပိုက်စာ'

မာရီယံက စားပွဲရှေ့မှ စာရွက်စာတမ်းကို ငုံ့ကြည့်ပြီး ဆက်လက်လျှောက်ထားသည်။

'ကျွန်မတို့ အမှုထိန်းဌာနဟာ အပြစ်ပေးဖို့ တစ်ခုတည်းအတွက် တာဝန်ယူရတာ မဟုတ်ပါဘူး၊ ကလေးသူငယ်တွေ ဘာကြောင့် ဒီအပြစ်ကို ကျူးလွန်ရတယ် ဆိုတာပါ လေ့လာတင်ပြရတယ်၊ နောင် ဒီလို ထပ်မဖြစ်အောင် ဘယ်လို ကာကွယ်ရမယ်ဆိုတဲ့ နည်းလမ်းများကိုလည်း ရှာဖွေရပါတယ်၊ ကျွန်မတို့ရဲ့ လျှောက်လဲချက်ထဲမှာ ပါတဲ့အတိုင်း ကလေးရဲ့ သမိုင်းနောက်ခံနဲ့ ပတ်ဝန်းကျင်မှာ လှုပ်ရှားမှု အခြေအနေအားလုံးကို အပြင်းအထန် စုံစမ်းခဲ့ပါတယ်။ ပြီးတော့ ကလေးကို အထူးကုဆရာဝန်ကြီးတွေနဲ့ရော၊ စိတ်ပညာဆရာဝန်တွေနဲ့ပါ စမ်းသပ်စစ်ဆေးခဲ့ပါတယ်'

နိုရာ့ကို တစ်ချက်ငေ့ကြည့်ပြီး မာရီယံ ဆက်သည်။

'ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စစ်ဆေးချက်အရ ကလေးမဟာ လုံးဝ ကျန်းမာရေးကောင်းတယ်လို့ ကျွန်မတို့ ဆုံးဖြတ်ပါတယ်၊ နောက်တစ်ချက်က ကျွန်မတို့ဌာနကို မရောက်ခင် တစ်နှစ်လောက်ကတည်းက အပျိုရည်ပျက်ခဲ့တယ်လို့ ဆေးစာအရ သိရှိရပါတယ်'

ကျွန်တော် ဒန်နီ့ကို လှမ်းကြည့်လိုက်သည်။ မျက်နှာ အောက်ချထား၏။ အမှုထိန်းအရာရှိ ဆက်လက် လျှောက်ထားသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ဒန်နီ့ကို ကျွန်မတို့ အမျိုးမျိုး ချော့မော့မေးမြန်းပါတယ်၊ လုံးဝ မပြောဘူး၊ ငြင်းလည်း မငြင်းဘူး၊ အတည်လည်း မပြုပါဘူး၊ ဒီလို ရေငုံနှုတ်ပိတ်နေခြင်းဟာ သူ့အတွက် ကောင်းကျိုး ဖြစ်မလာဘဲ ဆိုးကျိုးသာ ဖြစ်စေနိုင်ကြောင်း ကျွန်မတို့ ပြောပေမယ့် ဒန်နီက သူ ကျွန်မတို့ဆီကို ရောက်လာတဲ့ကိစ္စနဲ့ ဒီကိစ္စ ဘာမှမဆိုင်ဘူးဆိုပြီး ခေါင်းမာမာနဲ့ နှုတ်ပိတ်နေပါတယ်'

တရားသူကြီးက လည်ချောင်းရှင်းပြီး-

'မစ္စစပိုက်စာ ပြောတာ မင်း နားလည်တယ်နော် ဒန်နီ'

ဒန်နီ ခေါင်းထောင်မကြည့်ဘဲ ဖြေသည်။

'ဟုတ်ကဲ့'

'ဒီလိုလုပ်တယ်ဆိုတာ သိပ်မှားတယ်နော် ဒန်နီ၊ လိမ္မာတဲ့ မိန်းကလေးတွေဟာ ဒီလို မလုပ်ကြဘူး၊ ဒီအပြုအမူဟာ အားလုံး လက်ခံထားတဲ့ လူ့ကျင့်ဝတ်နဲ့ ဆန့်ကျင်တယ်၊ ပြစ်မှုတစ်ခုလို့ လောကနီတိက သတ်မှတ်ထားတယ်'

ဒန်နီက ခေါင်းငိုက်စိုက်ချရင်း ဖြေသည်။

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် မင်းကိုယ်မင်း ကာကွယ်ပြောဆိုဖို့ တစ်စုံတစ်ရာ မရှိဘူးလား'

ဒန်နီ ခုမှ ခေါင်းထောင်ကြည့်သည်။ ပြီးမှ အခိုင်အမာ ဆုံးဖြတ်ထားသည့်လေသံဖြင့်-

'မရှိပါဘူး'

တရားသူကြီးက သူ့ကို ခဏ ငေးကြည့်သည်။ ပြီးမှ မစ္စစပိုက်စာဘက်သို့ လှည့်ပြီး-

'ကဲ . . ဆက်ပါ'

'ဒန်နီဟာ ကျွန်မတို့ဌာနက စိတ်ပညာရှင် ဒေါက်တာ ဆယ်လီဂျန်နင်းနဲ့ အကြိမ်ကြိမ် တွေ့ပြီးပါပြီ။ ဒေါက်တာဂျန်နင်းလည်း ကျွန်မတို့ သိချင်နေတဲ့ ကိစ္စကို မဖော်ထုတ်နိုင်ခဲ့ပါဘူး၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စဆိုပြီး တင်းခံနေတာပဲ၊ တခြားကိစ္စ တော်တော်များများကို ဒေါက်တာ ဂျန်နင်းနဲ့ ပွင့်ပွင့်လင်းလင်း သူ ဆွေးနွေးပါတယ်၊ ဆယ်လီဂျန်နင်းရဲ့ အစီရင်ခံစာကို ကျွန်မ ဖတ်ပြပါ့မယ်။

'ဒန်နီနှင့် ကျွန်မ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးပြီးနောက် အောက်ပါအတိုင်း သုံးသပ် တင်ပြပါသည်။ ကလေးမတွင် အမေလုပ်သူကို လုံးဝ မကျေနပ်ဘဲ ပြင်းထန်သည့် မနာလို ဝန်တိုစိတ်မျိုး နက်ရှိုင်းစွာ အမြစ်တွယ်နေကြောင်း တွေ့ရှိရသည်။ ဒန်နီ့စိတ်ထဲတွင် မိခင်က သူ့ကို လုံးဝ ဂရုမစိုက်ဟု စွဲနေ၏။ သူ ချစ်သည့်သူတွေအားလုံးကို မအေလုပ်သူက အိမ်မှ နှင်ထုတ်ပစ်သည်ဟု ကျွန်မကို ပြောင်ဖွင့်ပြောသည်။ မအေလုပ်သူက သူ့ကို မနာလိုနေသည်ဟု ထင်သည်။ တစ်ပြိုင်တည်းတွင် မအေက သူ့ကို ချစ်သည်ဟုလည်း ဒွိဟစိတ်ပေါ်နေ၏။ သည်လို အချိန်မျိုးတွင် စိတ်အနေ မမှန်မှုလေး အနည်းငယ်ရှိနေကြောင်း လက္ခဏာများ တွေ့ရသည်။ ထိုအဆင့်တွင် ဆက်လက်လေ့လာရန် အခက်အခဲ တွေ့ရသည်။ ယင်းသို့ ပင်ကိုစိတ်အနေ ချို့ယွင်းမှုသည် ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ဖို့ အလားအလာရှိသည် ဖြစ်ရာ ကလေးမကို အပြီးအပိုင် စစ်ဆေးလေ့လာ ကုသပြီးစီးသည်အထိ ဆက်လက် ထိန်းသိမ်းထားသင့်ကြောင်း ကျွန်မ အလေးအနက် ထောက်ခံသည်'

စာရွက်ကိုချပြီး မစ္စစပိုက်စာက တရားသူကြီးကို မော့ကြည့်သည်။

'ထုံးစံအတိုင်း ဒန်နီ့ရဲ့ကျောင်းသူဘဝကို သေသေချာချာ လေ့လာပါတယ်၊ စာတော်တယ်၊ ပညာရည် မှတ်တမ်းတွေမှာ အဆင့်မြင့်တယ်ဆိုတာ တွေ့ရပါတယ်၊ ဒါပေမဲ့ အမျိုးသမီး တွေနဲ့ရော၊ ယောကျ်ားလေးတွေနဲ့ပါ အပေါင်းအသင်း အဆက်အဆံ အလွန်နည်းပါတယ်။ ကလေးမရဲ့ အမေ မစ္စဟောဒင်က ဒန်နီ အပျို မဟုတ်တော့ကြောင်း သိတဲ့အခါ အံ့ဩဟန်ပြပါ တယ်၊ လုံးဝ မသိရှိပါဘူးလို့လည်း ငြင်းတယ်၊ မစ္စဟောဒင်ဟာ သမီး ဒန်နီကို ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေနဲ့ လိုလေသေးမရှိ ဂရုစိုက်ပေမယ့် အကျင့်စာရိတ္တ ကောင်းမွန်ရေးနဲ့ ပတ်သက် လို့တော့ မကောင်းမြစ်တာ ဆောင်းရာညွှန်ပြမှုမျိုး အားနည်းတာကို တွေ့ရပါတယ်၊ မစ္စဟောဒင် က ကျွန်မတို့အားလုံး သိကြတဲ့အတိုင်း ထူးဆန်းတဲ့ အနုပညာကမ္ဘာမှာ သီးခြားနေသူမို့ ဒီလို အားနည်းရခြင်းလည်း ဖြစ်နိုင်ပါတယ်။ မစ္စဟောဒင်ရဲ့ ထူးခြားတဲ့ အပြုအမူတွေကို အသေးစိတ် မပြောတော့ဘဲ ကျွန်မတို့ဌာနရဲ့ ကောက်ချက်ဆွဲပုံကို ပြောရရင် အသက် မစေ့ခင် ကလေးကို မိခင်ဆီ ပြန်ပို့ဖို့ မသင့်တော်ဘူးဆိုတဲ့ အချက်ပါပဲ'

နီရာကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မာရီယံ စပိုက်စာကို မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ နီရာသာ နဂါးဖြစ်လျှင်



အမှုထိန်းအရာရှိ ပြာဖြစ်လောက်ပြီ။ မစ္စစပိုက်စာကမူ နီရာ့ကို လုံးဝ ဂရုမထား။ တရားသူကြီး ကိုသာ အာရုံစိုက်ပြီး ဆက်လက် လျှောက်ထားချက်ပေးသည်။

'ကလေးမရဲ့ ဘွားအေ မစ္စက်ဟောဒင်နဲ့လည်း ကျွန်မတို့ တွေ့ဆုံလေ့လာပါတယ်။ မစ္စက်ဟောဒင်က မြေးလုပ်သူရဲ့ တာဝန်ကို လုံးဝ ယူချင်ပါတယ်တဲ့။ ဒီမြို့မှာ မစ္စက်ဟောဒင်ဟာ လူရိုသေ၊ ရှင်ရိုသေ အမျိုးသမီးကြီး ဖြစ်ပါတယ်၊ ကြွယ်ဝချမ်းသာသူလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ အလေးအနက် စဉ်းစားမိတာက မစ္စက်ဟောဒင်က ၇၄ နှစ်ရှိပြီဖြစ်တဲ့ အဘွားအိုတစ်ဦး ဖြစ်နေတဲ့အချက်ပါပဲ၊ ဒါကြောင့် မြေးလုပ်သူကို ကိုယ်တိုင် ကြပ်မတ်ဖို့ကိစ္စမှာ အားရစရာမရှိပါ ဘူး။ ဒါကြောင့် ကျွန်မတို့အနေနဲ့ မစ္စက်ဟောဒင်ကို လေးစားသော်လည်း ကလေးအုပ်ထိန်းခွင့် ကို လွှဲပြောင်းပေးဖို့ စဉ်းစားရခြင်း ဖြစ်ပါတယ်'

အဘွားကြီးက တုန်လှုပ်ချောက်ချားခြင်း ကင်းသော မျက်လုံးများဖြင့် အမှုထိန်းအရာရှိ အမျိုးသမီးကို စိုက်ကြည့်နေသည်။ သည်ပျော့ကွက်ကို တစ်ဖက်က နင်းလာလိမ့်မည်ဟု ကြိုတင် တွက်ဆပြီးသား ဖြစ်ပုံရ၏။ မစ္စစပိုက်စာ မြားဦးက နောက်ဆုံး ကျွန်တော့်ဘက် လှည့်လာသည်။

'ဒန်နီရဲ့အဖေ ကာနယ်ကေရီနဲ့လည်း ကျွန်မတို့ တွေ့ပါတယ်၊ သူကတော့ ပြည်နယ် ခြားနေသူ ဖြစ်တဲ့အတွက် အလိုအလျောက်ပဲ အုပ်ထိန်းခွင့် မရနိုင်ပါဘူး၊ နောက်တစ်ချက်က လည်းပဲ သားအဖနှစ်ယောက် နှစ်ပေါင်းများစွာ ဝေးနေတဲ့အတွက်ရော၊ ကာနယ်ကေရီရဲ့ ပုဂ္ဂိုလ် ရေး ငွေကြေး အခြေအနေကရော ဒန်နီ့ကို ထိမ်းသိမ်းစောင့်ရှောက်ဖို့ မလွယ်ပါဘူး။ ကျွန်မ တင်ပြခဲ့တဲ့ အဲဒီအချက်အလက်များကို အကြောင်းပြုပြီး ဒန်နီကို အရွယ်ရောက်တဲ့အထိ သင့်လျော်ရာ အစိုးရဂေဟာတစ်ခုခုမှာ ထိမ်းသိမ်းထားဖို့ လျှောက်ထားရခြင်း ဖြစ်ပါတယ်'

တရားရုံးတစ်ခုလုံး ငြိမ်ကျသွားသည်။ မာရီယံစပိုက်စာက ထိုင်ချလိုက်သည်။ ကျွန်တော် တို့အားလုံး တစ်ယောက်ကို တစ်ယောက် မကြည့်ကြ။ ကျွန်တော် တွေးကြည့်သည်။ မာရီယံ စပိုက်စာ၏ လျှောက်လဲချက်သည် ကျွန်တော်တို့ တစ်ဦးချင်း၏ အပြစ်ကိုယ်စီကို ဖော်ထုတ်လိုက် သဖြင့် အားလုံး အရှက်ရနေကြခြင်း ဖြစ်၏။ တိတ်ဆိတ်မှုကို တရားသူကြီး၏အသံက လွှမ်းမိုး လိုက်သည်။

'ဘာများ ကန့်ကွက်စရာရှိသေးလဲ မစ္စတာဂေါ်ဒွန်'

ဂေါ်ဒွန် မတ်တတ်ထရပ်သည်။

'တရားသူကြီးမင်းခင်ဗျား၊ ကန့်ကွက်စရာ အချက်အလက်ပေါင်းများစွာ ရှိပါတယ်။ ကျွန်တော် ကန့်ကွက်ရရင် မူလလျှောက်လဲချက်ထက် ပိုရှည်သွားလိမ့်မယ်၊ ကျွန်တော် မြင်သလို တရားရုံးတော်ကလည်း ဒီလျှောက်လဲချက်ရဲ့ ချို့ယွင်းချက်တွေကို စဉ်းစားမိလိမ့်မယ် ထင်တဲ့ အတွက် ကျွန်တော် ဘာမှ မပြောလိုတော့ပါဘူး'

တရားသူကြီးက ခေါင်းညိတ်ပြီး-

'စဉ်းစားမှာပါ မစ္စတာဂေါ်ဒွန်'

ဂေါ်ဒွန်က ချိုသာသည့်အသံဖြင့်-

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ တကယ်တော့ အမှုထိန်းအရာရှိရဲ့ လျှောက်လဲချက်ဟာ သိပ်အပေါ်ယံဆန်ပြီး လှေနံ ဓားထစ်နိုင်လှပါတယ်။ ဒီမိသားစုရဲ့ အစဉ်အလာနဲ့ ဂုဏ်သိက္ခာ ကို ကြည့်ပြီး ကလေးရဲ့အနာဂတ်အတွက် ပညာရေး၊ ကျန်းမာရေး၊ လိမ္မာရေးခြားရှိရေး စတဲ့ အရာအားလုံးကို အမှုထိန်းဌာန အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရုံးတော်အနေနဲ့ မစ္စတာဂေါ်ဒွန်ရဲ့ လျှောက်လဲချက်ကို လေ့လာပြီးပါပြီ။ အားလုံးထည့်စဉ်းစားမှာပါ။ ကဲ . . ဆက်ပါဦး'

'တရားသူကြီးမင်းခင်ဗျာ၊ ကလေးရဲ့ ထိန်းသိမ်းခွင့်ကို လျှောက်ထားသူဟာ ကလေးရဲ့ အဘွားရင်းဖြစ်တဲ့ မစ္စက်စီစီလီယာဟေဒင် ဖြစ်ပါတယ်၊ မစ္စက်ဟေဒင်အနေနဲ့ ကလေးရဲ့ ရှေ့ရေးအတွက် မဖန်တီးနိုင်ဘူးလို့ အမှုထိန်းဌာနက ကောက်ချက်ချတာ လုံးဝ မှားယွင်းပါတယ်၊ ကလေးအတွက် အမှုထိန်းဌာနက အကြံပြုထားတာနဲ့ ပိုကောင်းမယ့် အစီအစဉ်တွေကို မစ္စက်ဟေဒင်က အသေးစိတ်ဆွဲထားပြီး ဖြစ်ပါတယ်။ စိတ်ချို့ယွင်းမှုရှိတဲ့ ကလေးများအတွက် ကျွန်တော်တို့နိုင်ငံမှာ အကောင်းဆုံး ဖြစ်တဲ့ အာဗင်တန်ကျောင်းမှာ ကျောင်းအပ်ဖို့ စီစဉ်ပြီးပါပြီ။ ဒီကျောင်းရဲ့ ဂုဏ်သတင်းကို တရားရုံးက သိပြီး ဖြစ်ပါလိမ့်မယ်။ ခု တရားရုံးထဲမှာ ရှိနေတဲ့ ကမ္ဘာကျော် စိတ်ပညာရှင်ကြီး ဒေါက်တာဝိတ်မန်းဟာ အာဗင်တန်ကျောင်းရဲ့ စိတ်ပညာဌာနမှူး ဖြစ်ပါတယ်၊ ဒန်နီရဲ့ အနာဂတ်အတွက် ဆရာဝန်ကြီးကို ရုံးတော်အနေနဲ့ မေးစရာရှိရင် မေးနိုင်အောင် ကျွန်တော် ပင့်လာခြင်း ဖြစ်ပါတယ်'

'ရုံးတော်က ဒေါက်တာဝိတ်မန်းကို သိပါတယ်၊ ဒေါက်တာရဲ့ အရည်အချင်းနဲ့ ဂုဏ်သတင်းကိုလည်း လေးစားပါတယ်။ မေးစရာတော့ မရှိပါဘူး'

ဂေါ်ဒွန်က ခေါင်းညိတ်ပြီး 'မစ္စက်ဟေဒင်ဟာ ဘာသာရေးနဲ့ ပတ်သက်လို့လည်း ကလေးကို စိန်သောမတ်စ်ဝတ်ကျောင်းတော်မှာ ဘုန်းတော်ကြီး ဝီလီစတန်နဲ့ ဘာသာရေးဆိုင်ရာ သင်ခန်းစာများ သင်ယူဖို့ စီစဉ်ပြီးပါပြီ။ အိမ်မှာလည်းပဲ ဒန်နီ့အတွက် နေဖို့ထိုင်ဖို့ အခန်းတွေ ပြင်ဆင်ပြီးပါပြီ။ မစ္စက်ဟေဒင်ဟာ လက်ရှိအားဖြင့် ကော်ပိုရေးရှင်းကြီး ၁၁ ခုရဲ့ ဒါရိုက်တာများအဖွဲ့ဝင် ဖြစ်ပါတယ်။ အဲဒီအထဲက ကော်ပိုရေးရှင်းကြီး လေးခုရဲ့ တာဝန်ကို တက်တက်ကြွကြွ ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ မစ္စက်ဟေဒင်ဟာ ဝီလ္လာသိပ္ပံတက္ကသိုလ်မှာ ဂေါပကအဖွဲ့ဝင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ဆန်ဖရန်စစ္စကို အမျိုးသမီးအသင်းမှာလည်း အလုပ်တွေ တာဝန်ယူထားပါသေးတယ်။

'မကြာသေးခင်က ကျွန်တော် တိုက်တွန်းလို့ မစ္စက်ဟေဒင်ဟာ ဆေးရုံကြီးမှာ ဆေးစစ်ခဲ့ပါတယ်၊ သူ့ရဲ့ ကျန်းမာရေးအခြေအနေ ဆေးစာရွက်ကို ကျွန်တော် ဖတ်ပြပါ့မယ်'

ဂေါ်ဒွန်က အဘွားကြီး၏ ဒေါင်ဒေါင်မြည် ကျန်းမာရေးဆေးစာကို ဖတ်ပြပြီး-

'ဆေးစစ်တဲ့ ဆရာဝန်ကြီးက ကာလီဖိုးနီးယားဆေးတက္ကသိုလ်က ပါမောက္ခ ဝေါလ်တာလေလွင့် ဖြစ်ပါတယ်။ ဆေးစစ်အဖွဲ့မှာ ပါတဲ့ အခြားဆရာဝန်ကြီး ငါးဦးရဲ့အမည်ကိုလည်း ရုံးတော်က လိုအပ်ရင် ဖတ်ပြပါ့မယ်'

'ဆေးစာမှတ်တမ်းကို ရုံးတော်က လက်ခံပါတယ်၊ ဒါပေမဲ့ ဆရာဝန် နာမည်တွေကို ဖတ်ပြဖို့အထိ မလိုပါဘူး'

တရားသူကြီးက ဝင်ဟန့်လိုက်၏။ ဂေါ်ဒွန်က ရေတစ်ကျိုက်သောက်လိုက်ပြီး စကားဆက်သည်။

'လျှောက်လဲချက်ကို တစ်ခုပဲ ထပ်ဖြည့်ချင်ပါတယ်'

ဒန်နီ့ကို တစ်ချက် လှမ်းကြည့်ပြီး-

'ရုံးတော်ကို ကျွန်တော် တင်ပြချင်တာက မေတ္တာတရားရှိတဲ့နေရာ အချစ်ရှိတဲ့နေရာမှာသာ ကလေးရဲ့ရောဂါ ပျောက်ကင်းနိုင်မှာ ဖြစ်ပါတယ်၊ မိဘ ဘိုးဘွားမေတ္တာနဲ့ ဝေးရာမှာ



ဆိုရင် ခေတ်မီဆေးဝါးတွေ စိတ်ပညာသဘောတရားတွေဟာ မထိရောက်နိုင်ပါဘူး။ ဒီနေရာမှာ မစ္စက်ဟေဒင်ဟာ သူ့မြေးအတွက် အားလုံး တာဝန်ယူနိုင်သူ ဖြစ်ကြောင်း ရုံးတော်က လက်ခံမယ်လို့ မျှော်လင့်ပါတယ်'

တရားသူကြီးက မစ္စစပိုက်စာကို မေးခွန်း မေးခွင့်ပေးသည်။

မစ္စစပိုက်စာက တစ်ဘက်မှ လျှောက်လဲချက်ကိုလည်း လေ့လာပြီး ဖြစ်ကြောင်း မိမိတို့ဌာန၏ လျှောက်လဲချက်ကိုသာ စဉ်းစားသင့်ကြောင်း ထပ်ပြောသည်။

တရားသူကြီးက ဒန်နီကို မေးသည်။

'သည်လျှောက်လဲချက်နှစ်ခုကို မင်း ဘာပြောစရာရှိသေးလဲ ဒန်နီ'

'မရှိပါဘူး'

'ရုံးတော်အနေနဲ့ ဆုံးဖြတ်ချက်တစ်ခု ပေးရတော့မယ် ဒန်နီ၊ အစိုးရဆီမှာ ဆက်ထိန်းထားရမလား၊ မင်းအဘွားဆီကို ပို့ရမလားဆိုတာ ရွေးရတော့မယ်၊ မင်းကြောင်း ပိုသိလေ ရုံးတော်အနေနဲ့ ဆုံးဖြတ်ရလွယ်လေပဲ၊ မင်း ဘာများ ပြောချင်သေးလဲ'

'မရှိပါဘူး'

'မင်းဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့ရုံမကဘူး အလွန် မတန် မသင့်တော်တဲ့ အပြုအမူတွေကိုလည်း မင်း ပြုမှားခဲ့တယ်။ မင်းအဘွားရဲ့ တောင်းဆိုချက်ကို လိုက်လျောနိုင်အောင်လို့ ရုံးတော်ကို မင်းအပြည့်အစုံ ပြောပြပါလား'

ဒန်နီ ခေါင်းယမ်းသည်။

'ရုံးခန်းထဲမှာ မပြောချင်ရင် မင်း ငါ့တစ်ယောက်တည်းကို ပြောနိုင်မလား'

'ပြောစရာ မရှိပါဘူး'

တရားသူကြီး သက်ပြင်းချသည်။

'မင်းက ရုံးတော်ကို ရွေးစရာလမ်း မရှိအောင် လုပ်သလို ဖြစ်နေပြီ ဒန်နီ'

အသံ တိုးတိုးကလေးဖြင့် ဒန်နီဖြေသည်။

'မဟုတ်ပါဘူး'

တရားသူကြီး စိတ်မကောင်း ဖြစ်သွားပုံရ၏။ ကုလားထိုင်နောက်ကို မှီလိုက်သည်။ ပြီးတော့ ကျွန်တော်တို့အားလုံးကို ဝေ့ကြည့်သည်။ မျက်နှာမှာ တည်ငြိမ်လျက်။

တစ်စုံတစ်ခုကို ပြောတော့မည့်ဟန်ဖြင့် လည်ချောင်းရှင်းလိုက်သည်။ ကျွန်တော်တို့ အားလုံး သူ့ကို စောင့်ကြည့်နေကြ၏။ ရင်တမမဖြင့်။ နောက်တစ်ကြိမ် သူ လည်ချောင်းရှင်းသည်။ ပြီးတော့ တူကို လှမ်းယူသည်။

ကျွန်တော် ဝုန်းခနဲ ထရပ်လိုက်၏။

'တရားသူကြီးမင်း_ခင်ဗျား'

'ဟုတ်ကဲ့ ဘာနယ်ကေရီ'

ကျွန်တော် စားပွဲကို တစ်ချက်ဝေ့ကြည့်လိုက်၏။ မျက်နှာအားလုံး အထိတ်တလန့် ဖြစ်နေမည် မုချ။ သို့သော် ဒန်နီ့မျက်နှာမှ လွဲ၍ ကျွန်တော် ဘာမှ မမြင်တော့။ ကျွန်တော့်ကို မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေသည်။ မျက်ကွင်းကလေးများ ညိုနေ၏။ သည်ကို မလာခင် ငိုထားမှန်း သိသာသည်။

တရားသူကြီးဘက်ကို ကျွန်တော် လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကို ကယ်ရမည့် နောက်ဆုံးအခွင့်အရေးကို ကျွန်တော် သုံးတော့မည်။ သမီးအတွက် ကျွန်တော် အားလုံးနှင့် ရင်ဆိုင်မည်။

* * *

လည်ချောင်း ရှင်းလိုက်ပြီး-

'တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့်မှာ မေးခွန်း မေးပိုင်ခွင့် ရှိပါသလား'

'ကာနယ်ကေရီရဲ့ သမီးမှာရှိတဲ့ အခွင့်အရေးအားလုံး ကာနယ့်မှာ ရှိပါတယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ မစ္စစပိုက်စာကို ကျွန်တော် မေးချင်ပါတယ်'

'မေးပါ မေးပါ'

မစ္စစပိုက်စာဘက်သို့ ကျွန်တော် လှည့်လိုက်သည်။

'မစ္စစပိုက်စာအနေနဲ့ ကျွန်တော့် သမီးကို လူသတ်မှုကျူးလွန်မယ့် မိန်းကလေးမျိုးလို့ ထင်ပါသလား'

ဂေါ်ဒွန်က ဝုန်းခနဲထပြီး-

'ကန့်ကွက်ပါတယ်၊ ကာနယ်ကေရီဟာ ကျွန်တော့်အမှုသည် ထိခိုက်နစ်နာမယ့် မေးခွန်းမျိုး မေးနေပါတယ်'

တရားသူကြီးက စိတ်အနှောင့်အယှက်ဖြစ်သည့် အမူအရာဖြင့်-

'မစ္စတာဂေါ်ဒွန် ကလေးသူငယ်တရားရုံးမှာ ကန့်ကွက်ခြင်းနဲ့ ပတ်သက်လို့ ရုံးတော်က ရှင်းပြပြီးပါပြီ။ ဆက်မေးပါ ကာနယ်ကေရီ'

မာရီယံစပိုက်စာ ဇဝေဇဝါဖြစ်နေသည်။ ပြီးမှ ဖြေသည်။

'အဲဒါ ကျွန်မ မသိနိုင်ပါဘူး'

'ခင်ဗျား တစ်နေ့က ကျွန်တော့်ကို လာပြောတယ်လေ၊ ဒန်နီလို မိန်းကလေးဟာ လူသတ်တယ်ဆိုတာ ယုံဖို့ သိပ်ခက်တယ်တဲ့၊ ဘာဖြစ်လို့ အဲဒီလို ထင်ရတာပါလဲ'

မာရီယံက တရားသူကြီးကို ကြည့်ပြီး-

'ကျွန်မရော၊ မစ္စဂျုန်နင်းပါ ဒန်နီကို ဘယ်လိုမှ သရုပ်မခွဲနိုင်ကြပါဘူး၊ ဒန်နီဟာ ကိုယ့်ကိုယ်ကိုယ် အလွန်စိတ်ထိန်းနိုင်တဲ့ မိန်းကလေး ဆိုတာလောက်တော့ အကဲခတ်လို့ ရပါတယ်'

'သေမှုသေခင်းဆိုင်ရာ တရားရုံးမှာ မစ္စစပိုက်စာ ပါတယ်နော်၊ သူတို့ ခွဲချက်ကို သဘောတူပါသလား'

'တူပါတယ်'

'ကျွန်တော် မေးတာက ဒီလိုပါ၊ ခင်ဗျားတို့ လေ့လာလို့ရသလောက် အခြေခံပြီး ဖြေပါ။ ကျွန်တော့်သမီးဟာ လူတစ်ယောက်ကို သတ်မယ်လို့ ထင်သလား'

'ဖြစ်နိုင်ပါတယ်'

မာရီယံ ခပ်ခပ်ဆိုင်းဆိုင်း ဖြေသည်။

'ဒါပေမဲ့ သံသယတော့ ရှိနေတယ်ပေါ့'

မာရီယံ ခေါင်းညိတ်သည်။



'သံသယဆိုတာတော့ ရှိနေကြတာပဲ ကာနယ်၊ ကျွန်မတို့က အချက်အလက်တွေနဲ့ စကားပြောရတာကိုး၊ ပုဂ္ဂလိကခံစားမှု အလွှမ်းမိုးခံလို့ မဖြစ်ဘူးလေ'

'ကျေးဇူးတင်ပါတယ် မစ္စစပိုက်စာ'

တရားသူကြီးက ကျွန်တော် ဘာကို ဦးတည်နေမှန်း မသိ၍ စောင့်ကြည့်နေ၏။ ဂေါ်ဒွန် ထလာပြန်သည်။

'တရားသူကြီးမင်း ခင်ဗျား၊ ကာနယ်ကေရီ ဘာကိုဦးတည်ပြီး မေးခွန်းတွေ မေးနေတယ် ဆိုတာ ကျွန်တော် နားမလည်ပါဘူး၊ လုံးဝလည်း သဘောမကျပါဘူး'

တရားသူကြီးက ကျွန်တော့်ကို စိုက်ကြည့်ပြီး-

'အမှန်အတိုင်းပြောရရင် ကျုပ်လည်း ဇဝေဇဝါပဲ၊ ကာနယ်ကေရီ ဘာကို ဦးတည်နေတာပါလဲ'

'ကျွန်တော်ကိုယ်တိုင်လည်း သိပ်မသိပါဘူး၊ ဒါပေမဲ့ ကျွန်တော် ဘဝင်မကျနိုင်တာတွေ အများကြီး ဖြစ်နေတယ်'

'ဘာတွေများလဲ ကာနယ်'

'ကျွန်တော့်သမီးသာ အရွယ်ရောက်သူ ဖြစ်ရင် တရားရုံးတော်ကလည်း မတော်တဆ ထိခိုက်မှုလို့ ဆိုရင် သူ လွတ်လွတ်လပ်လပ်နဲ့ အပြင်ရောက်နေပြီ၊ အဲဒါ ဟုတ်ပါသလား'

တရားသူကြီး ခေါင်းညိတ်သည်။

'အသက် မပြည့်တဲ့အတွက် သူ့မှာ အပြစ်ခံနေရတယ်၊ ဒါကြောင့် ခု ဒီရုံးခန်းထဲ ရောက်နေရတယ်'

'မှန်ပါတယ်၊ ကာနယ့်သမီးဟာ ဒီမှာ လူသတ်မှုနဲ့ ရောက်နေတာ မဟုတ်ပါဘူး၊ သူ့ကောင်းကျိုးအတွက် ထိန်းသိမ်းထားဖို့ နေရာအတွက် ကြားနာဖို့ ရောက်နေတာပါ'

'ကျွန်တော် စကားလုံး အသုံးအနှုန်း မတတ်တဲ့အတွက် ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်ဟာ ရှေ့နေတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်တော့်အတွက် ကျွန်တော့်သမီးကလေးကို ခြောက်လှန့်နေတဲ့ကိစ္စဟာ ပြစ်ဒဏ်လို့ပဲ ထင်ပါတယ်၊ နောက်တစ်ခု ကျွန်တော် မရှင်းတာ ရှိပါသေးတယ်၊ သေမှုသေခင်းဆိုင်ရာ တရားရုံးက အမှုကို လူသတ်မှုလို့ တံဆိပ်တပ်လိုက်ရင် တရားခွင်မှာ လူသတ်မှုအနေနဲ့ ရင်ဆိုင်ရမယ်၊ အဲဒီမှာဆိုရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခွင့်ရှိတယ်၊ အပြစ်ရှိသလား၊ မရှိဘူးလား ချက်ချင်း အဖြေထွက်သွားမယ်'

တရားသူကြီး ခေါင်းညိတ်ပြန်သည်။

'ကျွန်တော့်သမီးကိစ္စမှာကတော့ ဒီလို မဟုတ်တော့ဘူး၊ အပြစ်မရှိတဲ့အကြောင်း ကာကွယ်ခွင့် မရှိတော့သလို ဖြစ်နေတယ်၊ ကျွန်တော် ခုလုပ်နေတာက သူ့အသက်မစေ့ခင် ထိန်းသိမ်းစောင့်ရှောက်ခွင့် တစ်ခုတည်းအတွက် ဖြစ်နေတယ်၊ ဒီနေ့မှ ဒါကို ကျွန်တော် သဘောပေါက်လာတယ်၊ အရေးကြီးတာတစ်ခု လစ်ဟာနေပါတယ် တရားသူကြီးမင်း ခင်ဗျား'

အာခေါင်ခြောက်လာသဖြင့် ရေတစ်ခွက် ငှဲ့သောက်လိုက်သည်။ တရားသူကြီးက ကျွန်တော့်ကို ပြိုဟ်သားတစ်ယောက်ကို ကြည့်သလို ကြည့်နေသည်။

'တစ်လျှောက်လုံး ကျွန်တော့်သမီးကို အပြစ်မရှိကြောင်း ကာကွယ်တာ လုံးဝ မတွေ့ရပါဘူး၊ တစ်ခွန်းတစ်ပါဒမှ မကြားရပါဘူး၊ သူ့မှာ ကာကွယ်ခွင့် ရှိရမှာပေါ့'

'ရှိပါတယ် ကာနယ်၊ သူ့မှာ အခွင့်အရေးအပြည့် ရှိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'တရားသူကြီးမင်းခင်ဗျား၊ ရုံးတော်ကို ကျွန်တော် တစ်ခုပဲ မေးချင်ပါတယ်၊ ကျွန်တော့်သမီးနဲ့ပတ်သက်ပြီး အမှန်ကိုသိရအောင် ရုံးတော်မှာ ကျွန်တော့်အနေနဲ့ ဘာများလုပ်ပေးနိုင်ပါသလဲ'

တရားသူကြီးက ခပ်ဆိုင်းဆိုင်း ပြောသည်။

'ကာနယ့်ဦးတည်ချက်က ဒီအတိုင်းဆိုရင် ကြိုက်တဲ့ပုံစံနဲ့ ဆက်လုပ်ပါ၊ ရုံးတော်က အမှန်တရားကို ရဖို့ ကာနယ့်နည်းတူ စိတ်ထက်သန်နေပါတယ်'

ဂေါ်ဒွန် ထကန့်ကွက်ပြန်သည်။ သို့သော် တရားသူကြီးက ဖွင့်ပေးသည်။

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဂေါ်ဒွန်က ကျွန်တော့်ကို နားမလည်သည့် မျက်လုံးများဖြင့် ကြည့်ပြီး ထိုင်ချလိုက်သည်။ တရားသူကြီးဘက် လှည့်ပြီး-

'ကျွန်တော့်ကို သက်သေတစ်ယောက် ခေါ်ခွင့်ပြုပါ ခင်ဗျား'

တရားသူကြီး ခေါင်းညိတ်၏။ ကျွန်တော်က တရားရုံးခန်းနှင့်ကပ်လျက် ဧည့်ခန်းတံခါးကို သွားဖွင့်ပြီး အသင့်စောင့်နေသည့် အင်နာ့ကို ခေါ်လာခဲ့သည်။

'တရားသူကြီးမင်းခင်ဗျား၊ သူက အင်နာစထာဒယ်လာပါ'

နီရာ့မျက်နှာ ဒေါသကြောင့် နီရဲသွားသည်။ ဂေါ်ဒွန့်နား ကပ်ပြီး တစ်စုံတစ်ခု ပြောလိုက်သည်ကို ကျွန်တော်မြင်လိုက်၏။ အဘွားကြီးက ဣန္ဒြေမပျက် ရှိနေ၏။ ဒန်နီက ဘာမှနားမလည်သည့် အမူအရာဖြင့် မျက်လုံးကလေး ကလယ်ကလယ် လည်နေသည်။

တရားသူကြီးက ကုလားထိုင်တစ်လုံးကို လက်ညှိုးထိုးပြပြီး-

'ထိုင်ပါ မစ္စစထာဒယ်'

အင်နာ ဝင်ထိုင်သည်။ တရားရုံးစာရေး လာပြီး ကျမ်းကျိန်ခိုင်းသည်။ ကျမ်းကျိန်ပြီး အင်နာ ပြန်ထိုင်သည်။

'ကဲ ဆက်လုပ်ပါ ကာနယ်'

မျက်မှန်အောက်မှ သူ့မျက်လုံးတွေ အသက်ဝင်လှုပ်ရှားလာပြီး အင်နာက အနက်ရောင်ဝတ်စုံကို ဣန္ဒြေရရဝတ်လာသည်။ လက်နှစ်ဖက်ကို လက်ပွေ့အိတ်ပေါ် တင်ပြီး ငြိမ်သက်စွာ ထိုင်နေသည်။

'ကိုယ်နဲ့ မင်းနဲ့ ဘယ်လိုတွေ့တယ်ဆိုတာ ရုံးတော်ကို ပြောပြပါလား အင်နာ'

'ကာနယ်တေရီနဲ့ ကျွန်မ တိုနီရီကိုရဲ့ အသုဘမှာ တွေ့ကြတာပါ'

ဒန်နီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'ဘာအတွက် မင်း အသုဘကို ရောက်လာတာလဲ'

'တိုနီက ကျွန်မ ချစ်သူပါ၊ ကျွန်မတို့ လက်ထပ်ဖို့ စေ့စပ်ထားပြီးသားပါ'

'ဘယ်လောက် ကြာပြီလဲ'

'ကိုးနှစ် ရှိပါပြီ'

'ဒီခေတ်ကြီးမှာ ဘာဖြုလို့ ဒါလောက် အကြာကြီး စောင့်နေကြတာလဲ'

'တိုနီက သူ့ ချမ်းသာမှ လက်ထပ်မယ်ဆိုလို့ပါ'

'မစ္စဟောဒင်ဆီမှာ လုပ်တယ်ဆိုတာ မင်း သိလား၊ သူ့အလုပ်အကြောင်း တိုနီက မင်းကို ပြောဖူးသလား'



'မပြောဖူးပါဘူး၊ မစ္စဟောဒင်ရဲ့အကြောင်းတော့ မကြာ မကြာ ပြောပါတယ်'

'ဘာတွေများ ပြောသလဲ'

ဂေါ်ဒွန် ဝုန်းခနဲ ထရပ်သည်။

'ဒီမေးခွန်းမျိုးကို ကျွန်တော် လုံးဝ ကန့်ကွက်ရပါလိမ့်မယ်၊ အမှုနဲ့ လုံးဝ မပတ်သက်ပါဘူး တရားသူကြီးမင်း ခင်ဗျား'

'မေးခွင့်ပြုပါတယ်၊ ဆက်မေးပါ ကာနယ်တေရီ'

'ချမ်းသာတဲ့ အမျိုးသမီး ပန်းပုဆရာမတစ်ဦး ဖြစ်ကြောင်း၊ မကြာခင် သူ့ဆီက ပိုက်ဆံတွေ အများကြီးရဖို့ရှိကြောင်း ပြောပါတယ်'

နီရာ့ကို ကျွန်တော် တစ်ချက်ခိုးကြည့်လိုက်သည်။ ဒေါသကြောင့် သူ့မျက်နှာမှာ မှုန်မှိုင်းနေပြီ။

'တိုနီက သူ့အလုပ်လုပ်တဲ့ အိမ်အကြောင်း ပြောဖူးသေးလား'

အင်နာ ခပ်တိုးတိုး ဖြေသည်။

'သမီးနဲ့ အမေ ဘယ်သူက အရင်စပြီး ဆော်မလဲ မသိဘူးလို့ ပြောဖူးပါတယ်'

'အဓိပ္ပာယ်က နှစ်ယောက်လုံးနဲ့ ဖြစ်နေတယ်ပေါ့'

'ဟုတ်ပါတယ်'

'ဒီအတောအတွင်း မင်းဆီလည်း လာနေတယ်ပေါ့'

အင်နာ မျက်လွှာချပြီး ဖြေသည်။

'ဟုတ်ပါတယ်'

'မင်းက မကန့်ကွက်ဘူးလား'

'ကန့်ကွက်လည်း ဘာထူးမှာလဲ၊ သူက ဒါ သူ့အလုပ်လို့ ယူဆထားတာပဲ'

ဒန်နီ့ အော်သံ ထွက်လာသည်။

'မဟုတ်ဘူး ဒါ သက်သက်လိမ်တာ'

တရားသူကြီး စားပွဲကို တူနှင့်ထုသည်။

'ဒန်နီယဲလ် ငြိမ်ငြိမ်နားထောင်ပါ၊ နောက်တစ်ခါအော်ရင် ရုံးခန်းအပြင် ထွက်နေရလိမ့်မယ်'

ဒန်နီ ကျွန်တော့်ကို ကြည့်ပုံမှာ ယုဒမာနတ်က ခရစ်တော်ကို ကြည့်သည့် အကြည့်မျိုး။ အင်နာ့ဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်သည်။

'မင်းအမျိုးသားကို နောက်ဆုံး ဘယ်တုန်းက တွေ့လိုက်သလဲ'

'မသေခင် နှစ်ပတ်လောက်ကပါ'

'အဲဒီတုန်းက ဘာပြောသွားသေးလဲ'

'စာအိတ်ကြီးတစ်လုံး လာပေးပါတယ်။ မစ္စဟောဒင်နဲ့ သူ့သမီးရဲ့စာတွေတဲ့၊ မကြာခင် ဒီစာတွေ ငွေဖြစ်လာမယ်တဲ့၊ တို့နှစ်ယောက် လက်ထပ်ဖို့ လုံလုံလောက်လောက် ရမယ်တဲ့'

'အဲဒီစာတွေ မင်း ဖတ်ကြည့်သလား'

'မဖတ်ရပါဘူး၊ စာအိတ်က ချိပ်ပိတ်ထားပါတယ်'

'အဲဒီစာတွေ မင်း ဘာလုပ်ပစ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတိုင်းပဲ ထားပါတယ်၊ တစ်နေ့မှာ ကျွန်မအစ်ကို ပေါက်ချလာတယ်၊ တိုနီက မြန်မာတောင်းလို့ဆိုပြီး စာတွေ ပြန်ယူသွားပါတယ်၊ သူ ပြန်သွားမှ တိုနီ သေတဲ့အကြောင်း ကျွန်မ သိရပါတယ်'

'မင်းအစ်ကိုက အဲဒီစာတွေကို ဘာလုပ်ပစ်သလဲ'

'ရောင်းပစ်ပါတယ်'

'ဘယ်သူ့ကို ရောင်းတာလဲ'

'မစ္စဟောဒင်ကိုပါ'

'မစ္စဟောဒင် စာရွေအားလုံး ရသွားသလား'

'မရပါဘူး၊ ကျွန်မအစ်ကိုက နှစ်စောင် ချန်ထားပါတယ်'

'အဲဒီနှစ်စောင်ကော မင်းအစ်ကိုက ဘာလုပ်ပစ်သလဲ'

သူက ကျွန်တော့်ကို ကြည့်ပြီး-

'ကာနယ်ကေရီကို ဒေါ်လာတစ်ရာနဲ့ ရောင်းလိုက်ပါတယ်'

နီရာ စိတ်မထိန်းနိုင်တော့၊ ထိုင်ခုံမှ ဝုန်းခနဲ ထရပ်ပြီး အော်ဆဲသည်။

'ခွေးသူခိုး'

ဂေါ်ဒွန်က နီရာ့ကို ဆွဲထိုင်သည်။ သူလည်း အားလုံးနှင့်အတူ အံ့ဩနေကြောင်း ကျွန်တော် သတိထားလိုက်မိ၏။ ဒီစာတွေအကြောင်း သူ ဘာမှ သိပုံမပေါ်။ ကျွန်တော်က စာနှစ်စောင်ကို အိတ်ထဲမှ နှိုက်ယူပြီး-

'မင်းဆီက ကိုယ်ယူတဲ့ စာနှစ်စောင်က ဒါတွေ မဟုတ်လား'

သူက စာတွေကို ကြည့်ပြီး-

'ဟုတ်ပါတယ်'

'ဒါပါပဲ၊ ကျေးဇူးတင်ပါတယ် အင်နာ'

အင်နာ ကုလားထိုင်မှ ထပြီး ထွက်သွားသည်။ အခန်းထဲမှ မထွက်ခင် ကျွန်တော့်ကို တစ်ချက် ပြန်ကြည့်သွားသေး၏။

'ဒီစာထဲက ကောက်နုတ်ချက်တစ်ခုကို ကျွန်တော် ရုံးတော်ကို ဖတ်ပြပါမယ်'

တရားသူကြီး၏ ခွင့်ပြုချက်ကို မစောင့်တော့ဘဲ နီရာ့စာမှ အရေးကြီးသည့်အပိုဒ်တို့ ဖတ်ပြလိုက်သည်။

'သူ့ကို လက်ထပ်မယ်လို့ မေမေ ဘာလို့ မပြောသလဲ'

ဒန်နီ သူ့အမေကို လှမ်းမေးသည်။ မာရီယံစပိုက်စာ လက်မောင်းကို လှမ်းဆွဲပြီး-

'ငြိမ်ငြိမ်နေလေ ဒန်နီ'

ဂေါ်ဒွန် ထကန့်ကွက်ပြန်သည်။ သို့သော် တရားသူကြီးက ဂရုမစိုက်ဘဲ-

'နောက်ထပ် အံ့ဩစရာ ဘာများ ကျန်သေးလဲ ကာနယ်'

'ရှိပါသေးတယ် ခင်ဗျာ၊ ကျွန်တော် နီရာဟောဒင်ကို မေးခွင့်ပြုပါ'

ဂေါ်ဒွန် ထအော်ပြန်သည်။

'ကျွန်တော် ကန့်ကွက်ပါတယ်'

'ကန့်ကွက်ချက်ကို ပယ်တယ်'



'ကျွန်တော့်အမှုသည်နဲ့ တိုင်ပင်စရာ ရှိပါတယ်၊ ရုံးတော်ကို ခဏနားဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်'

'ခင်ဗျား အမှုသည်က တစ်ယောက်မက ဖြစ်နေတယ်၊ ဘယ်တစ်ယောက်ကို ပြောတာလဲ ဂေါ်ဒွန်'

ဂေါ်ဒွန့်မျက်နှာ ရဲသွားသည်။

'မစ္စဟောဒင်ကိုပြောတာပါ တရားသူကြီးမင်း ခင်ဗျာ'

တရားသူကြီးက ခေါင်းညိတ်ပြီး စားပွဲကို တူနှင့်တုပြီး-

'တရားရုံးကို ဆယ့်ငါးမိနစ် အနားပေးမယ်'ဟု ကြေညာသည်။ အားလုံး မတ်တတ်ထရပ်လိုက်ကြသည်။ မစ္စစပိုက်စာက ဒန်နီ့ကို မိန်းကလေးခြည်ခန်းသို့ ခေါ်သွားသည်။ သူတို့ ထွက်သွားသည်နှင့် ဂေါ်ဒွန်က ကျွန်တော့်ဘက်လှည့်ပြီး ဒေါသကို ထိန်းထားရသည့်အသံဖြင့် မေးသည်။

'ခင်ဗျား ဘာတွေ သောက်ရမ်းလျှောက်လုပ်နေတာလဲ ကာနယ်'

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

'ခင်ဗျားအလုပ်ကို ကျွန်တော် ဝင်လုပ်နေတာလေ၊ ကျွန်တော့်သမီးကို ကျွန်တော်.ကာကွယ်နေတာပေါ့ဗျ'

'ခင်ဗျား ရူးနေသလား၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်'

'သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူး၊ တရားသူကြီးက ဒန်နီ့ကို တခြားပို့တော့မှာ ခင်ဗျား သိလား'

'ခင်ဗျား နားမလည်ပါဘူး၊ စီရင်ချက်မှ မချသေးတာ၊ ခင်ဗျားပြောတဲ့အတိုင်း ချရင်လည်း မနက်ဖြန် ပြန်ဖွင့်ခိုင်းပြီး နောက်ထပ် လျှောက်လဲချက် ပေးလို့ရတယ်၊ ကျွန်တော်တို့မှာ အဲဒီအခွင့်အရေး ရှိတယ်'

'ဘာအကြောင်း ထူးမှာလဲ၊ ဒန်နီ အကျယ်ချုပ်နဲ့နေရမယ့် သဘောပဲ၊ ကျွန်တော် အမှန်တရား ဖော်ထုတ်ဖို့ ကြိုးစားနေတာကို ခင်ဗျား ဘာလို့ ဒီလောက် ကြောက်နေရတာလဲ၊ ခင်ဗျားပါ ဒီအထဲ ပါနေလို့လား'

'ဘယ်အထဲ ပါရမှာလဲ'

သူ အူကြောင်ကြောင် ဖြစ်နေသည်ကို ကျွန်တော် တွေ့ရ၏။

'နီရာက ကျွန်တော် အမှန်ပေါ်အောင် လုပ်မှာကို သွေးလန့်နေတယ်၊ ဒါကြောင့် ကျွန်တော် စာတွေယူဖို့ အသွားမှာ ကိုရီယာနီနဲ့ ပေါင်းပြီး ကျွန်တော့်ကို ထောင်ချောက်ဆင်တာလေ'



'ထောင်ချောက်ဆင်တယ် ဟုတ်လား'

ဓာတ်ပုံတွေကို အိတ်ထဲက ဆွဲထုတ်ပြလိုက်ပြီး တစ်ဆက်တည်း ရှင်းပြလိုက်သည်။ သူ မျက်နှာပျက်သွား၏။ ပုံတွေကို ကြည့်ပြီး ကျွန်တော့်အိတ်ထဲ ပြန်ထည့်ပေးသည်။

'ဒါနဲ့ ကျွန်တော့်ကို ကိုင်တယ်လေ၊ ကျွန်တော့်မိန်းမဆီ ဒီပုံတွေ ပို့ပေးမယ်ပေါ့'

'သိပ်မှားတယ်၊ ရှင့်ကို ဒီပုံတွေ ပြန်ပေးမိတာ သိပ်မှားတယ်'

နီရာ ဒေါသတကြီး ပြောသည်။

ဂျော့က သူ့လက်မောင်းကို ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားသည်။ တရားရုံးခန်း၏ နောက်ဘက်သို့ သူတို့နှစ်ယောက် တီးတိုးတီးတိုး ပြောသွားကြသည်။ ဘာတွေ ပြောသည်ကိုမှ မကြားရ။ ကျွန်တော် ပြန်ထိုင်ပြီး ရေတစ်ခွက် သောက်သည်။ ပြီးတော့ စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။ တရားရုံးခန်းအတွင်း ဆေးလိပ်သောက်ခွင့် ရှိ မရှိ ကျွန်တော် မသိ။

'ကလေး သိပ် စိတ်ဓာတ်ကျနေတယ် ကာနယ်'

ဒေါက်တာဝိတ်မန်းက ပြောသည်။ ကျွန်တော် သူ့ကို မော့ကြည့်လိုက်၏။ တကယ် စိတ်မကောင်းဖြစ်နေပုံကို တွေ့ရ၏။

'ခု စိတ်ဓာတ်ကျတာက ပြုပြင်ရေးဂေဟာမှာ သုံးနှစ် သွားနေရတာနဲ့စာရင် တော်သေးတာပေါ့ ဒေါက်တာ'

ဆရာဝန်ကြီး.ဘာမှ.ဆက်မပြောတော့။ စီးကရက်ကို မီးညှိလိုက်၏။ စည်းကမ်းတွေ ကလနားတွေ ကျွန်တော် ဘေးချိတ်ထားလိုက်သည်။ လက်တွေ အနည်းငယ်တုန်နေကြောင်း ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိ၏။

အဘွားကြီးက ကျွန်တော့်လက်ကို ကိုင်ပြီး ခပ်တိုးတိုးမေးသည်။

'မင်း ဘာလုပ်နေတယ်ဆိုတာ မင်းကိုယ်မင်း သိတယ်နော် လုခ်'

အားလုံးထဲတွင် အဘွားကြီးတစ်ယောက်သာ တည်တည်ငြိမ်ငြိမ် ရှိ၏။

'ဟုတ်ကဲ့'

အယ်လီဇဘက်သာ အနားမှာရှိရင် ဘယ်လောက်ကောင်းမလဲဟု ကျွန်တော် တမ်းတမိသည်။ သူက ကျွန်တော့်ကို တည်ငြိမ်စေသူ၊ ခေါင်းအေးအေးနှင့် လမ်းညွှန်မှုပေးနိုင်သည် မဟုတ်လား။ ဂေါ်ဒွန် ပြောသလို ကျွန်တော့်လုပ်ရပ်သည် အကျိုးထက် အပြစ်ဘက်ကိုများ ဦးတည်နေပြီလား။ တစ်လောကလုံး တစ်ယောက်တည်း ကျန်ခဲ့သလို အထီးကျန်ဝေဒနာကို ထိုတဒင်္ဂတွင် ခံစားလိုက်ရလေသည်။

တရားသူကြီး နေရာပြန်ယူသည်။ ဘီလစ်စာရေးကြီးကို လှမ်းပြောသည်။

'ကလေးမလေးကို ခေါ်လိုက်ပါ'

အားလုံးနေရာတွင် ပြန်ထိုင်ပြီးသား ဖြစ်နေပြီ။ ဂေါ်ဒွန်မျက်နှာကြီး နီမြန်းနေဆဲ ဖြစ်ကြောင်း ကျွန်တော် သတိထားလိုက်မိ၏။ မစ္စစပိုက်စာနဲ့ ဒန်နီနံဘေးပေါက်မှ ပြန်ဝင်လာကြသည်။ ဒန်နီ မျက်လုံးတွေ နီရဲနေ၏။ ငိုနေကြောင်း သိသာသည်။ ကျွန်တော့်ကို လုံးဝမကြည့်ဘဲ သူ့ခုံ ရှိရာသို့ လျှောက်သွားသည်။

'ပြန်စနိုင်ပါပြီ ကာနယ်'

တရားသူကြီးက အမိန့်ပေးသည်။ ဂေါ်ဒွန်က ထပြီး-

www.burmeseclassic.com

www.burmeseclassic.com



'တရားရုံးရဲ့ ထုံးတမ်းစဉ်လာနဲ့မညီ ဖြစ်နေတဲ့အတွက် ကျွန်တော် ကန့်ကွက်ပါတယ်၊ ကာနယ်ကေရီကို ဆက်ရမ်းခွင့်ပေးထားရင် ရုံးတော်ရဲ့စီရင်ချက်ဟာ တစ်ဖက်စောင်းနင်း ဖြစ်သွားနိုင်ပါတယ် တရားသူကြီးမင်း ခင်ဗျား'

တရားသူကြီး မျက်နှာ ချက်ချင်း တင်းမာသွားသည်။

'အကျိုးတော်ဆောင်ကြီးက ရုံးတော်ကို ခြိမ်းခြောက်နေတာလား'

'မဟုတ်ရပါဘူး ခင်ဗျာ၊ တရားဥပဒေရှုထောင့်က ကျွန်တော် သတိပေးတာပါ'

'ရုံးတော်အနေနဲ့ အကျိုးတော်ဆောင်ကြီး သတိပေးတာကို လေးစားစွာ မှတ်သားထားပါ့မယ်၊ အကယ်၍ အစွဲခံ ကလေးဘက်ကို ရုံးတော်က ဘက်လိုက် ဆုံးဖြတ်မိရင်လည်း တရားခွင်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရာရောက်ပါတယ်။ အရွယ် မရောက်သေးသူ ကလေးသူငယ်များကို အပြည့်အဝ ကာကွယ်ပေးရမယ်ဆိုတဲ့ တရားဥပဒေနဲ့လည်း ကိုက်ညီပါတယ်။ ကဲ. . ဆက်ပါ ကာနယ်'

'ကျွန်တော် မစ္စပေါဒင်ကို မေးစရာ ရှိပါတယ်'

တရားသူကြီးက နိုရာ့ကို ကြည့်ပြီး 'မစ္စပေါဒင်၊ သက်သေစားပွဲမှာ ခဏနေရာယူပေးပါ' ဟု အမိန့်ပေးသည်။

အင်နာ ထိုင်သွားသည့်ခုံတွင် နိုရာ ဝင်ထိုင်သည်။ တရားရုံးစာရေးက ကျမ်းကျိန်ခိုင်းသည်။ နိုရာ့မျက်နှာမှာ တည်ငြိမ်လျက်။ သူ့ စတူဒီယိုထဲမှ ပန်းပုရုပ်တစ်ခုလို မလှုပ်မယှက် ထိုင်နေ၏။ ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်မိ၏။

'နိုရာ၊ သေမှုသေခင်းတရားရုံးမှာ မင်း ထွက်ဆိုခဲ့တုန်းက အခင်းဖြစ်တဲ့နေရာမှာ တိုနီရီကိုနဲ့ ရန်ဖြစ်တယ်လို့ ထွက်ခဲ့တယ်၊ ဘယ်အချိန်မှာ ရန်ဖြစ်တယ်ဆိုတာ ရုံးတော်ကို ပြောပြပါလား'

'အတိအကျ မမှတ်မိဘူး'

'ခန့်မှန်းခြေပေါ့၊ မနက် ရှစ်နာရီလား၊ ဆယ်နာရီလား၊ နေ့လယ် နှစ်နာရီလား'

ကျွန်တော့် ဦးတည်ချက်ကို သူ မြင်သွားပုံရသည်။

'အတိအကျ မှတ်မိဖို့ သိပ်မလွယ်ပါဘူး'

'ဒါဆို မင်းမှတ်မိလာအောင် ကိုယ် အကူအညီပေးပါမယ်၊ ကြာသပတေးနေ့ တစ်နေ့လုံး မင်း လော့စ်အိန်ဂျယ်လိစ်မှာရှိတယ်၊ အနောက်ပိုင်း လေကြောင်းကုမ္ပဏီကို ကိုယ် မေးပြီးပြီ မင်း လိုက်လာတဲ့ လေယာဉ်ပျံက ဆန်ဖရန်စစ္စကိုကို သောကြာနေ့ ညနေ လေးနာရီ ဆယ်မိနစ်မှာ ဆိုက်တယ်၊ အိမ်ကို မင်း ငါးနာရီလောက် ရောက်နိုင်တာပေါ့၊ အဲဒီအချိန်လောက်မှာ ရန်ဖြစ်တာလား'

သူ့မျက်လုံးတွေ အေးစက်မာကျောစပြုလာသည်။

'အဲဒီအချိန်လောက်မှာပါပဲ'

'ဒါဆို တစ်နေကုန် ရန်ဖြစ်တာ မဟုတ်ဘဲ ညနေငါးနာရီလောက်မှာ ဖြစ်တာပေါ့၊ အဲဒါ ဟုတ်သလား'

'ဟုတ်ပါတယ်'

ဂေါ်ဒွန်က စပ့လိန်ပေါ်မှ ထလိုက်သလို ခုန်ထပြီး-

'တရားသူကြီးမင်း ခင်ဗျား. . .'



'မစ္စတာဂေါ်ဒွန်၊ နောက်ထပ် အနှောင့်အယှက်မပေးပါနဲ့၊ ဒါဟာ ကလေးသူငယ်များ တရားရုံးပါ၊ ခင်ဗျား ဝေဖန်စရာရှိရင် နောက်မှ ဝေဖန်ပါ၊ ဆက်ပြောပါ ကာနယ်'

'မင်း အိမ်ပြန်ရောက်တော့ အိမ်မှာ ဘယ်သူတွေရှိကြသလဲ'

'ဘာကို ပြောချင်တာလဲ'

'အစေခံတွေ အိမ်မှာ ရှိကြသလားလို့ မေးတာ'

'မရှိဘူး ထင်ပါတယ်၊ မရှိကြပါဘူး'

'ဒန်နီနဲ့ တိုနီရီကိုရော'

'ရှိပါတယ်'

'နှစ်ယောက်စလုံး ရှိသလား'

'နှစ်ယောက်စလုံး ရှိပါတယ်'

'အိမ်ထဲ ဝင်လာလာချင်း သူတို့ကို တွေ့သလား'

'မတွေ့ပါဘူး၊ ကျွန်မက စတူဒီယိုထဲကို တန်းသွားပါတယ်၊ ခေါင်းထဲ ပေါ်လာတာလေးတွေ ပုံကြမ်း ဆွဲထားချင်လို့'

'ဒါဖြင့် ဘယ်အခါမှာ သူတို့နှစ်ယောက်ကို မင်း တွေ့သလဲ'

ပထမဆုံးအကြိမ်အဖြစ် သူ တောင်းပန်တိုးလျှိုးသည့် အကြည့်မျိုးဖြင့် ကျွန်တော့်ကို ကြည့်သည်။ ရပ်ပါတော့ဟု ကျွန်တော့်ကို အသနားခံနေသည့်အလား။ ကျွန်တော်က အေးစက်စက် အသံဖြင့်-

'ဘယ်အချိန်လဲ'

'ခုနှစ်နာရီခွဲလောက်မှာပါ'

'ဒါဆို ရန်ဖြစ်တာ ငါးနာရီ မဟုတ်ပြန်ဘူးပေါ့၊ ခုနှစ်နာရီခွဲပေါ့'

နိုရာ ခေါင်းငုံ့သွားသည်။

'ဟုတ်ပါတယ်'

'သေမှုသေခင်း တရားရုံးမှာ မင်းနဲ့ တိုနီရီကို အလုပ်ကိစ္စနဲ့ စကားများကြတယ်လို့ ထွက်ထားတယ်၊ အမှန်က အလုပ်ကိစ္စ မဟုတ်ဘူး မဟုတ်လား'

'မဟုတ်ပါဘူး'

'ရီကိုနဲ့ ဒန်နီ ဖြစ်နေတာ မသိရပါဘူးလို့ မင်း မစ္စစပိုက်စာကို ပြောတယ်၊ အဲဒါလည်း မဟုတ်ဘူး မဟုတ်လား'

မျက်ရည်တွေ ကျလာပြီး ဆောက်တည်ရာမရ ဖြစ်နေပုံရ၏။ လက်ချောင်းကလေးတွေ လိမ်ချိုးရင်း ဖြေသည်။

'မဟုတ်ပါဘူး'

'သူတို့နှစ်ယောက်ကို ဘယ်မှာ တွေ့သလဲ'

'ညစာစားဖို့ အပေါ်ထပ်တက် အဝတ်လဲတဲ့အခါမှာပါ'

သူ့အသံ တိုးသည်ထက် တိုးသွားသည်။

'ဘယ်မှာလဲလို့ မေးတာ၊ ဘယ်အခါမှာလဲ မဟုတ်ဘူး၊ ဘယ်အခန်းမှာ တွေ့တာလဲ'

ခေါင်းငုံ့လျက်က ဖြေသည်။

'ရစ်ကီ အခန်းမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'တွေ့ပုံကို ပြောပြပါ'

'သူတို့ . . သူတို့ အိပ်ရာထဲမှာပါ'

သူ့ကို ကျွန်တော် စိန်းစိန်း ကြည့်လိုက်သည်။

'ဟိုတရားရုံးမှာ ဘာလို့ အဲဒီအတိုင်း အမှန်ကို မထွက်တာလဲ'

'မသင့်တော်လို့ပေါ့၊ မပြောအပ်ဘူး'

ကျွန်တော် ဒေါသထွက်လာသည်။

'မပြောအပ်ဘူး ထင်လို့ ဟုတ်လား၊ အမှန်အတိုင်း ပြောလိုက်ရင် အားလုံး ပေါ်ကုန်မှာစိုးလို့ မဟုတ်လား'

နီရာ့မျက်လုံးတွေ အထိတ်တလန့် ပြူးကျယ်သွားကြသည်။

'ကျွန်မ. . ကျွန်မ. . ဘာမှ နားမလည်ဘူး'

ကျွန်တော် ရက်ရက်စက်စက် စွဲချက်ကို နိဂုံးချုပ်လိုက်သည်။

'မင်း နားလည်တယ်၊ အမှန်အတိုင်း မင်းထွက်ရင် ကျန်တာတွေ ဖုံးထားလို့ မရတော့ဘူး ဆိုတာ မင်း သိတယ်၊ ဒန်နီ့ကို မင်း ဓားစာခံလုပ်ခိုင်းတာ၊ ရိကျ်ဲကို ဆောက်နဲ့ ထိုးသတ်တာ ဒန်နီ မဟုတ်ဘူး၊ မင်း. . မင်း. . မင်း. .'

နီရာ့မျက်နှာ သည်မျှ အိုမင်းသွားပုံကို ကျွန်တော် တစ်ခါမျှ မမြင်ဖူးခဲ့ပါ။

ထိုစဉ်တွင် ဒန်နီ့အော်သံ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

'မဟုတ်ဘူး မေမေ၊ မပြောနဲ့၊ မဟုတ်ဘူးလို့ ပြော'

ကျွန်တော် ဒန်နီ့ကို လှမ်းကြည့်လိုက်သည်။ ကုလားထိုင်မှ ခုန်ထပြီး မအေလုပ်သူဆီကို ပြေးချသွားပြီး တအားဖက်သည်။ နီရာက မျက်ရည်တွေ တွေတွေကျလျက်။ ဒန်နီ့မျက်နှာက ဒေါသမုန်တိုင်းထန်လျက်။ ကျွန်တော့်ကို ရွံရှာမုန်းတီးသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

'ဖေဖေက သိပ်သိတယ်ပေါ့လေ၊ နှစ်ပေါင်းများစွာကြာမှ ဘွားခနဲပေါ်လာပြီး အားလုံးကို သိနေတယ်ပေါ့လေ၊ ဖေဖေ ဘာမှ မသိဘူး၊ ဖေဖေဟာ လူစိမ်းသက်သက်ပဲ'

ကျွန်တော် သူ့ကို ငေးကြည့်နေရာမှ-

'သမီး. . သမီး ဒန်နီ'

'သမီး ဖေဖေ့ကို အမှန်အတိုင်း ပြောတယ်၊ မယုံဘူး၊ မတော်တဆ ဖြစ်တာပါလို့ ပြောတယ်၊ တမင်တကာလုပ်တာ မဟုတ်ပါဘူးလို့လည်း ပြောတယ်၊ ဖေဖေ မယုံဘူး၊ မေမေ့ကို မုန်းတာနဲ့ သမီး ပြောတာတွေ တစ်ခုမှ လက်မခံဘူး'

'အမှန်ကို သိချင်တယ်ပေါ့ ဟုတ်လား၊ ကဲ. . ဖေဖေ နားထောင်၊ အဲဒီညက သမီး ဆောက်နဲ့ထိုးတာ ရစ်ကီကို မဟုတ်ဘူး၊ မေမေ့ကို မေမေ့ကို ထိုးတာ၊ ကဲ. . သိပြီလား'

❑ ❑ ❑

## အခန်း ( ၃ )

ရုံးခန်းထဲကို ကျွန်တော် ပတ်ချာလှည့်ကြည့်လိုက်သည်။ တစ်ရုံးလုံး ရုတ်ခြည်း တိတ်ဆိတ်သွားသည်။

ဒန်နီက ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခုကို ပြောသလို ပြောနေသည်။

'ရစ်ကီ အခန်းထဲမှာ မေမေက ကျွန်မတို့ကို မိသွားပါတယ်၊ သူက ကျွန်မကို စောစောတတည်းက ပြန်လွှတ်ပါတယ်။ ကျွန်မက မပြန်ဘဲ ပေကပ်နေတာပါ။ ဖေဖေ အမှန်ကို သိပ်သိချင်တယ် မဟုတ်လား။ နားထောင်နေ'ဟု နီဒါန်းပျိုးပြီး အသေးစိတ်တွေ ပြောနေတော့၏။

ကျွန်တော့်ရင်ထဲတွင် တင်းကျပ်လာသည်။ ဒန်နီ ကျွန်တော့်ကို အရွဲ့တိုက်လေပြီ။ ကျွန်တော့်နားထဲသို့ သံရည်ပူတွေ လောင်းချနေသည့်အလား။

'မေမေက ဒေါသူပုန်ထပြီး ရစ်ကီကို ဆွဲထုတ်သွားတယ်၊ ဒန်နီကိုတော့ အခန်းထဲမှာ သော့ခတ်ထားလိုက်တယ်။ ငိုပြီး တောင်းပန်ပါသေးတယ်၊ ဒန်နီတို့ လက်ထပ်မယ့်အကြောင်းလည်း ပြောပါတယ်၊ ဒါပေမဲ့ မေမေ ဘာကိုမှ မကြား မမြင်တော့ပါဘူး။

'မေမေက စတူဒီယိုထဲကို ဆင်းသွားပါတယ်၊ အိပ်ရာထဲမှာ ငိုရင်း ကျွန်မ အပြင်ကို နားစွင့်နေပါတယ်။ ရစ်ကီက သူ့အခန်းတံခါး ဖွင့်ပြီး ဆင်းသွားသံ ကြားရပါတယ်၊ ကျွန်မကပျာကယာ အဝတ်တွေ ဝတ်ပြီး ရေချိုးခန်းတံခါးက ထွက်ခဲ့ပါတယ်။ ရေချိုးခန်းတံခါးကို အပြင်က ပြန်ပိတ်ဖို့ မေမေ သတိမရတော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



'တိတ်တိတ်ကလေး ဆင်းလာပြီး အောက်ထပ်ကို အကဲခတ်လိုက်တယ်၊ ချားလ်စ်နဲ့ ပိုင်ဖိုလက် နှစ်ယောက်စလုံး မီးဖိုဆောင်မှာ ရောက်နေကြတယ်၊ စတူဒီယို တံခါးဝကနေပြီး နားထောင်တော့ သူတို့ ပြောတာတွေ အားလုံး ကြားရပါတယ်။

'မေမေက ရစ်ကီကို တစ်နာရီအတွင်း အိမ်ပေါ်က ဆင်းသွားရမယ်တဲ့၊ ရစ်ကီ့ကဒီအိမ်အကြောင်းနဲ့ ဒန်နီတို့ သားအမိအကြောင်း တစ်ကမ္ဘာလုံးသိအောင် သတင်းလွှင့်မယ်တဲ့။ မေမေကလည်း တစ်နာရီအတွင်း မဆင်းရင် ရဲကို အကြောင်းကြားပြီး မုဒိမ်းမှုနဲ့ ဖမ်းမယ်တဲ့။

'နောက်တော့ မေမေက ရယ်ပြီး ပြောတယ်၊ ကြိုပြီး သိနေတယ် ထင်ပါရဲ့။ ကဲ. . မင်း ဘယ်လောက် လိုချင်သလဲတဲ့။ တိုနီကလည်း ရယ်တယ်၊ ဒီလိုမှပေါ့ဆိုပြီး ဒေါ်လာ ငါးသောင်း တောင်းတယ်၊ မေမေက ရူးနေသလား၊ ဒေါ်လာ တစ်သောင်းပဲ ပေးမယ်တဲ့၊ နောက်ဆုံး သူတို့ နှစ်ယောက် ဒေါ်လာနှစ်သောင်းခွဲနဲ့ ဈေးတည့်သွားတယ်၊ အဲဒီမှာ ကျွန်မ ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ မျက်လုံးတွေ ပြာသွားတယ်'

ဒန်နီ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့် စီးဆင်းလာသည်။

'ကျွန်မ ရူးသွားမတတ် ခံစားရပါတယ်၊ တခြား ဘာကိုမှ မစဉ်းစားမိတော့ဘဲ မေမေ လုပ်ပြန်ပြီပေါ့၊ ကျွန်မရဲ့ ချစ်သူမှန်သမျှ မောင်းထုတ်ခဲ့တဲ့ ထုံးစံအတိုင်း ခုလည်း ရစ်ကီကို မောင်းထုတ်ပြန်ပြီ ဆိုပြီး တံခါးကို တွန်းဖွင့်ဝင်ခဲ့တယ်။ ပြီးတော့ 'မရဘူး၊ ဒီတစ်ခါ မရဘူး မေမေ၊ မေမေ ရစ်ကီကို မောင်းမချရဘူး'လို့ တအား အော်ပြောလိုက်တယ်၊ မေမေက ဒန်နီ့ကို အခန်းထဲမှာ ပြန်နေခိုင်းတယ်၊ ရစ်ကီကလည်း ပြန်ခိုင်းတယ်။

'အဲဒီမှာ အနားက စားပွဲပေါ်မှာ ဓားကတ်တစ်ချောင်း ရှိနေတာကို သွားမြင်တယ်၊ ဆတ်ခနဲ ကောက်ယူပြီး 'သတ်မယ်၊ သူ့ကို မောင်းချရင် မေမေ့ကို အရင်သတ်မယ်'လို့ အော်ရင်း တအား ပြေးဝင်သွားတယ်။ လက်ကို မြှောက်ပြီး မေမေ့ကို တအား ဆောင့်ထိုးလိုက်တယ်။

'ဘယ်လို ဘယ်လို ရစ်ကီ ကြားထဲ ဘယ်လို ရောက်လာသလဲ မသိဘူး၊ သတိပြန်ဝင်လာတော့ သူ့ဗိုက်မှာ သူ့ဗိုက်မှာ ဓားကြီးတန်းလန်း ဖြစ်နေတာကို မြင်တယ်၊ သူက ဘုရား ဘုရား မင်း ဘယ်လိုလုပ်လိုက်တာလဲ ဒန်နီတဲ့၊ သွေးတွေက မြင်မကောင်း ရှုမကောင်း ပန်းထွက်နေတယ်၊ အဲဒီတော့မှ မေမေ့ရင်ခွင်ထဲ အလန့်တကြား ပြေးဝင်သွားမိတယ်။

'သမီး တမင်လုပ်တာ မဟုတ်ပါဘူးမေမေ၊ သတိလက်လွတ် ဖြစ်သွားတာပါလို့ ပြောတော့ မေမေက 'မေမေ သိတယ်၊ မေမေသိတယ်'လို့ ပြောပြီး ရစ်ကီက မေမေ့ကို ရိုက်မောင်း ပုတ်မောင်း လုပ်လို့ မေမေ့ကို ကာကွယ်ရင်း မတော်တဆ ဖြစ်သွားတာလို့ ပြောဖို့ ဒန်နီ့ကို သင်ပေးတယ်။ မျက်နှာကို လက်ဖဝါးပေါ် မှောက်ပြီး ငိုချလိုက်တုန်းမှာ ချားလ်စ် ရောက်လာတာပါ'

သားအမိနှစ်ယောက် ဖက်ပြီး ငိုနေကြ၏။ ကျွန်တော် သူတို့ကို ခပ်ကြောင်ကြောင် ငေးကြည့်နေမိ၏။ နိုရာနဲ့ ဒန်နီဟာ တစ်ပုံစံတည်းပါလား၊ တစ်ထေရာတည်းပါလား။

ကျွန်တော့်မှာ စိတ်ညှို့ခံထားရသူလို ဖြစ်နေသည်။

နိုရာက တရှုပ်ရှုပ် ငိုနေဆဲ။

ဒန်နီ့ပါးပြင်တွင် မျက်ရည်စတွေ ခန်းခြောက်နေပြီ-

'. . မေမေ အခု အမှန်ကို သိပြီပေါ့၊ နေသာထိုင်သာ ရှိသွားပြီလား'



သူ့မျက်လုံးတွေကို ကျွန်တော် စိုက်ကြည့်လိုက်သည်။ အကဲခတ်၍ မရပါ။ သို့သော် ကျွန်တော့် ရင်ထဲတွင်တော့ ရှင်းရှင်းလင်းလင်း ဖြစ်သွားပြီ။

တရားသူကြီးက ဆယ်မိနစ် နားခွင့်ပေးသည်။ ပြန်စတော့ ကျွန်တော်တို့အားလုံး ငြိမ်ပြီး ထိုင်နေကြသည်။

တည်ငြိမ်လေးနက်သည့် အသံဖြင့် စီရင်ချက်ကို ဖတ်ပြသည်။

လူငယ်များ စိတ်ပညာလေ့လာရေးစခန်းတွင် ခြောက်ဝတ် အပန်းဖြေပြီး အစိုးရ ဂေဟာ အထက်တန်းကျောင်းတွင် အနည်းဆုံး ခြောက်လ ဆက်လက် ပညာသင်ကြားရန်။ ၎င်းကာလ ပြည့်စုံသည့်အခါမှ ယခု တင်ထားသည့် အဘွားလုပ်သူ၏ ထိန်းသိမ်းခွင့်လျှောက်လဲချက်ကို ထပ်မံ ကြားနာရန်။ စသည် စသည်။

စီရင်ချက်ချပြီး တရားသူကြီးက ဒန်နီ့ဘက်သို့ လှည့်သည်။

'သမီးကို ထားမယ့် လော့စ်ဂျလီကိုစ် အထက်တန်းကျောင်းက သိပ်ပြည့်စုံတဲ့ ကျောင်းကွယ့် သိလား။ အဲဒီမှာ သမီး လိမ်လိမ်မာမာနဲ့ ပညာသင်နော်။ ဘာမှ ကြောက်စရာမလိုဘူး၊ ဆရာ ဆရာမတွေနဲ့ သင့်လျော်အောင်နေ၊ ဒါမှ သမီး အိမ်ကို မြန်မြန်ပြန်ရမှာ'

ကျွန်တော်တို့အားလုံး မတ်တတ်ထရပ်လိုက်ကြသည်၊ မစ္စစပိုက်စာက ဒန်နီ့ကို ခေါ်ပြီး ထွက်ခါနီးတွင် ကျွန်တော်တို့ကို မနက်ဖြန် လာတွေ့နိုင်ကြောင်း ပြောသွားသည်။ ဒန်နီ လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွား၏။ သူတို့ ဝင်သွားသည့် အခန်းတံခါးရွက်ကြီး ပိတ်သွားသည်။

နိုရာ ငိုချလိုက်ပြန်သည်။ ဒေါက်တာဝိတ်မန်းက သူ့ပခုံးကို သိုင်းဖက်ပြီး နှစ်သိမ့်သည်။ ဆရာဝန်ကြီး၏ ဝခုံးကို မှီနွဲ့ပြီး အပြင်သို့ လှမ်းထွက်သည်။

ဂေါ်ဒွန် ကျွန်တော့်ဆီ လျှောက်လာ၏။ မျက်နှာမှာ ပြုံးလျက်။

'နောက်ဆုံးတော့ အဆိုးထဲက အကောင်းလို့ပဲ ထွက်ရမှာပေါ့လေ'

ကျွန်တော် သူ့ကို စိုက်ကြည့်လိုက်၏။ သူက ကျွန်တော့်ကို စိန်းစိန်းကြည့်ပြီး-

'အမှန်က ဒန်နီ့ကို အယက်ပြည့်တဲ့အထိ အစိုးရက ထိန်းသိမ်းဖို့ စီရင်ချက်ချမယ့်ဆဲဆဲဗျ၊ ကာနယ် ကြားဝင်လိုက်လို့ ခုတော့ ရှစ်လမပြည့်ခင် အိမ်ပြန်ခွင့်ရပြီပေါ့'

ကျွန်တော် ဘာမှ ပြန်မပြော။ သူ နိုရာ့နောက်က လိုက်သွားသည်။

အဘွားကြီးက ကျွန်တော့်လက်ကို တင်းတင်းဆုပ်ပြီး-

'သမီးလေးအတွက် မင်း ကြိုးစားခဲ့တာတွေကို ကျေးဇူးတင်မဆုံးပါဘူး လုခ်၊ သူ အိမ်ပြန်လာတဲ့အခါ တို့များ အတတ်နိုင်ဆုံး ကြိုးစားပြီး ကောင်းအောင် စီစဉ်ပါ့မယ်'

'ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျာ၊ နိုရာ့အတွက်တော့ ကျွန်တော် စိတ်မကောင်းပါဘူး'

'ခုတော့ အားလုံး ရှင်းသွားတာပေါ့ လုခ်၊ တို့တစ်တွေဟာ တစ်နိုင်သလောက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ လူ့ပ်ရှားခဲ့ကြတာပဲ မဟုတ်လား၊ မင်း ကံကောင်းပါစေကွယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

သူတို့အားလုံး ထွက်သွားကြလေပြီ။ အမှုထိန်းရုံးခန်းဆီသို့ ကျွန်တော် လျှောက်သွားသည်။ မစ္စစပိုက်စာကို သူ့စားပွဲတွင် တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မနက်ဖြန် ချီကာဂိုကို ပြန်ရမှာပါ မစ္စစပိုက်စာ၊ မနက်ဖြန် အစား ကျွန်တော် ဒန်နီကို ဒီနေ့ တွေ့နိုင်ပါသလား'

'ကျွန်မ ဒန်နီ့ကို မေးကြည့်လိုက်ဦးမယ်နော်'

သူက ယဉ်ယဉ်ကျေးကျေး ပြောပြီး အခန်းထဲ ဝင်သွားသည်။ စီးကရက် မီးညှိနေတုန်း ဒန်နီနှင့် မစ္စစပိုက်စာ ပြန်ရောက်လာသည်။

'သားအဖနှစ်ယောက် ဒီမှာပဲ စကားပြောနေကြနော် ကျွန်မ အပြင်ထွက်နေပါ့မယ်'

မစ္စစပိုက်စာ အပြင်ထွက်သွားပြီး အခန်းတံခါး ပိတ်သွားသည်နှင့် ကျွန်တော် လက်ဆန့်ပေးလိုက်သည်။ ကျွန်တော့် သမီးကလေး ပြေးဝင်လာ၏။

'သမီး တောင်းပန်ပါတယ် ဖေဖေ'

'ကိစ္စ မရှိပါဘူး သမီးရယ်၊ ဖေဖေ အမှန်ကိုသိဖို့ အကြာကြီး စောင့်ခဲ့ရတယ်၊ ခုတော့ အားလုံး ရှင်းသွားပါပြီ'

'မေမေ့ကို ဖေဖေ သိပ်မုန်းတာပဲလားဟင်၊ သူ့ကို သေစားသေစေ အပြစ်ဒဏ်ခံစေချင်တယ် မဟုတ်လား'

'ဒီလိုလည်း မဟုတ်ပါဘူး သမီးရယ်၊ ခုတော့ သူ့ကို လုံးလုံး မမုန်းတော့ပါဘူး။ သူ့ကို ဟိုတုန်းက ဖေဖေ ကြောက်တာ၊ ခုတော့ သူ့အပေါ်မှာ သနားစိတ်တွေ ဝင်နေပါပြီ။

'မေမေဟာ သူ့ကို အားလုံးထက် ပိုချစ်မယ့်လူတစ်ယောက် အမြဲလိုနေတယ်၊ လူတိုင်းမှာလည်း ရှိကြတယ်၊ ဖေဖေ့မှာလည်း ဖေဖေ့မိန်းမ ရှိတာပေါ့နော်၊ သူက ဖေဖေ့ကို သိပ်ချစ်မှာပါ'

'မေမေမှာလည်း သမီး ရှိသားပဲကွယ်'

သူ့မျက်လုံးကလေးတွေ တလက်လက် တောက်ပလာသည်။

'တစ်ချိန်ချိန်မှာ သမီးဆီ ဖေဖေ လာလည်မယ် မဟုတ်လားဟင်၊ သမီးလည်း ဖေဖေ့ဆီ လာမယ်နော်'

'လာမှာပေါ့ သမီးရယ်၊ သမီးလည်း လာပေါ့'

တံခါး ပွင့်လာသည်။ မစ္စစပိုက်စာက-

'စိတ်မရှိပါနဲ့နော်၊ အချိန်စေ့သွားလို့ပါ'

သမီး၏ နဖူးပြင်ကို နမ်းပြီး ကျွန်တော် နှုတ်ဆက်လိုက်သည်။

'ဖေဖေ စာရေးမယ်နော် သမီး'

သူတို့နှစ်ယောက် ဝရန်တာ ထောင့်ချိုးတွင် ပျောက်ကွယ်သွားသည်အထိ ကျွန်တော် ငေးကြည့်နေသည်။ ကျွန်တော့်ရင်ထဲမှ နှုတ်ဆက်နေမိသည်။ သွားတော့ သမီးလေးရေ. . .။ မွေးသည့်နေ့ကို ကျွန်တော် ပြန်လည် မြင်ယောင်လာပြန်၏။ ကမ္ဘာပေါ်တွင် အလှဆုံးကလေးလို့ ကျွန်တော် ထင်ခဲ့သည့် သမီးကလေး။

* * *

ချီကာဂိုကို လေယာဉ်ပျံဆိုက်တော့ ည ကိုးနာရီ ထိုးနေပြီ။ လေယာဉ်ထဲမှ ပထမဆုံး အတင်းတိုးထွက်ဆင်းခဲ့သည်။ ယဉ်ကျေးသိမ်မွေ့နေဖို့ ကျွန်တော့်တွင် အချိန်မရတော့။ ကျွန်တော် ရိုက်လိုက်သည့် သံကြိုးကို အယ်လီဇဘက် ရမှရပါ့မလား။



ကွင်းထဲကို ဖြတ်ပြေးချသွားသည်။ လူတွေ များလွန်း၍ အယ်လီဇဘက်ကို ကျွန်တော် မတွေ့။ နောက်မှ လှမ်းမြင်သည်၊ လက်ကို ဝှေ့ယမ်းရင်း၊ ပြုံးရင်း ငိုရင်း ကျွန်တော် သူ့ဆီ ပြေးချသွားသည်။

ဇနီးဖြစ်သူရင်ခွင်ထဲ ရောက်လာချိန်တွင်မှ သွက်သွက်ခါအောင် လှုပ်ရှားနေသည့် ကမ္ဘာကြီး ရုတ်ခြည်း ငြိမ်သွားသလို ခံစားလိုက်ရသည်။

အဝတ်သေတ္တာကို ကားထဲ ပစ်ထည့်နေတုန်း အယ်လီဇဘက်က-

'အစ်ကို ဆေးရုံကို တန်းမောင်းတော့'

'ခု ဟုတ်လား'

'ခု. . .'

ကျွန်တော် ပျာပျာသလဲ ဖြစ်သွားတော့ အယ်လီဇဘက်က-

'ဖြည်းဖြည်းလုပ်ပါ အစ်ကို၊ အချိန်ရပါသေးတယ်၊ အနာ မစိပ်သေးပါဘူး'

သို့သော် ကျွန်တော် တအား မောင်းချလာခဲ့သည်။ တော်ပါသေး၏။ ဘယ်ရဲမှ နောက်က လိုက်မလာ။ စိန့်ဂျိုးဇက်ဆေးရုံကို ကျွန်တော် ထာခဏအတွင်း ရောက်လာကြသည်။

ဓာတ်လှေကားဝတွင် ရပ်နေရင်း အယ်လီဇဘက်က-

'စိတ်မပူပါနဲ့ အစ်ကိုရဲ့၊ ကျွန်မတို့ ဆွီဒင်သူတွေက ကလေးမွေး သိပ်လွယ်တာ'

ကျွန်တော်က သူ့ကို ငုံ့နမ်းပြီး-

'သေချာရဲ့လား မိန်းမရယ်'

ဓာတ်လှေကားတံခါး ပွင့်လာသည်။ ဆရာမတစ်ယောက် သူ့ကို ဆွဲခေါ်သွားသည်။

'ကျွန်မအတွက် ဘာမှမပူပါနဲ့ အစ်ကို၊ အစ်ကို စိတ်သာသလို နေနော်'

ဧည့်ခန်းထဲတွင် အခြားသော ဖခင်လောင်းများနှင့်အတူ ကျွန်တော် ထိုင်စောင့်နေသည်။ သူတို့အားလုံး၏ မျက်နှာများတွင် စိုးရိမ်ထိတ်လန့်နေပုံကို တွေ့ရ၏။

အောက်ထပ်သို့ စီးကရက်တစ်ဘူး ဆင်းဝယ်သည်။ အခန်းထဲ ပြန်ထိုင်ပြီး တစ်လိပ်ညှိသောက်လိုက်သည်။ တစ်လိပ်မကုန်ခင် ထိုးချေပြီး အပြင်ဝရန်တာသို့ ထွက်ခဲ့သည်။ ပြီးတော့ ပြန်ဝင်သည်။

'ကိုးနာရီ ကြာခဲ့ပြီဗျာ၊ ခုထိ မမွေးသေးဘူး'

နံဘေးမှ လူတစ်ယောက်က ကျွန်တော့်ကို ကြည့်ပြီး ညည်းညည်းတွားတွား ပြောသည်။

ဆရာမတစ်ယောက် အခန်းဝတွင် ရပ်ပြီး အတွင်းဘက်သို့ ကြည့်သည်။ ကျွန်တော်တို့ အားလုံး ရုပ်သေးရုပ်တွေလို ဆရာမဘက်သို့ လှည့်လိုက်ကြသည်။

'မစ္စတာကေရီ ရှိလား'

ရင်ထဲတွင် ချက်ချင်း ပေါ့သွားသည်။ မြန်းခနဲ ထပြီး-

'ကျွန်တော်ပါ'

ကျွန်တော့်နံဘေးမှ စောစောကလူ အသံ ကြားလိုက်ရ၏။

'သောက်ရမ်း ကံကောင်းတဲ့လူဗျာ၊ ကျုပ်ဖြင့် စောင့်ရတာ ကိုးနာရီကျော်ပြီ၊ သူက ငါးမိနစ်တောင် မစောင့်လိုက်ရဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ သူ့ ပြောတာ ကြားသွားသည်။ ကျွန်တော့်ဆီ ခပ်ပြုံးပြုံးကလေး လျှောက်လာရင်း ခေါင်းညိတ်ပြီး-

'အစစ်ပဲ၊ ရှင်ဟာ သိပ်ကံကောင်းတဲ့လူပဲ'

□ □ □

(တင်မောင်မြင့်)
၀၉း၀၅ နာရီ
၂၀-၇-၈၈

BURMESE CLASSIC

www.burmeseclassic.com